၂-အနဝိဇ္ဇာရမ္မဏဿာတိ န အဝိဇ္ဇာရမ္မဏဿ အဝိဇ္ဇံ အနာရဗ္ဘ ပဝတ္တဿ-ဟူသော မူလဋီ အနုဋီတို့နှင့်အညီပင်။ ဤဋီကာ၌ရှိသော အဝိဇ္ဇာယ အနာရမ္မဏဿ- ဟူသောပါဌ်ကား မကောင်း၊ သို့သော် သင့်လျော်အောင် အနက်ပေးလိုလျှင် "အဝိဇ္ဇာယ၊ ဖြင့်။ အနာရမ္မဏဿ စ၊ အာရုံမရှိသည်လည်း ဖြစ်သော"ဟူ၍ သော်၎င်း "အဝိဇ္ဇာယ၊ ကို။ အနာရမ္မဏဿ စ၊ အာရုံမပြုသည်လည်းဖြစ်သော။-" ဟူ၍သော်၎င်း အနက်ပေးရာ၏၊ ထိုတွင် နောက်အနက်၌ အနာရမ္မဏကရဿ-ဟုဆိုလိုလျက် ကရ-သဒ္ဒါ ကျေနေသည်ဟု ယူရာ၏။

၃-အာရမ္မဏာဓိပတိအနန္တရာဒိပစ္စယဝစနေသူတိ အာရမ္မဏာဓိပတိအာရမ္မဏူပနိဿယ-ပစ္စယဝစနေသု အဝုတ္တဿ အနဝိဇ္ဇာရမ္မဏဿ အနန္တရာဒိပစ္စယဝစနေသု အဝုတ္တဿ ပဌမ-ဇဝနဿ ဒွိသုပိ ဝုတ္တဿ အဝိဇ္ဇာရမ္မဏဿ ဒုတိယာဒိဇဝနဿာတိ ယောဇေတဗ္ဗံ။ အနန္တရ-ပစ္စယလာဘိနော အနန္တရာဒိနာ သဟဇာတဿ ဟေတုအာဒိနာ အသဟဇာတဿ ဥပ-နိဿယာဒိနာ သင်္ခါရဿ အဝိဇ္ဇာ ပစ္စယော ဟောတီတိ အယမတ္ထော "ယံ ကိဉ္စိ" တိ-အာဒိနာ ဒဿိတောတိ ဝေဒိတဗ္ဗံ။ အနုဋီ ၂-၁၀၇။

ဝုတ္တနယေနာတိ၊ ကား။ သမတိက္ကမဘာဝပတ္တနာဝသေန၊ အဝိဇ္ဇာကို ကျော်လွန်ခြင်း အရှုပဘာဝကို တောင့်တခြင်းတို့၏ အစွမ်းအားဖြင့်။ ပုညာဘိသင်္ခါရေ၌။ ဝုတ္တနယေန၊ ဖြင့်။

၆၁၇။ ကိံ ပနာယန္တိအာဒိနာ၊ အစရှိသောစကားဖြင့်။ အယံ၊ ဤဆိုလတံ့သည်ကား။ စောဒကဿ၊ ၏။ အဓိပ္ပါယော၊ တည်း။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တီတိ ဧတ္ထ၊ ဤပါဌ်၌။ သမ္ဘဝန္တိ ဝေ၊ ဖြစ်ကုန်သည်သာလျှင်တည်း။ ဣတိ၊ သို့။ အဝဓာရဏံ၊ ပိုင်းခြားကန့်သတ်ခြင်းသည်။ န ယုဇ္ဇတိ၊ မသင့်။ [၂၉၀] (ကသ္မာ၊ ကား။ ) အဝသေသပစ္စယသမဝါယာဘာဝေ၊ အဝိဇ္ဇာမှကြွင်းသောအကြောင်းတို့၏ ညီညွတ်ခြင်းမရှိလတ်သော်။ သင်္ခါရာနံ၊ တို့၏။ သမ္ဘဝါ-ဘာဝတော၊ ဖြစ်ခြင်း၏မရှိခြင်းကြောင့်တည်း။ တထာ၊ တူ။ သင်္ခါရာ ဝေါတိ၊ သင်္ခါရတို့သည်သာလျှင်ဟူ၍။ အဝဓာရဏမ္ပိ၊ သည်လည်း။ န ယုဇ္ဇတိ၊ မသင့်။ ကသ္မာ၊ ကား။ အညေသံ၊ သင်္ခါရမှတပါးကုန်သော။ ပစ္စယုပ္ပန္နဓမ္မာနံ စ၊ တို့၏လည်း။ တတော၊ ထိုအဝိဇ္ဇာကြောင့်။ သမ္ဘဝဿ၊ ဖြစ်ခြင်း၏။ ဣစ္ဆိတဗ္ဗတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဝါကျဿ၊ ၏။ အဝဓာရဏဖလတ္တာ၊ အဝဓာရဏအကျိုးရှိသည်၏ အဖြစ်ကြောင့်။ အဝိဇ္ဇာပစ္စယာ ဝေ၊ ကြောင့်သာလျှင်။ သင်္ခါရာ၊ တို့သည်။ သမ္ဘဝန္တိ၊ ကုန်၏။ ဣတိ၊ သို့။ အဝဓာရဏော၊ ကို။ ဂယှမာနေပိ၊ ယူအပ်သော်လည်း။ အယံ ဒေါသော၊ ဤဆိုခဲ့ပြီးသော အပျာပိတဒေါသသည်။ (အာပဇ္ဇတိ၊ ၏။ ) ကသ္မာ၊ ကား။ ယသ္မာ၊ ကြောင့်။ လောဘာဒိ။ပ။ မနသိကာရာဒယော၊ လောဘအစရှိသော ကမ္မနိဒါန်း, ဥပါဒါန်, ဝတ္ထု, အာရုံ, မနသိကာရအစရှိကုန်သော။ အညေပိ၊ ကုန်သော။ ပစ္စယာ၊ တို့ကို။ လဗ္ဘန္တိယေဝ၊ ရအပ်ကုန်သည်သာလျှင်တည်း။ (တသ္မာ၊ ကြောင့်။ အယံ ဒေါသော အာပဇ္ဇတိ၊ ၏။) ဣတိ၊ ဤကား စောဒက၏အလိုတည်း။ တတ္ထ၊ ထို ကိံပနာယံ-အစရှိသောပါဌ်၌။ ဧကောတိ၊ ကား။ အသဟာယာ၊ အဖော်ကင်းသော။ ကာရဏန္တရနိရပေက္ခာ၊ အကြောင်းတပါးကို ငဲ့ခြင်းမရှိသော။ ဣတိ အတ္ထော၊ နက်။ (ဧက-သဒ္ဒါ သင်္ချာဟောဟု ဆိုလို၏)။ ။ သဟကာရိ-ကာရဏဘူတာ၊ တကွပြုဖော် အကြောင်းဖြစ်၍ ဖြစ်ကုန်သော။ အညေပိ၊ ကုန်သော။ ပစ္စယာ၊ တို့သည်။ ။ဧတ္ထ၊ ဤစကားရပ်၌။ ဒေါသံ၊ အပြစ်ကို။ ဝတ္တုကာမော၊ ဆိုလိုသည်ဖြစ်၍။ စောဒကော၊ သည်။ ပုစ္ဆတိ၊ ၏။ ဣတိ၊ သို့။ ဥတ္တ၊ ၍။ အာစရိယော၊ သည်။ ကိံ ပနေတ္ထာတိ၊ ဟူ၍။ အာဟ၊ ၏။ အဝိဇ္ဇာယ၊ ၏။ ပစ္စယန္တရေန၊ အကြောင်းတပါးနှင့်။ ရဟိတဘာဝေ စ၊ ကင်းသည်၏အဖြစ်လည်းဟူသော။ သဟိတဘာဝေ စ၊ တကွဖြစ်သည်၏ အဖြစ်လည်းဟူသော။ ဧတ္ထ၊ ဤအရာ၌။ ဝတ္တဗ္ဗံ၊ ဖြည့်စွက်၍ ဆိုဖွယ်ကား။ ကိံပန၊ အဘယ်နည်း။ တေ၊ သင်၏။ စောဒနာ၊ သည်။ အသမတ္တာ၊ မပြည့်စုံသေး။

အဝသိဋ္ဌဉ္စ၊ ဆိုဖွယ်အကြွင်းကိုလည်း။ တာဝ၊ စွာ။ ကထေဟိ၊ ဆိုဦးလော့။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ကေကာရဏာဝါဒေါ အာပဇ္ဇတီတိ၊ ဟူသောစကားဖြင့်။ ဒေါသပ္ပသင်္ဂေါ၊ အပြစ်၏ရောက်ခြင်းကို။ ဝုတ္တော၊ ၏။ ဟိ၊ မှန်။ ကေကာရဏာဝါဒေါ၊ သည်။ အနိဋ္ဌော၊ အလိုမရှိအပ်သည်။ (ဟောတိ၊ ၏။ ကသ္မာ၊ ကား။) သဗ္ဗသ၊ အလုံးစုံ(သော သင်္ခါရ)၏။ (မူလဋီ သိမူ မဟာဋီတို့နှင့်အညီပင်) သဗ္ဗကာလံ၊ အခါခပ်သိမ်း။ သမ္ဘဝါပတ္တိတော စ၊ ဖြစ်ခြင်းသို့ ရောက်ခြင်းကြောင့်ရင်း။ ကေသဒိသဘာဝါပတ္တိတော စ၊ တမျိုးတည်းတူသည်၏ အဖြစ်သို့ရောက်ခြင်းကြောင့်ရင်းတည်း။ (မူလဋီ သိမူ မဟာဋီတို့နှင့်အညီပင်)

ယသ္မာ၊ ကြောင့်။ ဧကံ န ဧကတောတိအာဒီသု၊ ကုန်သော။ တီသု၊ ကုန်သော။ ပကာရေသု၊ တို့သည်။ အဝိဇ္ဇမာနေသု၊ မရှိကုန်လတ်သော်။ ပါရိ-သေသေန၊ လုံးဝအကြွင်းအကျန်အားဖြင့်။ အနေကတော၊ များစွာသော အကြောင်းကြောင့်။ အနေကမေဝ၊ များစွာသော အကျိုးသည်သာလျှင်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ စတုတ္ထော ဝေ၊ သာလျှင်ဖြစ်သော။ တေသို့ ပကာရေ၊ သည်။ ဝိဇ္ဇမာနေ၊ သော်၊ ဝါ၊ ရှိပါလျက်။ ဧကဟေတုဖလဒီပနေ၊ တခုသောအကြောင်းနှင့် တခုသောအကျိုးကို ပြရာ၌။ အတ္တော၊ သည်။ အတ္ထိ၊ ၏။ တသ္မာ၊ ကြောင့်။ န နုပပဇ္ဇတိ၊ မပြည့်စုံ-မသင့်မြတ်သည်မဟုတ်။ ဥပပဇ္ဇတိ-ယေဝ၊ သာလျှင်တည်း။ ဧကတော၊ ကြောင့်။ ဧကံ၊ သော။ ဖလံ၊ သည်။ နတ္ထိ၊ မရှိ။ ဧကတော၊ ကြောင့်။ အနေကမ္ပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။ အနေ-ကတောပိ၊ ကြောင့်လည်း။ ဧကံ ဖလံ၊ သည်။ နော အတ္ထိ၊ မရှိ။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။

ဧကေကဟေတုဖလဒီပနန္တိ၊ ကား။ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ၊ ဟူ၍။ ဧကဟေတုဒီပနံ၊ တခုသောအကြောင်းကိုပြခြင်းရင်း။ သင်္ခါရပစ္စယာ ဝိညာ-ဏန္တိ၊ ဟူ၍။ ဧကဖလဒီပနံ၊ ရင်း။ ဣတိ ဧဝံ၊ ဤနည်းဖြင့်။ တတ္ထ တတ္ထ၊ ထိုထို ပဋိစ္စသမုပ္ပါဒ်ဒေသနာအစိတ်အစိတ်တို့၌။ ဧကေကဟေတုဖလဒီပနံ၊ တခုတခု သော အကြောင်းနှင့်အကျိုးကို ပြခြင်းကို။ ကတံ၊ ပြုအပ်၏။

ဝေနေယျာနံ အနုရူပတောတိ၊ ကား။ ဝေနေယျာနံ၊ တို့၏။ အဇ္ဈာသယဿ၊ အား။ အနုရူပတော၊ လျော်သောအားဖြင့်။ ဧကဿေဝ၊ တခုတည်းသာလျှင် ဖြစ်သော။ ဟေတုနော စ၊ ကိုရင်း။ ဖလဿ စ၊ ကိုရင်း။ ဒီပနာ၊ ပြခြင်းသည်။ သတ္ထု၊ ၏။ ဒေသနာဝိလာသတော ဝါ၊ အားဖြင့်သော်ရင်း။ ဝေနေယျပုဂ္ဂ-လာနံ၊ တို့၏။ အဇ္ဈာသယတော ဝါ၊ ဖြင့်သော်ရင်း။ (ဟောတိ၊ ၏။) ပန၊ ဆက်။ ဧတ္ထ၊ ဤသို့ပြရာ၌။ တဒုဘယဿ၊ ဒေသနာဝိလာသ, ဝေနေယျဇ္ဈာ-သယဟူသော ထိုနှစ်ပါးစုံ၏။ ကာရဏံ၊ အကြောင်းကား။ တတ္ထ တတ္ထ၊ ထိုထို ဒေသနာတို့၌။ ဒေသေတဗ္ဗဿ၊ ဟောအပ်ဟောသင့်သော။ အတ္ထဿ၊ ၏။

ပမာနတာ စ၊ ပြမာန်းသည်၏ အဖြစ်သည်ရင်း။ ပါကဋတာ စ၊ ထင်ရှားသည်၏အဖြစ်သည်ရင်း။ အသာမာရဏတာ စ၊ မဆက်ဆံသည်၏ အဖြစ်သည်ရင်း။ (ဟောတိ၊ ဖြစ်ပေ၏။) စ၊ ဆက်။ ဘဂဝန္တော၊ ဘုန်းကြီးတော်မူကုန်သော။ ဗုဒ္ဓါ၊ တို့သည်။ ဒေသနာဝိလာသပ္ပတ္တာ၊ ဒေသနာဝိလာသသို့ ရောက်တော်မူကုန်၏။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဒေသေတဗ္ဗေ၊ သော။ အတ္ထေ၊ ၌။ ဗဟူသုပိ၊ ကုန်သော။ ပရိယာယေသု၊ ပရိယာယ်ဝေါဟာရတို့ကို။ လဗ္ဘမာနေသု၊ ရအပ်ကုန်သည်ရှိသော်၊ ဝါ၊ ရအပ်ကုန်သော်လည်း။ ယထာရုစိတံ၊ အကြင်အကြင်နှစ်သက်အပ်သော ပရိယာယ်ဝေါဟာရကို။ ဂဟေတွာ၊ ၍။ ဓမ္မံ၊ ကို။ ဒေသေန္တိ၊ ကုန်၏။ သာ၊ ထိုသို့ ဟောခြင်းသည်။ ဒေသနာဝိလာသာနုရူပတာ၊ ဝိလာသအားလျော်သည်၏အဖြစ်မည်၏။ ပန၊ တပါး။ တတ္ထ၊ ထိုများစွာသော ပရိယာယ်တို့တွင်။ ယေန ပရိယာယေန၊ ဖြင့်။ ယေ ဝေနေယျာ၊ တို့သည်။ ဗုဇ္ဈန္တိ၊ သိနိုင်ကုန်၏။ တေနေဝ၊ ထိုပရိယာယ် ဝေါဟာရဖြင့်သာလျှင်။ တေသံ၊ ထိုဝေနေယျတို့အား ၊ ဝါ၊ တို့ကို။ ဗောဓနံ၊ သိစေခြင်းသည်။ (ဟောတိ၊ ၏။) သာ၊ ထိုသိစေခြင်းသည်။ ဝေနေယျဇ္ဈာသယာနုရူပတာ၊ ဝေနေယျတို့၏ အဇ္ဈာသယအား လျော်သည်၏အဖြစ်မည်၏။

[၂၉၁] ယထာ ဖဿံ ဝေဒနာဝဝတ္ထာနတောတိ၊ ကား။ "ဘိက္ခဝေ၊ တို့။ သုခဝေဒနိယံ၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော။ ဖဿံ၊ ကို။ ပဋိစ္စ၊ ၍။ သုခဝေဒနာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။" ဣတိအာဒိနာ စ၊ ဖြင့်ရင်း။ စက္ခုဉ္စ ပဋိစ္စ။ပ။ ဖဿပစ္စယာ ဝေဒနာတိအာဒိနာ စ၊ ဖြင့်ရင်း။ သုခဝေဒနိယဖဿာဒိ-စက္ခုသမ္ဖဿာဒိအနုရူပေန၊ သုခဝေဒနိယဖဿစသည်နှင့် စက္ခုသမ္ဖဿစသည်တို့အားလျော်သဖြင့်။ သုခဝေဒနာဒိစက္ခုသမ္ဖဿဇာဝေဒနာဒီနံ၊ သုခဝေဒနာစသည်နှင့် စက္ခုသမ္ဖဿဇာဝေဒနာစသည်တို့ကို။ ဝဝတ္ထာနတော၊ ပိုင်းခြားဆုံးဖြတ်ခြင်းကြောင့်။ ဟိ၊ ထင်စွာ။ စက္ခုရူပါဒီသု၊ စက္ခုပသာဒ ရူပါရုံစသည်တို့သည်။ သမာနေသု၊ တူညီကုန်လတ်သော်[1] ။ ဖဿဘေဒေန၊ ဖြင့်။ သုခါဒိ-ဝိပရိယာယာဘာဝတော စ၊ သုခစသည်တို့၏ ဖောက်ပြန်ခြင်း၏မရှိခြင်းကြောင့်ရင်း။ ရူပမနသိကာရာဒီသု၊ စသည်တို့သည်။ သမာနေသု၊ တူညီကုန်လတ်သော်။ စက္ခာဒိသံဃဋ္ဋနာဘေဒေန၊ စက္ခုစသည်တို့ကို ထိပါးတိုက်ခိုက်ခြင်း၏ အစွမ်းအားဖြင့်။ စက္ခုသမ္ဖဿဇာဒိဝိပရိယာယာဘာဝတော စ၊ ဇာဝေဒနာစသည်တို့၏

---

[1] ၁-ဤ၌ ပိ-ပိုနေသည်။ ။အကြောင်းကား စက္ခုရူပစသည် တူညီသော် မထူးသော်လည်း ဝေဒနာမဖောက်ပြန်ဟူရာ၌ စက္ခုရူပစသည်မတူသော် ထူးခြားသော်ကား ဝေဒနာမဖောက်ပြန်သည်မှာ ဆိုဖွယ်မရှိဟူသောအနက်သည် မသင့်သောကြောင့်ပေတည်း။ အမှန်မှာ စက္ခုရူပစသည်တူလျှင် ဖဿလည်းတူ၍ ဝေဒနာလည်းတူသည်ဟူသော အနက်သာ သင့်သည်။ မူလဋီကာ၌ကား ယင်း ပိ-သဒ္ဒါမရှိ။

ဖောက်ပြန်ခြင်း၏ မရှိခြင်းကြောင့်ရှင်း။ အညပစ္စယသာမညေပိ၊ တပါးသော အကြောင်းတို့၏ တူညီသည်၏ အဖြစ်ရှိငြားသော်လည်း။ ဖဿဝသေန၊ သုခ ဝေဒနိယအစရှိသော ဖဿ, စက္ခုသမ္ဖဿအစရှိသော ဖဿတို့၏ အစွမ်းအားဖြင့်။ သုခါဒိစက္ခုသမ္ဖဿဇာဒိနံ၊ သုခအစရှိသော ဝေဒနာ, စက္ခုသမ္ဖဿဇာ အစရှိသော ဝေဒနာတို့၏။ ဩဠာရိကသုခုမာဒိသင်္ကရာဘာဝတော စ၊ သုခုမဝေဒနာစသည် အဖြစ်ဖြင့် ရောယှက်ခြင်း၏ မရှိခြင်းကြောင့်ရှင်း။ ဣတိ အတ္ထော၊ နက်[၁]။ ယထာဝုတ္တဖဿဿ၊ ၏။ (ဘာဝသမ္ဗန်) သုခါဒီနံ၊ တို့၏။ အဝိပရီတော၊ သော။ ပစ္စယဘာဝေါ ဧဝ၊ အကြောင်း၏ အဖြစ်သည်သာလျှင်။ ယထာဝေဒနံ၊ ဝေဒနာ အားလျော်စွာ။ ဖဿဝဝတ္ထာနံ၊ ဖဿ၏ အသီးအခြားတည်ခြင်းမည်၏။ ဝါ၊ ကား။ ကာရဏဖလဝိသေသေန၊ အကြောင်းအကျိုးအထူးဖြင့်။ ဖလကာရဏ-ဝိသေသနိစ္ဆယော၊ အကျိုးအကြောင်းအထူးကို ဆုံးဖြတ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဥဘယတ္ထာပိ၊ ဖဿဝေဒနာနှစ်ပါးစုံတို့၌လည်း။ နိစ္ဆယော၊ ဆုံးဖြတ်ခြင်းကို။ ဝဝတ္ထာနန္တိ၊ ဟူ၍။ ဝုတ္တော၊ ၏[၂]။

ကမ္မာဒယောတိ၊ ကား။ ကမ္မအာဟာရဥတုအာဒယော၊ အစရှိကုန်သော အကြောင်းတရားတို့သည်။ အပါကဋ္ဌာ၊ ကုန်။ (ကဿာ၊ ကား။ ) သေမှပဋိ-ကာရေန၊ သလိပ်ကို ကုစားခြင်းဖြင့်။ ရောဂဝူပသမနတော၊ အနာရောဂါ၏ ပျောက်ငြိမ်းခြင်းကြောင့်တည်း။ သေမှဿ၊ သလိပ်၏။ မန္ဒဘာဝါဒိနာ စ၊ နှံ့သည်၏အဖြစ်စသည်ဖြင့်လည်း။ သေမှံယေဝ၊ သည်သာလျှင်။ ပါကဋံ၊ သော။ ကာရဏံ၊ သည်။ (ဟောတိ၊ ၏။) ဣမံ၊ ဤအဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟူသော ပါဠိ၌။ အယံ အဝိဇ္ဇာ၊ ကို။ သင်္ခါရာနံ၊ တို့၏။ ဟေတုဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ ဒီပိတာ၊ ပြအပ်၏။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။ အဿာဒါနု-

---

၁-ဩဠာရိကသုခုမာဒိတိ အာဒိ-သဒ္ဒေန ဟီနပဏီတာဒိသင်္ဂဟော ဒဋ္ဌဗ္ဗော။ တတ္ထ ယံ ဥပါဒါယ ယာ ဝေဒနာ "ဩဠာရိကာ, ဟီနာ"တိ ဝါ ဝုစ္စတိ၊ န တံယေဝ ဥပါဒါယ တဿာ ကဒါစိပိ သုခုမတာ, ပဏီတတာ ဝါ အတ္ထီတိ ဝုတ္တံ "ဩဠာရိကသုခုမာဒိသင်္ကရာ-ဘာဝတော" တိ။ (အနုဋီ ၂-၁၀၈။)

၂-ယထာဝုတ္တသမ္ဖဿဿာတိ သုခဝေဒနိယာဒိဖဿဿ။ သုခဝေဒနိယဖဿဘာဝယေဝ သုခဝေဒနာ၊ န ဣတရဖဿတော။ သုခဝေဒနိယဖဿတော သုခဝေဒနာဝ၊ န ဣတရ-ဝေဒနာ။ တထာ သေသေသုပီတိ.ဥဘယပဒနိယမသေန ယထာဖဿံ ဝေဒနာဝဝတ္ထာနံ, ယထာဝေဒနံ ဖဿဝဝတ္ထာနန္တိ ပဒဒ္ဓယေန ကာရဏန္တရာသမ္ဘိဿတာ ဖလဿ, ဖလန္တရာ-သမ္ဘိဿတာ စ ကာရဏဿ ဒဿိတာ ပဌမပက္ခေ "အသံကိဏ္ဏတာ ဝဝတ္ထာန"န္တိ ကတွာ။ ဒုတိယပက္ခေ ပန ပစ္စယဘေဒဘိန္နေန ကာရဏဝိသေသေန ဖလဝိသေသော, ဖလဝိသေ-သေန စ ကာရဏဝိသေသော နိစ္ဆီယတီတိ အယမတ္ထော ဒဿိတော "သန္နိဋ္ဌာနံ ဝဝတ္ထာန"န္တိ ကတွာ။ ပုရိမသ္မိဉ္စ ပက္ခေ ဓမ္မာနံ အသင်္ကရတော ဝဝတ္ထာနံ ဝုတ္တံ၊ ဒုတိယသ္မိဉ္စ ယထာဝ-ဝတ္ထိတဘာဝဇာနနန္တိ အယမေတေသံ ဝိသေသော။ (အနုဋီ ၂-၁၀၈။)

ပဃိနော တဏှာ ပဝၔုတိတိ ဝစနတောတိ၊ ကား။ "ဘိက္ခဝေ၊ တို့။ သံယောဇနိယေသု၊ သံယောဇဉ်၏အကြောင်းဖြစ်ကုန်သော။ ဓမ္မေသု၊ တို့၌။ အဿာဒါနုပဿိနော၊ သာယာဖွယ်ကိုရှုလေ့ရှိသောပုဂ္ဂိုလ်အား။ တဏှာ၊ သည်။ ပဝၔုတိ၊ ၏။ တဏှာပစ္စယာ၊ ကြောင့်။ ဥပါဒါနံ၊ သည်။ (သမ္ဘဝတိ၊ ၏။ ) ဥပါဒါနပစ္စယာ၊ ကြောင့်။ ဘဝေါ၊ သည်။ (သမ္ဘဝတိ၊ ၏။ )" ဣတိ၊ သို့။ ဣမိနာ သုတ္တေန၊ ဖြင့်။ တဏှာယ၊ ၏။ သင်္ခါရကာရဏဘာဝဿ၊ သင်္ခါရတို့၏ အကြောင်း၏အဖြစ်၏၊ ဝါ၊ ကို။ ဝုတ္တတ္တာ၊ ကြောင့်။ ဣတိ အတ္ထော၊ နက်။ ပုန၊ တဖန်။ တဿာပိ၊ ထိုတဏှာ၏လည်း။ ကာရဏံ၊ အကြောင်းကား။ အဝိဇ္ဇာ၊ တည်း။ (ဤ၌ ယ–ပိုနေသည် ) ဣတိ၊ သို့။ ဒဿနတ္ထံ၊ ငှါ။ အဝိဇ္ဇာသမုဒယာ အာသဝသမုဒယောတိ စ ဝစနတောတိ၊ ဟူ၍။ အာဟ၊ ၏။ ဝါ၊ ကား။ တဏှာ စ၊ သည်ငှင်း။ စတုရုပါဒါနဘူတာ၊ လေးပါးသော ဥပါဒါန်ဖြစ်၍ဖြစ်ကုန်သော။ ကာမဘဝဒိဋ္ဌာသဝါ စ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ တို့သည်ငှင်း။ (မူလဋီ, သီမူ-မဟာဋီတို့နှင့် အညီပင် ) သင်္ခါရဿ၊ ၏။ ကာရဏန္တိ၊ အကြောင်းဟူ၍။ ပါကဋ္ဌာ၊ ထင်ရှားကုန်၏။ အဝိဇ္ဇာဟေတုကာ၊ အဝိဇ္ဇာလျှင်အကြောင်းရှိကုန်၏။ (မူလဋီ၌ အဝိဇ္ဇာဟေတုကာ-ဟူသောဤပုဒ် မရှိ ) ဣတိ၊ သို့။ (ပါကဋ္ဌာ-နှင့်စပ်လျှင် ဣတိ၊ ဤသို့ ထင်ရှားကုန်သော ကြောင့်-ဟု အနက်ပေး ) သုတ္တဒ္ဓယေနာပိ၊ သုတ်နှစ်ခုအပေါင်းဖြင့်လည်း။ အဝိဇ္ဇာယ၊ ၏။ ပါကဋ္ဌံ၊ သော။ သင်္ခါရာနံ၊ တို့၏။ ကာရဏဘာဝမေဝ၊ အကြောင်း၏အဖြစ်ကိုသာလျှင်။ ဒဿေတိ၊ ၏။ ဟိ၊ မှန်။ အဿာဒါနုပဿိနောတိ ဝစနေန၊ ဟူသောစကားဖြင့်။ ဘဝါဒီနဝပ္ပဋိစ္ဆာဒနကိစ္စာ၊ ဘဝ၏အပြစ်ကို ဖုံးလွှမ်းခြင်းကိစ္စရှိသော။ အဝိဇ္ဇာ၊ ကို။ တဏှာယ၊ ၏။ ကာရဏန္တိ၊ ဟူ၍။ ဒဿိတာ၊ ပြအပ်သည်။ ဟောတိ၊ ၏။ ယသ္မာ၊ ကြောင့်။ အဝိဒ္ဒါ၊ မသိ မလိမ္မာသည်၊ ဝါ၊ ပညာမဲ့သည်။ (ဟောတိ၊ ၏။ ) တသ္မာ၊ ကြောင့်။ ပုညာဘိသင်္ခါရာဒိကေ၊ စသည်တို့ကို။ အဘိသင်္ခရောတိ၊ ၏။ ဣတိ၊ သို့။ အဝိဇ္ဇာယ၊ ၏။ သင်္ခါရကာရဏဘာဝဿ၊ သင်္ခါရတို့၏ အကြောင်းအဖြစ်၏။ ပါကဋ္ဌတ္တာ၊ ကြောင့်။ အဝိဒ္ဒသုဘာဝေါဝ၊ ပညာမဲ့သူ၏ အဖြစ်ကိုသာလျှင်။ သင်္ခါရကာရဏဘာဝေန၊ သင်္ခါရတို့၏ အကြောင်း၏ အဖြစ်ဖြင့်။ ဝုတ္တော၊ ၏။ (ကသ္မာ၊ ကား။ ) ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား၊ ဝါ၊ ၏ သန္တာန်၌။ သင်္ခါရာဘာဝတော စ၊ သင်္ခါရတို့၏ မရှိခြင်းကြောင့်ငှင်း။ အသာဓာရဏတ္တာ စ၊ (အဝိဇ္ဇာ၏ ခီဏာသဝနှင့်) မဆက်ဆံသည်၏အဖြစ်ကြောင့်ငှင်းတည်း[၁]။ ဝါ၊

၁-ခီဏာသဝဿ သင်္ခါရာဘာဝတောတိ ဗျတိရေကေနပိ အဝိဇ္ဇာယ သင်္ခါရကာရဏဘာဝံ ဝိဘာဝေတိ။ ကေနစိ္တန ဟိ ခီဏာသဝေါဝ ဝိဒ္ဒသု။ တေန ဗာလာနံ ဝေ သမ္ဘဝတော အဝိဇ္ဇာယ အသာဓာရဏတာ ဝုတ္တာတိ ဒဿေတိ။ ဝတ္ထာရမ္မဏာဒိနိ ဟိ ဣတရေသမ္ပိ သာဓာရဏာနိ။ (အနုဋီ ၂-၁၀၉)

တနည်း။ ဝတ္ထာရမ္မဏာဒီနိ၊ ဝတ္ထုအာရုံ အစရှိသည်တို့သည်။ ပုညာဘိသင်္ခါရာဒီနံ၊ တို့၏။ သာဓာရဏကာရဏာနိ၊ ဆက်ဆံသော အကြောင်းတို့တည်း။ ဣတိ၊ ကြောင့်။ [၂၉၂] ပုညာဘဝါဒိအာဒီနဝပ္ပဋိစ္ဆာဒိကာ၊ ပုညာဘိသင်္ခါရကြောင့်ဖြစ်သောဘဝ စသည်၏အပြစ်ကို ဖုံးလွှမ်းတတ်သော။ (ဤ၌ ပုညာဘဝနောင်အာဒိ-လိုနေ၍ ဖြည့်စွက်ထားသည်) အဝိဇ္ဇာ၊ သည်။ ပုညာဘိသင်္ခါရာဒီနံ၊ တို့၏။ အသာဓာရဏံ၊ သော။ ကာရဏံ၊ တည်း။ ဣတိ၊ သို့။ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏[၁]။ အဝိဇ္ဇာ။ပ။ ဝိညာဏန္တိ ဧတ္ထ၊ ဤပါဌ်၌။ ပဓာနတ္တာ ပါကဋတ္တာ အသာဓာရဏတ္တာတိ၊ ဟူသော။ ဧတေနေဝ ကေနစိ ဟေတုဖလဒီပနပရိဟာရဝစနေန၊ ဤတခုတခုသော အကြောင်းနှင့်အကျိုးကိုပြရာ၌ (စောဒနာကို) ဖြေဆိုသောစကားဖြင့်ပင်လျှင်။ (ဝေဒိတဗ္ဗာ-၌ စပ်) ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာတိအာဒီသု၊ အစရှိကုန်သော။ သဗ္ဗတ္ထ၊ အလုံးစုံသော အစိတ်အစိတ်စကားရပ်တို့၌။ ဗောဓနေယျဇ္ဈာသယဝသေန၊ သိစေထိုက်သော ပုဂ္ဂိုလ်တို့၏အလို၏အစွမ်းအားဖြင့်။ ဓမ္မဿ၊ ကို။ ဗောဓနသင်္ခါတံ၊ သိစေခြင်းဟု ဆိုအပ်သော။ ပယောဇနံ၊ ကို။ ဝေဒိတဗ္ဗံ၊ ၏။

၆၁၈။ ကေန္တာနိဋ္ဌဖလာယာတိ ဧတေန၊ ဤပါဌ်ဖြင့်။ (အဝိဇ္ဇာယ၊ ၏။) ဝိရုဒ္ဓဘာဝံ၊ ဆန့်ကျင်သည်၏အဖြစ်ကို။ (ဇောတေတိ၊ ၏။) သာဝဇ္ဇာယာတိ ဧတေန၊ ဖြင့်။ အဝိဇ္ဇာယ၊ ၏။ ဝိဇာတိယဘာဝံ၊ ဇာတ်မတူသည်၏အဖြစ်ကို။ ဇောတေတိ၊ ၏။ ဟိ၊ မှန်။ ပုညာနေဉ္ဇာဘိသင်္ခါရာ၊ တို့သည်။ ဣဋ္ဌဝိပါကတာယ စ၊ ဣဋ္ဌဝိပါက်ရှိသည်၏အဖြစ်ကြောင့်၎င်း၊ ဝါ၊ ကောင်းသောအကျိုးကို ပေးတတ်သည်၏အဖြစ်ကြောင့်၎င်း။ အနဝဇ္ဇသဘာဝတာယ စ၊ အပြစ်ကင်းသော သဘောရှိသည်၏အဖြစ်ကြောင့်၎င်း။ တဿာ၊ ထိုအဝိဇ္ဇာ၏၊ ဝါ၊ နှင့်။ ဝိရုဒ္ဓါ စ၊ ဆန့်ကျင်ကုန်သည်၎င်း။ ဝိဇာတိယာ စ၊ ဇာတ်မတူကုန်သည်၎င်း။ (ဟောန္တိ၊ ကုန်၏။) ဣတိ၊ သိအပ်၏။ ကထံ န ယုဇ္ဇိဿတီတိအာဒိ၊ အစရှိသော စကားသည်။ သမာဓာနံ၊ ဒေသနာစကားရပ်ကို ကောင်းစွာဆောင်တတ်-တည်မြဲစေတတ်သော သာဓကစကားတည်း။ တေန၊ ထိုပါဌ်ဖြင့်။ ယွာယံ ကေန္တာနိဋ္ဌဖလတာဒိဟေတုပဒေသော၊ အကြင် ကေန္တာနိဋ္ဌဖလတာစသည်ဖြင့် အကြောင်းကို ညွှန်ပြခြင်းသည်။ (သိမှုနှင့်အညီပင်) (အတ္ထိ၊ ၏။) တဿ၊

---

၁-ဝတ္ထာရမ္မဏာဘဏ္ဍုပါဒါနာဒီနိ ဝိယ အဝိဇ္ဇာပိ ပုညာဘိသင်္ခါရာဒီနံ သာဓာရဏကာရဏန္တိ စောဒနံ မနသိ ကတွာ အာဟ "ပုညာဘဝါဒိ" တိအာဒိ။ တတ္ထ အာဒိသဒ္ဒေန အပုညာနေဉ္ဇဘဝါ ဂဟေတဗ္ဗာ။ ပုညာဘဝေါတိ ပုညာဘိသင်္ခါရဟေတုကော ဥပပတ္တိဘဝေါ။ ဧသ နယော သေသေသု။ ဧတ္ထ စ ကိစ္စကရဏဋ္ဌာနဘေဒေန ကိစ္စဝတီ အဝိဇ္ဇာ ဘိန္ဒိတွာ ဒဿိတာ။ န ဟိ ယဒဝတ္ထာ အဝိဇ္ဇာ ပုညာဘိသင်္ခါရာနံ ဥပနိဿယော၊ တဒဝတ္ထာ ဧဝ ဣတရေသံ ဥပနိဿယောတိ သက္ကာ ဝိညာတုံ။ ဧတ္ထ စ ဘဝါဒီနဝပ္ပဋိစ္ဆာဒနန္တိ အတ္ထတော ပုညာဘိသင်္ခါရာဒီနံ တံတံဘဝသင်္ခါတဒုက္ခဟေတုသဘာဝါနဘိသမယနိမိတ္တတာ။ (အနုဋီ ၂-၁၀၉)

ထိုညွှန်ပြခြင်း၏။ အနေကန္တိကတံ၊ ကေန်မဟုတ်သည်၏အဖြစ်ကို။ ဒဿေတိ၊ ၏။ ဟိ၊ ထင်စွာပြအံ့။ ဒွယံ၊ သည်ကား။ ဧတ္ထ၊ ဤစကားရပ်၌။ အဓိပ္ပါယော၊ တည်း။ တယာ၊ သင်စောဒကဆရာသည်။ ယာယံ စောဒနာ၊ ကို။ ဧဝံ သန္တေ-ပီတိအာဒိနာ၊ ဖြင့်။ ကတာ၊ ပြုအပ်၏။ သာ၊ ထိုစောဒနာသည်။ ဝိပါကံ ပတိ၊ ဝိပါက်ကိုစွဲ၍၊ ဝါ၊ ဝိပါက်၏အရာ၌။ ယုတ္တာ၊ သင့်ပေ၏။ ဟိ၊ မှန်။ အနိဋ္ဌဝေ-ပက္ကံ၊ အနိဋ္ဌအကျိုးဝိပါက်ရှိသော၊ ဝါ၊ မကောင်းကျိုးကိုပေးတတ်သော။ ကာရဏံ၊ သည်။ ဣဋ္ဌံ၊ အလိုရှိအပ်သောအကျိုးကို။ န ဖလတိ၊ မပြီးစေတတ်။ ဣဋ္ဌဝေပက္ကံ ဝါ၊ ဣဋ္ဌဝိပါက်ရှိသော၊ ဝါ၊ ကောင်းကျိုးကိုပေးတတ်သော အကြောင်းသည်မူလည်း။ အနိဋ္ဌံ၊ အနိဋ္ဌအကျိုးကို။ (န ဖလတိ၊ မပြီးစေတတ်။) ပန၊ သော်လည်း။ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ၌။ ပစ္စယုပ္ပန္နဓမ္မာနံ၊ တို့အား။ ပစ္စယဘာဝလက္ခဏဓမ္မာနံ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်လက္ခဏာရှိသောပစ္စည်းတရားတို့၏။ ဓမ္မတာ၊ ကို။ ယသ္မာ၊ ကြောင့်။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ တတြ စ၊ ထိုဓမ္မတာ၌ကား။ အယံ နိယမော၊ ဤဆိုခဲ့ပြီးသော နိယမသည်။ နတ္ထိ၊ မရှိ။ (ကသ္မာ၊ ကား။) တဿ၊ ထိုဓမ္မတာ၏။ ဝိစိတ္တ-ရူပတ္တာ၊ ဆန်းကျယ်သောသဘောရှိသည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤကား အဓိပ္ပါယ်တည်း။ တေန၊ ကြောင့်။ ဝိရုဒ္ဓေါ စာတိအာဒိ၊ ကို။ အာဟ၊ ၏။

တတ္ထ၊ ထိုပါဌ်၌။ ဓမ္မာနန္တိ၊ ကား။ သဘာဝဓမ္မာနံ၊ တို့၏။ ဌာနန္တိ၊ ကား။ အဝဋ္ဌာနံ၊ တည်ရှိခြင်းတည်း။ တသ္မာ၊ ကြောင့်။ ဌာနဝိရုဒ္ဓေါတိ၊ ကား။ အတ္ထိတာဝိရုဒ္ဓေါ၊ ရှိသည်၏အဖြစ်အားဖြင့် ဆန့်ကျင်သော။ ကေစိ ပန၊ တို့သည်ကား။ ပဋိသန္ဓိအာဒီနိ၊ အစရှိသည်တို့သည်။ ဌာနာနိ၊ တို့တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဧဝံ သတိ၊ သော်။ ပုရိမစိတ္တံ ပစ္ဆိမစိတ္တဿ ဌာနဝိရုဒ္ဓေါ ပစ္စ-ယောတိ၊ ဟူသော။ ဣဒံ၊ ဤစကားသည်။ ဧကန္တိကံ၊ ကေန်မုချသည်။ န သိယာ၊ မဖြစ်ရာ။ ဟိ၊ မှန်။ ဘဝင်္ဂမ္ပိ၊ သည်လည်း။ ဘဝင်္ဂဿ၊ ၏။ အနန္တရ-ပစ္စယော၊ သည်။ (ဟောတိ၊ ၏။) ဇဝနံ၊ သည်။ ဇဝနဿ၊ ၏။ (ပစ္စယော၊ သည်။ ဟောတိ၊ ၏။) သိပ္ပါဒီနံ စ၊ အတတ်ပညာစသည်တို့အားလည်း။ ပဋိသန္ဓိအာဒိ-ဌာနံ၊ ပဋိသန္ဓေအစရှိသော ဌာနသည်။ န အတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ တံ၊ ထိုကေစိဆရာတို့၏စကားကို။ ဣဓ၊ ဤအရာ၌။ န အဓိပ္ပေတံ၊ အလိုမရှိအပ်။ ကမ္မံ၊ သည်။ ရူပဿ၊ ၏။ နမနရုပ္ပနဝိရောဓာ စ၊ နမနရုပ္ပနအားဖြင့် ဆန့်ကျင်ခြင်းကြောင့်၎င်း။ သာရမ္မဏာနာရမ္မဏာဒိဝိရောဓာ စ၊ အနာရမ္မဏ အစရှိသောအားဖြင့် ဆန့်ကျင်ခြင်းကြောင့်၎င်း။ သဘာဝဝိရုဒ္ဓေါ၊ သဘောအားဖြင့် ဆန့်ကျင်သော။ ပစ္စယော၊ သည်။ (ဟောတိ၊ ၏။ ) ခီရာဒီနိ၊ နို့ရည်စသည်တို့သည်။ ဒဓိအာဒီနံ၊ နို့ဓမ်းစသည်တို့၏။ မဓုရမ္ဗိလရသာဒိသဘာဝဝိရောဓာ၊

ချိုသောအရသာ ချဉ်သောအရသာ အစရှိသော သဘောအားဖြင့် ဆန့်ကျင်ခြင်းကြောင့်။ (သဘာဝဝိရုဒ္ဓေါ ပစ္စယော ဟောတိ။ ) အဝိဇာနနကိစ္စော၊ သိခြင်းကိစ္စမရှိသော။ အာလောကော၊ အရောင်အလင်းသည်။ ဝိဇာနနကိစ္စဿ၊ သိခြင်းကိစ္စရှိသော။ ဝိညာဏဿ၊ ၏။ (ကိစ္စဝိရုဒ္ဓေါ ပစ္စယော ဟောတိ။) အမဒနကိစ္စာ၊ မူးယစ်စေခြင်း ကိစ္စမရှိကုန်သော။ ဂုဠာဒယော စ၊ တင်လဲစသည်တို့သည်လည်း။ မဒနကိစ္စဿ၊ မူးယစ်စေခြင်းကိစ္စရှိသော။ အာသဝဿ၊ အရက်၏။(ကိစ္စဝိရုဒ္ဓေါ ပစ္စယော ဟောတိ။)

ဂေါလောမာဝိလောမာဒီတိအာဒီသု၊ အစရှိသည်တို့၌၊ ဝါ၊ တို့တွင်။ ဂေါလောမာဝိလောမာနိ၊ နွားမွေး သိုးမွေးတို့သည်။ ဒုဗ္ဗာယ၊ နေဇာမြက်၏။ (ပစ္စယော ဟောတိ။ ) စ၊ ဆက်။ အဝီတိ၊ ပုဒ်ဖြင့်။ ရတ္တာ၊ နီသောအမွေးအဆင်းရှိကုန်သော။ (ဤဝိသေသနစဉ်းစားဖွယ်ရှိ၏၊ သုက္ကာ-သင့်၏) ဠကော၊ သိုးတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏[၁]။ ဝိသာဏံ၊ ဦးချိုသည်။ သရဿ၊ မြားမြက်၏။ ဒဓိတိလပိဋ္ဌဂုဠာနိ၊ နို့ဓမ်းနှမ်းမှုန့်တင်လဲတို့သည်။ ဘူတိဏကဿ၊ မြက်နံ့သာ မြက်မွေး၏။ သေဝါလံ၊ မှော်သည်။ တဏ္ဍုလေယျကဿ၊ ဟင်းဆန်ကွဲ၏၊ ဝါ၊ ဟင်းနုနွယ်ဆူးပေါက်၏။ ခရဝဋ္ဋဝါ၊ မြည်းဖိုနှင့်မြင်းမတို့သည်။ အဿ-တရဿ၊ အဿတိုရ်(လားမြင်း) ၏။ (ပစ္စယော ဟောတိ။ ) ဣတိ ဧဝမာဒိ၊ ဤသို့အစရှိသည်ကို။ အာဒိ-သဒ္ဒေန၊ ဖြင့်။ သင်္ဂဟိတော၊ ၏။ ယသ္မာ၊ ကြောင့်။ ဝိပါကာ ဧဝ၊ တို့သည်သာလျှင်။ န၊ မဟုတ်ကုန်။ တသ္မာ၊ ကြောင့်။ [၂၉၃] ဒုက္ခဝိပါကာယပိ၊ ဆင်းရဲသော ဝိပါက်-မကောင်းသောအကျိုးရှိငြား သော်လည်း၊ ဝါ၊ ရှိသည်လည်းဖြစ်သော။ အဝိဇ္ဇာယ၊ ၏။ (တွ-သမ္ဗန်) အဒုက္ခ-ဝိပါကာနံ၊ မဆင်းရဲသော ဝိပါက် ကောင်းသောအကျိုးရှိကုန်သော။ ပုညာ-နေဉ္ဇာဘိသင်္ခါရာနံ၊ တို့၏။ ပစ္စယတ္တံ၊ အကြောင်း၏အဖြစ်သည်။ န န ယုဇ္ဇတိ၊ မသင့်သည်မဟုတ်။ (ယုဇ္ဇတိ ဧဝ၊ သာလျှင်တည်း။ ) ဣတိ အတ္ထော၊ နက်။

တဒဝိပါကတ္တော၊ ထိုအဝိဇ္ဇာ၏ ဝိပါက်မဟုတ်သည်၏အဖြစ်သည်။ (သတိ) ပိ၊ သော်လည်း။ သာဝဇ္ဇတာယ၊ အပြစ်ရှိသည်၏အဖြစ်ဖြင့်။ တဒဝိရုဒ္ဓါနံ စ၊ ထိုအဝိဇ္ဇာနှင့် မဆန့်ကျင်သည်လည်းဖြစ်ကုန်သော။ တံသဒိသာနဉ္စ၊ ထိုအဝိဇ္ဇာနှင့် တူသည်လည်းဖြစ်ကုန်သော။ အပုညာဘိသင်္ခါရာနမေဝ၊ တို့၏သာလျှင်။ ပစ္စယော၊ သည်။ (ဟောတိ၊ ၏။ ) ဣတရေသံ၊ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိ-သင်္ခါရတို့၏။ (ပစ္စယော၊ သည်။ ) န၊ မဖြစ်။ ဣတိ၊ ဤသို့သော။ စောဒနာ ပသင်္ဂဿ၊ ဤငြိစွန်းခြင်း-ရောက်ခြင်းကို၊ ဝါ၊ စပ်လျဉ်းခြင်းကို။ နိဝါရဏတ္ထံ

၁-အဝိ နာမ ဠကော၊ တာ (တေ ?) ပန ယေဘုယျေန ရတ္တလောမကာ ဟောန္တီတိ ဝုတ္တံ "ရတ္တာ ဠကော"တိ။ (အနုဋီ ၂-၁၁ဝ) ဤအဖွင့်လည်းစဉ်းစားဖွယ်ပင်။

မြစ်ခြင်းအကျိုးငှါ။ ဝိရုဒ္ဓေါ။ပ။ သိဒ္ဓေါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ တမတ္ထံ၊ ကို။ ပါကဋံ၊ ကို။ ကရောန္တော၊ ဖြစ်၍။ ဣတိ အယံ အဝိဇ္ဇာတိအာဒိံ၊ ကို။ အာဟ၊ ၏။

၆၁၉။ သဗ္ဗတ္ထ။ပ။ အဂ္ဂဏှန္တောတိ၊ ကား။ ဣမ၊ ဤလောက၌။ စုတိ နာမ၊ မည်သည်ကား။ တတ္ထ တတ္ထ ဘဝါဒီသု၊ ထိုထိုဘဝစသည်တို့၌။ ရူပါဒီနံ၊ ရုပ်အစရှိကုန်သော။ ခန္ဓာနံ၊ တို့၏။ မရဏသညိတော၊ သေခြင်းဟုမှတ်အပ်သော။ စရိမော၊ အဆုံးစွန်သော။ ဘေဒေါ၊ ပျက်စီးခြင်းတည်း။ ဣတိ၊ သို့။ ယာထာဝတော၊ ဟုတ်တိုင်းမှန်စွာ။ အဇာနန္တော၊ မသိသည်ဖြစ်၍။ ။ သတော ဝိဇ္ဇမာနသော၀၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော။ သတ္တဿ၊ သတ္တဝါ၏။ ဒေဟန္တရသင်္ကမနံ၊ ကိုယ်တပါးသို့ ပြောင်းရွှေ့ခြင်းတည်း။ အညေန၊ သော။ ကာယေန၊ နှင့်။ သမာဂမော၊ ပေါင်းဆုံခြင်းတည်း။

သဗ္ဗတ္ထ ခန္ဓာနံ ပါတုဘာဝေါတိ၊ ကား။ တတ္ထ တတ္ထ ဘဝါဒီသု၊ တို့၌။ ခန္ဓာနံ၊ တို့၏။ ပဌမာဘိနိဗ္ဗတ္တိ၊ ရှေးဦးစွာဖြစ်ပေါ်ခြင်းတည်း။ နဝသရီရပါတုဘာဝေါတိ၊ ကား။ ဣမ၊ ဤလောက၌။ ဇိဏ္ဏဿ၊ အိုမင်းဆွေးမြည့်သော။ သရီရဿ၊ ကိုယ်ကို။ နိက္ခေပေ၊ ပစ်ချရာ၌၊ ဝါ၊ ပစ်ချခြင်းသည်။(သတိ၊ သော်။) ပရလောကပရိယာပန္နဿ၊ တပါးသောလောက၌ အကျုံးဝင်သော။ နဝကာယဿ၊ အသစ်ဖြစ်သောကိုယ်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းတည်း။ (ကိံ ယထာ၊ အဘယ်ကဲ့သို့နည်းဟူမူ။) ဇနော၊ အချို့သောပုဂ္ဂိုလ်တို့သည်။ ဝတ္ထာနိ။ ပ။ သုခေသီတိ၊ ဟူ၍။ ဝဒန္တိ ယထာ၊ ဆိုကုန်သကဲ့သို့တည်း။

[နရော၊ လူသည်။ ဇိဏ္ဏာနိ၊ အိုမင်းဟောင်းနွမ်းကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို။ ပဟာယ၊ ပယ်စွန့်၍။ နဝါနိ၊ အသစ်ဖြစ်ကုန်သော။ အပရာနိ၊ တပါးသောအဝတ်တို့ကို။ ဂဏှာတိ ယထာ၊ ယူသကဲ့သို့၊ ဝါ၊ ဝတ်ရုံသုံးဆောင်သကဲ့သို့။ ဧဝံ၊ တူ။ ဣမ၊ ဤလောက၌။ အတ္တာ၊ အတ္တသည်။ ဇိဏ္ဏံ၊ အိုမင်းဆွေးမြည့်သော။ ဒေဟံ၊ ကိုယ်ကို။ နိက္ခိပ္ပ၊ ချထားစွန့်ပယ်၍။ သုခေသီ၊ ချမ်းသာကို ရှာလျက်၊ ဝါ၊ ချမ်းသာကို အလိုရှိသည်ဖြစ်၍။ အဘိနဝံ၊ အသစ်ဖြစ်သော။ (အပရံ၊ တပါးသော။ ဒေဟံ၊ ကိုယ်ကို။) ဂဏှာတိ၊ ယူ၏[၁]။]

---

၁-ဤဂါထာသည် ဘဂဝါဂီတိကျမ်း ဒုတိယပိုင်း နံပါတ် ၂၂-ဂါတာနှင့် အနက်အားဖြင့် တူ၏။ အဆိုပါ ဘဂဝါဂီတိဂါထာမှာ-"ဝတ္ထာနိ ဇိဏ္ဏာနိ ယထာ ဝိဟာယ၊ နဝါနိ ဂဏှာတိ နရော' ပရာနိ။ တထာ သရီရာနိ ဝိဟာယ ဇိဏ္ဏာ-နျညာနိ သံယာတိ နဝါနိ ဒေဟီ။"ဟု ရှိ၏။ ထိုတွင် ဇိဏ္ဏာနျညာနိ-ကို ဇိဏ္ဏာနိ+အညာနိ-ဟု ပုဒ်ဖြတ်၊ ဒေဟီ-ကို ကိုယ်ရှိသော အတ္တသည်၊ ဝါ၊ သတ္တဝါသည်-ဟု အနက်ပေး။

အယံ သတ္တောတိ၊ ကား။ အယံ အတ္တာ၊ ဤအတ္တသည်။ ယော၊ ယင်းအတ္တကို။ သာမီတိ စ၊ ခန္ဓာအိမ်၏ပိုင်ရှင်ဟူ၍ရင်း။ နိဝါသီတိ စ၊ ခန္ဓာအိမ်ထဲ၌အမြဲတည်နေသူဟူ၍ရင်း။ ကာရကောတိ စ၊ သိခြင်း သွားခြင်းစသည်တို့ကို ပြုတတ်သောသူဟူ၍ရင်း။ ဝေဒကောတိ စ၊ အကောင်းအဆိုးကိုခံစားတတ်သောသူဟူ၍ရင်း။ (ဝိမူဠှေန၊ အဝိဇ္ဇာဖြင့် တွေဝေသောသူသည်။) အဓိပ္ပေတော၊ အလိုရှိအပ်၏။ (လောကဝေါဟာရမျှ သတ္တမဟုတ်ဟူလို)သတ္တော မရတိ၊ သတ္တော ဥပပဇ္ဇတီတိ တွောပိ၊ ဤပါဠိ၌လည်း။ သေယံ နယော၊ တည်း။ တီသုပိ၊ ကုန်သော။ ဌာနေသု၊ တို့၌။ အာဒိ-သဒ္ဒေန၊ ဖြင့်။ ဂ္ဂုဃရကုတ္တုပြဟ္မကုတ္တာဒိ-ဝိကပ္ပနံ၊ ဂ္ဂုဃရ၏ ဖန်ဆင်းခြင်း, ဗြဟ္မာ၏ဖန်ဆင်းခြင်းစသည်တိုကို ကြံဆခြင်းကို။ သင်္ဂဏှာတိ၊ ၏။

သဘာဝလက္ခဏန္တိ၊ ကား။ ရုပ္ပနာနုဘဝနာဒိံ၊ ဖောက်ပြန်ခြင်း ခံစားခြင်းအစရှိသည်ကို[1]။ ဝါ၊ ကား။ ကက္ခဠဖုသနာဒိသဘာဝမေဝ၊ ကက္ခဠ ဖုသနအစရှိသော အသီးအသီးသော ရုပ်နာမ်တို့၏သဘောကိုသာလျှင်။ (ဤ၌ ဧဝ-ဖြင့် ရုပ်အားလုံးနှင့်ဆိုင်သော ရုပ္ပန, နာမ်အားလုံးနှင့်ဆိုင်သော နမနသဘောတို့ကို ကန့်သည်) သာမညလက္ခဏန္တိ၊ ကား။ အနိစ္စတာဒိံ၊ အနိစ္စလက္ခဏာစသည်ကို။ သင်္ခါရေ အတ္တတော အတ္တနိယတောတိ၊ ကား။ ရူပါဒီသု၊ တို့တွင်။ ဧကေကံ၊ အချို့ကို။ အတ္တတော၊ အတ္တဟု။ တဒညံ၊ ထိုမှတပါးသောအချို့ကို။ အတ္တနိယ-တော၊ အတ္တ၏ဥစ္စာဟု။

အတ္တာ၊ သည်။ ဇာနာတိ ဝါ၊ သိမူလည်းသိ၏။ ဣတိ၊ သို့။ ကာပိလာ-ဒယော ဝိယ၊ ကာပိလဂိုဏ်းဝင် ပုဂ္ဂိုလ်တို့ကဲ့သို့။ ဝိကပ္ပေတိ၊ ၏။ န ဇာနာတိ ဝါတိ၊ ဟူ၍။ ကာဏာဒါဇီဝိကာဒယော ဝိယ၊ ကဏာဒဂိုဏ်းဝင် ပုဂ္ဂိုလ်တို့နှင့် တက္ကတွန်းအစရှိသော ပုဂ္ဂိုလ်တို့ကဲ့သို့။ (ဝိကပ္ပေတိ၊ ၏။) ဟိ၊ မှန်။ ကဏာ-ဒေါပိ၊ ဆန်ကွဲကို စားသောကြောင့် ကဏာဒအမည်ရှိသော ရသေ့သည်လည်း[2]။ "အတ္တာ၊ သည်။ သဘာဝေန၊ ပင်ကိုသဘောအားဖြင့်။ န ဇာနာတိ၊ မသိတတ်။ ယဒါ၊ ၌။ ဗုဒ္ဓိဂုဏေန၊ မဟာမည်သောဗုဒ္ဓိဂုဏ်နှင့်။ သံယုဇ္ဇတိ၊ ယှဉ်၏။ တဒါ၊ ထိုအခါ၌။ ဇာနာတိ၊ သိ၏။" ဣတိ၊ သို့။ ဣစ္ဆတိ၊ အလိုရှိ၏။ သော ဧဝ ကရောတိ စ ကာရေတိ စာတိ၊ ကား။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပရတ္ထ၊

---

၁-ဤ၌ အာဒိ-ဖြင့် သဥ္ဇာနန, အဘိသင်္ခရဏ, ဝိဇာနနတို့ကို ယူရာ၏၊ ရုပ္ပနနမနာဒိံ-ဟု ရှိလျှင် သာ၍ကောင်းသည်၊ ထိုသို့ရှိလျှင် အာဒိ-ဖြင့် ကက္ခဠဖုသနစသော အသေးစိတ်လက္ခဏာကို ယူရာ၏။ ထိုကြောင့်ပင်လျှင် တနည်းပြရာ၌ ဧဝ-ဖြင့် ကန့်သတ်၍ ပြထားပေသည်။

၂-ဣစ္ဆတိ-ဟူသော ကြိယာကိုထောက်၍ ဂိုဏ်းဝင်ပုဂ္ဂိုလ်အများကို မယူသင့်သောကြောင့် က-၌ ဝုဒ္ဓိမရောက်ပဲ ကဏာဒေါပိ-ဟူ၍သာ ရှိသင့်၏။ ကာဏာဒေါပိ-ဟု ရှိရင်း အတိုင်းပြန်လိုလျှင် ကဏာဒဂိုဏ်းဝင် ပုဂ္ဂိုလ်အပေါင်းသည်လည်း-ဟု ပြန်ရာ၏။

နောက်ဘဝ၌။ သုခဒုက္ခံ၊ ကို။ အနုဘဝတိ၊ ၏။ သော ဝေ၊ ထိုခံစားရသော ပုဂ္ဂိုလ်သည် သာလျှင်။ ပုညာပုညံ၊ ကောင်းမှု မကောင်းမှုကို။ သယံ၊ ကိုယ်တိုင်။ ကရောတိ၊ ၏။ အညဩ၊ တပါးသော သူကိုလည်း။ ကာရေတိ၊ ပြုစေ၏။ အညော၊ ခံစားရသောပုဂ္ဂိုလ်မှတပါးသောပုဂ္ဂိုလ်သည်။ န၊ မဟုတ်၊ ဝါ၊ တပါးသောသူပြုသည် ပြုစေသည်မဟုတ်။ ဣတိ၊ ကား။ [၂၉၄] အဓိပ္ပါယော၊ တည်း။ သဏ္ဍာပေန္တောတိ၊ ကား။ ဒွိအင်္ဂုကာဒိဥပ္ပါဒနဝသေန စ၊ ဒွိအင်္ဂုကမြူစသည်တို့ကို ဖြစ်စေသည်၏အစွမ်းအားဖြင့်ရင်း။ ဣစ္ဆာဝသေန စ၊ သ.ာ်သက်သော အလို၏ အစွမ်းအားဖြင့်ရင်း။ သမ္ပာဒေန္တော၊ ပြည့်စုံစေကုန်လျက်၊ သောတိ၊ ကား။ အတ္တသညိတော၊ အတ္တဟု ထင်မှတ်အပ်သော၊ ဝါ၊ ဆိုအပ်သော။ သတ္တော၊ သည်။ ဣန္ဒြိယသမ္ပန္နောတိ၊ ကား။ စက္ခာဒီဟိ၊ ကုန်သော။ ဣန္ဒြိယေဟိ၊ တို့နှင့်။ သမ္ပန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ တေန၊ ထိုဣန္ဒြိယသမ္ပန္နော-ဟူသော ပုဒ်ဖြင့်။ သဠာယတနပ္ပဝတ္တိံ၊ အာယတန ၆-ပါး၏ဖြစ်ခြင်းကို။ ဒဿေတိ၊ ၏။ ဟိ၊ မှန်။ သဗ္ဗံ၊ သော။ တေ၊ ဤဆိုခဲ့ပြီးသောစကားရပ်ကို။ "ယထာပစ္စယံ၊ စွာ။ ပဝတ္တ-မာနာနံ၊ ကုန်သော။ အဝိဇ္ဇာဒီနံ၊ တို့၏။ ဟိစ္စံ၊ ကို။ အတ္တနော၊ အတ္တ၏။ ဗျာပါရံ ကတွာ။ ဗျာပါရပြု၍။ ဒိဋ္ဌိဂတိကော၊ ဒိဋ္ဌိအလားရှိသောသူသည်၊ ဝါ၊ အယူမှားသောသူသည်။ ဝိမုယှတိ၊ တွေဝေ၏။" ဣတိ၊ သို့။ ဒဿနဝသေန၊ ပြသည် ၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ၏၊ အစ္ဆေဇ္ဇသုတ္တာဝုတာဘေဇ္ဇမဏိနံ ဝိယ၊ မဖြတ် အပ် မဖြတ်နိုင်သော (ဝါ) မပြတ်နိုင်သောချည်ဖြင့် သီထားအပ်ကုန်သော မကွဲ မပျက်နိုင်ကုန်သော ပတ္တမြားတို့၏ (အစဉ်) ကဲ့သို့။ ပုဗ္ဗာပရိယဝဝတ္ထာနံ၊ ရှေ့ နောက်၌ ဖြစ်သည်ကို ပိုင်းခြားသတ်မှတ်ထားခြင်းသည်။ နိယတိ၊ မည်၏။ နိယတိယာ၊ ဖြင့်။ ဝါ၊ ကား။ နိယတိ ဝေ၊ နိယတိသည်ပင်လျှင်။ သင်္ဂတိ သမာဂမော၊ ပေါင်းဆုံခြင်းတည်း။ နိယတိသင်္ဂတိ၊ နိယတိဖြင့် ပေါင်းဆုံခြင်း၊ ဝါ၊ နိယတိဟူသော ပေါင်းဆုံခြင်း။ တာယ၊ ထိုနိယတိသင်္ဂတိဖြင့်။ ဘာဝေသု၊ အဖြစ်တို့၌။ ပရိဏတာ၊ ထက်ဝန်းကျင်ညွတ်ကုန်၏၊ ဝါ၊ ရင့်ကျက်ပြောင်းလဲ ကုန်၏။ မနုဿဒေဝဝိဟင်္ဂါဒိဘာဝံ၊ လူနတ်ငှက် စသည်တို့၏အဖြစ်သို့။ ပတ္တာ၊ ရောက်ကုန်၏။ (ဣတိ၊ ကြောင့်။) နိယတိသင်္ဂတိဘာဝပရိဏတာ၊ မည်ကုန်၏။ "နိယတိယာ စ၊ ဖြင့်ရင်း။ သင်္ဂတိယာ စ၊ ဖြင့်ရင်း။ ဘာဝသင်္ခါတေန၊ ဘာဝဟု ဆိုအပ်သော။ သဘာဝေန စ၊ သဘောအားဖြင့်ရင်း။ ပရိဏတာ၊ ရင့်ကျက် ပြောင်းလဲကုန်၏။ နာနပ္ပကာရတံ၊ အထူးထူးသောအပြားရှိသည်၏ အဖြစ်သို့။ ပတ္တာ၊ ရောက်ကုန်၏။ (ဣတိ၊ ကြောင့်။) နိယတိသင်္ဂတိဘာဝပရိဏတာ၊ မည်ကုန်၏။" ဣတိ စ၊ ဤသို့လည်း။ အတ္ထံ၊ ကို။ ဝဒန္တိ၊ ဖွင့်ဆိုကုန်၏။

စ၊ ဆက်။ ဧတေဟိ ဝိကပ္ပနေဟိ၊ ဤကြံဆခြင်းတို့ဖြင့်။ အဝိဇ္ဇာ၊ သည်။ စိတ္တံ၊ ကို၊ အကုသလံ ကတွာ၊ အကုသိုလ်ကိုပြု၍၊ ဝါ၊ အကုသိုလ်အဖြစ်သို့

ရောက်စေ၍။ သတ္တေ၊ တို့ကို။ ပုညာဒီသု၊ အစရှိကုန်သော။ သင်္ခါရေသု၊ တို့တွင်။
ယတ္ထ ကတ္ထစိ၊ အမှတ်မရှိတပါးပါး၌။ ပဝတ္တေတိ၊ ဖြစ်စေ၏၊ ဝါ၊ တည်စေ၏။
ဣတိ၊ သို့။ ဣမမတ္ထံ၊ ကို။ ဒဿေန္တော၊ ၍။ သော အဝိဇ္ဇာယ အန္ဓီကတောတိ-
အာဒိ၊ ကို။ အာဟ၊ ၏။ ပဋိပဇ္ဇတီတိ၊ ကား။ ဥပသင်္ကမတိ၊ ချဉ်းကပ်၏၊ ဝါ၊
ကပ်ရောက်၏။

အာရိဉာယကောတိ၊ ကား။ အရဟတ္တ။ ပ။ ရဟိတော၊ အရဟတ္တမဂ်သို့
ကောင်းစွာရောက်စေတတ်သော ကလျာဏမိတ္တမှကင်းသော။ ဝါ၊ ကား။
အရဟတ္တမဂ္ဂညာဏာဝသာနံ၊ အရဟတ္တမဂ်ဉာဏ်အဆုံးရှိသော။ ဉာဏံ၊ သည်။
သမဝိသမံ၊ ညီညွတ်သည် မညီညွတ်သည်ကို။ ဒဿေတွာ၊ ပြ၍။ သတ္တေ၊ တို့ကို။
နိဗ္ဗာနံ၊ သို့။ နယတိ၊ ဆောင်တတ်၏။ ဣတိ၊ ကြောင့်။ ပရိဉာယကံ၊ မည်၏။
တေန၊ ထိုနိဗ္ဗာန်သို့ဆောင်တတ်သောဉာဏ်မှ။ ရဟိတော၊ ကင်းသောသူသည်။
အပရိဉာယကော၊ မည်၏။ ဓမ္မံ ဥ တွာတိ၊ ကား။ သပ္ပုရိသူပဿယေန၊
သူတော်ကောင်းဟူသောမှီရာဖြင့်၊ ဝါ၊ သူတော်ကောင်းကို မှီသဖြင့်။ စတု-
သစ္စပ္ပကာသကံ၊ သစ္စာလေးပါးကို ပြတတ်သော။ သုတ္တာဒိဓမ္မံ၊ သုတ် အစ
ရှိသောတရားကို။ ဥ တွာ၊ ၍။ ဝါ၊ ကား။ မဂ္ဂညာဏေနေဝ၊ ဖြင့်သာလျှင်။
သဗ္ဗဓမ္မပဝရံ၊ အလုံးစုံသောတရားတို့ထက်မြတ်သော။ နိဗ္ဗာနဓမ္မံ၊ ကို။ ဥ တွာ၊ ၍။
ပန၊ ဆက်။ သေသသစ္စတ္တယာဘိသမယဿ၊ ကြွင်းသောသစ္စာသုံးပါးအပေါင်း
ကိုသိခြင်း၏။ တံဇာနနာယတ္တတ္တာ၊ ထိုနိဗ္ဗာန်ကို သိခြင်းနှင့်စပ်သည်၏အဖြစ်
ကြောင့်။ (မူသဋီကာနှင့်အညီပင်၊ နှစ်ပုဒ်လုံး၌ အံကာရန္တနှင့်ရှိသောပါဌ်ကား
မသင့် ) သမာနကာလမ္ပိ၊ တူသောကာလရှိသော်လည်း၊ ဝါ၊ ရှိသည်လည်း
ဖြစ်သော။ တံ၊ ထိုနိဗ္ဗာန်တရားကို သိခြင်းကို။ ပုရိမကာလံ ဝိယ၊ ကဲ့သို့။
ကတွာ၊ ၍။ ဝုတ္တံ၊ ၏။ ဥပသန္တော စရိဿတီတိ၊ ကား။ အဂ္ဂမဂ္ဂါဓိဂမေန၊
အရဟတ္တမဂ်ကိုရသဖြင့်။ သဗ္ဗသော၊ သိမ်း။ အဝိဇ္ဇူပသမာ၊ အဝိဇ္ဇာ၏ငြိမ်းခြင်း
ကြောင့်။ ဥပသန္တော၊ ငြိမ်းအေးသည်ဖြစ်၍။ သဉပါဒိသေသနိဗ္ဗာနဓာတုယံ၊
၌။ ဌိတော၊ တည်လျက်။ ယာဝ၊ လောက်။ အနုပါဒိသေသနိဗ္ဗာနဓာတုပ္ပတ္တိ၊
ဓာတ်သို့ရောက်ခြင်းသည်။ (ဟောတိ၊ ၏။ ) တာဝ၊ လောက်။ သတ္တာနံ၊ တို့၏။
ဟိတစရိယာယ၊ အစီးအပွါးကို ကျင့်ခြင်းဖြင့်။ အတ္တဘာဝံ၊ ကို။ ပဝတ္တေန္တော၊
ဖြစ်စေလျက်၊ ဝါ၊ တည်စေလျက်။ စရိဿတိ၊ သွားလာနေထိုင်ရလတ္တံ့။ ဒိဋ္ဌဓမ္မ-
သုခဝိဟာရေဟိ၊ တို့ဖြင့်။ ဝိဟရိဿတိ၊ နေရလတ္တံ့။ ဣတိ အတ္ထော၊ နက်။

## သင်္ခါရပစ္စယာဝိညာဏပဒဝိတ္ထာရကထာဝဏ္ဏနာ

၆၂၀။ ယထာဝုတ္တသင်္ခါရပစ္စယာ၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော သင်္ခါရ
ဟူသောအကြောင်းကြောင့်။ ဥပ္ပဇ္ဇမာနံ၊ သော။ တံ၊ ထိုဝိညာဏ်သည်။ ကမ္မ-

နိဗ္ဗတ္တမေဝ၊ ကံကြောင့်ဖြစ်သောဝိညာဏ်သည်သာလျှင်။ ဘဝိတုံ၊ ငှါ။ အရဟတိ၊ ထိုက်၏။ ဣတိ၊ ကြောင့်။ "ဗာတ္တိံသ။ပ။ သင်္ဂဟိတာနီ"တိ၊ ဟူ၍။ အာဟ၊ ၏။ ခေတုကထာယံ ပန၊ ၌ကား။ ဝိပ္ပယုတ္တေန သင်္ဂဟိတာသင်္ဂဟိတပဒနိဒ္ဒေသေ၊ ပုဒ်၏နိဒ္ဒေသ၌။ "သင်္ခါရပစ္စယာ ဝိညာဏေန ယေ ဓမ္မာ။ပ။ အသင်္ဂဟိတာတိ။ ဟူ၍။ ဝစနတော၊ ကြောင့်။ [၂၉၅] သဗ္ဗဝိညာဏဖဿဝေဒနာပရိဂ္ဂဟော၊ အလုံးစုံသော ဝိညာဏ်ဖဿဝေဒနာတို့ကို သိမ်းယူခြင်းကို။ ကတော၊ ပြုတော်မူအပ်၏။ ဟိ၊ မှန်။ ဧတ္ထ၊ ဤခေတုကထာ၌။ ဝိညာဏဖဿဝေဒနာ၊ တို့သည်။ သပ္ပဒေသာ၊ အကြွင်းရှိကုန်သည်။ ယဒိ သိယုံ၊ ကုန်အံ့။ "ဝိပါကာ ဓမ္မာ"တိ၊ ဟူသော။ (ဝိပါကေဟိ ဓမ္မေဟီတိ-ဟုရှိသင့်၏၊ ခေတုကထာပါဠိတော်နှာ ၉၂-၌ ကြည့်) ဣမဿ၊ ဤပုဒ်၏။ ဝိဿဇ္ဇနံ ဝိယ၊ အဖြေကဲ့သို့။ သိယာ၊ ၏။ တသ္မာ၊ ကြောင့်။ တတ္ထ၊ ထိုခေတုကထာ၌။ အဘိဓမ္မဘာဇနီယဝသေန၊ ဖြင့်။ သင်္ခါရပစ္စယာ၊ သင်္ခါရလျှင်အကြောင်းရှိကုန်သော။ ဝိညာဏာဒယော၊ တို့ကို။ ဂဟိတာ၊ ယူအပ်ကုန်၏။ ဣတိ၊ သို့။ အဓိပ္ပါယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ စ၊ ဆက်။ အဝိဇ္ဇာပစ္စယာ၊ ကြောင့်။ သင်္ခါရော၊ ကို။ အဘိဓမ္မဘာဇနီယေ၊ ပဋိစ္စသမုပ္ပါဒဝိဘင်းအဘိဓမ္မဘာဇနီနည်း၌။ စတုဘူမကကုသလသင်္ခါရော စ၊ ဘုံလေးပါး၌ဖြစ်သောကုသိုလ်သင်္ခါရကိုရင်း။ အကုသလသင်္ခါရော စ၊ အကုသိုလ်သင်္ခါရကိုရင်း။ ဝုတ္တော၊ ဟောအပ်၏။ ဣတိ၊ ကြောင့်။ သော ဧဝ၊ ဤအဘိဓမ္မဘာဇနီ၌ ဟောအပ်သော သင်္ခါရကိုသာလျှင်။ ခေတုကထာယံ၊ ၌။ ဂဟိတော၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ပန၊ ဆက်။ ဘဝေါ၊ ဘဝကို။ ခေတုကထာယံ၊ ၌။ ကမ္မုပပတ္တိဘဝဝိသေသဒဿနတ္ထံ၊ ကမ္မဘဝ ဥပပတ္တိဘဝ အထူးကို ပြခြင်းအကျိုးငှါ။ အဘိဓမ္မဘာဇနီယဝသေန၊ ဖြင့်။ န ဂဟိတော၊ မယူအပ်။ ဧဝဉ္စ ကတွာ၊ ကြောင့်။ တတ္ထ၊ ထိုခေတုကထာ၌။ ဥပါဒါနပစ္စယာ ဘဝေါတိ၊ ဟူ၍။ အနုဒ္ဓရိတွာ၊ မထုတ်မူ၍။ ကမ္မဘဝေါတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဘဝေါ၊ ကို။ ဥဒ္ဓဋော၊ ထုတ်အပ်၏။

လောကိယဝိပါကမနောဝိညာဏမေဝ၊ ကိုသာလျှင်။ သန္ဓာယ၊ ၍။ ဗာဝီ-သတိဝိဓံ ဟောတီတိ၊ ဟူ၍။ အာဟ၊ ၏။ ဆဟိ ဝိညာဏေဟီတိ၊ ကား။ ယထာ-အဓိကတေဟိ၊ အကြင်အကြင်လိုက်၍ စပ်ယှဉ်အပ်ကုန်သော။ စက္ခုဝိညာဏာ-ဒီဟိ၊ ကုန်သော။ ဆဟိ၊ ကုန်သော။ ဝိညာဏေဟိ၊ တို့ဖြင့်။ ကသ္မာ ပန၊ အဘယ်ကြောင့်။ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်၌။ လောကိယဝိပါကဝိညာဏဿေဝ၊ ကိုသာလျှင်။ ဂဟဏံ၊ ယူခြင်းကို။ ကတံ၊ ပြုအပ်သနည်း။ ဣတိ၊ ကြောင့်။ လောကုတ္တရာနိ ပန ဝဋ္ဋကထာယ န ယုဇ္ဇန္တီတိ၊ ဟူ၍။ အာဟ၊ ၏။ ယဒိ ဧဝံ၊ ယင်းသို့ ဖြစ်သည်ရှိသော်။ ကသ္မာ၊ ကြောင့်။ ခေတုကထာယံ၊ ၌။ သင်္ခါရပစ္စ-ယာ ဝိညာဏေန ယေ ဓမ္မာ ဝိပ္ပယုတ္တာတိအာဒီသု၊ ဤသို့အစရှိသော ပါဠ်တို့၌။

လောကုတ္တရဝိပါကာနမ္ပိ၊ တို့ကိုလည်း။ ဂဟဏံ၊ ကို။ ကတံ၊ နည်း။ ဣတိ၊ အံ့။ တံ၊ ထိုစကားကို။ အဘိဓမ္မဒေသနာယ၊ ၏။ ယထာဓမ္မသာသနတ္တာ၊ သာသနာ၏အဖြစ်ကြောင့်။ ဝိပါကတ္တိကေ ဝိယ၊ ၌ကဲ့သို့။ အနဝသေသဝိပါကဓမ္မသင်္ဂဏှနဝသေန၊ အကြွင်းမဲ့အလုံးစုံသော ဝိပါက်တရားတို့ကို သိမ်းယူသည်၏အစွမ်းအားဖြင့်။ ဝုတ္တံ၊ ၏။ သုတ္တန္တဒေသနာ ပန၊ သည်ကား။ ယထာနုလောမဒေသနာ၊ တည်း။ ဣတိ၊ ကြောင့်။ တတ္ထ၊ ထိုသုတ္တန်ဒေသနာ၌။ ပဝတ္တိနိဝတ္တိယော၊ တို့ကို။ အသင်္ကရတော၊ မရောနှောသောအားဖြင့်။ ဒဿေတဗ္ဗာ၊ ပြသင့်ပြထိုက်ကုန်၏။ တသ္မာ၊ ကြောင့်။ တဒတ္ထသံဝဏ္ဏနာ၊ ထိုသုတ္တန်ဒေသနာ၏အနက်အဖွင့်တည်း။ ဣတိ ကတွာ၊ ၍။ ပဝတ္တိကထာယံ၊ ၌။ လောကိယဝိပါကဝိညာဏာနိယေဝ၊ တို့ကိုသာလျှင်။ ဂဟိတာနိ၊ ယူအပ်ကုန်၏။ တေနေဝ၊ ပင်လျှင်။ ဝဋ္ဋကထာယ န ယုဇ္ဇန္တီတိ န ဂဟိတာနီတိ၊ ဟူ၍။ အာဟ၊ ၏။

ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ကတံ၊ ပြုအပ်သည်ရှိသော်၊ ဝါ၊ သော။ ကမ္မံ၊ သည်။ ဖလဒါနေ၊ အကျိုးကိုပေးခြင်း၌။ သမတ္ထံ၊ စွမ်းနိုင်သည်။ ဟောတိ၊ ၏။ တထာ၊ ဖြင့်။ ကတံ၊ ပြုအပ်သောကံကို။ ဥပစိတန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ကြောင့်။ ဝိပါကဒါနယောဂ္ဂမေဝ၊ အကျိုးပေးခြင်းငှါ သင့်လျော်ထိုက်တန်သည်သာလျှင်ဖြစ်သော။ သင်္ခါရံ၊ ကို။ ဂဏှန္တော၊ ယူလိုသည်ဖြစ်၍။ ဥပစိတကမ္မာဘာဝေတိ၊ ဟူ၍။ အာဟ၊ ၏။ ဟောတု နာမ၊ ဟိတ်မည်သည်ကား။ ဗျတိရေကပ္ပဓာနံ၊ ဗျတိရိက်လျှင် ပြဓာန်းခြင်းရှိ၏။ ဣတိ၊ ကြောင့်။ အဘာဝ-ဂ္ဂဟဏံ၊ ကို။ (ကတံ၊ ၏။) တေန၊ ထိုပါဌ်ဖြင့်။ ကမ္မေ၊ သည်။ သတိ၊ သော်။ ဘာဝတော၊ ဖြစ်ခြင်းကြောင့်။ အသတိ၊ မရှိလတ်သော်။ အဘာဝတော၊ မဖြစ်ခြင်းကြောင့်။ ဣတိ၊ သို့။ ဧတ္ထ၊ ဤအရာ၌။ အယံ အဓိပ္ပါယော၊ ကို။(ဒဿိတော၊ ၏။) [၂၉၆] ပန၊ ဆက်။ အဿ ဝိညာဏဿ၊ ထိုဝိညာဏ်၏။ သင်္ခါရပစ္စယတာ၊ သင်္ခါရလျှင် အကြောင်းရှိသည်၏ အဖြစ်သည်။ န သိဒ္ဓါ ယထာ၊ မပြီးစီးမထင်ရှားသကဲ့သို့။ ဧဝံ၊ တူ။ ဝိပါကဘာဝေါ၊ ဝိပါက်၏အဖြစ်သည်။ (န သိဒ္ဓေါ၊ သည်။) န၊ မဟုတ်။ သော ပန၊ ထိုဝိပါက်အဖြစ်သည်ကား။ သိဒ္ဓေါ၊ ပြီးစီးထင်ရှား၏။ ဣတိ ကတွာ၊ ၍။ ဝိပါကံ ဟောတန္တိ၊ ဟူ၍။ အာဟ၊ ၏။ တေန၊ ထိုပါဌ်ဖြင့်။ ဝိညာဏဿ၊ ၏။ ဝိပါကဘာဝေန၊ ဖြင့်။ သင်္ခါရပစ္စယတ္တံ၊ သင်္ခါရလျှင် အကြောင်းရှိသည်၏အဖြစ်ကို။ သာဓေတိ၊ ပြီးစေ၏။ ပန၊ ဆက်။ တဿ၊ ထိုသင်္ခါရလျှင် အကြောင်းရှိသည်၏အဖြစ်ကို၊ ဝါ၊ ထိုဝိပါက်အဖြစ်ကို။ သာဓနတ္ထံ၊ ပြီးစေခြင်းအကျိုးငှါ။ ဥပစိတကမ္မာဘာဝေ ဝိပါကာဘာဝတောတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဣတိ၊ ကြောင့်။ တံ၊ ထိုစကားကို။ ဝိဝရန္တော၊ ဖွင့်လိုသည်ဖြစ်၍။ ဝိပါကဉ္စာတိအာဒိံ၊ ကို။ အာဟ၊ ၏။ ယဒိ ဥပ္ပဇ္ဇေယျာတိ၊ ကား။ ကမ္မနိရပေက္ခော၊ ကံကိုမငဲ့မူ၍၊ ဝါ၊

ငဲ့ခြင်းမရှိသော။ ဝိပါကော၊ သည်။ ယဒိ ဥပ္ပဇ္ဇေယျ၊ ငြားအံ့။ ဖြဟ္မတ္တံ၊ ဖြဟ္မာ၏အဖြစ်သို့။ ဥပဂတာနံ၊ ကပ်ရောက်ကုန်သော။ (သတ္တာနံ-၌ ပြန်၍စပ်ရမည်) ဈာနာဒိဝိညာဏာနိ၊ တို့ရင်း။ မဟာဝိပါကဝိညာဏာနိ၊ တို့ရင်း။ ဣတိ၊ ဤသို့ အစရှိသည်ဖြင့်။ တဿ တဿ ဝိပါကဿ၊ ထိုထိုဝိပါက်၏။ အနောကာသေ၊ အရာ မဟုတ်သည်၌။ ဋ္ဌိတာနမ္ပိ၊ တည်ကုန်ငြားသော်လည်း၊ ဝါ၊ တည်သည်လည်း ဖြစ်ကုန်သော။ သဗ္ဗေသံ၊ ကုန်သော။ သတ္တာနံ၊ တို့အား။ ဝိပါကာနီတိ၊ ဟူသောပုဒ်သည်။ ဝိညာဏာပေက္ခာယ၊ ဝိညာဏ်ကိုငဲ့သဖြင့်။ နပုံသကနိဒ္ဒေ-သော၊ တည်း။ သဗ္ဗဝိပါကဝိညာဏာနိ၊ တို့သည်။ ဣတိ အတ္တော၊ နက်။

သင်္ခါရာ၊ တို့သည်။ ဧကူနတိံသစေတနာဘေဒတော၊ တခုယုတ် သုံးဆယ် သော စေတနာ အပြားအားဖြင့်။ ဗဟူ၊ များကုန်၏။ ဝိညာဏာနိ စ၊ တို့သည် လည်း။ ဗာတ္တိံသဝိဓတ္တာ၊ ၃၂-ပါး အပြားရှိသည်၏ အဖြစ်ကြောင့်။ ဗဟူနိ၊ များကုန်၏။ သဗ္ဗတော၊ အလုံးစုံသော သင်္ခါရတို့ကြောင့်။ သဗ္ဗာနိ စ၊ အလုံး စုံသော ဝိညာဏ်တို့သည်လည်း။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ကြောင့်။ ကတရသင်္ခါရပစ္စယာ ကတရဝိညာဏန္တိ စေတိ၊ ဟူ၍။ အာဟ၊ ၏။ စ၊ ဆက်။ ဝိညာဏန္တိ ဣဒံ၊ ဤပုဒ်ကို။ ဝိညာဏသာမညံ၊ ဝိညာဏ်သာမညကို။ ဂဟေတွာ၊ ယူ၍။ ဝုတ္တံ၊ ၏။ ခန္ဓနိဒ္ဒေသေပိ၊ ၌လည်း။ ဣမာနိ ဝိညာဏာနိ၊ တို့ကို။ ကာမံ နိဒ္ဒိဋ္ဌာနိ၊ အကယ်၍ကား ပြအပ်ခဲ့ကုန်ပြီ။ ပန၊ သော်လည်း။ တံ၊ ထိုပြဆိုခြင်း သည်။ အတိသံခိတ္တံ၊ အလွန်ချုံး၍ ပြဆိုခြင်းတည်း၊ ဝါ၊ အလွန်ကျဉ်း၏။ တတ္ထ၊ ထိုခန္ဓနိဒ္ဒေသ၌။ နေသံ၊ ထိုဝိညာဏ်တို့၏။ သင်္ခါရပစ္စယတာ စ၊ သင်္ခါရ လျှင် အကြောင်းရှိသည်၏ အဖြစ်ကိုလည်း။ န ဝိဘာဝိတာ၊ မပြအပ်ခဲ့သေး။ ဣတိ၊ ကြောင့်။ တံ၊ ထိုဝိညာဏ်ကို၊ ဝါ၊ ထိုဝိညာဏ်တို့၏ သင်္ခါရလျှင် အကြောင်းရှိသည်၏ အဖြစ်ကို။ ပဝတ္တိယဉ္စ၊ ၌ရင်း။ ပဋိသန္ဓိယဉ္စ၊ ၌ရင်း။ ဘဝါဒီသု၊ တို့၌။ ပဝတ္တနာကာရဝသေန၊ ဖြစ်သော အခြင်းအရာ၏ အစွမ်း အားဖြင့်။ ဝိတ္ထာရတော၊ အားဖြင့်။ ဒဿေတုံ၊ ငှါ။ ကာမာဝစရပုညာဘိ-သင်္ခါရပစ္စယာတိအာဒိ၊ ကို။ အာရဒ္ဓံ၊ ၏။ မနောဝိညာဏေတိ၊ ပုဒ်သည်။ နိဒ္ဓါရဏေ၊ ၌။ ဘုမ္မံ၊ တည်း။ မဟာဝိပါကာနီတိ၊ ပုဒ်သည်။ ဝိညာဏာ-ပေက္ခာယ၊ ဝိညာဏ်ကိုငဲ့သဖြင့်။ နပုံသကနိဒ္ဒေသော၊ တည်း။ ပန၊ ဆက်။ မဟာဝိပါကာတိ၊ ဟူ၍။ ပါဌော၊ ပါဌ်သည်။ (သတိ၊ သော်။) မနောဝိညာဏ-ဓာတုယောတိ၊ ဟူသောပုဒ်ကို။ အာဟနေတွာ၊ ၍။ သမ္ဗန္ဓိတဗ္ဗံ၊ ၏။

၆၂၁။ ယံသင်္ခါရပစ္စယာတိ၊ ကား။ ယဿ ယဿ သင်္ခါရဿ၊ ၏။ ပစ္စယ-ဘာဝေန၊ အကြောင်း၏အဖြစ်ကြောင့်၊ ဝါ၊ ကျေးဇူးပြုသည်၏ အဖြစ်ကြောင့်၊ ဝါ၊ ပစ္စယသတ္တိကြောင့်။ ယံ ဝိညာဏန္တိ၊ ကား။ ယံ ယံ ဝိညာဏံ၊ အကြင် အကြင် ဝိညာဏ်သည်။ ဣတိ ဧဝံ၊ သို့။ ဥဘယတ္ထ၊ နှစ်ပါးသော ဌာနတို့၌။ အာမေဍိ-

တလောပေါ၊ ဝိစ္ဆာပုဒ်၏ ကျေခြင်းကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဟောတီတိ ဣမိနာ၊ ဤပုဒ်ဖြင့်။ ကာရဏဘာဝေ၊ အကြောင်းရှိလတ်သော်။ ဝိညာဏဿ၊ ၏။ သဗ္ဗာဝမတ္တံ၊ ထင်ရှားရှိသည်၏ အဖြစ်မျှကို။ ပဝေဒိတံ၊ ပြောကြားအပ်၏။ ပဝတ္တိဝိသေသော၊ ဖြစ်ခြင်းအထူးကို။ န (ပဝေဒိတော)၊ မပြောကြားအပ်သေး။ ဣတိ၊ ကြောင့်။ တံ၊ ထိုပဝတ္တိဝိသေသကို။ ဒဿေန္တော၊ ၍။ ဝေံ ပဝတ္တိ ဝေဒိတဗ္ဗာတိ၊ ဟူ၍။ အာဟ၊ ၏။ ဗြဟ္မာနမ္ပိ၊ တို့အားလည်း။ အနိဋ္ဌရူပါဒိအာပါထဂမနေ၊ အနိဋ္ဌ-ရူပါရုံ စသည်တို့၏ ထင်ခြင်းသို့ ရောက်ခြင်းသည်။ (သတိ၊ သော်။) အကုသလ-ဝိပါကစက္ခုဝိညာဏာဒီနိ၊ တို့သည်။ ကဒါစိ၊ ၌။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ ဣမာနိ တေရသ။ပ။ ပဝတ္တန္တီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဧတ္ထ၊ ထိုပါဠ်၌။ ဧတ္တ၊ ဤဘဝ၌။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ ဝေါကာရော ဝိတ္ထာရော၊ ကျယ်ပြန့်ခြင်းသည်။ (အတ္ထိ၊ ၏။) ဣတိ၊ ကြောင့်။ ပဥ္စဝေါကာရော၊ မည်၏။ သော ဧဝ၊ ထိုပဥ္စဝေါကာရ သည်ပင်လျှင်။ ဘဝေါ၊ ဘဝတည်း။ တေသွံ ပဥ္စဝေါကာရဘဝေ၊ ၌။ ဟိ၊ မှန်။ ဘိန္နာဝိကရဏာနမ္ပိ၊ ကွဲပြားသော တည်ရာရှိသော ပုဒ်တို့၏လည်း။ အညပဒတ္ထသမာသော၊ အညပဒတ္ထသမာသ်သည်။ ဥရသိလောမောတိ ယထာ၊ ဟူသောပုဒ်ကဲ့သို့။ ဟောတိ၊ ၏။ အထ ဝါ၊ ကား။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တမာနေဟိ၊ ကုန်သော။ ပဥ္စဟိ ခန္ဓေဟိ၊ တို့သည်၊ ဝါ၊ တို့ဖြင့်။ ဝေါကရီယတိ၊ ရောပြွမ်းအပ်၏။ ဣတိ၊ ကြောင့်။ ပဥ္စဝေါကာရော၊ မည်၏။ သော ဧဝ၊ သည်ပင်လျှင်။ ဘဝေါ၊ တည်း။ ဣတိ၊ သို့။ သဗ္ဗံ၊ အလုံးစုံသည်။ ပုဗ္ဗေ ဝိယ၊ ရှေး၌ကဲ့သို့ပင်တည်း။ [၂၉၇] ပဝတ္တိယဉ္စေဝ ပဝတ္တန္တီတိ၊ ဟူ၍။ သခေပတော၊ အားဖြင့်။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီးသော။ အတ္ထံ၊ ကို။ ဝိဝရိတုံ၊ ဖွင့်ခြင်းငှါ။ ကထန္တိအာဒိ၊ ကို။ အာရဒ္ဓံ၊ ၏။

ယေဘုယျေန လောဘသမ္ပယုတ္တဇဝနာဝသာနေတိ၊ ဟူသော။ ဣဒံ၊ ဤစကားကို။ ပဋိဃဝိစိကိစ္ဆုဒ္ဓစ္စသမ္ပယုတ္တာနန္တိ၊ ပဋိဃသမ္ပယုတ် ဝိစိကိစ္ဆာ-သမ္ပယုတ် ဥဒ္ဓစ္စသမ္ပယုတ်ဇောတို့၏ အခြားမဲ့၌။ သောမနဿသဟဂတဿ၊ သဟဂုတ်တဒါရုံ၏။ အနုပ္ပဇ္ဇနတော၊ မဖြစ်ခြင်းကြောင့်။ (ဝုတ္တံ၊ ၏။) ဣတိ၊ သို့။ ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။) တံ၊ ထိုစကားကို။ န ဂဟေတဗ္ဗံ၊ မယူအပ်။ (ကသ္မာ၊ ကား။) "စက္ခုံ၊ ကို။ အဿာဒေတိ၊ သာယာ၏။ ။ပ။ ဥဒ္ဓစ္စံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ အကုသလေ၊ သည်။ နိရုဒ္ဓေ၊ ချုပ်ပြီးလတ်သော်။ ဝိပါကော၊ သည်။ တဒါရမ္မဏတာ၊ တဒါရုံ၏အဖြစ်ဖြင့်။ ဥပ္ပဇ္ဇတိ၊ ၏။" ဣတိ၊ သို့။ ဝစနတော၊ ကြောင့်တည်း။ (ဟိ၊ မှန်။) အာရမ္မဏံ၊ သည်။ ဣဋ္ဌံ၊ ဣဋ္ဌာရုံ သည်။ စေ(သိယာ)၊ အံ့။ သောမနဿတဒါရမ္မဏံ၊ သည်။ န န ဥပ္ပဇ္ဇတိ၊ မဖြစ် သည်မဟုတ် ဖြစ်သည်သာလျှင်တည်း။ ဣတိ၊ သိအပ်၏။ ဧဝနေန၊ ဖြင့်။ တဒါရမ္မဏနိယမေ၊ တဒါရုံကိုမှတ်ရာ၌။ သောမနဿသဟဂတာနန္တရံ၊ သဟဂုတ်

ဇော၏ အခြားမဲ့၌။ သောမနဿသဟဂတာနေဝ၊ သဟဂုတ်တဒါရုံတို့ကို သာလျှင်။ သန္တာယ၊ ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ အပရေ၊ တပါးသော (မူလ ဋီကာ)ဆရာတို့သည်။ (ဝဒန္တိ၊ ကုန်၏။) တံ၊ ထိုစကားကို။ ဝိစာရေတဗ္ဗံ၊ စူးစမ်း ဆင်ခြင်အပ်၏။(ကသ္မာ၊ ကား။)ဥပေက္ခာသဟဂတကုသလာကုသလဇဝနာနန္တ- ရမ္ပိ၊ သဟဂုတ်ကုသိုလ် အကုသိုလ်ဇောတို့၏ အခြားမဲ့၌လည်း။ သောမနဿ- တဒါရမ္မဏဿ၊ ၏။ ဣစ္ဆိတဗ္ဗတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ မှန်။ ဥပေက္ခာသဟဂတကိရိယာဇဝနာနန္တရမေဝ၊ သဟဂုတ်ကြိယာဇော၏ အခြားမဲ့၌သာလျှင်။ သောမနဿတဒါရမ္မဏံ၊ ကို။ (အာစရိယာ၊ တို့သည်။) န ဣစ္ဆန္တိ၊ အလိုမရှိကုန်။

ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ တိဟေတုကဇဝနာဝသာနေ စ၊ တိဟိတ် ဇော၏အဆုံး၌လည်း။ (စ-သဒ္ဒါဖြင့် ဒွိဟေတုကဇဝနာဝသာနကို ဆည်းသည်ဟု အနုဋီကာ၌ ဆို၏) ကဒါစိ၊ ၌။ အဟေတုကံ၊ အဟိတ်ဖြစ်သော။ တဒါရမ္မဏံ၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ယေဘုယျေနာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ယဒါ၊ အကြင်အခါ၌[၁]။ ဇဝနာရမ္မဏံ၊ ဇော၏အာရုံသည်။ ကေစိတ္တက္ခဏာ- ယုကံ၊ တခုသော စိတ္တက္ခဏအသက်ကြွင်းရှိသည်။ ဟောတိ၊ ၏။ တဒါ၊ ၌။ တတ္ထ၊ ထိုအာရုံ၌။ ကေမေဝ၊ တကြိမ်သာလျှင်ဖြစ်သော။ တဒါရမ္မဏံ၊ သည်။ ဟောတိ၊ ၏။ ဣတိ ကတွာ၊ ၍။ သကိံဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။) အပရေ ပန၊ တို့သည်ကား။ တဒါရမ္မဏံ နာမ၊ မည်သည်။ ဇဝနာရမ္မဏာနုဘဝနကိစ္စံ၊ ဇော၏အာရုံကို ခံစားခြင်းကိစ္စ ရှိ၏။ တံ၊ ထိုခံစားခြင်းကိစ္စရှိသော တဒါရုံသည်။ ကေစိတ္တက္ခဏိကေ၊ တခုသော စိတ္တက္ခဏရှိသော။ တထာအာသန္နဘေဒေ၊ ထိုသို့သော အခြင်းအရာအားဖြင့် နီးသောပျက်ခြင်းရှိသော[၂]။ အာရမ္မဏေ၊ ၌။ နုပ္ပဇ္ဇတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ သကိံဝါတိ ဣဒံ၊ ဤပုဒ်ကို။ ဒွိရတ္တတိရတ္တာဒိ ဝိယ၊ ဒွိရတ္တတိရတ္တံ- အစရှိသောပုဒ်ကဲ့သို့။ ဝစနသိလိဋ္ဌတာဝသေန၊ စကားချောမောပြေပြစ်သည်၏ အဖြစ်၏အစွမ်းအားဖြင့်။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ပန၊ စင်စစ်။ ဒွိက္ခတ္တုမေဝ၊ နှစ်ကြိမ်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ (ဝဒန္တိ၊ ကုန်၏။)

---

၁-ယသ္မာ-ဟူသောပါဌ်ကား ဤကေစိဝါဒစကားရပ်အတွင်း၌ တသ္မာ-ဟု မရှိသော ကြောင့်ရင်း အပရေဝါဒစကားရပ်၌ရှိသော တသ္မာ-ပုဒ်နှင့် မစပ်သင့်သောကြောင့်ရင်း မသင့်၊ နောက်၌ တဒါ-ဟူသော နိယတ်ပုဒ်နှင့်အညီ ယဒါ-သာ သင့်သည်။

၂-တထာ-ဟူသောပုဒ်ကို ထိုပြင် ဟူ၍ရင်း ထိုအတူ ဟူ၍ရင်း အနက်ပေးရန်မသင့်သော ကြောင့် တပေါင်းတည်းတွဲ၍ အနက်ပေးလိုက်သည်၊ မူလဋီကာတွင် ဤသို့သောအရာ၌ တသ္မိံ-ဟု ရှိသောကြောင့် တတ္ထ-ဟူ၍သော်လည်း ပါဌ်ရင်းဖြစ်ရာ၏၊ သို့ဖြစ်လျှင် တတ္ထ အာရမ္မဏေ၊ ၌-ဟု အနက်ပေးရာ၏။

ဟိ၊ ဆက်၍ရှင်းဦးအံ့။ (မူလဋီကာ၌ ပန-ဟု ရှိ၏) ဒိရတ္တတိရတ္တန္တိ ဧတ္ထ၊ ဤပုဒ်၌။ ဝါ-သဒ္ဒသ္မာ၊ ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ ဝစနသိလိဋ္ဌတာ-မတ္တေန၊ အပြစ်မျှဖြင့်။ ဒိရတ္တဂ္ဂဟဏံ၊ ဒိရတ္တ-သဒ္ဒါကို။ ကတံ၊ ၏။ ဣတိ၊ ဤသို့။ ယုဇ္ဇတိ၊ သင့်၏။ ဝါ၊ ကား။ နိရန္တရံ၊ အခြားမရှိတစပ်တည်း။ တိရတ္တဒဿနတ္ထံ၊ သုံးညဉ့်ကိုပြခြင်းအကျိုးငှါ။ (ကတံ၊ ၏။) ဣတိ၊ သို့။ (ယုဇ္ဇတိ၊ ၏။) ဣဓ ပန၊ ဤသကိံ ဝါ-ဟူသောပါဌ်၌ကား။ ဝိကပ္ပတ္ထော၊ ဝိကပ်အနက်ရှိသော။ ဝါ-သဒ္ဒေါ၊ ကို။ ဝုတ္တော၊ ၏။ ဣတိ၊ ကြောင့်။ သကိံ ဧဝ ဝ၊ တကြိမ်သာလျှင်လည်း [၁]။ ကဒါစိ၊ ၌။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ သန္ဓာယ၊ ၍။ သကိံ ဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဟိ၊ မှန်။ တေနေဝ၊ ထိုကြောင့်ပင်လျှင်။ သမ္မောဟဝိနောဒနိယံ၊ ၌။ သကိံ တဒါရမ္မဏပ္ပဝတ္တိယာ၊ တကြိမ်တဒါရုံဖြစ်ခြင်း၏။ ဝိစာရေတဗ္ဗတံ၊ စဉ်းစားဆင်ခြင်အပ်သည်၏ အဖြစ်ကို။ ဒဿေန္တေန၊ ပြလိုသည်ဖြစ်၍။ စိတ္တပ္ပဝတ္တိ။ ပ။ အာဂတာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

တတ္ထ၊ ထိုသမ္မောဟဝိနောဒနီပါဌ်၌။ စိတ္တပ္ပဝတ္တိဂဏနာယန္တိ၊ ဟူသောပါဌ်ကို။ ဝိပါကကထာယံ၊ ဝိပါက်ကိုပြဆိုသော (ဓမ္မသင်္ဂဏီ) အဋ္ဌကထာ၌။ ဗလဝ-ရူပါဒိအာရမ္မဏေ၊ အားကြီးသော ရူပါရုံအစရှိသောအာရုံ၌။ ဝုတ္တံ၊ ပြီးသော။ စိတ္တပ္ပဝတ္တိဂဏနံ၊ စိတ်ဖြစ်ခြင်းကို ရေတွက်ခြင်းကို။ သန္ဓာယ၊ ၍။ အာဟ၊ ၏။ ဟိ၊ မှန်။ တတ္ထ၊ ထိုအဋ္ဌကထာ၌။ ဒွေဝ တဒါရမ္မဏုပ္ပတ္တိဝါရာ၊ နှစ်ကြိမ်သာလျှင်ဖြစ်သော တဒါရုံဖြစ်ခြင်း၏ ဝါရတို့ကို။ ဝုတ္တာ၊ ကုန်၏။ [၂၉၇] ဟိ၊ မှန်။ တဒေဝ၊ ထိုအဋ္ဌကထာစကားကိုသာလျှင်။ သန္ဓာယ၊ ၍။ ဣဓာပိ၊ ဤဝိသုဒ္ဓိမဂ်၌လည်း။ အဘိဓမ္မဋ္ဌကထာယံ ပန တဒါရမ္မဏေ ဒွေ စိတ္တဝါရာ အာဂတာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ အဘိဓမ္မဋ္ဌကထာယံ၊ ၌။ အနိယတာရမ္မဏဋ္ဌာနကိစ္စာ ဟုတွာ ပဝတ္တန္တီတိ၊ ဟူ၍။ ဒွါရံ၊ ကို။ အနာမသိတွာ ဧဝ၊ မသုံးသပ်မူ၍သာလျှင်။ ဝုတ္တံ၊ ၏။ (ယခု သမ္မောဟဝိနောဒနီအဋ္ဌကထာ ၁၄၆-၌ကား "အနိယတဒွါ-ရာရမ္မဏဋ္ဌာနကိစ္စာ-" ဟူ၍ပင် ဒွါရနှင့်တကွ ပါဌ်ရှိ၏ ) တံ၊ ထိုစကားကို။ အနန္တရံ၊ အခြားမဲ့ဖြစ်သော။ ပရတော၊ နောက်၌။ ဝုတ္တသဟေတုကဝိပါက-ဝိညာဏာနံ၊ ဆိုအပ်သောသဟိတ်ဝိပါက် ဝိညာဏ်တို့၏။ သဒိသသံဝဏ္ဏနံ၊ (ထိုနှင့်) တူသောအဖွင့်ကို။ ကာတုကာမတာဓိပ္ပါယေန၊ ပြုခြင်းငှါအလိုရှိသည်၏အဖြစ်ဟူသောအလိုဖြင့်။ ဝုတ္တံ၊ ၏။ ဟိ၊ အကြောင်းကား။ အဟေတုကဒွယာ-ဒီနံ၊အဟိတ်ဝိပါက်နှစ်ခုအပေါင်းအစရှိသည်တို့၏၊ ဝါ၊ အစရှိသည်တို့တွင်။ ဘဝင်္ဂ-ဘူတာနံ၊ ဘဝင်ဖြစ်၍ဖြစ်ကုန်သော ဝိညာဉ်တို့၏။ သယမေဝ၊ မိမိကိုယ်တိုင်သာလျှင်။ ဒွါရတ္တာ စ၊ ဒွါရ၏အဖြစ်ကြောင့်ရင်း။ စုတိပဋိသန္ဓိဘူတာနံ၊ စုတိ

---

[၁] ဧဝ-သဒ္ဒါဖြင့် ဧကစိတ္တက္ခဏာယုကအာရုံ၌ ဒွိက္ခတ္တုံကို နစ်ခ‌စေသည်၊ ဝ-သဒ္ဒါဖြင့် ဒွိစိတ္တက္ခဏာယုကအာရုံ၌ ဒွိက္ခတ္တုံကို ဆည်းသည်။

ပဋိသန္ဓေ ဖြစ်၍ဖြစ်ကုန်သော ဝိညာဏ်တို့၏။ ဘဝင်္ဂသန္တာနေ စ၊ ဘဝင်ဟု ဆိုအပ်သည်လည်း ဖြစ်သော။ အဥ္စေန စ၊ တပါးသော စက္ခုစသည်လည်း ဖြစ်သော။ ဒွါရေန၊ ဖြင့်။ အနုပ္ပတ္တိတော စ၊ မဖြစ်ခြင်းကြောင့်ရင်း။ ဧတေသံ၊ ဤဘဝင်စုတိပဋိသန္ဓေဖြစ်သောဝိညာဉ်တို့၏။ ဒွါရံ၊ ကို။ နိယတန္တိ ဝါ၊ မြဲသည် ဟူ၍ရင်း။ အနိယတန္တိ ဝါ၊ မမြဲဟူ၍ရင်း။ ဝတ္တုံ၊ ငှါ။ န သက္ကာ၊ မစွမ်းနိုင်။ ဣတိ၊ ဤအကြောင်းကြောင့်တည်း။

ပန၊ ဆက်။ သန္တီရဏတဒါရမ္မဏဘူတဿ၊ ဖြစ်သော။ အဟေတုကဒွယဿ၊ အဟိတ်ဝိပါက်နှစ်ခုအပေါင်း၏၊ ဝါ၊ သည်။ ဒွါရံ၊ ကို။ လဗ္ဘတိ၊ ရအပ်၏။ တဥ္ဓ၊ ထိုဒွါရသည်လည်း။ အနိယတံ၊ မမြဲ။ ဣတိ၊ ကြောင့်။ တမ္ပိ၊ ထိုအနိယတဒွါရ ကိုလည်း။ ဂဏှန္တော၊ ယူလိုသည်ဖြစ်၍။ (ဣဓ၊ ဤဝိသုဒ္ဓိမဂ်၌။ ) အနိယတဒွါရာရမ္မဏဋ္ဌာနကိစ္စာ ဟုတွာ ပဝတ္တန္တီတိ၊ ဟူ၍။ အာဟ၊ ၏။ စ၊ ဆက်။ တေနေဝ၊ ကြောင့်ပင်လျှင်၊ ဧတ္ထ၊ ဤဝိသုဒ္ဓိမဂ်၌။ (ကတံ-၌ စပ်) တဒါရမ္မဏဘူတာနံ၊ ဖြစ်ကုန်သော။ မဟာဝိပါကာနမ္ပိ၊ တို့၏လည်း၊ ဝါ၊ တို့သည်လည်း။ ဒွါရံ၊ ကို။ လဗ္ဘတိ၊ ၏။ ဣတိ၊ ကြောင့်။ တတ္ထာပိ၊ ထိုမဟာဝိပါက်တို့၌လည်း။ ဒွါရဂ္ဂဟဏံ၊ ကို။ ကတံ၊ ၏။

ကေဿ၊ တယောက်သော။ သတ္တဿ၊ သတ္တဝါ၏၊ ဝါ၊ အား။ ပဝတ္တော၊ ဖြစ်သော။ ရူပါဝစရဝိပါကော၊ သည်။ ပထဝီကသိဏာဒီသု၊ စသည်တို့တွင်။ ယသ္မိံ အာရမ္မဏေ၊ ၌။ ပဝတ္တော၊ ၏။ တတော၊ ထိုအာရုံမှ။ အညသ္မိံ၊ တပါးသောအာရုံ၌။ တဿ၊ ထိုရူပါဝစရဝိပါက်၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ၊ ဣတိ၊ ကြောင့်။ ရူပါဝစရာနံ၊ တို့၏။ နိယတာရမ္မဏတာ၊ မြဲသောအာရုံရှိသည်၏ အဖြစ်ကို။ ဝုတ္တာ၊ ၏။ ဣတရာနိ၊ ကုန်သော။ အာရုပ္ပဝိပါကဝိညာဏာနိ၊ တို့သည်။ နိယတံ၊ အမြဲ၊ ဝါ၊ အမြဲတမ်း။ အဝတ္ထုကာနိ၊ ဝတ္ထုမရှိကုန်၊ ဣတိ၊ ကြောင့်။ နိယတာဝတ္ထုကာနိ၊ မည်ကုန်၏။ ကသိဏုဂ္ဃါဋိမာကာသာဒီသုယေဝ၊ ဋ္ဌိမ-အာကာသ စသည်တို့သာလျှင် ဖြစ်ကုန်သော။ အာရမ္မဏေသု၊ တို့၌။ ပဝတ္တနတော၊ ကြောင့်။ နိယတာရမ္မဏာနိ၊ မြဲသောအာရုံ ရှိကုန်၏။ တတြာတိ၊ ကား။ ပဝတ္တိယံ၊ ပဝတ္တိကာလ၌၊ ဝါ၊ ဖြစ်ရာ၌။ အဿာတိ၊ ကား။ ဗာတ္တိံသ-ဝိဓဿ၊ ၃၂-ပါး အပြားရှိသော။ ဝိပါကဝိညာဏဿ၊ အား။ တေ တေ သင်္ခါရာတိ၊ ကား။ ယသာဝုတ္တာ၊ ကုန်သော။ ပုညာဘိသင်္ခါရာဒိသင်္ခါရာ၊ အစရှိသော သင်္ခါရတို့သည်။ ကမ္မပစ္စယေနာတိ၊ ကား။ နာနာက္ခဏိကကမ္မပစ္စယေန၊ ပစ္စည်းဖြင့်၊ ဝါ၊ ပဋ္ဌာယသတ္တိဖြင့်။ ဥပနိဿယပစ္စယေနာတိ၊ ကား။ ပကတူပနိဿယ-ပစ္စယေန၊ ဖြင့်။

၆၂၂။ ဝေံ၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ပဝတ္တိယံ၊ ၌။ ဝိညာဏ-ပ္ပဝတ္တိံ၊ ဝိညာဏ်တို့၏ ဖြစ်ခြင်းကို။ ဒဿေတွာ၊ ပြပြီး၍။ ပဋိသန္ဓိယံ၊ ၌။

ဒဿေတုံ၊ ၎င်္ဂါ။ ယံ ပန ဝုတ္တန္တိအာဒိ ံ၊ ကို။ အာဟ၊ ၏။ တတ္ထ၊ ထိုပါဠ်၌။ အနုရူပါယ ပဋိသန္ဓိယာတိ၊ ကား။ အနုရူပေန၊ လျော်သော။ ပဋိသန္ဓိကိစ္စေန၊ ဖြင့်။ ပန၊ ဆက်။ တံ အနုရူပတံ၊ ထိုလျော်သည်၏ အဖြစ်ကို။ သယမေဝ၊ အဋ္ဌကထာ ဆရာကိုယ်တိုင်သာလျှင်။ ဝက္ခတိ၊ ဆိုလတ္တံ့။ ဘဝန္တရေန၊ ဘဝတပါး နှင့်။ ဘဝန္တရဿ၊ ဘဝတပါးကို။ သန္ဓာနံ၊ ဆက်စပ်ခြင်းသည်။ ဣဓ၊ ဤအရာ၌။ ပဋိသန္ဓိ၊ မည်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုဆက်စပ်ခြင်းသည်။ အစိတ္တကမ္ပိ၊ စိတ်မရှိသော ဆက်စပ်ခြင်းသည်လည်း။ အတ္ထေဝ၊ ရှိသည်သာလျှင်တည်း။ ဣတိ ကတွာ၊ ၍။ ကတိ ပဋိသန္ဓိယောတိ၊ ဟူသော။ ပုစ္ဆံ၊ မေးခွန်းကို။ ကတွာပိ၊ ပြုပြီး၍လည်း။ ကတိ ပဋိသန္ဓိစိတ္တာနီတိ၊ ဟူသော။ ပုစ္ဆာ၊ ကို။ ကတာ၊ ပြုအပ်၏။ ကေန ကတ္ထာတိ၊ ကား။ ကေန စိတ္တေန၊ အဘယ်စိတ်ဖြင့်။ ကသ္မိံ ဘဝေ၊ အဘယ်ဘဝ၌။

တတ္ထာတိ၊ ကား။ တေသု ဧကူနဝီသတိယာ ပဋိသန္ဓိစိတ္တေသု၊ ထိုတခုယုတ် နှစ်ဆယ်သော ပဋိသန္ဓေစိတ်တို့တွင်။ ကုသလဝိပါကာယ၊ ဖြစ်သော။ အဟေတုကမနောဝိညာဏဓာတုယာ၊ ဖြင့်။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ဆောင်၍ စပ်အပ်၏။ ဒေဝေသု၊ (အာကာသဋ္ဌ) နတ်တို့၌။ အဟေတုကာ၊ ဟိတ်မရှိသော။ ပဋိသန္ဓိ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ မနုဿလောကေတိ၊ ဟူ၍။ ဝိသေသနံ၊ ကို။ (ကတံ၊ ၏။) နပုံသကာဒိနန္တိ (တွေ)၊ ဤပါဌ်၌။ [၂၉၉] အာဒိသဒ္ဒေန၊ ဖြင့်။ မမ္မနာဒီနံ၊ မမ်းစွဲသောသူ စသည်တို့ကို၊ ဝါ၊ စကားထစ်သောသူ စသည်တို့ကို ံ။ သင်္ဂဟော၊ ကို။ (ဝေဒိတဗ္ဗော၊ ၏။) ကေစိ ပန၊ တို့သည်ကား။ ဧကေစ္စေ၊ ကုန်သော။ အဟေတုကပဋိသန္ဓိကာ၊ အဟိတ် ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့သည်။ အဝိကလိန္ဒြိယာ၊ မချို့တဲ့သော ဣန္ဒြေရှိကုန်သည်။ ဟုတွာ၊ ကုန်၍။ ထောကံ၊ အနည်းငယ်။ ဝိစာရဏပကတိကာပိ၊ စူးစမ်းဆင်ခြင်နိုင်သော ပင်ကိုသဘော ရှိကုန်သည်လည်း။ ဟောန္တိယေဝ၊ သာလျှင်တည်း။ တသ္မာ၊ ကြောင့်။ တာဒိသာနမ္ပိ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်တို့ကိုလည်း။ ဣဓ၊ ဤ ပုဒ်၌။ အာဒိသဒ္ဒေန၊ ဖြင့်။ သင်္ဂဟော၊ သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ သင်္ခေပတောတိ၊ ကား။ သမာသတော၊ အကျဉ်းအားဖြင့်။ အသုကာယ၊ ဤမည်သော။ ပဋိသန္ဓိယာ၊ ၏။ အသုကံ၊ သော။ အာရမ္မဏံ၊ သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဝိဘာဂံ၊ ဝေဘန်ခြင်းကို။ အကတွာ၊ မပြုမူ၍။ ဣတိ၊ ကား။ အဓိပ္ပာယော၊ သင်္ခေပတော·ဟူသောပုဒ်၏ အနက်တည်း။

ဃေသာနန္တိ၊ ကား။ ပဉ္စ၊ ကုန်သော။ ရူပါဝစရ၊ ရ-ပဋိသန္ဓေတို့ရင်း။ ဒွေ၊ ကုန်သော။ ပဌမတတိယာရုပ္ပါ၊ တို့ရင်း။ ဣတိ၊ သို့။ ဝုတ္တာဝသေသာနံ၊

၁- ဤဋီကာ ဒု-၁၃၁၊ အဘိဓမ္မာဝတာရ ဋီကာသစ် ပ-၂၆၀၊ ဤအရာ၌ရှိသော သိမ္မူ ဤဋီကာတို့နှင့် အညီပင်။ အကျယ် အဆုံးအဖြတ်ကို ဤနိဿယ တတိယ ၂၉၇-၀-တို့၌ ပြန်ကြည့်ပါ။

ဆိုအပ်ပြီးသည်တို့မှ ကြွင်းကုန်သော၊ သတ္တန္နံ၊ ကုန်သော။ ပဋိသန္ဓီနံ၊ တို့၏။ ။ ပစ္စုပ္ပန္နာရမ္မဏာ၊ ပစ္စုပ္ပန်လျှင် အာရုံရှိသော။ စုတိစိတ္တံ နာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ (ကသ္မာ၊ ကား။) ပဋိသန္ဓိအာရမ္မဏေ ဧဝ၊ ပဋိသန္ဓေ၏ အာရုံ၌သာလျှင်။ ပဝတ္တနတော၊ ကြောင့်တည်း။ ဒွိသု အာရမ္မဏေသူတိ၊ ကား။ အတီတနဝတ္တဗ္ဗ-ဝသေန၊ အတိတ်နှင့် နဝတ္တဗ္ဗတို့၏ အစွမ်းအားဖြင့်။ ဒွိသု အာရမ္မဏေသု၊ နှစ်ပါးကုန်သော အာရုံတို့တွင်။

၆၂၁။ တာနီတိ၊ ကား။ ပုဗ္ဗေ၊ ၌။ ကတာနိ၊ ပြုအပ်ကုန်ပြီးသော။ ကမ္မာနိ၊ တို့သည်။ အဿာတိ၊ ကား။ အာသန္နမရဏဿ၊ နီးသောသေခြင်းရှိသော၊ ဝါ၊ သေခါနီးဖြစ်သော။ ပုဂ္ဂလဿ၊ အား။ ဩလမ္ဗန္တီတိ၊ ကား။ သာယန္ဟေ၊ ညနေချမ်း၌။ မဟန္တာနံ၊ ကုန်သော။ ပဗ္ဗတကူဋာနံ၊ တောင်ထွတ်တို့၏။ ဆာယာ၊ အရိပ်သည်။ ဘူမိယံ၊ ၌။ (အဝလမ္ဗန္တိ) ဝိယ၊ တွဲလဲကျကုန်ဘိသကဲ့သို့။ တဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တေ၊ ၌။ အဝလမ္ဗန္တိ၊ တွဲလဲကျသကဲ့သို့ ဖြစ်ကုန်၏။ ဥပတိဋ္ဌန္တိ၊ ကပ်၍တည်ကုန်၏၊ ဝါ၊ ထင်ကုန်၏။ တသ္မိံ နိရုဒ္ဓေတိ၊ ကား။ တသ္မိံ စုတိစိတ္တေ၊ သည်။ နိရုဒ္ဓမတ္တေ၊ ချုပ်ခါမျှဖြစ်လတ်သော်။ တဿ၊ ထိုစိတ်၏။ နိရောဓ-သမနန္တရမေဝ၊ ချုပ်ခြင်း၏ အခြားမဲ့၌သာလျှင်။ တဒေဝါတိ၊ ကား။ ယထာ-ဝုတ္တဇဝနဝီထိယာ၊ ဆိုအပ်ခဲ့တိုင်းသောမရဏာသန္နဇောဝီထိ၏။ အာရမ္မဏဘူတံ၊ သော။ တံယေဝ၊ ထိုအာရုံကိုသာလျှင်။ ။ အဝိဇ္ဇာတဏှာဒီသု၊ အစရှိကုန်သော။ ကိလေသေသု၊ တို့သည်။ အနုပစ္ဆိန္နေသွေဝ၊ မပြတ်စဲကုန်သေးသော်သာလျှင်။ ကမ္မာဒိနော၊ ကံအစရှိသည်၏။ ဥပဋ္ဌာနံ စ၊ ထင်ခြင်းသည်ရင်း။ တံ၊ ထိုကံအစရှိသည်ကို။ အာရဗ္ဘ၊ ၍။ စိတ္တသန္တာနဿ၊ မရဏာသန္န စိတ်အစဉ်၏။ ဘဝန္တရနိန္နပေါဏပဗ္ဘာရတာ စ၊ ဘဝတပါးသို့ ညွတ်ကိုင်းရှိုင်းသည်၏အဖြစ်သည်ရင်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ အနုပစ္ဆိန္နကိလေသဗလဝိနာမိတန္တိ၊ ဟူ၍။ အာဟ၊ ၏။ ဟိ၊ မှန်။ သန္တာနေ၊ စိတ်အစဉ်သန္တာန်ကို။ ဝိနာမိတေ၊ ညွတ်စေအပ်သည်ရှိသော်။ တဒေကဒေသဘူတံ၊ ထိုစိတ်အစဉ်၏ တစိတ်ဖြစ်၍ ဖြစ်သော။ ပဋိသန္ဓိစိတ္တမ္ပိ၊ ကိုလည်း၊ ဝါ၊ သည်လည်း။ ဝိနာမိတမေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ စ၊ ဆက်။ ကေဒေသဝိနာမိတဘာဝေန၊ တစိတ်ကို ညွတ်စေအပ်သည်၏အဖြစ်နှင့်။ ဝိနာ၊ ကင်း၍။ သန္တာနဿ၊ အပေါင်းဖြစ်သော စိတ်သန္တာန်၏။ ဝိနာမိတတာ၊ ညွတ်စေအပ်သည်၏အဖြစ်သည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ သိအပ်၏။ ပန၊ ဆက်။ သဗ္ဗတ္ထ၊ အလုံးစုံသောသုဂတိ ဒုဂ္ဂတိတို့၌။ ဒုဂ္ဂတိပဋိသန္ဓိနိန္နာယ၊ ဒုဂ္ဂတိပဋိသန္ဓေသို့ညွတ်သော။ စုတိယာ၊ ၏။ ပုရိမဇဝ-နာနိ၊ တို့သည်။ အကုသလာနိ၊ တို့တည်း။ ဣတရာယ၊ သော။ (သုဂတိ-ပဋိသန္ဓိနိန္နာယ စုတိယာ၊ ၏။ ပုရိမဇဝနာနိ) စ၊ တို့သည်လည်း။ ကုသလာနိ၊ တို့တည်း။ ဣတိ၊ သို့။ (အာစရိယာ၊ တို့သည်။ ) နိစ္ဆိနန္တိ၊ ဆုံးဖြတ်ကုန်၏။

ဟိ၊ မှန်။ နိမိတ္တဿာဒဂဓိတံ ဝါ။ပ။ တိရစ္ဆာနယောနိံ ဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ [ဘိက္ခဝေ၊ တို့။ နိမိတ္တဿာဒဂဓိတံ ဝါ၊ အပေါင်းနိမိတ်၌ သာယာမက်မောသည်မှုလည်းဖြစ်သော။ အနုဗျဉ္ဇနဿာဒဂဓိတံ ဝါ၊ အနုဗျဉ္ဇနမည်သော အသေးစိတ်အင်္ဂါတို့၌ သာယာမက်မောသည်မှုလည်းဖြစ်သော။ ဝိညာဏံ၊ သည်။ တိဋ္ဌမာနံ၊ တည်ဆဲဖြစ်၍။ တိဋ္ဌတိ၊ တည်ငြားအံ့။ တသ္မိံ သမယေ၊ ၌။ ကာလံ၊ သေခြင်းကို။ စေ ကရေတိ၊ အံ့။ နိရယံ ဝါ၊ သို့သော်၎င်း။ တိရစ္ဆာနယောနိံ ဝါ၊ သို့သော်၎င်း။ ဒွိန္နံ၊ ကုန်သော။ ဂတီနံ၊ တို့တွင်။ အညတရံ၊ တပါးပါးသော။ ဂတိံ၊ သို့။ ယံ-ယေန၊ အကြင်အကြောင်းကြောင့်။ ဥပပဇ္ဇေယျ၊ ကပ်ရောက်ရာ၏။ ဌာနံ၊ ဤသို့ကပ်ရောက်ခြင်း၏အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ] တသ္မာ၊ ကြောင့်။ အကုသလံ၊ သည်။ ဒုဂ္ဂတိယံ၊ ၌။ ကုသလဉ္စ၊ သည်လည်း။ သုဂတိယံ၊ ၌။ ပဋိသန္ဓိယာ၊ ၏။ ဥပနိဿယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သိအပ်၏။ ပန၊ ဆက်။ အရဟတော၊ အား။ သဗ္ဗသော၊ သိမ်း။ ကိလေသာနံ၊ တို့၏။ ဥပစ္ဆိန္နတ္တာ၊ အကြွင်းမဲ့ဖြတ်အပ်ပြီးသည်၏အဖြစ်ကြောင့်၊ ဝါ၊ ပြတ်စဲပြီးသည်၏ အဖြစ်ကြောင့်။ ပဋိပ္ပဿဒ္ဓသဗ္ဗဘဝုဿုက္ကတာယ၊ ငြိမ်းပြီးသော အလုံးစုံသောဘဝတို့၌ ကြောင့်ကြစိုက်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ ဝါ၊ ဘဝတို့၌ အလုံးစုံသော ကြောင့်ကြစိုက်ခြင်း ငြိမ်းပြီးသည်၏ အဖြစ်ကြောင့်။ ကမ္မာဒိနိမိတ္တံ၊ ကံအစရှိသော အာရုံနိမိတ်သည်။ န ဥပဋ္ဌဟတိ၊ မထင်။ တတော၊ ထိုသို့မထင်ခြင်းကြောင့်။ ဝိဇ္ဇမာနမ္ပိ၊ ရှိငြားသော်လည်း၊ ဝါ၊ ရှိသည်လည်း ဖြစ်သော။ ကမ္မံ၊ သည်။ အလဒ္ဓသဟာယတ္တာ၊ ရအပ်သောအဖော်သဟဲ မရှိသည်၏အဖြစ်ကြောင့်။ ပဋိသန္ဓိံ၊ ကို။ န ဇနေတိ၊ မဖြစ်စေတတ်။

ဝုတ္တပ္ပကာရကမ္မဝသေနာတိ၊ ကား။ ပါပကမ္မဝသေန၊ ဖြင့်။ တဒုပဋ္ဌာပိတံ၊ ထိုမကောင်းမှုကံသည် ထင်စေအပ်သော။ ဣတိ အဓိပ္ပါယော၊ တည်း။ နရကာဒီသု အဂ္ဂိဇာလဝဏ္ဏာဒိကန္တိ ဣဒံ၊ ဤစကားကို။ တံသဒိသတာဝသေန၊ ထိုငရဲစသည်တို့၌ မီးလျှံအဆင်းစသည်နှင့်တူသည်၏အဖြစ်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ၏။ [၃၀၀]ဟိ၊ မှန်။ သော ဝေ နိရယဂ္ဂိဝဏ္ဏာဒိ၊ ထိုငရဲမီးအဆင်းစသည်သည် သာလျှင်။ တဒါ၊ ၌။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အာပါထံ၊ သို့။ န အာဂစ္ဆတိ၊ ရောက်သည်မဟုတ်။ တတ္ထ၊ ထိုနရကာဒီသု-အစရှိသောပါဌ်၌။ အဂ္ဂိဇာလဝဏ္ဏာဒိကန္တိ(ဧတ္ထ)၊ ဤပုဒ်၌။အာဒိ-သဒ္ဒေန၊ဖြင့်။ဝေတ္တရဏီသိမ္ဗလိအသိပတ္တဝနာဒိဝဏ္ဏံ၊ ကြိမ်ချောင်းငရဲ လက်ပန်တောငရဲ သန်လျက်ရွက်တောငရဲစသည်တို့၏အဆင်းကို။ သင်္ဂဏှာတိ၊ ၏။ ပန၊ တပါး။ နရကာဒီသူတိ(ဧတ္ထ)၊ ဤပုဒ်၌။ အာဒိ-သဒ္ဒေန၊ ဖြင့်။ ပေတတိရစ္ဆာနာနံ၊ တို့၏။နိဗဒ္ဓသဉ္စရဏဋ္ဌာနပရိယာပန္နဝဏ္ဏံ၊ အမြဲသွားလာကျက်စားရာဌာန၌ အကျုံးဝင်သောအဆင်းကို။ (သင်္ဂဏှာတိ၊ ၏။) မနောဒွါရေ အာပါထမာဂစ္ဆတီတိ၊ ကား။ ကမ္မဗလေန၊ သည်။ ဥပဋ္ဌာပိတဝဏ္ဏာယ-

တန်၊ ထင်စေအပ်သောအဆင်းအာယတနသည်။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တဿ ဝိယ စ၊ မြင်မက်သောသူအားကဲ့သို့ရင်း။ ဒိဗ္ဗစက္ခုဿ ဝိယ စ၊ စက္ခုဉာဏ်အား ကဲ့သို့ရင်း။ မနောဒွါရေ ဧဝ၊ ၌သာလျှင်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ၏။ ကော်၊ သော။ အာဝဇ္ဇနံ၊ ၎င်း။ပဥ္စ၊ ကုန်သော။ ဇဝနာနိ။ တို့ရင်း။ ဒွေ၊ ကုန်သော။ တဒါရမ္မဏာနိ၊ တို့ရင်း။ ဣတိ၊ သို့။ တီဏိ၊ သုံးမျိုးကုန်သော။ ဝီထိစိတ္တာနိ၊ တို့သည်။

ရာဂါဒိဟေတုဘူတံ ဟီနမာရမ္မဏန္တိ၊ ဟူသောပါဠ်ဖြင့်။ အကုသလဝိပါ-ကဿ၊ ၏။ အာရမ္မဏံ၊ သည်။ ဘဝိတုံ၊ ငှါ။ ယုတ္တံ၊ သင့်သော။ အနိဋ္ဌံ အာရမ္မဏံ၊ အနိဋ္ဌာရုံကို။ အာဟ၊ ၏။ ဟိ၊ မှန်။ တမ္ပိ၊ ထိုအနိဋ္ဌာရုံသည်လည်း။ သက်ပ္ပနဝသေန၊ ကြံဆခြင်း၏ အစွမ်းအားဖြင့်။ ရာဂဿာပိ၊ ၏လည်း။ ဟေတု၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သိအပ်၏။ ဝါ၊ တနည်း။ အကုသလဝိပါကဇနက-ကမ္မသဟဇာတာနံ စ၊ အကုသလဝိပါက်ကိုဖြစ်စေတတ်သောကံနှင့် တကွဖြစ်သည်လည်းဖြစ်ကုန်သော။ တံသဒိသာ။ ပ ။ ဇာတာနဉ္စ၊ ထိုအကုသလဝိပါက်ကို ဖြစ်စေတတ်သောကံနှင့်တူသော မရဏာသန္နဇောစေတနာနှင့် တကွဖြစ်သည် လည်း ဖြစ်ကုန်သော။ ရာဂါဒီနံ၊ တို့၏။ ဟေတုဘာဝေါ ဧဝ၊ အကြောင်း၏ အဖြစ်သည်သာလျှင်။ ဟီနတာ၊ ဟီနအဖြစ်မည်၏။ ဟိ၊ မှန်။ ပစ္စာနုတာပ-ဇနကကမ္မာနံ၊ နောင်တ ပူပန်ခြင်းကို ဖြစ်စေတတ်ကုန်သော အကုသိုလ်ကံတို့၏။ အာရမ္မဏံ၊ ဖြစ်သော။ တံ၊ ထိုအာရုံသည်။ ကမ္မဝသေန၊ ဖြင့်။ အနိဋ္ဌံ၊ အနိဋ္ဌ မည်သည်ဖြစ်၍။ အကုသလဝိပါကဿ၊ ၏။ အာရမ္မဏံ၊ သည်။ ဘဝေယျ၊ ဖြစ်ထိုက်၏။ စ၊ အပြစ်ကား။ အညထာ၊ ဖြင့်။ (အတွေ ဂယှမာနေ၊ သော်။) ဣဋ္ဌာရမ္မဏေ၊ ၌။ ပဝတ္တဿ၊ သော။ အကုသလကမ္မဿ၊ ၏။ ဝိပါကော၊ သည်။ အကုသလကမ္မနိမိတ္တာရမ္မဏော၊ အကုသိုလ်ကမ္မနိမိတ်လျှင် အာရုံရှိသည်။ န ဘဝေယျ၊ မဖြစ်လေရာ။ ဟိ၊ အကြောင်းကား။ အကုသလဝိပါကော၊ သည်။ ဣဋ္ဌာရမ္မဏော၊ ဣဋ္ဌာရုံလျှင် အာရုံရှိသည်။ ဘဝိတုံ၊ ငှါ။ န အရဟတိ၊ မထိုက်။ ဣတိ၊ ကြောင့်တည်း။

စ၊ ဆက်။ ပဉ္စဒွါရေ၊ ၌။ အာပါထံ၊ သို့။ အာဂစ္ဆန္တံ၊ ရောက်သော။ ပစ္စုပ္ပန္နံ၊ ဖြစ်သော။ ကမ္မနိမိတ္တံ၊ ကို။ အာသန္နကတကမ္မာရမ္မဏသန္တတိယံ၊ အနီး၌ ပြုအပ်ပြီးသောကံ၏ အာရုံ၏အစဉ်၌။ ဥပ္ပန္နံ စ၊ ဖြစ်သည်ဟူ၍ရင်း။ တံသဒိသဉ္စ၊ ထိုကံ၏အာရုံနှင့်တူသော အာရုံဟူ၍ရင်း။ ဒဋ္ဌဗ္ဗံ၊ ၏။ အညထာ၊ ဖြင့်။ တဒေဝ၊ ထိုမရဏာသန္နဇောကံသည်ပင်လျှင်။ ပဋိသန္ဓိအာရမ္မဏူပဋ္ဌာ-ပကံ စ၊ ပဋိသန္ဓေ၏အာရုံကို ထင်စေတတ်သည်ရင်း။ တဒေဝ၊ ထိုကံသည် ပင်လျှင်။ ပဋိသန္ဓိဇနကံ စ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သည်ရင်း။ ဘဝေယျ၊ ၏။ စ၊ သို့သော်လည်း။ ပဋိသန္ဓိယာ၊ ၏။ ဥပစာရဘူတာနိ ဝိယ စ၊ ဥပစာဖြစ်ကုန်

သကဲ့သို့ရှင်း။ (ပဝတ္တာနိ-၌ စပ်) "တေသုံ၊ ဤအာရုံ၌။ တယာ၊ သင်သည်။ ပဝတ္တိတဗ္ဗံ၊ ဖြစ်ရာ၏၊ ဝါ၊ ဖြစ်ရမည်။" ဣတိ၊ သို့။ ပဋိသန္ဓိယာ၊ ၏။ အာရမ္မဏံ၊ ကို။ အနုပ္ပါဒေန္တာနိ ဝိယ စ၊ ဖြစ်စေကုန်သကဲ့သို့ရှင်း[1]။ ပဝတ္တာနိ၊ ဖြစ်ကုန်သောကြောင့်၊ ဝါ၊ ဖြစ်ကုန်သော။ စုတိအာသန္နာနိ၊ စုတိ၏ အနီးဖြစ်ကုန်သော။ ဇဝနာနိ၊ တို့သည်။ ပဋိသန္ဓိဇနကာနိ၊ ပဋိသန္ဓေကို ဖြစ်စေ တတ်ကုန်သည်။ န ဘဝေယျုံ၊ မဖြစ်နိုင်ကုန်။ ဟိ၊ မှန်။ ကတတ္တာ ဥပစိတတ္တာတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ စ၊ ဆက်။ တဒါ၊ ထိုအခါ၌။ တံသမာန- ဝီထိယံ ဝိယ၊ ထိုပဋိသန္ဓေနှင့် တူညီသော စိတ်အစဉ်၌ကဲ့သို့၊ ပဝတ္တမာနာနိ၊ ဖြစ်ကုန်သော ဇောတို့သည်။ ကတူပစိတာနိ၊ ပြုအပ်ပြီး ဆည်းပူးအပ်ပြီးတို့ သည်။ ကထံ သိယုံ၊ အဘယ်သို့ ဖြစ်နိုင်ကုန်အံ့နည်း။ တဒါ၊ ထိုမရဏာသန္န အခါ၌။ အသာဒိတာနိ၊ တဏှာဖြင့် သာယာအပ်ပြီးကုန်သည်။ န (ဟောန္တိ)၊ မဖြစ်ကုန်။ စ၊ သည်မျှသာမကသေး။ လောကိယာနိ၊ လောကီဇောတို့သည်။ လောကုတ္တရာနိ ဝိယ၊ လောကုတ္တရာ ကုသိုလ်ဇောတို့ကဲ့သို့။ သမာနဝီထိဖလာနိ၊ တူညီသောဝီထိ၌ အကျိုးရှိကုန်သည်။ န ဟောန္တိ၊ ကုန်။ "အဿ၊ ထိုပုဂ္ဂိုလ်အား၊ ဝါ၊ သည်။ ဒုက္ခဝေဒနီယံ၊ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော။ တံ ပါပကမ္မံ၊ ထိုမကောင်းမှုကံကို။ ပုဗ္ဗေဝ၊ ဒိဗ္ဗစက္ခုဖြင့် မြင်အပ်သောကံကို ပြုသည်မှ ရှေး ကာလ၌မူလည်း။ ကတံ၊ ပြုအပ်ပြီးသည်။ ဟောတိ၊ ၏။ အဿ၊ အား။ ဒုက္ခ- ဝေဒနီယံ၊ သော။ တံ ပါပကမ္မံ၊ ကို။ ပစ္ဆာ ဝါ၊ ဒိဗ္ဗစက္ခုဖြင့် မြင်အပ်သောကံကို ပြုသည်မှ နောက်ကာလ၌မူလည်း။ ကတံ၊ သည်။ ဟောတိ၊ ၏။ အဿ၊ အား။ မရဏကာလေ ဝါ၊ သေခါနီး ကာလ၌မူလည်း။ မိစ္ဆာဒိဋ္ဌိ၊ သည်။ သမတ္တာ၊ ပြည့်စုံသည်၊ ဝါ၊ ပြည့်စုံစေအပ်သည်။ သမာဒိန္နာ၊ ကောင်းစွာဆောက်တည် အပ်သည်။ ဟောတိ၊ ၏။ တေန၊ ထိုကံကြောင့်၊ ဝါ၊ ထိုသုံးပါးသောကံတို့တွင် တပါးပါးသောကံကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ပျက်သည်မှ။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ ချမ်းသာကင်းရာ ဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းမှုရှိသူတို့၏ လားရာဖြစ်သော၊ ဝါ၊ ဒုက္ခ၏ဖြစ်ရာ ဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ သို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်၏။ (တနည်း) နိရယံ၊ ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏[2]။" ဣတိအာဒိနာ၊ ဖြင့်။ သုတ္တေ၊ ၌။ မရဏကာလေ၊ ၌။ သမတ္တာယ၊ သော။ သမာဒိန္နာယ၊ သော။ မိစ္ဆာဒိဋ္ဌိယာ စ၊ နှင့်ရှင်း။ သမ္မာဒိဋ္ဌိယာ စ၊ နှင့်ရှင်း။ သဟဇာတ-

---

၁- အနုပ္ပဒေန္တာနိ-ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင် ပဋိသန္ဓိယာ၊ အား။ အာရမ္မဏံ၊ ကို။ အနုပ္ပဒေန္တာနိ ဝိယ စ၊ ပေးကုန်သကဲ့သို့ရှင်း၊ ဝါ၊ အပ်နှင်းကုန်သကဲ့သို့ရှင်း-ဟု အနက်ပေး ရာ၏။

၂- ဤသုတ်၏ အဓိပ္ပါယ်ကို သုတ်ရင်းနှင့် အဋ္ဌကထာတို့၌ ကြည့်ရှု၍ ယူပါလေ။

စေတနာယ၊ တကွဖြစ်သော စေတနာ၏။ ပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကို ပေးခြင်းကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ စ၊ သို့သော်လည်း။ ဒုဗ္ဗလေဟိ၊ အားနည်းကုန်သော။ ပဋ္ဌဒွါရိကဇဝနေဟိ၊ ပဋ္ဌဒွါရ၌ ဖြစ်သောဇောတို့ဖြင့်။ မိစ္ဆာဒိဋ္ဌိ ဝါ၊ သည်သော်ငြင်း။ [၃၀၁] သမ္မာဒိဋ္ဌိ ဝါ၊ သည်သော်ငြင်း။ သမတ္တာ၊ ပြည့်စုံသည်။ သမာဒိန္နာ၊ ကောင်းစွာဆောက်တည်အပ်သည်။ န ဟောတိ၊ မဖြစ်[၁]။ တထာ ဟိ၊ ကြောင့်ပင်လျှင်။ သမ္မောဟဝိနောဒနိယံ၊ ၌။ "သဗ္ဗမ္ပိ။ပ။ ပဋိက္ခိတ္တာနီ" တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

၆၇၁။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ဟေဋ္ဌိမစျာနံ၊ အောက်ဖြစ်သော စျာန်သည်။ သုဘာဝိတံ၊ ကောင်းစွာပွါးစေအပ်ပြီးသည်ဖြစ်၍။ ဝသီဘာဝံ၊ နိုင်နင်းသည်၏ အဖြစ်သို့။ ပါပိတမေဝ၊ ရောက်စေအပ်သော်သာလျှင်။ ဥပရိစျာနဿ၊ အထက်ဖြစ်သောစျာန်၏။ ပါဒကံ၊ အခြေသည်။ ပဒဋ္ဌာနံ။ နီးသောအကြောင်းသည်။ ဟောတိ၊ ၏။ ပဋိလဒ္ဓမတ္တံ၊ ရအပ်ကာမျှဖြစ်သောအောက်စျာန်သည်။ န (ဟောတိ၊) မဖြစ်။ ဧဝံ၊ ဤအတူ။ ရူပပရိဂ္ဂဟော၊ သည်။ သုဝိသုဒ္ဓေါ၊ ကောင်းစွာစင်ကြယ်သည်ဖြစ်၍။ နိဇ္ဇဋော၊ အရှုပ်အထွေးမရှိသည်ဖြစ်၍။ နိဂုမ္ဗော ဝေ၊ ရှုပ်ရှက်ခြင်းမရှိသော်သာလျှင်။ အရူပပရိဂ္ဂဟဿ၊ ၏။ ပါဒကံ၊ သည်။ ပဒဋ္ဌာနံ၊ သည်။ ဟောတိ၊ ၏။ အဝိသုဒ္ဓေါ၊ မစင်ကြယ်သေးသော ရုပ်ကိုသိမ်းဆည်းခြင်းသည်။ (ပဒဋ္ဌာနံ၊ သည်။) န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ ရူပရူပဿ၊ ရူပရုပ်ဟုခေါ်သော နိပ္ဖန္နရုပ်၏။ ကေဒေသေပိ၊ တစိတ်တဒေသမျှသော်လည်း။ အနုပဋ္ဌိတေ၊ မထင်သေးသည်ရှိသော်။ သော၊ထိုရုပ်ကိုသိမ်းဆည်းခြင်းသည်။ အဝိသုဒ္ဓေါ ဧဝ နာမ၊ မစင်ကြယ်သေးသည်သာလျှင်မည်သည်။ ဟောတိ၊ ၏။ ဗဟူသု၊ များစွာသော ရုပ်တို့သည်။ အနုပဋ္ဌိတေသု၊ မထင်ကုန်သည်ရှိသော်။ ပဂေဝ၊ အဘယ်မှာဆိုဖွယ်ရာရှိပါအံ့နည်း။ ဣတိ၊ သို့။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ သစေ ဟိတိ-အာဒိ၊ ဤသို့အစရှိသော စကားကို။ အာဟ၊ ၏။ ဗာလာ၊ မလိမ္မာသော။ အဗျတ္တာ၊ မတတ်ကျွမ်းသော။ အခေတ္တညူ၊ စားကျက်နယ်ပယ်ကို မသိသော။

[၃၅၈]။ ခဠုင္ဂနာတိ၊ ကား။ ခဠုင္ဂေန၊ ထားသံလျက်၏ အဖျားဖြင့်။ သမုဂ္ဂန္တိ၊ ကား။ မဥ္ဇူသာသဒိသံ၊ သေတ္တာနှင့်တူသော။ မဟာသမုဂ္ဂံ၊ ကြီးစွာသော သမုဂ္ဂကို၊ ဝါ၊ ကြီးစွာသောကြုတ်အစ်ကို။ အပရိဂ္ဂဟိတကမ္မဋ္ဌာနဿ၊ သိမ်းဆည်းအပ်သော ကမ္မဋ္ဌာန်းမရှိသော ပုဂ္ဂိုလ်အား၊ ဝါ၊ ကမ္မဋ္ဌာန်းကို မသိမ်းဆည်းသော ပုဂ္ဂိုလ်အား။ အဝိဘတ္တံ ဝိယ၊ မကွဲမပြားတသားတည်းကဲ့သို့။ ဥပဋ္ဌဟန္တမ္ပိ၊ ထင်သော်လည်း။ နာမရူပံ၊ သည်။ ဝိဘတ္တသဘာဝမေဝ၊ ကွဲပြားသော သဘောရှိသည်သာလျှင်တည်း။ ဣတိ စ၊ ဤသို့ရင်း။ တဿ၊ ထိုနာမ်ရုပ်၏။ ဝိဘာဂေါ စ၊ ကွဲပြားခြင်းသည်လည်း။ ကမ္မဋ္ဌာနပရိဂ္ဂဟော၊ ကမ္မဋ္ဌာန်းကို သိမ်းဆည်းသောအခါ၌။ သုပါကဋော၊ ကောင်းစွာထင်ရှားသည်။ ဟောတိ၊ ၏။ ဣတိ စ၊ ဤသို့ရင်း။ ဒဿနတ္ထံ၊ ငှါ။ သမုဂ္ဂဝိဝရဏံ၊ ကြုတ်အစ်ကို ဖွင့်ခြင်းကိုရင်း။ ယမကတာလကန္ဒဖာလနဉ္စ၊ အစုံသော (ထန်းပင်ပေါက်) ထန်းမြစ်ကိုခွဲခြင်းကိုရင်း။ နိဒဿနဘာဝေန၊ ဥပမာပုံစံ၏ အဖြစ်ဖြင့်။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ၊ ၏။ ယမကတာလကန္ဒံ၊ အစုံသော (ထန်းပင်ပေါက်) ထန်းမြစ်

သည်။ ဘိန္နသန္တာနမ္ပိ၊ ကွဲပြားသောအစဉ်သန္တာန် ရှိငြားသော်လည်း။ အဘိန္နံ ဝိယ၊ မကွဲမပြားတသားတည်းကဲ့သို့။ ဥပဋ္ဌာတိ၊ ၏။ ရူပါရူပဓမ္မာ၊ တို့သည်။ ဇော်၊ ဤအတူ။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့သိအပ်၏။ သဗ္ဗေပိ။ပ။ ဝဝတ္ထပေတီတိ ဌေ၊ ဤပါဌ်၌။ သဗ္ဗသဒ္ဒေါ၊ သည်။ အနဝသေသပရိယာဒါယကော၊ အကြွင်းမဲ့ အလုံးစုံကိုသိမ်းယူသည်။ ကိစ္စာပိ (ဟောတိ၊ ၏။ )ပန၊ သော်လည်း။ နာမရူပ-သဘာဝေါ၊ နာမ်၏သဘော ရုပ်၏သဘောသည်။ (စာမူ၌ နာမရူပဘာဝေါ-ဟု ရှိ၏) အညမညဝိဓုရော၊ အချင်းချင်းမှကွဲလွဲဆန့်ကျင်၏၊ ဝါ၊ အချင်းချင်း သဘောမတူ။ ဣတိ၊ ကြောင့်။ တဒုဘယံ၊ ထိုနာမ်ရုပ်နှစ်ပါးလုံးကို။ သမုဒါယ-ဝသေန၊ အပေါင်းလိုက်၏ အစွမ်းအားဖြင့်။ န ပရိသမာပယေတဗ္ဗံ၊ မပြီးဆုံးစေအပ်၊ ဝါ၊ မဆုံးဖြတ်အပ်။ တသ္မာ၊ ကြောင့်။ ဌေ၊ ဤနာမ်ရုပ်နှစ်ပါး တို့တွင်။ ယံ၊ အကြင်တရားသည်။ နမနလက္ခဏံ၊ ညွှတ်ခြင်းလက္ခဏာရှိ၏။ တံ၊ ထိုတရားသည်။ နာမံ၊ နာမ်မည်၏။ ယံ၊ သည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ တံ၊ သည်။ ရူပံ၊ ရုပ်မည်၏။ ဣတိ ဇော်၊ သို့။ ဒွေဓာ၊ နှစ်ပါးအပြား အားဖြင့်။ ဝဝတ္ထပေတိ၊ ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ တည်း။ စ၊ ဆက်။ ဇော်၊ ဤသို့။ ဝဝတ္ထပေန္တောယေဝ၊ ပိုင်းခြားဆုံးဖြတ်သည်ကိုပင်လျှင်။ တဒုဘယဝိနိမုတ္တဿ၊ ထိုနာမ်ရုပ်နှစ်ပါးမှ လွတ်သော။ တေဘူမကဓမ္မဿ၊ ဘုံသုံးပါး၌ဖြစ်သော တရားတို့တွင်။ ကဿစိ၊ တစုံတခုသော။ ဓမ္မဿ၊ ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သဗ္ဗေပိ၊ ကုန်သော။ တေဘူမကဓမ္မေ၊ တို့ကို။ နာမဋ္ဌ၊ သည်ဝင်း။ ရူပဋ္ဌ၊ သည်ဝင်း။ (အတ္ထိ၊ ၏။) ဣတိ၊ သို့။ ဒွေဓာ၊ ဖြင့်။ ဝဝတ္ထပေတီတိ၊ ပိုင်းခြားဆုံးဖြတ်သည်ဟူ၍။ ဝုစ္စတိ၊ ၏။ နာမဋ္ဌ ရူပဋ္ဌာတိ ဇော်တေနေဝ၊ ဤပါဌ်ဖြင့်ပင်လျှင်။ တဿ၊ ထိုနာမ်ရုပ်၏။ ဒုဝိဓဘာဝေါ၊ နှစ်ပါး အပြားရှိသည်၏ အဖြစ်သည်။ သိဒ္ဓေါ၊ ပြီးပါလျက်။ ဒွေဓာ ဝဝတ္ထပေတီတိ၊ ဟူသော။ ဣဒံ၊ ဤပုဒ်ကို။ နာမရူပဝိနိမုတ္တဿ၊ နာမ်ရုပ်မှလွတ်သော။ အညဿ၊ တပါးသောတရား၏။ အဘာဝဒဿနတ္ထံ၊ မရှိသည်၏အဖြစ်ကိုပြခြင်းအကျိုးငှါ။ (ဝုတ္တံ၊ ၏။) တေနေဝ၊ ပင်လျှင်။ နာမရူပမတ္တတော ဥဒ္ဓန္တိအာဒိ၊ ကို။ အာဟ၊ ၏။ ပန၊ ဆက်။ သဗ္ဗေပိ တေဘူမကေ ဓမ္မေတိ ဌေ၊ ဤပါဌ်၌။ သဗ္ဗဂ္ဂဟဏံ၊ ကို။ သမ္မသနုပဂဿ၊ သုံးသပ်ခြင်းသို့ရောက်သော၊ ဝါ၊ သုံးသပ်ထိုက်သော။ ဓမ္မဿ၊ ၏။ အနဝသေသေတဗ္ဗတာယ၊ မကြွင်းစေအပ်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ၊ ၏။ တံ၊ ထိုအလုံးစုံသော နာမ်ရုပ်ကို။ အနဝသေသတော၊ အကြွင်းမဲ့အားဖြင့်။ ပရိဂ္ဂဏှိယံ/ ပိုင်းခြား၍သိအပ်၏။ ဧကံသတော၊ ဧကန်မုချ အားဖြင့်။ ဝိချဋ္ဋိတဗ္ဗံ၊ တပ်မက်ခြင်းကင်းစေအပ်၏၊ ဝါ၊ စက်ဆုပ်အပ်၏။ တတော စ၊ ထိုအလုံးစုံသော နာမ်ရုပ်မှလည်း။ စိတ္တံ၊ ကို။ ဝိရာဇယံ၊ တပ်မက်ကင်း စေလျက်။ ပမောစေတဗ္ဗံ၊ လွတ်မြောက်စေအပ်၏။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်——

ဝိသုဒ္ဓိ ဋီ - နိဿယ ၄—၁၄ ပ-မ-ဗ-သ-စ

ဘိက္ခဝေ၊ တို့။ သဗ္ဗံ၊ အလုံးစုံကို။ အနဘိဇာနံ၊ ရှေးရှု၍မသိပါပဲ။ အပရိဇာနံ၊ ပိုင်းခြား၍မသိပါပဲ။ တတ္ထ၊ ထိုအလုံးစုံသောတရား၌။ စိတ္တံ၊ ကို။ အဝိရာဇယံ၊ မစက်ဆုပ်စေပါပဲ။ အပ္ပဇဟံ၊ မစွန့်ပါပဲ။ ဒုက္ခက္ခယာယ၊ ဆင်းရဲကုန်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ ဘိက္ခဝေ၊ တို့။ စ၊ စင်စစ်သော်ကား။ သဗ္ဗံ၊ ကို။ အဘိဇာနံ၊ ရှေးရှုသိလျက်။ ပရိဇာနံ၊ ပိုင်းခြား၍သိလျက်။ တတ္ထ၊ ထိုအလုံးစုံသောတရား၌။ စိတ္တံ၊ ကို။ ဝိရာဇယံ၊ စက်ဆုပ်စေလျက်။ ပဇဟံ၊ ပယ်စွန့်သည်ရှိသော်။ ဒုက္ခက္ခယာယ၊ ဆင်းရဲကုန်ခြင်းငှါ။ ဘဗ္ဗော၊ ထိုက်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟော တော်မူ၏။

တေဘူမကံ၊ ဘုံသုံးပါး၌ဖြစ်သော။ ဓမ္မဇာတံ၊ တရားအပေါင်းကို။ အနဝသေသတော၊ အကြွင်းမဲ့အားဖြင့်။ နာမရူပန္တိ၊ နာမ်နှင့်ရုပ်ဟူ၍။ ယဒိ ဂဟိတံ၊ အကယ်၍ ယူအပ်ငြားအံ့။ ဧတ္ထ၊ ဤဗုဒ္ဓမြတ်စွာ သာသနာတော်မှ။ ဗာဟိရကေဟိ၊ အပြင်ပ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည်။ ပဒတ္ထဘာဝေန၊ ပုဒ်၏အနက် ပရမတ္ထသဘောတရား၏ အဖြစ်ဖြင့်[၁]။ ယံ၊ အကြင်တတ္တမည်သော သဘော တရားကို။ ပရိကပ္ပိတံ၊ ကြံဆအပ်၏။ ဣဒံ၊ ဤတတ္တမည်သော သဘောတရား သည်။ သေယျထာ-ကတမံ၊ ဟူမူကား။ ပကတိအာဒိ၊ ပကတိအစရှိသော တတ္တသဘောရင်း။ (နောက်၌ တတ္တ-ပုဒ်ကို ပါဠိနည်းအရ တ-သံယုတ်တလုံးကို ချေ၍ တတ္တ-ဟူ၍သာရေးမည်၊ တ-သံယုတ်နှလုံးကဲ့သို့ပင် တတ်တွ-ဟု ဖတ်ပါ) ဒြဗျာဒိ၊ ဒြဗျအစရှိသော တတ္တသဘောရင်း။ ဇီဝါဒိ၊ ဇီဝအစရှိသော တတ္တ သဘောရင်း။ ကာယာဒိ၊ ကာယအစရှိသော တတ္တသဘောရင်းပေတည်း။ တတ္ထ၊ ထိုပကတိ အစရှိသော တတ္တသဘောတို့၌။ ကထံ၊ အဘယ်သို့လျှင်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်-နှလုံးသွင်းအပ်-ယူဆအပ်ပါသနည်း။ ဣတိ၊ ဤသို့မေးငြားအံ့။ ဥမ္မတ္တကဝိပ္ပလာပသဒိသေ[၂]၊ အရူး၏ဖောက်လွဲဖောက်ပြန် ပြောဆိုသောစကား

၁-ဤ၌ "ပဒတ္ထ-ပုဒ်၏အနက်" ဟု သာမည ဆိုသော်လည်း "တတ္တသဒ္ဒေါ ပဒတ္ထ-ဝါစီ" ဟူသောသာချံဝါဒီတို့၏စကားနှင့်အညီ သာသနာအပြင်ပပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် တတ္တ ဟု ခေါ်၍ တကယ်အစစ်အမှန်ဖြစ်သော အရင်းခံသဘောတရား-ဟု ဆိုလို၏၊ သာသနိကဝေါဟာရ အရအားဖြင့် ပရမတ္ထတရား မဟုတ်ငြားသော်လည်း သာသနာ အပြင်ပ ထိုထိုဝါဒီတို့၏ အလိုအားဖြင့် ပရမတ္ထဟူ၍ပင် ဆိုလို၏၊ ထိုကြောင့် ပဒတ္ထ-ဘာဝေန-ပုဒ်ကို "ပုဒ်၏အနက်-ပရမတ္ထသဘောတရား၏ အဖြစ်ဖြင့်"ဟု အနက်ပြန်သည်။ ၎င်းတို့၏ ဝေါဟာရဖြစ်သော တတ္တ-ပုဒ်သည် "မဖောက်မပြန် မှန်ကန်သည်၊ အစစ်အမှန် ဖြစ်သည်"ဟု အနက်ရှိ၏။

၂-ဆဋ္ဌသံဂါယနာမူ၌ ဥမ္မတ္တကဝိပလ္လာသသဒိသေ ဟု ပါဌ်ရှိ၏၊ သီဟိုဠ်ပေမူတစောင်၌ ဥမ္မတ္တကဝိပ္ပလံပသဒိသေ-ဟု ရှိ၏၊ အခြားသီဟိုဠ်မူတစောင်၌ ဥမ္မတ္တကဝိပ္ပလာပသဒိသေ-ဟု ရှိ၏၊ စကားအချင်းချင်း နှိုင်းယှဉ်ပြသောအရာဖြစ်သောကြောင့် ဥမ္မတ္တကဝိပ္ပလာပသဒိသေ-ဟူသောပါဌ်သာလျှင် မူမှန်မူရင်းဖြစ်သင့်ပေသည်။

နှင့် တူသော။ အသမ္မာသမ္ဗုဒ္ဓပဝေဒိတေ၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့မဟော ကြားအပ်သော၊ ဝါ၊ သမ္မာသမ္ဗုဒ္ဓမဟုတ်သော သာမန်ပုဂ္ဂိုလ်တို့ ဟောကြား အပ်သော။ တတ္ထ၊ ထိုပကတိအစရှိသောတတ္တသဘောတို့၌။ အဇ္ဈုပေက္ခနတော၊ လျစ်လျူရှုခြင်းကို။ အညတြ-၅ပေတွာ၊ ကြဉ်ထား၍။ အညာ၊ တပါးသော။ ပဋိပတ္တိ၊ ပြုကျင့်ခြင်းသည်၊ ဝါ၊ ပြုကျင့်ဖွယ်သည်။ ကာ၊ အဘယ်မှာရှိအံ့နည်း။ အထ ဝါ၊ ကား။ တေပိ၊ ထိုတတ္တ သဘောတို့ကိုလည်း။ နာမရူပန္တောဂဓဘာဝ- ဝါဘာဝဝသေန၊ နာမ်ရုပ်တို့၌ အတွင်းဝင်သည်၏အဖြစ်, အတွင်းမဝင်သည် အဖြစ်တို့၏အစွမ်းအားဖြင့်။ နိစ္ဆိတာ ဧဝ၊ ဆုံးဖြတ်အပ်ကုန်သေးသည် သာ တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ကထံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ပကတိ၊ ပကတိဒင်း။ မဟာ၊ မဟာဒင်း။ အဟံကာရော၊ အဟံကာရဒင်း။ တမ္မတ္တာနိ၊ ငါးပါးသော တမ္မတ္တတို့ဒင်း။ ဣန္ဒြိယာနိ၊ တဆယ့်တပါးသော ဣန္ဒြေတို့ဒင်း။ ဘူတာနိ၊ ငါးပါးသောဘုတ်တို့ဒင်း။ ပုရိသော၊ ပုရိသဟုခေါ် သောအတ္တဒင်း။ ဣတိ၊ သို့။ ဧတေ၊ ဤနှစ်ဆယ့်ငါးပါးသော တတ္တသဘောတို့ သည်။ ပကတိအာဒယော၊ ပကတိအစရှိသော တတ္တသဘောတို့ပေတည်း။ တတ္ထ၊ ထိုပကတိအစရှိသော တတ္တသဘောတို့တွင်။ သမဘာဝေန၊ ညီမျှသည် ၏ အဖြစ်ဖြင့်။ ပဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ သတ္တ ရဇ တမသခ်ါတာနံ၊ သတ္တ ဂုဏ် ရဇဂုဏ် တမဂုဏ်ဟု ဆိုအပ်ကုန်သော။ သုခဒုက္ခမောဟာနံ၊ တို့၏။ သမု- ဒါယော၊ အပေါင်းကို။ ပကတိဣတိ စ၊ ပကတိဟူ၍ဒင်း၊ ပဓာနန္တိ စ၊ ပဓာန ဟူ၍ဒင်း။ ဝုစ္စတိ၊ ခေါ် ဆိုအပ်၏[၁]။ သတ္တာမတ္တာသံဝေဒနီယော၊ ထင်ရှားရှိသည် ၏ အဖြစ်မျှဟု သိအပ်သောသဘောသည်၊ ဝါ၊ အဖြစ်မျှမှ ဖြစ်ပွါးလာသော

---

၁-ဤပကတိဝါဒသည် ကပိလရသေ့၏ ဝါဒဖြစ်သည်၊ ထိုရသေ့ စီရင်ခဲ့သော သာချ်-ပဝစန-ခေါ် သောကျမ်းရင်း၌ "သတ္တရဇတမာနံ သာမျာဝတ္ထာ ပကတိ" ဟု ဆိုထားသည်၊ သတ္တဂုဏ် ရဇဂုဏ် တမဂုဏ်တို့၏ ညီမျှသည်၏ အဖြစ်ဟူသောအခိုက်အတန့်သည် ပကတိ မည်၏-ဟု ဆိုလို၏။ သတ္တ အစရှိသောဂုဏ် ၃-ပါးတို့ အချင်းချင်း တခုကို တခုက မလွန်ပဲ အညီအမျှဖြစ်နေခိုက်မှာ ထိုဂုဏ် ၃-ပါးအပေါင်းကို ပကတိခေါ် သည်-ဟု ဆိုလို၏။ ထို ဂုဏ် ၃-ပါး၏သရုပ်ကို အဘိဓာန်ဋီကာ၌ အစဉ်အတိုင်း ရာဂ ဒေါသ မောဟ-ဟု ပြဆို၏။ သာချ်ဝါဒဆိုင်ရာ အချို့ကျမ်းတို့၌ "သတော သာစုနော ဘာဝေါ သတ္တံ၊ ပကာသကံ ဉာန်၊ ရဇော ရာဂတ္တကံ (ရာဂလျှင် သရုပ်အထည်ကိုယ် ရှိသော) ဒုက္ခဟေတု၊ တမ္မတိ ဂိလာနိံ ပပ္ပေါတိ အနေနာတိ တမော၊ အာဝရကံ မောဟဟေတု" ဟု အသေအချာပြဆို ထားသော်လည်း ထိုကျမ်းတို့နှင့်တကွ များစွာသော သာချ်ဝါဒကျမ်းတို့၌ "သတ္တံ သုခရူပံ၊ ရဇော ဒုက္ခရူပံ၊ တမော စ မောဟရူပမတ္ထိ။ ယသ္မိံ သတိ န ကုတောစိ ဘယမုပ္ပဇ္ဇတေ န ကဿမပိ အဝတ္တာယံ ဝိသာဒေါ သမုပဇာယတေ၊ တံ သတ္တံ။ ရာဂဒေါသတ္တကံ ဒုက္ခဟေတု ရဇော။ ယံ မောဟဟေတု တံ မောဟတ္တကံ တမော" ဤသို့စသည်ဖြင့် ပြဆိုချက်များလည်း

သဘောသည်။ (သိမှုနှင့်အညီပင်၊ ရှိရင်းပါ၌အရအားဖြင့် သတ္တမတ္တသမ္ပဝေဒ-နီယော၊ သတ္တဂုဏ်မျှဟု သိအပ်သောသဘောသည်၊ ဝါ၊ သတ္တဂုဏ်မျှမှုကြီးပွါးသောသဘောသည်။) မဟာ၊ မဟာမည်၏။ ဗုဒ္ဓိ၊ အသိဉာဏ်တည်း။ ဣတိ၊ သို့။ ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။)[၁] [၃၅၉] သတ္တရဇောဒီသု၊ သတ္တဂုဏ် ရဇ-ဂုဏ်အစရှိသည်တို့၌။ (သဒ္ဒါဒီသု-ဟုရှိသောသီဟိုဠ်မူအားလျော်စွာ အနက်ပေးလျှင်သဒ္ဒါဒီသု၊ သဒ္ဒတမ္မတ္တာအစရှိသည်တို့၌။) အဘိမာနော၊ ငါဟုထင်မှတ်လျက် မာန်မူခြင်းသည်။ အဟံကာရော၊ ရ-မည်၏။ အသ္မိမတ္တာ၊ ငါဖြစ်၏ဟုထင်မှတ်သော အသ္မိမာနမျှတည်း[၂]။ ဣတိ၊ သို့။ ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။)

---

ရှိသောကြောင့် ဤမဟာဋီကာ၌ ယင်း ၃-ပါး၏ သရုပ်ကို သုခဒုက္ခမောဟာနံ-ဟု ပြဆိုထားသည်။ ၎င်းတို့မှာ ဂုဏ်ဟုဆိုသော်လည်း ချီးမွမ်းဖွယ် ဂုဏ်ထူးမျိုးကားမဟုတ်၊ မင်း၏ မှူးမတ်အခြွေအရံများကဲ့သို့ ပုရိသ၏ အထောက်အပံ့ အပ္ပဓာန-မပြဓာန်းသော အရာများဖြစ်သောကြောင့် ဂုဏ-ဂုဏ်မည်သည်ဟူ၍ရင်း, ပဓာန၏ အစိတ် အပ္ပဓာနဖြစ်သောကြောင့် ဂုဏ-ဂုဏ်မည်သည်ဟူ၍ရင်း, ပုရိသခေါ် အတ္တကို ဖွဲ့ချည်ရန်ကြိုးလွန်း ၃-ခုသဖွယ် ဖြစ်သောကြောင့် ဂုဏ-ဂုဏ်မည်သည်ဟူ၍ရင်း ပြဆိုကြ၏။ ယင်းဂုဏ် ၃-ပါး မညီမျှပဲ ပြောင်းလဲလာသောအခါ မဟာ အဟင်္ကာရ စသည်ဖြစ်လာ၏၊ ၎င်းမဟာစသည်တို့သည် ဝိကတိ မည်၏၊ ညီမျှဆဲမှာ ပကတိမည်၏။ ယင်းပကတိမှ သက်ရှိသက်မဲ့ တလောကလုံး ဖြစ်ပွါးသည်ဟူ၍ရင်း, ထိုဖြစ်ပွါးလတံ့သော အကျိုးများသည် အကြောင်းပကတိထဲ၌ တည်လျက်ရှိသည်ဟူ၍ရင်း သာင်္ချဝါဒီတို့က ယူဆကြ၏၊ ဤသို့ အလုံးစုံတို့၏ တည်ရာဖြစ်သောကြောင့် ယင်းပကတိကို ပဓာနဟူ၍လည်းခေါ်၏။ ထိုပြင် ကျယ်ပြန့်သောကြောင့် ဗြဟ္မာဟူ၍ရင်း,သာမန်လူတို့မသိနိုင်အောင် သိမ်မွေ့၍ မထင်ရှားသောကြောင့် အဗျတ္တာဟူ၍ရင်း, များစွာသော အရာဝတ္ထုတို့၏ တည်ရာဖြစ်သောကြောင့် ဗဟုဓာနကဟူ၍ရင်း, တိုင်းတာကန့်သတ်တတ်သောကြောင့် မာယာဟူ၍ရင်း ခေါ်သေးသည်ဟု ထိုသာင်္ချကျမ်းတို့၌ ဆို၏။

၁-ပကတိမှ ပြောင်းလဲဖြစ်ပွါးလာသော အရာဝတ္ထုတို့တွင် အကြီးဆုံးဖြစ်သောကြောင့် မဟာဟုခေါ်သည်၊ ပကတိနှင့် ပုရိသတို့မှ တပါး အဟံကာရအစရှိသော အလုံးစုံသော အရာတို့သည် ယင်းမဟာမှပင် ဖြစ်ပွါးသည်ဟု သာင်္ချဝါဒီတို့က ယူဆကြ၏။ ဗုဒ္ဓိဟုဆိုသော ဝါဒကို ဤဋီကာ၌ ကေစိဟုဆိုသော်လည်း ယခုခေတ် သာင်္ချဝါဒကျမ်းတို့၌ကား "အဇ္ဈဝ-သာယော ဗုဒ္ဓိ-ဆုံးဖြတ်ခြင်းသည် ဗုဒ္ဓိမည်၏၊" (သာင်္ချပဝစနသုတ် ၂-၁၃) ဤသို့စသည်ဖြင့် ရှိသောကြောင့် ယင်းဝါဒီအားလုံးပင် သဘောတူလက်ခံထားသော သမာနဝါဒဖြစ်နေသည်ကို တွေ့ရ၏။ ယင်းမဟာကို "သိကြောင်းဖြစ်သောကြောင့် မတိ ဟူ၍ရင်း, အရာဝတ္ထုတို့ ထင်ရှားကြောင်းဖြစ်သောကြောင့် ချာတိ ဟူ၍ရင်း, ဉာဏ်ပညာကို ရကြောင်းဖြစ်သောကြောင့် ဉာန ဟူ၍ရင်း, ဉာဏ်ပညာကို အပြည့်အစုံရကြောင်းဖြစ်သောကြောင့် ပညာ ဟူ၍ရင်း" ဤသို့စသည်ဖြင့်လည်း ခေါ်သေးသည်ဟု ထိုသာင်္ချဝါဒကျမ်းတို့၌ ပြဆို၏။

၂-ယခုလက်ရှိ သာင်္ချကျမ်းတို့၌ကား အသ္မိတာ-ဟု ရှိ၏၊ ငါဖြစ်၏ဟု ထင်ခြင်း၏ အကြောင်း-ဟု ပြန်ဆိုအပ်၏။ ယင်းကိုလည်း သာင်္ချကျမ်းတို့၌ ကေစိဝါဒအဖြစ်ဖြင့် မပြဆိုပဲ သမာနဝါဒအဖြစ်ဖြင့်သာ ပြဆိုထားသည်ကို တွေ့ရ၏။

သဒ္ဒ ဖဿ ရူပ ရသ ဂန္ဓာ၊ အသံ, အတွေ့, အဆင်း, အရသာ, အနံ့တို့သည်။ တမ္မတ္တာနိ၊ မည်ကုန်၏။ အညမညဝိသိဋ္ဌာနံ၊ အချင်းချင်းမှ ထူးကုန်သော။

---

၁-တံ-ထိုအသံစသည်၊ ဝါ၊ ထိုအသံစသည်တို့၏+မတ္တာ-အတိုင်းအရှည်-တမ္မတ္တ-ထို (အသံစသော) အတိုင်းအရှည်မျှ၊ ထိုအသံစသည်တို့၏ အတိုင်းအရှည်မျှရှိသော သဘော များ-ဟု ဆိုလို၏။ ထို့ကြောင့် ဗိသဏပူရဏ်ကျမ်း၌—

တသ္မိံ တသ္မိံန္တု တမ္မတ္တာ၊ တေန တမ္မတ္တတာ မတာ။

န သန္တာ နာပိ ဃောရာ တေ၊ န မူဠှာ စာဝိသေသိနော-ဟု ဆို၏။

တသ္မိံ တသ္မိံ၊ ထိုထိုအသံစသည်၌။ တမ္မတ္တာ၊ ထိုအသံစသော အတိုင်းအရှည်မျှသည်၊ ဝါ၊ ထိုအသံစသည်တို့၏ အတိုင်းအရှည်မျှသည်။ (အတ္ထိ၊ ၏။) တေန၊ ထို့ကြောင့်။ (တေသံ၊ ထိုအသံစသည်တို့၏။) တမ္မတ္တတာ၊ တမ္မတ္တမည်သည်၏ အဖြစ်ကို။ မတာ၊ သိအပ်၏။ တေ၊ ထိုတမ္မတ္တတို့သည်။ န သန္တာ၊ နှစ်သက်ဖွယ် ငြိမ်းအေးချမ်းသာသည်လည်း မဟုတ်ကုန်။ န ဃောရာ၊ ကြောက်ဖွယ်ဆင်းရဲသည်လည်း မဟုတ်ကုန်။ န မူဠှာ စ၊ ထိုင်းမှိုင်းတွေဝေ သည်လည်း မဟုတ်ကုန်။ အဝိသေသိနော၊ မထူးမခြား တမျိုးတစားတည်း ဖြစ်ကုန်၏။

ထိုဂါထာ၏ အဖွင့်၌....တေသု တေသု ဘူတေသု တမ္မတ္တာ တိဋ္ဌန္တိ ဣတိ ကတွာ ဓမ္မဓမ္မိ-အဘေဒတော (ဂုဏ်နှင့် ဂုဏောမကွဲပြားခြင်းကြောင့်) ဒဗ္ဗာနမ္ပိ တမ္မတ္တတာ မတာ၊ တေ စ ပဒတ္ထာ တမ္မတ္တရူပါ (တမ္မတ္တ သဘောရှိသော ထိုပဒတ္ထတို့သည်လည်း) သန္တဃောရမူဠှာ-ချေဟိ ထူလဂတသဒ္ဒါဒိဝိသေသေဟိ သုညာ ကေဝလံ ရူပဝန္တတော။ တထာ စ သန္တာဒိဝိသေသ-သုညသဒ္ဒါဒိမန္တာနမေဝ ဘူတာနံ သဒ္ဒါဒိတမ္မတ္တတာ ဣတိ အဓိပ္ပါယော။ တတော ဧဝ အဝိ-သေသိနော အဝိသေသသညကာ ဣစ္စေတဿ အတ္ထော- ဟု ပြဆို၏။

ဤတမ္မတ္တတို့ကို အသံစသည်ဟု ဆိုသော်လည်း ပကတိ လူသာမန်တို့ ကြားနိုင် သိနိုင် ကောင်းသည်ကား မဟုတ်၊ ပတဉ္စလိ၏ ယောဂနည်းဖြင့် လေ့ကျင့်သော ယောဂီတို့နှင့် နတ်တို့သာ ကြားနိုင် သိနိုင်သည်ဟူ၍ရင်း, ပကတိလူတို့ ကြားနိုင် သိနိုင်သော အသံကြမ်း စသည် ဖြစ်ရန်အတွက် အကြောင်းမျိုးစေ့သဘောဖြစ်၍ အလွန်သိမ်မွေ့သော အသံစသည်တို့ ဖြစ်သည်ဟူ၍ရင်း သဒ္ဒတမ္မတ္တဟူသည်မှာ အသံဂုဏ်ထူးကို ဖြစ်စေနိုင်သော သိမ်မွေ့သော အာကာသဓာတ် ဖြစ်သည်ဟူ၍ရင်း ဤသို့စသည်ဖြင့် သာံချဝါဒီတို့က ဆိုကြ၏။ ထို ကြောင့်—

"သဒ္ဒတမ္မတ္တတော အာကာသံ သဒ္ဒဂုဏံ၊ သဒ္ဒတမ္မတ္တသဟိတာ ဖဿတမ္မတ္တ-တော ဝါယု သဒ္ဒဖဿဂုဏော သဒ္ဒတမ္မတ္တမှ အသံဂုဏ်ထူးရှိသော အာကာသဓာတ် ဖြစ်ပေါ်သည်၊ သဒ္ဒတမ္မတ္တနှင့် တကွဖြစ်သော ဖဿတမ္မတ္တမှ အသံနှင့် အတွေ့ ဟူသော ဂုဏ်ထူး ၂-ပါးရှိသော ဝါယောဓာတ် ဖြစ်ပေါ်သည်" ဤသို့စသည်ဖြင့် ဆိုသော (သာံချကာရိကာ၏ အဖွင့်) သာံချတတ္တကောမုဒီကို သာရဗောဓိနီ၌—

သဒ္ဒတမ္မတ္တတော-သဒ္ဒဂုဏကတော သုခုမာကာသတော သဒ္ဒဂုဏကံ ထူလ-မာကာသံ ဇာယတေ၊ သဒ္ဒတမ္မတ္တသဟိတာ ဖဿတမ္မတ္တတော-သဒ္ဒဖဿဂုဏကာ သုခုမဝါယုတော သဒ္ဒဖဿဂုဏကော ထူလော ဝါယု ဇာယတေ ဣတျာဒိ အတ္ထော ဒဋ္ဌဗ္ဗော-ဟု ဖွင့်ပြထားသောကြောင့်—

သဒ္ဒတမ္မတ္တဟူသည်မှာ အသံကိုဖြစ်စေနိုင်သည့် ဂုဏ်ထူးရှိသော (အီသာခေါ်) သိမ်မွေ့ သော အာကာသဓာတ်ဟူ၍ရင်း, ဖဿတမ္မတ္တဟူသည်မှာ အတွေ့ကို ဖြစ်စေနိုင်သည့် ဂုဏ်ထူး ရှိသော သိမ်မွေ့သော ဝါယောဓာတ်ဟူ၍ရင်း, ရူပတမ္မတ္တ ရသတမ္မတ္တ ဂန္ဓတမ္မတ္တတို့ဟူသည်

ပထဝီအာဒီနံ၊ ပထဝီအစရှိသော ဘုတ်တို့၏[၁]။ ကေုတ္တရတာဒဿနတော၊ တခုလွန်ကဲသည်၏အဖြစ်ကို တွေ့ရခြင်းကြောင့်။ တမ္မတ္တာနိ၊ တို့သည်။ ကေုတ္တရာနိ၊ တခုလွန်ကဲကုန်၏[၂]။ ဣတိ၊ ကြောင့်။ ဝိဇ္ဇုဝါသိကေလက္ခဏေဟိ၊ ထွင်းအပ်သော ပဲခွပ်ကဲ့သို့ တမျိုးတစားတည်း လက္ခဏာရှိကုန်သော။ (ဤကား ပါဠိရှိရင်း အတိုင်းသင့်လျော်အောင်ပြန်အပ်သော အနက်ဖြစ်သည်။ ပဲခွပ်ထွင်းမည့် သံတုံး

---

မှာ အစဉ်အတိုင်း အဆင်း, အရသာ, အနံ့တို့ကို ဖြစ်စေနိုင်သည့် ဂုဏ်ထူးရှိသော သိမ်မွေ့သော တေဇော, အာပေါ, ပထဝီဓာတ်တို့ ဖြစ်ကြသည်ဟူ၍ရင်း ယင်းဝါဒီတို့၏ အလိုအားဖြင့် မှတ်အပ်၏၊ နောက်၌သာ၍ ထင်ရှားလတ့်။

၁-ဤအရာ၌ သာချံဝါဒမူလကျမ်းရင်းတို့၏ အလိုအားဖြင့် ပြဆိုခဲ့သော သဒ္ဒတမ္မတ္တ စသည်တို့နှင့် အစဉ်အတိုင်း စပ်ဟပ်၍ အာကာသ, ဝါယု, တေဇ, အာပ, ပထဝီ-ဟု ယူရန် 'အာကာသာဒီနံ' ဟု ဆိုသင့်သော်လည်း အချို့သော နောက်ရေးသာချံကျမ်းတို့၌ ပထဝီမှစ၍ ပြဆိုချက်များလည်း ရှိသောကြောင့် ပထဝီမှစ၍ ပြဆိုသော သာသနိကအစဉ်နှင့်လည်း ညီစေရန် ဤအရာ၌ အထက်ပါအတိုင်း ပထဝီမှစ၍ ပြဆိုသည်ဟု ယူရာ၏။

၂-ကေုတ္တရ ဖြစ်ပုံကား အာကာသ၌ သဒ္ဒလွန်ကဲ၏၊ ထိုအတူ ဝါယော, တေဇော, အာပေါ, ပထဝီတို့၌ အစဉ်အတိုင်း ဖောဋ္ဌဗ္ဗ, ရူပ, ရသ, ဂန္ဓတို့ လွန်ကဲကုန်၏-ဟု သာချံကျမ်း ဆရာတို့သည်ရင်း, ဝိသေသိကဒဿနကျမ်း ဆရာတို့သည်ရင်းဆိုကုန်၏။ ဝိသေသိကကျမ်းတို့၌ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ-ဟု ပြဆိုသော အစဉ်မျှသာထူးသည်။ ဤဋီကာ၌လည်း ပထဝီအာဒီနံ-ဟု ပထဝီမှစ၍ ပြသောကြောင့် ထိုဝိသေသိကကျမ်းဆရာတို့၏ ဝါဒကို ပြလေသလောဟူ၍လည်း ယူဆဖွယ်ရှိ၏။ သို့ဖြစ်လျှင် ဝိဇ္ဇုဝါသိ-ဟူသောပါဌ်အရာ၌ ဝိသေသိကဝါဒိနော-ဟု ပြင်၍ "တမ္မတ္တာနိ၊ တို့သည်။ ကေုတ္တရာနိ၊ ကုန်၏။ ဣတိ၊ သို့။ ဝိသေသိကဝါဒိနော၊ ဝိသေသိကဝါဒီတို့သည်။ (ဝဒန္တိ၊ ကုန်၏။) ကေလက္ခဏေဟိ၊ တမျိုးတည်းသော လက္ခဏာရှိကုန်သော။ တမ္မတ္တေဟိ၊ တို့မှ။ အနေကလက္ခဏာ၊ သန္တ, ဃောရ စသည်အားဖြင့် များသောလက္ခဏာရှိကုန်သော။ ဝိသေသာ၊ တို့ကို"။ ဤသို့ စသည်ဖြင့် အနက်ပြန်ရာ၏။ ထိုသာသနာပ ဗာဟိရပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် တမ္မတ္တာတို့၌ တခုလွန်ပုံကို အောက်ပါ ယောဂဘာသကျမ်းနှင့် သာရဗောဓိနီကျမ်းတို့ဖြင့် သိအပ်၏။

"ကေဒ္ဒိတိစတုပဥ္စလက္ခဏာ သဒ္ဒါဒယော" ဣတိယောဂဘာသေန သုခုမာကာသရူပ-သဒ္ဒတမ္မတ္တံ (သိမ်မွေ့သော အာကာသလျှင် အထည်ကိုယ်ရှိသော သဒ္ဒတမ္မတ္တသည်) သဒ္ဒ-မတ္တဓမ္မကံ (အသံမျှသဘော လက္ခဏာရှိ၏)၊ သုခုမဝါယုသခ်ါတဖဿတမ္မတ္တံ စ သဒ္ဒဖဿ-ဓမ္မကံ၊ သုခုမတေဇောဘိဓေယျရူပတမ္မတ္တံ စ သဒ္ဒဖဿရူပဓမ္မကံ၊ သုခုမဇလရူပရသ-တမ္မတ္တံ စ သဒ္ဒဖဿရူပရသဓမ္မကံ၊ သုခုမပထဝီသခ်ါတဂန္ဓတမ္မတ္တံ စ သဒ္ဒဖဿရူပရသဂန္ဓ-ဓမ္မကံ (အသံအတွေ့ အဆင်းအရသာ အနံ့သဘော လက္ခဏာရှိ၏)၊ ဣတိဗောဓနေတော။

ဆိုလိုသည်မှာ သိမ်မွေ့သော အာကာသဟူသော သဒ္ဒတမ္မတ္တမှာ အသံမျှသာရှိသည်၊ သိမ်မွေ့သော ဝါယောဓာတ်ဟူသော ဖဿတမ္မတ္တမှာ အသံနှင့် အတွေ့ဟူသော ဂုဏ်နှစ်ပါး ရှိသည်၊ သိမ်မွေ့သော တေဇောဓာတ်ဟူသော ရူပတမ္မတ္တမှာ အသံ အတွေ့နှင့် အဆင်းဟူသော ဂုဏ်သုံးပါးရှိသည်၊ သိမ်မွေ့သော အာပေါဓာတ်ဟူသော ရသတမ္မတ္တမှာ အသံ အတွေ့ အဆင်းနှင့် အရသာဟူသော ဂုဏ်လေးပါးရှိသည်၊ သိမ်မွေ့သော ပထဝီဓာတ်ဟူသော ဂန္ဓ-တမ္မတ္တမှာ ဂန္ဓပါ ဂုဏ်ငါးပါးလုံးရှိသည်၊ ဤသို့ ဂုဏ်တခုတခုလွန်သည်-ဟု ဆိုလို၏။

မှာ မထွင်းရသေးမီက ကောင်းဆိုးကြီးငယ်စသည်ဖြင့် ပဲခွပ်ပုံအထူးအပြား မရှိသေးပဲ တမျိုးတစားတည်းသာ ရှိနေသကဲ့သို့ တမ္ဗတ္တတို့၌ သန္တဃောရမူဋ္ဌအားဖြင့် အထူးအပြားမရှိသေးပဲ တမျိုးတစားတည်း လက္ခဏာရှိသည်ကို ဆိုသည်ဟု ယူအပ်၏။ အဝိသေသကေလက္ခဏေဟိ-ဟူ၍သော်လည်း ပါဌ်ရှိသင့်၏။ "သန္တ-ဃောရမူဋ္ဌအားဖြင့် အထူးအပြားမရှိပဲ တမျိုးတစားတည်း လက္ခဏာရှိကုန်သော"ဟု အနက်ပြန်ရာ၏) တမ္ဗတ္တေဟိ၊ ငါးပါးသော တမ္ဗတ္တတို့မှ။ ကေ-လက္ခဏာ၊ တမ္ဗတ္တတို့နှင့်တူသော လက္ခဏာရှိကုန်သော။ (ဤ၌လည်း "အနေက-လက္ခဏာ၊ သန္တ ဃောရစသည်အားဖြင့် များသောလက္ခဏာရှိကုန်သော" ဟူ၍သော်၎င်း "ထူလလက္ခဏာ၊ ကြမ်းတမ်းသော လက္ခဏာရှိကုန်သော" ဟူ၍သော်၎င်း ပါဌ်ရှိသင့်၏) ဝိသေသာ၊ ငါးပါးသော ဘုတ်အထူးတို့ကို။ သဇ္ဇီ-ယန္တိ၊ စီရင်အပ်ကုန်၏။ (သီမူ၌ သဥ္ဇီယန္တိ-ဟု ရှိ၏) တနည်းကား။ ဝိသေသာ၊ ငါးပါးသော ဘုတ်အထူးတို့သည်။ သဇ္ဇီယန္တိ၊ ဖြစ်ပွါးကုန်၏[၁]။ ပန၊ ထိုမှတပါး။ နေသံ၊ ထိုဘုတ်တို့၏။ (အညေသံ-ဟု ရှိသင့်၏။ အညေသံ၊ လွန်ကဲသည်မှတပါးသောဘုတ်တို့၏။) သုခုမဘာဝေန၊ သိမ်မွေ့သည်၏ အဖြစ်ဖြင့်။ သမ္ပ-ဝေသနတော၊ ပါဝင်ခြင်းကြောင့်၊ ဝါ၊ အတွင်းငုပ်ခြင်းကြောင့်။ (နေသံ သမ္ပဝေသနတော-အရာ၌ သီမူတွင် တေသမ္ပဝေသတော-ဟု ရှိ၏) ကေုတ္တရတာ၊ တခုလွန်ကဲသည်၏အဖြစ်သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။)[၂] သဝနာဒိဝုတ္တိကာနိ၊ ကြားခြင်းစသည်ကို ဖြစ်စေတတ်ကုန်သော။ သောတာဒီနိ၊ သောတအစရှိကုန်သော[၃]။ ပဥ္စ၊ ငါးပါးသောတတွတို့သည်။ ဗုဒ္ဓိန္ဒြိယာနိ၊ ဗုဒ္ဓိန္ဒြေတို့တည်း[၄]။ ဝစနာဒါနဝိစရဏုဿဂ္ဂါနန္ဒကိစ္စာနိ၊ ပြောဆိုခြင်း, ကိုင်ခြင်း, သွားခြင်း, ကျင်ကြီးစွန့်ခြင်း, နှစ်သက်ခြင်း (တနည်း၊

---

၁-သက်ရှိသက်မဲ့ အတွင်းအပ လောကကြီးတခုလုံးကို ပကတိမှ ဖြစ်ပွါးသည်ဟူ၍သာ သာင်္ချဝါဒီတို့က ယူကြသည်၊ တစုံတယောက်က စီရင်သည် ဖန်ဆင်းသည်ဟူ၍ကား မယူကြ၊ ထိုကြောင့် စီရင်သည်ဟု ဆိုသော်လည်း ဖြစ်ပွါးသည်ကိုသာ ဆိုလိုပေသည်။ သို့ဖြစ်၍ အဓိပ္ပါယတ္ထအားဖြင့် "ဖြစ်ပွါးကုန်၏"-ဟု ထပ်မံ၍ ပြန်ဆိုသည်။

၂-ဤ၌လည်း ကေစိ-ဟု ဆိုထားသည်မှာ ဋီကာဆရာတို့၏ခေတ်က ဝါဒကွဲဖြစ်ဟန်ရှိ၏၊ ယခုခေတ်၌ကား ထိုဝါဒမျိုး မထင်ရှားပေ။

၃-ရှေး၌ ပြခဲ့သော သဒ္ဒ ဖဿ ရူပ ရသ ဂန္ဓ ဟူသော တမ္ဗတ္တတို့၏ အစဥ်နှင့်အညီ သောတ တစ စက္ခု ရသနာ ဃာန-တို့ ဟူ၍ ဆိုလို၏။ သာသနိကဝေါဟာရအားဖြင့် ကာယနှင့် ဇိဝှါ တို့ကို သာင်္ချဝါဒီစသော လောကီကျမ်းဆရာတို့က တစနှင့် ရသနာ-ဟု ခေါ်သည်။

၄-ဗုဒ္ဓိ-အသိ+ဣန္ဒြိယ-ပုရိသခေါ်သော ပိုင်ရှင်အတ္တ၏ လက်နက်ကိရိယာ အသုံးအဆောင်၊ ဝါ၊ အတ္တကိုမှန်းဆ၍ သိကြောင်း။ ဗုဒ္ဓိန္ဒြိယ-ဗုဒ္ဓိန္ဒြေ-သိကြောင်း ကိရိယာ တန်ဆာပလာ ဖြစ်သောဣန္ဒြေ-ဟု ဆိုလို၏။

နှစ်သက်ခြင်းလျှင် အကြောင်းရှိသော ပေါက်ဖွားခြင်း) ကိစ္စရှိကုန်သော[၁]။ ဝါစာဒီနိ၊ ဝါစာအစရှိကုန်သော[၂]။ ပဉ္စ၊ ငါးပါးသော တတွ တို့သည်။ ကမ္မိန္ဒြိယာနိ၊ ကမ္မဣန္ဒြေတို့တည်း[၃]။ မနော၊ မနသည်။ အန္တောကရဏံ၊ အတွင်းကရိုဏ်းတည်း။ [ဥဘယတ္တကံ မနော- (သာံချပဝစန ၂-၂၆) ဟူသည်နှင့်အညီ ဤ၌ "မနော ဥဘယိန္ဒြိယံ၊ တံ အန္တောကရဏံ" ဟု ရှိသင့်၏။ မနော၊ သည်။ ဥဘယိန္ဒြိယံ၊ ကမ္မိန္ဒြေ ဗုဒ္ဓိန္ဒြေနှစ်ပါးလုံးမည်၏။ တံ၊ ထိုမနသည်။ အန္တော-ကရဏံ၊ အတွင်းကရိုဏ်းတည်း။] ဣဘာရံ၊ ဤမှတပါးသော ဣန္ဒြေဆယ်ပါးသည်။ ဗာဟိရကရဏံ၊ အပြင်ကရိုဏ်တည်း။ ဂန္ဓာဒီဟိ၊ ဂန္ဓအစရှိသော တမ္မတ္တတို့သည်[၄]။ အာရဒ္ဓါနိ၊ အားထုတ်အပ် ဖြစ်စေအပ်ကုန်သော။ (တနည်း) ဂန္ဓာဒီဟိ၊ ဂန္ဓအစရှိသောတမ္မတ္တတို့မှ။ အာရဒ္ဓါနိ၊ ဖြစ်ပွါးကုန်သော[၅]။ ပထဝီ ဥဒက အဂ္ဂိ ဝါယု အာကာသာနိ၊ မြေ ရေ မီး လေ အာကာသတို့သည်[၆]။ ဘူတာနိ၊ ဘုတ်တို့မည်ကုန်၏။ ပုရိသော၊ ပုရိသဟု ခေါ်သော အတ္တသည်။ စေတနာသဘာဝေါ၊ စေတနာသဘောရှိ၏။ ဣတိ ဧဝံ၊ ဤသို့။ ပကတိအာဒီနိ၊

---

၁-ဤပုဒ်၌ ဝိစရဏအရာတွင် သာံချကာရိကာ၌ ဝိဟရဏ-ဟူ၍ပင်ရှိ၏၊ ယင်းဝိဟရဏကို အနက်ပြန်သော အခါ၌လည်း ဂမန-သွားခြင်း-ဟူ၍ပင် ပြန်ကြ၏။ ထိုကြောင့် ရှေးမူတို့၌ ရှိသော ဝိဟရဏ-ဟူသောပါဌ်သည် မူလရေးရင်းပါဌ် ဖြစ်ရာ၏။ အာနန္ဒ-ပုဒ်ကို သာရ-ဗောဓိနီ၌ "မုတ္တာစာဂေါ ရမဏံ စ ဥပတ္ထဿ ဝုတ္တီတိ ဧယံ့-ဟု ဖွင့်၏၊ ကျင်ငယ်စွန့်ခြင်းနှင့် မေထုန်ဖြင့် ပျော်မွေ့ခြင်းကို ပဿာဝမဂ်၏ ကိစ္စ-ဟု ဆိုလို၏။ ထိုကျမ်းစာအုပ်တွင် အောက်ခြေ မှတ်ချက်၌ "ယဒျပိ အာနန္ဒော ဗုဒ္ဓိဂတဘာဝတော ဥပတ္ထဗျာပါရော န ဘဝိတုမရဟတိ၊ တထာပိ အာနန္ဒပဒေန အာနန္ဒဟေတုထီပုလ္လိင်္ဂဖဿဝိသေသော ဧဝ ဝုတ္တဝုတ္တိဖလမိတိ ဧဉ ယံ့"-ဟု ပြထား၏။ ဤအရာ၌ ဆိုထားသော ဝုတ္တိ-ပုဒ်သည် ကိစ္စ-ပုဒ်နှင့် အနက်တူ၏၊ ထိုကြောင့်ပင် ဤဋီကာတွင် ဗုဒ္ဓိန္ဒြေအရာ၌ ဝုတ္တိ-ဟု ဆိုခဲ့ပြီးလျှင် ဤ ကမ္မိန္ဒြေအရာ၌ ကိစ္စ-ဟု ဆိုထားပေသည်။

၂-ဝါစာ-လည်ချောင်းအာစောက်စသော ဌာန်ဟူသော နှုတ်၊ ပါဏိ-လက်၊ ပါဒ-ခြေ ပါယု-ဝစ္စမဂ်၊ ဥပတ္ထ-ပဿာဝမဂ်တို့ကို ဆိုသည်။

၃-ကမ္မိန္ဒြေ-အလုပ်လုပ်ကြောင်း ကိရိယာတန်ဆာပလာဖြစ်သော ဣန္ဒြေ-ဟု ဆိုလို၏။

၄-၆-ရှေး၌ မူလသာံချဝါဒကျမ်းတို့နှင့် အညီ "သဒ္ဒဖဿရူပရသဂန္ဓာ" ဟု ဆိုခဲ့၏၊ ထို နှင့်လျော်စွာ ဤအရာ၌လည်း "သဒ္ဒါဒီဟိ အာရဒ္ဓါ အာကာသဝါယုအဂ္ဂိဥဒကပထဝိယော" ဟု ဆိုသင့်၏၊ သို့သော်လည်း အချို့သော သာံချဝါဒကျမ်းတို့၌ ဂန္ဓမှ စ၍ရင်း, ပထဝီမှ စ၍ရင်း ဆိုထားသောအစဉ်လည်းရှိသောကြောင့် ပထဝီမှစ၍ဆိုသော သာသနိကဝေါဟာရ အစဉ်နှင့်လည်း ညီစေရန် ဤအရာ၌ "ဂန္ဓာဒီဟိ" ဟူ၍ရင်း, "ပထဝီဥဒကအဂ္ဂိဝါယု-အာကာသာနိ" ဟူ၍ရင်း ဆိုသည်ဖြစ်ရာ၏။

၅-အာရဒ္ဓ-အာရမ္ဘ-ပုဒ်တို့ကို သာံချကျမ်းတို့၌ "ဖြစ်ပွါးသည်-ဖြစ်ပွါးခြင်း"ဟု ပြန်ဆိုကြ၏၊ ထိုပြန်ဆိုချက်အားလျော်စွာ ဤ၌လည်း "ဖြစ်စေအပ်သည်ဖြစ်ပွါးသည်" ဟု ပြန်သည်၊ သင့်လည်း သင့်၏။

ပကတိအစရှိသော တတ္တတို့ကို။ သရူပတော၊ သရုပ်အားဖြင့်။ ဝေဒိတဗ္ဗာနိ၊ ကုန်၏ [၁]။

---

၁-ဤအဆုဋ္ဌ သာင်္ချဝါဒကို အနည်းငယ်ဖော်ပြဦးအံ့....သတ္တ ရဇ တမာနံ သာမျာဝတ္ထာ ပကတိ၊ ပကတိယာ မဟာ၊ မဟတော အဟံကာရော၊ အဟံကာရတော ပဉ္စ တမ္မတ္တာနိ ဥဘယမိန္ဒြိယံ၊ တမ္မတ္တေဟိ ထူလဘူတာနိ၊ ပုရိသော ဣတိ ပဉ္စဝီသတိဂဏော။ (သာင်္ချပ-ဝစနသုတ် ၁၊ ၆၁) ဟူသည်နှင့်အညီသတ္တဂုဏ် ရဇဂုဏ် တမဂုဏ်တို့၏ ညီမျှသော အခိုက် အတန့်သည် ပကတိမည်၏၊ ပုရိသနှင့် ပေါင်းစပ်မိသောအခါ ထိုပကတိမှ မဟာမည်သော ဗုဒ္ဓိသည် ဖြစ်ပေါ်၏၊ ထိုမဟာမှ အဟံကာရဖြစ်ပေါ်၏၊ ထိုအဟံကာရမှ ငါးပါးသော တမ္မတ္တတို့နှင့် ဣန္ဒြေနှစ်မျိုးတို့ ဖြစ်ပေါ်ကုန်၏၊ တမ္မတ္တတို့မှ ကြမ်းတမ်းသော ဘူတရုပ်ငါးပါးတို့ ဖြစ်ပေါ်ကုန်၏၊ ပုရိသဟုခေါ်သော အတ္တနှင့်တကွ ဤနှစ်ဆယ့်ငါးပါးသည် သာင်္ချဝါဒီတို့၏ တတ္တဟုခေါ်သော သဘောတရားအပေါင်းဖြစ်ပေသည်။ ထိုတွင် ဣန္ဒြေနှစ်မျိုးတို့ ဟူသည်ကား ဋီကာ၌ ပြခဲ့ပြီးသော ဗုဒ္ဓိန္ဒြေငါးပါး, ကမ္မိန္ဒြေငါးပါးနှင့် ဥဘယိန္ဒြေဟု ခေါ်သော မနတို့ပင်ဖြစ်သည်။

ထို နှစ်ဆယ့်ငါးပါးတို့တွင် ပကတိနှင့် ယင်းမှဖြစ်ပွါးသော တတ္တ နှစ်ဆယ့်သုံးပါးတို့မှာ စိတ်စေတနာမရှိ ရုပ်တရားဟူ၍၎င်း, ပုရိသသည်သာလျှင် စိတ်စေတနာသဘောရှိသည်ဟူ၍၎င်း ဆိုကြ၏။ ပုရိသနှင့် ပကတိတို့သည်အစမရှိ,အဆုံးမရှိ အကြောင်းမရှိ မပျက်စီးပဲ အစဉ် ထာဝရ အမြဲတည်နေကြသည်ဟူ၍၎င်း, ပုရိသမှာ ပေါက်ဖွားစေခြင်းသဘောမရှိ၊ ပကတိ သည်သာလျှင် ပုရိသနှင့် ပေါင်းစပ်မိသောအခါ မဟာအဟံကာရစသည်တို့ကို ဖြစ်ပွါး စေလျက် သက်ရှိသက်မဲ့ အတွင်းအပ အရာဝတ္ထု ဟူသမျှတို့ကို ဖြစ်ပေါ်စေသည်ဟူ၍၎င်း ဆိုကြ၏။

ထိုပြင် ပကတိသည် တစုံတခုကြောင့်မျှ ဖြစ်ပေါ်လာသော ဝိကတိမဟုတ်သောကြောင့် ပကတိသာလျှင် မည်၏၊ မဟာ အဟံကာရနှင့် တမ္မတ္တတို့သည် ပကတိစသောအကြောင်းမှ ဖြစ်ပွါးခဲ့သောကြောင့် ဝိကတိလည်းမည်၏၊ အဟံကာရ ဣန္ဒြေ တမ္မတ္တ ဘူတရုပ်တို့ကို ဖြစ်စေ တတ်သောကြောင့် မူလအကြောင်းပကတိလည်းမည်၏၊ ဣန္ဒြေတဆယ့်တပါးနှင့် အာကာသ စသော ဘူတရုပ်ငါးပါးတို့သည် အဟံကာရ တမ္မတ္တတို့မှ ဖြစ်ပေါ်လာသောကြောင့်၎င်း, မိမိ တို့က တခြားအရာကို မဖြစ်ပွါးစေတတ်သောကြောင့်၎င်း အကျိုးဝိကတိသာ မည်ကုန်၏။ ပုရိသသည်ကား တစုံတခုသောအကြောင်းကြောင့်လည်း မဖြစ်၊ မိမိကလည်း တစုံတခု ကိုမျှ မဖြစ်စေတတ်သောကြောင့် အကြောင်းပကတိလည်းမဟုတ် အကျိုးဝိကတိလည်း မဟုတ်ဟု ဆိုကုန်၏။

သတ္တဝါ၏ ကိုယ်ထဲ၌ ထူလသရီရခေါ် ကြမ်းသော ကိုယ် တခု, သုခုမသရီရခေါ် သိမ် မွေ့သော ကိုယ်တခုအားဖြင့် ကိုယ်နှစ်မျိုးရှိသည်ဟူ၍၎င်း, ကြမ်းသောကိုယ်မှာ မိဘတို့၏ အသားအသွေးနှင့် ကြမ်းသော ဘူတရုပ်တို့ဖြင့် ပြီး၍ သေသောအခါ ပျက်စီးသွားသည် ဟူ၍၎င်း, သိမ်မွေ့သောကိုယ်မှာ မဟာ, အဟံကာရ, ဣန္ဒြေတဆယ့်တပါး, တမ္မတ္တငါးပါး တို့ဖြင့်ပြီး၍ ယင်းကို လိင်္ဂသရီရခေါ်သည်၊ ယင်းသည်ကား သေသောအခါ၌ ခန္ဓာကိုယ် ကြမ်းထဲမှ ထွက်သွား၍ တခြားခန္ဓာကိုယ်၌ တည်သည်၊ ပျက်စီးခြင်းမရှိဟူ၍၎င်း ဆို၏။ အောက်ပါမှာ သာင်္ချကာရိကာကျမ်းမှ ဂါထာတို့ဖြစ်သည်။

သုခုမာ မာတာပိတုဇာ၊ ပဘူတေဟိ တိဓာ ဝိသေသာ သိယုံ။
သုခုမာ တေသံ နိယတာ၊ မာတာပိတုဇာ နိဝတ္တန္တေ။ (သံ-ကာ ၃၉)

ဟိ၊ (ပကတိစသော တတ္တတို့၏ နာမ်ရုပ် ၂-ပါး၌ ဝင်ပုံ မဝင်ပုံအချက်ကို) ဆက်၍ဆိုဦးအံ့။ တတ္ထ၊ ထိုပကတိအစရှိသည်တို့တွင်။ တာဝ၊ စွာ။ ပကတိ၊ သည်။ သုခ ဒုက္ခ မောဟ မတ္တတာယ၊ သုခ ဒုက္ခ မောဟမျှ၏ အဖြစ်ကြောင့်။

---

သုခုမာ၊ သိမ်မွေ့သော ကိုယ်တို့သည်ရင်း။ မာတာပိတုဇာ၊ မိဘတို့မှဖြစ်သောကိုယ်တို့သည်ရင်း။ (အမွေး သွေး အသားတို့မှာ အမိမှဖြစ်ကြသည်၊ အကြောအရိုး ချဉ်ဆီတို့မှာ အဘမှ ဖြစ်ကြသည်-ဟု ထို၏ အဖွင့် သာရကောမုဒီ၌ ဆို၏) ပဘူတေဟိ သဟ၊ မဟာဘုတ် ရုပ်ကြမ်းတို့နှင့် တကွ။ တိဓာ၊ သုံးပါးအပြားအားဖြင့်။ ဝိသေသာ၊ ထူးခြားသော ကိုယ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ (ဤဒုတိယပါဒ၌ ပဘူတဲး-ဟူသော သက္ကတမှ ပဘူတေဟိ-ဟု ပါဠိပြန်ရသောကြောင့်ရင်း, သျုး-မှ သိယုံ-ဟု ပြန်ရသောကြောင့်ရင်း အက္ခရာ ၂-လုံး ပိုနေသည်။) တေသံ၊ ထိုကိုယ်တို့တွင်။ သုခုမာ၊ သိမ်မွေ့သော ကိုယ်တို့သည်။ နိယတာ၊ ပျက်စီးခြင်းမရှိဘဲ ကမ္ဘာ ပျက်သည်တိုင်အောင် ခိုင်မြဲကုန်၏။ (ကမ္ဘာ ပျက်မှ ပျက်သည်-ဟု ဆိုလို၏) မာတာပိတုဇာ၊ မိဘမှဖြစ်သော ကိုယ်တို့သည်။ နိဝတ္တန္တေ၊ တခုတခုသော ဘဝ၌ သေသောအခါတွင် ဆုတ်နစ်(ကျန်ရစ်လျက်) ပျက်စီးကုန်၏။

> ပုဗ္ဗုပ္ပန္နမသတ္တံ၊ နိယတံ မဟဒါဒိသုခုမပရိယန္တံ။
> သံသရတိ နိရုပဘောဂံ၊ ဘာဝေဟျဓိဝါသိတံ လိင်္ဂံ။ (သံ-ကာ ၄၀)

ပုဗ္ဗုပ္ပန္နံ၊ (ပုရိသ-ဟု ခေါ်သော အတ္တ တခုစီအတွက် ပကတိက ကိုယ်တခုစီ ဖြစ်စေခဲ့၍)ရှေးကမ္ဘာဦးကာလကပင်ဖြစ်ပေါ်ခဲ့သော။ မဟဒါဒိသုခုမပရိယန္တံ၊ မဟာ အစ-သိမ်မွေ့သော တမ္မတ္တလျှင် အဆုံးရှိသော။ (မဟာ, အဟံကာရ, ဣန္ဒြေ ၁၁-ပါး, တမ္မတ္တ ငါးပါး-ဤ ၁၈-ပါးသော အစိတ်တို ပါဝင်သောကိုယ်-ဟု ဆိုလို၏) လိင်္ဂံ၊ လိင်္ဂသရီရခေါ်သော သိမ်မွေ့သောကိုယ်သည်။ အသတ္တံ၊ (ခန္ဓာအိမ်သစ်ဆီသို့ သွားသောအခါ ကျောက်တောင်ကိုသော်လည်း ဖောက်ထွင်းသွားနိုင်သောကြောင့် မည်သည့်အရပ်၌မျှ) အငြိအတွယ်အပိတ်အပင်မရှိ။ နိယတံ၊ (ဖြစ်ပေါ်ခဲ့သည်မှ စ၍ ကမ္ဘာပျက်သည်တိုင်အောင်) ပျက်စီးခြင်းမရှိပဲ ခိုင်မြဲတည်တံ့၏။ နိရုပဘောဂံ၊ မိမိသက်သက်မူကား မခံစားနိုင်သောကြောင့်။ ဘာဝေဟိ အဓိဝါသိတံ၊ ကောင်းမှုကံ မကောင်းမှုကံတို့ဖြင့် အထုံရသည်ဖြစ်၍။ (ဤ ၂-ပုဒ်သည် ဟေတုမန္တဝိသေသနများဖြစ်၏။) သံသရတိ၊ (တခုတခုသောဘဝ၌ ထူလသရီရခေါ်သော ခန္ဓာကိုယ်ဟောင်း ပျက်စီးသောအခါ အသစ်အသစ်ဖြစ်သော ထူလသရီရခေါ် ခန္ဓာကိုယ် ကြမ်းသို့) ပြောင်းရွှေ၍ ပြောင်းရွှေ၍ ကျင်လည်၏။

ဤ ကပိလဂိုဏ်းဝင် သာင်္ချဝါဒီတို့၏ အယူ၌ "ပကတိစသည်မှ မဟာ အဟံကာရစသည် ဖြစ်ပေါ်လာသည်"ဟု ဆိုသော်လည်း မရှိသေးသော အသစ်တစုံတရာ ဖြစ်ပေါ်လာသည်ကားမဟုတ်၊ သိမ်မွေ့၍ မထင်ရှားသော ရှိပြီးပကတိစသည်မှ ကြမ်းတမ်းထင်ရှားသည့် အနေအားဖြင့် ပေါ်လာခြင်းသာဖြစ်သည်၊ မူလက မရှိသောအခြေအနေမှ ရှိသည့်အနေဖြင့် အသစ်ဖြစ်ပေါ်လာခြင်းမည်သည် မရှိဟူ၍ ဆိုကြ၏၊ ထိုပြင် ပျက်သောအခါ၌လည်း ကြမ်းတမ်းသော မဟာဘုတ်တို့မှ သိမ်မွေ့၍ တမ္မတ္တအဖြစ်သို့ ရောက်သည်၊ ထိုတမ္မတ္တနှင့် ဣန္ဒြေတို့မှ အဟံကာရအဖြစ်သို့ ပြန်ရောက်သည်၊ ထိုမှ တဖန် မဟာအဖြစ်သို့ ပြန်ရောက်သည်၊ မဟာမှ တဖန် သတ္တ, ရဇ, တမဟူသော ဂုဏ် ၃-ပါးညီမျှသည့် ပကတိအဖြစ်သို့ ပြန်ရောက်သည်။ ဤသို ကြမ်းတမ်းထင်ရှားသော အခြေအနေမှ သိမ်မွေ့၍ မထင်ရှားသော အခြေအနေသို့ ရောက်သွားခြင်းမျှသာဖြစ်သည်၊ ထင်ရှားရှိနေသော အရာဝတ္ထု

နာမံ၊ နာမ်တည်း။ သမဝိသမဘာဝါပတ္တိတော၊ ညီမျှသည်၏အဖြစ်, မညီမျှသည်၏ အဖြစ်သို့ရောက်ခြင်းကြောင့်။ အနိစ္စာ စ၊ မမြဲသောတရားသည်ရင်း။ ဒုက္ခာ စ၊ ဆင်းရဲသောတရားသည်ရင်း။ သင်္ခတာ စ၊ ပြုပြင်အပ်သော သင်္ခတတရားသည်ရင်း။ အာပန္နာ၊ ဖြစ်၏။ မဟာပိ၊ မဟာမည်သော တတ္တသည်လည်း။ "တသ္မာ အလိင်္ဂတော၊ ထိုသိကြောင်းမဟုတ်သော ပကတိမှ၊ ဝါ၊ မသိအပ်မသိနိုင်သော ပကတိမှ။ လိင်္ဂဝိသေသမတ္တော၊ သိကြောင်းအထူးမျှဖြစ်သော[၁]။ မဟာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။" ဣတိ၊ သို့။ ဝစနတော စ၊ သာင်္ချဝါဒကျမ်းတို့၌ ဆိုသောကြောင့်ရင်း။ ဗုဒ္ဓိဘာဝါနုဇာနနတော စ၊ အသိဉာဏ်အဖြစ်ကို ခွင့်ပြုခြင်းကြောင့်ရင်း။ နာမံ၊ တည်း။ အနိစ္စံ စ၊ သည်ရင်း။ သင်္ခတမေဝ စ၊ သင်္ခတ-တရားသည်ရင်း။ အာပန္နံ၊ ဖြစ်၏။ "တသ္မာ မဟတော၊ ထိုမဟာမည်သော တတ္တမှ။ ဆ၊ ၆-ပါးကုန်သော။ ဝိသေသာ၊ အထူးတို့ကို၊ ဝါ၊ တို့သည်။ သဇ္ဇိ-ယန္တိ၊ စီရင်အပ်ကုန်၏[၂]၊ ဝါ၊ ဖြစ်ပွါးကုန်၏။" ဣတိ၊ သို့။ သဂ္ဂဝစနတော၊ စီရင်အပ်ခြင်း-ဖြစ်ပွါးခြင်းကို ဆိုသောကြောင့်ရင်း။ (သီမူနှင့်အညီပင်။ သဂ္ဂတော ဝစနတော-ဟူသော ရှိရင်းပါဌ်အရအားဖြင့်မူ "သဂ္ဂတကျမ်း၌ ဆိုသောကြောင့်ရင်း"ဟု အနက်ပေး၊ မကောင်းလှ) အသမ္ဘိတိ၊ ငါဖြစ်၏ ငါဟုတ်၏-ငါပဲဟူ၍။

---

အဖြစ်မှ လုံးဝမရှိသော အခြေအနေသို့ ရောက်လျက် လုံးလုံး ပျောက်ပျက်သွားခြင်းမည်သည် မရှိဟူ၍လည်း ဆိုကြ၏။ ထိုကြောင့်ပင် ဝိသုဒ္ဓိမဂ် (၂-၁၄၄) ၌ရင်း, သမ္မောဟ-ဝိနောဒနီ (၈၃) ၌ရင်း "န ဖလေန သဂဗ္ဘော ပကတိဝါဒီနံ ပကတိ ဝိယ"ဟု ဤပကတိဝါဒကို ပယ်လေသည်။

၁-ပကတိသည် သိကြောင်း မဟုတ်သောကြောင့်ရင်း, ထိုပကတိကို သာမန်ပုဂ္ဂိုလ်တို့ မသိနိုင်သောကြောင့်ရင်း ယင်းကို အလိင်္ဂဟုခေါ်သည်၊ မဟာ အဟံကာရ အစရှိသော ဝိကတိတို့သည် ပကတိကို မှန်းဆသိရန်အကြောင်း ဖြစ်သောကြောင့် ယင်းတို့ကို လိင်္ဂဟုခေါ်သည်။ ထိုတွင် မဟာသည်လည်း လိင်္ဂ၌ အပါအဝင်ဖြစ်သောကြောင့် ဤ၌ ယင်းကို "လိင်္ဂဝိသေသမတ္တော"ဟုဆိုသည် ဖြစ်ရာ၏။ သီဟိုဠ်မူ၌ကား "အာလိင်္ဂတော လိင်္ဂမတ္တော"ဟု ရှိ၏၊ တိုက်ရိုက်ပြသော ကျမ်းရင်းကိုကား ရှာ၍မတွေ့ရသေး။

၂-ဝိသေသ ၆-ပါးလုံး ဟူသည်မှာ (၁) အဟံကာရ၊ (၂) ဗုဒ္ဓိန္ဒြိယ၊ (၃) ကမ္မိန္ဒြိယ၊ (၄) မန၊ (၅) တမ္မတ္တ၊ (၆) ဘူတတို့ပင် ဖြစ်သည်ဟု ယူအပ်၏။ ဤသည်ကား ပါဌ်ရှိရင်းအတိုင်း အနက်ပြန်၍ အဓိပ္ပါယ်ဖော်ပြချက်ဖြစ်သည်။ သို့ရာတွင် အနုဋီ ၂-၆၇-၌ "ရူပ-တမ္မတ္တာဒယော ပဉ္စတမ္မတ္တာ, အဟံကာရော စာတိ ဆ အဝိသေသာ"ဟု မိန့်ဆိုထားသည်နှင့် အညီ ဤအရာ၌လည်း "တသ္မာ မဟတော ဆ အဝိသေသာ သဇ္ဇီယန္တီတိ" ဟု ရှိသင့်၏။ ထိုသို့ ရှိလျှင် "တသ္မာ မဟတော၊ မှ။ ဆ၊ ကုန်သော။ အဝိသေသာ၊ (သန္တဃောရမူဠ္ဇ အားဖြင့်) ထူးခြားခြင်းမရှိကုန်သော အဟံကာရနှင့် တမ္မတ္တငါးပါးဟူသော တတ္တတို့ကို၊ ဝါ၊ တို့သည်။ သဇ္ဇီယန္တိ၊ စီရင်အပ်ကုန်၏၊ ဝါ၊ ဖြစ်ပွါးကုန်၏။"ဟု အနက်ပြန်၍ "အဝိသေသ ၆-ပါးဟူသည်မှာ အဟံကာရနှင့် တမ္မတ္တငါးပါးပင်ဖြစ်သည်"ဟု ယူအပ်၏၊ ဤသို့ယူလျှင် ရှေးနှာ ၂၁၁-မှတ်ချက်၃-၌ ထုတ်ပြခဲ့သော ဗိသဏှုပုရာဏ်ဂါထာနှင့်လည်း ညီ၍ ယုတ္တတရဖြစ်ပေ၏။

ဂဟဏနိမိတ္တဘာဝါနုဇာနနေန၊ ယူခြင်း၏အကြောင်း အဖြစ်ကို ခွင့်ပြုခြင်းကြောင့်ရင်း။ အဟံကာရော၊ ရ-သည်။ အဘိမာနော၊ ငါ (ငါဥစ္စာ)ဟု ထင်မှတ်ခြင်းတည်း။ ဉာတိ ကတွာ၊ သို့နှလုံးသွင်း ယူဆခြင်းကြောင့်။ နာမံ၊ တည်း။ တတော ဧဝ၊ ထိုသို့ နာမ်ဖြစ်သောကြောင့်ပင်လျှင်။ အဿ၊ ထိုအဟံကာရ၏။ အနိစ္စသင်္ခတဘာဝါပတ္တိ စ၊ အနိစ္စအဖြစ်, သင်္ခတအဖြစ်သို့ ရောက်ခြင်းသည်လည်း။ သိဒ္ဓါ၊ ပြီး၏။ ဉာတရံ၊ ဉာဏ်မှတပါးသော။ တမ္မတ္တပဉ္စကံ၊ တမ္မတ္တငါးပါးအပေါင်းသည်။ ဂန္ဓ ရသ ရူပ ဖဿ သဒ္ဒဘာဝါနုဇာနနတော၊ ဂန္ဓ။ပ။သဒ္ဒအဖြစ်ကို ခွင့်ပြုခြင်းကြောင့်။ ရူပံ၊ ရုပ်တည်း။ ပန၊ ဆက်။ ကာပိလာနံ၊ ကပိလဂိုဏ်းဝင် သာင်္ချဝါဒီပုဂ္ဂိုလ်တို့၏။ အရူပန္တိ၊ နာမ်ဟု ယူဆခြင်းသည်။ မိစ္ဆာဘိနိဝေသမတ္တံ၊ မှားယွင်းစွာ နှလုံးသွင်းခြင်းမျှသာတည်း[၁]။ တေဟိ၊ ထိုမဟာ အဟံကာရတို့မှ၊ ဝါ၊ ထိုကပိလဂိုဏ်းဝင် သာင်္ချဝါဒီပုဂ္ဂိုလ်တို့သည်။ သောဠသ ဝိသေသာ၊ ၁၆-ပါးသော အထူးဟု ဆိုအပ်ကုန်သော။ ပဉ္စ ဘူတာနိ၊ ငါးပါးသော သိမ်မွေ့သောဘုတ်ဟူသော တမ္မတ္တတို့ကိုရင်း။ ကောဒသိန္ဒြိယာနိ စ၊ တဆဲ့တပါးသော ဣန္ဒြေတို့ကိုရင်း။ (ဣစ္ဆိတာနိ၊ အလိုရှိအပ်ကုန်၏။)[၂]ဘူတေဟိ၊ တမ္မတ္တဟူသော သိမ်မွေ့သောဘုတ်တို့မှ။ ဘူတဝိသေသာနိ၊ ကြမ်းတမ်းသော ဘုတ်အထူးတို့သည်။ (ဇာယန္တိ၊ ဖြစ်ပေါ်ကုန်၏) ဉာတိ၊ သို့။ (ဝစနတော၊ သာင်္ချကျမ်းတို့၌ ဆိုခြင်းကြောင့်။)[၃] ဂန္ဓာဒိတမ္မတ္တေဟိ၊ ဂန္ဓအစရှိသောတမ္မတ္တတို့မှ[၄]။ တန္နိဿယာနိ၊ ထိုတမ္မတ္တ

---

၁-သာင်္ချဝါဒကို စ၍တီထွင်သော ကပိလရသေ့သည်ရင်း, သူ၏နောက်လိုက် ကပိလဂိုဏ်းဝင် သာင်္ချဝါဒီတို့သည်ရင်း "ပကတိ, မဟာ,အဟံကာရ, ဣန္ဒြိယ, တမ္မတ္တ, ဘူတ" ဟူသောဉာဏ်တတ္တအားလုံးကိုပင် ရုပ်ဟုဆိုကြ၏။ ထိုတွင် မဟာ, အဟံကာရ, မနတို့ကို ရုပ်ဟုဆိုခြင်းမှားကြောင်းပြသောစကား ဖြစ်ရာ၏။ ထိုသို့ဖြစ်လျှင် ဉာဏ်ဝါကျသည် သိဒ္ဓါ-၏ နောက် ဉာတရံ-၏ ရှေး၌ တည်ရှိသင့်၏၊ အရူပန္တိ-အရာ၌လည်း ရူပန္တိ-ဟု ရှိသင့်၏၊ သို့ရှိမှ အနက်အဓိပ္ပါယ် ရမည်။ တနည်းအားဖြင့် "အရူပန္တိ-ရုပ်ကြမ်းမဟုတ်ဟု ယူဆခြင်းသည်"ဟု အနက်ပြန်ပြီးလျှင် တမ္မတ္တငါးပါးကို ရုပ်ကြမ်းမဟုတ်ဟု ဆိုသောဝါဒကို ပယ်သည်ဟူ၍သော်လည်း ယူရာ၏။ ဆင်ခြင်ပါကုန်။

၂-ဉာဏ်စကားဖြင့်—

ပကတိယာ မဟာ တတောဟံကာရော၊ တသ္မာ ဂဏော စ သောဠသကော။
တသ္မာဒပိ သောဠသကာ၊ ပဉ္စဟိ ပဉ္စ ဘူတာနိ။ (သံ-ကာ ၂၂) ဟူသော

ဉာဏ်ဂါထာ၌ ပကတိမှ မဟာ ဖြစ်ပွါးသည်၊ ထိုမဟာမှ အဟံကာရ ဖြစ်ပွါးသည်၊ ထိုအဟံကာရမှ အစိတ် ၁၆-ပါးရှိသော တတ္တအပေါင်း ဖြစ်ပွါးသည်ဟု ဆိုထားခြင်းကို ရည်သည်။

၃-ပြခဲ့ပြီးသောဂါထာ၌ ထို ၁၆-ပါးအပေါင်းထဲက ငါးပါးသော တမ္မတ္တတို့မှ ငါးပါးသော ဘုတ်တို့ ဖြစ်ကြကုန်သည်ဟူသော အဆိုနှင့် နှာ ၂၁၅-မှတ်ချက် ၆-၌ ပြခဲ့သော သာင်္ချပ္ပဝစနသုတ်မှ "တမ္မတ္တေဟိ ထူလဘူတာနိ"ဟူသောအဆိုတို့ကို ရည်ညွှန်းသည်။

၄-သာင်္ချကျမ်းတို့နှင့်အညီ သဒ္ဒါဒိတမ္မတ္တေဟိ-ဟု ဆိုသင့်သော်လည်း ပထဝီမှစ၍ ဆိုသော သာသနိကဝေါဟာရအစဉ်နှင့် လျော်စေရန် ဂန္ဓာဒိတမ္မတ္တေဟိ-ဟု ဆိုသည် ဖြစ်ရာ၏။

တို့၏ မှီရာဖြစ်ကုန်သော။ ပထဝီအာပေါတေဇောဝါယောအာကာသသင်္ခါတာနိ၊ အာကာသဟု ဆိုအပ်ကုန်သော။ ဘူတာနိ၊ ကြမ်းတမ်းသောဘုတ်တို့ကို။ ဣစ္ဆိ-တာနိ၊ အလိုရှိအပ်ကုန်၏။ တဗ္ဗိသေသာ၊ ထိုဘုတ်တို့၏ အထူးဖြစ်ကုန်သော။ နာနာဇာတိကာ စ၊ မြေ ရေ မီး လေ စသည်ဖြင့် အထူးထူးသောသဘောရှိသော အရာဝတ္ထုတို့သည်၎င်း[၁]။ ဣန္ဒြိယာနိ စ၊ (တဆဲ့တပါးသော) ဣန္ဒြေတို့သည်၎င်း။ အဟံကာရတော၊ မှ။ (ဇာယန္တိ၊ ကုန်၏။) ဣတိ၊ ဝစနတော၊ ဤသို့ဆိုခြင်းကြောင့်။ သောတကာယစက္ခုဇိဝှါဃာနဝါစာပါဏိပါဒပါယူပတ္ထာနိ စေဝ၊ နား ကိုယ် မျက်စိ လျှာ နှာ နှုတ် လက် ခြေ ဝစ္စမဂ် ပဿာဝမဂ်တို့၎င်း။ မနော စ၊ စိတ်၎င်း။ ဣတိ၊ သို့။ ကောဒသိန္ဒြိယာနိ၊ တဆဲ့တပါးသော ဣန္ဒြေတို့ကို။ (တေဟိ၊ ထိုကပိလဂိုဏ်းဝင်သာင်္ချဝါဒီတို့သည်။ ဣစ္ဆိတာနိ၊ ကုန်၏။)

တတ္ထ၊ ထိုသောဠသဝိသေသစသည်တို့တွင်။ မနော၊ မနသည်။ နာမံ၊ တည်း။ ဣတရာနိ၊ ကုန်သော။ သဗ္ဗာနိ၊ အလုံးစုံတို့သည်။ ရူပံ၊ တည်း။ စ၊ ဆက်။ ဧတ္ထ၊ ဤသောဠသဝိသေသစသည်တို့တွင်။ ဝါစာတိ၊ ဝါစာဟူသော ပဒတ္ထဖြင့်၊ ဝါ၊ ပုဒ်ဖြင့်။ အတ္ထာဝဇောတကဿ၊ အနက်ကိုပြတတ်သော။ အက္ခရသမုဒါယဿ၊ အက္ခရာအပေါင်းကို။ ဂဟဏံ၊ ယူခြင်းသည်။ (ဟောတိ၊ ၏။)[၂] ပန၊ ပကတိစသည်တို့သည် သာင်္ချဝါဒီတို့၏ အလိုအားဖြင့် ပျက်စီးခြင်းမရှိရာသောကြောင့် အဘယ်သို့ အနိစ္စ ဖြစ်ရာသနည်းဟူသော မေးဖွယ်အချက်ကို ဆက်၍ရှင်းပြဦးအံ့။ ဣမေသံ၊ ဤသာင်္ချဝါဒီတို့သည်။ ဓမ္မိနော၊ ဂုဏ်ရှိသော အထည်ဒြပ်ဝတ္ထု၏၎င်း။ ဓမ္မဿ၊ ဂုဏ်၏၎င်း။ အနညတ္တဿ၊ အချင်းချင်းမှ တခြားတပါးမဟုတ်သည်၏ အဖြစ်၏၊ ဝါ၊ ကို။ ဣစ္ဆိတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ ပရိဏာမ-ပက္ခေ၊ ပြောင်းလဲသည်ဟူသောအဖို့၌။ အနိစ္စတာ၊ မမြဲသည်၏ အဖြစ်သည်။ သိဒ္ဓါ၀၊ ပြီးသည်သာလျှင်တည်း[၃]။ အဘိဗျတ္တိပက္ခေပိ၊ မူလရှိပြီးမှ ထင်ရှား

---

၁-ဤသာဓကေ၌လည်း ကျမ်းရင်းကို မတွေ့ရသေး။ "တဗ္ဗိသေသာ၊ ကုန်သော။ နာနာ-ဇာတိကာ စ၊ ဝတ္ထုတို့ကိုလည်း။ တေဟိ၊ တို့သည်။ ဣစ္ဆိတာ၊ ကုန်၏။" ဤသို့သော်လည်း အနက်ပြန်ရာ၏။

၂-သာင်္ချကာရိကာ ၂၈-အမှတ်ဂါထာ၏ အဖွင့်ဖြစ်သော သာင်္ချကောမုဒီ၌ကား "ကဏ္ဍ-တာလွာဒိဋ္ဌာနမိန္ဒြိယံ ဝါစာ"ဟု ဖွင့်ပြထား၏။ ထိုအလိုအားဖြင့် လည်ချောင်း အာစောက် အစရှိသော အက္ခရာဖြစ်ရာ ဌာနကို "ဝါစာ-နှုတ်ဣန္ဒြေ" ခေါ်သည်ဟု မှတ်ယူအပ်၏။ ထိုသို့ ယူလျှင်လည်း ထိုဌာန်များသည် ရုပ်ပင်ဖြစ်သောကြောင့် အနိစ္စ သခ်တ အဖြစ်သို့ ရောက်သည်ပင်။

၃-ဤ၌ ဆိုလိုသည်မှာ ပကတိမှ မဟာ ဖြစ်လာသည်ဟူရာ၌ ပကတိဟူသော ဂုဏ်သည် မဟာဟူသော ဂုဏီဒြပ်၌ အတွင်းဝင်လျက်ရှိ၏၊ ဥပမာ ချည်ချောင်းများမှ ပုဆိုးဖြစ်လာရာ၌ ပုဆိုးဒြပ်ထဲ၌ ချည်ချောင်းများ ပါဝင်နေသကဲ့သို့ပင်တည်း။ ထိုကြောင့် သာင်္ချဝါဒီတို့က ပျက်စီးခြင်းမရှိဟု ဆိုကြ၏။ သို့သော်လည်း ပကတိမှ ပြောင်းလဲ၍ မဟာဖြစ်လာ

ပေါ်လာခြင်းမျှသာဟု ယူသောအဖို့၌လည်း။ တဗ္ဗိသယဉာဏုပ္ပါဒေန၊ ထိုထင်ရှား ပေါ်လာသောဝတ္ထုလျှင် အာရုံရှိသောဉာဏ်၏ ဖြစ်ခြင်းဖြင့်။ အဘိဗျတ္တိနံ၊ ထင်ရှားပေါ်လာခြင်းသည်။ ယဒိ သိယာ၊ အံ့။ အနိစ္စတာ၊ မမြဲသည်၏အဖြစ်သည်။ သိဒ္ဓါဝ၊ တည်း။ (ဖြစ်ပေါ်လာသောဉာဏ် မမြဲဟုဆိုလို၏) အထ၊ ထိုသို့ မဟုတ်မူ၍။ တတော၊ ထိုဝတ္ထု ထင်ရှားသည်မှ။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဉာဏံ၊ သည်။ အတ္ထေဝ၊ ရှိသည်သာလျှင်။ ယဒိ၊ အံ့။ (အဘိဗျတ္တိဝါဒေါဝ န သိယာ-ဟု ပါဠ်ရှိသင့်၏၊ သီဟိုဠ်မူတစောင်၌ အဘိဗျတ္တိဝါဒေါ စ န သိယာ-ဟူ၍ ရှိ၏၊ သီဟိုဠ်အက္ခရာ စ-နှင့် ဝ-သည် ဆင်တူရိုးမှားဖြစ်၍ ရေးကူးရာတွင် ပြောင်းလဲလာဟန်ရှိ၏။) အဘိဗျတ္တိဝါဒေါဝ၊ ရှိပြီးမှ ထင်ရှားပေါ်လာသည်ဟူသော ဝါဒသည်ပင်လျှင်။ န သိယာ၊ မဖြစ်နိုင်လေရာ။ (ရှေးကပင် ထင်ရှားရှိသောကြောင့် ထိုဝါဒမသင့်ဟု ဆိုလို၏) ဣတိ၊ သို့။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်သည်။ ဧတ္ထ၊ ဤအရာ၌။ ဒိသာမတ္တံ၊ ညွှန်ကြားချက်မျှသာလျှင်တည်း၊ ဝါ၊ အမြွက်မျှပြဆိုသောစကားတည်း။

ဒြဗျဂုဏကမ္မသာမညဝိသေသသမဝါယာ၊ ဒြဗ် ဂုဏ် အမှု သာမညဝိသေသ ပူးတွဲပါဝင်နေခြင်း-သမဝါယတို့သည်။ ဒြဗျာဒိကာ၊ ဒြဗျစသည်မည်ကုန်၏[၁]။ တတ္ထ၊ ထိုဒြဗျစသည်တို့တွင်။ ပထဝီ၊ ပထဝီဓာတ်ရင်း။ [၃၆၀] အာပေါ၊ အာပေါဓာတ်ရင်း။ တေဇော၊ တေဇောဓာတ်ရင်း။ ဝါယု၊ ဝါယောဓာတ်ရင်း။ အာကာသော၊ အာကာသဓာတ်ရင်း။ ကာလော၊ ကာလရင်း။ ဒိသာ၊ အရပ်ရင်း။ အတ္တာ၊ အတ္တရင်း။ မနော၊ စိတ်ရင်း[၂]။ ဣတိ၊ သို့။ နဝ၊ ကိုးပါးသော တတွတို့သည်။ ဒြဗျာနိ၊ ဒြဗ်တို့မည်ကုန်၏။ သဒ္ဒရူပရသဂန္ဓဖဿာ စ၊ အသံ,

---

သည်ဟု ဆိုရာ၌ ပြောင်းလဲခြင်းကြောင့် အနိစ္စအဖြစ်ပြီးသည်ဟု ဆိုလို၏။ မဟာမှ အဟံ-ကာရ ဖြစ်ရာစသည်တို့၌လည်း နည်းတူပင်။

၁-ဤဒြဗျာဒိဝါဒသည် ကဏာဒရသေ့၏ ဝါဒဖြစ်သည်၊ အဏုမြူကိုမူတည်၍ ဆိုသော ဝါဒဖြစ်သောကြောင့် ယင်းကို အဏုဝါဒဟူ၍လည်း ခေါ်၏။ ယခုခေတ်ကဏာဒဝါဒကျမ်းတို့၌ (၁) ဒြဗျ-ဒြဗ်၊ (၂) ဂုဏ-ဂုဏ်၊ (၃) ကမ္မ-အမှု၊ (၄) သာမည- တူညီခြင်း- မထူးခြားခြင်း၊ (၅)ဝိသေသ-ထူးခြားခြင်း၊ (၆) သမဝါယ-ပူးတွဲပါဝင်နေခြင်း၊ (၇)အဘာဝ-မရှိခြင်းဟု ခေါင်းစဉ်ခုနစ်မျိုး ခွဲခြား၍ ထုတ်ပြကုန်၏။ ထိုတွင် အဘာဝ-မရှိခြင်းဟူသော ပဒတ္ထမှာ မူလဖြစ်သော ကဏာဒ၏ကျမ်း၌ မရှိမူ၍ နောက်ဆရာတို့ ထည့်သွင်းထားသော ပဒတ္ထ ဖြစ်သည်ဟုဆို၏၊ မဟာဋီကာဆရာများ၏လက်ထက်က ယင်းအဘာဝသည် အဏုဝါဒကျမ်းတို့၌ ရှိဟန်မတူသေး။ ထိုကြောင့် ဤဋီကာ၌ ယင်းအဘာဝကို မဖော်ပြပဲ ပဒတ္ထ ခေါင်းစဉ်ခြောက်ပါးကိုသာလျှင် ပြထားသည်ဟု ယူအပ်၏။

၂-အဏုဝါဒီတို့က အတ္တကိုရင်း, မနကိုရင်း အထည်ဒြဗ်ဟူ၍ပညတ်ခေါ်ဆိုကြ၏၊ ထိုတွင် မနသည် ပရမာဏုမြူသဖွယ် အလွန်သေးငယ်သိမ်မွေ့သော ဝတ္ထုဖြစ်သောကြောင့် ယင်းကို မျက်မှောက်အားဖြင့် မသိနိုင်၊ အနုမာနအားဖြင့် မှန်းဆ၍သာ သိနိုင်သည်ဟု ဆိုကြ၏။

အဆင်း, အရသာ, အနံ့, အတွေ့တို့ရင်း။ သဏ္ဌာနပရိမာဏာနိ စ၊ အရေအတွက်နှင့် အတိုင်းအရှည်တို့ရင်း[1]။ ပုထုတ္တသံယောဂဝိယောဂပရတ္တာပရတ္တာ စ၊ အသီး အခြား၏အဖြစ်[2] ယှဉ်တွဲခြင်း ကွဲကွာခြင်း[3] ဝေးသည်၏အဖြစ် နီးသည်၏ အဖြစ်တို့ရင်း[4]။ ဗုဒ္ဓိ သုခ ဒုက္ခ ဣစ္ဆာ ဒေါသ ပယတ္တ ဂုရုတ္တ ဒြဝတ္တ သ္နေဟ- ဝေဂါ စ၊ အသိဉာဏ် ချမ်းသာ ဆင်းရဲ အလိုရှိခြင်း ရှုံ့မုန်းခြင်း အားထုတ်ခြင်း လေးသည်၏အဖြစ် အရည်၏အဖြစ် စေးကပ်ခြင်း လျှင်မြန်သော အဟုန်တို့ ရင်း[5]။ သင်္ခါရာဒိဋ္ဌာ စ၊ သင်္ခါရနှင့် အဒိဋ္ဌတို့ရင်း[6]။ ဣတိ ဧဝံ၊ သို့။ တေဝီသတိ၊

---

၁-သင်္ချာ-အရေအတွက် ဟူသည်မှာ တစ် နှစ် သုံး လေးစသော အရေအတွက်ပင် ဖြစ်သည်၊ ပရိမာဏ-အတိုင်းအရှည် ဟူသည်မှာ အကြီး အငယ် အရှည် အတို စသောအရွယ် အစား ပမာဏပင် ဖြစ်သည်။

၂-ပုထုတ္တ-အသီးအခြားဖြစ်ခြင်း ဟူသည်မှာ စာအုပ်သည် ခဲတံ မဟုတ်, ခဲတံသည် လည်း စာအုပ်မဟုတ်၊ စားပွဲခုံသည် ကုလားထိုင်မဟုတ်, ကုလားထိုင်သည်လည်း စားပွဲခုံ မဟုတ်- ဤသို့စသည်ဖြင့် အသီးအခြားဖြစ်ခြင်းပေတည်း။

၃-သံယောဂ-ယှဉ်ခြင်း ဟူသည်မှာ မူလက အသီးအခြားတည်နေသော အရာဝတ္ထုနှစ်ခု တို့၏ အကြောင်းအားလျော်စွာ ပေါင်းစပ်ယှဉ်တွဲခြင်းပင် ဖြစ်သည်၊ ဥပမာ....... လူသည် ကုလားထိုင်၌ ထိုင်သောအခါ လူနှင့်ကုလားထိုင်တို့၏ ယှဉ်တွဲခြင်းကဲ့သို့ရင်း ဘောလုံးနှစ်ခု တို့ အချင်းချင်းတိုက်ခိုက်သွားသောအခါ ယှဉ်တွဲခြင်းကဲ့သို့ရင်း ယှဉ်တွဲခြင်းမျိုးဖြစ်သည်။ ဝိယောဂ-ကွဲကွာခြင်းဟူသည်မှာ ယှဉ်တွဲနေသော အရာဝတ္ထုနှစ်ခုတို့၏ ကွဲကွာသွားခြင်း ပင်တည်း။ ဥပမာ....ကုလားထိုင်မှ လူထသွားသောအခါ ထိုလူနှင့် ကုလားတို့၏ ကွဲကွာသွား ခြင်းကဲ့သို့ရင်း, ဘောလုံးနှစ်ခုတို့ တိုက်ခိုက်ပြီးလျှင် ကွဲကွာသွားခြင်းကဲ့သို့ရင်း ကွဲကွာသွား ခြင်းမျိုးဖြစ်သည်။

၄-ပရတ္တ-ဝေးသည်၏အဖြစ်၊ အရပတ္တ-နီးသည်၏အဖြစ် ဟူသည်မှာ အရပ်အားဖြင့် ရင်း, ကာလအားဖြင့်ရင်း အရာဝတ္ထုနှစ်ခုတို့၏အချင်းချင်းဝေးကွာခြင်း, နီးကပ်ခြင်းပင်ဖြစ် သည်။ ထိုတွင် အရပ်အားဖြင့် ဝေးခြင်း နီးခြင်းမှာ သိသာထင်ရှား၏၊ ကာလအားဖြင့် ဝေးခြင်းနီးခြင်းမှာ အသက်ကြီးသောဝတ္ထုနှင့် အသက်ငယ်သောဝတ္ထုတို့၏ဝေးခြင်းနီးခြင်း မျိုးကို ဆိုသည်။

၅-၆-ဝေဂါ-ဟူသောပုဒ်သည်သီဟိုဠ်မူ၌မရှိ၊ ယင်းပုဒ်မပါလျှင် ဤ၌ပြထားသော နှစ်ဆယ့် သုံးခုဟူသော အရေအတွက် သင်္ချာနှင့် ရေတွက်အပ်သောဝတ္ထုဟူသောသင်္ချေယျညီညွတ်၏။ အိန္ဒိယဖီလော်ဆော်ဖီခေါ်သောကျမ်း၌ သင်္ခါရကို (၁) ဝေဂ-လျှင်မြန်သော အဟုန်၊ (၂) ဘာဝနာ-လေ့ လာပွါးများခြင်းဟူသောသမာဓိပညာဘာဝနာ၊ (၃) ဌိတိဌာပကတ္တ- တည်မြဲတည်စေခြင်း၊ (ဥပမာ-ရော်ဘာသည်ဆွဲလိုက်သောအခါ ရှည်လာသော်လည်း လွှတ် လိုက်သောအခါ သူ့ ပင်ကိုရင်းအတိုင်းပင် ပြန်တည်နေ၏၊ နှိပ်လိုက်သောအခါ ချိုင့်ခွက် ၍ သွားသော်လည်း လွှတ်လိုက်သောအခါ တည်မြဲပင် ပြန်တည်နေ၏၊ ထိုဖြစ်ပုံမျိုးကို ဆိုသည်) ဤသို့ ၃-မျိုးခွဲပြထား၏။ အဒိဋ္ဌ-မမြင်အပ်သောတရားဟူသည်မှာဓမ္မနှင့် အဓမ္မ ဟု ခေါ်သော ကုသိုလ်နှင့် အကုသိုလ်ဖြစ်ကြောင်း ဤ၌ရှိကာဥ္စပင်ပြလတ္တံ။ အိန္ဒိယဖီလော် ဆော်ဖီခေါ်သောကျမ်း၌ ဤအဒိဋ္ဌအရာတွင် ဓမ္မနှင့် အဓမ္မနှစ်ခုတို့ကို တိုက်ရိုက်ပင်ဖော်ပြ၍ ဂုဏ်နှစ်ဆယ့်လေးပါးရေတွက်ဖော်ပြထားသည်။

နှစ်ဆယ့်သုံးပါးသော။ ဧတေ၊ ဤတတွတို့သည်။ ဂုဏာ၊ ဂုဏ်မည်ကုန်၏။ ဥက္ကေ-
ပနံ၊ ကြွခြင်းမခြင်းငှင်း။ အဝခေပနံ၊ ချခြင်းငှင်း။ အာကုစနံ၊ တွန့်ခြင်း ရှုံ့
ခြင်းငှင်း။ ပသာရဏံ၊ ဖြန့်ခြင်း ဆန့်ခြင်းငှင်း။ ဂမနံ၊ သွားခြင်းငှင်း။ ဣတိ၊
သို့။ ပဉ္စ၊ ငါးပါးသောတတွတို့သည်။ ကမ္မာနိ၊ အမှုကံမည်ကုန်၏။ အညမည-
ဝိသိဋ္ဌေသု၊ အချင်းချင်းထူးသော ဝတ္ထုတို့၌။ အဝိသိဋ္ဌံ၊ မထူးသော၊ ဝါ၊ တခု
တည်းသော။ အဘိဓာနံ၊ အမည်သည်။ ပစ္စယော၊ ထိုထိုဝတ္ထုတို့ကို သိခြင်း၏
အကြောင်းသည်။ ဟောတိ၊၏[၁]။ သတ္တာ ဣတိ၊ ရှိသည်၏ အဖြစ်-ရှိခြင်း ဟူ
သော[၂]။ သာ၊ ထိုအမည်သည်။ ယတော၊ အကြင်ကြောင့်။ (အနဝသေ-
သတော၊ အကြွင်းမဲ့အားဖြင့်-ဟု ရှိလျှင် သာ၍ သင့်မြတ်ပေ၏) ဒြဗျဂုဏ-
ကမ္မေသု၊ ဒြပ်, ဂုဏ်, အမှုတို့၌။ အတ္ထိ ဧဝ၊ ရှိသည်ချည်းသာလျှင်တည်း။ ဣတိ၊
ကြောင့်။ တံ၊ ရှိသည်၏အဖြစ်ရှိခြင်း (သတ္တာ)ဟူသောဤအမည်သည်။ မဟာ-
သာမညံ၊ မဟာသာမညမည်၏[၃]။ ပထဝီအာဒီသု၊ မြေအစရှိသည်တို့၌၊ ဝါ၊
မြေ ရေ လေ မီး စသောအမျိုးမျိုးသောဒြပ် အမျိုးမျိုးသောဂုဏ် အမျိုးမျိုး
သော အမှုတို့၌။ အနုဝုတ္တိဗျာဝုတ္တိဗုဒ္ဓိနိမိတ္တံ၊ အစဉ်လိုက်၍ ဖြစ်ခြင်း, ပျံ့နှံ့၍
ဖြစ်ခြင်းကိုသိခြင်း၏ အကြောင်းဖြစ်သော။ ဒြဗျတ္တာဒိ၊ ဒြပ်၏အဖြစ် အစရှိ
သည်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဒြပ်၏ အဖြစ်အစရှိသည်သည်။ ယထာ၊
အဘယ်နည်းဟူမူကား။ ဒြဗျတ္တဂုဏတ္တကမ္မတ္တဃဋ္ဋတ္တာဒိ၊ ဒြပ်၏အဖြစ်, ဂုဏ်၏
အဖြစ်, အမှု၏အဖြစ်, အိုး၏အဖြစ်စသည်ပင်တည်း။ သော၊ ဤအလုံးစုံသည်။
သာမညဝိသေသော၊ သာမညဝိသေသမည်၏[၄]။ ဣဟ တန္တေသု၊ ဤချည်

---

၁-ဤစကားဖြင့် သာမညကိုပြ၏။ သာမညဟူသည်မှာ အမျိုးတူအားလုံးနှင့် သက်ဆိုင်
သော အမည်ပင်ဖြစ်သည်။ နွားဟူသောအမည်သည် အမျိုးတူသော နွားဟူသမျှကို သိ
ကြောင်းဖြစ်၍ သာမညမည်၏၊ ထိုအတူ လူနတ်စသော အမည်တို့သည်လည်း လူတိုင်း
နတ်တိုင်း စသည်တို့နှင့် သက်ဆိုင်သောကြောင့် သာမညမည်၏။

၂-ဤအရာတွင် ယခုလက်ရှိဋီကာစာအုပ်တို့၌ "သံ-ဣတိ"ဟု ရှိ၏၊ "သံ-သန္တော ဣတိ၊
ရှိသည်-ဖြစ်သည်ဟူသော။ သာ၊ ထိုအမည်သည်" ဟူ၍ အနက်ပြန်ရာ၏။ သို့သော် မသန့်ရှင်း
မချောမောလှပေ။ ကဏာဒဝါဒကျမ်းတို့၌ ဤအရာတွင် သတ္တာ-ဟူသော အမည်ကို
"သာမညံ ဒွိဝိဓံ ပရမပရံ စ၊ ပရံသတ္တာဒြဗျဂုဏသမဝေတာ၊ အပရံဒြဗျတ္တာဒိ၊ (သဗ္ဗဒဿန-
သင်္ဂဟ ၂၂၀)"ဤသို့စသည်ဖြင့်ထုတ်ပြထား၏၊ ထိုအမည်သည်သာလျှင် ယုတ္တတရဖြစ်သည်၊
ထိုကြောင့် ဤ၌ "သတ္တာဣတိ၊ ရှိသည်၏အဖြစ်-ရှိခြင်းဟူသော။ သာ၊ ထိုအမည်သည်"
ဟူ၍ အနက်ပြန်ဆိုထားသည်။

၃-ဤအရာ၌ ဆိုလိုသည်မှာ "ရှိခြင်း-ဖြစ်ခြင်း" ဟူသောအမည်သည် ဒြပ်ဂုဏ်အမှု
ဟူသော အရာဝတ္ထုအားလုံးတို့နှင့် သက်ဆိုင်၏၊ ထိုကြောင့် ဋီကာ၌ "ဒြဗျဂုဏကမ္မေသု
သာ အတ္ထိ ဧဝ" ဟူ၍ဆိုပြီးလျှင် ယင်းအမည်ကို မဟာသာမညဟု ဆိုလေသည်။

၄-နောက်ခေတ်ကဏာဒဝါဒကျမ်းတို့၌ကား ဤသာမညအရာတွင် "(၁) ပရ-အလုံးစုံ
၌ ပျံ့နှံ့သောအမည်၊ (၂) အပရ-အနည်းဆုံး နယ်ပယ်အကျဉ်းဆုံး ပျံ့နှံ့သောအမည်၊ (၃)

ချောင်းတို့၌။ ပဌွောတိ၊ ပုဆိုးဟူသောအမည်သည်။ (ဟောတိ၊ ၏။) ဣဟ ကပါလေသု၊ ဤမြေအိုးအုံတို့၌၊ ဝါ၊ ဤမြေအိုးခြမ်းတို့၌။ ဃဋွောတိ၊ အိုး ဟူသော အမည်သည်။ (ဟောတိ။ ၏၊ ဣတိ၊ သို့။ ) ဣဟောတိ-ဣဟ ဣတိ၊ ဤ၌ဟူ၍။ ယတော၊ အကြင်ကြောင့်။ ဟေတုဟေတုဖလာနံ၊ အကြောင်းနှင့် အကျိုးတို့၏။ သမ္ဗန္ဓော၊ ဆက်စပ်ခြင်းကို။ သမဝါယောတိ၊ သမဝါယဟူ၍။ ဝုတ္တော၊ ဆိုအပ်၏ ။ (သော၊ ဤဆက်စပ်ခြင်းသည်။ ) သမဝါယော၊ သမဝါယမည်၏၊ ဝါ၊ ပူးတွဲပါဝင်နေခြင်းမည်၏၊ ဣတိ ဝေ၊ သို့။ တေ ဒြဗျာ-

---

ပရာပရ-အလယ်အလတ်ပျံ့နှံ့သောအမည်ဟု သုံးမျိုးခွဲပြီးလျှင် "သတ္တာ-ရှိသည်၏ အဖြစ်-ရှိခြင်း" ဟူသောအမည်ကို အသုံးစုံ၌ ပျံ့နှံ့သော ပရသာမညဟူ၍၎င်း, ဃဋတ္တ-အိုး၏အဖြစ်-ဤသို့သောအမည်မျိုးကို အနည်းဆုံးအကျဉ်းဆုံး ပျံ့နှံ့သော အပရသာမည ဟူ၍၎င်း, ဒြဗျတ္တ-အရာဝတ္ထု၏ အဖြစ် - ဤသို့သော အမည်မျိုးကို အလယ် အလတ် ပျံ့နှံ့သော ပရာပရသာမည ဟူ၍၎င်း ပြဆိုထား၏၊ ယင်း ဒြဗျတ္တ-အရာဝတ္ထု၏ အဖြစ်ဟူသော အမည်သည် မြေ ရေ လေ မီးအစရှိသောကိုးမျိုးသော ဒြဗ်ဝတ္ထုတိုင်းတို့နှင့် သက်ဆိုင်သောကြောင့် ပရလည်း မည်၏၊ သို့သော် "ရှိသည်၏အဖြစ်-ရှိခြင်း"ဟူသော အမည်ကဲ့သို့ ဂုဏ် အမှုတို့နှင့်ပါ မသက်ဆိုင်သောကြောင့် အပရလည်း မည်၏၊ ထိုကြောင့် ယင်းကို ပရာပရဟု ဆိုလေသည်။ ထိုတွင် ပရသာမညကို ဤဋီကာ၌ မဟာသာမညဟုဆို၍ ပရာပရသာမညနှင့် အပရသာမညတို့ကို သာမညဝိသေသဟု ဆိုသည်။ မှန်ပေ၏၊ ဒြဗျတ္တ-ဒြဗ်၏ အဖြစ်၊ ဂုဏတ္တ-ဂုဏ်၏အဖြစ်၊ ကမ္မတ္တ-အမှု၏ အဖြစ်ဟူသော ဤအမည်တို့သည် အသီးသီးဒြဗ်ဝတ္ထုတိုင်း, ဂုဏ်တိုင်း, အမှုတိုင်းတို့၌ ပျံ့နှံ့သောကြောင့် ပရာပရသာမညတို့ပေတည်း၊ ဃဋတ္တ-အိုး၏အဖြစ် ဤသို့အစရှိသော အမည်သည် အပရသာမညပေတည်း။

၁-သံယောဂ-ယှဉ်ခြင်းနှင့် သမဝါယ-ပူးတွဲပါဝင်နေခြင်းတို့၏ အထူးကာ....သံယောဂ-ယှဉ်ခြင်းမှာ မူလက တခြားစီ ကွဲနေသော ဒြဗ်ဝတ္ထုနှစ်ခုတို့ အကြောင်းအားလျော်စွာ အခိုက်အတန့်မျှ ယှဉ်တွဲသွားခြင်းဖြစ်သည်။ ၎င်းသည် ဒြဗ်ဝတ္ထုနှစ်ခုတို့၏ ယှဉ်တွဲခြင်းဖြင့် ပြီးသောကြောင့် ယုတသိဒ္ဓ ဖြစ်၏၊ အခိုက်အတန့်မျှသာ ယှဉ်ခြင်းဖြစ်၍ တခြားစီလည်း ပြန်၍ ကွဲသွားနိုင်၏၊ လူနှင့် ကုလားထိုင် ထိစပ်ခြင်း, ဘော့လုံးနှစ်ခု ထိသွားခြင်းတို့ကို ပုံစံ အဖြစ်ဖြင့် နှာ ၂၂၁-မှတ်ချက် ၅-၌ ပြခဲ့ပြီ။ သမဝါယ—ပူးတွဲပါဝင်နေခြင်းမှာမူ ထိုကဲ့သို့ မဟုတ်၊ တခုနှင့်တခု နောက်ကာလမှ ယှဉ်ခြင်းမဟုတ်ပဲ မူလကပင် ပူးတွဲပါဝင်နေခြင်းဖြစ်သည်၊ အရာဝတ္ထုတခုထဲမှာ အခြားတခုက အလုံးစုံပင် ပျံ့နှံ့လျက် ပါဝင်နေခြင်းဖြစ်သည်၊ ၎င်းတို့ကို တခြားစီခွဲ၍ မရနိုင်၊ ပုံစံမှာ...ချည်ချောင်းများနှင့် ပုဆိုး၊ အိုးအုံနှင့်အိုး၊ လူ၏ အဖြစ်နှင့်လူ၊ နီသောအဆင်းနှင့် နီသောပန်း၊ လှုပ်ရှားမှုနှင့် လှုပ်ရှားသော ဝတ္ထုစသည်တို့ပင် ဖြစ်သည်။ ဤပုံစံတို့၌ ချည်ချောင်းများနှင့် ပုဆိုးစသည်တို့သည် မူလကပင် အချင်းချင်း ပူးတွဲပါဝင်လျက်ရှိ၏၊ ၎င်းတို့ကို အချင်းချင်းခွဲခွါ၍ မရနိုင်၊ ဤသို့ နောက်မှယှဉ်တွဲရသည် မဟုတ်ပဲ မူလကပင် ယှဉ်တွဲမှု အလိုလိုပြီးနေသောကြောင့် ယင်းကို အယုတသိဒ္ဓဟူ၍လည်း ခေါ်သည်။ ထိုကြောင့်ပင် ဋီကာ၌ နာမ်ရုပ်သို့ သွင်းပြရာတွင် အယုတ္တသမ္ဗန္ဓ-ဟု မိန့်ဆိုပေသည်။

ဝိသုဒ္ဓိ ဋီ နိဿယ ၄-၁၅-ပ-မ-ဗ-သ-စ

ဒိကာ၊ ဤဒြဗျအစရှိသော တတ္တွတို့ကို။ (သရူပတော၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ကုန်၏။)[၁]

---

၁-ဤအရာ၌ ကဏာဒဝါဒကို အနည်းငယ်ထပ်၍ပြဦးအံ့—ယခုခေတ် ကဏာဒဝါဒဆိုင်ရာ ကျမ်းတို့၌ ပြထားသော အဘာဝ-ဟူသည်မှာ သံသဂ္ဂအဘာဝ-အချင်းချင်းထဲ၌ ယောယှက် ပါဝင်လျက်မရှိခြင်း အညောညအဘာဝ-အချင်းချင်း တခုသည် အခြားတခု မဟုတ်ခြင်း အားဖြင့် နှစ်မျိုးခွဲပြကြ၏၊ ထိုတွင် ဆံပင်ထဲ၌ မွေးညင်းမရှိ၊ မွေးညင်းထဲ၌ ဆံပင်မရှိ-ဤသို့သော မရှိခြင်းမျိုးကို သံသဂ္ဂအဘာဝ-ဟု ဆိုကြ၏။ ဆံပင်သည် မွေးညင်းမဟုတ်၊ မွေးညင်းသည်လည်း ဆံပင်မဟုတ်-ဤသို့သော မဟုတ်ခြင်းမျိုးကို အညောညအဘာဝ-ဟု ဆိုကြ၏။

ထိုတွင် သံသဂ္ဂအဘာဝသည် (၁) ပါဂဘာဝ-ပဌမကမရှိသေးခြင်း၊ (၂) ဓွံသာဘာဝ-ပျက်ပြီးနောက် မရှိပြန်ခြင်း၊ (၃) အစ္စန္တာဘာဝ-စင်စစ်အလျင်းမရှိခြင်းဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင်မဆောက်လုပ်ရသေးမီက အိမ်၏မရှိသေးခြင်းမျိုးကို ပါဂဘာဝ-ဟု ခေါ်သည်။ ရှိနေသောအိမ် ပျက်စီးသွားသည့်နောက်၌ ထိုအိမ်၏ မရှိတော့ခြင်းမျိုးသို့ ဓွံသာဘာဝ-ဟု ခေါ်သည်။ လေထဲ၌ အရောင်အဆင်းမရှိခြင်းမျိုးကို အစ္စန္တာဘာဝ-ဟုခေါ်သည်။ ယင်းမှာ ရှေးကလည်းမရှိ၊ နောင်လည်းမရှိ၊ ယခုလည်းမရှိ၊ ကာလသုံးပါးလုံး၌ မရှိခြင်းဖြစ်သည်။ ဤအဘာဝသုံးပါးလုံး ပညတ်မျှသာဖြစ်သည်။

ဤအဏုဝါဒီတို့၏ လောကဖြစ်ပုံ ပျက်ပုံမှာ အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်သည်။ ပထဝီ အာပေါ တေဇော ဝါယော-ဟူသော ဤဓာတ်လေးပါးတို့၏ အသေးဆုံးမှုန်ကလေးများကို ပရမာဏုမှုန်ဟု ခေါ်သည်၊ ထိုပရမာဏုမှုန်နှစ်ခု အပေါင်းကို ဒွိအဏုကဟု ခေါ်သည်၊ ဤမှုန်နှစ်မျိုးကို မျက်မှောက်မမြင် မသိနိုင်၊ အနုမာနအားဖြင့် မှန်းဆ၍သာ သိနိုင်သည်ဟု ဆို၏။ ထိုဒွိအဏုက ၃-ခု အပေါင်းကို တိအဏုက-ဟု ခေါ်သည်။ တြသရေဏု-ဟူ၍လည်း ခေါ်၏။ ယင်းကိုကား မျက်မှောက်သိမြင်နိုင်သည်ဟု ဆို၏။ သတ္တဝါတို့၏ ကံအားလျော်စွာ အကောင်းအဆိုးကို ခံစားနိုင်ကြစေရန် မဟေသွရ-မဟိဿရခေါ်သော ကမ္ဘာ့ပိုင်ရှင် ထာဝရဘုရားသခင်က ကမ္ဘာလောကကြီးကိုဖန်ဆင်းရန် အလိုဆန္ဒဖြစ်သော အခါ သတ္တဝါတို့၏ ကံအားလျော်စွာ ဝါယောဓာတ် ပရမာဏုမှုန်များက စ၍ လှုပ်ရှားလာကြသည်၊ ယင်းတို့သည် နှစ်ခု နှစ်ခုပေါင်းစပ်၍ ဒွိအဏုကဖြစ်လာကြသည်၊ ထိုမှတဖန် တိအဏုကမှုန်များ ဖြစ်လာကြပြီးလျှင် ကြမ်းတမ်းသော ဝါယောဓာတ် မဟာဘုတ်ကြီးများ ဖြစ်လာကြသည်။ ထိုအတူပင် အာပေါပရမာဏုမှလည်း လှုပ်ရှား၍ ဒွိအဏုက တိအဏုက-စသည် အဆင့်ဆင့်ဖြစ်၍ ကြမ်းတမ်းသော အာပေါဓာတ် ဘူတရုပ်ကြီးများ ဖြစ်လာကြသည်။ ထိုနောင် ပထဝီပရမာဏုများက လှုပ်ရှား၍ ဒွိအဏုက တိအဏုကစသည် အဆင့်ဆင့် ဖြစ်ပွါးပြီးလျှင် ကြမ်းတမ်းသော ပထဝီဓာတ် ဘူတရုပ်ကြီးများ ဖြစ်လာကြသည်။ ထိုနောင် တေဇောပရမာဏုများက လှုပ်ရှား၍ ဒွိအဏုကစသည် အဆင့်ဆင့်ဖြစ်လျက် ကြမ်းတမ်းသော တေဇောဓာတ် ဘူတရုပ်ကြီးများ ဖြစ်လာကြသည်။ ထိုနောင် လောကကြီး ဖြစ်ပွါးရန် အတွက် ပထဝီနှင့် တေဇောမဟာဘုတ် ပရမာဏုတို့မှ ဗြဟ္မဏ္ဍာဟု ခေါ်သောအရာဝတ္ထု ဖြစ်ပေါ်လာသည်။ မဟိဿရသည် ဗြဟ္မာအား ထိုဗြဟ္မဏ္ဍာ၌ လောကကိုဖန်ဆင်းစေသည်၊ ထို ဗြဟ္မာသည် ဉာဏ, ဝိရာဂျ, ဧဿရိယတို့နှင့် ပြည့်စုံသည်အားလျော်စွာ ဗြဟ္မာ နတ် လူ အစရှိသော အမျိုးမျိုးသော သတ္တဝါတို့ကို ဖန်ဆင်းသည်-ဟု ဆို၏။

နောက်ဆုံး ကမ္ဘာပျက်သောအခါ၌ ကြီးကုန်ကြီးကုန်သော ပထဝီအထည်ဝတ္ထု မှုန်တို့ ကွဲပျက်ကြ၍ ပရမာဏုအဖြစ်သို့ ရောက်ကြသည်၊ ထိုနောင် ကြမ်းတမ်းသော အာပေါ

တတ္ထ၊ ထိုဒြဗျစသည်တို့တွင်။ ပထဝီအာပတေဇဝါယူ၊ မြေ ရေ မီး လေတို့သည်။ ဘူတရူပံ၊ ဘူတရုပ်တည်း။ အာကာသံ၊ အာကာသသည်။ တေသံ၊ ထိုဘူတရုပ်တို့၏။ အဘာဝမတ္တံ ဝါ၊ မရှိခြင်းမျှသည်သော်၎င်း။ ပရိစ္ဆေဒေါ ဝါ၊ အပိုင်းအခြားမျှသည်သော်၎င်း။ (ဟောတိ၊ ၏။) ကာလော၊ ကာလသည်။ စန္ဒသူရိယာဒိပရိဝတ္တနံ စ၊ လ နေစသည်တို့၏ လှည့်လည်ခြင်းကို၎င်း။ ဓမ္မပဝတ္တိ စ၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကို၎င်း။ ဥပါဒါယ၊ အစွဲပြု၍။ ပညတ္တိမတ္တံ၊ အပြားအားဖြင့် သိစေအပ်သော ပညတ်မျှသာတည်း။ တထာ၊ ထိုအတူ။ ဒိသာ စ၊ အရပ်မျက်နှာသည်၎င်း။ အတ္တာ စ၊ အတ္တသည်၎င်း။ ပညတ္တိမတ္တံ၊ ပညတ်မျှသာတည်း။ မနော၊ မနသည်။ နာမံ၊ တည်း။ သဒ္ဒရူပရသဂန္ဓာ၊ အသံ အဆင်း အရသာ အနံ့တို့သည်။ ရူပမေဝ၊ ရုပ်သာလျှင်တည်း။ ဖဿော၊ ဖဿသည်။ ဘူတတ္တယသဘာဝတော၊ ဘူတရုပ်သုံးပါးအပေါင်း သဘောရှိသည်၏ အဖြစ်ကြောင့်။ (ဘူတတ္တယဘာဝတော-ဟု ရှိသင့်၏။ ဘူတရုပ်သုံးပါးအပေါင်း၏ အဖြစ်ကြောင့်-ဟု အနက်ပေး။) တထာ၊ ထိုအတူ။ ရူပမေဝ၊ ရုပ်သာလျှင်တည်း။ ဧကောဒိကာ၊ တခုအစရှိသော။ သင်္ချာ၊ အရေအတွက်သင်္ချာသည်။ တံ တံ၊ ထိုထို နှစ်ခုအစရှိသော ဝတ္ထုကို။ ဥပါဒါယ၊ အစွဲပြု၍။ ပညတ္တိမတ္တံ၊ အပြားအားဖြင့် သိစေအပ်သော ပညတ်မျှသာတည်း။ တထာ၊ ထိုအတူ။ အဝယဝသမုဒါယေ၊ အစိတ်တို့၏အပေါင်း၌။ ဂုဏဝိသေသဝသေန ဝါ၊ ဂုဏ်အထူး၏ အစွမ်းအားဖြင့် ၎င်း။ သဏ္ဌာနဝိသေသဝသေန ဝါ၊ သဏ္ဌာန်အထူး၏ အစွမ်းအားဖြင့်၎င်း။ မဟန္တံ ဒီဃံ ဣတိ၊ ကြီးသည် ရှည်သည် ဟူ၍၎င်း။ တဗ္ဗိပရိယာယတော၊ ထို ကြီးသည်ရှည်သည်မှ ပြန်သောအားဖြင့်။ အဏု ရဿန္တိ၊ ငယ်သည် တိုသည် ဟူ၍၎င်း။ (ပညတ္တိမတ္တံ-၌စပ်) ဘိန္နလက္ခဏဒေသေသု၊ ထူးသောလက္ခဏာ ညွှန်ပြကြောင်းရှိသော ဝတ္ထုတို့၌။ ပုထုတ္တန္တိ၊ အသီးအခြား၏ အဖြစ်ဟူ၍၎င်း။ ဘိန္နဒေသဇာနံ၊ ကွဲပြားသောအရပ်၌ ဖြစ်ကုန်သော ဝတ္ထုတို့၏။ သဟဘာဝေ၊ တပေါင်းတည်းအဖြစ်၌။ သံယောဂေါတိ၊ ယှဉ်တွဲခြင်းဟူ၍၎င်း။ တဒပါယေ၊ ထိုကွဲပြားသောအရပ်၌ ဖြစ်သောဝတ္ထုတို့၏ ဖဲခွါခြင်း၌။ ဝိယောဂေါတိ၊ ကွဲကွာခြင်းဟူ၍၎င်း။ သမာနဒိသာဒေသဂတာနံ၊ တူသောအရပ်မျက်နှာ အရပ်

ခေတ် တေဇောခေတ် ဝါယောခေတ်တို့ အစဉ်အတိုင်း ကွဲပျက်ကြ၍ ပရမာဏုမျှအဖြစ်သို့ ရောက်ကြသည်။ ထိုပရမာဏုမျှတို့ကား ဘယ်အခါမျှမပျက် နိစ္စတရားတို့ဖြစ်သည်။ ကမ္ဘာ ဖြစ်ချိန်တန်သောအခါ ယင်းပရမာဏုမျှတို့က တဖန်ပေါင်းစပ်၍ ဒွိအဏုကစသည်တို့ ဖြစ်ကြသည်။ ထိုကြောင့် ဒွိအဏုကစသည်တို့မှာ အနိစ္စ-မမြဲသောတရား-ဟု ဆိုကြ၏။ ဤဝါဒကိုပင် ရည်၍ သီလက္ခန္ဓဋီကာစသည်တို့၌ "ပရမာဏဝေါ နိစ္စာ ဓုဝါ၊ ဒွိအဏုကာဒယော အနိစ္စာတိ ဧဝံ ပဝတ္တဝါဒါ သင်္ခါရေကစ္စသဿတဝါဒါ သေယျထာပိ ကဏာဒါ" ဟု မိန့်ဆိုလေသည်။

ဒေသ၌ တည်ကုန်သော[၁]။ ရူပါနံ၊ ရုပ်တို့၏။ မဟာဒပ္ပန္တရာနံ၊ ကြီးသောအကြား ငယ်သောအကြားတို့၏၊ ဝါ၊ ကြီးသောအကွာအဝေး ငယ်သောအကွာအဝေးတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပရံ အပရန္တိ၊ ဝေးသည် နီးသည်ဟူ၍ရင်း။ ပညတ္တိမတ္တံ၊ အပြားအားဖြင့် သိစေအပ်သောပညတ်မျှသာတည်း။ ဗုဒ္ဓိ သုခဒုက္ခ ဣစ္ဆာ ဒေါသ ပယတ္တာ၊ သိခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်း, အလိုရှိခြင်း, ရှုံမုန်းခြင်း, အားထုတ်ခြင်းတို့သည်။ နာမမေဝ၊ နာမ်သာလျှင်တည်း။ ဂုရုတ္တဒြဝတ္တ သ္နေဟဝေဂါ၊ လေးသည်၏အဖြစ်, အရည်၏အဖြစ်, စေးကပ်ခြင်း, လျင်သောအဟုန်တို့သည်။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ ပဝတ္တိဝိသေသတော၊ ဖြစ်ခြင်းအထူးအားဖြင့်။ ဂဟေတဗ္ဗာကာရာ၊ ယူအပ်သော အခြင်းအရာတို့တည်း။ ဣတရော၊ ဤမှတပါးသော။ သင်္ခါရော၊ သင်္ခါရသည်။ ဉာဏဿ၊ ဉာဏ်၏။ ပဝတ္တိဝိသေသော၊ ဖြစ်ခြင်းအထူးတည်း[၂]။ အဒိဋ္ဌောပိ၊ မမြင်အပ်သော သဘောသည်လည်း။ ဓမ္မာဓမ္မဘာဝတော၊ ဓမ္မ၏အဖြစ် အဓမ္မ၏အဖြစ်ကြောင့်၊ ဝါ၊ ကုသိုလ်၏အဖြစ် အကုသိုလ်၏အဖြစ်ကြောင့်[၃]။ နာမမေဝ၊ နာမ်သာလျှင်တည်း။ ဥက္ခေပနံ၊ ပင့်မြှောက်ခြင်း။ အဝက္ခေပနံ၊ ချခြင်း။ အာကုဉ္စနံ၊ တွန့်ခြင်း ရှုံ့ခြင်း။ ပသာရဏံ၊ ဖြန့်ခြင်းဆန့်ခြင်း။ ဂမနံ၊ သွားခြင်း။ ဣတိ၊ ဤအမှုငါးပါးသည်။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ ပဝတ္တိမတ္တံ၊ ဖြစ်ခြင်းမျှတည်း။ သဒိသာသဒိသတာယံ၊ တူသည်၏အဖြစ် မတူသည်၏ အဖြစ်၌။

---

၁-ဤပုဒ်၌ သမာနဒိသာဒေသကာလဂတာနိ-ဟု ကာလ-သဒ္ဒါပါ ပါရှိလျှင် သာ၍ပြည့်စုံ၏။ သမာနအစား အသမာန-ရှိသင့်သည်ဟု ထင်၏၊ ဆင်ခြင်ရန်။

၂-သင်္ခါရ ၃-မျိုးတို့တွင် ဘာဝနာသင်္ခါရကိုရည်၍ ဆိုသည်-ဟု မှတ်ရာ၏။ ဝေဂနှင့် ဋ္ဌိတိဋ္ဌာပကတွ သင်္ခါရတို့မှာမူ ရုပ်တို့၏ ဖြစ်ပုံ အထူးတို့ဖြစ်သည်။ ထို့ကြောင့်ပင် ဂုရုတ္တဒြဝတ္တ သ္နေဟဝေဂါ ရူပဓမ္မာနံ ပဝတ္တိဝိသေသတော ဂဟေတဗ္ဗာကာရာ-ဟု ဆိုခဲ့ပေသည်။

၃- ရူပရသဂန္ဓဖဿသင်္ချာပရိမာဏပုထုတ္တသံယောဂဝိဘာဂပရတ္တာပရတ္တဗုဒ္ဓိသုခဒုက္ခိစ္ဆာဒေါသပယတ္တာ စ ကဏ္ဍဝုတ္တာ သတ္တရသ စ-သဒ္ဒသမုစ္စိတာ ဂုရုတ္တဒြဝတ္တ သ္နေဟသင်္ခါရာဒိဋ္ဌသဒ္ဒါ သတ္တေဝေတျေဝံ စတုဝီသတိဂုဏာ-ဟူသော သဗ္ဗဒဿနသင်္ဂဟ (၂၁၉) ကို ယင်း၏ အဖွင့်၌ အောက်ပါအတိုင်း ဖွင့်ပြ၏။

ရူပရသဂန္ဓဖဿာ သင်္ချာပရိမာဏာနိ ပုထုတ္တံ သံယောဂဝိဘာဂါ ပရတ္တာပရတ္တာ ဗုဒ္ဓိယော သုခဒုက္ခာနိ ဣစ္ဆာဒေါသာ ပယတ္တာ စ ဂုဏာ (က-သူ ၁-၁-၆) ဣတိ သုတ္တေ ကဏ္ဍဒေန ဝုတ္တာ၊ တတြေဝ သုတ္တေ အနုတ္တသမုစ္စယတ္ထကေန စကာရေန ဂဟိတာ ဂုရုတ္တာဒယော သတ္တေ'တျေဝံ စတုဝီသတိ ဂုဏာ၊ အဒိဋ္ဌသဒ္ဒေန ဓမ္မာဓမ္မာနံ ဒွိန္နံ ဂဟဏံ (ဤကားအဖွင့်)

ဤသို့ ကဏာဒဝါဒီတို့က အဒိဋ္ဌဖြင့် ဓမ္မနှင့်အဓမ္မကိုယူကြသောကြောင့် ဓမ္မာဓမ္မဘာဝတော-ဟု မိန့်ဆိုလေသည်။ ထိုပြင် အဒိဋ္ဌကို မခွဲပဲယူလျှင် ဂုဏ် ၂၃-မျိုးသာ ရသောကြောင့် ဂုဏ်သရုပ်ကို ရေတွက်ဖော်ပြရာ၌ တေဝီသတိ-ဟု ဆိုခဲ့ပေသည်။ ထိုပြင်ယခုထုတ်ပြအပ်သော သဗ္ဗဒဿနသင်္ဂဟကျမ်း စကားထဲ၌ သ္နေဟနှင့် သင်္ခါရတို့၏ အကြားမှာ "ဝေဂ" မပါသောကြောင့် ဤမဟာဋီကာပါဌ်တွင်လည်း သရုပ်ကိုပြသော ရှေးစကားရပ်၌ ဝေဂ မပါသော သီဟိုဠ်မူသာ ယုတ္တတရဖြစ်ကြောင်း ထင်ရှား၏။

သာမညဝိသေသသညာ၊ သာမညအမည် ဝိသေသအမည်သည်[၁]။ (ဟောတိ၊ ၏။ ) အယုတ္တာသမ္ဗန္ဓေ၊ မယှဉ်မှု၍ပြီးသော စပ်ယှဉ်ခြင်း၌[၂]။ သမဝါယ-သမညာ၊ သမဝါယဟူသောအမည်သည်။ (ဟောတိ၊ ၏။ ) ဣတိ၊ ဤသို့ဖြစ်သောကြောင့်။ ဒြဗျာဒီနမ္ပိ၊ ဒြဗျအစရှိသည်တို့၏လည်း။ နာမရူပန္တောဂဓတာ၊ နာမ်ရုပ်တို့၌ အတွင်းဝင်သည်၏အဖြစ်ကို[၃]။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဇီဝါဇီဝ ဗန္ဓ ပုည ပါပါသဝ သံဝရ နိဇ္ဇရဝိမောက္ခာ၊ အသက်ကောင်, အသက်ကောင် မဟုတ်သော အရာ, ဖွဲ့ခြင်း, ကောင်းမှု, မကောင်းမှု, ဝင်ရောက်ခြင်း, ပိတ်ဆို့ခြင်း, ကြေပျက်စေ-ကုန်စေခြင်း,လွတ်မြောက်ခြင်းတို့သည်။ ဇီဝါဒိကာ၊ ဇီဝအစရှိသော တတ္တတို့မည်ကုန်၏[၄]။ တတ္ထ၊ ထိုဇီဝအစရှိသည်တို့တွင်။ ဇီဝေါ-

---

၁-ဝိသေသဟူသည်မှာ သာမညမှ ပြောင်းပြန်ဖြစ်၍နွားဟူသော သာမညမှ ဖြူသောနွား ဟု ဆိုလျှင် ဝိသေသ-ဟု ယူသင့်သော်လည်း ဤဝိသေသိကဝါဒီတို့ကမူကား ထိုသို့သော အထူးကို ဝိသေသဟု မယူကြကုန်။ ယင်းတို့၏ဝါဒအရ အမြဲတန်းထာဝရလည်း တည်နေသော အစိတ်အပိုင်းလည်း မရှိသော အရာဝတ္ထုမျိုးကိုသာလျှင် ဝိသေသ-ဟု ယူကြ၏။ ပုံစံကား-ကာလ အာကာသ အရပ်မျက်နှာ မန အတ္တာနှင့်ပထဝီပရမာဏုမြူအာပေါတေဇောဝါယောတို့၏ ပရမာဏုမြူ-ဤအရာဝတ္ထုကိုသာလျှင် ဝိသေသဟု ဆိုကြ၏။ မနအတ္တာတို့မှာ အစိတ်အပိုင်းမရှိသောကြောင့် တဦး၏မနနှင့် အခြားတဦး၏ မန, တဦး၏အတ္တာနှင့် အခြားတဦး၏အတ္တာတို့ကိုမည်သို့ထူးခြားသည်-ဟု အစိတ်အပိုင်းအားဖြင့် မခွဲခြားနိုင်၊ ထိုသို့ခွဲခြားရန် အစိတ်အပိုင်းပင် မရှိချေ၊ သို့သော် တဦးတဦးလျှင် မနတခုစီ အတ္တာတခုစီဖြစ်လျက် ကွဲပြားထူးခြားနေသည်မှာ ထင်ရှား၏၊ ထိုအတူ ပထဝီပရမာဏုမြူမှုန့်တခုနှင့် အခြားပထဝီပရမာဏုမြူမှုန့်တခုသည်အစိတ်အပိုင်းအားဖြင့် မခွဲခြားနိုင်၊သို့သော် အသီးအသီးကွဲပြားထူးခြားနေသည်မှာ ထင်ရှား၏။ ဤသို့အစိတ်အပိုင်းခွဲခြား၍ မရနိုင်သော အရာဝတ္ထုတို့၏ အသီးအသီး ကွဲပြားထူးခြားခြင်းကို ဝိသေသ-ဟု ဆိုလို၏။ အစိတ်အပိုင်းခွဲ၍ ရနိုင်သော အိုးကုလားထိုင် စားပွဲခုံ နွားစသည်တို့၏ ကွဲပြားထူးခြားခြင်းကိုကား ဤအရာ၌ ဝိသေသ-ဟု မဆိုလိုဟူ၏၊ ထူးဆန်းသော ဝါဒဖြစ်သည်။

၂-ကဏာဒဝါဒကျမ်းတို့၌ အယုတသိဒ္ဓ-ဟု ရှိသောကြောင့် ဤ၌ အယုတ္တာသမ္ဗန္ဓေ-ဟု ဆိုသည်။ ယုတ-ပုဒ်မှာ သက္ကတ၌ သံယုတ်မရှိသော်လည်း ပါဠိ၌ သံယုတ်ရှိသည်သာ များ၏။ ထို့ကြောင့် ဋီကာပါဌ်၌ တ္တ-သံယုတ်မှာ အသင့်ပင်။ ဒြဗ်ဝတ္ထုနှစ်ခု ယှဉ်တွဲရခြင်း မရှိပဲ တပေါင်းတည်းဖြစ်မှု အလိုလိုပြီးနေသော စပ်ခြင်း-ဟု ဆိုလို၏။ (နှာ ၂၂၄ မှတ်ချက် ၁-ကို ပြန်ကြည့်ပါ။)

၃-ဤဝါဒ၌ ဆိုထားသော တတ္တတို့တွင် ပညတ်မျှဖြစ်သော အချို့အနည်းငယ်သည် နာမ်ရုပ်၌ အတွင်းမဝင်သော်လည်း အများအားဖြင့်ရင်း, ပဓာနတတ္တတို့ အလိုအားဖြင့်ရင်း နာမ်ရုပ်တို့၌ အတွင်းဝင်သည်သာ ဖြစ်သောကြောင့် ယေဘုယျ ပဓာနအားဖြင့် နာမရူပ-န္တောဂဓတာ-ဟု ဆိုသည် ဖြစ်ရာ၏။

၄-ဤဇီဝါဒိဝါဒသည် မြတ်စွာဘုရား၏ လက်ထက်တော်ကာလက နိဂဏ္ဌ နာဋပုတ္တ-ဟု ထင်ရှားသော ဆရာကြီး၏ဝါဒဖြစ်သည်၊ ယင်းက ဇိန-ဟူသောအမည်ကို ခံယူသောကြောင့် သူ၏ ဝါဒကိုရင်း, သူ၏တပည့်တို့ကိုရင်း သက္ကတဘာသာဖြင့် ဇဲန (ဂျိုက်န)ဟု ခေါ်၏၊

တိ၊ ဇီဝဟူသည်ကား။ အတ္တာ၊ အတ္တကောင်တည်း။ ပုဂ္ဂလဓမ္မာဓမ္မာကာသ-ကာလေသု၊ ပုဂ္ဂလ, ဓမ္မ, အဓမ္မ, အာကာသ, ကာလတို့၌။ အဇီဝသညာ၊ ဇီဝ

---

မြန်မာတို့က ဂျိန်းဝါဒ ဂျိန်းဘာသာ ဂျိန်းဘာသာဝင်ဟူ၍ ခေါ်ကြ၏။ သဗ္ဗဒဿနသင်္ဂဟ ကျမ်း၌ ဤဂျိန်းဝါဒကို အရဟတ်ဒဿနဟု ခေါ်၍ အောက်ပါအတိုင်း သုတ်တို့ဖြင့် အကျဉ်းချုပ်ပြထား၏။

အတြ သံခေပတော တာဝ ဇီဝါဇီဝါချာနိ ဒွေ တတ္တာနိ သိယုံ၊ တတြ ဗောဓနတ္တ-ကော (သိတတ်သော သဘောရှိသောအရာသည်) ဇီဝေါ၊ အဗောဓနတ္တကော တု အဇီဝေါ။ (သဗ္ဗ ၆၉)

အပရေ ပုန ဇီဝါဇီဝါနံ အပရံ ပပဉ္စမာစက္ခတေ ဇီဝါကာသဓမ္မာဓမ္မပုဂ္ဂလအတ္ထိကာယ-ဘေဒတော (ဇီဝ အာကာသ ဓမ္မ အဓမ္မ ပုဂ္ဂလဟူသော ရှိသောကာယ အပြားအားဖြင့်)။ (သဗ္ဗ ၆၇)

ကေစန သတ္တ တတ္တာနီတိ ဝဏ္ဏယန္တိ၊ တဒါဟ- ဇီဝါဇီဝါသဝဗန္ဓသံဝရနိဇ္ဇရမောက္ခာ တတ္တာနိ။ (သဗ္ဗ ၇၃)

ဇီဝါဇီဝါ ပုညပါပယုတာ အာသဝေါ သံဝရော နိဇ္ဇရဏံ ဗန္ဓော မောက္ခဉ္စ နဝ တတ္တာနိ။ (သဗ္ဗ ၈၂)

ဤသို့ ဂျိန်းကျမ်းတို့၌ အမျိုးမျိုး အထွေထွေ ပြထားရာတွင် အပြည့်အစုံဆုံး ဖြစ်သော နောက်ဆုံးပြချက်ကို ယူ၍ ဤဋီကာ၌ ဖော်ပြထားသည်။

ထိုပြင် ဂျိန်းဝါဒ၌ ဇီဝတို့ကိုလည်း သံသာရီ-ကျင်လည်ခြင်းရှိသူများ, မုတ္တ-လွတ်မြောက်သူများဟူ၍ နှစ်မျိုးခွဲပြ၏။ ထိုတွင် တဘဝမှ ဘဝတပါးသို့ ရောက်ခြင်းရှိသော ဇီဝတို့သည် သံသာရီ-ကျင်လည်ခြင်းရှိသူတို့ မည်ကုန်၏၊ ယင်းတို့ကိုလည်း သမနက-စိတ်ရှိသူများ, အမ-နက-စိတ်မရှိသူများဟူ၍ နှစ်မျိုးခွဲပြ၏။ ထိုတွင် သူတပါးတို့က သင်ပြသောနည်း ဥပဒေသ ကိုရှင်း, သူတပါးတို့၏ ပြုလုပ်ပုံ ပြောဆိုပုံတို့ကိုရှင်း မှတ်ယူတတ်သည့် သညာရှိသော သူတို့သည် သမနက-စိတ်ရှိသူတို့မည်ကုန်၏၊ ယင်းတို့မှာ နတ် ဂန္ဓဗ္ဗ လူနှင့် ဆင် မြင်းစသော အချို့သော သားတိရစ္ဆာန်များ, ကြက်တူရွေးစသော အချို့သော ငှက်များ ဖြစ်သည်၊ ယင်းတို့မှာ ပဉ္စိန္ဒြိယ- ဣန္ဒြေငါးပါးရှိသော ဇီဝတို့ ဖြစ်သည်။ ပြခဲ့ပြီးသော သညာနှင့် မပြည့်စုံသော သတ္တဝါတို့သည် အမနက-စိတ်မရှိသောသူတို့မည်ကုန်၏၊ ယင်းတို့မှာ တသ-လှုပ်ရှားတတ်သော သတ္တဝါ, ထာဝရ-မလှုပ်ရှားတတ်သောသတ္တဝါဟူ၍ နှစ်မျိုးကွဲပြား ကုန်၏။ ထိုတွင် မြေ ရေ မီး လေနှင့် သစ်ပင်တို့သည် ထာဝရမည်ကုန်၏၊ ယင်းတို့မှာ တွေ့ထိနိုင်သော ကာယိန္ဒြေတခုတည်းသာရှိ၍ ဧကိန္ဒြိယဇီဝလည်း မည်ကုန်၏။ ထိုကြောင့်ပင် ဘုရားလက်ထက်တော်ကာလက ဤအယူရှိသော လူတို့သည် “ဧကိန္ဒြိယံ ဇီဝံ ဝိဟေဌေန္တိ-ဣန္ဒြေတပါးရှိသော သတ္တဝါကို ညှဉ်းဆဲကြသည်” (ဝိ ၂-၄၉-၅၁) ဟု မြေတူးသော ရဟန်း သစ်ပင်ခုတ်သော ရဟန်းတို့ကို ကဲ့ရဲ့ ကြလေသည်။ တသ- လှုပ်ရှားတတ်သော သတ္တဝါတို့မှာ ဒွိန္ဒြိယ, တိဝိန္ဒြိယ, စတုရိန္ဒြိယ, ပဉ္စိန္ဒြိယ သတ္တဝါဟူ၍ လေးမျိုးကွဲပြားကုန်၏။ ထိုတွင် ခရု, ကနုကမာကောင်စသည်တို့သည် ကာယနှင့် ဇိဝှါဟူသော ဣန္ဒြေနှစ်ပါးသာ ရှိသောကြောင့် ဒွိန္ဒြိယမည်ကုန်၏။ ပိုးပိုးလိကာခေါ် ပရွက်ဆိတ် (နက်ကြီး) သန်းစသော သတ္တဝါတို့သည် ကာယ, ဇိဝှါ, ဃာနဟူသော ဣန္ဒြေ သုံးခုရှိသောကြောင့် တိဝိန္ဒြိယမည် ကုန်၏။ မှက်, ခြင်, ပိတုန်းကောင်စသည်တို့သည် ကာယ, ဇိဝှါ, ဃာန, စက္ခုဟူသော

မဟုတ်ဟူသော အမည်သည်။ (ဟောတိ၊ ၏။ ) တေသု၊ ထိုပုဂ္ဂလဓမ္မစသည်တို့တွင်။ သဒ္ဒ ဖဿ ရူပ ရသ ဂန္ဓ သဏ္ဌာန ဗန္ဓ ဘေဒ သုခုမ (ပရအပရာဃာတ)-ပ္ပဘာဝစ္ဆာယောဇ္ဇောတ တမာနိ၊ အသံ, အတွေ့, အဆင်း, အရသာ, အနံ့, သဏ္ဌာန်, ဖွဲ့တွယ်ခြင်း, ကွဲပြားခြင်း, သိမ်မွေ့ခြင်း, (တပါးတပါးမဟုတ် ထိပါးခြင်း)အရောင်, အရိပ်, အလင်း, အမှောင်တို့သည်[၁]။ ပုဂ္ဂလလက္ခဏံ၊ ပုဂ္ဂလ၏လက္ခဏာတည်း။

---

ဣန္ဒြေလေးခုရှိသောကြောင့် စတုရိန္ဒြိယမည်ကုန်၏။ လူ, သားတိရစ္ဆာန်နှင့် ငှက်စသည်တို့သည် ကာယ, ဇိဝှါ, ဃာန, စက္ခု, သောတ ဟူသောဣန္ဒြေငါးခုလုံးရှိသောကြောင့် ပဉ္စိန္ဒြိယမည်ကုန်၏။

၁-(ပရအပရာဃာတ)အရာ၌ သီဟိုဠ်မူတွင် ပါဒရာပရာဃာရ-ဟု ရှိ၏၊ အနက်ပြန်ရန်ပင် မလွယ်လှ။ အထက်၌ ပြန်ထားသော အနက်မှာလည်း ဂျိန်းဝါဒအဆိုတို့နှင့် မညီ၍ သင့်မည် မဟုတ်၊ပါဠိရှိရင်းအတိုင်း ပြန်ဆိုချက်မျှသာတည်း။အမှန်ရှိသင့်သည်မှာ ဖရုသဂါရဝလာဃဝ-ဟု ရှိသင့်၏၊ ကြမ်းတမ်းခြင်း လေးခြင်း ပေါ့ခြင်း-ဟု ပြန်ဆိုအပ်၏။ မှန်ပေ၏- ဂျိန်းဝါဒ ဆိုင်ရာကျမ်းတို့၌ ပုဂ္ဂလခေါ် ရုပ်ကို အောက်ပါအတိုင်း ဖော်ပြထား၏။

ဖဿရသဂန္ဓဝဏ္ဏဝန္တာ ပုဂ္ဂလာ၊ တေ စ ဒုဝိဓာ အဏဝေါ ခန္ဓာ စ၊ ဘောတ္တုမသက္ကု-ဏေယျာ အဏဝေါ၊ ဒွိအဏုကာဒယော ခန္ဓာ။ (သဗ္ဗဒဿနသင်္ဂဟ ၇၁)

တတြ ဖဿော အဋ္ဌဝိဓော ကဌိနော မုဒု ဂရု လဃု သီတံ ဥဏှံ သိနိဒ္ဓေါ လူခေါ ဣတိ။ (၎င်း၏အဖွင့်)

အထက်ပါကျမ်းအဆိုတို့တွင် "ဘောတ္တုံ အသက္ကုဏေယျာ၊ သုံးစွဲခြင်းငှါ မစွမ်းနိုင်ကောင်းသော အသိမ်းအသိမ်းသော မှုန်တို့သည်။ အဏဝေါ၊ ပရမာဏုမည်ကုန်၏။ ဒွိအဏု-ကာဒယော၊ ဒွိအဏုကစသော မှုန်အပေါင်းအစုတို့သည်။ ခန္ဓာ၊ အပေါင်းအစုမည်ကုန်၏" ဟူသောပြဆိုချက်အရ ဤဋီကာ၌ ဗန္ဓဘေဒ-ဟု ပြဆိုသည်။ ဝဏ္ဏ-ဟူသောပုဒ်အရ သဏ္ဌာန-ပဘာစသော ဝဏ္ဏအထူးတို့ကို ပြဆိုသည်။ ဖဿ-ဟူသောပုဒ်အရ သုခုမဟူ၍ ဖဿအထူးကို ပြဆိုထားသဖြင့် ထို၏ ဆန့်ကျင်ဖက် ကဌိန-လူခဟူသော ဖဿအထူးတို့ကိုလည်း ပြခဲ့သည်သာ ဖြစ်ရာ၏။ ယင်းမှာ ဖရုသ-ဟု ဖြစ်သင့်၍ ယခုလက်ရှိ ဋီကာစာပေတို့၌ ပရအ-ဟူ၍ရင်း ပါဒရာ-ဟူ၍ရင်း ပျက်နေသည်ဖြစ်ရာ၏။ ထိုပြင် ဂုရု လဃုတို့၏ အရ ဂါရဝ လာ-ဃဝတို့မှ ပရာဃာတ-ဟူ၍ရင်း ပရာဃာရ-ဟူ၍ရင်း ပျက်နေသည်ဖြစ်ရာ၏၊ သီတဥဏှတို့ကို ကား ဖဿ-ဟူသော ပုဒ်ဖြင့်ပင် သိနိုင်သောကြောင့် ခြွင်းချန်ထားသည် ဖြစ်ရာ၏။ ထိုပြင် ဂျိန်းဝါဒ၌ ဤအရာတွင် ခန္ဓနှင့် သံဃာတဟူသော ဝေါဟာရများသာ ရှိသောကြောင့် ဤဋီကာ၌လည်း ဗန္ဓဘေဒ-ဟူရာတွင် မူလက ခန္ဓဘေဒ ဟု ရေးခဲ့ဟန်တူ၏၊ သို့သော် ပါဠိ ကျမ်းဂန်တို့၌ ထိုသို့သော အရာတွင် ခန္ဓ-ပုဒ်အသုံး မထင်ရှားသောကြောင့်ရင်း, သီဟိုဠ် အက္ခရာ၌ ခ-နှင့် ဗ-တို့သည် ဆင်တူရိုးမှားရှိသောကြောင့်ရင်း, ဘေဒ၏ ဆန့်ကျင်ဖက် ဗန္ဓ သာလျှင် ထင်ရှားသောကြောင့်ရင်း ခ-မှ-ဗ သို့ ပြောင်းလဲလာဟန်ရှိ၏။ ထိုပြင် ဆ္ဆာ-ယောဇ္ဇာကတမာနိ-ကား အနက်ဖော်ရန်ခက်၏။ သီမူ၌ ဆ္ဆာယော-ဇ္ဇောတ္တမာနိ-ဟု ရှိ၏၊ ယင်းကိုမှီ၍ ဆ္ဆာယောဇ္ဇောတတမာနိ-ဟု ဤ၌ပြင်လိုက်သည်။

ဂျိန်းကျမ်းရင်းတို့၌ရင်း, အိန္ဒိယဖီလော်ဆော်ဖီခေါ်သော ကျမ်းစာအုပ်၌ရင်း အတွေ့ အရသာ အနံ့ အဆင်း ဤရုပ် ၄-မျိုးကိုသာလျှင် အရင်းခံရုပ်-ဟု ပြ၍ အသံ အအေး အပူ အရိပ် အလင်း အမှောင် ပေါင်းစပ်ခြင်း ကွဲကွာခြင်း သိမ်မွေ့နူးညံ့ခြင်း ကြမ်းတမ်းခြင်း

ဣတိ၊ ထိုကြောင့်။ ပုဂ္ဂလော၊ ပုဂ္ဂလသည်။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ ပဝတ္တိအာကာရမတ္တတော၊ ဖြစ်သောအခြင်းအရာမျှ ဖြစ်ခြင်းကြောင့်။ ရူပံ၊ ရုပ်တည်း[၁]။ ဓမ္မာဓမ္မာ၊ ဓမ္မနှင့် အဓမ္မတို့သည်။ ဇီဝပုဂ္ဂလာနံ၊ ဇီဝဟုခေါ်သော အတ္တနှင့် ပုဂ္ဂလဟုခေါ်သော ရုပ်တရားတို့၏။ ဂတိဋ္ဌိတိမတ္တတာယ၊ သွားခြင်း (လှုပ်ရှားခြင်း) တည်ငြိမ်ခြင်းမျှ၏အဖြစ်ကြောင့်[၂]။ [၃၆၁] တဒဝိသိဋ္ဌာ၊ ထိုဇီဝနှင့် ပုဂ္ဂလတို့မှ မထူးခြားသော သဘောတရားတို့တည်း။ အာကာသ-ကာလာ၊ အာကာသနှင့် ကာလတို့သည်။ ပညတ္တိမတ္တံ၊ ပညတ်မျှသာတည်း။ ဗန္ဓော၊ ဖွဲ့ခြင်းဟူသည်။ ကမ္မပုဂ္ဂလန္တရသံယောဂေါ၊ ကံဖြစ်နိုင်သော ပုဂ္ဂလခေါ် ရုပ်တရားတို့၏အတွင်း၌ စပ်ယှဉ်ခြင်းတည်း[၃]။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသော

---

ပုံသဏ္ဌာန်စသည်တို့မှာမူ အကြောင်းတိုက်ဆိုင်သည်အားလျော်စွာ နောက်မှ ဖြစ်ပေါ်လာသော ရုပ်များဖြစ်သည်-ဟု ဆို၏။

၁-ဒွိအဏုကာဒိက္ခန္ဓဘေဒါ အဏ္ဍာဒိ ဥပ္ပဇ္ဇတေ၊ အဏ္ဍာဒိသံဃာတာ ဒွိအဏုကာဒိ ဥပ္ပဇ္ဇတေ၊ ကွစိ ဘေဒသံဃာတေဟိ ခန္ဓုပ္ပတ္တိ၊ တတော ဝေ ပူရယန္တိ ဂလယန္တီတိ ပုဂ္ဂလာ။ (သဗ္ဗ ၇၂)

တတြ ဒွိအဏုကာဒိက္ခန္ဓဝိဒါရဏေန ပုဂ္ဂလာနံ (ရုပ်တို့၏) အဏုပရိဏာမော ဇာယတေ၊ အဏ္ဍာဒီနံ မိထု သံယောဂါ စ ပုဂ္ဂလာနံ ခန္ဓပရိဏာမော ဇာယတေ။ ဘေဒေါ ဝိဒါရဏံ။ ပုထုဘူတာနံ ကေတြ သံဟနနံ သံဃာတော။ ကွစိတိ ယထာ တိအဏုကာဒိဝိဒါရဏာ အဏူနံ သံဃာတာ စ ဒွိအဏုကာဒိပရိဏာမော ဇာယတေ။ (ယင်း၏အဖွင့်။ ကွစိစသော အဖွင့်၌ ဆိုလိုသည်မှာ တိအဏုကနှင့် ထိုထက်ကြီးသော အဏုအပေါင်းတို့ ကွဲသွားခြင်းကြောင့်လည်း ဒွိအဏုက တိအဏုကစသော ခန္ဓသည် ဖြစ်၏၊ အသီးအသီးသော အဏုမြူတို့၏ ပေါင်းစပ်ခြင်းကြောင့်လည်း ဒွိအဏုကစသော ခန္ဓသည် ဖြစ်၏၊ ထိုကြောင့် သဗ္ဗဒဿန-သင်္ဂဟစာကိုယ်၌ ကွစိ ဘေဒသံဃာတေဟိ ခန္ဓုပ္ပတ္တိ-အချို့အရာ၌ ကွဲကွာခြင်း ပေါင်းစပ်ခြင်းတို့ကြောင့် ဒွိအဏုကစသော အပေါင်းခန္ဓဖြစ်သည်-ဟု ဆိုသည်-ဟူ၍ ဆိုလို၏။)

အထက်ပါစကားရပ်တို့ဖြင့် အသီးအသီးသော အဏုမြူတို့၏၎င်း, ဒွိအဏုကစသည်တို့၏၎င်း ပေါင်းစပ်ခြင်းအားဖြင့် ရုပ်တို့သည် ကြီးထွားလျက် ပြည့်စေတတ်သောကြောင့်၎င်း ဒွိအဏုက တိအဏုကစသော အပေါင်းအစုတို့၏ ကွဲကွာခြင်းဖြင့် သေးငယ်လျက် လျော့ကျတတ်သောကြောင့်၎င်း ပုဂ္ဂလမည်သည်ဟု သိစေ၏။

ဓမ္မာဓမ္မာကာသကာလာနံ ယထာသမ္ဘဝံ ဂတိဋ္ဌိတိအဝဂါဟဝတ္တနာဟေတုတ္တာဒိ-သာမညာနိ ဂုဏာ။ (သဗ္ဗ ၇၂) ဂတိဟေတုတ္တံ ဓမ္မဿ ဂုဏော၊ ဌိတိဟေတုတ္တံ အဓမ္မဿ ဂုဏော၊ အဝဂါဟဟေတုတ္တံ အာကာသဿ ဂုဏော၊ ဝတ္တနာဟေတုတ္တံ ကာလဿ ဂုဏော (၎င်း၏အဖွင့်)

အထက်ပါအတိုင်း ပြဆိုကြသောကြောင့် ဓမ္မ အဓမ္မ-ဟူသည်မှာ ဇိနဝါဒ၌ လှုပ်ရှားခြင်းနှင့် တည်ငြိမ်ခြင်းကို ဆိုလိုသည်။ ထိုကြောင့် ဋီကာ၌ ဂတိဋ္ဌိတိမတ္တတာယ-ဟု မိန့်ဆိုလေသည်။

၂-မိစ္ဆာဒဿန-အဝိရတိ-ပမာဒ-ကသာယဝသာ (ကသာယတို့၏ အစွမ်းကြောင့်၎င်း) ယောဂဝသာ စ သုခုမေကက္ခေတ္တာဝဂါဟီနံ (သိမ်မွေ့ကုန်သော တခုသောကိုယ်၌ ဝင်တတ်ကုန်သော) ပုဂ္ဂလာနံ ကမ္မဗန္ဓ (ကမ္မဘာဝ-?) ယောဂျာနံ အာဒါနံ ဥပသိလေသနံ ယံ

ကြောင့်။ တေဟိ၊ ထိုကံနှင့် ပုဂ္ဂလမည်သော ရုပ်တို့မှ။ အနညော၊ အခြားတပါး မဟုတ်သော တရားတည်း။ ပုညပါပါနိ၊ ကောင်းမှု မကောင်းမှုတို့သည်။ နာမံ၊ နာမ်မည်၏။ ဣတိ၊ သို့။ ပါကဋမေဝ၊ ထင်ရှားသည်သာလျှင်တည်း။ ကမ္မပုဂ္ဂလာဂမနံ၊ ကမ္မပုဂ္ဂလတို့၏ လာရောက်ခြင်းသည်၊ ဝါ၊ ကံဖြစ်နိုင်သောရုပ်တို့၏ လာရောက်ခြင်းသည်[၁]။ အာသဝေါ၊ အာသဝမည်၏။ ဣတိ၊ သို့။ ဝစနတော၊

---

ကရောတိ သ ဗန္ဓော၊ တံ ဝုတ္တံ- "သကသာယတ္တာ ဇီဝေါ ကမ္မဘာဝယောဂ္ဂေ ပုဂ္ဂလေ အာဒတ္တေ သ ဗန္ဓော" ဣတိ။ (သဗ္ဗ ၇၅)

ထိုကျမ်း၏အဖွင့်၌.......မိစ္ဆာဒဿနာဒီဟိ ဟေတူဟိ သုခုမာနံ ကေသ္မိံ သရီရေ ပဝိသန္တာနံ အနန္တာဝယဝါနံ ပုဂ္ဂလာနံ အဏုဒွိအဏုကာဒီနံ ကမ္မရူပေန ပရိဏာမယောဂျာနံ ဥပသိလေသနံ အဝိဘာဂေန သမ္ဗန္ဓံ ကရောတိ၊ အယမေဝ ဗန္ဓော ဣတိ ဝုစ္စတေ-ဤသို့ စသည်ဖြင့် ပြဆိုထားသောကြောင့်၎င်း, ထိုအဖွင့်၌ပင်လျှင် အတ္တကမ္မာနံ အညောညာဝယဝါနုပဝေသော ဗန္ဓော-ဟု ဆိုသောကြောင့်၎င်း ကမ္မပုဂ္ဂလတ္တသံယောဂေါ-ဟူသော ဤအရာ၌ "ကမ္မပုဂ္ဂလတ္တသံယောဂေါ၊ ကံဖြစ်နိုင်သော ပုဂ္ဂလခေါ် ရုပ်တို့၏ အတ္တနှင့် ယှဉ်ခြင်းတည်း"-ဟု ပါဌ်ရှိသင့်၏။

ဂျိန်းဝါဒအရပြဆိုထားသော ဇီဝ, အဇီဝ စသည်တို့ကို မယုံကြည်ခြင်းသည် မိစ္ဆာဒဿနမည်၏။ ခါတ်လေးပါးနှင့် ထာဝရရုပ်, ဇင်္ဂမရုပ်ဟူသော ရုပ်ခြောက်မျိုးကို မစွဲယူခြင်းနှင့် ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်ခြင်းသည် ဝိရတိ-ကြဉ်ရှောင်ခြင်းမည်၏၊ ထိုမှ အပြန်အားဖြင့် မကြဉ်ရှောင်ခြင်းသည် အဝိရတိ မည်၏။ သမိတိငါးပါး ဂုတ္တိသုံးပါးတို့၌ အားမထုတ်ခြင်းသည် **ပမာဒ**-မေ့လျော့ခြင်းမည်၏။ ကောဓ မာန မာယာ လောဘတို့သည် **ကသာယ**-စွဲကပ်သော ဖန်ရည်တရားမည်၏။ ထိုမိစ္ဆာဒဿနစသည်တို့၏အစွမ်းကြောင့်၎င်း, ယှဉ်ခြင်းအထူးကြောင့်၎င်း တခုသောကိုယ်၌ ဝင်လာကုန်သော သိမ်မွေ့ကုန်သော ကံအဖြစ်သို့ ပြောင်းလဲသွားနိုင်ကုန်သော အဏုမြူ ဒွိအဏုက စသော ရုပ်တို့ကို အတ္တ-က လက်ခံလျှင် ဗန္ဓ-ဖွဲ့တွယ်အပ်သည်မည်၏။ တနည်း အတ္တနှင့် ကံတို့ အချင်းချင်း အစိတ်အပိုင်းတို့၌ ဝင်ခြင်းသည် ဗန္ဓမည်၏။ ရုပ်တို့က ကံအဖြစ်သို့ ပြောင်းလဲပုံမှာ အိုးခွက်အထူး၌ ထည့်ထားသော အမျိုးမျိုးသော အရသာရှိသော အစေ့ ပန်း အသီးတို့၏ သေရည်အဖြစ်သို့ ပြောင်းလဲသွားပုံနှင့် တူသည်ဟူ၍ ထိုသဗ္ဗဒဿနသင်္ဂဟ၏ အဖွင့်၌ဆို၏။

၁-ဩဠာရိကာဒိကာယာဒိစလနဒွါရေန အတ္တနော စလနံ ယောဂပဒဝေဒနီယံ အာသဝေါ။ (သဗ္ဗ ၇၄) ဩဠာရိကကိုယ်, ဝိကြိယကကိုယ်, အာဟာရကကိုယ်, တေဇသိက ကိုယ်, ကမ္မဇကိုယ်ဟူသော ငါးပါးသောကိုယ်နှင့် နှုတ်စိတ်တို့၏ လှုပ်ရှားခြင်းကို အကြောင်းပြုသဖြင့် အတ္တ၏လှုပ်ရှားခြင်းဟူသော ကာယဝစီမနောယောဂဖြင့် သိအပ်သော အရာသည် **အာသဝ** မည်၏-ဟု ဆိုလို၏။

ထို၏အဖွင့်၌....သုဘာသုဘကမ္မာဂမဒွါရံ (ကုသိုလ်အကုသိုလ်ကံ၏ လာခြင်းအကြောင်းသည်) အာသဝေါ (အာသဝမည်၏)-ဟု အကျဉ်းချုပ် ပြဆိုထား၏။

အာသဝနိရောဓော သံဝရော၊ ယေန အတ္တနိ ပဝိသကမ္မံ ပတိသိဇ္ဈတေ (ပတိသေဓိယတေ)၊ သဂုတ္တိသမိတိအာဒိ သံဝရော။ (သဗ္ဗ ၇၈)။ အာသဝေါ အတ္တနော (အတ္တ၏) စလနံ၊ ဣဒမေဝ ယောဂပဒေန ဝုစ္စတေ။ တဿ နိရောဓေ ဟိ ကမ္မပုဂ္ဂလာနံ အတ္တနိ ပဝေသော န သမ္ဘဝတိ။ (၎င်း၏အဖွင့်) ဤသို့စသော ပြဆိုချက်တို့ကို ထောက်၍ ကမ္မ-

ဆိုသောကြောင့်။ ပုညာပုညသမ္ဘဝေ၊ ကောင်းမှုနှင့် မကောင်းမှုတို့၏ ဖြစ်ခြင်း၌။ အာသဝသမညာ၊ အာသဝဟူသော အမည်သည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ အာသဝေါ၊ အာသဝသည်။ တတော၊ ထိုကောင်းမှု မကောင်းမှုတို့မှ။ အဝိသိဋ္ဌော၊ မထူးခြားသည်။ (ဟောတိ၊ ၏။ ) အာသဝနိရောဓော၊ အာသဝ၏ ချုပ်ခြင်းသည်။ သံဝရော၊ သံဝရမည်၏။ ဣတိ၊ သို့။ ဝစနတော၊ ကြောင့်။ ပဋိပက္ခေန၊ ဆန့်ကျင်ဖက်ဖြင့်။ ပုညာပုညနိရောဓော၊ ကောင်းမှုမကောင်းတို့၏ ချုပ်ခြင်းသည်။ သံဝရော၊ သံဝရမည်၏[၁]။ ကမ္မဖလပ္ပဝတ္တိယာ၊ ကံ၏အကျိုးအယဉ်၏။ ပကတိယာ၊ ပကတိ ဖြစ်ရိုးဖြစ်စဉ်အားဖြင့်။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်။ နိဇ္ဇရော၊ နိဇ္ဇရမည်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဆိုသောကြောင့်။ ဝိပါကနိရောဓနိမိတ္တံ၊ အကျိုးဝိပါက်၏ ချုပ်ခြင်း၏ အကြောင်းသည်။ နိဇ္ဇရော၊ နိဇ္ဇရမည်၏[၂]။ မောက္ခောပိ၊ လွတ်မြောက်ခြင်းသည်လည်း။ သဗ္ဗကမ္မဝိမောက္ခော၊ အလုံးစုံသောကံတို့မှ လွတ်မြောက်ခြင်းတည်း။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ကမ္မပုဂ္ဂလဇီဝဝိယောဂေါ၊ ကမ္မပုဂ္ဂလတို့နှင့် ဇီဝ၏မယှဉ်ခြင်းတည်း[၃]။ တတ္ထ၊ ထိုတရားတို့တွင်။ ကမ္မပုဂ္ဂ-

---

ပုဂ္ဂလာဂမနမာသဝေါ-ဟု ရှိသော သီဟိုဠ်မူသာလျှင် ယုတ္တတရဖြစ်၍ ၎င်းအတိုင်း အနက်ပြန်ထားသည်။

၁-မှတ်ချက် ၁-၌ ပြခဲ့သည့်အတိုင်း (ကမ္မပုဂ္ဂလတို့၏ ဝင်ရောက်ကြောင်းဖြစ်သော ယှဉ်ခြင်းမှ စောင့်ရှောက်မှု-ဟူသော) ဂုတ္တိ ၃-ပါး, (ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်လျက် ကောင်းစွာဖြစ်ခြင်းဟူသော) သမိတိ ငါးပါး ဤသို့အစရှိသော တားမြစ်ပိတ်ဆို့ခြင်းသည် သံဝရမည်၏-ဟု သဗ္ဗဒဿနသင်္ဂဟ၌ ဆို၏။ ထိုတွင် ဂုတ္တိ ၃-ပါး ဟူသည်ကား ကိုယ် နှုတ် စိတ်တို့ကို နှိပ်ခြင်းပင်တည်း။ သမိတိ ၅-ပါးဟူသည်ကား သွားရာ၌၎င်း, ပြောဆိုရာ၌၎င်း, ဆွမ်းခံရှာမှီးရာ၌၎င်း, ခံယူရာ၌၎င်း, ကျင်ကြီးကျင်ငယ် စွန့်ရာ၌၎င်း-ဤငါးဌာနတို့၌ သတ္တဝါတို့အား ညှဉ်းဆဲမှုမဖြစ်စေရန် ဂရုပြု၍ ကျင့်ခြင်းပင်တည်း။ ထိုတွင် ဆွမ်းခံရာ၌ အပြစ် ၄၂-ပါးတို့မှ ကင်းလွတ်သောဆွမ်းကိုသာလျှင် ရှာမှီးခံယူရသည် ဟူ၏။ ပိဋကတော်၌ လာသော အစေလကကျင့်ဝတ်တို့ပင် ဖြစ်ရာ၏။

၂-အဇ္ဇိတဿ ကမ္မုနော (ရှေးဘဝက ရခဲ့ပြုခဲ့သောကံကို) တပေါပဘုတီဟိ နိဇ္ဇရဏံ နိဇ္ဇရာချ တတ္ထ၊ စိရကာလပ္ပဝတ္တကသာယကလာပံ ပုညံ သုခဒုက္ခေ စ ဒေဟေန ဇရယတိ နာသယတိ၊ ကေသဉ္စလုဉ္စနာဒိကံ (ဆံပင်ကိုနှုတ်ခြင်း စသောအကျင့်ကို) တပေါ ဥစ္စတေ။ (သဗ္ဗ ၈၀)

ကမ္မေကဒေသသင်္ခယော နိဇ္ဇရာ (၎င်း၏ အဖွင့် ၇၃)

အထက်ပါပြဆိုချက်များနှင့်အညီ ရှေးဘဝကပါခဲ့သော ကံဟောင်းကို ဆံပင်ကိုနှုတ်ခြင်း အစရှိသောအကျင့်ဖြင့် ကုန်ပျက်စေခြင်းကို နိဇ္ဇရာ ခေါ်သည်-ဟု သိအပ်၏။

၃-မိစ္ဆာဒဿနာဒီနံ ဗန္ဓဟေတူနံ နိရောဓေ အဘိနဝကမ္မာဘာဝတော နိဇ္ဇရာဟေတုသံ-နိဓာနေန အဇ္ဇိတဿ ကမ္မုနော နိရသနတော အစ္စန္တိကကမ္မမောက္ခဏံ မောက္ခော။ တဒါဟ- "ဗန္ဓဟေတုအဘာဝနိဇ္ဇရာဟိ ကသိဏ (သကလ) ကမ္မဝိပ္ပမောက္ခဏံ မောက္ခော" ဣတိ။ (သဗ္ဗ ၈၀)

လာနံ၊ ကမ္မပုဂ္ဂလတို့၏၊ ဝါ၊ ကမ္မနှင့်ပုဂ္ဂလတို့၏။ သဒ္ဒါဒိလက္ခဏတာယ၊ သဒ္ဒရုပ်စသည်လျှင် လက္ခဏာရှိ၏အဖြစ်ကြောင့်။ ရူပမတ္တတာ၊ ရုပ်မျှ၏အဖြစ်သည်ရင်း။ ပုညာပုညမတ္တတာယ၊ ကောင်းမှုမကောင်းမှုမျှ၏ အဖြစ်ကြောင့်။ အရူပတာ၊ နာမ်၏အဖြစ်သည်ရင်း။ (ဟောတိ၊ ၏။) ဇီဝေါ စ၊ ဇီဝသည်ကား။ အရူပမတ္တ-

---

သံဝရော နိဇ္ဇရာ စေတိ မောက္ခော ဟေတုဒွယံ၊ တတြ သံဝရေန ကမ္မပုဂ္ဂလာနံ ဇီဝတ္တနိပဝေသာဘာဝါ အဘိနဝကမ္မာဘာဝေါ၊ သဥ္စိတဿ စ နိဇ္ဇရာယ ခေပနံ၊ ဧဝံ ကသိဏ-(သကလ) ကမ္မဝိမောက္ခေ မောက္ခော သိဇ္ဈတိ။ (ငှင်း၏အဖွင့်)

အထက်ပါပြဆိုချက်များဖြင့် ဂျိန်းဝါဒအရ လွတ်မြောက်ရေး၌ သံဝရနှင့် နိဇ္ဇရာဟူ၍ အကြောင်းနှစ်ပါး ရှိရာတွင် သံဝရဖြင့် ကမ္မပုဂ္ဂလခေါ် ကံဖြစ်နိုင်သောရုပ်တို့ကို မဝင်ရောက် မရောယှက်စေခြင်းကြောင့် ကံအသစ်မဖြစ်ခြင်း, နိဇ္ဇရာဖြင့် ကံဟောင်းကို ကုန်စေခြင်း-ဟူသော ဤနှစ်မျိုးဖြင့် ကံအားလုံးမှ လွတ်မြောက်လျှင် မောက္ခ ပြီးစီးသည်-ဟု ပြ၏။

ထိုသို့ မောက္ခပြီးစီးရာ၌ "သမ္မာဒဿန-ဉာဏ-စာရိတ္တာနိ မောက္ခမဂ္ဂေါ" (သဗ္ဗ ၆၃) ဟူသည်နှင့်အညီ (၁) သမ္မာဒဿန-အမြင်မှန်၊ (၂) သမ္မာဉာဏ-အသိမှန်၊ (၃) သမ္မာ-စာရိတ္တ-အကျင့်မှန်-ဟူသော ဤ ၃-ပါးကို ဂျိန်းဝါဒအရ လွတ်မြောက်ကြောင်း မဂ်လမ်းဟူ၍ရင်း, တြိရတနာဟူ၍ရင်း ဆို၏။

ထိုတွင် ဂျိန်းဘာသာတရား၌ ယုံကြည်ခြင်းကို သမ္မာဒဿန-ဟု ဆို၏။ ဇီဝ အဇီဝစသော ဂျိန်းသဘာဝတရားတို့ကို သိခြင်းကို သမ္မာဉာဏ-ဟု ဆို၏။ (၁) အဟိံသာ (၂) သစ္စာ (၃) အထေယျ (၄) ဗြဟ္မစရိယ (၅) အပရိဂ္ဂဟ-ဟူသော မဟာဝတခေါ် ဤဝတ်ငါးပါး အကျင့်ကို သမ္မာစာရိတ္တဟု ဆို၏။

ထိုတွင် ဂျိန်းဝါဒ၌ (၁) အဟိံသာ-မညှဉ်းဆဲခြင်း ဟူသည်မှာ သဝိညာဏကဖြစ်၍ လှုပ်ရှားတတ်သော သတ္တဝါတို့ကိုသာ မဟုတ်၊ အဝိညာဏကဖြစ်သော မလှုပ်ရှားတတ်သော မြေ ရေ လေ မီး သစ်ပင်တို့ကိုပါ ဧကိန္ဒြိယသတ္တဝါဟု ယူ၍ ယင်းတို့ကိုပါ မညှဉ်းဆဲရသော အကျင့်ဖြစ်သည်။ အပြင်းအထန်ကျင့်သော အချို့ဂျိန်းရဟန်းများသည် လေထဲ၌လွင့်ပါလာသော သတ္တဝါများအား ညှဉ်းဆဲမှုမဖြစ်စေရန် နှာခေါင်း၌ အဝတ်ဖြင့် ဖုံးလွှမ်းထားသည် ဟူ၏။ ဂျိန်းဘာသာဝင် လူဝတ်ကြောင်တို့မှာ ဤအဟိံသာအကျင့်ကို အပြည့်အစုံ မကျင့်နိုင်၍ ဒွိန္ဒြိယပါဏစသော လှုပ်ရှားတတ်သော သတ္တဝါတို့အား မညှဉ်းဆဲခြင်းကိုသာလျှင် ကျင့်နိုင်ကြသည် ဟူ၏။ သတ်ဖြတ်ညှဉ်းဆဲရန် ကြံစည်ခြင်း, ပြောဆိုခြင်း, ခွင့်ပြုခြင်း, တိုက်တွန်းခြင်းဖြင့်လည်း ဤကျင့်ဝတ်ပျက်သည်ဟု ယူကြ၏။

(၂) သစ္စာ-အမှန်ကိုပြောခြင်း ဟူသည်မှာ မမှန်သည်ကိုပြောခြင်းမှ ရှောင်ကြဉ်၍ မှန်ကန်သော ကောင်းသော ချိုသာသော အကျိုးရှိသောစကားကို ပြောခြင်း-ဟု ဆိုလို၏။ ဗုဒ္ဓဘာသာ၌ သမ္မာဝါစာမျိုးပင်ဖြစ်သည်။

(၃) အထေယျ-မခိုးရခြင်း ဟူသည်မှာ သူတပါးမပေးသည့် ဥစ္စာကို မယူရခြင်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ၌ အဒိန္နာဒါနဝိရတီမျိုးပင် ဖြစ်သည်။ ဂျိန်းဆရာတဦးကမူကား ပစ္စည်းဥစ္စာမှာ ပိုင်ရှင်ဖြစ်သူ၏ အပြင်ပ-အသက်ဖြစ်၍ ထိုပစ္စည်းကို လုယက်ခိုးယူလျှင် အပြင်ပအသက်ကို လုယက်ခိုးယူရာရောက်သည်ဟု ဆို၏။

(၄) ဂျိန်းဝါဒ၌ ဗြဟ္မစရိယ-မြတ်သောအကျင့် ဟူသည်မှာ မေထုန်မှုမှ ကြဉ်ရှောင်ရုံမျှသာ မဟုတ်၊ ကာမဂုဏ်အာရုံခံစားမှု ဟူသမျှမှ ကြဉ်ရှောင်ခြင်းဟူ၍ ယူဆကြ၏။ ကာမဂုဏ်

မေဝ၊ နာမ်မျှသာလျှင်တည်း။ ဣတိ အယံ၊ ဤသည်ကား။ ဒြဗျမောက္ခော၊ ဒြဗ်အားဖြင့် လွတ်မြောက်ခြင်းတည်း[၁]။ ဘာဝမောက္ခော ပန၊ ဖြစ်ခြင်းအားဖြင့် လွတ်ခြင်းသည်ကား။ ဇီဝဿ၊ ဇီဝဟုခေါ်သောအတ္တ၏။ ရာဂါဒိဘာဝါပရိဏာမော၊ ရာဂစသည်ဖြစ်ခြင်းငှါ မပြောင်းလဲခြင်းတည်း[၂]။ (ဣတိ၊ ကြောင့်။) ရာဂါဒယော၊ ရာဂစသည်တို့သည်။ နာမမေဝ၊ နာမ်သာလျှင်တည်း။ ဣတိ၊ ကြောင့်။ ဇီဝါဒယောပိ၊ ဇီဝအစရှိသော တတ္တတို့သည်လည်း။ နာမရူပန္တော-ဂဓာ ဧဝ၊ နာမ်ရုပ်တို့၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။

ကာယ ပဝတ္တိ ဂတိ ဇာတိ ဗန္ဓာပဝဂ္ဂါ၊ ကာယ, ပဝတ္တိ, ဂတိ, ဇာတိ, ဗန္ဓ, အပ-ဝဂ္ဂတို့သည်၊ ဝါ၊ ကိုယ်, ဖြစ်ခြင်း, လားရာ, အမျိုးဇာတ်, နှောင်ဖွဲ့ခြင်း, လွတ်မြောက်ခြင်းတို့သည်။ ကာယာဒိကာ၊ ကာယအစရှိသည်တို့မည်ကုန်၏။ တတ္ထ၊ ထိုကာယအစရှိသည်တို့တွင်။ ပထဝီ အာပ တေဇ ဝါယု အတ္တ သုခ-ဒုက္ခေသု၊ ပထဝီ အာပေါ တေဇော ဝါယော အတ္တ ချမ်းသာဆင်းရဲတို့၌။ ကာယ-သမညာ၊ ကာယဟူသော အမည်သည်[၃]။ (ဟောတိ၊ ၏။) ပဝတ္တိဂတိဇာတိ-ဗန္ဓာပဝဂ္ဂါ၊ ပဝတ္တိ, ဂတိ, ဇာတိ, ဗန္ဓ, အပဝဂ္ဂတို့သည်၊ ဝါ၊ ဖြစ်ခြင်း, လားရာဂတိ, အမျိုးဇာတ်, နှောင်ဖွဲ့ခြင်း, လွတ်မြောက်ခြင်းတို့သည်။ တဒဝိသိဋ္ဌာ၊ ထိုကာယမှ မထူးခြားသော သဘောတရားတို့တည်း။ ဘာဝေါတိ၊ ဖြစ်ခြင်းဟူသည်ကား။ အတ္ထော၊ အနက်တည်း။ ကာယောတိ၊ ကာယဟူသောပုဒ်သည်။

---

ခံစားမှုနှင့်စပ်၍ ပြောဆိုခြင်း ,ကြံစည်ခြင်း, နောင်ကာလ နောင်ဘဝ၌ ခံစားရန်မျှော်လင့်ခြင်း သူတပါးအား ခွင့်ပြုခြင်းများကိုလည်း မပြုရဟူ၏။

(၅) အပရိဂ္ဂဟ-မသိမ်းပိုက်ခြင်း ဟူသည်မှာ အာရုံငါးပါး၌ ကပ်ငြိတွယ်တာခြင်းကို စွန့်ပယ်ခြင်းဟု ဆိုလို၏။ လောကီအာရုံ၌ ကပ်ငြိတွယ်တာခြင်းသည် လောက၌ဖွဲ့တွယ်စေသော ဗန္ဓဖြစ်၍ ယင်း၏အားစွမ်းသတ္တိက ဘဝသစ်ကိုဖြစ်စေတတ်သည်။ ထို့ကြောင့် ယင်းကပ်ငြိတွယ်တာခြင်းကို မစွန့်မပယ်လျှင် လွတ်မြောက်ခြင်း မဖြစ်နိုင်ဟု ယူဆကြ၏။ မူအားဖြင့် ဗုဒ္ဓဘာသာတရားတော်နှင့် တူညီ၏။ ဗုဒ္ဓဘာသာတရားတော်၌ကား လောကီအာရုံငါးပါးမျှ၌သာ မဟုတ်ပဲ အာရုံခြောက်ပါးလုံးနှင့်တကွ မိမိကိုယ်၌ပါ ကပ်ငြိတွယ်တာမှု ကင်းအောင် ကျင့်ရ၏။

၁-ကမ္မပုဂ္ဂလတို့၏ ဇီဝအတ္တနှင့် ရောနှောခြင်းကို ဒြဗျဗန္ဓဟု ဆို၏။ ကမ္မပုဂ္ဂလတို့၏ ဇီဝအတ္တနှင့် မယှဉ်ခြင်းသည် ထိုဒြဗျဗန္ဓ၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် ယင်းကို ဒြဗျ-မောက္ခဟု ဆိုသည်။

၂-ဇီဝအတ္တ၏ ရာဂစသည်ဖြစ်ခြင်းကို ဘာဝဗန္ဓ-ဟု ဆို၏။ ထို၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် ဘာဂမောက္ခ-ဟု ဆိုသည်။

၃-ဤကာယခုနစ်ပါးဝါဒကို သီလက္ခန် သာမညဖလသုတ်တွင် ပကုဓ ကစ္စာယန၏ဝါဒ အဖြစ်ဖြင့် တွေ့ရ၏။ မဇ္ဈိမပဏ္ဏာသ သန္ဒကသုတ် (မ ၂-၁၇၅) နှင့် သံယုတ္တနိကာယ ခန္ဓ-ဝဂ္ဂ မဟာဒိဋ္ဌိသုတ် (သံ ၂-၁၇၃) တို့၌လည်း တွေ့ရ၏။ ဤကာယာဒိဝါဒကို ဖော်ပြထားသော အပြင်ပကျမ်းစာကိုကား မတွေ့ရသေး။

အနုတ္တန္တရံ၊ ဘာဝမှထူးခြားသောအနက်မရှိ၊ ဝါ၊ မထူးခြားသောအနက်ရှိ၏၊
ဝါ၊ ဘာဝနှင့်တူသောအနက်ရှိ၏[၁]။ ဣတိ၊ သို့။ ဝစနသော၊ ဆိုသောကြောင့်။
ကာယတော၊ ကာယမှ။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုသည်။ နတ္ထိ၊ မရှိ။
ကိရိယာသံယောဂဝိဘာဂေသု၊ ပြုခြင်း, ယှဉ်ခြင်း, ကွဲကွာခြင်းတို့၌၊ ဝါ၊
ပြုခြင်းနှင့် ယှဉ်ခြင်း, ကွဲကွာခြင်းတို့၌။ ပဝတ္တိသညာ၊ ဖြစ်ခြင်းဟူသောအမည်
သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ ဂတိ-
အာဒိပ္ပကာရေန၊ ဂတိအစရှိသော အပြားအားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။
ပထဝီအာဒယော ဧဝ၊ ပထဝီအစရှိသည်တို့သည်သာလျှင်။ ပဝတ္တိ၊ ပဝတ္တိမည်၏။
ဥပစာရော၊ တင်စား၍ခေါ်သော အမည်တည်း[၂]။ (ဂတိဣတိ ပဒံ၊ ဂတိဟူ
သော ပုဒ်သည်။) တသ္မိံ၊ ထိုကာယ၌။ (တသ္မာ-ဟု ရှိသင့်၏။ တသ္မာ၊
ထိုကာယမှ။ ) အနုတ္တန္တရံ၊ မထူးခြားသောအနက်ရှိ၏၊ ဝါ၊ ထူးခြားသော
အနက်မရှိ၊ ဝါ၊ တူသောအနက်ရှိ၏။ ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။
ကာယတော၊ ကာယမှ။ အနညာ၊ တခြားတပါးမဟုတ်ကုန်သော။ သုရမနုဇ-
ပေတတိရစ္ဆာနနိရယူပပတ္တိယော၊ နတ်ဘုံ, လူ့ဘုံ, ပြိတ္တာဘုံ, တိရစ္ဆာန်ဘုံ, ငရဲဘုံ
တို့၌ ကပ်ရောက်၍ ဖြစ်ခြင်းတို့သည်။ ဂတိယော၊ ဂတိမည်ကုန်၏။ တာသု၊ ထို
ငါးပါးသော ဂတိတို့တွင်။ (သီဟိုဠ်မူ၌ ပုရိမာ ဝိသိဋ္ဌာ ဂတီသု-ဟု ရှိ၏၊ ပုရိမ-
ဝိသိဋ္ဌဂတီသု-ဟု ပါဠ်မှန်ရှိသင့်၏) ပုရိမဝိသိဋ္ဌဂတီသု၊ ရှေးဖြစ်သော ထူးခြား
သော လူ့ဂတိ နတ်ဂတိတို့၌။ ဇာတဿ၊ ဖြစ်သောပုဂ္ဂိုလ်၏။ နိစ္ဆယောပိ၊
ဆုံးဖြတ်ကြောင်းဖြစ်သော အဆင့်အတန်းအမျိုးဇာတ်သည်လည်း။ ပဝတ္တိမတ္တံ၊
ကာယ၏ဖြစ်ခြင်းမျှသာတည်း။ ဣတိ၊ ထိုကြောင့်။ ကဏှနီလရတ္တပီတသုက္က-
အတိသုက္ကသခါတာ၊ အမည်း, အညို, အနီ, အဝါ, အဖြူ, အလွန်ဖြူသော အမျိုး
အစားဟု ဆိုအပ်ကုန်သော။ ဇာတိယော၊ အမျိုးဇာတ်တို့သည်[၃]။ တတော၊
ထိုကာယမှ။ အနညာ၊ တခြားတပါးမဟုတ်ကုန်။ တာ၊ ထိုဇာတိတို့သည်။ ဥတ္တ-
ရုတ္တရဝိသိဋ္ဌာ၊ နောက်နောက် ဇာတိကာလ၌ ထူးကုန်သည်ဖြစ်၍။ အညာဏ-
မောဟရာဂဒေါသတတ္တာသန္ဒဿနပ္ပါယာ၊ မသိခြင်း, တွေဝေခြင်း, ရာဂဒေါသ
တို့ကို အမှန်အားဖြင့်မြင်ခြင်း များသည်ရှိသော်။ သုက္ကဇာတိ၊ သုက္ကဇာတိမည်

---

၁-ဘာဝေါတိ အတ္ထော၊ ကာယောတိ အနုတ္ထန္တရံ-ဟူသော ပါဌ်အနက်ကို မှန်မမှန်
စဉ်းစားသင့်သေး၏။

၂-ဤ ဥပစာရော-ပုဒ်ကိုလည်း သင့် မသင့် စဉ်းစားသင့်သေး၏။

၃-ဤဇာတိ ၆-မျိုးကို သီလက္ခန် သာမညဖလသုတ်၌ မက္ခလိဂေါသာလ၏ ဝါဒအဖြစ်
ဖြင့် တွေ့ရ၏။ အင်္ဂုတ္တရ ဆက္ကနိပါတ (၃၇၇) ၌ ပူရဏကဿပ၏ ဝါဒအဖြစ်ဖြင့်တွေ့ရ၏။
ထိုပူရဏကဿပ၏ ဝါဒ၌ မက္ခလိ ဂေါသာလကို ပရမသုက္ကာဘိဇာတိ-ဟု အမြတ်ဆုံးထား၍
ပြဆိုထားသောကြောင့် ထိုဝါဒသည် မက္ခလိ၏ ဝါဒရင်းဖြစ်ကြောင်း ထင်ရှား၏၊ ထိုပြင်
ပူရဏသည် မက္ခလိ၏ဝါဒကို လက်ခံသူ တပည့်ဖြစ်သည်ဟူ၍လည်း ယူသင့်၏။ ထိုပြင် ဤ

၏။ အန္တာ၊ အဆုံးမှ၊ ဝါ၊ နောက်ဆုံးဖြစ်သော။ အစ္စန္တဝိမုတ္တာ၊ စင်စစ်လွတ်မြောက်သော။ အဝဂါဠှတတ္တာ ၁၊ သက်ဝင်အပ်သော အမှန်တရားရှိသော၊ ဝါ၊ အမှန်တရားကို သက်ဝင်ပြီးသော အမျိုးဇာတ်သည်။ အတိသုက္ကဇာတိ၊ အတိသုက္ကဇာတိမည်၏။ (စာတိသုက္ကဇာတိ-ဟု ရှိသောပါဠ်ကား မသင့်) ဒေါသေသု၊ အညာဏအစရှိသော အပြစ်ဒေါသတို့၌။ ဗန္ဓသမညာ၊ နှောင်ဖွဲ့ခြင်းဟူသော အမည်သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဝစနတော၊ ဆိုသောကြောင့်။ အညာဏာဒိလက္ခဏာ၊ အညာဏစသည်လျှင် လက္ခဏာရှိသော။ ဗန္ဓာ၊ နှောင်ဖွဲ့သောအရာ၏။ ဗီဝတော၊ ဗီဝမှ။ အနညတာ၊ အခြားတပါးမဟုတ်သည်၏ အဖြစ်သည်။ (ဟောတိ၊ ၏။) အညာဏာဒိဒေါသာဘာဝတော၊ အညာဏအစရှိသော အပြစ်၏ မရှိခြင်းကြောင့်။ အပဝဂ္ဂသိဒ္ဓိ၊ လွတ်မြောက်ခြင်း၏ ပြီးခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ ကာဏာဒယောပိ၊ ကဏာဒ အစရှိသည်တို့သည်လည်း။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသာလျှင်တည်း။

ဇတ္ထ တတ္ထ၊ ထိုထိုဝါဒတို့၌။ ပုရိသော၊ ပုရိသ။ အတ္တာ၊ အတ္တ။ ဇီဝေါ၊ ဇီဝ။ ဣတိအာဒိပရိယာယေဟိ၊ ဤသို့အစရှိသော ပရိယာယ်တို့ဖြင့်။ ဝုတ္တော၊ ဆိုအပ်သော။ ယောပိ အတ္တပဒတ္ထော၊ အကြင်အတ္တဟူသော ပဒတ္ထသည်လည်း၊ ဝါ၊ အတ္တဟူသော ပုဒ်၏အနက်သည်လည်း။ (အတ္ထိ၊ ရှိ၏။ ) သောပိ၊ ထိုအတ္တဟူသော ပဒတ္ထသည်လည်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ နာမရူပမတ္တံ၊ နာမ်ရုပ်မျှကို။ ဥပါဒါယ၊ စွဲ၍။ ပညတ္တော၊ ပညတ်အပ်သော အရာတည်း။ ဝါ၊ ကား။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသာလျှင်တည်း။ တေန၊ ထိုကြောင့်။ တေပိ နာမရူပင္တောဂဓဘာဝါဘာဝဝသေန နိစ္ဆိတာ ဝေါတိ၊ ဟူ၍။ (မယာ၊ ငါသည်။ ) ဝုတ္တံ၊ ဆိုအပ်ခဲ့ပေသတည်း။

### သမ္မဟုလသုတ္တန္တသံသန္ဒနာကထာဝဏ္ဏနာ

[၃၆၂] ၆၇၂။ သောတိ၊ ကား။ ဝိပဿနာကမ္မိကော၊ ဝိပဿနာအမှုရှိသော၊ ဝါ၊ ဝိပဿနာအလုပ်ကို အားထုတ်သော။ သော ယောဂါဝစရော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်။ ဝေတ္ထိ၊ ပုဒ်ဖြင့်။ ဝုတ္တပ္ပကာရပရာမသနံ၊ ဆိုအပ်ခဲ့ပြီးသောအပြားကို

---

ဝါဒကို မဇ္ဈိမနိကာယ အပဏ္ဏကသုတ်နှင့် သန္ဒကသုတ်တို့၌လည်း တွေ့ရ၏။ သံယုတ္တနိကာယ ခန္ဓဝဂ္ဂ (၁၇၃) ၌လည်း တွေ့ရ၏။ ထိုသုတ်ပါဠိတော်တို့၌ ဆဠာဘိဇာတိယော-ဟု ပြဆိုထား၏။ အထူးကား ရတ္တ ပီတ အတိသုက္ကတို့၏အရာ၌ ထိုသုတ်ပါဠိတော်တို့တွင် လောဟိတ ဟလိဒ္ဒ ပရမသုက္က-ဟု ပြထား၏၊ ဤဋီကာ၌ ပြထားသော အမည်များသည် ထို ကာဏာဒိဝါဒီတို့၏ ကျမ်းရင်းမှ အမည်ဝေါဟာရများ ဖြစ်ရာ၏။

၁-သီဟိုဠ်မူ၌ အဝဂါဠတတ္တာ-ဟု ရှိသည်၊ သီဟိုဠ် ၈-အရာ၌ မြန်မာပါဠိစာမူတို့တွင် ဠ-ဟု ရှိမြဲ ဖြစ်သည်၊ အဝဂါဟိတတ္တာ-ကားမသင့်။

သုံးသပ်ဆင်ခြင်ခြင်းသည်။ (ဟောတိ၊ ၏။) ယာထာဝသရသတောတိ၊ ကား။ ယထာဘူတသဘာဝတော၊ ဟုတ်တိုင်းမှန်သော သဘောအားဖြင့်။ နာမရူပံ၊ ကို။ ဝဝတ္ထပေတွာ၊ ပိုင်းခြားပြီး၍။ တေမတ္ထံ၊ ကို။ သံသန္ဒေတွာ၊ နှိုးနှော၍။ ဝဝတ္ထပေတိ၊ ၏။ ဣတိ၊ ဤသို့။ သမ္မန္နော၊ ၏။ လောကသမညာယပိ၊ လောကဝေါဟာရအမည်ပညတ်ကိုလည်း။ ပဟာနတ္ထာယ၊ ပယ်ခြင်းအကျိုးငှါ။ သတ္တောဇီဝေါတိ၊ သတ္တဝါ အသက်ကောင်ဟူ၍။ ပဝတ္တနကမိစ္ဆာဘိနိဝေသဿ၊ ဖြစ်သော မှားယွင်းစွာ နှလုံးသွင်းခြင်းကို။ (ပဟာနံ၊ သည်။ ) ပဂေဝ-ပါ ဧဝ၊ ရှေးမဆွက ပင်လျှင်ပြီး၏။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ အလိုတည်း။ နာမရူပမတ္တတာယ၊ နာမ်ရုပ်မျှ၏ အဖြစ်၏၊ ဝါ၊ ကို။ ဝိနိစ္ဆိတတ္တာ စ၊ ဆုံးဖြတ်ပြီးသည်၏ အဖြစ်ကြောင့်ရင်း[၁]။ သန္တာနာဒိဃနဘေဒဿ၊ သန္တာန်အစရှိသော ဃန အစိုင်အခဲကွဲပျက်ခြင်း၏၊ ဝါ၊ ကို။ အကတတ္တာ စ၊ မပြုအပ်သေးသည်၏ အဖြစ်ကြောင့်ရင်း။ (သမူဟေကတ္တဂ္ဂဟဏဝသေန-စသည်၏ ဟိတ်ဖြစ်သည်) အဘိနိဝေသေန၊ မြဲမြံစွာ နှလုံးသွင်းခြင်းနှင့်။ ဝိနာ၊ ကင်း၍။ သမူဟေကတ္တဂ္ဂဟဏဝသေန၊ အပေါင်းအားဖြင့် တယောက်တည်း တကိုယ်တည်း အဖြစ်ကိုယူသည်၏ အစွမ်းအားဖြင့်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပဝတ္တော၊ ဖြစ်သော။ သမ္မောဟော၊ ပြင်းစွာတွေဝေခြင်းသည်။ သတ္တသမ္မောဟော၊ မည်၏။ တဿ၊ ထိုသတ္တဝါဟု ထင်မှတ်သော တွေဝေခြင်းကို။ ဝိက္ခမ္ဘနာ၊ ခွါခြင်းသည်။ အသမ္မောဟဘူမိ၊ အသမ္မောဟဘုံအဆင့်မည်၏။ သမ္ဗဟုလသုတ္တန္တဝသေနာတိ၊ ကား။ ယထာပိ အာဒိနာ၊ ဖြင့်။ ဣဓ၊ ဤဝိသုဒ္ဓိမဂ်၌။ ဝုတ္တာနံ စ၊ ဆိုအပ်ပြီးသည်လည်း ဖြစ်ကုန်သော။ (သုတ္တန္တာနံ-၌ စပ်) "မဟာလိ၊ မဟာလိ၊ ဣဒံ ရူပံ၊ သည်။ အတ္တာ၊ အတ္တ ကောင်သည်၊ ဝါ၊ မိမိကိုယ်သည်။ စေ အဘဝိဿ၊ အံ့။ ဣဒံ ရူပံ၊ သည်။ အာဗာဓာယ၊ နှိပ်စက်ခြင်းငှါ။ န သံဝတ္တေယျ၊ မဖြစ်လေရာ။" ဣတိ ဧဝမာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ အဝုတ္တာနဥ္စ၊ ဤဝိသုဒ္ဓိမဂ်၌မဆိုအပ်သေးသည်လည်း ဖြစ်ကုန်သော။ သမ္ဗဟုလာနံ၊ များစွာကုန်သော။ သုတ္တန္တာနံ၊ တို့၏။ ဝသေန၊ ဖြင့်။ နာမရူပမတ္တမေဝါတိအာဒိနာ၊ ဖြင့်။ ဝုတ္တမေဝ၊ ဆိုအပ်ခဲ့ပြီးသည်သာလျှင်ဖြစ်သော။ အတ္ထံ၊ ကို။ သန္ဓာယ၊ ရည်၍။ တေမတ္ထန္တိ၊ ဟူ၍။ အာဟ၊ ၏။

အင်္ဂသမ္ဘာရာတိ၊ ကား။ အင်္ဂသမ္ဘာရဟေတု၊ အစိတ်အပိုင်းအင်္ဂါအဆောက်အဦဟူသော အကြောင်းကြောင့်။ တန္နိမိတ္တံ၊ ထိုအစိတ်အပိုင်းအင်္ဂါအဆောက်အဦ ဟူသောအကြောင်းကြောင့်။ တံ၊ ထိုအစိတ်အပိုင်း အဆောက်အဦကို။ အမုဥ္စိတွာ၊ မလွှတ်မူ၍။ တသ္မိံ၊ ထိုအစိတ်အပိုင်းအဆောက်အဦသည်။ သတိ

---

၁-ဤ ဝိနိစ္ဆိတတ္တာ-ဟူသောပုဒ်သည် အဘိနိဝေသေန ဝိနာ-၏ ဟိတ်ဖြစ်သည်။ ဝိသုဒ္ဓိမဂ်၌ နိဋ္ဌိ ဂစ္ဆတိ-ဟု ဆိုခဲ့ပြီးဖြစ်သောကြောင့် အဝိနိစ္ဆိတတ္တာ-ဟူသောပါဌ်ကား မသင့်။

ဝေ၊ ရှိသော်သာလျှင်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ဝေါဟာရော၊ ခေါ်ဝေါ်ခြင်းသည်၊ ဝါ၊ ခေါ်ဝေါ်သောအမည်သည်။ (ဟောတိ၊ ၏။)

အင်္ဂါရမ္ဘေဝါတိ၊ ကား။ ကဋ္ဌာဒီနိ၊ သစ်သားစသည်တို့ကို။ ပဋိစ္စ ဥပါဒါယ၊ စွဲမှီ၍။ တေသံ၊ ထိုသစ်သားစသည်တို့၏။ နာမံ၊ အမည်ကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ အင်္ဂါရမိစ္စေဝ၊ အိမ်ဟူ၍သာလျှင်။ သခ်ံ၊ ရေတွက်ခြင်းသို့။ သမညာ၊ အမည်သို့။ ဂစ္ဆတိ ယထာ၊ ရောက်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အင်္ဂါဒီနိ၊ အရိုးအစရှိသည်တို့ကို။ ပဋိစ္စ ဥပါဒါယ၊ ၍။ တေသံ၊ ထိုအရိုးအစရှိသည်တို့၏။ နာမံ၊ ကို။ ဝိဿဇ္ဇေတွာ၊ ၍။ ရူပံ သရီရံ ဣစ္စေဝ၊ ရုပ်-ကိုယ်ဟူ၍သာလျှင်။ သခ်ံ၊ ရေတွက်ခြင်းသို့။ (သမညာ၊ သို့။) ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ သို့။ ယောဇနာ၊ ကို။ (ကာတဗ္ဗာ၊ ၏။ )

ဒုက္ခမေဝ သမ္ဘောတီတိ၊ ကား။ ဒုက္ခဒုက္ခတာဒိဘေဒံ၊ တာ စသည်အပြားရှိသော။ တိဝိဓံ၊ ရှိသော။ ဒုက္ခမေဝ၊ ဆင်းရဲသည်သာလျှင်။ သမ္ဘဝတိ၊ ဖြစ်၏။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒေဝ ဒုက္ခံ၊ ထိုသုံးမျိုးသော ဆင်းရဲသည်သာလျှင်။ ခဏဋ္ဌိတိပဗန္ဓဋ္ဌိတိဝသေန၊ ခဏဋ္ဌိ, ပဗန္ဓဋ္ဌီတို့၏အစွမ်းအားဖြင့်။ တိဋ္ဌတိ စေဝ၊ တည်လည်းတည်၏။ ခဏနိရောဓ-အာယုက္ခယနိရောဓာဒိဝသေန၊ ခဏအားဖြင့် ချုပ်ခြင်း, အသက်တမ်းကုန်သော အားဖြင့် ချုပ်ခြင်းစသည်တို့၏ အစွမ်းအားဖြင့်။ နိရုဇ္ဈတိ စ၊ ချုပ်လည်း ချုပ်၏။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ဣဒါနိ၊ ၌။ ဒုက္ခမေဝါတိ တွေ၊ ပါဌ်၌။ ဧဝကာရေန၊ ဧဝ-သဒ္ဒါဖြင့်။ နိဝတ္တိတံ၊ နစ်စေအပ်သော။ အတ္ထံ၊ ကို။ ဒဿေတုံ၊ ငှါ။ နာညတြာတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ တဿ၊ ထိုပါဌ်၏။ အတ္ထော၊ ကား။ ယထာဝုတ္တံ၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော။ ဒုက္ခံ၊ သုံးမျိုးသော ဆင်းရဲကို။ ဌပေတွာ၊ ထား၍။ တတော၊ ထိုသုံးမျိုးသော ဆင်းရဲမှ။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုသော။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။ န သမ္ဘဝတိ၊ ဖြစ်သည်မဟုတ်။ ယော၊ အကြင်တရားအပေါင်းကို။ သတ္တောတိ ဝါ၊ သတ္တဝါဟူ၍၎င်း။ ဇီဝေါတိ ဝါ၊ အသက်ကောင်ဟူ၍၎င်း။ ဝုစ္စေယျ၊ ခေါ်အပ်ရာ၏။ တဿ၊ ထိုသို့သောတရားအပေါင်း၏။ သဗ္ဗေန သဗ္ဗံ၊ အခြင်းခပ်သိမ်း။ အဘာဝါ၊ မရှိခြင်းကြောင့်။ တဿ၊ ထိုတရားအပေါင်း၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ကုတော၊ အဘယ်မှာရှိအံ့နည်း။ ဣတိ၊ ဤသို့သိအပ်၏။

## ဥပမာဟိနာမရူပဝိဘာဝနာကထာဝဏ္ဏနာ

၆၇၃။ ဧကေနာကာရေန သဏ္ဍိတေသူတိ၊ ကား။ ယေန အာကာရေန၊ ဖြင့်။ (နောက်၌ဆိုလတ္တံ့သော "တေန ဧကေန အာကာရေန" ကို ထောက်သဖြင့် "ယေန ပကာရေန" ကား မသင့်) အက္ခာဒီသု၊ ဝင်ရိုးစသည်တို့သည်။ သန္နိဝိ-

ဋ္ဌေသု၊ ကောင်းစွာ (တပေါင်းတည်း) တည်နေကုန်သည်ရှိသော်။ ရထသမညာ၊ ရထားဟူသောအမည်သည်။ (ဟောတိ၊ ၏။) တေန ဧကေန အာကာရေန၊ ထိုသို့သော တခုသောအခြင်းအရာအားဖြင့်။ သမဝဋ္ဌိတေသု၊ ကောင်းစွာ တပေါင်းတည်း တည်နေကုန်သည်ရှိသော်။ ဧကဇ္ဈံ၊ တပေါင်းတည်း။ [၃၆၃] ရာသိကတေသု၊ အစုပြုအပ်ကုန်သည်ရှိသော်။ ဧဝမေဝတ္ထိ၊ ကား။ သန္နိဝေသ-ဝိသိဋ္ဌေ၊ တပေါင်းတည်း တည်နေခြင်းဖြင့် ထူးခြားသော။ အဝယဝသမုဒါယေ၊ အစိတ်အပိုင်းအပေါင်းသည်။ သဏ္ဌာနဝသေန၊ ပုံသဏ္ဌာန်၏ အစွမ်းအားဖြင့်။ (ဤသဏ္ဌာန် ပညတ်အရာ၌ သန္တာနဝသေန-အစဉ်သန္တာန်၏ အစွမ်းအားဖြင့်-ဟူသောပါဌ် အနက်မလိုသေး) ပဝတ္တမာနေ၊ ဖြစ်လတ်သော်။ ရထော၊ ရထား။ ဂေဟံ၊ အိမ်။ မုဋ္ဌိ၊ လက်ဆုပ်။ ဝီဏာ၊ စောင်း။ သေနာ၊ စစ်တပ်။ နဂရံ၊ မြို့။ ရုက္ခော၊ သစ်ပင်။ ဣတိ၊ သို့။ ဝေါဟာရမတ္တံ၊ ခေါ်ဝေါ်ခြင်းမျှသည်။ (ဟောတိ၊ ၏။) ပရမတ္ထတော ပန၊ ပရမတ္ထအားဖြင့်မူကား။ ရထာဒိ နာမ၊ ရထားစသည် မည်သော။ ကိဉ္စိ၊ တစုံတခုသည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဧဝမေဝံ၊ ဤအတူ ပင်လျှင်။ ဥပါဒါနက္ခန္ဓေသူတိ၊ ကား။ ဥပါဒါနက္ခန္ဓသညိတေသု၊ ခန္ဓာဟု သိမှတ်အပ်ကုန်သော၊ ဝါ၊ ဟုဆိုအပ်ကုန်သော။ သမုဒိတေသု၊ ပေါင်းစုအပ်ကုန်သော။ ရူပါရူပဓမ္မေသု၊ ရုပ်နာမ်တရားတို့သည်။ သန္တာနဝသေန၊ အစဉ်သန္တာန်၏အစွမ်းအားဖြင့်။ ပဝတ္တမာနေသု၊ လတ်သော်။ သတ္တော၊ သတ္တဝါ။ ဇီဝေါ၊ အသက်ကောင်။ ဣတိ၊ သို့။ ဝေါဟာရမတ္တံ၊ မျှသည်။ (ဟောတိ၊ ၏။) ပရမတ္ထတော ပန၊ မူကား။ သတ္တော ဝါ၊ သည်၎င်း။ ဇီဝေါ ဝါ၊ သည်၎င်း။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ယာထာဝတော၊ ဟုတ်မှန်သော သဘောအားဖြင့်၊ ဝါ၊ ဟုတ်တိုင်းမှန်စွာ။ ဇာနနံ၊ သိခြင်းသည်။ (အတ္ထိ၊ ရှိ၏။) ဣဒံ၊ ဤသို့ဟုတ်တိုင်းမှန်စွာ သိခြင်းသည်။ ယထာဘူတဒဿနံ၊ ဒဿနမည်၏။ ဒိဋ္ဌိဝိသုဒ္ဓိ၊ မည်၏။ ဣတိ၊ သို့။ ဝုစ္စတိ၊ ၏။

၆၇၄။ တဿာတိ၊ ကား။ သတ္တောတိ၊ သတ္တဝါဟူ၍။ ဂဟိတဿ၊ ယူအပ်သော။ အတ္တနော၊ အတ္တ၏။ ဝိနာသန္တိ၊ ကား။ နိရုဒ္ဓဿ၊ ချုပ်သောအတ္တ၏။ ဝိနာသံ၊ ပျက်စီးခြင်းကို။ အဝိနာသန္တိ၊ ကား။ အဝိနဿနံ၊ မပျက်စီးခြင်းကို။ နိစ္စတံ၊ မြဲသည်၏အဖြစ်ကို။ ဣတိ အတ္တော၊ တည်း။ ဟိ၊ မှန်။ အတ္တဝါဒိနော၊ အတ္တအယူရှိသောပုဂ္ဂိုလ်တို့သည်။ အတ္တာ၊ အတ္တသည်။ သဿတော၊ မြဲ၏။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဥစ္ဆိဇ္ဇတိ၊ ပြတ်စဲ၏။ ဣတိ ဝါ၊ သော်၎င်း။ ဒွယ-ဝသေနေဝ၊ နှစ်ပါးသောအယူ၏ အစွမ်းအားဖြင့်သာလျှင်။ ဌိတာ၊ တည်ကုန်၏။ ကေစ္စသဿတဝါဒေါပိ၊ အချို့မြဲသည်ဟု ယူသောဝါဒသည်လည်း။ ဧတ္ထေဝ၊ ဤအယူနှစ်ပါး အပေါင်း၌သာလျှင်။ သမဝရုဒ္ဓေါ၊ ကောင်းစွာသက်ဝင်၏။ ဣတိ၊ သိအပ်၏။ အဝိနာသံ အနုဇာနန္တောတိ၊ ကား။ ဗုဒ္ဓိအာဒိနံ၊ ဗုဒ္ဓိအစရှိကုန်သော။

ဓမ္မာနံ၊ တတ္တတရားတို့၏။ ဝိနာသံ၊ ပျက်စီးခြင်းကို။ ဣစ္ဆန္တော ပိ၊ အလိုရှိငြား
သော်လည်း။ ဓမ္မီ၊ ဗုဒ္ဓိစသော တတ္တတရားရှိသော အတ္တသည်၊ ဝါ၊ တတ္တဂုဏ်
ရှိသောအတ္တသည်။ နိစ္စော၊ မြဲ၏။ ကူဋဋ္ဌော၊ တောင်ထွဋ်ကဲ့သို့တည်၏။ ဣတိ၊
သို့။ အတ္တနော၊ အတ္တ၏။ ဝိနာသာဘာဝံ၊ ပျက်စီးခြင်း၏မရှိခြင်းကို။ အနုဇာ-
နန္တော၊ ခွင့်ပြုလက်ခံသည်ရှိသော်။ သဿတေတိ၊ ကား။ သဿတဂါဟော၊
သဿတအယူ၌။ ကတဝိနာသအကတဗ္ဘာဂမာဒိဒေါသပ္ပသင်္ဂတော၊ ပြုအပ်ပြီး
သော ကံ၏ ပျက်စီးခြင်း, မပြုအပ်သောကံ၏ ရောက်လာခြင်း အစရှိသော
အပြစ်သို့ရောက်ခြင်းကြောင့်။ ဣတိ-အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ ခီရန္ဒ-
ယဿာတိ၊ ကား။ ခီရဿ၊ နို့ရည်၏။ အန္ဒယဘူတဿ၊ အစဉ်လိုက်သော
အလျှော်ဖြစ်၍ဖြစ်သော။ ဖလဘူတဿ၊ အကျိုးဖြစ်၍ဖြစ်သော။ ဣတိ အတ္ထော၊
အနက်။ တဒန္ဒယဿာတိ၊ ကား။ တဿ အတ္တနော၊ ထိုအတ္တ၏။ အန္ဒယဘူ-
တဿ၊ အစဉ်လိုက်သော အလျှော်ဖြစ်၍ဖြစ်သော။ အညဿ၊ တပါးသော။
ကဿစိ၊ တစုံတခု၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ဩလီယတိ နာမာတိ၊
ကား။ အတ္တာ၊ အတ္တသည်။ သဿတော၊ မြဲ၏။ ဣတိ၊ သို့။ အဘိနိဝေသေန၊
မြဲမြံစွာနှလုံးသွင်းခြင်း (၏အစွမ်း) အားဖြင့်။ ဘဝါဘိရတော၊ ဘဝ၌ပျော်မွေ့
သည်။ ဟုတွာ၊ ဖြစ်၍။ ဘဝနိရောဓတော၊ ဘဝချုပ်ခြင်းမှ။ သင်္ကောစနံ၊
တွန့်ဆုတ်ခြင်းသို့။ အာပဇ္ဇန္တော၊ ရောက်သည်ဖြစ်၍။ ဘဝေယေဝ၊ ဘဝ၌သာ
လျှင်။ နိလီယတိ နာမ၊ ကပ်ငြိတွယ်တာသည်မည်၏။ အတိဓာဝတိ နာမာတိ၊
ကား။ တတ္ထ တတ္ထေဝ ဘဝေ၊ ထိုထိုဘဝ၌သာလျှင်။ အတ္တာ၊ အတ္တသည်။
ဥစ္ဆိဇ္ဇတိ၊ ပြတ်စဲ၏။ ဣတိ၊ သို့။ ဥစ္ဆေဒဝါဒီ၊ ပြတ်စဲခြင်းကို ဆိုလေ့ရှိသော
သူသည်၊ ဝါ၊ ပြတ်စဲခြင်းကို ပြောဆိုကြောင်း အယူရှိသောသူသည်။ အတ္တာ၊
သည်။ ဥစ္ဆိဇ္ဇတိ၊ ၏။ ဣတိ၊ သို့၊ ဂဏှန္တော၊ ယူသည်ဖြစ်၍။ မရဏာ၊ သေ
သည်မှ။ ပရံ၊ နောက်၌။ သန္တံ၊ ထင်ရှားရှိသော။ ဘဝံ၊ ဘဝကို။ နတ္ထီတိ၊
မရှိဟူ၍။ အတိက္ကမန္တော၊ ကျော်လွန်သည်ဖြစ်၍။ အတိဓာဝတိ နာမ၊ ကျော်
လွန်၍ သွားသည်မည်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကုန်၏။ ပန၊ သော်လည်း၊
ဝါ၊ စင်စစ်။ ကိလေသနိရောဓေ၊ ကိလေသာ၏ချုပ်ခြင်းသည်။ (သတိ၊ သော်။)
ကမ္မဿ၊ ကံ၏။ အဝိပစ္စနံတော၊ အကျိုးမပေးခြင်းကြောင့်။ ဘဝနိရောဓေ၊
ဘဝ၏ချုပ်ခြင်းကို။ ဣစ္ဆိတဗ္ဗေ၊ အလိုရှိအပ်ပါလျက်။ တထာ၊ ထိုသို့သော
အခြင်းအရာအားဖြင့်။ အဂ္ဂဟေတွာ၊ မယူမူ၍။ တံတံဘဝဝိသေသံ၊ ထိုထိုဘဝ
အထူးသို့။ အာဂမ္မ၊ ရောက်၍။ အတ္တာ၊ သည်။ ဥစ္ဆိဇ္ဇတိ၊ ၏။ ဣတိ ဝေ၊ သို့။
ဘဝနိရောဓော၊ ဘဝ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဂဏှန္တော၊
ယူသည်ဖြစ်၍။ တံ၊ ထိုအလိုရှိအပ်သော ဘဝနိရောဓကို။ အတိဓာဝတိ နာမ၊
ကျော်လွန်ပြေးသွားသည်မည်၏။

ပရိယုဋ္ဌိတာတိ၊ ကား။ အဘိဘူတာ၊ လွှမ်းမိုးနှိပ်စက်အပ်ကုန်သည်ဖြစ်၍။ စက္ခုမန္တောတိ၊ ကား၊ ယထာဘူတဒဿနသင်္ခါတေန၊ န-ဟု ဆိုအပ်သော။ ဉာဏစက္ခုနာ၊ ဉာဏ်မျက်စိဖြင့်။ စက္ခုမန္တော၊ မျက်စိအမြင်ရှိသော ပုဂ္ဂိုလ်တို့သည်။

ဧတေသံ၊ ဤပုဂ္ဂိုလ်တို့အား။ ကာမဘဝါဒိဘေဒေ၊ ကာမဘဝစသည် အပြားရှိသော။ ဘဝေ၊ ဘဝဟူသော။ အာရမိတဗ္ဗဋ္ဌေန၊ မွေ့လျော်အပ်သော အနက်ကြောင့်။ အာရာမော၊ မွေ့လျော်ဖွယ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ ထို ကြောင့်။ ဘဝါရာမာ၊ ဘဝါရာမမည်ကုန်၏။ တသ္မိံ ဘဝေ၊ ထိုဘဝ၌။ ရတာ အဘိရတာ၊ မွေ့လျော်ပျော်ပိုက်ကုန်၏။ ဣတိ၊ ကြောင့်။ ဘဝရတာ၊ ဘဝ ရတမည်ကုန်၏။ ဘဝေ၊ ဘဝ၌။ သမ္မောဒံ၊ ဝမ်းမြောက်ခြင်းသို့။ အာပန္နာ၊ ရောက်ကုန်၏။ ဣတိ၊ ကြောင့်။ ဘဝသမ္မုဒိတာ၊ ဘဝသမ္မုဒိတ မည်ကုန်၏။ တီဟိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ ဘဝဿာဒဂဓိတ-တာဝ၊ ဘဝ၏သာယာဖွယ်၌ တပ်မက်သည်၏ အဖြစ်ကိုသာလျှင်၊ ဝါ၊ ဘဝ၌ သာယာတပ်မက်သည်၏ အဖြစ်ကိုသာလျှင်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ စိတ္တံ န ပက္ခန္ဒတီတိ၊ ကား။ ဘဝဿာဒဂဓိတတ္တာ ဧဝ၊ ဘဝ၌သာယာတပ်မက်သည်၏ အဖြစ်ကြောင့်သာလျှင်။ ဘဝနိရောဓာဝဟေ၊ ဘဝချုပ်ငြိမ်းခြင်းကို ဆောင်တတ်သော။ ဓမ္မေ၊ တရား၌။ စိတ္တံ၊ စိတ်သည်။ [၃၆၄] န အနုပ္ပဝိသတိ၊ မသက်ဝင်။ နပ္ပသီဒတီတိ၊ ကား။ န ဩကပ္ပတိ၊ မယုံကြည်၊ ဝါ၊ မကြည်ညို။ န သန္တိဋ္ဌတီတိ၊ ကား။ န ပတိဋ္ဌဟတိ၊ မတည်တံ့။ နာဓိမုစ္စတီတိ၊ ကား။ န အဓိမုစ္စတိ၊ နှလုံးမသွင်း။

အဋ္ဋီယမာနာတိ၊ ကား။ ဒုက္ခာပိယမာနာ၊ ဆင်းရဲစေအပ်ကုန်သည်ဖြစ်၍၊ ဝါ၊ ဆင်းရဲစေအပ်ကုန်သကဲ့သို့ ဖြစ်ကုန်၍။ ဟရာယမာနာတိ၊ ကား။ လဇ္ဇ-မာနာ၊ ရှက်ကုန်သည်ဖြစ်၍။ ဇိဂုစ္ဆမာနာတိ၊ ကား။ ဟိဠေန္တာ၊ ရွံချကုန်သည်ဖြစ်၍။ ဝိဘာဝန္တိ၊ ကား။ ဥစ္ဆေဒံ၊ ပြတ်စဲခြင်းကို။ ။ယဒေတ ကိရ ဘော-တိအာဒိ၊ စကားသည်။ အဘိနန္ဒန္တီတိ၊ ပုဒ်ဖြင့်၊ ဝါ၊ ပုဒ်၌။ ဝုတ္တအဘိနန္ဒနာ-ကာရဒဿနံ၊ ဆိုအပ်သော လိုလားနှစ်သက်ပုံကို ပြခြင်းဖြစ်သော စကားတည်း။

ဘူတန္တိ၊ ကား။ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါးအပေါင်းကို။ ဟိ၊ မှန်။ တံ၊ ထို ခန္ဓာငါးပါးအပေါင်းကို။ ယထာသကံ ပစ္စယေဟိ၊ အကြင်အကြင်မိမိ၏ ဥစ္စာ ဖြစ်သော အကြောင်း တို့ကြောင့်၊ ဝါ၊ မိမိ မိမိနှင့် သက်ဆိုင်သမျှသော အကြောင်းတို့ကြောင့်။ ဇာတတ္တာ စ၊ ဖြစ်သည်၏အဖြစ်ကြောင့်ရင်း။ ပရမတ္ထ-တော၊ ပရမတ္ထအားဖြင့်။ ဝိဇ္ဇမာနတ္တာ စ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ရင်း။ ဘူတန္တိ၊ ဘူတဟူ၍။ ဝုစ္စတိ၊ ၏။ ဘူတတောတိ၊ ကား။ ယထာဘူတ-

သဘာဝတော၊ ဟုတ်မှန်သော သဘောအားဖြင့်။ သလက္ခဏတော စ၊ မိမိ၏ဉစ္စာဖြစ်သော သဘာဝလက္ခဏာအားဖြင့်ရင်း။ သာမညလက္ခတော စ၊ ရုပ်နာမ် အားလုံးနှင့်ဆိုင်သော သာမညလက္ခဏာအားဖြင့်ရင်း။

၆၇၅။ ဧဝံ၊ ဤသို့။ သတ္တဂါဟတော၊ သတ္တဝါဟု ယူခြင်းကြောင့်။ အဝလီ- ယနာတိမာဝနဒေါသေ စ၊ တွန့်ဆုတ်ခြင်း, ကျော်လွန်၍ ပြေးသွားခြင်းအပြစ် တို့ကိုရင်း။ ယထာဘူတဒဿနတော၊ ဟုတ်တိုင်းမှန်စွာ မြင်ခြင်းကြောင့်။ နိဗ္ဗိဒါဒိဂုဏေ စ၊ နိဗ္ဗိဒါဉာဏ်အစရှိသော ဂုဏ်တို့ကိုရင်း။ သုတ္တဝသေနေဝ၊ သုတ် ၏ အစွမ်းအားဖြင့်ပင်လျှင်။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ နာမ- ရူပမတ္တေပိ၊ နာမ်ရုပ်မျှ၌သော်လည်း။ ဂမနာဒိအတ္တကိစ္စသိဒ္ဓိံ၊ သွားခြင်းအစရှိ သော အတ္တ၏ကိစ္စ ပြီးခြင်းကို။ ဒဿေတုံ၊ ပြခြင်းငှါ။ တသ္မာတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဌ်၌။ တသ္မာတိ၊ကား။ ယသ္မာ၊ ကြောင့်။ အသ္မီတိ ဝါ၊ ငါဖြစ်၏ ဟူ၍ရင်း။ အဟန္တိ ဝါ၊ ငါဟူ၍ရင်း။ ဂါဟဿ၊ စွဲယူခြင်း၏။ ဝတ္ထုဘူတော၊ တည်ရာဖြစ်၍ဖြစ်သော။ သတ္တော နာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ ပရမတ္ထ- တော၊ အားဖြင့်။ နာမရူပမတ္တမေဝ၊ နာမ်နှင့်ရုပ်မျှသည် သာလျှင်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ကြောင့်။ ကောစိ၊ တစုံတယောက်သော။ အတ္တာ နာမ၊ အတ္တ မည်သည်။ သစေ နတ္ထိ၊ အံ့။ ဣမေ နာမရူပမတ္တေ၊ ဤနာမ်ရုပ်မျှ၌။ ဂမနာဒိအတ္တ- ကိစ္စသိဒ္ဓိ၊ သွားခြင်း အစရှိသော အတ္တကိစ္စ၏ ပြီးခြင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့သော။ စောဒနံ၊ စောဒနာကို။ သန္ဓာယ၊ ရည်၍။ ဒါရုယန္တန္တိ အာဒိ၊ ကို။ အာဟ၊ ၏။ ခါယတီတိ ဧတေန၊ ဟူသောပါဌ်ဖြင့်။ (ဒဿေတိ-ဉ်စပ်) နိဇ္ဇီဝေ၊ အသက်ဇီဝမရှိသော။ ဒါရုမယယန္တေ၊ သစ်သား ဖြင့်ပြီးသောစက်ရုပ်၌။ အဗ္ဘန္တရေ၊ အတွင်း၌။ ဝတ္တမာနဿ၊ ဖြစ်သော။ ဇီဝဿ၊ အသက်၏။ ဝသေန၊ အစွမ်းအားဖြင့်။ သဉ္ဇာဟဿ ဝိယ၊ အားထုတ်ခြင်းရှိသကဲ့ သို့။ သဗျာပါရဿ ဝိယ၊ ကြောင့်ကြဗျာပါရရှိသကဲ့သို့။ ပစ္စယဝိသေသတော၊ အကြောင်းအထူးကြောင့်။ ဥပဋ္ဌာနမတ္တံ၊ ထင်ခြင်းမျှသည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ နိဇ္ဇီဝေ၊ အသက်ဇီဝမရှိသော။ နာမရူပမတ္တေ၊ နာမ်ရုပ်မျှ၌။ ပစ္စယဝိသေသတော၊ အကြောင်းအထူးကြောင့်။ ဂမနာဒိအတ္တကိစ္စသိဒ္ဓိ၊ သည်။ (ဟောတိ၊ ၏။) သဉ္ဇာဟဿ ဝိယ၊ ကဲ့သို့။ သဗျာပါရဿ ဝိယ၊ ကဲ့သို့။ ဥပ- ဋ္ဌာနံ၊ သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဒဿေတိ၊ ပြ၏။

သစ္စတောတိ၊ ကား။ ဘူတတော၊ အမှန်အားဖြင့်။ ပရမတ္ထတော၊ ပရမတ္ထ အားဖြင့်။ ဣတိ အတ္ထော၊ နက်။ အဘိသင်္ခတံ၊ အထူးသဖြင့် ပြုပြင်စီရင်အပ် သော။ ယန္တမိဝ၊ စက်ရုပ်ကဲ့သို့။ ဇီဝေန၊ အသက်မှ။ သုညံ၊ ဆိတ်၏။ ပစ္စယ- ဝသေန၊ အကြောင်း၏ အစွမ်းအားဖြင့်။ ပဝတ္တိ၊ ဖြစ်ခြင်းတည်း။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ နိစ္စာတုရတာယ၊ အမြဲတမ်းနှိပ်စက်သည်၏

အဖြစ်ကြောင့်၊ ဝါ၊ အမြဲတမ်းနာကျင်ခံခက်သည်၏ အဖြစ်ကြောင့်။ ဒုက္ခသာ၊ ၏။ ပုဥ္ဇော၊ အစုသာတည်း။ အတ္တသုညတာယ၊ အတ္တမှဆိတ်သည်၏ အဖြစ်ကြောင့်။ တိဏကဌသဒိသော၊ မြက် သစ်သားနှင့် တူ၏၊ ဝါ၊ မြက်ရုပ် သစ်သားရုပ်နှင့် တူ၏။ ဣတိ အတ္ထော၊ နက်။ ။တေံ နာမရူပံ၊ ဤနာမ်ရုပ်ကို။

ယမကန္တိ၊ ကား။ ယုဂဠကံ၊ အစုံတည်း။ သော စ ခေါ ယမကဘာဝေါ၊ ထိုအစုံ၏ အဖြစ်သည်လည်း။ အညမညသန္နိဿိတဘာဝေန၊ အချင်းချင်းကိုမှီသည်၏ အဖြစ်ကြောင့်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ ဥဘော အညောညနိဿိ-တာတိ၊ ဟူ၍။ အာဟ၊ ၏။ စ၊ ဆက်။ တတော ဧဝ၊ ထိုသို့အချင်းချင်းမှီကုန်သောကြောင့်ပင်လျှင်။ ဧကသ္မိံ၊ တခုသောတရားသည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်လတ်သော်။ ဥဘော၊ နှစ်ပါးသောနာမ်နှင့် ရုပ်တို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ဟိ၊ မှန်။ ပဉ္စဝေါကာရဘဝေ၊ ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရဘဝ၌။ ရူပေ၊ ရုပ်သည်။ နိရုဇ္ဈန္တေ၊ ချုပ်လတ်သော်။ အရူပံ၊ နာမ်သည်။ အနိရုဇ္ဈန္တံ၊ မချုပ်သည်မည်သည်။ ကဒါစိ၊ တရံတခါမျှ။ န အတ္ထိ၊ မရှိ။ အရူပေ ဝါ၊ နာမ်သည်မူလည်း။ နိရုဇ္ဈန္တေ၊ သော်။ ရူပံ၊ သည်။ အနိရုဇ္ဈန္တံ၊ သည်။ ကဒါစိ၊ မျှ။ န အတ္ထိ၊ မရှိ။ သွာယံ ဘင်္ဂေါ၊ ထိုနာမ်ရုပ်တို့၏ ချုပ်ခြင်းပျက်ခြင်းသည်။ ပစ္စယာ ပစ္စယနိရောဓေနေဝ၊ အကြောင်း၏ ချုပ်ခြင်းကြောင့်သာလျှင်။ (ဟောတိ၊ ၏။) နာမရူပနိရောဓေန၊ နာမ်ရုပ်၏ချုပ်ခြင်းကြောင့်။ ဣတိ၊ ကား။ အတ္ထော၊ ပစ္စယနိရောဓေနေဝ-ဟူသော ပုဒ်၏အနက်တည်း။ (ဤအရာ၌ နာမ-ရူပနိရောဓာတိ-ဟူသောပါဌ်ကား မသင့်) ဝါ၊ ကား။ ပစ္စယာတိ၊ ကား။ ပစ္စယဘူတာ၊ အကြောင်းဖြစ်၍ ဖြစ်ကုန်သော။ အညမညာ၊ အချင်းချင်း၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တာပိ၊ ဖြစ်ကုန်သော်လည်း။ (ဤ၌လည်း ပိ-သဒ္ဒါမပါပဲ ဟောန္တာ- ဟူ၍သာရှိသင့်၏၊ ဟောန္တာ၊ ဖြစ်ကုန်သောကြောင့်-ဟု ဟေတုမန္တအနက်ပေး) ဥဘော၊ နှစ်ပါးသော နာမ်နှင့်ရုပ်တို့သည်။ ဘိဇ္ဇန္တိယေဝ၊ ပျက်ကုန်သည်သာလျှင်တည်း။ ဣတိ အတ္ထော၊ နက်။

[၃၆၅] ၆၇၆။ ဒဏ္ဍာဘိဟတန္တိ ဝိသေသနေန၊ ဟူသောဝိသေသနပုဒ်ဖြင့်။ ဒဏ္ဍံ စ၊ လက်ခတ်ဒုတ်ကိုရင်း။ ဒဏ္ဍာဘိဃာတဿ၊ လက်ခတ်ဒုတ်ဖြင့် တီးခေါက်ခြင်း၏။ ပစ္စယံ၊ အကြောင်းဖြစ်သော။ ပုရိသဝါယာမဥ္စ၊ ယောကျ်ား၏ အားထုတ်မှုကိုရင်း။ ဒဿေတိ၊ ပြ၏။ ပန၊ ဆက်။ ဘေရိယာ၊ စည်၏။ ဝိသေသိတဗ္ဗတာ၊ အထူးပြုအပ်သော ဝိသေသျအဖြစ်သည်။ သဒ္ဒဿ၊ အသံ၏။ အသာဓာရဏကာရဏတာယ၊ မဆက်ဆံသော အကြောင်း၏ အဖြစ်ကြောင့်။ (ဟောတိ၊ ၏။) ဟိ၊ မှန်။ တေနေဝ၊ ထိုကြောင့်ပင်လျှင်။ အညာ ဘေရီတိ၊ ဟူ၍။ ဘေရိယေဝ၊ စည်ကိုသာလျှင်။ ဂဟိတာ၊ ယူအပ်၏။ ဒဏ္ဍာဒယော၊

လက်ခတ်ဒုတ်စသည်တို့ကို။ န ဂဟိတာ၊ မယူအပ်ကုန်။ အဒိဿမာနရူပတာယ၊ မမြင်အပ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ ဝါ၊ မမြင်အပ်သောအထည်ကိုယ်ရှိသည်၏ အဖြစ်ကြောင့်။ သဒ္ဒံ၊ အသံကို။ နာမဋ္ဌာနိယံ၊ နာမ်၏အရာ၌တည်သည်ကို။ ကတွာ၊ ၍။ ဝေမေဝန္တိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဥပမာသံသန္ဒနံ၊ ဥပမာနှီးနှောခြင်းကို။ ကရောတိ၊ ပြု၏။

န စက္ခုတော ဇာယရေတိ၊ ကား။ စက္ခာယတနတော၊ မှ။ နိဂ္ဂစ္ဆနဝသေန၊ ထွက်ပေါ်သည်၏အစွမ်းအားဖြင့်။ န ဇာယန္တိ၊ ဖြစ်သည်မဟုတ်ကုန်။ ဟိ၊ မှန်။ စက္ခာယတနဿ၊ ၏။ ပစ္စယဘာဝူပဂမနတော၊ ကျေးဇူး ပြုတတ်သော အကြောင်းတရား၏ အဖြစ်သို့ရောက်သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဖဿပဉ္စမကာ၊ ဖဿလျှင် ငါးခုမြောက်ရှိသော နာမ်တရားတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ပဒေသဝသေန စ၊ တည်ရာအရပ်ဒေသရှိကုန်သည်လည်း။န ဟောန္တိ၊ မဖြစ်ကုန်။ ယေန၊ ယင်းသို့ တည်ရာအရပ်ရှိခြင်းကြောင့်။ တေ၊ ထိုဖဿပဉ္စမကတရားတို့သည်။ တတော၊ ထိုတည်ရာအရပ်မှ။ နိဂ္ဂစ္ဆေယျုံ၊ ထွက်ပေါ်ကုန်ရာ၏။ တေနေဝ၊ ပင်လျှင်။ အနာဂတေ၊ အနာဂတ်အဖို့၌၊ ဝါ၊ မဖြစ်သေးမီအဖို့၌။ ပုဉ္ဇော၊ ဖြစ်လတံ့သော တရားတို့၏ အစုအပုံသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ အာဟ၊ ဟောတော်မူ၏။ န ရူပတောတိ ဧတ္ထာပိ၊ ဤပါဠိ၌လည်း။ ဧသေဝ နယော၊ တည်း။ နော စ ဥဘိန္နမန္တရာတိ ဣဒံ ပန၊ ဤပုဒ်ကိုကား။ တေသံ၊ ထိုဖဿပဉ္စမကတရားတို့၏။ အရူပဓမ္မတ္တာ၊ နာမ်တရား၏အဖြစ်ကြောင့်။ အပ္ပဒေသတာယ၊ တည်ရာအရပ်မရှိသည်၏ အဖြစ်ကြောင့်။ ၎တ္တံ၊ ၏။ ပန၊ ဆက်။ ယသ္မိံ ခဏေ၊ အကြင်ခဏ၌။ ပစ္စယသမဝါယော၊ အကြောင်းတရားတို့၏ ညီညွတ်ခြင်းသည်။ (ဟောတိ၊ ၏။ ) တဒါ၊ ထိုအခိုက်အတန့်ခဏ၌။ ကေဝလံ၊ သက်သက်။ ဥပ္ပဇ္ဇနမတ္တမေဝ၊ ဖြစ်ခြင်းမျှသည်သာလျှင်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ ဟေတုံ ပဋိစ္စ ပဘဝန္တိ သင်္ခတာတိ၊ ဟူ၍။ အာဟ၊ ၏။ စက္ခုရူပါလောကမနသိကာရာဒိဘေဒံ၊ မျက်စိ အဆင်း အရောင်အလင်း နှလုံးသွင်းမှု စသည်အပြားရှိသော။ ဓမ္မဇာတံ၊ တရားအပေါင်းကို။ နိဿာယ၊ မှီ၍ ' ပစ္စယဘူတံ၊ အထောက်အပံ့ ဖြစ်၍ဖြစ်သော။ ကာရဏံ၊ အကြောင်းကို။ လဘိတွာ၊ ရ၍။ တေဟိ၊ ထိုအကြောင်းတရားတို့သည်။ သမေစ္စ၊ ပေါင်းဆုံ၍။ သမ္ဘူယ၊ တပေါင်းတည်းဖြစ်၍။ ကတတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ သင်္ခတာ၊ သင်္ခတ မည်ကုန်သော။ ဖဿာဒယော၊ ဖဿ အစရှိကုန်သော။ ဓမ္မာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဣတိ အတ္ထော၊ နက်။ ပန၊ ဆက်။ ဓမ္မာနံ၊ သဘောတရားတို့၏။ တဿာ ဥပ္ပတ္တိယာ တံ ဥပ္ပတ္တိံ၊ ထိုဖြစ်ခြင်းကို။ ပါကဋရူပဓမ္မပဝတ္တိံ-ပါကဋရူပပဝတ္တိယာ၊ ထင်ရှားသောရုပ်၏ ဖြစ်ခြင်းဖြင့်။ ဒဿေန္တော၊ ပြလိုသည်

ဖြစ်၍[၁]။ယထာပိ သဒ္ဒေါ ပဟဋ္ဌာယ ဘေရိယာတိ၊ ဟူ၍။ အာဟ၊ ၏။ စ၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ ဖဿပဉ္စမဂ္ဂဟဏံ၊ ဖဿပဉ္စမကတရားကို ယူခြင်းသည်၊ ဝါ၊ ဖဿပဉ္စမက-သဒ္ဒါသည်။ ပါကဋ္ဌအရူပဓမ္မာနံ၊ ထင်ရှားသော နာမ်တရားတို့ကို။ ဒဿနံ၊ ပြကြောင်းဖြစ်သော စကားတည်း။ သေသဂါထာသုပိ၊ ကြွင်းသော ဂါထာတို့၌လည်း။ ဧသေဝ နယော၊ တည်း။

ဝတ္ထုရူပါတိ၊ ကား။ ဟဒယဝတ္ထုတော၊ မှ။ တန္နိဿယာနံ၊ ထိုဟဒယ ဝတ္ထုလျှင် မှီရာရှိကုန်သော။ အရူပဓမ္မာနံ၊ နာမ်တရားတို့၏။ ဗဟုဘေဒတ္တာ၊ များသောအပြားရှိသည်၏ အဖြစ်ကြောင့်။ သာမညဝေါဟာရေန၊ သာမည ဝေါဟာရအားဖြင့်။ တေ၊ ထိုဟဒယဝတ္ထုလျှင် မှီရာရှိသော နာမ်တရားတို့ကို။ ဒဿေတုံ၊ ငှါ။ သင်္ခာတတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

၆၇၇။ နိတ္တေဇန္တိ၊ ကား။ တေဇဟီနံ၊ တန်ခိုး အစွမ်းကင်း၏။ အာနု-ဘာဝရဟိတံ၊ အာနုဘော်ကင်း၏။ ပန၊ ဆက်။ ယထာ၊ ဖြင့်။ တံ၊ ထိုနာမ်သည်။ နိတ္တေဇံ၊ တန်ခိုးအစွမ်းကင်း၏။ တံ၊ ထိုအခြင်းအရာကို။ ဒဿေတုံ၊ ငှါ။ န ခါဒတိပိဝတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ဟိ၊ မှန်။ အညထာ၊ တပါးသော အပြားအားဖြင့်။ သဒ္ဒဟနုဿဟနာဒီသု၊ ယုံကြည်ခြင်း အားထုတ်ခြင်းစသည် တို့၌။ နာမံ၊ သည်၊ ဝါ၊ ကို။ နိတ္တေဇန္တိ၊ တန်ခိုးအစွမ်းမရှိဟူ၍။ ဝတ္တုံ၊ ဆိုခြင်း ငှါ။ န သက္ကာ၊ မစွမ်းနိုင် မဖြစ်နိုင်။ ရူပမ္ပိ၊ ရုပ်သည်လည်း၊ ဝါ၊ ကိုလည်း။ သန္ဓာရဏာဗန္ဓနာဒီသု၊ ကောင်းစွာဆောင်ခြင်း ဖွဲ့စည်းခြင်းစသည်တို့၌။ နိတ္တေ-ဇန္တိ၊ ဟူ၍။ ဝတ္တုံ၊ ငှါ။ န သက္ကာ၊ နိုင်။ တေနေဝ၊ ပင်လျှင်။ ရူပံ နိတ္တေဇန္တိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ န ဟိ တဿ ခါဒိတုကာမတာတိအာဒိ၊ ဤသို့အစရှိ သော စကားကို။ ဝုတ္တံ၊ ၏။ အထ ခေါတိအာဒိနာ၊ ပါဠ်ဖြင့်။ ဗျတိရေက-ဝသေနာပိ၊ ပြောင်းပြန်လှန်သည်၏ အစွမ်းအားဖြင့်လည်း။ နာမရူပါနံ၊ တို့၏။ နိတ္တေဇတံယေဝ၊ တန်ခိုးအစွမ်းမရှိသည်၏ အဖြစ်ကိုသာလျှင်။ ဝိဘာဝေတိ၊ ထင်စွာပြ၏။ ဟိ၊ မှန်။ အညမညသန္နိဿယေန၊ အချင်းချင်းကို မှီသဖြင့်။ နာမရူပဿ၊ ၏။ အတ္တကိစ္စသိဒ္ဓိပိ၊ မိမိကိစ္စ၏ ပြီးခြင်းသည်လည်း။ ပစ္စေကံ၊ အသီးအသီး။ အဿမတ္ထတာဝိဘာဝနမေဝ၊ မစွမ်းနိုင်သည်၏ အဖြစ်ကိုထင်စွာ ပြခြင်းပင်လျှင်တည်း။ တထာ ဟိ၊ ပင်လျှင်။ နာမရူပဿ၊ ၏။ အတ္တသုညတာ စ၊

၁-ဤအနက်ကား ပြည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်နိဿယ၌ ဖော်ပြထားသော အနက် ဖြစ်သည်။ ထိုအလိုအားဖြင့်ဆိုလျှင် တံ ပန ဓမ္မာနံ ဥပ္ပတ္တိံ ပါကဋ္ဌရူပဓမ္မပဝတ္တိယာ- ဟု ရှိလျှင် သာ၍ကောင်းပေသည်။ ယခုစာအုပ်တို့၌ ပါ၌ရှိသည့်အတိုင်း သင့်လျော်အောင် အနက်ပေးလိုလျှင်-ပန၊ ဆက်။ ဓမ္မာနံ၊ တို့၏။ တဿာ ဥပ္ပတ္တိယာ၊ ထိုဖြစ်ခြင်း၌၊ ဝါ၊ ထိုဖြစ်ခြင်းမှ။ ပါကဋ္ဌံ၊ ထင်ရှားသော။ ရူပဓမ္မပဝတ္တိံ၊ ရုပ်၏ဖြစ်ခြင်းကို။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍-ဟု ပေးရာ၏။ သို့သော် ဤအနက်ကား ပြည်ဆရာတော်ကြီး၏ အနက် လောက်မကောင်း။

အတ္တမှဆိတ်သည်၏ အဖြစ်သည်ငှါ။ နိရီဟတာ စ၊ အားထုတ်ခြင်းမရှိသည်၏ အဖြစ်သည်ငှါ။ ဗျာပါရဝိရဟတာ စ၊ ကြောင့်ကြဗျာပါရကင်းသည်၏ အဖြစ်သည်ငှါ။ သုညတရံ၊ သာ၍ကောင်းစွာ။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ကုန်၏။

ပန၊ စောဒနာကိုပြဆိုဦးအံ့။ ပစ္စေကံ၊ အသီးအသီး။ အသမတ္ထာနံ၊ မစွမ်းနိုင်သောတရားတို့၏။ သမုဒိတဘာဝေ၊ ပေါင်းအပ်သည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ သမတ္ထတာ၊ စွမ်းနိုင်သည်၏ အဖြစ်သည်။ ကထံ၊ အဘယ်ကြောင့်။ ဟောတိ၊ ဖြစ်ပါသနည်း။ ကသ္မာ၊ အဘယ်ကြောင့် ဤသို့စောဒနာရသနည်း ဟူမူ။ အသာမဂ္ဂိယံ၊ မညီမညွတ်သောအခိုက်အတန့်၌။ အဟေတူနံ၊ အကြောင်းမဟုတ်သောတရားတို့၏။ သာမဂ္ဂိယမ္ပိ၊ ညီညွတ်သော အခိုက်အတန့်၌လည်း။ အဟေတုဘာဝါပတ္တိတော၊ အကြောင်းမဟုတ်သည်၏ အဖြစ်သို့ရောက်ခြင်းကြောင့်တည်း။ ဟိ၊ မှန်။ [၃၆၆] ပစ္စေကံ၊ အသီးအသီး။ ဒဋ္ဌုံ၊ မြင်ခြင်းငှါ။ အသက္ကောန္တာနံ၊ မစွမ်းနိုင်ကုန်သော။ အန္ဓာနံ၊ သူကန်းတို့၏။ သတမ္ပိ၊ တရာသော်လည်း။ သဟဿမ္ပိ၊ တထောင်သော်လည်း။ သမုဒိတံ၊ ပေါင်းစုအပ်သည်ရှိသော်။ ဒဋ္ဌုံ၊ ငှါ။ န သက္ကောတိ၊ မစွမ်းနိုင်သည်မဟုတ်ပါလော။ ဣတိ၊ ဤသို့သော။ စောဒနံ၊ ကို။ သန္ဓာယ၊ ၍။ ဣမဿ ပနတ္ထဿာတိအာဒိ၊ ကို။ အာဟ၊ ၏။ အသိဒ္ဓဿ၊ မပြီးစီးသော။ အတ္ထဿ၊ အနက်၏၊ ဝါ၊ ကို။ ဥပမာယပိ၊ ဖြင့်လည်း။ သာဓေတဗ္ဗတော၊ ပြီးစေအပ်သောကြောင့်။ အဋ္ဌကထာစရိယာ၊ တို့သည်။ ဣမံ ဥပမံ၊ ဤဥပမာကို။ ဥဒါဟရန္တိ၊ ထုတ်ဆောင်ကုန်၏။ တေနေဝ၊ ပင်လျှင်။ "တေ၊ သင့်အား။ ဥပမံ၊ ကို။ ကရိဿာမိ၊ ပြုပေအံ့၊ ဝါ၊ ထုတ်ပြပေအံ့။ ဥပမာယပိ၊ ဖြင့်လည်း။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ ကုန်သော။ ဝိညူ၊ ပညာရှိဖြစ်ကုန်သော။ ပုရိသာ၊ ပုဂ္ဂိုလ်တို့သည်။ ဘာသိတဿ၊ ပြောဆိုအပ်သောစကား၏။ အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ ဇာနန္တိ၊ သိနားလည်ကုန်၏။" ဣတိ၊ သို့။ အာဟ၊ ဟောတော်မူ၏။ တဋ္ဌဟဋ္ဌောတိ၊ ကား။ အဟံ၊ ငါသည်။ စက္ခုကရဏီယံ၊ မျက်စိဖြင့်ပြုအပ်သော မြင်ခြင်းကိစ္စကို။ ကာတုံ၊ ငှါ။ ယဒိပိ န သက္ကောမိ၊ အကယ်၍ကား မစွမ်းနိုင်ပေ။ ပန၊ သော်လည်း။ ပါဒကရဏီယံ၊ ခြေဖြင့်ပြုအပ်သော သွားခြင်းကိစ္စကို။ ကာတုံ၊ ငှါ။ သက္ကောမိ၊ စွမ်းနိုင်၏။ တွမ္ပိ၊ သင်မောင်ဆံ့သည်လည်း။ စက္ခုကရဏီယံ၊ ကို။ ကာတုံ ငှါ။ သက္ကောသိ၊ ၏။ တသ္မာ၊ ကြောင့်။ ဥဘိန္နံ၊ နှစ်ဦးကုန်သော။ သဟိတာနဥ္စ၊ တပေါင်းတည်းလည်း ဖြစ်ကုန်သော။ အမှာကံ၊ ငါတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဣစ္ဆိတဒေသသမ္ပတ္တိ၊ အလိုရှိရာသို့ ရောက်ခြင်းသည်။ သိဇ္ဈတိ၊ ပြီးစီးလတ့်။ ဣတိ၊ သို့။ တဋ္ဌဟဋ္ဌော၊ ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။ ။တတ္ထ ဇစ္စန္ဓောတိ-အာဒိ၊ ဤသို့အစရှိသော စကားသည်။ ဥပမောပမေယျသံသန္ဒနံ၊ ဥပမာနှင့် ဥပမေယျကို နှီးနှောပြသောစကားတည်း။ ဓမ္မာနံ၊ သဘောတရားတို့၏။ အတ္တ-

လာဘော၊ သဘောအထည်ကိုယ်ကို ရခြင်းသည်။ ပရပဋိဗဒ္ဓေါ၊ သူတပါးနှင့် စပ်၏။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗမေဝ၊ ဆိုဖွယ်သည်ပင်လျှင်။ နတ္ထိ၊ မရှိ။ (ကသ္မာ၊ ကား။) တတော၊ ထိုသဘောအထည်ကိုယ်ကို ရသည်မှ။ ပုဗ္ဗေ၊ ရှေး၌။ အဝိဇ္ဇ-မာနတ္တာ၊ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်တည်း။ ပဋိလဒ္ဓတ္တဿာပိ၊ သဘောအထည်ကိုယ်ကို ရပြီးသောနာမ်ရုပ်၏လည်း။ (ဤ၌ လာဘ-ပိုသည်) အတ္တကိစ္စံ၊ မိမိ၏ကိစ္စသည်။ (အတ္တကိစ္စံကား မသင့်) ပရပဋိဗဒ္ဓမေဝ၊ သူတပါးနှင့် စပ်သည်သာတည်း။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ န သကေန တေဇေန။ပ။ ပဝတ္တိတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တေသံ နာမရူပါနံ။ပ။ နစ န ဟောတီတိ၊ ဟူသောပါဌ်ဖြင့်။ ဇစ္စန္ဓပီဌ-သပ္ပိဥပမာယ၊ သူကန်းနှင့်သူဆွံ့ ဥပမာဖြင့်။ သာဓိတမတ္ထံ၊ ပြီးစေအပ်သော အနက်ကို။ နိဂမေန္တော၊ နိဂုံးအုပ်လျက်။ အသာမဂ္ဂိယာနံ။ပ။ ပတ္တိတောတိ၊ ဟူ၍။ ယထာဝုတ္တဿ၊ ပြီးသော။ ဟေတုနော၊ အကြောင်း၏။ အနေကန္တိက-ဘာဝံ၊ ကေန်မုချမဟုတ်သည်၏ အဖြစ်ကို။ ဝိဘာဝေတိ၊ ထင်စွာပြ၏။

ပရဓမ္မဝသာနုဝတ္တိနောတိ၊ ကား။ ပရေသံ၊ တပါးကုန်သော။ အတ္တတော၊ မိမိမှ။ အညေသံ၊ ကုန်သော။ ဟေတုပစ္စယသင်္ခါတာနံ၊ ဇနကအကြောင်း, အထောက်အပံ့အကြောင်းဟု ဆိုအပ်ကုန်သော၊ ဝါ၊ အကြောင်းအထောက်အပံ့ဟု ဆိုအပ်ကုန်သော။ ဓမ္မာနံ၊ သဘောတရားတို့၏။ ဝသေန၊ ဖြင့်။ အနုဝတ္တနသီလာ၊ အစဉ်လိုက်၍ဖြစ်ခြင်းအလေ့ရှိကုန်သည်ဖြစ်၍။ အတ္တဒုဗ္ဗလာ-တိ၊ ကား။ အတ္တနာ၊ ကိုယ်တိုင်။ ဒုဗ္ဗလာ၊ ကုန်သည်ဖြစ်၍။အသမတ္ထာ၊ မစွမ်းနိုင်ကုန်သည်ဖြစ်၍။ ပရပစ္စယတောတိ၊ ကား။ ပရေသံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ ပစ္စယဘာဝတော၊ ကျေးဇူးပြုသည်၏ အဖြစ်ကြောင့်။ ဓေတုန၊ ဤပါဌ်ဖြင့်။ ဇနကပစ္စယံ၊ ဖြစ်စေတတ်သော အကြောင်းကို။ ဝဒတိ၊ ဆို၏။ တေနေဝ၊ ကြောင့်ပင်လျှင်။ ဇာယရေတိ၊ ဟူ၍။ အာဟ၊ ၏။ ပရအာရမ္မဏ-တောတိ၊ ကား။ ပရေသံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ အာရမ္မဏဘာဝတော၊ အာရုံ၏အဖြစ်ကြောင့်။ ဓေတုန၊ ဤပါဌ်ဖြင့်။ ဥပတ္ထမ္ဘကပစ္စယံ၊ အထောက်အပံ့ဖြစ်သော အကြောင်းကို။ ဝဒတိ၊ ဆို၏။ ဝါ၊ ကား။ ပစ္စယဂ္ဂဟဏံ၊ ပစ္စယ သဒ္ဒါသည်။ ရူပါပေက္ခံ၊ ရုပ်ကိုငဲ့၏။ အာရမ္မဏဂ္ဂဟဏံ၊ အာရမ္မဏ-သဒ္ဒါသည်။ နာမာပေက္ခံ၊ နာမ်ကိုငဲ့၏။ ပရဓမ္မေဟီတိ ဣဒံ၊ ဤပုဒ်သည်။ အာရမ္မဏပစ္စယာနံ၊ အာရမ္မဏ-ပုဒ် ပစ္စယ-ပုဒ်တို့၏၊ ဝါ၊ အာရုံနှင့်ပစ္စည်းတို့ကို။ ဝိသေသနံ၊ အထူးပြုကြောင်း ဖြစ်သောပုဒ်တည်း။ ဟိ-သဒ္ဒံ၊ မှန်၏။ ပုရိမဒ္ဓေန၊ ဂါထာ၏ ရှေ့ထက်ဝက်ဖြင့်။ (သီပေမူ နှင့်အညီပင်။ "ပုရိမဒ္ဓေန၊ ရှေ့အနက်ဖြင့်" ဟူသောပါဌ် အနက်ကားမသင့်) ဝုတ္တမေဝ၊ ဆိုအပ်ပြီးသည်သာလျှင် ဖြစ်သော။ အတ္ထံ၊ အနက်ကို။ ပစ္ဆိမဒ္ဓေန၊ ဂါထာ၏ နောက်ထက်ဝက်ဖြင့်။ (သီပေမူပင်။ ပစ္ဆိ-မဒ္ဓေန-ကားမသင့်) ပါကဋံ၊ ထင်ရှားသည်ကို။ ကရောတိ၊ ၏။ ပဘာဝိတာတိ၊ ကား။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်ကုန်၏။

နာဝါယန္တုကူပမာယပိ၊ လှေနှင့် လှော်သူဥပမာဖြင့်လည်း။ (ယန္တု-ပုဒ်သည် ရထားမောင်းသူ ဆင်မြင်းတို့ကို မောင်းနှင်သူ လှေလှော်သူဟူသောအနက်တို့၌ ဖြစ်၏။ က-အာဂုံ-ဟု မှတ်၊ ယန္တိက- ပုဒ်ကား သက္ကတ-ပါဠိတို့၌မထင်၍ မသင့်) နာမရူပါနံ၊ တို့၏။ အဝသဝတ္တိတံ၊ အလိုအတိုင်းမဖြစ်သည်၏အဖြစ်ကို။ ဝိဘာဝေတုံ၊ ငှါ။ ယထာပီတိအာဒိနာ၊ ဖြင့်။ တိဿော ဂါထာ၊ သုံးဂါထာတို့ကို။ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏။ နိဿာယာတိ၊ ကား။ ပတိဋ္ဌာယ၊ တည်၍။ ယန္တိတိ၊ ကား။ ဂစ္ဆန္တိ၊ သွားကုန်၏။ မနုဿေ နိဿာယာတိ၊ ကား။ နေတုဘူတေ၊ ဆောင်သူ- လှေလှော်သူဖြစ်၍ ဖြစ်ကုန်သော။ နိယာမကကမ္မကာရကာဒိ- မနုဿေ၊ ပဲ့သူကြီး, အမှုလုပ်သမား- (လှေထိုးသမား) အစရှိသော လူတို့ကို။ အပဿာယ၊ မှီ၍။ ဟိ၊ မှန်။ တေသံ၊ ထိုပဲ့သူကြီးစသည်တို့၏။ အရိတ္တဂ္ဂဟဏ- လင်္ကာရသဏ္ဍာပနဥဒကုဿိဉ္စနာဒိကိရိယာယ၊ ပဲ့တက်ကိုကိုင်ခြင်း,[၁] လှေရွက်ကို ပြုပြင်ခြင်း, ရေကိုပက်ထုတ်ခြင်းအစရှိသော ပြုပြင်ခြင်းနှင့်။ ဝိနာ၊ ကင်း၍။ နာဝါ၊ လှေသည်။ ဣစ္ဆိတဒေသံ၊ အလိုရှိအပ်သော အရပ်သို့။ န ပါပုဏာတိ၊ မရောက်။ ဥဘောတိ၊ ကား။ အညမညံ၊ အချင်းချင်း။ နာဝံ၊ လှေကို။ နိဿာယ၊ မှီ၍။ မနုဿာ၊ လူတို့သည်။ မနုဿေ၊ လူတို့ကို။ နိဿာယ၊ မှီ၍။ နာဝါ၊ လှေသည်။ ဂစ္ဆတိ၊ ကား။ အတ္ထော၊ တည်း။

[၃၉၇] ဝေန္တိ၊ ကား။ ဝုတ္တပ္ပကာရေန၊ အားဖြင့်။ နာနာနယေဟီတိ၊ ကား။ ပဋ္ဌမာဒီနံ၊ ပဋ္ဌမချဉ်းအစရှိကုန်သော။ သတ္တန္နံ၊ ကုန်သော။ ဈာနာနံ စ၊ တို့၏ ငှင်း။ တေသံ၊ ထိုချဉ်းတို့၏။ ဥပစာရာနဉ္စ၊ ဥပစာရသမာဓိတို့၏ငှင်း။ ဝသေန၊ အစွမ်းအားဖြင့်။ စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ အရူပပရိဂ္ဂဟမုခါနိ၊ နာမ်ကို သိမ်းဆည်းကြောင်း နည်းအမြွက် တို့သည်။ (ဟောန္တိ၊ ကုန်၏။ ) စတု- ဓာတုဝတ္ထာနေ၊ စတုဓာတုဝဝတ္ထာန်၌။ ဝုတ္တာနံ၊ ဆိုအပ် ပြီးကုန်သော။ တေရသန္နံ၊ တဆယ့်သုံးပါးကုန်သော။ ဓာတုပရိဂ္ဂဟမုခါနံ စ၊ ဓာတ်ကို သိမ်း ဆည်းကြောင်း နည်းအမြွက်တို့၏ငှင်း။ ဓာတာယတနခန္ဓမဟာဘူတဝသေန၊ ဓာတ် အာယတန ခန္ဓာ မဟာဘုတ်တို့၏ အစွမ်းအားဖြင့်။ ဣဓ၊ ဤဝိသုဒ္ဓိမဂ် ကျမ်း၌။ ဝုတ္တာနံ၊ ဆိုအပ်ကုန်သော။ ရူပပရိဂ္ဂဟမုခါနံ စ၊ ရုပ်ကိုသိမ်းဆည်း ကြောင်း နည်းအမြွက်တို့၏ငှင်း။ ဣဓ၊ ဤဝိသုဒ္ဓိမဂ်ကျမ်း၌။ အဝုတ္တာနံ၊ မဆိုအပ် ကုန်သော။ ဣန္ဒြိယသစ္စပဋိစ္စသမုပ္ပါဒါနံ စ၊ ဣန္ဒြေသစ္စာပဋိစ္စသမုပ္ပါဒ်တို့၏ငှင်း။ ဝသေန၊ အစွမ်းအားဖြင့်။ သမဓိကတိ၊ အမျှနှစ်ဆယ်သော။ ရူပပရိဂ္ဂဟမုခါနိ၊ ရုပ်ကိုသိမ်းဆည်းကြောင်း နည်းအမြွက်တို့သည်။ (ဟောန္တိ၊ ကုန်၏။ ) တာနိ၊

---

[၁] အရဏ-သဒ္ဒါသည် ပဲ့တက်-ထိုးဝါးစသည်ဟော အဖြစ်ဖြင့် ပါဠိ-သက္ကတ အဘိဓာန် တို့၌ မထင်ရှားသောကြောင့် အရဏဂ္ဂဟဏ-ကား မသင့်။

ထိုအမျှနှစ်ဆယ်သောရုပ်ကို သိမ်းဆည်းကြောင်းနည်းအမြွက်တို့သည်။ ပစ္စေကံ၊ အသီးအသီး။ ဖဿော၊ ဖဿဒင်း။ ဝေဒနာ၊ ဒင်း။ စိတ္တံ၊ ဒင်း။ ဣတိ၊ ဤသို့။ ပမုခဘာဝေန၊ ပြဓာန်းသည်၏ အဖြစ်ဖြင့်။ (သီမူပင်) ဥပဋ္ဌိတာနံ၊ ထင်ကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဣမေသံ အရူပဓမ္မာနံ၊ ဤနာမ်တရားတို့၏။ ဝသေန၊ ဖြင့်။ တိဂုဏိတာနိ၊ သုံးခုဖြင့် မြှောက်အပ်ကုန်သည်ရှိသော်။ သမသဋ္ဌိ၊ အမျှခြောက်ဆယ်သည်၊ ဝါ၊ ခြောက်ဆယ်တိတိသည်။ (ဟောန္တိ၊ ကုန်၏။) (ဣတိ၊ သို့။) စတုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ အရူပပရိဂ္ဂဟမုခါနိ စ၊ တို့ဒင်း။ တာနိ စ၊ ထိုခြောက်ဆယ်သော ရူပပရိဂ္ဂဟတို့ဒင်း။ ဣတိ၊ သို့။ စတုသတ္တတိယာ၊ ခုနစ်ဆယ့်လေးပါးသော။ နာမရူပပရိဂ္ဂဟနယေဟိ စ၊ နာမ်ရုပ်ကို သိမ်းဆည်းကြောင်း နည်းတို့ဖြင့်ဒင်း။ သမ္ဗဟုလသုတ္တန္တရထဂေဟာ။ ပ။ မနုဿုပမာဟိ စ၊ များစွာသောသုတ္တန်တို့ဖြင့် နှီးနှောခြင်း, ရထားဥပမာ အိမ်ဥပမာ လက်ဆုပ်ဥပမာ စောင်းဥပမာ စစ်တပ်ဥပမာ သစ်ပင်ဥပမာ သစ်သား စက်ရုပ်ဥပမာ ကျူစည်းဥပမာ စည်ဥပမာ သူကန်းနှင့် သူဆွံ့ဥပမာ လှေနှင့်လူ ဥပမာဟု ဆိုအပ်ကုန်သော။ နာမရူပမတ္တတာဝဝတ္ထာပနနယေဟိ စ၊ နာမ်နှင့် ရုပ်မျှအဖြစ်ကို ပိုင်းခြားကြောင်းနည်းတို့ဖြင့်ဒင်း။ သတ္တသညံ အဘိဘဝိတွာ-တိ၊ ကား။ အနာဒိကာလဘာဝိတံ၊အစမရှိသော သံသရာကာလပတ်လုံး ထုံခဲ့သော။ ခန္ဓပဉ္စကေ၊ ခန္ဓာငါးပါးအပေါင်း၌။ အတ္တဂါဟံ၊ အတ္တဟုစွဲယူခြင်းကို။ ဝိက္ခမ္ဘေတွာ၊ ခွါ၍။ နာမရူပါနံ ယာထာဝဒဿနန္တိ၊ ကား။ "ဣဒံ၊ ဤသဘော သည်ကား။ နာမံ၊ အာရုံဆီသို့ ညွတ်တတ်သော နာမ်တည်း။ ဧတ္တကံ၊ ဤမျှ လောက်သည်ကား။ နာမံ၊ နာမ်တည်း။ ဣတော၊ ဤနာမ်ထက်။ ဘိယျော၊ အလွန်။ နှ၊ မရှိ။ (ဣတိ စ၊ ဤသို့ဒင်း။) ဣဒံ၊ ဤသဘောသည်ကား။ ရူပံ၊ ဖောက်ပြန်တတ်သော ရုပ်တည်း။ ဧတ္တကံ၊ ဤမျှလောက်သည်ကား။ ရူပံ၊ ဖောက်ပြန်တတ်သောရုပ်တည်း။ ဣတော၊ ဤရုပ်ထက်။ ဘိယျော၊ အလွန်။ နှ၊ မရှိ။" ဣတိ စ၊ ဤသို့ဒင်း။ တေသံ၊ ထိုနာမ်ရုပ်တို့၏။ လက္ခဏသလ္လက္ခဏမုခေန၊ သဘာဝလက္ခဏာကို ကောင်းစွာမှတ်ခြင်းကို ပဓာနပြုသဖြင့်။ ဓမ္မမတ္တဘာဝဒဿနံ၊ သဘောတရားမျှ အဖြစ်ကို သိမြင်သောဉာဏ်သည်၊ ဝါ၊ ကို။ အတ္တဒိဋ္ဌိမလဝိသောဓနတော၊ အတ္တဒိဋ္ဌိဟူသော အညစ်အကြေးကို သုတ်သင် စင်ကြယ်စေသောကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓီတိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တေဿဝါတိ၊ ကား။ နာမရူပဿ၊ နာမ်ရုပ်ကို။ ယာထာဝဒဿနဿေဝ၊ ဟုတ် တိုင်းမှန်စွာသိမြင်သော ဉာဏ်၏သာလျှင်။

ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။

ဣတိ၊ ဤသည်ကား။ အဋ္ဌာရသမပရိစ္ဆေဒဝဏ္ဏနာ၊ တဆယ့်ရှစ်ခုမြောက် သော အပိုင်းအခဏ်း၏အဖွင့်တည်း။

## ၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသဝဏ္ဏနာ (၃၆၈-၁)

### ပစ္စယပရိဂ္ဂဟကထာဝဏ္ဏနာ

လျှင်။ ပဿတိ၊ ရှု၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ခယဒဿန-ပသုတဿ၊ ကုန်ခြင်းကိုရှုခြင်း၌ လေ့ကျက်သော။ တဿ၊ ထိုယောဂီအား။ ဝိပဿနာပညာ၊ သည်။ တိက္ခာ၊ ထက်သည်။ သူရာ၊ ရဲရင့်သည်။ (ဟုတွာ၊ ဖြစ်၍။) ဝဟတိ၊ ဆောင်၏။ ဣတရာနိ၊ ပညိန္ဒြေမှတပါးကုန်သော။ ဣန္ဒြိယာနိ စ၊ သဒ္ဓါအစရှိသော ဣန္ဒြေတို့သည်လည်း။ (တိက္ခာနိ၊ ထက်ကုန်သည်။ သူရာနိ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဝဟန္တိ၊ ၏။) တတ္ထာတိ၊ ကား။ ခယဒဿနေ၊ ကုန်ခြင်းကို ရှုရာ၌။ သက္ကစ္စကိရိယာယာတိ၊ ကား။ အာဒရကာရိတာယ၊ ရိုသေစွာပြုလေ့ရှိသည်၏ အဖြစ်ဖြင့်။ ယထာ၊ ဖြင့်။ ခယဒဿနပရမေနေဝ၊ ကုန်ခြင်းကို ရှုခြင်းလျှင် အမြတ်ဆုံး (အတိုင်းအရှည်) ရှိသဖြင့်သာလျှင်။ ဝိပဿနာဉာဏံ၊ သည်။ ပဝတ္တတိ၊ ၏။ ဧဝံ၊ ဤအခြင်းအရာအားဖြင့်။ တံ၊ ထို ဝိပဿနာဉာဏ်ကို။ အာဒရဇာတော၊ ဖြစ်သော ရိုသေခြင်းရှိသည်ဖြစ်၍။ သမ္ပာ-ဒေတိ၊ ပြည့်စုံစေ၏။ သာတစ္စကိရိယာယာတိ၊ ကား။ အဝိစ္ဆေဒကိရိယာယ၊ မပြတ်မစဲပြုခြင်းဖြင့်။ ယထာ၊ ဖြင့်။ ဝိပဿနာဉာဏံ၊ သည်။ ခယဒဿန-ဝသေန၊ ကုန်ခြင်းကိုရှုမြင်သည်၏အစွမ်းအားဖြင့်။ နိရန္တရမေဝ၊ အခြားအပြတ် မရှိမူ၍သာလျှင်။ ပဝတ္တတိ၊ ၏။ ဧဝံ၊ အားဖြင့်။ ယုတ္တပ္ပယုတ္တော၊ မပြတ် အားထုတ်သည်ဖြစ်၍။ နံ၊ ထိုဝိပဿနာဉာဏ်ကို။ သမ္ပာဒေတိ၊ ၏။ သပ္ပါယ-ကိရိယာယာတိ၊ ကား။ အနုရူပကိရိယာယ၊ လျော်သည်ကို ပြုခြင်းဖြင့်။ အာဝါသာဒိသတ္တဝိဓသပ္ပါယာသေဝနကိရိယာယ၊ အာဝါသအစရှိသော ခုနစ်ပါး အပြားရှိသော လျောက်ပတ်သည်တို့ကို မှီဝဲမှုပြုခြင်းဖြင့်။ နိမိတ္တဂ္ဂါဟေနာတိ၊ ကား။ ယထာ၊ ဖြင့်။ မနသိကရောန္တဿ၊ နှလုံးသွင်းသော ယောဂီအား။ ဝိပဿနာသမာဓိ၊ သည်။ ဉပ္ပန္နော၊ ဖြစ်ခဲ့ဘူး၏။ တဿ အာကာရဿ၊ ထို အခြင်းအရာကို။ သလ္လက္ခဏဝသေန၊ ကောင်းစွာမှတ်သည်၏ အစွမ်းအားဖြင့်။ သမထနိမိတ္တဂ္ဂဟဏေန၊ သမာဓိဖြစ်ကြောင်း နိမိတ်ကို မှတ်ယူခြင်းဖြင့်။ သမ္ပာ-ဒေတိ၊ ၏။ ဣတိ သမ္ဗန္ဓော၊ ၏။ အနုပဝတ္တနတာယာတိ၊ ကား။ အနုရူပတော၊ လျော်စွာ။ ပဝတ္တနေန၊ ဖြစ်စေခြင်းဖြင့်။ ဘာဝနာစိတ္တဿ၊ ၏။ လီနဘာဝေ၊ တွန့်ဆုတ်သည်၏အဖြစ်သည်။ (သတိ၊ သော်။) ပီတိဝီရိယဓမ္မဝိစယသမ္ဗောဇ္ဈ-င်္ဂါနံ၊ ပီတိသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့ကို။ (ဗြူဟ-နေန၊ ပွါးစေခြင်းဖြင့်ရင်း။ ဘာဝနာစိတ္တဿ၊ ၏။) ဉဒ္ဓတဘာဝေ၊ တက်ကြွ သည်၏အဖြစ်သည်။ (သတိ၊ သော်။) ပဿဒ္ဓိသမာဓိဉပေက္ခာသမ္ဗောဇ္ဈင်္ဂါနံ၊ တို့ကို။ ဗြူဟနေန၊ ဖြင့်ရင်း။ ဣတိ အတ္ထော၊ တည်း။ ကာယေ စ ဇီဝိတေ စ အနပေက္ခတန္တိ၊ ကား။ အတ္တနော၊ ၏။ ကာယေ၊ ကိုယ်၌။ အသုစိဘာဝေန၊ မစင်ကြယ်သည်၏ အဖြစ်ဖြင့်။ [၃၉၉] ဗာဟိရကအဝိညာဏကကုဏပေ ဝိယ၊ အပြင်ပဖြစ်သော အသက်ဝိညာဏ်မဲ့ သူသေကောင်ပုပ်၌ ကဲ့သို့ရင်း။ ဇီဝိတေ၊ အသက်၌။ အဟိတာဝဟပစ္စတ္ထိကေ ဝိယ၊ အကျိုးစီးပွါးမဲ့ကို ဆောင်ပေးတတ်

ဖြစ်စေတတ်သော ရန်သူ၌ကဲ့သို့ငှါ။ နိရပေက္ခစိတ္တံ၊ ငဲ့ကွက်ခြင်းကင်းသော စိတ်ကို။ ဥပဋ္ဌပေတိ၊ ကပ်၍ထား၏။ ဝါ၊ ထင်စေ၏။ ဝါ၊ ဖြစ်စေ၏။ တတ္ထ စ အဘိဘုယျနေက္ခမ္မေနာတိ၊ ကား။ တသ္မိံ၊ ထိုသို့သော။ (တိက္ခဘာဝါပါဒနေ-၌ စပ်) ကာယစိတ္တေ၊ ကိုယ်နှင့်စိတ်၌။ အနပေက္ခဘာဝေန၊ ငဲ့ကွက်ခြင်း မရှိသည်၏ အဖြစ်ဖြင့်။ ဣန္ဒြိယာနံ၊ တို့ကို။ တိက္ခဘာဝါပါဒနေ၊ ထက်သည်၏ အဖြစ်သို့ ရောက်စေရာ၌။ (တတ္ထ-၏ အဖွင့် ဖြစ်၍ တသ္မိံ-နှင့် ဝိဘတ်တူ သတ္တမျန္တသာ သင့်သည်၊ သီမူနှင့်လည်း အညီပင်။ မြန်မာစာအုပ်တို့၌ရှိသော တတိယန္တ-ကား မသင့်) ဥပ္ပန္နံ ဥပ္ပန္နံ၊ ဖြစ်တိုင်းဖြစ်တိုင်းသော။ ဒုက္ခံ၊ ဆင်းရဲကို။ ဝီရိယေန၊ ပျင်းရိမှုမှ ထွက်မြောက်သော ဝီရိယဖြင့်။ အဘိဘဝိတ္វာ၊ လွှမ်းမိုး၍။ ဘာဝနံ၊ ပညာဘာဝနာကို။ သမ္ပာဒေတိ၊ ၏။ အန္တရာတိ၊ ကား။ ယထာဓိပ္ပေတာယ၊ အကြင်အကြင် အလိုရှိအပ်သော၊ ဝါ၊ အလိုရှိတိုင်းသော၊ ဘာဝနာသိဒ္ဓိယာ၊ ဘာဝနာ ပြီးစီးခြင်း၏။ အန္တရာဝ၊ အကြားကာလ၌ ပင်လျှင်။ အဗ္ဗောသာနေနာတိ၊ ကား။ အသင်္ကောစနေန၊ မတွန့်မဆုတ်သဖြင့်။ (အဓိပ္ပါယတ္ထ အဖွင့်ဖြစ်သည်၊ သဒ္ဒါနက်အားဖြင့်မူ “အပြီးအဆုံးမသတ်ခြင်း မရပ်နားခြင်းဖြင့်”ဟု ဆိုလို၏)

ဧဝံ ဝုတ္တာနန္တိ၊ ကား။ ဧဝံ၊ သို့။ နဝဟာကာရေဟိ။ပ။ ဘဝန္တီတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ အင္ဂကထာယံ၊ ရှေးအဋ္ဌကထာ၌။ ဝုတ္တာနံ၊ ဆိုအပ်ကုန်သော။ စ၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ ယထာ နာမ၊ ဥပမာမည်သည်ကား၊ ဝါ၊ ဥပမာပြရလျှင်။ သုခုမာနံ၊ သိမ်မွေ့ကုန်သော။ မုတ္တာပဝါဠဒီနံ၊ ပုလဲသန္တာ အစရှိသည်တို့ကို။ ဝိဇ္ဈနေ၊ ထွင်းဖောက်ရာ၌။ သုခုမတရေန၊ (ထွင်းဖောက်အပ်သော အရာထက်) သာ၍သိမ်မွေ့သော။ ဝေဓနေန၊ စူးသည်။ ဘဝိတဗ္ဗံ ယထာ၊ ဖြစ်ရာသကဲ့သို့။ ဧဝမေဝ၊ ပင်လျှင်။ သဏှသုခုမာနံ၊ နူးညံ့သိမ်မွေ့ကုန်သော။ ရူပါရူပဓမ္မာနံ၊ ရုပ်နာမ်တရားတို့ကိုငှါ။ ပစ္စယာ စ၊ (ထို ရုပ်နာမ်တို့၏) အကြောင်းကိုငှါ။ ပရိဂ္ဂဏှနေ၊ သိမ်းဆည်းရာ၌။ တိက္ခေန၊ ထက်သော။ ဉာဏေန၊ သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပန၊ အထူးကား။ တေသံ၊ ထို(အကြောင်းနှင့် တကွသော) ရုပ်နာမ်တို့၏။ ခယဝယဒဿနေ၊ ကုန်ခြင်းပျက်ခြင်းကို ရှုရာ၌။ တိက္ခတရေန၊ (အကြောင်းနှင့် ရုပ်နာမ်တို့ကို သိမ်းဆည်းသော ဉာဏ်ထက်) သာ၍ထက်သော။ (ဉာဏေန၊ သည်။) ဘဝိတဗ္ဗံ၊ ၏။ စ၊ ဆက်။ အဿ၊ ခယဝယကိုရှုသော ထိုဉာဏ်၏။ တိက္ခတရတာ၊ သာ၍ ထက်သည်၏ အဖြစ်ကို။ (ဥပမေယျဝါကျ သာဓေတဗ္ဗာ-၌ စပ်) နိသာနသိလာယံ၊ ပုဆိန်သွေးသော ကျောက်ပြင်၌။ သဏှမဋ္ဌတာယ၊ နူးညံ့ချောညက်သည်၏အဖြစ်ကို။ ကရဏေန၊ ပြုသဖြင့်။ (သဏှမဋ္ဌတာကရဏေန-ဟူ၍သော်လည်း ပါဠ်ရှိသင့်၏။ နူးညံ့စွာ သုံးသပ်ပွတ်တိုက်ခြင်းကို ပြုသဖြင့်-ဟု အနက်ပေး) ဖရသုဓာရာယ၊ ပုဆိန်သွားကို။ နိသိတဘာဝါပါဒနေန၊ သွေးအပ်ပြီးသည်၏အဖြစ် (ဝါ) ထက်သည်၏ အဖြစ်သို့ ရောက်စေခြင်းဖြင့်။ (သာဓေတဗ္ဗာ) ဝိယ၊ ပြီးစေအပ်သကဲ့သို့။ ဣန္ဒြိ-

ယာနံ၊ တို့ကို။ တိက္ခဘာဝါပါဒနေန၊ ထက်သည်၏အဖြစ်သို့ ရောက်စေခြင်းဖြင့်။ သာဓေတဗ္ဗာ၊ ၏။ တဉ္စ၊ ထိုထက်သည်၏အဖြစ်သို့ ရောက်စေခြင်းသည်လည်း။ နဝဟိ၊ ကုန်သော။ ယေဟိ အာကာရေဟိ၊ အကြင်အခြင်းအရာတို့ဖြင့်။ ဟောတိ၊ ၏။ တေသု၊ ထိုအခြင်းအရာတို့တွင်။ ခဏိကာနံ၊ ခဏမျှတည်ကုန်သော။ သင်္ခါရာနံ၊ တို့၏။ ခဏေ ခဏေ၊ ခဏတိုင်းခဏတိုင်း။ ဘိဇ္ဇနာကာရဒဿနံ၊ ပျက်သော အခြင်းအရာကို ရှုခြင်းကို။ ပဌမံ၊ စွာ။ ဥပ္ပန္နုပ္ပန္နာနံ။ပ။ ပဿတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဉာဏဿ၊ ၏။ တိက္ခတရဘာဝေ၊ သာ၍ထက်သည်၏ အဖြစ်သည်။ အသတိ၊ မရှိလတ်သော်။ တဒဘာဝတော၊ ထိုဂုဏ်တို့၏ ထက်သည်၏အဖြစ်၏ မရှိခြင်းကြောင့်။ သေသိန္ဒြိယတိက္ခတာ၊ ကြွင်းသောဣန္ဒြေတို့၏ ထက်မြက်သည်၏ အဖြစ်ကို။ တဿ၊ ထိုသာ၍ထက်သောဉာဏ်၏၊ ဝါ၊ ဉာဏ်သာ၍ထက်သည်၏ အဖြစ်၏။ သမ္ဘာရဘာဝတော၊ အကြောင်းအဆောက်အဦ၏ အဖြစ်ဖြင့်။ ဝုတ္တာ၊ မိန့်ဆိုအပ်၏။ ဝါ၊ ကား။ အဝိနာဘာဝတော၊ မကင်းမူ၍ဖြစ်ခြင်းကြောင့်၊ ဝါ၊ ကင်း၍မဖြစ်ခြင်းကြောင့်။ ဝုတ္တာ၊ ၏။ ပန၊ ထိုမှတပါး။ သက္ကစ္စကိရိယာဒိဂ္ဂဟဏံ၊ သက္ကစ္စကိရိယာစသည်ကို ယူခြင်းသည်။ တဿ၊ ထိုဉာဏ်ထက်သည်၏ အဖြစ်၏။ ဥပါယဒဿနံ၊ ပြီးစီးကြောင်းဥပါယ်ကိုပြသောစကားတည်း။ အသပ္ပါယာနိ၊ မလျောက်ပတ်ကုန်သော။ ဘောဇနာဒီနိ၊ ဘောဇဉ်စသည်တို့ကို။ အနုပယုဇ္ဇနာဒိဝသေန၊ မယှဉ်ခြင်းစသည်တို့၏ အစွမ်းအားဖြင့်။ (အနုပဘုဉ္ဇနာဒိဝသေန-ဟု ရှိသင့်၏၊ အနုပဘုဉ္ဇနာဒိဝသေန၊ မသုံးဆောင်ခြင်း စသည်တို့၏ အစွမ်းအားဖြင့်။) ဝဇ္ဇေတွာ၊ ကြဉ်ရှောင်၍။ သပ္ပါယာနိ၊ လျော်သောဘောဇဉ် စသည်တို့ကို။ မတ္တသော၊ အတိုင်းအရှည်အားဖြင့်။ သေဝမာနေန၊ မှီဝဲသည် ဖြစ်၍။ ။ရူပါရူပဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ အစ္စန္တဝိဓုရတာယ၊ စင်စစ်ဆန့်ကျင် ကွဲလွဲသည်၏ အဖြစ်ကြောင့်။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အသမ္ဘိတဗ္ဗတ္တာ၊ မသုံးသပ်အပ်သည်၏ အဖြစ်ကြောင့်။ တထာသမ္မသနဿ စ၊ ထိုသို့သောသုံးသပ် ခြင်း၏လည်း။ ဣဓ၊ ဤအရာ၌။ အနဓိပ္ပေတတ္တာ၊ အလိုမရှိအပ်သည်၏ အဖြစ် ကြောင့်။ ကာလေန။ပ။ အရူပန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ စ၊ ဆက်။ တတ္ထာပိ၊ ထို ရုပ်နာမ်နှစ်ပါးတို့တွင်လည်း။ ရူပဿ၊ ၏။ ဩဠာရိကတာယ၊ ရုန့်ရင်းကြမ်းတမ်း သည်၏ အဖြစ်ကြောင့်။ သုဝိညေယျတ္တာ၊ သိလွယ်သည်၏ အဖြစ်ကြောင့်။ ပဌမံ၊ စွာ။ သမ္မသိတဗ္ဗတာ၊ သုံးသပ်အပ်သည်၏ အဖြစ်ကို။ ဝုတ္တာ၊ မိန့်ဆိုအပ် ၏။ နိဗ္ဗတ္တိ ပဿိတဗ္ဗာတိ၊ ကား။ ပဌမံ တာဝ၊ စွာ။ အာဂမာနုသာရတော၊ အာဂုမ်ကျမ်းဂန်ကို အစဉ်လျှောက်သဖြင့်။ အနုမာနဝသေန၊ မှန်းဆသည်၏ အစွမ်းအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ တတော ပရံ၊ ထိုမှနောက်၌၊ အနုက္ကမေန၊ အစဉ်အတိုင်း။ ဘာဝနာဉာဏေ၊ ဘာဝနာဉာဏ်သည်။ ဗလပ္ပတ္တေ၊ အားရှိသည် ၏ အဖြစ်သို့ရောက်လတ်သော်။ ပစ္စက္ခတောပိ၊ မျက်မှောက်အားဖြင့်လည်း။ ဒိဿတိ၊ ထင်၏၊ ဝါ၊ ထင်လတ့်။ ဣတိ၊ ဤသို့သိအပ်၏။

## ရူပနိဗ္ဗတ္တိပဿနာကာရကထာဝဏ္ဏနာ

၇၀၀။ သမ္ဗေသန္တိ၊ ကား။ ကာမာဝစရာဒိအဏ္ဍဇာဒိဘေဒဘိန္နာနံ၊ ကာမာဝစရစသည် အဏ္ဍဇစသည် အပြားအားဖြင့် ကွဲပြားကုန်သော။ သဗ္ဗေသံ၊ ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ ပဌမံ၊ စွာ။ ကမ္မတော၊ ကံကြောင့်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ (ကသ္မာ၊ ကား။) ဥတုဇာဒိရူပါနံ၊ ဥတုဇအစရှိသော ရုပ်တို့၏။ တံမူလကတ္တာ၊ ထိုကမ္မဇရုပ်လျှင် အကြောင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ ပရတော၊ နောက်၌။ ပဝတ္တနကကာယဒသကာဒိဝသေန၊ ဖြစ်လတ့်သော ကာယဒသကစသည်တို့၏ အစွမ်းအားဖြင့်။ လဗ္ဘမာနံ၊ ရအပ်သော။ ပဗန္ဓတ္တယံ၊ အစဉ်သုံးခုအပေါင်းကို။ ဝါ၊ ကား။ သန္တတိသီသံ၊ ပြောန်းသောသန္တတိကို၊ ဝါ၊ သန္တာတိ၏ ခေါင်းပိုင်းအစပိုင်းကို။ သန္ဓာယ၊ ၍။ တိသန္တတိဝသေနာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

[၄၀၀] တေသ၊ ဤရုပ်အား။ ဒန္ဓံ မန္ဒံ၊ နှံ့နှေးစွာ။ စိရေန၊ ကြာမြင့်သဖြင့်။ နိရောဓော၊ သည်။ (အတ္ထိ၊ ၏။) ဣတိ၊ ကြောင့်။ ဒန္ဓနိရောဓံ၊ ၏။ (ကသ္မာ၊ ကား။) သတ္တရသစိတ္တက္ခဏာယုကတ္တာ၊ စိတ္တက္ခဏ တဆယ့်ခုနစ်ချက်အသက်ရှိသည်၏ အဖြစ်ကြောင့်တည်း။ တေန၊ ကြောင့်။ ဂရုပရိဝတ္တီတိ၊ ဟူ၍။ အာဟ၊ ၏။ တေနာတိ၊ ကား။ တသ္မာ၊ ကြောင့်။ ယသ္မာ၊ ကြောင့်။ "ဘိက္ခဝေ၊ တို့။ တတော၊ ထိုဇဝနဟာသ်မင်းထက်။ သီဃတရံ၊ သာ၍လျင်မြန်စွာ။ အာယုသင်္ခါရာ၊ တို့သည်။ ခီယန္တိ၊ ကုန်ကုန်၏။" ဣတိ၊ သို့။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ ရူပဓမ္မာပိ၊ တို့သည်လည်း။ ဣတ္တရကာလာ ဧဝ၊ တိုတောင်းသောကာလ ရှိကုန်သည်သာလျှင်တည်း။ ပန၊ သော်လည်း။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ တေဟိ၊ ထို ရုပ်တရားတို့ထက်။ သာတိသယံ၊ အလွန်အကဲနှင့်တကွ။ ဣတ္တရကာလာ၊ တိုတောင်းသောကာလရှိကုန်၏။ တသ္မာ၊ ကြောင့်။ ဘဂဝါ၊ သည်။ အာဟ၊ ၏။ ဣတိ၊ ကား။ အတ္တော၊ တည်း။ ပန၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ ယံ၊ အကြင်စကားကို။ (မယာ၊ သည်။) ဝတ္တဗ္ဗံ၊ ဆိုသင့်ဆိုထိုက်၏။ တံ၊ ထိုစကားကို။ ဟေဋ္ဌာ၊ အောက်၌။ ဝိစာရိတမေဝ၊ စိစစ်အပ်ပြီးသည်သာလျှင်တည်း။ တေဟိ သဒိသာတိ၊ ကား။ စိတ္တဿ၊ ၏။ ဥပ္ပါဒဘင်္ဂက္ခဏေဟိ၊ တို့နှင့်။ သဒိသာ၊ တူကုန်၏။ ဟိ၊ မှန်။ သဗ္ဗေသမ္ပိ၊ ကုန်သော။ သင်္ခါရာနံ၊ တို့၏။ ဥပ္ပါဒဘင်္ဂက္ခဏာသု၊ တို့၌။ ဝိသဒိသတာ၊ မတူသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ တော၊ ထိုဥပါဒ်ခဏ ဘင်ခဏတို့သည်။ သမာနကာလာဝ၊ တူသောကာလ ရှိကုန်သည်သာလျှင်တည်း။ ဌာနပ္ပတ္တန္တိ၊ ကား။ ဌိတိက္ခဏပ္ပတ္တံ၊ ဌီခဏသို့ရောက်သော။ တေနာတိ၊ ကား။ ဒုတိယဘဝင်္ဂစိတ္တေန၊ ဒုတိယဖြစ်သော ဘဝင်စိတ်နှင့်။ ။ဝတ္ထုရူပံ၊ သည်။ မရဏာသန္နေ၊ သေခါနီး ကာလကို။ ဌပေတွာ၊ ထား၍။ ဧကေ စိတ္တဿ၊ တခုသောစိတ်၏။ နိဿယော၊

မှီရာသည်။ ဟုတွာ၊ ဖြစ်၍။ အညဿ၊ တပါးသောစိတ်၏။ (နိဿယော၊ သည်။) န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ တေန သဒ္ဒိန္တိအာဒိ၊ ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ၏။

ဇဝံ၊ သို့။ ပဋိသန္ဓိတော၊ မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ လောက်။ စုတိစိတ္တဿ၊ ၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ (အတ္ထိ၊ ၏။ တာဝ၊ လောက်။) တံ၊ ထိုစိတ်၏ဖြစ်ခြင်းကို။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ၊ ၌။ နိရောဓံ၊ ချုပ်ခြင်းကို။ ဒဿေတုံ၊ ငှါ။ ပဋိသန္ဓိစိတ္တဿာတိအာဒိ၊ ကို။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်၏။ တတ္ထ၊ ထိုပါဌ်၌။ ဌာနက္ခဏေတိ၊ ကား။ ပဋိသန္ဓိစိတ္တဿ၊ ၏။ ဋ္ဌိတိက္ခဏေ၊ ၌။ ယာဝ-ပဝတ္တိ နာမ အတ္ထီတိ၊ ကား။ ယာဝ၊ လောက်။ သံသာရပ္ပဝတ္တိ နာမ၊ သံသရာ၏ ဖြစ်ခြင်းမည်သည်။ အတ္ထိ၊ ၏။ ဝါ၊ ကား။ ယာဝ၊ လောက်။ စိတ္တဿ၊ ၏။ ပဝတ္တိ နာမ၊ ဖြစ်ခြင်းမည်သည်။ အတ္ထိ၊ ၏။ ဟိ၊ မှန်။ အသညူပပတ္တိယံ၊ အသညီဘဝဖြစ်သောအခါ၌။ စိတ္တပ္ပဝတ္တိ၊ စိတ်၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့သိအပ်၏။ ရူပူပပတ္တိယံ၊ ရုပ်၏ဖြစ်ခြင်း၌။ (ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယ၌ ရူပုပ္ပတ္တိယံ-ဟု ရှိ၏၊ ယုတ္တတရပေတည်း) သံသေဒဇာ၊ တို့သည်။ ဩပပါတိက-သဒိသာ၊ ဥပပါတ်နှင့် တူကုန်၏။ ဣတိ၊ ကြောင့်။ ဩပပါတိကာနံယေဝ၊ ဥပပါတ်တို့ကိုသာလျှင်။ ဂဟဏံ၊ သည်။ (ဟောတိ၊ ၏။) ဝါ၊ ကား။ ဩပ-ပါတိကာနမ္ပိတိ၊ ဟူသောပါဌ်၌။ ပိသဒ္ဒေန၊ ပိ-သဒ္ဒါဖြင့်။ သံသေဒဇေ။ တို့ကို။ သမ္ပိဏ္ဍေတိ၊ ပေါင်း၏။ သတ္တသန္တတိဝသေနာတိ၊ ကား။ စက္ခုဒသကာဒီနံ၊ စက္ခုဒသက အစရှိကုန်သော။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ သန္တတိသီသာနံ၊ ပြဓာန်းသောသန္တတိတို့၏၊ ဝါ၊ သန္တတိ၏ အစပိုင်းတို့၏။ ဝသေန၊ ဖြင့်။

၇၀၁။ တတ္ထာတိ၊ ကား။ ကမ္မတော၊ ကံကြောင့်။ ရူပပ္ပဝတ္တိယံ၊ ရုပ်၏ မပြတ်ဖြစ်ရာ၌။ နာနက္ခဏိကကမ္မပစ္စယဘူတံယေဝ၊ အထူးထူးသော ခဏ၌ ဖြစ်သော ကမ္မပစ္စည်းဖြစ်၍ ဖြစ်သောကံကိုသာလျှင်။ ဣခ၊ ဤအရာ၌။ ကမ္မန္တိ၊ ကံဟူ၍။ အဓိပ္ပေတံ၊ ၏။ ဣတိ၊ ကြောင့်။ ကမ္မံ နာမ ကုသလာကုသလစေတနာ-တိ၊ ဟူ၍။ အာဟ၊ ၏။ ဇီဝိတနဝကံ၊ ဇီဝိတနဝကကလာပ်ကို။ စက္ခုဒသကာဒိ-အန္တောဂဓမေဝ၊ စက္ခုဒသကစသည်တို့၌ အတွင်းဝင်သည်ကိုသာလျှင်။ ကတွာ၊ ပြု၍။ သမသတ္တတိရူပန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဝါ၊ ကား။ တံ၊ ထိုဇီဝိတနဝက ကလာပ်သည်။ စက္ခုဒသကာဒိ ဝိယ၊ စက္ခုဒသကစသည်ကဲ့သို့။ သုခပရိဂ္ဂဟံ၊ လွယ်ကူစွာ သိမ်းဆည်းအပ်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ကြောင့်။ (သမသတ္တတိရူပန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။) တဒေဝါတိ၊ ကား။ ယထာဝုတ္တံ၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော။ ဝိပါကက္ခန္ဓကဋတ္တာရူပံ၊ ဝိပါက်ခန္ဓာနှင့် ကဋတ္တာ ရုပ်ကို။ အာဟ၊ ၏။ ဟိ၊ မှန်။ ကမ္မံ၊ သည်။ ကမ္မဇဿ၊ ကမ္မဇရုပ်ကို။ ဇနကံပိ၊ ဖြစ်စေတတ်သည်ရင်း။ ပရိပါလကမ္ပိ၊ စောင့်ရှောက်တတ်သည်ရင်း။

(ပရိပါစကမ္ပိ-ကား မသင့်) ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) ဇီဝိတိန္ဒြိယဿ စ၊ ၏ငှင်း။ ကမ္မဇဂ္ဂိနော စ၊ ကမ္မဇဓာတ်မီး၏ငှင်း။ ဝသေန၊ ဖြင့်။ အနုရက္ခဏာသဗ္ဘာ-ဝတော၊ အစဉ်စောင့်ရှောက်ခြင်း၏ ထင်ရှားရှိခြင်းကြောင့်ငှင်း။ အာဟာရာဒိ-ပဋိလာဘဟေတုတာယ၊ အာဟာရစသည်ကို ရခြင်း၏အကြောင်း၏အဖြစ်ဖြင့်။ ဥပတ္ထမ္ဘကနိမိတ္တတော စ၊ ထောက်ပံ့တတ်သောအကြောင်း၏ အဖြစ်ကြောင့် ငှင်းတည်း။ တေန၊ ကြောင့်။ ဥပတ္ထမ္ဘကပစ္စယောပိ ဟောတီတိ၊ ဟူ၍။ အာဟာ၊ ၏။ စ၊ ဆက်။ အဿ၊ ထိုကံ၏။ ဥပတ္ထမ္ဘကပစ္စယတာ၊ ထောက်ပံ့တတ်သော အကြောင်း၏အဖြစ်ကို။ ဥပနိဿယပစ္စယဝသေနေဝ၊ ပကတူပနိဿယပစ္စည်း၏ အစွမ်းအားဖြင့်သာလျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တေဿ၊ ဤစိတ်အား။ ကမ္မံ၊ ကံဟူသော။ ပစ္စယော၊ အကြောင်းသည်။ (အတ္ထိ၊ ၏။) ဣတိ၊ ကြောင့်။ ကမ္မပစ္စယံ၊ မည်၏။ တဒေဝ စိတ္တံ၊ ထိုဝိပါက်စိတ်ပင်လျှင်တည်း။ တေဿ၊ ဤ တရားအား။ တံ၊ ထိုကံလျှင်အကြောင်းရှိသော ဝိပါက်စိတ်ဟူသော။ သမုဋ္ဌာနံ၊ ဖြစ်ကြောင်းသည်။ (အတ္ထိ၊ ၏။) ဝါ၊ ကား။ တေဿ၊ ဤတရား၏။ သမုဋ္ဌာနံ၊ ဖြစ်ကြောင်းကား။ တံ၊ ထိုကံလျှင်အကြောင်းရှိသော ဝိပါက်စိတ်တည်း။ ဣတိ၊ ကြောင့်။ ကမ္မပစ္စယစိတ္တသမုဋ္ဌာနံ၊ မည်၏။ ဝိပါကစေတသိကာနမ္ပိ၊ ဝိပါက်စေတသိက်တို့၏လည်း။ ကမ္မပစ္စယစိတ္တသမုဋ္ဌာနတ္တာ၊ ကံလျှင် အကြောင်း အထောက်အပံ့ရှိသောစိတ်ကြောင့်ဖြစ်သည်၏အဖြစ်ကို။ ဝတ္တဗ္ဗာ၊ ဆိုသင့်သေး ၏။ ဝါ၊ ကား။ ကမ္မသမုဋ္ဌာနကမ္မပစ္စယဂ္ဂဟဏေန၊ ကမ္မသမုဋ္ဌာန်နှင့် ကမ္မပစ္စယ ကို ယူသဖြင့်၊ ဝါ၊ ကမ္မသမုဋ္ဌာန-ပုဒ်နှင့် ကမ္မပစ္စယ-ပုဒ်ဖြင့်။ ဂဟိတတ္တာ၊ ယူအပ် ပြီးသည်၏ အဖြစ်ကြောင့်။ န ဝတ္တဗ္ဗာ၊ မဆိုသင့်ပြီ။ အာဟာရာနုဂတေ၊ အာဟာရသည်အစဉ်လျှောက်အပ်သော။ သရီရေ၊ ကိုယ်၌။ ဌာနပ္ပတ္တာ၊ ဌီသို့ ရောက်သော။ ဩဇာ၊ သည်။ အညံ၊ သော။ ဩဇဋ္ဌမကံ၊ ဩဇာလျှင် ရှစ်ခု မြောက် ရှိသောရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဣတိ၊ သို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

[၄၀၁] တတြာပီတိ၊ ကား။ ကမ္မသမုဋ္ဌာနာဟာရသမုဋ္ဌာနေ၊ ကမ္မသမုဋ္ဌာန် ဖြစ်သော အာဟာရကြောင့် ဖြစ်သော။ ဩဇဋ္ဌမကေပိ၊ ဩဇာလျှင်ရှစ်ခုမြောက် ရှိသော ရုပ်၌လည်း။ စတဿော ဝါ ။ပ။ ဃဋ္ဋေတီတိ၊ ကား။ သဒိသသန္တတိ-ဝသေန၊ တူသောအစဉ်သန္တာန်၏ အစွမ်းအားဖြင့်။ စတဿော ဝါ၊ ကုန်သော။ ပဉ္စ ဝါ၊ ကုန်သော။ ရူပကလာပပ္ပဝတ္တိယော၊ ရုပ်ကလာပ်ဖြစ်ခြင်း အစဉ်တို့ကို။ သန္တာနေတိ၊ ကျယ်ပြန့်ဆက်စပ်စေ၏။ ပန၊ သို့သော်လည်း။ ဗာဟိရပစ္စယ-ဝိသေသေန၊ အပြင်ပဖြစ်သောအကြောင်းထူးဖြင့်။ ဝိသဒိသာ၊ မတူကုန်သော။ ဗဟူပိ၊ များစွာလည်း ဖြစ်ကုန်သော။ ပဝတ္တိယော၊ ဖြစ်ခြင်း အစဉ်တို့ကို။ ဃဋ္ဋေတိ၊ စပ်စေ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကုန်၏။ ကမ္မပစ္စယာဟာရသမုဋ္ဌာနေ၊ ကမ္မပစ္စယအာဟာရကြောင့် ဖြစ်သောရုပ်၌။ ပဝေဏိဃဋ္ဋနာ၊ အစဉ်ကိုဆက်စပ်

ခြင်းသည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ကမ္မပစ္စယဥတုသမုဋ္ဌာနေပိ၊ ကမ္မပစ္စယဥတုကြောင့် ဖြစ်သောရုပ်၌လည်း။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ တံ၊ ထိုအစဉ်ကို။ ဒဿေတုံ၊ ငှါ။ ကမ္မပစ္စယဥတုသမုဋ္ဌာနံ နာမာတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ စ၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ တတ္ထ တတ္ထ ကောဋ္ဌာသေ၊ ထိုထိုအဖို့၌။ ပရမ္ပရပ္ပဝတ္တိံ၊ အဆက်ဆက် မပြတ်ဖြစ်သောအစဉ်ကို။ ဒဿေန္တေန၊ ပြသော အဋ္ဌကထာဆရာသည်။ အကမ္မဇာ၊ ကမ္မဇမဟုတ်ကုန်သော။ ဒုတိယာဒိပဝတ္တိ-ယော၊ ဒုတိယအစရှိသော ဖြစ်စဉ်ဘို့ကို။ အသမ္ဘောဒေန၊ မရောမစပ်သဖြင့်။ ဒဿိတာ ယထာ၊ ပြအပ်ကုန်သကဲ့သို့။ ဧဝံ၊ တူ။ ကမ္မဇာဟာရသမုဋ္ဌာနဥတု-ဝသေန၊ ကမ္မဇအာဟာရကြောင့် ဖြစ်သောဥတု၏ အစွမ်းအားဖြင့်ရင်း။ ကမ္မဇ-ဥတုသမုဋ္ဌာနာဟာရဝသေန၊ ကမ္မဇဥတုကြောင့် ဖြစ်သောအာဟာရ၏ အစွမ်းအားဖြင့်ရင်း။ ကမ္မပစ္စယစိတ္တဇာဟာရဥတုသမုဋ္ဌာနဥတုအာဟာရဝသေန စ၊ ကံလျှင်အထောက်အပံ့ရှိသော ဝိပါက်စိတ်ကြောင့် ဖြစ်သောအာဟာရနှင့် ဥတုတို့ ကြောင့် ဖြစ်သောဥတု အာဟာရတို့၏ အစွမ်းအားဖြင့်ရင်း။ သမ္ဘေဒဝသေနာပိ၊ ရောစပ်သည်၏ အစွမ်းအားဖြင့်လည်း။ ရူပပ္ပဝတ္တိ၊ ရုပ်၏ဖြစ်ခြင်းအစဉ်ကို။ ဒဿေတဗ္ဗာ၊ ပြအပ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တတ္ထ၊ ထိုရုပ်တို့၌။ ကမ္မဇ-တော၊ ကမ္မဇရုပ်မှ။ ပဝတ္တအာဟာရာ၊ ဖြစ်သောအာဟာရတို့သည်။ ဝိသေသ-ပစ္စယလာဘော၊ ထူးသောအကြောင်းကို ရခြင်းသည်။ သတိ၊ သော်။ ယထာ-ဝုတ္တပရိမာဏာဟိ၊ အကြင် အကြင်ဆိုအပ်ပြီးသော အတိုင်းအရှည်ရှိကုန်သော။ ပဝတ္တီဟိ၊ မပြတ်ဖြစ်သောအစဉ်တို့မှ။ ဥဒ္ဓမ္ပိ၊ အထက်၌လည်း၊ ဝါ၊ အလွန် သော်လည်း။ ပဝတ္တိယော၊ ဖြစ်ခြင်းအစဉ်တို့ကို။ န ဃဋေန္တိ၊ မစပ်စေကုန်။ ဣတိ၊ သို့။ ဝတ္တုံ၊ ငှါ။ န သက္ကာ၊ မတတ်ကောင်း။ တထာ-တံ ဝစနံ၊ သည်။ ဟိ-သစ္စံ၊ ၏။ ဒသ။ပ။ ဃဋ္ဌေတီတိ၊ ဟူ၍ရင်း။ ဧဝံ ဒီဃမ္ပိ။ပ။ ပဝတ္တတိ ဧဝါတိ စ၊ ဟူ၍ရင်း။ ဝက္ခတိ၊ ဆိုလတ့်။

၇၀၂။ ဇနကာဇနကာ မတာတိ၊ ကား။ ပုရိမကာ၊ ရှေး၌ဖြစ်ကုန်သော။ တိကောဋ္ဌာသသင်္ဂဟိတာ၊ သုံးပါးသောအဖို့တို့ဖြင့် ရေတွက်အပ်သော စိတ်တို့ သည်။ ဇနကာ၊ ဖြစ်စေတတ်ကုန်၏။ ပစ္ဆိမကောဋ္ဌာသိကာ၊ နောက်ဆုံးအဖို့၌ ဖြစ်ကုန်သော။ သောဠသာတိ၊ ၁၆-ပါးတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်သောစိတ် တို့သည်။အဇနကာ၊ မဖြစ်စေတတ်ကုန်။ ဣတိ၊ သို့။ မတာ ဉာတာ၊ ကုန်၏။ ကုသလကိရိယတောတိ၊ ကား။ ကုသလတော စ၊ ကုသိုလ်မှရင်း။ ကိရိယတော စ၊ ကြိယာမှရင်း။ ဣရိယာယ ကာယိကကိရိယာယ၊ ကိုယ်၌ဖြစ်သောအမူအရာ၏။ ပဝတ္တိဋ္ဌာနတာယ၊ ဖြစ်ရာဌာန၏အဖြစ်ဖြင့်။ ပထဘာဝတော၊ အကြောင်း၏ အဖြစ်ကြောင့်။ ဣရိယာပထော၊ မည်၏။ ဂမနာဒိ၊ သွားခြင်းစသည်ကိုရ၏။ အတ္ထတော၊ တရားကိုယ်အနက်အားဖြင့်။ တဒဝတ္ထာ၊ ထိုသွားခြင်းစသော

အခိုက်အတန့်ဖြစ်သော။ ရူပပ္ပဝတ္တိ၊ ရုပ်တို့၏ဖြစ်ခြင်းတည်း။ စ၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ ရူပဝိနိမုတ္တော၊ ရုပ်မှလွတ်သော။ ဣရိယာပထော စ၊ သည်ရင်း။ ဝိညတ္တိ စ၊ သည်ရင်း။ ကာမံ နတ္ထိ၊ အကယ်၍ကားမရှိပေ။ တထာပိ၊ သော်လည်း။ သဗ္ဗံ၊ သော။ ရူပသမုဋ္ဌာပကစိတ္တံ၊ ရုပ်ကိုဖြစ်စေတတ်သောစိတ်သည်။ ဣရိယာပထူပတ္ထမ္ဘကံ စ၊ ဣရိယာပုထ်ကိုထောက်ပံ့တတ် ခိုင်စေတတ်သည်ရင်း။ ဝိညတ္တိဝိကာရုပ္ပါဒကဉ္စ၊ ဝိညတ်အမူအရာအထူးကို ဖြစ်စေတတ်သည်ရင်း။ န ဟောတိ၊ မဖြစ်။ ပန၊ စင်စစ်။ ယံ စိတ္တံ၊ သည်။ ဝိညတ္တိဇနကံ၊ ဝိညတ်ကိုဖြစ်စေတတ်၏။ တံ၊ ထိုဝိညတ်ကို ဖြစ်စေတတ်သောစိတ်သည်။ အဝိနာဘာဝတော၊ မကွေမကွာ ဖြစ်ခြင်းကြောင့်။ ကေံသတော၊ စင်စစ်အားဖြင့်။ ဣတရဒွယဿ၊ ဤမှတပါး သော ဣရိယာပုထ်နှင့် ရုပ်ဟူသော ၂-မျိုးအပေါင်းကို။ (စာအုပ်တို့၌ ဒွယ-ကျနေသည်) ဇနကံ၊ ဖြစ်စေတတ်၏။ တထာ၊ တူ။ ဣရိယာပထူပတ္ထမ္ဘကံ၊ ဣရိယာပုထ်ကိုထောက်ပံ့တတ် ခိုင်စေတတ်သောစိတ်သည်။ ရူပဿ၊ သာမန် ရုပ်ကို။ (ဇနကံ၊ ဖြစ်စေတတ်၏။) ဣတိ၊ သို့။ (ရူပဿာတိ-ဟု ပါဌ်ရှိစေရမည်) ဧတေသ ဝိသေသဿ၊ ဤအထူးကို။ ဒဿနတ္ထံ၊ ငှါ။ ရူပဉ္စ၊ ကိုရင်း။ ဣရိယာပထဉ္စ၊ ကိုရင်း။ ဝိညတ္တိဉ္စ၊ ကိုရင်း။ ဣတိ၊ သို့။ သမုစ္စယော၊ ပေါင်းစည်းခြင်း ကို။ ကတော၊ ပြုအပ်၏။ ဝိပါကဝဇ္ဇာနီတိ ဧတ္ထ၊ ဤပါဌ်၌။ ဝိပါကာဘိညာဒွယ-ဝဇ္ဇာနိ၊ ဝိပါက်နှင့်အဘိညာဉ်ဒွေးသည် ကြဉ်အပ်ကုန်သော။ ဣတိ၊ သို့။ ဝတ္တဗ္ဗံ၊ ဆိုသင့်၏။ (ကသ္မာ၊ ကား။) တဒညေသံယေဝ၊ ထိုဝိပါက်နှင့်အဘိညာဉ်ဒွေးမှ တပါးသောစိတ်တို့ကိုသာလျှင်။ သေသဂ္ဂဟဏေန၊ သေသ-သဒ္ဒါဖြင့်။ ဂဟေ-တဗ္ဗတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဝါ၊ ကား။ သေသဂ္ဂဟဏေ-နေဝ၊ သေသ-သဒ္ဒါဖြင့်ပင်လျှင်။ အဘိညာစိတ္တာနမ္ပိ၊ အဘိညာဉ်စိတ်တို့ကိုလည်း။ နိဝတ္တေတဗ္ဗတော၊ နစ်စေအပ်သည်၏ အဖြစ်ကြောင့်။ န ဝတ္တဗ္ဗံ၊ ထိုသို့မဆိုအပ်ပြီ။ ဝိညတ္တိံ၊ ကို။ န ဇနယန္တိ၊ မဖြစ်စေတတ်ကုန်။ (ကသ္မာ၊ ကား။) မဟဂ္ဂတ-ကုသလာဒီနံ၊ မဟဂ္ဂုတ်ကုသိုလ်စသည်တို့၏။ သန္တဘာဝေန၊ ငြိမ်သက်သည်၏ အဖြစ်ဖြင့်။ အဝိပ္ဖါရိကဘာဝတော၊ ပြန့်ကားခြင်း လှုပ်ရှားခြင်းမရှိသည်၏အဖြစ် ကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ ဝိပ္ဖါရိကမေဝ၊ ပြန့်ကားခြင်း လှုပ်ရှားခြင်းရှိသည် သာလျှင်ဖြစ်သော။ ကာမာဝစရကုသလာဒိ၊ ကာမာဝစရကုသိုလ် အစရှိသော စိတ်သည်။ ဝိညတ္တိံ၊ ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေတတ်၏။ ပန၊ ဝိညတ်ကို မဖြစ်စေတတ်သော်လည်း။ (တာနိ၊ ထို ၂၆-ပါးသော စိတ်တို့သည်။) ဣရိယာ-ပထူပတ္ထမ္ဘကာနိ၊ ဣရိယာပုထ်ကိုထောက်ပံ့တတ် ခိုင်စေတတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ (ကသ္မာ၊ ကား။) သန္တဘာဝေ၊ ငြိမ်သက်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ဈာနဝေဂေန၊ ဈာန်၏အဟုန်ဖြင့်။ သဥဿာဟတ္တာ၊ အားထုတ် ခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ ယတော၊ ယင်းသို့အားထုတ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ တေသံ၊ ထို ၂၆-ပါးသောစိတ်တို့၏။ ဇဝနကိစ္စတာ၊ ဇောကိစ္စ

ရှိသည်၏အဖြစ်သည်။ (ဟောတိ၊ ၏။) ပဋ္ဌ၊ ကုန်သော။ [၄၀၂] ဘဝင်္ဂစိတ္တာနိ၊ စိတ်တို့ရင်း။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ စပ်အပ်၏။ ရူပမေဝ၊ ကိုသာလျှင်။ ဇနယန္တိ၊ ကုန်၏။ ဣရိယာပထံ၊ ကို။ န ဇနယန္တိ၊ ကုန်။ (ကသ္မာ၊ ကား။) နိရုဿာဟ-သန္တဘာဝေန၊ အားထုတ်ခြင်းမရှိမူ၍ ငြိမ်သက်သည်၏အဖြစ်ဖြင့်။ ပရိဒုဗ္ဗလ-ဘာဝတော၊ ထက်ဝန်းကျင်အားနည်းသည်၏ အဖြစ်ကြောင့်တည်း။ ကိရိယာ-မယစိတ္တေဟိ၊ အမူအရာကြိယာကို ပြီးစေတတ်သောစိတ်တို့နှင့်။ အဝိမိဿ-ဘဝင်္ဂပ္ပဝတ္တိကာလေ၊ မရောနှောသောဘဝင်စိတ်၏ ဖြစ်သောကာလ၌။ ခန္ဓာဒိ-သရီရာဝယဝါနံ၊ ပခုံးအစရှိသော ကိုယ်အစိတ်အပိုင်းတို့၏။ နိစ္စလဘာဝေန၊ လှုပ်ရှားခြင်းမရှိသည်၏အဖြစ်ဖြင့်။ အဝဋ္ဌာနံ၊ ကြံ့ကြံ့တည်ခြင်းသည်။ (ဟောတိ၊ ၏။) တထာ-တံ ဝစနံ၊ သည်။ ဟိ-သစ္စံ၊ ၏။ အဗ္ဗောကိဏ္ဏော၊ ကြိယမယစိတ်တို့နှင့် မရောနှောသော။ ဘဝင်္ဂေါ၊ သည်။ ပဝတ္တမာနေ၊ ဖြစ်လတ်သော်။ အင်္ဂါနိ၊ ကိုယ်အင်္ဂါတို့သည်။ ဩသီဒန္တိ၊ ဆုတ်နစ်ကုန်၏။ ပဝိဋ္ဌာနိ ဝိယ၊ ဝင်ကုန်ကြုံ့ကုန်သကဲ့သို့။ ဟောန္တိ၊ ကုန်၏။ ပန၊ စင်စစ်။ ဒွတ္တိံသာတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော။ ဇာဂရဏစိတ္တေသု၊ နိုးကြားသောစိတ်တို့သည်။ ဝတ္တမာနေသု၊ ဖြစ်ကုန်လတ်သော်။ အင်္ဂါနိ၊ ကိုယ်အင်္ဂါတို့သည်။ ဉပတ္ထဒ္ဓါနိ၊ တောင့်တင်းကုန်သည် ဖြစ်၍။ ယထာပဝတ္တဣရိယာပထဘာဝေ-နေဝ၊ ဖြစ်မြဲဘိုင်းသော ဣရိယာပုထ်ရှိသည်၏ အဖြစ်ဖြင့်သာလျှင်။ ပဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ သို့သိအပ်၏။ ဒွေပဉ္စဝိညာဏာနိ၊ ဒွေပဉ္စဝိညာဏ်စိတ်တို့သည်။ သဗ္ဗဒုဗ္ဗလတာယ၊ အလုံးစုံတို့အောက် အားနည်းသည်၏ အဖြစ်ကြောင့်။ ရူပံ၊ ကို။ န ဇနေန္တိ၊ ကုန်။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဝတ္ထုဒုဗ္ဗလတာယ၊ တည်ရာဝတ္ထု၏ အားနည်းသည်၏ အဖြစ်ကြောင့်။ (န ဇနေတိ၊ မဖြစ်စေတတ်။) ခီဏာသဝါနံ စုတိစိတ္တန္တိ ဧတ္ထ၊ ဤပါဌ်၌။

ကာမာဝစရာနံ၊ ကာမာဝစရ ပုဂ္ဂိုလ်တို့အား။ ပစ္ဆိမစိတ္တဿ၊ နောက်ဆုံးစိတ်၏။ ဉပ္ပါဒက္ခဏေ၊ ဉပ္ပါဒက္ခဏ၌ရင်း။ ယဿ စိတ္တဿ၊ ၏။ အနန္တရာ၊ အခြားမဲ့၌။ ကာမာဝစရာနံ၊ ကာမာဝစရ ပုဂ္ဂိုလ်တို့အား။ ပစ္ဆိမစိတ္တံ၊ နောက်ဆုံးစိတ်သည်။ ဉပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ (တံသမင်္ဂီနံ၊ ထိုစိတ်နှင့်ပြည့်စုံကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်အားရင်း။) ရူပါဝစရေ၊ ဘုံ၌။ အရူပါဝစရေ၊ ဘုံ၌။ ပစ္ဆိမဘဝိကာနံ၊ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အားရင်း။ ယေ စ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း။ ရူပါဝစရံ၊ ဘုံသို့။ အရူပါဝစရံ၊ ဘုံသို့။ ဉပပဇ္ဇိတွာ၊ ကပ်ရောက်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်စံကုန်လတ္တံ့။ စဝန္တာနံ၊ စုတိဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားရင်း။ တေသံ၊ ထိုအလုံးစုံသော ပုဂ္ဂိုလ်တို့အား။ ဝစီ-သင်္ခါရော၊ သည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။

ကာယသဉ်ါရော၊ သည်။ နော စ နိရုဇ္ဈိဿတိ၊ ချုပ်လတ့်မဟုတ်။ ဣတိ၊ သို့။

ဝစနတော၊ ဟောတော်မူသောကြောင့်။ အညေသမ္ပိ၊ ရဟန္တာမှတပါးသော ပုဂ္ဂိုလ်တို့၏လည်း။ စုတိစိတ္တံ၊ သည်။ ရူပံ၊ ကို။ န သမုဋ္ဌာပေတိ၊ တတ်။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။ ဟိ-သစ္စံ၊ ၏။ ရူပသမုဋ္ဌာပကစိတ္တဿ၊ ရုပ်ကို ဖြစ်စေတတ်သောစိတ်၏။ ဂဗ္ဘဂတတာဒိဝိဗန္ဓာဘာဝေ၊ အမိဝမ်း၌တည်သည်၏ အဖြစ်အစရှိသော အနှောင်အဖွဲ့အဆီးအတား မရှိလတ်သော်။ ကာယသဉ်ါရ-သမုဋ္ဌာပနေ၊ ကာယသခ်ါရကို မဖြစ်စေခြင်း၌။ ကာရဏံ၊ အကြောင်းသည်။ န အတ္ထိ၊ မရှိ။ စုတော စ၊ စုတေသည်လည်း။ (ဟောတိ၊ ၏။) အဿ၊ ထိုစုတေ သော ပုဂ္ဂိုလ်၏။ စိတ္တသမုဋ္ဌာနရူပဥ္စ၊ စိတ္တဇရုပ်သည်လည်း။ ပဝတ္တတိ၊ ဖြစ်၏။ (ဣတိ၊ ဤသို့သောအနက်သည်။) န စ ယုတ္တံ၊ သင့်လည်းမသင့်။ စုတိစိတ္တံ၊ သည်။ ရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ သို့။ ပါဠိံပိ၊ ပါဠိသည် လည်း။ န အတ္ထိ၊ မရှိ။ ပန၊ သို့သော်လည်း။ ခီဏာသဝါနန္တိ၊ ဟူသော။ ဝိသေ-သနံ၊ ဝိသေသနပုဒ်ကို။ အပ္ပဋိသန္ဓိကနိရောဓေန၊ တဖန်စပ်ခြင်းမရှိသော ချုပ်ခြင်း ဖြင့်။ နိရုဇ္ဈန္တဿ၊ ချုပ်သော။ (စုတိစိတ္တဿ-နှင့်စပ်) တေသံ၊ ထိုရဟန္တာပုဂ္ဂိုလ် တို့၏။ စုတိစိတ္တဿ၊ ၏။ ရူပါသမုဋ္ဌာပနံ၊ ရုပ်ကိုမဖြစ်စေခြင်းသည်။ ပါကဋံ၊ ထင်ရှား၏။ ဣတိ ကတွာ၊ ဤသို့နှလုံးသွင်း၍။ ကတံ၊ ပြုတော်မူအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ သောဠသစိတ္တာနီတိ၊ တဆယ့်ခြောက်ပါးသော စိတ်တို့ဟူ၍။ ပရိစ္ဆိန္ဒ္ဓ၊ ၍။ ဂဟဏံ၊ ယူခြင်းသည်။ တေသံ၊ ထိုတဆယ့်ခြောက်ပါးသောစိတ် တို့၏။ ရူပါဇနနေ၊ ရုပ်ကိုမဖြစ်စေခြင်း၌။ ဧကံသတော၊ ကေန်မုချအားဖြင့်။ နိယမေတဗ္ဗတ္တာ၊ ကိန်းသေသတ်မှတ်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ပန၊ သော်လည်း။ အညာနိ၊ တဆယ့်ခြောက်ပါးသော စိတ်တို့မှ တပါးကုန်သော။ ဗဟူနိ၊ များစွာကုန်သော။ အရူပေ၊ အရူပဘုံ၌။ ဥပ္ပန္နာနိ၊ ဖြစ်သောစိတ်တို့သည်။ အနောကာသဂတတ္တာ၊ ရုပ်၏ဖြစ်ရာမဟုတ်သည်၌ တည်သည်၏အဖြစ်ကြောင့်။ ရူပံ၊ ကို။ န ဇနေန္တိယေဝ၊ မဖြစ်စေကုန်သည်သာလျှင်တည်း။ ဒွိတိက္ခဏေ ဝါ၊ ဒွိခဏာ၌သော်၎င်း။ ဘင်္ဂက္ခဏေ ဝါ၊ ဘင်ခဏာ၌သော်၎င်း။ ရူပံ၊ ကို။ န ဇနေန္တိ၊ ကုန်။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။ ။ပန၊ စင်စစ်အားဖြင့်သော်ကား။ ဥပ္ပါဒ-က္ခဏေ၊ ၌။ အနန္တရာဒိပစ္စယလာဘတော၊ အနန္တရအစရှိသော ပစ္စည်းကိုရခြင်း ကြောင့်။ ဗလဝံ၊ အားကြီးသည်။ (ဟောတိ၊ ၏။)

စိတ္တဟေတုကာ၊ စိတ်လျှင်အကြောင်းရင်း ရှိကုန်သော။ ပထဝီအာဒယော၊ ပထဝီအစရှိကုန်သော။ ရူပဓမ္မာ၊ ရုပ်တရားတို့သည်။ စိတ္တသမုဋ္ဌာနာ၊ စိတ္တသမုဋ္ဌာန မည်ကုန်သည်၊ ဝါ၊ စိတ်လျှင်ဖြစ်ကြောင်း ရှိကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန် သကဲ့သို့။ ဧဝံ၊ တူ။ ဝေဒနာဒယောပိ၊ ဝေဒနာအစရှိသော နာမ်ခန္ဓာတို့သည်

လည်း။ (စိတ္တသမုဋ္ဌာနာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။) ဣတိ၊ ကြောင့်။ စိတ္တသမုဋ္ဌာနံ နာမ။ ပ။ သဒ္ဒနဝကန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ တေနေဝ၊ ပင်လျှင်။ "စိတ္တသမုဋ္ဌာနာ၊ စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဝေဒနာက္ခန္ဓော၊ ၎င်း။ သညာက္ခန္ဓော၊ ၎င်း။ သင်္ခါရက္ခန္ဓော၊ ၎င်း။ ကာယဝိညတ္တိ၊ ၎င်း။ ဝစီဝိညတ္တိ၊ ၎င်း။" ဣတိ၊ သို့။ အာဟ၊ ဟောတော်မူ၏။ တတ္ထ၊ ထိုစိတ္တသမုဋ္ဌာန်ရုပ်တို့တွင်။ ကာယဝိညတ္တိအာဒီနံ၊ အစရှိသည်တို့၏။ စိတ္တသမုဋ္ဌာနတာ၊ စိတ္တသမုဋ္ဌာနမည်သည်၏ အဖြစ်ကို၊ ဝါ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော ရုပ်၏အဖြစ်ကို။ ပရိယာယတော၊ ပရိယာယ်အားဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ၏။ (ကသ္မာ၊ ကား။) တေသံ၊ ထိုကာယဝိညတ် အစရှိသောရုပ်တို့၏။ အနိပ္ဖန္နတ္တာ၊ အကြောင်းကြောင့် တိုက်ရိုက်မပြီးသော အနိပ္ဖန္နရုပ်၏ အဖြစ်ကြောင့်တည်း။ ဧဝံ ဝုတ္တံ စတုသမုဋ္ဌာနရူပန္တိ ဣမိနာ၊ ဟူသောဤပါဌ်ဖြင့်။ အတံသမုဋ္ဌာနဿေဝ၊ ထိုစိတ်ကြောင့် မဖြစ်သည်သာလျှင်ဖြစ်သော။ စိတ္တဇရူပဿ၊ ၏[1]။ စိတ္တပစ္စယတာ၊ စိတ်လျှင်ထောက်ပံ့တတ်သော အကြောင်းရှိသည်၏အဖြစ်ကို။ ဒဿိတာ၊ ပြအပ်၏။ ပန၊ ဆက်။ ကမ္မပစ္စယံ၊ ကမ္မပစ္စယတရားကို။ ဒဿိတံ ယထာ၊ ကဲ့သို့။ [၄၀၃] ဧဝံ၊ တူ။ စိတ္တပစ္စယေ၊ စိတ္တပစ္စယတရားကို။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ တံသမုဋ္ဌာနရူပဿ စ၊ ထိုစိတ်ကြောင့်ဖြစ်သော ရုပ်၏၎င်း။ သဟဇာတဝေဒနာဒီနဉ္စ၊ တကွဖြစ်သော ဝေဒနာစသည်တို့၏၎င်း။ စိတ္တပစ္စယတာ၊ စိတ္တပစ္စယ၏ အဖြစ်သည်။ သိယာ၊ ဖြစ်ရာ၏။ ပန၊ သော်လည်း။ စိတ္တသမုဋ္ဌာနစိတ္တပစ္စယေ၊ စိတ္တသမုဋ္ဌာနတရားနှင့် စိတ္တပစ္စယတရားတို့ကို။ အသင်္ကရတော၊ မရောနှောသော အားဖြင့်။ ဒဿေတုံ၊ ငှါ။ ပစ္ဆာဇာတပစ္စယဝသေနေဝ၊ ပစ္စည်း၏အစွမ်းအားဖြင့် သာလျှင်။ စိတ္တပစ္စယံ၊ ကို။ ဥဒ္ဓဋံ၊ ထုတ်ပြအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ စိတ္တသမုဋ္ဌာနဥတုအာဟာရေဟိ၊ စိတ္တသမုဋ္ဌာန်ဖြစ်သော ဥတုအာဟာရတို့ထက်။ ကမ္မသမုဋ္ဌာနဥတုအာဟာရာ၊ ကမ္မသမုဋ္ဌာန်ဖြစ်သော ဥတုအာဟာရတို့သည်။ ဗလဝန္တော၊ အားရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ တေသံ၊ ထို ကမ္မသမုဋ္ဌာန်ဖြစ်သော ဥတုအာဟာရတို့၏။ ဝသေန၊ ဖြင့်။ စတုပဉ္စပဝတ္တိယော၊ လေးဆက်ငါးဆက်ဖြစ်စဉ် ဆက်စပ်ခြင်းကို။ ဝုတ္တာ၊ ၏။ စိတ္တသမုဋ္ဌာနာနံ၊ စိတ္တသမုဋ္ဌာနဥတုအာဟာရတို့၏။ ဝသေန ပန၊ ဖြင့်မူကား။ ဒွတ္တိပဝတ္တိယော၊ နှစ်ခုသုံးခုသောဖြစ်စဉ် ဆက်စပ်ခြင်းကို။ (ဝုတ္တာ၊ ၏။) တံ၊ ထိုစကားကို။ ပါကတိကစိတ္တဝသေန၊ ပကတိအတိုင်းဖြစ်သော သာမန်စိတ်၏ အစွမ်းအားဖြင့်။ (ဝုတ္တံ၊ ၏။) မဟဂ္ဂတာနုတ္တရစိတ္တဝသေန ပန၊ မဟဂ္ဂုတ်လောကုတ္တရာစိတ်တို့၏ အစွမ်း

[1] ၁-စတုသမုဋ္ဌာန ရုပ်ထဲ၌ စိတ္တဇရုပ်လည်း ပါဝင်လျက်ရှိရာ ယင်း စိတ္တဇရုပ်သည်ကား ရှေးစိတ်များကြောင့်ဖြစ်ပြီး၍ မချုပ်သေးသော စိတ္တဇရုပ်ကိုယူရန် ပြသည်။

အားဖြင့်မူကား။ ဗဟုတရာပိ၊ သာလွန်၍များသည်လည်း ဖြစ်ကုန်သော။ ပဝတ္တိယော၊ ဖြစ်စဉ်တို့ကို။ ဣစ္ဆိတဗ္ဗာ၊ ကုန်၏။ (ကသ္မာ၊ ကား။) တံနိဗ္ဗတ္တာနံ၊ ထိုမဟဂ္ဂုတ် လောကုတ္တရာစိတ်ကြောင့် ဖြစ်ကုန်သော။ စိတ္တဇရူပါနံ၊ စိတ္တဇရုပ်တို့၏။ ဥဠာရပဏီတဘာဝတော၊ ပြန့်ပြောမြင့်မြတ်သည်၏ အဖြစ်ကြောင့်တည်း။

၇၀၃။ ဥပါဒိန္နံ။ပ။ လဘိတွာတိ ဧတေန၊ ဤပါဌ်ဖြင့်။ ဗဟိဒ္ဓါ၊ အပြင်ပ၌။ (ဌိတာ၊ တည်သော။) အနုပါဒိန္နသြဇာ၊ ဥပါဒိန္နမဟုတ်သော သြဇာသည်၊ ဝါ၊ ကမ္မဇမဟုတ်သော သြဇာသည်။ ရူပါဟရဏကိစ္စံ၊ ရုပ်ကိုဆောင်ခြင်းဖြစ်စေခြင်းကိစ္စကို။ န ကရောတိ၊ မပြုတတ်။ ဣတိ၊ သို့။ ဒဿေတိ၊ ၏ ။စ၊ ဆက်။ အဿ၊ ထိုအာဟာရဇရုပ်၏။ ပစ္စယလာဘော၊ အကြောင်းအထောက်အပံ့ကိုရခြင်းသည်။ ကမ္မဇဘူတသန္နိဿယတာဝသေန။ ကမ္မဇဘူတရုပ်လျှင်မှီရာရှိသည်၏ အဖြစ်၏ အစွမ်းအားဖြင့်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ တတ္ထ ပတိ-ဋ္ဌာယာတိ၊ ဟူ၍။ အာဟ၊ ၏။ တတ္ထ၊ ထိုစကားရပ်၌။ ကမ္မပစ္စယစိတ္တသမုဋ္ဌာ-နာဒိရူပဿပိ၊ ကံလျှင်အကြောင်းအထောက်အပံ့ရှိသော ဝိပါက်စိတ်ကြောင့်ဖြစ်သောရုပ်အစရှိသော ရုပ်၏လည်း။ ကမ္မမူလကတ္တာ၊ ကံလျှင်အကြောင်းရင်းရှိသည်၏အဖြစ်ကြောင့်။ ကမ္မဇပရိယာယော၊ ကမ္မဇရုပ်ဟူသောပရိယာယ်သည်။ သိယာ၊ ဖြစ်နိုင်၏။ ဣတိ၊ ကြောင့်။ တံနိဝတ္တနတ္ထံ၊ ထိုကမ္မပစ္စယစိတ္တသမုဋ္ဌာနရုပ်အစရှိသော ရုပ်ကိုနှစ်စေခြင်းအကျိုးငှါ။ ဥပါဒိန္နန္တိ၊ ဟူ၍။ ဝိသေသေတွာ၊ အထူးပြု၍။ ဝုတ္တံ၊ ၏။ အာဟာရပစ္စယဿ၊ အာဟာရလျှင်အကြောင်းအထောက်အပံ့ရှိသောရုပ်အား။ အာဟာရော၊ သည်။ ကေဝလံ၊ သက်သက်။ ဥပတ္ထမ္ဘ-ကောဝ၊ ထောက်ပံ့ရုံထောက်ပံ့တတ်သည်သာလျှင်။ န၊ မဟုတ်သေး။ အထ ခေါ၊ သော်ကား။ ဇနကောပိ၊ ဖြစ်လည်းဖြစ်စေတတ်၏။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ စတုသမုဋ္ဌာနရူပန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဒသ ဒွါဒသ ဝါရေတိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ ကထံ၊ အဘယ်ကြောင့်။ ဣမဿေဝ၊ ဤအာဟာရဇရုပ်၏သာလျှင်။ ဒသ ဒွါဒ-သ ဝါရေ၊ တိုင်တိုင်။ ပဝတ္တိဃဋ္ဋနာ၊ ဖြစ်စဉ်ကိုဆက်စပ်စေခြင်းသည်။ (ဟောတိ၊ နည်း။) ဣတိ၊ သို့။ အနုယောဂံ၊ မေးစစ်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဧကဒိဝသံ ပရိဘုတ္တာဟာရောတိအာဒိ၊ ကို။ အာဟ၊ ၏။ ဒါရကဿ သရီရံ ဖရိတွာတိ၊ ကား။ နာဘိမူလာနုဂတာဟိ၊ ချက်တိုင်ရင်းမှ အစဉ် လျှောက်ကုန်သော။ ရသဟရဏီဟိ၊ အရသာကိုဆောင်သော အကြောတို့ဖြင့်။ ဖရိတွာ။ ပျံ့နှံ့၍။ အညထာ၊ ဖြင့်။ ဇလာဗုအန္တရိကော၊ သူငယ်အိမ်အချင်းလျှင် အခြားရှိသော။ (ဇလာဗုအန္တရိတော-ဟု ရှိသင့်၏။ ဇလာဗုအန္တရိတော၊ သူငယ်အိမ်အချင်းသည် ခြားကွယ်အပ်သော။) ကာယော၊ ကိုယ်၌။ မက္ခနာဝသေန၊ လူးလိမ်းသည်၏ အစွမ်းအားဖြင့်။ အာဟာရဿ၊ ၏။ သမ္မာဝိနိယောဂေါ၊ ကောင်းစွာယှဉ်ခြင်းသည်။ န သမ္ဘဝတိ၊ မဖြစ်သင့်။ ဣတိ၊ သို့သိအပ်၏။

ဥပါဒိန္နကော၊ ဥပါဒိန္နကအာဟာရရှင်း။ အနုပါဒိန္နကော၊ အနုပါဒိန္နက-အာဟာရရှင်း။ ဣတိ၊ သို့။ ဒုဝိဓေ၊ နှစ်ပါးအပြားရှိသော။ အာဟာရေ၊ အာဟာရတွင်။ အနုပါဒိန္နကော၊ ဖြစ်သော။ အာဟာရပစ္စယအာဟာရော၊ အာဟာရလျှင် အကြောင်းအထောက်အပံ့ရှိသော အာဟာရကို။ ပုဗ္ဗေ၊ ရှေး၌။ ဒဿိတော၊ ပြအပ်ခဲ့ပြီ။ ဣတိ၊ ကြောင့်။ ဣတရံ၊ ဤမှတပါးသော ဥပါဒိန္နက အာဟာရကို။ ဒဿေတုံ၊ ငှါ။ ကမ္မဇာဟာရောတိအာဒိ၊ ကို။ ဝုတ္တံ။ ၏။ တံ၊ ထိုစကားသည်။ ကမ္မပစ္စယာဟာရသမုဋ္ဌာနေ၊ ကမ္မပစ္စယအာဟာရသမုဋ္ဌာန အရာ၌။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။ တေန၊ ကြောင့်။ စတသော ဝါ။ပ။ ဃဋ္ဋေတီတိ၊ ဟူ၍။ အာဟ၊ ၏။ အာဟာရပစ္စယ-ဥတုနော ပိ၊ အာဟာရလျှင် အကြောင်းအထောက်အပံ့ရှိသော ဥတု၏လည်း။ ဥတုပစ္စယာဟာရဿ ဝိယ၊ ဥတုလျှင်အကြောင်းအထောက်အပံ့ရှိသော အာဟာရ၏ကဲ့သို့။ ဒသ ဒွါဒသ ဝါရေ၊ တိုင်တိုင်။ ပဝတ္တိဃဋ္ဋနာ၊ ဖြစ်စဉ်ကို ဆက်စပ်စေခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။ ဝုတ္တနယတ္တာ၊ ဆိုအပ်ခဲ့ပြီးသောနည်းရှိသည်၏ အဖြစ်ကြောင့်။ န ဉဒ္ဓဋံ၊ မထုတ်ပြအပ်။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ သေသာနန္တိ၊ ကား။ ကမ္မစိတ္တဥတုသမုဋ္ဌာနာနံ၊ ကံစိတ်ဥတုကြောင့်ဖြစ်ကုန်သော။ တိသန္တတိ-ရူပါနံ၊ တိသန္တတိ ရုပ်တို့အား။ (ဤအရာ၌ နောက်ဆိုလတံ့သော ဒဋ္ဌိဝါကျကို ထောက်ဆလျှင် တဒညာဟာရသမုဋ္ဌိတရူပါနဉ္စ-ဟူသောပုဒ်လည်း ရှိသင့်၏။ တဒညာဟာရသမုဋ္ဌိတရူပါနဉ္စ၊ ထိုမှတပါးသော အာဟာရကြောင့်ဖြစ်သော ရုပ်တို့အားရှင်း-ဟု အနက်ပေး) ဟိ၊ မှန်။ ကဗဠီကာရာဟာရော၊ သည်။ အညာ-ဟာရသမုဋ္ဌိတဿ စ၊ တပါးသော အာဟာရကြောင့်ဖြစ်သော ရုပ်အားရှင်း။ တိသန္တတိရူပါနဉ္စ၊ တိသန္တတိရုပ်တို့အားရှင်း။ ဥပတ္ထမ္ဘကဝသေန၊ ဥပတ္ထမ္ဘက၏ အစွမ်းအားဖြင့်။ (ပစ္စယော၊ သည်။ ဟောတိ၊ ၏။) အတ္တနာ၊ မိမိသည်။ ဥပ္ပါဒိတဿ၊ ဖြစ်စေအပ်သော ရုပ်အား။ ဇနကော၊ ဖြစ်စေတတ်သည်။ ဟုတွာ၊ ၍။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဧဝံ၊ သို့။ အာဟာရပစ္စယော၊ အာဟာရပစ္စည်းသည်။ ဟောန္တောယေဝ၊ ဖြစ်လျက်သာလျှင်။ အတ္ထိအဝိဂတ-ဝသေနာပိ၊ အတ္ထိသတ္တိအဝိဂတသတ္တိ၏ အစွမ်းအားဖြင့်လည်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ နိဿယဘာဝေါ ပန၊ နိဿယပစ္စည်း၏အဖြစ်သည်ကား။ ပဋ္ဌာနနယေန၊ ပဋ္ဌာန်းနည်း အလိုအားဖြင့်။ နတ္ထိ၊ မရှိ။ အာဟာရပစ္စယာ၊ အာဟာရဟူသော အကြောင်းကြောင့်။ ပဝတ္တမာနာနိ၊ မပြတ်ဖြစ်ကုန်သော။ ရူပါနိ၊ ရုပ်တို့သည်။ [၄၀၄] အာဟာရနိဿယာနိ နာမ၊ အာဟာရလျှင် မှီရာရှိသည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်၊ သုတ္တန္တနယေန၊ သုတ္တန်နည်းအားဖြင့်၊ ဝါ၊ သုတ္တန်နည်းအလိုအားဖြင့်။ ဝုတ္တော၊ မိန့်ဆိုအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ပရတော၊ နောက်၌။ ဥတုနော၊ ဥတု၏။ နိဿယ-

ဇောတနာယပိ၊ နိဿယအဖြစ်ကို ပြရာ၌လည်း။ ဧသေဝ နယော၊ ဤနည်း ပင်တည်း။

၇၀၄။ ကမ္မသမုဋ္ဌာနာဒိဝသေန၊ ကမ္မသမုဋ္ဌာန်စသည်တို့၏အစွမ်းအားဖြင့်။ စတုဗ္ဗိဓာယပိ၊ လေးပါးအပြားရှိသည်လည်း ဖြစ်သော။ တေဇောဓာတုယာ၊ ၏။ ရူပုပ္ပါဒနေ၊ ရုပ်ကိုဖြစ်စေခြင်း၌။ သမတ္ထဘာဝတော၊ စွမ်းနိုင်သည်၏အဖြစ် ကြောင့်။ ဥတု နာမ ။ပ။ တေဇောဓာတူတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ သေ ဒုဝိဓော ဟောတီတိ၊ ကား။ သေ ဥတု၊ ဤဥတုသည်။ တေဇောဓာတုဘာဝါဝိသေသေပိ၊ တေဇောဓာတ် အဖြစ်ဖြင့် အထူးမရှိငြားသော်လည်း။ တိက္ခမန္ဒတာဝိသေ-သေန၊ ထက်သည်၏အဖြစ် နုံ့ သည်၏အဖြစ် ဟူသောဂုဏ်ထူးဖြင့်။ ဥဏှော၊ ပူသောဥတု။ သီတော၊ အေးသောဥတု။ ဣတိ၊ သို့။ ဒုဝိဓော၊ ရှိသည်။ ဟောတိ၊ ၏။ ပန၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ ယံ၊ အကြင်စကားကို။ မယာ၊ ငါသည်။ ဝတ္တဗ္ဗံ၊ ၏။ တံ၊ ကို။ ဟေဋ္ဌာ၊ အောက်ဖြစ်သော ခန္ဓနိဒ္ဒေသ၌။ ဝိစာရိတမေဝ၊ စိစစ်အပ်ပြီးသည်သာလျှင်တည်း။ ဥတု၊ သည်။ ဥပါဒိန္နကေန၊ ဥပါဒိန္နကခေါ် ကမ္မဇရုပ်နှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ရူပံ၊ ကို။ ယဒိပိ သမုဋ္ဌာ-ပေတိ၊ အကယ်၍ကား ဖြစ်စေတတ်၏။ ပန၊ သော်လည်း။ ဣန္ဒြိယဗဒ္ဓေ၊ ဣန္ဒြေနှင့်စပ်သော ရုပ်အပေါင်း၌။ တေန၊ ကမ္မဇရုပ်နှင့်။ ဝိနာ၊ ကင်း၍။ တဿ၊ ထိုဥတု၏။ ရူပုပ္ပါဒနံ၊ ရုပ်ကို ဖြစ်စေခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ ဥပါဒိန္နကံ ပစ္စယံ လဘိတွာတိ၊ ဟူ၍။ အာဟ၊ ၏။ တေန၊ ကြောင့်။ စတုသမုဋ္ဌာနော ဥတူတိ၊ ဟူ၍။ အာဟ၊ ၏။ ဟိ၊ မှန်။ ဥတုသမုဋ္ဌာနောယေဝ၊ ဥတုသမုဋ္ဌာန်သာလျှင်ဖြစ်သော၊ ဝါ၊ ဥတုဇသာလျှင်ဖြစ်သော။ ဥတု၊ သည်။ ဥပါဒိန္နကေန၊ ကမ္မဇရုပ်နှင့်။ ဝိနာ၊ ကင်း၍။ ရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏။ ဥတုပစ္စယံ နာမ၊ မည်သည်ကား။ စတုသမုဋ္ဌာနိကံ၊ လေးပါးသောအကြောင်း ကြောင့် ဖြစ်သော။ ရူပံ၊ တည်း။ ဟိ၊ ချဲ့။ ဥတုသမုဋ္ဌာနံ၊ ဥတုလျှင် ဖြစ်ကြောင်း ရှိသော။ ပန္နရသဝိဓံ၊ သော။ ယံ ရူပံ စ၊ အကြင်ရုပ်သည်ရင်း။ ယဥ္စ တဒည-တိသန္တတိရူပံ၊ ထိုမှတပါးသော အကြင် တိသန္တတိရုပ်သည်ရင်း။ (အတ္ထိ၊ ၏။) သဗ္ဗဿပိ၊ အလုံးစုံလည်းဖြစ်သော။ တဿ၊ ထိုစတုသမုဋ္ဌာန်ရုပ်အား။ သဘာဂေါ၊ သဘောတူသော။ ဥတု၊ သည်။ ဥပတ္ထမ္ဘကပစ္စယော၊ ထောက်ပံ့တတ်သော အကြောင်းသည်၊ ဝါ၊ ထောက်ပံ့လျက်ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့သိအပ်၏။ ယသ္မာ၊ ကြောင့်။ ဝိသဘာဂေါ၊ သဘောမတူသော။ ဥတု၊ သည်။ ဟိမာဒိ၊ ဆီးနှင်းစသည်သည်။ ပဒုမာဒီနံ၊ ပဒုမ္မာကြာစသည်တို့၏။ ပုရိမရူပံ၊ ရှေး၌ဖြစ်သောရုပ်ကို။ ဝိသဒိသရူပုပ္ပတ္တိဟေတုဘူတံ၊ သဘောမတူသော ရုပ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သည်။ (ဟုတွာ၊ ဖြစ်၍။) ဝိနာသေန္တံ ဝိယ၊ ပျက်စီးစေဘိသကဲ့သို့။ (ပုရိမရူပံ၊ ရှေး၌ဖြစ်သောရုပ်ကို။ ဝိသဒိသရူပုပ္ပတ္တိ-

ဟေတုဘူတော၊ သဘောမတူသောရုပ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သည်။ ဟုတွာ၊ ၍။ ဝိနာသေန္တော ဝိယ၊ ပျက်စီးစေသကဲ့သို့။) ဟောတိ၊ ၏[၁]။ တသ္မာ၊ ကြောင့်။ သဘာဂဥ္စ၊ သဘာဂဥတုကိုရင်း။ ဝိသဘာဂဥ္စ၊ ဝိဘာဂ ဥတုကိုရင်း။ ဧကဇ္ဈံ၊ တပေါင်းတည်း။ ဂဟေတွာ၊ ယူ၍။ ဥတု စတုသမုဋ္ဌာနိက-ရူပါနံ။ပ။ ဟောတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ဒီဃမ္ပိ အဒ္ဓါနန္တိ၊ ကား။ ဒသ ဒွါဒသ ဝါရေတိ၊ ဆယ်ကြိမ် ဆယ့်နှစ်ကြိမ်တို့ တိုင်တိုင်ဟူ၍။ အညဿ၊ တပါးသော အာဟာရဇရုပ်၏။ ဝုတ္တပရိစ္ဆေဒတော၊ ဆိုအပ်ခဲ့ပြီးသော အပိုင်းအခြားထက်။ ဒီဃမ္ပိ ကာလံ၊ ရှည်မြင့်စွာသော ကာလ ပတ်လုံးသော်လည်း။ ဟိ၊ မှန်။ ဥတု၊ သည်။ သဘာဂသန္တတိဝသေန၊ သဘော တူသောသန္တတိ၏ အစွမ်းအားဖြင့်။ လဒ္ဓပစ္စယံ၊ ရအပ်သောအကြောင်း ရှိလတ် သော်၊ ဝါ၊ ရှိသည်ဖြစ်၍။ စိရတရမ္ပိ ကာလံ၊ သာ၍ရှည်မြင့်စွာသောကာလပတ်လုံး သော်လည်း။ သဒိသာကာရံ၊ တူသောအခြင်းအရာရှိသော။ ရူပပ္ပဝတ္တိံ၊ ရုပ်၏ ဖြစ်ခြင်းကို။ ဥပါဒိန္နကသန္တိဿယေန၊ ဥပါဒိန္နကရုပ်ဟူသော မှီရာနှင့်။ ဝိနာ၊ ကင်း၍။ သန္တာနေတိ၊ ကျယ်ပြန့်ဆက်စပ်စေ၏။ ဠတရထာ၊ ဖြင့်။ ပဂေဝ၊ အဘယ်မှာဆိုဖွယ်ရာရှိပါအံ့နည်း။ တေန၊ ကြောင့်။ အနုပါဒိန္နပက္ခေ ဌတွာပီတိ၊ ဟူ၍။ အာဟ၊ ၏။ မံသဝိနိမုတ္တကေသလောမနခစမ္မဓိလတိလကာဒိဝသေန၊ အသားမှလွတ်သော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အရေငုတ်အရေတုံး မှဲ့ စသည်တို့၏အစွမ်းအားဖြင့်။ ဇီဝမာနသရီရေ၊ အသက်ရှင်ဆဲဖြစ်သောကိုယ်၌ ရင်း။ မတကဋ္ဌေဝရာဒိဝသေန၊ သူသေကောင်စသည်တို့၏ အစွမ်းအားဖြင့်။ အညတ္ထ၊ တပါးသော ရုပ်အဖို့၌ရင်း။ ဠတိ၊ ဤသည်ကား။ အဓိပ္ပါယော၊ အနုပါဒိန္နကပက္ခေ ဌတွာပိ-ဟူသောပါဌ်၏ အလိုတည်း။ ရူပဿ၊ ၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်းကို။ ဒိဋ္ဌာယ၊ မြင်အပ်ပြီးသည်ရှိသော်။ ဓမ္မပ္ပဝတ္တိယာ၊ တရား သဘောတို့၏ ဖြစ်ခြင်း၏။ ဠတ္တရကာလတ္တာ၊ တိုသောကာလရှိသည်၏ အဖြစ် ကြောင့်။ တဿ၊ ထိုရုပ်၏။ ဘင်္ဂေါပိ၊ ပျက်ခြင်းကိုလည်း။ ဒိဋ္ဌောယေဝ၊ မြင်အပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဠတိ၊ ကြောင့်။ နိဗ္ဗတ္တိံ။ပ။ သမ္မသတိ-နာမာတိ၊ ဟူ၍။ အာဟ၊ ၏။ ဟိ-သစ္စံ၊ ၏။ နိဗ္ဗတ္တိမတ္တဒဿနံ၊ ဖြစ်ခြင်းမျှကို ရှုခြင်းသည်။ သမ္မသနံ နာမ၊ သုံးသပ်သည်မည်သည်။ န ဟောတိ၊ မဖြစ်။

---

၁-အထက်ပါအနက်မှာ ဝိသဒိသရူပုပ္ပတ္တိဟေတုဘူတံ ပုရိမရူပံ ဝိနာသေန္တံ ဝိယ ဟောတိ ဟု ရှိရင်းအတိုင်း ပြန်အပ်သောအနက်ဖြစ်သည်။ ဝိသဒိသ-အရာ၌ သဒိသ-ဟူ၍ရင်း ဝိနာ-သေန္တံ ဝိယ ဟောတိ-အရာ၌ ဝိနာသေတိ-ဟူ၍ရင်း ရှိသင့်၏။ ထိုသို့ရှိလျှင်-ဟိမာဒိ၊ သည်။ ပဒုမာဒီနံ၊ တို့၏။ သဒိသရူပုပ္ပတ္တိဟေတုဘူတံ၊ တူသောရုပ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ ပုရိမရူပံ၊ ရှေး၌ဖြစ်သော ရုပ်ကို။ ဝိနာသေတိ ဝိယ၊ ပျက်စေသကဲ့သို့။ သဒိသရူပုပ္ပတ္တိဟေတုဘူတံ၊ သော။ ပုရိမရူပံ၊ ကို။ ဝိနာသေတိ၊ ၏-ဟု အနက်ပေးရာ၏။

စ၊ စင်စစ်။ ဥဒယဗ္ဗယဒဿနံ၊ အဖြစ်အပျက်ကိုရှုခြင်းကို။ အဓိကတံ၊ စပ်ယှဉ်အပ်၏၊ ဝါ၊ စပ်ယှဉ်အပ်သောအရာတည်း။ ဣတိ၊ သို့သိအပ်၏။ ဣတော၊ ဤမှ။ ပရေသု၊ နောက်၌ဖြစ်ကုန်သော။ နိဗ္ဗတ္တိဂ္ဂဟဏေသုပိ၊ ဖြစ်ခြင်းကိုယူရာဆိုရာတို့၌လည်း။ သေ နယော၊ တည်း။

## အရူပနိဗ္ဗတ္တိပဿနာကာရကထာဝဏ္ဏနာ

၇၀၅။ လောကိယစိတ္တုပ္ပါဒဝသေနေဝါတိ၊ ဟူ၍။ အဝဓာရဏံ၊ ပိုင်းခြားကန့်သတ်ခြင်းသည်။ ဣတရဿ၊ ဤမှတပါးသော လောကုတ္တရာစိတ္တုပ္ပါဒ်၏။ အဝိသယတ္တာ၊ ဝိပဿနာ၏ အရာမဟုတ်သောကြောင့်ပေတည်း။

[၄၀၅] တံတံဘဝဝသေန၊ ထိုထိုဘဝ၏ အစွမ်းအားဖြင့်။ နိဗ္ဗတ္တတိ၊ ၏။ ဧကူနဝီသတိပ္ပဘေဒံ၊ တခုယုတ်နှစ်ဆယ်အပြားရှိသော။ တဒေဝ စိတ္တံ၊ ထိုစိတ်သည်ပင်လျှင်။ ဘဝဂ်ဝသေန၊ ဖြင့်။ နိဗ္ဗတ္တတိ၊ ၏။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ စပ်အပ်၏။ စုတိဝသေန၊ စုတိ၏အစွမ်းအားဖြင့်။ တဒါရမ္မဏဝသေန၊ ဖြင့်။ ဣတိ ဧတ္ထာပိ၊ ဤနှစ်ပုဒ်တို့၌လည်း။ တထာ၊ တူ။ (သမ္ဗန္ဓော၊ ၏။) တတ္ထာတိ၊ ကား။ တေသု ဧကူနဝီသတိစိတ္တုပ္ပါဒေသု၊ တို့တွင်။ (ဤတွင် တပိုဒ်ဆုံးသည်)

အနန္တရစိတ္တတော ပဋ္ဌာယာတိအာဒိနာပိ၊ ဤသို့အစရှိသော စကားဖြင့်လည်း။ ပဝတ္တိယေဝ၊ ဆက်စပ်၍ ဖြစ်ခြင်းကိုသာလျှင်၊ ဝါ၊ ပဝတ္တိကာလ (၌ဖြစ်ခြင်း) ကိုသာလျှင်။ ဝုတ္တာ၊ ဆိုအပ်၏။ ပန၊ သော်လည်း။ သော၊ ထိုဖြစ်သောအခြင်းအရာသည်။ ပဋိသန္ဓိစိတ္တာနံယေဝ၊ တို့၏သာလျှင်။ ပဝတ္တိယံ၊ မပြတ်ဆက်၍ဖြစ်ခြင်း၌၊ ဝါ၊ ပဝတ္တိကာလ၌။ ပဝတ္တနာကာရော၊ ဖြစ်သောအခြင်းအရာတည်း။ ဣတိ၊ ကြောင့်။ သုဒ္ဓပဝတ္တိစိတ္တာနံ၊ သက်သက်သော ပဝတ္တိကာလ၌ဖြစ်သောစိတ်တို့၏။ ဥပ္ပတ္တိံ၊ ကို။ ဒဿေန္တော၊ ၍။ ပဝတ္တေ ပနာတိအာဒိံ၊ ကို။ အာဟ၊ ၏။ အသမ္မိဿတ္တာတိ၊ ကား။ အဝိနဋ္ဌတ္တာ၊ မပျက်သည်၏ အဖြစ်ကြောင့်။ အသမ္မိဿတ္တာ စက္ခုဿာတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ သခေပတော၊ အကျဉ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်ပြီးသော။ အတ္ထံ၊ ကို။ ဝိဝရိတုံ၊ ဖွင့်ပြခြင်းငှါ။ စက္ခုပသာဒဿ ဟိတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ဋ္ဌိတိပ္ပတ္တမေဝါတိ ဣမိနာ၊ ဤပါဌ်ဖြင့်။ နိရုဇ္ဈမာနံ၊ ချုပ်ဆဲသော။ ရူပံ၊ သည်။ ကဿစိ၊ တစုံတခုသော တရားအား။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ န ဟောတိ ယထာ၊ ကဲ့သို့။ (တနည်း၊ ကဿစိ၊ တစုံတခုသောတရား၏။ ပစ္စယော၊ အကြောင်းသည်။ န ဟောတိ ယထာ၊ ကဲ့သို့။) ဧဝံ၊ တူ။ ဥပ္ပဇ္ဇမာနမ္ပိ၊ ဖြစ်ဆဲဖြစ်သောရုပ်သည်လည်း။ (ကဿစိ၊ အား။ ပစ္စယော၊ သည်။ န ဟောတိ၊ မဖြစ်။) ဣတိ၊ သို့။ ဒဿေတိ၊ ၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။ သေသေသုပိ၊ ကြွင်းသောပုဒ်တို့၌လည်း။ ဧဝံ၊ တူ။ (သမ္ဗန္ဓော

၏။) ကာမာဝစရကုသလာကုသလကိရိယစိတ္တေသု၊ တို့တွင်။ ကော် ဝါ၊ တခုသော စိတ်သည်မူလည်း။ ပဉ္စ ဝါ ဇဝနာနိ၊ ငါးကြိမ်သော ဇောတို့သည်သော်၎င်း။ သတ္တ ဝါ ဇဝနာနိ၊ သည်သော်၎င်း။ ဟုတွာ၊ ၍။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။ ဥပေက္ခာသဟဂတာဟေတုကံ၊ သော။ စိတ္တံ ဝါ၊ စိတ်သည်မူလည်း။ ဣတိ၊ သို့။ ဝါ-သဒ္ဒံ၊ ဝါ-သဒ္ဒါကို။ အာနေတွာ၊ ဆောင်၍။ သမ္ဗန္ဓိတဗ္ဗံ၊ စပ်အပ်၏။ ဟိ-သစ္စံ၊ ၏။ ဝေါဋ္ဌဗ္ဗနံ၊ ကို။ သန္ဓာယ၊ ရည်၍။ ဝေံ၊ ဤသို့ ဥပေက္ခာသဟဂတာဟေတုကံ စိတ္တံ-ဟူ၍။ ဝုတ္တံ၊ ၏။ တံ ပန၊ ထိုဝုဋ္ဌောစိတ်ကို ကား။ ဒုတိယမောဃဝါရဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။ သုတ္တမုစ္ဆိတာဒိကာလေ၊ အိပ်ပျော်ခါနီးကာလ, မိန်းမောတွေဝေသောကာလ အစရှိသောကာလ၌။ ပဉ္စ-ဇဝနာနိ၊ ငါးကြိမ်သောဇောတို့ကို။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ပါကတိကကာလေ၊ ပကတိကာလ၌။ သတ္တ၊ ခုနစ်ကြိမ်သောဇောတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန် ၏။ ဇဝနာရမ္မဏာနုရူပန္တိ၊ ကား။ တိဟေတုကံ ဇဝနံ၊ တိဟိတ်ဇောသည်။ စေ (ဟောတိ၊) အကယ်၍ဖြစ်ငြားအံ့။ တိဟေတုကံ ဝါ၊ တိဟိတ်တဒါရုံသည် သော်၎င်း။ ဒွိဟေတုကံ ဝါ၊ ဒွိဟိတ်တဒါရုံသည်သော်၎င်း။ (ဟောတိ၊ ၏။) ဣတိအာဒိနာ စ၊ ဤသို့စသည်ဖြင့်၎င်း။ အာရမ္မဏံ၊ အာရုံသည်။ ဣဋ္ဌံ၊ ဣဋ္ဌာရုံ သည်။ စေ ဟောတိ၊ အံ့။ သောမနဿသဟဂတံ၊ သောမနဿသဟဂုတ်တဒါရုံ သည်။ (ဟောတိ၊ ၏။) ဣတိအာဒိနာ စ၊ ဖြင့်၎င်း။ ဇဝနဿ စ၊ ဇောအား၎င်း။ အာရမ္မဏဿ စ၊ အာရုံအား၎င်း။ အနုရူပံ၊ လျော်စွာ။ သေသဒ္ဒါရေသူတိ၊ ကား။ သောတဒွါရာဒိသေသဒွါရေသု၊ သောတဒွါရအစရှိသော ကြွင်းသော ဒွါရတို့၌။

အနုက္ကမေနာတိ၊ ကား၊ ဥဒယဗ္ဗယဉာဏာဒိဂမာနုက္ကမေန၊ ဥဒယဗ္ဗယဉာဏ်ကို ရခြင်းအစဉ်အားဖြင့်။ (ဥဒယဗ္ဗယဉာဏာဒိအနုက္ကမေန-ဟု ရှိသင့်၏။ ဥဒယဗ္ဗယ ဉာဏ် အစရှိသောအစဉ်ဖြင့် ဟု အနက်ပေး) ပညာဘာဝနံ၊ ပညာဘာဝနာကို။ သမ္ပာဒေတိ၊ ပြည့်စုံစေ၏။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အဓိဂစ္ဆတိ၊ ရ၏။

## ရူပသတ္တကသမ္မသနကထာဝဏ္ဏနာ

၇၀၆။ ရူပေသု၊ ရုပ်တို့၌။ မနသိကာရသတ္တကံ၊ နှလုံးသွင်းခြင်း ခုနစ်ခု အပေါင်းသည်။ ရူပသတ္တကံ၊ မည်၏။ ရူပဓမ္မေသု၊ ရုပ်တရားတို့၌။ သတ္တာဟာ-ကာရေဟိ၊ ခုနစ်ပါးသောအခြင်းအရာတို့ဖြင့်။ မနသိကာရော၊ နှလုံးသွင်းခြင်း တည်း။ ဣတိ၊ ကား။ (ဋီကာအုပ်၌ တီတိ-ဟု တီ-ပိုနေသည်၊ ဤ၌ ကတ္တုသတ္တိ မလိုသောကြောင့် မနသိကာရောတိ- ဟူ၍သာ သင့်သည်) အတ္ထော၊ တည်း။ အရူပသတ္တကမ္ပိ၊ အရူပသတ္တကကိုလည်း။ ဝေံ၊ တူ။ ဝေဒိတဗ္ဗံ၊ ၏။ ဣမေဟိ-အာကာရေဟီတိ၊ ကား။ ဣမေဟိ အာဒါနနိက္ခေပနမနသိကာရာဒိပ္ပကာရေဟိ၊

ဤအာဒါနနိက္ခေပနဖြင့် နှလုံးသွင်းခြင်း အစရှိသော အပြားတို့ဖြင့်။ ဝါ၊ တနည်း။ ဣမေဟိ ယထာဝုတ္တကောဋ္ဌာသေဟိ၊ ဤ ဆိုအပ်ခဲ့တိုင်းသော အဖို့တို့ဖြင့်။ အာရောပေတ္ဗာတိ၊ ကား။ တိလက္ခဏံ၊ ကို။ အာရောပေတ္ဗာ၊ တင်၍။

အာဒါနနိက္ခေပနတောတိ၊ ကား။ ဘဝဿ၊ ဘဝကို။ ဂဟဏဝိဿဇ္ဇနတော၊ ယူခြင်း စွန့်ခြင်းအားဖြင့်။ ဇာတိတော စ၊ ဖြစ်ခြင်းအားဖြင့်၎င်း။ မရဏတော စ၊ သေခြင်းအားဖြင့်၎င်း။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ဝယောဝုဍ္ဍတ္ထင်္ဂမိတောတိ၊ ကား။ ဝယသာ၊ အရွယ်ဖြင့်။ ဝုဍ္ဍဿ၊ ကြီးရင့်ပြီးသော ရုပ်၏။ အတ္ထင်္ဂမိဘာဝတော။၊ ချုပ်ခြင်းသို့ရောက်သည်၏ အဖြစ်အားဖြင့်။ အတ္ထင်္ဂမတော၊ ချုပ်ခြင်းအားဖြင့်။ ဣတိ ဧဝ၊ ဤသို့သာလျှင်။ အတ္ထော၊ ဆိုလိုရင်းအနက်တည်း။ အာဟာရတောတိ၊ ကား။ [၄၀၆] (အာဟာရဟေတုတော-ဟု ရှိသင့်၏) အာဟာရဟေတုတော၊ အာဟာရဟူသော အကြောင်းအားဖြင့်။ ရူပဿ၊ ၏။ ပစ္စယဘူတအာဟာရတော၊ အကြောင်းဖြစ်၍ဖြစ်သော အာဟာရအားဖြင့်။ ဣတိ အတ္ထော၊ တည်း။ အယလောဟာဒိဘူမိပါသာဏာဒိဘေဒံ၊ သံ ကြေး စသည်, မြေ ကျောက်ခဲ စသည်အပြားရှိသော။ ဝိဝိဓဝဏ္ဏသဏ္ဍာနံ၊ အထူးထူးအပြားပြား အဆင်းသဏ္ဍာန်ရှိသော၊ ကမ္မာနပေက္ခံ၊ ကံကို ငဲ့ခြင်းမရှိသော။ သဘာဝသိဒ္ဓံ၊ သဘောအားဖြင့်ပြီးသော။ ရူပံ၊ သည်။ ဓမ္မတာရူပံ၊ မည်၏။ သတ္တာတိ၊ ကား။ သတ္တဓာ၊ ခုနစ်ပါးအပြားအားဖြင့်။ သတ္တဟာကာရေဟိ၊ ခုနစ်ပါးသောအခြင်းအရာတို့ဖြင့်။ ဝိပဿတီတိ၊ ကား။ တံ တံ ကောဋ္ဌာသံ၊ ထိုထိုအဖို့ကို။ တိလက္ခဏံ၊ သုံးပါးသော လက္ခဏာကို။ အာရောပေတ္ဗာ၊ တင်၍။ ဝိပဿတိ၊ ရှု၏။ သမ္မသတိ၊ သုံးသပ်၏။

လောကေ၊ ၌။ ဘာရာဒါနံ၊ ခန္ဓာဝန်ကိုယူခြင်းသည်။ ဒုခံ၊ ဆင်းရဲ၏။ ဣတိ၊ သို့။ ဝစနတော၊ ကြောင့်။ ခန္ဓဘာရဿ၊ ခန္ဓာဝန်ကို။ အာဒိတော၊ အစ၌။ ဂဟဏံ၊ ယူခြင်းတည်း။ ဣတိ ကတ္ဗာ၊ ဤသို့နှလုံးသွင်း၍။ အာဒါနန္တိ-ပဋိသန္ဓိတိ၊ ဟူ၍။ အာဟ၊ ၏။ ပန၊ တပါး။ လောကေ၊ ၌။ သမုဿယံ သမုဿယန္တာ၊ ထူထောင်လျက်ရှိကုန်သော။ သဗ္ဗေ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ နိက္ခိပိဿန္တိ၊ ပစ်ချရကုန်လတ့ံ။ ဣတိ၊ သို့။ ဝစနတော၊ ကြောင့်။ ခန္ဓဘာရနိက္ခေပေါ၊ ခန္ဓာဝန်ကို ပစ်ချခြင်းတည်း။ ဣတိ ကတ္ဗာ၊ ဤသို့နှလုံးသွင်း၍။ နိက္ခေပနန္တိ စုတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ စိရံ၊ ရှည်မြင့်စွာ၊ ဇီဝတိ၊ အသက်ရှင်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝဿသတံ၊ အနှစ်တရာကာလပတ်လုံး။ (ဇီဝတိ၊ ၏။) ဣတိ၊ သို့။ ဝစနတော၊ ကြောင့်။ တတော၊ ထိုအနှစ်တရာကာလထက်။ ဦနာဓိက-ဘာဝေါ၊ ယုတ်သည်၏အဖြစ် လွန်သည်၏ အဖြစ်သည်။ အပ္ပမာဏံ၊ ပမာဏ မဟုတ်။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ကေ ဝဿသတံ ပရိစ္ဆိန္ဒိတွာတိ၊ ဟူ၍။ ဝုတ္တံ၊

၏။ ဋ္ဌေန္တရေ သဗ္ဗေ သင်္ခါရာတိ၊ ကား။ တေသို့ အာဒါနနိက္ခေပန္တရေ၊ ဤပဋိ-
သန္ဓေနှင့် စုတိတို့၏အကြား၌။ ပဝတ္တာ။ ကုန်သော။ သဗ္ဗေ၊ ကုန်သော။ ဘူတုပါ-
ဒါယ ရူပပ္ပဘေဒါ၊ ဘူတရုပ် ဥပါဒါရုပ် အပြားရှိကုန်သော။ သင်္ခါရာ၊ တို့တည်း။
ဟိ-သစ္စံ၊ ၏။ ဣဒံ သမ္မသနဝိဓာနံ၊ ဤသုံးသပ်ခြင်း အစီအရင်သည်။ ရူပဓမ္မေသု၊
ရုပ်တရားတို့၌။ (ဝိဓာနံ၊ တည်း။)ဣတိ၊ သို့သိအပ်၏။ အနိစ္စာတိ၊ မမြဲကုန်ဟူ၍။
ဂဟိတမတ္တံ၊ ယူအပ်သော အနက်ကို။ ယုတ္တိတော၊ အသင့် ယုတ္တိအားဖြင့်။
ဟာဒယေ၊ နှလုံး၌။ ပတိဋ္ဌာပနတ္ထံ၊ တည်စေခြင်းအကျိုးငှါ။ ကသ္မာတိအာဒိ၊
ကို။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဠိ၌။ ဥပ္ပါဒဝယဝတ္တိတောတိ၊ ကား။ ဥပ္ပဇ္ဇန-
ဝသေန စ၊ ဖြစ်သည်၏ အစွမ်းအားဖြင့်၎င်း။ နိရုဇ္ဈနဝသေန စ၊ ချုပ်သည်၏
အစွမ်းအားဖြင့်၎င်း။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ အဟုတွာ၊ မရှိသေးမူ၍။
သမ္ဘဝတော၊ ဖြစ်ခြင်းကြောင့်။ ဟုတွာ၊ ဖြစ်ပြီး ရှိပြီး၍။ ဝယူပဂမနတော၊
ပျက်ခြင်းပျောက်ခြင်းသို့ ရောက်ခြင်းကြောင့်။ ဣတိ၊ ကား။ အတ္ထော၊ တည်း။
ဝိပရိဏာမတောတိ၊ ကား။ သန္တာနဿ၊ ၏။ ပုရိမုတ္တရဝိသဒိသဘာဝတော၊
ရှေးကာလမှ နောက်ကာလ၌ မတူသည်၏ အဖြစ်ကြောင့်၊ ဝါ၊ ရှေးနောက်မတူ
သည်၏ အဖြစ်ကြောင့်။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တံ၊ ထိုစကားသည်။
(ဝုတ္တံ သိယာ-၌ စပ်) ဣဒံ သမ္မသနံ၊ ဤသုံးသပ်ခြင်းသည်။ ဝဿသတပရိစ္ဆိန္နေ၊
အနှစ်တရာဖြင့် ပိုင်းခြားအပ်သော။ ရူပေ၊ ရုပ်၌။ (သမ္မသနံ၊ တည်း။) ဣတိ-
အဓိပ္ပါယေနေဝ၊ ဤသို့သော အလိုဖြင့်သာလျှင်။ ဝုတ္တံ၊ ဆိုအပ်သည်။ သိယာ၊
ဖြစ်ရာ၏။ ဧရာမရဏေန၊ အိုခြင်း သေခြင်းဖြင့်။ ဝိပရိဏာမေတဗ္ဗတော၊
ပြောင်းလဲဖောက်ပြန်စေအပ်သောကြောင့်။ ဣတိ၊ ကား။ အတ္ထော၊ တည်း။
ဓမ္မဘေဒေ၊ သဘောတရား၏ကွဲပြားခြင်းသည်။ အသတိပိ၊ မရှိငြားသော်လည်း။
အဝတ္ထာဘေဒေါ၊ အခိုက်အတန့်၏ ကွဲပြားခြင်းကို။ ဣစ္ဆိတဗ္ဗော၊ ၏။ ဟိ၊ မှန်။
ဥပ္ပါဒါဝတ္ထာ ဧဝ၊ ဥပါဒ်အခိုက်အတန့်သည်ပင်လျှင်။ ဘင်္ဂါဝတ္ထာ၊ ဘင်အခိုက်
အတန့်တည်း။ ဣတိ၊ သို့သောအနက်သည်။ န ယုတ္တာ၊ မသင့်။ တထာ ဟိ၊
ထိုကြောင့်ပင်လျှင်။ ဧရာယ စေဝ။ပ။ ပကတိတာယာတိ၊ ဟူ၍။ ဝုတ္တံ၊ (ဝိသုဒ္ဓိ
၂-၂၄၇-၌) ဆိုအပ်ခဲ့ပြီ။ ဝါ၊ ကား။ ဧတ္ထ၊ ဤအရာ၌။ သဘာဝဝိဂမော ဧဝ၊
ပင်ကိုရင်းသဘော၏ ကင်းခြင်းသည်သာလျှင်။ ဝိပရိဏာမော၊ မည်၏။ ခဏိ-
ကတာ၊ ခဏမျှတည်သည်၏ အဖြစ်သည်။ တာဝကာလိကတာ၊ မည်၏။ နိစ္စ-
သဘာဝါဘာဝေါ ဧဝ၊ မြဲသောသဘော၏ မရှိခြင်းသည်ပင်လျှင်။ နိစ္စပဋိက္ခေပေါ၊
မြဲသည်ကိုပယ်မြစ်ခြင်းမည်၏။ ဟိ၊ မှန်။ အနိစ္စဓမ္မာ၊ မမြဲသောတရားတို့သည်။
အတ္တနော၊ မိမိ၏။ တေနေဝ သဘာဝေန၊ ထိုမမြဲသောသဘောဖြင့်ပင်လျှင်။
ဇာနန္တာနံ၊ သိကုန်သောယောဂီတို့အား။ နိစ္စတာ၊ မြဲသည်၏အဖြစ်ကို။ ပဋိက္ခိ-
ပန္တိ နာမ၊ ငြင်းပယ်သည်မည်ကုန်၏။ ယတော၊ ယင်းသို့မြဲသည်၏အဖြစ်ကို
ငြင်းပယ်ခြင်းကြောင့်။ နိစ္စံ၊ မြဲသည်။ န၊ မဟုတ်။ ဣတိ၊ ကြောင့်။ အနိစ္စံ၊

မည်၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ခဏ၌။ သင်္ခါရာ၊ တို့သည်။ ယဒဝတ္ထာ၊ အကြင် အခိုက်အတန့်ရှိကုန်၏။ ဌိတိက္ခဏေ၊ ဌီခဏ၌။ တဒဝတ္ထာ၊ ထိုအခိုက်အတန့် ရှိကုန်သည်။ န၊ မဟုတ်ကုန်။ ဣတိ၊ သို့။ အဝတ္ထန္တရပ္ပတ္တိယာ၊ အခိုက်အတန့် တပါးသို့ရောက်ခြင်းဖြင့်။ တေသံ၊ ထိုသင်္ခါရတို့၏။ ကိလမနာကာရော၊ ပင်ပန်း သော အခြင်းအရာကို။ ဉာယတိ၊ သိအပ်၏။ ဣတိ၊ ကြောင့်။ ဌိတိယံ ဇရာယ ကိလ- မန္တီတိ၊ ဟူ၍။ အာဟ၊ ၏။ သ္ဝာယမတ္ထော-သော အယံ အတ္ထော၊ ထိုပင်ပန်းခြင်း ဟူသောအနက်ကို။ ပါကဋဇရာယ၊ ထင်ရှားသောဇရာဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ယေ ပန၊ အကြင်ဆရာတို့သည်ကား။ သင်္ခါရာနံ၊ တို့၏။ ဌိတိ ၊ တည်ခြင်း ဌီခဏကို။ န သမ္ပဋိစ္ဆန္တိ၊ လက်မခံကုန်။ တတ္ထ၊ ထိုပုဂ္ဂိုလ်တို့၌။ (တနည်း။ တေသံ၊ ထိုဆရာတို့၏။) တတ္ထ၊ ထိုဌီခဏကို လက်မခံရာ၌။ ဝတ္တဗ္ဗံ၊ ဆိုသင့်ဆိုထိုက်သော စကားကို။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တမေဝ၊ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။ ဇရာနန္တရံ၊ အိုမင်းသည်၏အခြားမဲ့၌။ ဘင်္ဂေါ၊ ပျက်စီးခြင်းဟူသော။ ဓမ္မာနံ၊ တို့၏။ သဘာဝေါ နာမ၊ သဘောမည်သည်ကို။ ဒုရတိက္ကမော၊ ကျော်လွန်နိုင်ခဲ၏။ ဣတိ၊ ကြောင့်။ ဇရံ ပတ္ဝာ အဝဿံ ဘိဇ္ဇန္တီတိ၊ ဟူ၍။ အာဟ၊ ၏။ တသ္မာတိ၊ ကား။ ယသ္မာ၊ အကြင်ကြောင့်။ [၄၀၇] ဥပ္ပါဒဇရာဘင်္ဂဝသေန၊ ဖြစ်ခြင်းရင့်ခြင်း ပျက်ခြင်း၏ အစွမ်းအားဖြင့်။ သင်္ခါရာနံ၊ တို့၏။ နိရန္တရဗာဓတာ၊ အမြဲမပြတ် နှိပ်စက်သည်၏အဖြစ်သည်။ ဟောတိ၊ ၏။ တတော စ၊ ထိုသို့အမြဲမပြတ်နှိပ်စက် ခြင်းကြောင့်လည်း။ နေသံ၊ ထိုသင်္ခါရတို့၏။ ဒုဿဟတာယ၊ သည်းခံနိုင်ခဲသည် ၏ အဖြစ်ကြောင့်။ ဒုက္ခမတာ၊ သည်းခံနိုင်ခဲသည်၏ အဖြစ်သည်။ (ဟောတိ၊ ၏။) တိဿန္နံ၊ ကုန်သော။ ဒုက္ခတာနံ စ၊ ဒုက္ခတာတို့၏ရင်း။ သံသာရဒုက္ခဿ စ၊ သံသရာဆင်းရဲ၏ရင်း။ အဓိဋ္ဌာနတာယ၊ တည်ရာ၏အဖြစ်ကြောင့်။ ဒုက္ခဝတ္ထုတာ၊ ဒုက္ခ၏တည်ရာ၏ အဖြစ်သည်။ (ဟောတိ၊ ၏။) တသ္မာ အဘိဏှသမ္ပဋိပီဠန- တော စ၊ ထိုသို့အမြဲမပြတ် နှိပ်စက်ခြင်းကြောင့်ရင်း။ တသ္မာ ဒုက္ခမတော စ၊ ထိုသို့ သည်းမခံနိုင်သည်၏ အဖြစ်ကြောင့်ရင်း။ တသ္မာ ဒုက္ခဝတ္ထုတော စ၊ ထိုသို့ဆင်းရဲ ၏ တည်ရာ၏ အဖြစ်ကြောင့်ရင်း။ တသ္မာ သုခပဋိက္ခေပတော စ၊ ထိုသို့ချမ်းသာကို ပယ်မြစ်ခြင်းကြောင့်ရင်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဣတိ၊ သို့။ ယောဇနာ၊ ယှဉ်ခြင်းကို။ (ဝေဒိတဗ္ဗာ၊ ၏။) (ဤဋီကာ တသ္မာ-အဖွင့်ကို ဝိသုဒ္ဓိမဂ်နှင့်ညီ မညီ ဆင်ခြင်သင့်၏)

သုခပဋိက္ခေပတောတိ ဣဒံ၊ ဤပုဒ်သည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။ ဌိတိ ၊ တည်ခြင်းဌီခဏသို့။ မာ ပါပုဏန္တု၊ မရောက် ပါစေကုန်လင့်။ ဥပ္ပဇ္ဇမာနာကာရေနေဝ၊ ဖြစ်ဆဲအခြင်းအရာ အားဖြင့်သာလျှင်။ ပဝတ္တန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣတိ-အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အလိုတည်း။ (ဟိ-သစ္စံ၊ ၏။) ဥပ္ပန္နာတိ ဣမိနာ၊ ဤပါဌ်ဖြင့်။ ဥပ္ပါဒက္ခဏသမင်္ဂိ-

တာ၊ ဥပါဒ်ခဏနှင့်ပြည့်စုံသည်၏ အဖြစ်ကို။ ဝုတ္တာ၊ ၏။ ဌာနပ္ပတ္တာ၊ ဌီသို့ ရောက်ကုန်သော သင်္ခါရတို့သည်။ မာ ဇီရန္တု၊ မအိုမရင့်ပါစေကုန်လင့်။ ဣတိ၊ သို့။ ကသ္မာ၊ ကြောင့်။ ဝုတ္တံ၊ ဆိုအပ်သနည်း။ အတ္ထတော၊ အနက်တရားကိုယ်အားဖြင့်။ ဌိတိ ဧဝ၊ တည်ခြင်းသည်ပင်လျှင်။ ဇရာ နနု၊ အိုရင့်ခြင်းမဟုတ်ပါလော။ ဣတိ၊ ဤသို့စောဒနာငြားအံ့။ တေံ၊ ဤစကားသည်။ သစ္စံ၊ မှန်ပေ၏။ ပန၊ သော်လည်း။ ဇရာဝသေန၊ အိုရင့်သည်၏ အစွမ်းအားဖြင့်။ ယော ကိလမထော၊ အကြင်ပင်ပန်းခြင်းသည်။ (အတ္ထိ၊ ၏။) သော၊ ထိုပင်ပန်းခြင်းကို။ ဣဓ၊ ဤအရာ၌။ ဇရာဂ္ဂဟဏေန၊ ဇရာ-သဒ္ဒါဖြင့်။ ဂဟိတော၊ ယူအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ မာ ဘိဇ္ဇန္တူတိ၊ ပုဒ်ဖြင့်။ နိစ္စတံ၊ မြဲသည်၏အဖြစ်ကို။ အာသီသတိ၊ တောင့်တ၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဓမ္မိဿရဿာပိ၊ တရား၏အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအားသော်လည်း၊ ဝါ၊ တရား၏အရှင် ဘုရားပင်ဖြစ်ငြားသော်လည်း။ ကဿစိ၊ တစုံတယောက်သောသူအား။ ဝသဝတ္တိဘာဝေါ၊ အလိုဌ်ဖြစ်စေနိုင်သည်၏ အဖြစ်သည်၊ ဝါ၊ အလိုသို့လိုက်စေနိုင်သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဟိ-သစ္စံ၊ ၏။ လက္ခဏညထတ္တံ၊ သဘောလက္ခဏာအားဖြင့် တပါးသော အခြင်းအရာရှိသည်၏ အဖြစ်ကို။ ကေနစိ၊ တစုံတယောက်သော ပုဂ္ဂိုလ်သည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မစွမ်းနိုင်။ ဟိ၊ မှန်၊ ဝါ၊ အလျော်ကား၊ ဝါ၊ စင်စစ်။ ဘာဝညထတ္တမေဝ၊ ဖြစ်ပုံအားဖြင့် တပါးသောအခြင်းအရာရှိသည်၏ အဖြစ်သည်သာလျှင်။ ဣဒ္ဓိဝိသယော၊ တန်ခိုး၏အရာပေတည်း။ သင်္ခါရာ၊ တို့သည်။ တီသု ဌာနေသု၊ သုံးပါးသောဌာနတို့၌။ တေန ဝသဝတ္တနာကာရေန၊ ထိုအလို၌ ဖြစ်စေသော အခြင်းအရာမှ၊ ဝါ၊ ထိုအလိုသို့လိုက်ခစေသောအခြင်းအရာမှ။ သုညာ၊ ဆိတ်ကုန်၏။ တသ္မာတိ၊ ဟူသောပုဒ်သည်။ ဝုတ္တကာရဏပရာမသနံ၊ ဆိုအပ်ပြီးသော အကြောင်းကို သုံးသပ်ကြောင်းဖြစ်သောပုဒ်တည်း။ သုညတောတိ၊ ကား။ နိဝါသီကာရကဝေဒကအဓိဋ္ဌာယကဝိရဟေန၊ ခန္ဓာအိမ်ထဲ၌ အမြဲ တည်နေသောသူ၊ အမှုအရာဟူသမျှကိုပြုတတ်သောသူ၊ အကောင်းအဆိုးကို ခံစားတတ်သောသူ၊ စီမံခန့်ခွဲတတ်သောသူမှ ကင်းသဖြင့်။ တတော၊ ထိုနိဝါသီစသော အတ္တမှ။ သုညတော၊ ဆိတ်ခြင်းကြောင့်။ နိဿဘာဝတော၊ သဘောတရား မဟုတ်ခြင်း မရှိခြင်းကြောင့်။ န၊ မဟုတ်။ ဣတိ၊ ဤသို့။ ကေစ္စပရိကပ္ပိတသဘာဝသုညတော၊ အချို့သောပုဂ္ဂိုလ်တို့ ကြံဆအပ်သော အတ္တသဘောမှ ဆိတ်သုဉ်းခြင်းကြောင့်။ အဿာမိကတောတိ၊ ကား။ သာမိဘူတဿ၊ ပိုင်ရှင်ဖြစ်၍ဖြစ်သော။ ကဿစိ၊ တစုံတယောက်၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ တေန၊ ဤပါဌ်ဖြင့်။ အနတ္တနိယတံ၊ အတ္တ၏ဥစ္စာမဟုတ်သည်၏အဖြစ်ကို။ ဒဿေတိ၊ ၏။ အဝသဝတ္တိတောတိ၊ ကား။ ယထာဝုတ္တဝသဝတ္တိဘာဝါဘာဝတော၊ အကြင် အကြင်ဆိုအပ်ခဲ့ပြီးသောအလို၌ ဖြစ်စေနိုင်သည်၏အဖြစ် အလိုသို့လိုက်စေနိုင်

သည်၏အဖြစ်၏မရှိခြင်းကြောင့်။ အတ္တပဋိက္ခေပတောတိ၊ ကား။ ပရပရိကပ္ပိ-တဿ၊ သာသနာတော်မှ တပါးသော တိတ္ထိတို့ ကြံဆအပ်သော။ အတ္တနော၊ အတ္တကို။ ပဋိက္ခိပနတော၊ ပယ်ခြင်းကြောင့်။ ဟိ-သစ္စံ၊ ၏။ သုညတောတိ-အာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဓမ္မာနံ၊ သဘောတရားတို့၏။ ဗာဟိရကပရိ-ကပ္ပိတအတ္တဝိရဟော၊ သာသနာပပုဂ္ဂိုလ်တို့ကြံဆအပ်သော အတ္တမှကင်းခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။ ဣမိနာ ပန၊ ဤအတ္တပဋိက္ခေပတော-ဟူသော နောက်ဆုံးပုဒ်ဖြင့်ကား။ အတံသဘာဝတော၊ ထိုအတ္တသဘောမရှိသည်၏အဖြစ်ကြောင့်။ အတ္တာ၊ အတ္တသည်။ န ဟောတိ၊ မဟုတ်။ ဣတိ၊ သို့။ ဝုတ္တော၊ ဆိုအပ်၏။

၇၀၇။ စ၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ ဥပ္ပါဒဝယဝတ္တိတောတိအာဒိနာ၊ ဤသို့အစရှိသောပါဌ်ဖြင့်။ စတူဟိ ကာရဏေဟိ၊ လေးပါးသော အကြောင်းတို့ကြောင့်။ အနိစ္စာ၊ မမြဲကုန်။ အဘိဏှသမ္ပဋိပီဠနတောတိအာဒိနာ၊ ဤသို့အစရှိသောပါဌ်ဖြင့်။ စတူဟိ ကာရဏေဟိ၊ တို့ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သုညတောတိအာဒိနာ၊ ပါဌ်ဖြင့်။ စတူဟိ ကာရဏေဟိ၊ တို့ကြောင့်။ အနတ္တာ၊ အတ္တမဟုတ်ကုန်။ ဣတိ၊ သို့။ ရူပဓမ္မေ၊ ရုပ်တရား၌။ နိရူဠှံ၊ ထင်သော၊ ဝါ၊ တက်လျက်ထင်လျက်ရှိသော။ ပုဗ္ဗေ၊ ရှေး၌။ အတ္တနာ၊ မိမိသည်။ အသလ္လက္ခိတံ၊ ကောင်းစွာမမှတ်ဘူးသေးသော။ လက္ခဏတ္တယံ၊ လက္ခဏာသုံးပါးအပေါင်းကို။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်၍။ သမ္မသန္တော၊ သုံးသပ်သည်ရှိသော်၊ ဝါ၊ သုံးသပ်သောယောဂီကို။ တံ၊ ထိုလက္ခဏာသုံးပါးကို။ တတ္ထ၊ ထိုရုပ်၌။ အာရောပေတီတိ၊ တင်သည်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ပန၊ ထိုသို့ပင် အာရောပေတိ-တင်သည်ဟု ဝတ္တမာန်ဖြင့် ဆိုအပ်သော်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ အနေန၊ ဤယောဂီသည်။ အာဒါနနိက္ခေပနဝသေန၊ ပဋိသန္ဓေနှင့် စုတိ၏ အစွမ်းအားဖြင့်။ သမ္မသိတတ္တာ၊ သုံးသပ်အပ်ပြီးသည်၏အဖြစ်ကြောင့်။ ရူပေ တိလက္ခဏံ အာရောပေတွာတိ၊ ဟူ၍။ အာဟ၊ မိန့်ဆိုတော်မူ၏။

စ၊ ဆက်။ တတ္ထ၊ ထိုသုံးပါးသော လက္ခဏာတို့တွင်။ ယသ္မာ၊ ကြောင့်။ ဒုက္ခလက္ခဏဂ္ဂဟဏံ၊ ဒုက္ခလက္ခဏာကိုယူခြင်းသည်။ အနိစ္စလက္ခဏဂ္ဂဟဏပုဗ္ဗကံ၊ အနိစ္စလက္ခဏာကိုယူခြင်းလျှင် ရှေ့သွားရှိ၏။ အနတ္တလက္ခဏဂ္ဂဟဏံ ဝါ၊ အနတ္တလက္ခဏာကိုယူခြင်းသည်မူလည်း။ ဒုက္ခလက္ခဏဂ္ဂဟဏပုဗ္ဗကံ၊ ဒုက္ခလက္ခဏာကိုယူခြင်းလျှင် ရှေ့သွားရှိ၏။ ဧတ္ထ၊ ဤသုံးပါးသော လက္ခဏာတို့တွင်။ အနိစ္စ-လက္ခဏဥ္စ၊ ကိုလည်း။ ရူပဘေဒေန၊ ရုပ်၏ပျက်ခြင်းဖြင့်။ ဒဿိယမာနံ၊ ပြအပ်သည်ရှိသော်။ ယထောဠာရိကတော၊ အကြင်အကြင် ရုန့်ရင်းသော ရုပ်အားဖြင့်၊ ဝါ၊ ရုန့်ရင်းသော ရုပ်အစဉ်အတိုင်း။ ဒီပေတဗ္ဗံ၊ ၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုအနိစ္စလက္ခဏာကို။ ဝဿသတပရိစ္ဆေဒေန၊ အနှစ်တရာအပိုင်းအခြားဖြင့်။

ပဉ္စမံ၊ စွာ။ ဒသေဟန္တေန၊ ပြသည်ဖြစ်၍။ (ဒသေတွာ-ဟု ရှိသော ယိုးဒယား မူအရ ဒသေတွာ၊ ၍။) ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဋ္ဌိတဿ၊ တည်သော ရုပ်၏[၁]။ ဒသ ဝါ၊ ဆယ်ပါးသော အဖို့တို့ကိုရင်း။ ဝီသတိ ဝါ၊ နှစ်ဆယ်သော အဖို့ကိုရင်း။ [၄၀၈] ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ဝိဘဇိတွာ၊ ဝေဘန်၍။ အနုက္ကမေန။ အစဉ်အတိုင်း။ ယာဝဥဒ္ဓရဏာဒိကောဋ္ဌာသဝသေန၊ ဥဒ္ဓရဏ စသည်တိုင်အောင်သော ကောဋ္ဌာသ၏ အစွမ်းအားဖြင့်။ ရူပဿ၊ ၏။ ဘင်္ဂံ၊ ပျက်ခြင်းကို။ ဒိသွာ၊ ရှုမြင်ပြီး၍။ တတော၊ ထိုမှနောက်၌။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အတ္တမဟုတ်။ ဣတိ၊ သို့။ တိလက္ခဏာရောပနံ၊ လက္ခဏာသုံးပါးကို တင်ခြင်းသည်။ ဝယောဝုဍ္ဍတ္ထင်္ဂမတော၊ အရွယ်ရင့်ချုပ် ရုပ်အားဖြင့်။ သမ္မသနံ၊ သုံးသပ်ခြင်းမည်၏။ ဣတိ၊ သို့။ ဒသေတုံ၊ ငှါ။ တမေဝ-ဝဿသတန္တိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ဝယဝသေန၊ အရွယ်၏အစွမ်းအားဖြင့်။ ရူပဿ၊ ၏၊ ဝါ၊ ကို။ သမ္မသနဝိဓိ၊ သုံးသပ်ခြင်းအစီအရင်ကို။ အာရဒ္ဓေါ၊ အားထုတ်တော်မူအပ်၏။ တတ္ထ၊ ထိုပါဌ်၌။ ယသ္မာ၊ ကြောင့်။ သြဠာရိက-ဝသေနေဝ၊ ရုန့်ရင်းကြမ်းတမ်းသော ရုပ်၏အစွမ်းအားဖြင့်သာလျှင်၊ ဝါ၊ အကြမ်းစား၏ အစွမ်းအားဖြင့်သာလျှင်။ အယံ ရူပဘေဒေါ၊ ဤရုပ်၏ပျက်ခြင်းကို။ အာဒိတော၊ အစ၌။ ဂယှတိ၊ ယူအပ်၏။ တသ္မာ၊ ကြောင့်။ ဝဿသတံ၊ အနှစ်တရာကို။ သမကောဋ္ဌာသဝသေန၊ ညီမျှသောအဖို့တို့၏ အစွမ်းအားဖြင့်။ န ဝိဘတ္တံ၊ မဝေဘန်အပ်။ ဝါ၊ ကား။ မဇ္ဈိမာဝတ္ထာယ၊ အလယ်ဖြစ်သောအခိုက်အတန့်၏။ တထာရူပတ္တာ၊ ထိုသို့ကြီးသော ရှည်သောအဖို့ရှိသည်၏ အဖြစ်ကြောင့်။ မဇ္ဈိမဝယေ၊ မဇ္ဈိမအရွယ်၌။ ကေဝဿံ၊ တနှစ်ကို။ ဝဍ္ဎိတံ၊ တိုးပွါးစေအပ်၏။

၇၀၈။ မန္ဒတာဗာဟုလ္လေန၊ နုံ့သည်၏အဖြစ် များသောအားဖြင့်။ ပဝတ္တံ၊ သော။ ဝဿာနံ၊ နှစ်တို့၏။ ဒသကံ၊ ဆယ်ခုအပေါင်းသည်၊ ဝါ၊ ဆယ်စုသည်။ မန္ဒဒသကံ၊ မည်၏။ သေသေသုပိ၊ ကြွင်းသောပုဒ်တို့၌လည်း။ သေ နယော၊ ဤနည်းပင်တည်း။

တဒါတိ၊ ကား။ ပဉ္စမေ၊ ရှေးဦးစွာသော။ ဝဿဒသကေ၊ ဆယ်နှစ်အပေါင်း၌၊ ဝါ၊ ဆယ်နှစ်စု၌။ သောတိ၊ ကား။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ စပလောတိ၊ ကား။ အနဝဋ္ဌိတကိရိယတာယ၊ မတည်တံ့သော ပြုမှုခြင်းရှိသည်၏ အဖြစ်ကြောင့်။ တရလော၊ လျှပ်ပေါ်၏။ တေန၊ ထိုစပလော-ဟူသောပုဒ်ဖြင့်။ မောမူဟ-

---

၁-ဤကား ပါဠ်၌ရှိတိုင်း ပေးအပ်သော အနက်ဖြစ်သည်။ နောက်အခြားမဲ့၌ ဒသ ဝါ-ဝီသတိ ဝါတိအာဒိနာ-ဟူသောပါဌ်ကိုရင်း၊ ဝိသုဒ္ဓိမဂ်၌အရွယ်သုံးပါးမှစ၍ ပိုင်းခြားထားသည်ကိုရင်း ထောက်၍ ဤအရာ၌ ဝဿသတံ တယော ဝါ-ဟု ရှိသင့်၏၊ ဝဿသတံ၊ အနှစ်တရာကို။ တယော ဝါ၊ သုံးပါးသော အဖို့တို့ကိုရင်း-ဟု အနက်ပေး။

ဘာဝတော၊ အလွန်တွေဝေသည်၏ အဖြစ်မှ။ ဝိသေသေတိ၊ အထူးပြု၏။ ဟိ-သစ္စံ၊ ၏။ သော၊ ဤပုဂ္ဂိုလ်သည်။ နဝမဒသကေ ဝိယ၊ ကိုးခုမြောက်ဒသက၌ကဲ့သို့။ မောမူဟာဘာဝေန၊ အလွန်တွေဝေသည်၏ အဖြစ်ဖြင့်။ မန္ဒော၊ နုံ့သည်။ န ဟောတိ၊ မဖြစ်။ အထ ခေါ၊ သော်ကား။ စပလတာယ၊ လျှပ်ပေါ်သည်၏ အဖြစ်ဖြင့်။ (မန္ဒော၊ နုံ့သည်။ ဟောတိ၊ ၏။) ဣတိ၊ သို့သိအပ်၏။ တေန၊ ကြောင့်။ ကုမာရကောတိ၊ ဟူ၍။ အာဟ၊ ၏။ တတိယေ ဒသကေ၊ ၌။ မံသ-ပါရိပူရိယာ၊ အသား၏ထက်ဝန်းကျင် ပြည့်ခြင်းကြောင့်။ ယထာရဟံ၊ စွာ။ ဆဝိဝဏ္ဏော၊ အရေအဆင်းသည်။ ဝိပ္ပသီဒတိ၊ ကြည်လင်၏။ ဣတိ၊ ကြောင့်။ ဝဏ္ဏာယတနံ ဝေပုလ္လံ ပါပုဏာတီတိ၊ ဟူ၍။ အာဟ၊ ၏။ စတုတ္ထေ ဒသကေ၊ လေးခုမြောက်ဒသက၌။ အင်္ဂနံ စ၊ အရိုးတို့၏ငင်း။ နှာရူနဉ္စ၊ အကြောတို့၏ငင်း။ ထိရဘာဝပ္ပတ္တိယာ၊ ခိုင်ခန့်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်။ ဗလဉ္စ၊ ခွန်အားသည်ငင်း။ ထာမော စ၊ အားအစွမ်းသည်ငင်း။ ဝေပုလ္လံ၊ ပြန့်ပြောသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ၏။ ပဉ္စမေ ဒသကေ၊ ၌။ ယောဗ္ဗနမဒဿ၊ နုပျို ခြင်း၌ မာန်ယစ်ခြင်း၏၊ ဝါ၊ နုပျိုခြင်းနှင့်စပ်သော မာန်ယစ်ခြင်း၏။ ဒူရီ-ဘာဝေန၊ ဝေးသည်၏အဖြစ်ကြောင့်။ ယေဘုယျေန၊ များသောအားဖြင့်။ ကိလေသတနုတာယ၊ ကိလေသာခေါင်းပါးသည်၏ အဖြစ်ကြောင့်။ ပညာ၊ သည်။ ယထာရဟံ၊ စွာ။ သုဝိသဒါ၊ ကောင်းစွာသန့်ရှင်းစင်ကြယ်သည်။ ဟောတိ၊ ၏။ ခိဍ္ဍာယ၊ မြူးထူးပျော်ပါး ကစားခြင်းဖြင့်။ ရတိ၊ ပျော်ရွှင် ခြင်းသည်။ ခိဍ္ဍာရတိ၊ မည်၏။ ကပလ္လိကာဒိနိဿယဝိသေသေန၊ ဆီမီးခွက် အစရှိသော မှီရာအထူးအားဖြင့်။ ပဒီပဿ၊ ဆီမီး၏။ သုဒ္ဓတာဒိ ဝိယ၊ စင်ကြယ် သည်၏ အဖြစ်စသည်ကဲ့သို့။ နိဿယဝိသေသေန၊ မှီရာအထူးဖြင့်။ ပဉ္စမဆဋ္ဌ-ဒသကေသု၊ ပဉ္စမဒသက ဆဋ္ဌဒသကတို့၌။ ပညာယ၊ ၏။ ဗုဒ္ဓိဟာနိယော၊ တိုးပွါးခြင်း ဆုတ်ယုတ်ခြင်းတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ကဋိသန္ဓိဂီဝါသန္ဓီနံ၊ ခါးဆစ် လည်ဂုတ်ဆစ်တို့၏။ ဝသေန၊ အားဖြင့်။ ရဿဿာပိ၊ တိုသောသူ ပုသောသူအားသော်လည်း။ ပုရတော၊ ရှေ့ဖက်သို့။ ပဗ္ဘာရော၊ ကိုင်းရှိုင်း ခြင်းသည်။ ဟောတိ၊ ၏။ ဒီဃဿ၊ ရှည်သောသူ မြင့်သောသူအား။ ပဂေဝ၊ အဘယ်မှာဆိုဖွယ်ရာ ရှိပါအံ့နည်း။ စ၊ ဆက်။ ပဗ္ဘာရောတိ၊ ကား။ ဂရုဘာဝေန၊ လေးသည်၏အဖြစ်ကြောင့်။ ပလမ္ဗကော၊ တွဲကျသည်။ ။သတိပညာဝိပ္ပဝါ-သတော၊ သတိပညာတို့၏ ကွေကွင်းခြင်းကြောင့်။ မောမူဟော၊ အလွန်တွေဝေ သည်။ ဟောတိ၊ ၏။ ဌာနာဒိဝသေန၊ ရပ်ခြင်းစသည်တို့၏ အစွမ်းအားဖြင့်။ သရီရဘာရံ၊ ခန္ဓာကိုယ်ဝန်ကို။ ဝဟိတုံ၊ ဆောင်ခြင်းငှါ။ အသက္ကောန္တော၊ မစွမ်းနိုင်သည်ဖြစ်၍။ သယနဗဟုလော၀၊ လည်းလျောင်းအိပ်နေခြင်းများသည် သာလျှင်။ ဟောတိ၊ ၏။

၇၀၉။ တိဏ္ဏံ တိဏ္ဏံ ဝဿာနန္တိ၊ ဟူသောစကားကို။ ယေဘုယျတာယ၊ များသည်၏အဖြစ်ကြောင့်။ ဝုတ္တံ၊ ၏။ ဟိ၊ မှန်။ စတုဝဿိကောပိ၊ လေးနှစ်ရှိသည်လည်းဖြစ်သော။ ဧကော၊ တခုသော။ ကောဋ္ဌာသော၊ အဖို့သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့သိအပ်၏။ ဒွိသတံ ကောဋ္ဌာသေ၊ နှစ်ရာသောအဖို့အစုတို့ကို။ ကတွာ၊ ပြု၍။ ဧကေကအယနဝသေန၊ တခုတခုသောအယဉ်၏ အစွမ်းအားဖြင့်။ (တိလက္ခဏံ၊ ကို။ အာရောပေတိ၊ ၏။) ဣတိပိ၊ ဤသို့လည်း။ ဝေဒိတဗ္ဗံ၊ ၏။

ဝဿာနေ၊ ဝဿာနဥတုဝ၌။ ပဝတ္တရူပံ၊ သည်။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။

[၄၀၉] တံ ပန ဝဿာနံ၊ ထိုဝဿာနဥတုသည်ကား။ ဒွိမာသမတ္တံ၊ နှစ်လမျှရှိသည်။ (ဟောတိ၊ ၏။) ပုဗ္ဗေ ဝိယ၊ ရှေး၌ကဲ့သို့။ စတုမာသံ၊ လေးလရှိသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ကြောင့်။ ဒွေမာသန္တိ၊ ဟူ၍။ အာဟ၊ ၏။ စ၊ ဆက်။ ဧတံ၊ ဤဒွေမာသံ-ဟူသောပုဒ်သည်။ အစ္စန္တသံယောဂေ၊ အစ္စန္တသံယောဂအနက်၌။ ဥပယောဂဝစနံ၊ ဒုတိယာဝိဘတ် အဆုံးရှိသောပုဒ်တည်း။ သော ပန ဝဿာနော ဥတု၊ ထိုဝဿာနဥတုသည်ကား။ သာဝဏပေါဋ္ဌပါဒမာသာ၊ သာဝဏ လနှင့် ပေါဋ္ဌပါဒ လတို့တည်း၊ ဝါ၊ ဝါခေါင်လနှင့် တော်သလင်းလတို့တည်း။ အဿယုဇကတ္တိကမာသာ၊ သီတင်းကျွတ်လ တန်ဆောင်မုန်းလတို့သည်။ သရဒေါ၊ သရဒဥတုမည်၏။ မိဂသိရဖုဿမာသာ၊ နတ်တော်လ ပြာသိုလတို့သည်။ ဟေမန္တော၊ ဟေမန္တဥတုမည်၏။ မာဃဖဂ္ဂုနမာသာ၊ တပို့တွဲလ တပေါင်းလတို့သည်။ သိသိရော၊ မည်၏။ စိတ္တဝေသာခမာသာ၊ တန်ခူးလ ကဆုန်လတို့သည်။ ဝသန္တော၊ ဥတုမည်၏။ ဇေဋ္ဌာသဠှမာသာ၊ နယုန်လ ဝါဆိုလတို့သည်။ ဂိမှော ဥတု၊ ဂိမှဥတုမည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ဆ ကောဋ္ဌာသေ ကတွာတိ၊ ကား။ ဒသဒသနာဠိကာဝသေန၊ ဆယ်နာရီ ဆယ်နာရီတို့၏ အစွမ်းအားဖြင့်။ ဆ၊ ခြောက်ပါးကုန်သော။ ကောဋ္ဌာသေ၊ အဖို့တို့ကို။ ကတွာ၊ ၍။

၇၁၀။ အဘိမုခံ၊ ရှေးရှု။ ပုရတော၊ ရှေ့သို့။ ကမနံ၊ သွားခြင်းသည်။ အဘိက္ကမော၊ မည်၏။ ပဋိနိဝတ္တနဝသေန၊ နောက်သို့ပြန်နစ်သည်၏ အစွမ်းအားဖြင့်။ ကမနံ၊ သွားခြင်းသည်။ ပဋိက္ကမော၊ မည်၏။ အာမုခံ၊ ရှေးရှု၊ ဝါ၊ တူရူ၊ ဝါ၊ တည့်တည့်။ လောကနံ၊ ကြည့်ခြင်းသည်။ အာလောကနံ၊ မည်၏။ ဝိဝိဓံ၊ အထူးထူး အပြားပြားသော။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ လောကနံ၊ ကြည့်ခြင်းသည်။ ဝိလောကနံ၊ မည်၏။ ဟတ္ထပါဒါနံ၊ လက်ခြေတို့ကို။ သင်္ကုစနံ၊ တွန့်ခြင်းကွေးခြင်းသည်။ သမိဉ္ဇနံ၊ မည်၏။ အာယမနံ၊ ဆန့်ခြင်းသည်။ ပသာရဏံ၊ မည်၏။

ပါဒုဒ္ဓရဏကာလေတိ၊ ကား။ ဒုတိယပါဒုဒ္ဓရဏကာလေ၊ ဒုတိယ (တဖက်) ခြေကိုကြွသောကာလ၌။ ပါဒဿာတိ၊ ကား။ ဥဒ္ဓဋပါဒဿ၊ ကြွခဲ့ပြီးသောပဌမ ခြေကို။ ဩမတ္တာတိ၊ ကား။ သတ္တိတော၊ အစွမ်းသတ္တိအားဖြင့်။ ဟီနပမာဏာ၊ ယုတ်ညံ့သော အတိုင်းအရှည်ရှိကုန်၏။ တေန၊ ကြောင့်။ မန္ဒာတိ၊ ဟူ၍။ အာဟ၊ ၏။ ဂ္ဂတရာတိ၊ ကား။ တေဇောဝါယောဓာတုယော၊ တို့သည်။ ယထာ၊ အားဖြင့်။ ပါဒဿ၊ ခြေ၏၊ ဝါ၊ ကို။ ဥဒ္ဓရဏံ၊ ကြွခြင်းသည်။ သိဇ္ဈတိ၊ ပြီး၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တစိတ္တသမုဋ္ဌာနရူပေသု၊ ဖြစ်သောစိတ္တဇရုပ်တို့တွင်။ ဧကံသတော၊ စင်စစ်မုချအားဖြင့်။ တေဇော-ဝါယောဓာတူနံ၊ တို့၏။ အဓိမတ္တတာ၊ လွန်ကဲသော အတိုင်းအရှည်ရှိသည်၏ အဖြစ်ကို။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏။ (ကသ္မာ၊ ကား။) တာသံ၊ ထိုတေဇော ဓာတ် ဝါယောဓာတ်တို့၏။ သလ္လဟုကသဘာဝတာယ၊ ပေါ့ပါးသော သဘော ရှိသည်၏ အဖြစ်ကြောင့်တည်း။ စ၊ ဆက်။ တတော ဝေ၊ ပင်လျှင်။ ဂ္ဂတရာသံ၊ ဤမှတပါးသော ပထဝီဓာတ်အာပေါဓာတ်တို့၏။ ဂရုသဘာဝတ္တာ၊ လေးသော သဘောရှိသည်၏ အဖြစ်ကြောင့်။ ဩမတ္တတာ၊ ယုတ်ညံ့သော အတိုင်းအရှည် ရှိသည်၏အဖြစ်ကို။ (ဣစ္ဆိတဗ္ဗာ၊ ၏။) ပန၊ ဆက်။ တံသမ္ဗန္ဓတ္တာ၊ ထိုစိတ္တဇ တေဇောဓာတ် ဝါယောဓာတ်တို့နှင့် စပ်သည်၏ အဖြစ်ကြောင့်။ သေသံ၊ ကြွင်းသော။ တိသမုဋ္ဌာနရူပံ၊ သည်။ တဂ္ဂတိကမေဝ၊ ထိုစိတ္တဇတေဇော ဝါယောဓာတ်အလား ရှိသည်သာလျှင်။ ဟောတိ၊ ၏။ ကာယဝိစီဝိညတ္တိပဝတ္တိယံ၊ ကာယဝိညတ်ဝစီဝိညတ် ဖြစ်သောအခါ၌။ ဝါယောပထဝီအဓိမတ္တတာ၊ ဝါယော ဓာတ် ပထဝီဓာတ်တို့၏ လွန်ကဲသည်၏ အဖြစ်သည်။ ဣမဿ အတ္ထဿ၊ ဤဆိုအပ်ခဲ့ ပြီးသော အနက်၏။ နိဒဿနံ၊ ညွှန်ပြကြောင်း သက်သေဥဒါဟရဏ်ပုံစံတည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ပုရတော၊ ရှေ့သို့။ ဟရဏေ စ၊ ဆောင်ခိုက်၌၎င်း။ ပဿတော၊ ဘေးသို့။ (ဤပုဒ်ဖြင့် ဝီတိဟရဏ-ကို ပြသည်။ ထိုကြောင့် ပစ္ဆ-တော-မသင့်) ဟရဏေ စ၊ ဆောင်ခိုက်၌၎င်း။ ဥဒ္ဓရဏေ ဝိယ၊ ကြွခိုက်၌ကဲ့သို့။ သလ္လဟုကသဘာဝရူပပ္ပဝတ္တိ၊ ပေါ့ပါးသော သဘောရှိသော ရုပ်၏ဖြစ်ခြင်း သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဒ္ဒိန္နံ၊ ကုန်သော။ တာသံယေဝ ဓာတူနံ၊ ထိုတေဇောဓာတ် ဝါယောဓာတ်တို့၏သာလျှင်။ အဓိမတ္တတာ၊ လွန်ကဲသော အတိုင်းအရှည်ရှိသည်၏ အဖြစ်ကို။ ဣစ္ဆိတဗ္ဗာ၊ ၏။ ဣတိ၊ ကြောင့်။ တထာ-အတိဟရဏဝီတိဟရဏေသူတိ၊ ဟူ၍။ အာဟ၊ ၏။ ဥဒ္ဓရဏာဒီသု၊ ကြွခြင်း အစရှိသည်တို့၌။ သလ္လဟုကဘာဘဝတ္တာ၊ ပေါ့ပါးသော သဘောရှိသည်၏ အဖြစ် ကြောင့်။ ပစ္ဆိမာနံ၊ ကုန်သော။ ဒွိန္နံ၊ ကုန်သော။ ဓာတူနံ၊ တေဇောဓာတ် ဝါယောဓာတ်တို့၏။ ကိစ္စံ၊ ကိစ္စသည်။ အဓိကံ၊ လွန်ကဲသည်။ ဟောတိ ယထာ၊ ကဲ့သို့။ ဂ္ဂတရာသံ၊ ဤမှတပါးသော ပထဝီဓာတ်အာပေါဓာတ်တို့၏။ (ကိစ္စံ၊ သည်။) ဟီနံ၊ ယုတ်ညံ့သည်။ (ဟောတိ ယထာ၊ သို့။) ဝေ၊ တူ။ ဝေါဿဇ္ဇ-

နာဒီသု၊ စွန့်လွှတ်ခြင်း စွန့်လွှတ်ခိုက် အစရှိကုန်သော။ တီသု၊ သုံးပါးသော
အဖို့တို့၌။ ဂရုသဘာဝတ္တာ၊ လေးသောသဘောရှိသည်၏ အဖြစ်ကြောင့်။ ပုရိ-
မာနံ၊ ကုန်သော။ ဒွိန္နံ၊ တို့၏။ ကိစ္စံ၊ သည်။ အဓိကံ၊ သည်။ ဟောတိ၊ ၏။
ဣတရာသံ၊ ဤမှတပါးသော တေဇောဝါယောဓာတ်တို့၏။ ကိစ္စံ၊ သည်။ ဟီနံ၊
သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဿေန္တော၊ ၍။ ဝေါဿဇ္ဇနေတိအာဒိ၊
ကို။ အာဟ၊ ၏။ တဒုပါဒါယရူပါနီတိ၊ ကား။ တာ ဓာတုယော၊ ထိုဓာတ်
လေးပါးတို့ကို။ နိဿာယ၊ အမှီပြု၍။ ပဝတ္တာဥပါဒါရူပါနိ၊ ဖြစ်သောဥပါဒါရုပ်
တို့တည်း။ ဓွေဩဝါတိ၊ ကား။ ဥဒ္ဓရဏေယေဝ၊ ကြွခိုက်၌သာလျှင်။ တေန၊
ကြောင့်။ အတိဟရဏံ အပ္ပတွာတိ၊ ဟူ၍။ အာဟ၊ ၏။ ဣတိတိ၊ ကား။ ဧဝံ၊
သို့။ တတ္ထ တတ္ထာတိ၊ ကား။ တသ္မိံ တသ္မိံ ဥဒ္ဓရဏာဒိကောဋ္ဌာသေ၊ ထိုထို
ကြွခြင်း အစရှိသောအဖို့၌။ ပဗ္ဗံ ပဗ္ဗန္တိအာဒိ၊ ဤသို့အစရှိသောစကားသည်။
[၄၁၀] တေသံ ဓမ္မာနံ၊ ထိုရုပ်တရားတို့၏။ ကောဋ္ဌာသန္တရသင်္ကမာဘာဝဒဿနံ၊
ကောဋ္ဌာသတပါးနှင့် ရောနှောခြင်း၏ မရှိခြင်းကို ပြကြောင်းဖြစ်သော စကား
တည်း။ တဋတဋာယန္တာတိ၊ ကား။ တဋတဋာယန္တိ ဝိယ၊ တဋ်တဋ်မြည်ကုန်
သကဲ့သို့။ တေန၊ ထိုပါဌ်ဖြင့်။ နေသံ၊ ထိုရုပ်တို့၏။ ပဝတ္တိက္ခဏာဿ၊ ဖြစ်ရာ
ခဏ၏။ ဣတ္တရတံ၊ တိုသည်၏အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

၇၁၁။ အဿာတိ၊ ကား။ သမ္မသနဿ၊ သုံးသပ်ခြင်း၏။ ဒါရုတိဏုက္ကာ-
ဒီသူတိ၊ ကား။ ဒါရုဥက္ကာတိဏုက္ကာဒီသု၊ သစ်သားမီးရှူး မြက်မီးရှူးစသည်
တို့၌။ “အန္ဓဗာလ၊ အိုမိုက်ကန်းသောလူ။ ကိံ၊ အသို့နည်း။ ကေဃနံ၊ တခဲနက်။
သတတံ၊ အမြဲမပြတ်။ သဗ္ဗဒါဘာဝိံ၊ အခါခပ်သိမ်းရှိနေသော။ ကေန္တိံ၊ တခု
တည်းသော မီးတောက်ဟူ၍။ မညသိ၊ မှတ်ထင်သလော။” ဣတိ အဓိပ္ပါယေန၊
ဤသို့သောအလိုဖြင့်။ ကိံမေတ္တ မနာပန္တိ၊ ဟူ၍။ အာဟ၊ ၏။ ဣဒမ္ပိတိ၊ ကား။
တေလဝဋ္ဋိက္ခယေန၊ ဆီနှင့်မီးစာကုန်ခြင်းကြောင့်။ ပဒီပဿ၊ ဆီမီးတောက်၏။
ယဒိဒံ အပညာယနံ၊ အကြွင်းမထင်ခြင်းကို၊ ဝါ၊ ပျောက်ကွယ်ခြင်းကို။ ဝုတ္တံ၊
ဆိုအပ်၏။ ဣဒမ္ပိ၊ ဤမထင်ခြင်းပျောက်ကွယ်ခြင်းသည်လည်း။ အင်္ဂုလင်္ဂုလန္တ-
ရေတိ၊ ကား။ အင်္ဂုလိယာ၊ လက်သစ်ဖြင့်။ မိတံ၊ နှိုင်းယှဉ်အပ်သောအရပ်သည်။
အင်္ဂုလံ၊ မည်၏။ ဣတိ၊ ကြောင့်။ အင်္ဂုလပမာဏေ၊ လက်သစ်အတိုင်းအရှည်
ရှိသော။ ပဒေသေ၊ အရပ်၌။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ တန္တုနော၊
ချည်ချောင်း၏။ အဝယဝလေသဘူတံ၊ အစိတ်အပိုင်းအစအနဖြစ်၍ဖြစ်သော။
ပရမသုခုမဘာဝပ္ပတ္တံ၊ အလွန်သိမ်မွေ့သည်၏ အဖြစ်သို့ရောက်သော။ အံသုံ၊
အမျှင်ကို။ သန္ဓာယ၊ ရည်၍။ အံသုံ ပန မုဋ္ဌိတွာတိ၊ ဟူ၍။ အာဟ၊ ၏။

တတ္ထာတိအာဒိ၊ ဤသို့အစရှိသော စကားသည်။ ဥပမာသံသန္ဒနံ၊ ဥပမာ
နှိုးနှောကြောင်းဖြစ်သော စကားတည်း။ တတ္ထ၊ ထိုဥပမာနှိုးနှောချက်၌။

ဥပမေယျေ ဝိယ၊ ဥပမေယျ၌ကဲ့သို့။ ဥပမာယံ၊ ဥပမာ၌။ ပါကဋ္ဌော၊ ထင်ရှားသော။ ကာလဘေဒေါ၊ ကာလအကွဲအပြားသည်။ ကာမံ နတ္ထိ၊ အကယ်၍ကား မရှိပေ။ ပန၊ သော်လည်း။ ကေကောဋ္ဌာသဂတံ၊ တခုသောအဖို့၌တည်သောမီး လျှံသည်။ ကောဋ္ဌာသန္တရံ၊ အဖို့တပါးသို့။ န ပါပုဏာတိ၊ မရောက်။ ဣတိ။ သို့။ ဝွတ္တာဝတာ၊ ဤမျှဖြင့်။ ဥပမာဘာဝေါ၊ ဥပမာ၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ ဝါ၊ ကား။ ဥပမာယမ္ပိ၊ ၌လည်း။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး။ ဣတိ၊ သို့။ ကာလဿ၊ ကာလ၏။ ဘေဒမတ္တာ၊ ကွဲပြားခြင်းအတိုင်းအရှည်ကို။ လဗ္ဘတေဝ၊ ရအပ်သည်သာလျှင် တည်း။ ဣတိ၊ ကြောင့်။ တဿာ၊ ထိုကွဲပြားခြင်းအတိုင်းအရှည်ကို။ ဂဟဏေ၊ ယူခြင်းသည်။ (သတိ၊ ရှိသော်။) ကာလဘေဒဝသေနာပိ၊ ကာလအကွဲအပြား၏ အစွမ်းအားဖြင့်လည်း။ ဥပမာ၊ ကို။ ယောဇေတဗ္ဗာ၊ ယှဉ်စေအပ်၏။

၇၁၂။ ပုဗ္ဗေ၊ ရှေး၌။ အာဒါနနိက္ခေပါဒိဝသေန၊ နိက္ခေပ-စသည်တို့၏ အစွမ်းအားဖြင့်။ စတုသန္တတိရူပံ၊ ကို။ သဃ်ရိတွာ၊ ပေါင်းစု၍။ ဒဿိတံ၊ ပြအပ်ခဲ့ပြီ။ ဣဒါနိ၊ ၌။ အာဟာရသမုဋ္ဌာနာဒိဝသေန၊ အားဖြင့်။ ဘိန္ဒိတွာ၊ ခွဲခြမ်း၍။ ဒဿေန္တော၊ ၍။ တဒေဝ ရူပံ ဝိသင်္ခရိတွာတိအာဒိံ၊ ကို။ အာဟ၊ ၏။ တတ္ထ၊ ထိုပါဌ်၌။ ဝိသင်္ခရိတွာ ဝိဘဇိတွာ၊ ဝေဘန်ခွဲခြမ်း၍။ ဝါ၊ ကား။ ဝိသဃ်ရိတွာတိ၊ ဟူ၍။ ပါဌော၊ ပါဌ်တည်း။ အယမေဝ၊ ဤဆိုအပ်ခဲ့ပြီးသည် သာလျှင်ဖြစ်သော။ အတ္ထော၊ ကို။ (ဝေဒိတဗ္ဗော၊ ၏။) အာဟာရမယန္တိ၊ ကား။ အာဟာရေန၊ ကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သောရုပ်တည်း။ ဈတ္တန္တိ၊ ကား။ မိလာတံ၊ ညှိုးနွမ်း၏။ ကိလန္တန္တိ၊ ကား။ ခိန္နံ၊ ပင်ပန်း၏။ ခာတန္တိ၊ ကား။ တိတ္တံ၊ ရောင့်ရဲ၏။ ဝါ၊ ပြည့်ဝ၏။ ပီဏိတန္တိ၊ ကား။ မံသူပစယသမ္ပတ္တိယာ၊ အသား၏ ပွါးခြင်းနှင့် ပြည့်စုံခြင်းဖြင့်။ ပီဏိတံ၊ စိုပြည်၏။ တတော ဧဝ၊ ပင်လျှင်။ မုဒုံ၊ နူးညံ့၏။ သိနိဒ္ဓန္တိ၊ ကား။ သိနိဒ္ဓစ္ဆဝိတာယ၊ ချောညက်သော အရေရှိသည်၏ အဖြစ်ကြောင့်။ သဏှံ၊ သိမ်မွေ့နူးညံ့၏။ တတော ဧဝ၊ ပင်လျှင်။ ဖဿဝန္တံ၊ ကောင်းသောအတွေ့ရှိ၏။

၇၁၃။ ဥဏှုကာလေ သမုဋ္ဌိတံ ရူပန္တိ၊ ကား။ ဥဏှသန္တာပေန၊ အပူရှိန်ဖြင့်။ သန္တတ္တံ၊ ကောင်းစွာပူလောင်အပ်သော။ ရူပံ၊ ကို။ သန္ဓာယ၊ ၍။ အာဟ၊ ၏။ သီတဥတုနာတိ၊ ကား။ သပ္ပါယေန၊ လျော်ပတ်သော။ သီတဥတုနာ၊ အေးသောဥတုကြောင့်။

၇၁၄။ အာယတနဒ္ဒါရဝသေနာတိ၊ ကား။ အာယတနသင်္ခါတဒ္ဒါရဝသေန၊ အာယတနဟု ဆိုအပ်သောဒွါရ၏အစွမ်းအားဖြင့်။ ကမ္မဒ္ဒါရနိဝတ္တနတ္ထံ၊ ကမ္မဒွါရ ကို နစ်စေခြင်းအကျိုးငှါ။ အာယတနဂ္ဂဟဏံ၊ အာယတနကို ယူခြင်းဆိုခြင်း သည်။ (ဟောတိ၊ ၏။) ကာယဒ္ဒါရေတိ၊ ကား။ ပသာဒကာယဒ္ဒါရေ၊ ပသာဒ

ရုပ်ဟု ဆိုအပ်သောကာယဒွါရ၌။ မနောဒွါရံ နာမ၊ မည်သည်ကား။ သာဝဇ္ဇနံ၊ အာဝဇ္ဇန်းနှင့် တကွသော။ ဘဝင်္ဂံ၊ ဘဝင်တည်း။ တဿ၊ ထိုအာဝဇ္ဇန်းနှင့် တကွသောဘဝင်၏။ နိဿယဘာဝတော၊ မှီရာ၏ အဖြစ်ကြောင့်။ ဟဒယဝတ္ထုံ၊ ကို။ သန္ဓာယ၊ ၍။ နိဿိတဝေါဟာရေန၊ မှီသောအာဝဇ္ဇန်းနှင့် ဘဝင်၏ ဝေါဟာရဖြင့်။ မနောဒွါရေတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ယတ္ထ၊ ယင်းဟဒယဝတ္ထု၌။ မနောဒွါရုပ္ပတ္တိ၊ မနောဒွါရ၏ ဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။)

[၄၁၁] ၇၁၅။ သောမနဿိတဒေါမနဿိတဝသေနာတိ၊ ကား။ သော-မနဿိတဒေါမနဿိတပုဂ္ဂလဝသေန၊ ဝမ်းသာသောပုဂ္ဂိုလ် နှလုံးမသာသော ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်။ ဝါ၊ ကား။ သောမနဿိတဒေါမနဿိတ-ကာလာသေန၊ ဝမ်းသာသောကာလ နှလုံးမသာသောကာလတို့၏ အစွမ်းအားဖြင့်။

အယမတ္ထောတိ၊ ကား။ ဣဒါနိ၊ ၌။ ဝုစ္စမာနော၊ ဆိုအပ်လတ့်သော။ သဒ်ါရနံ၊ တို့၏။ အတိဣတ္တရခဏာတာသဒ်ါတော၊ အလွန်တိုသော ခဏရှိသည်၏ အဖြစ်ဟု ဆိုအပ်သော။ အယံ အတ္ထော၊ ဤအနက်သည်။

ဇီဝိတန္တိ၊ ကား။ ဇီဝိတိန္ဒြိယံ၊ တည်း။ သုခဒုက္ခာတိ၊ ကား။ သုခဒုက္ခ-ဝေဒနာ၊ ဝေဒနာတို့တည်း။ ဟိ-သစ္စံ၊ ၏။ ဥပေက္ခာပိ၊ သည်လည်း။ ဣဋ္ဌာ-နိဋ္ဌဘာဝတော၊ အလိုရှိအပ်သော ဣဋ္ဌ အလိုမရှိအပ်သော အနိဋ္ဌ၏အဖြစ်ကြောင့်။ သုခဒုက္ခာသု ဧဝ၊ သုခဒုက္ခဝေဒနာတို့၌သာလျှင်။ အန္တောဂဓာ၊ အတွင်းဝင်၏။ အတ္တဘာဝေါတိ၊ ဟူသောပုဒ်ဖြင့်။ ဇီဝိတဝေဒနာဝိညာဏာနိ၊ တို့ကို။ ဌပေတွာ၊ ထား၍။ အဝသိဋ္ဌဓမ္မာ၊ ကြွင်းသော (ရုပ်နာမ်) တရားတို့ကို။ ဝုတ္တာ၊ ကုန်၏။ သညာတိ၊ ဟူ၍။ ကေစိ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။) ကေဝလာတိ၊ ကား။ အတ္တနာ ဝါ၊ အတ္တနှင့်ငင်း။ နိစ္စဘာဝေန ဝါ၊ မြဲသည်၏ အဖြစ်နှင့်ငင်း။ အဝေါမိဿာ၊ မရောန္ဒောကုန်။ ဧကစိတ္တသမာယုတ္တာတိ၊ ကား။ ဧကေကေန စိတ္တေန၊ တခုတခုသောစိတ်နှင့်။ သဟိတာ၊ တကွဖြစ်ကုန်၏။ လဟုသော ဝတ္တတေ ခဏောတိ၊ ကား။ ဝုတ္တနယေန၊ နည်းဖြင့်။ ဧကစိတ္တက္ခဏ-ကတာယ၊ တခုသောစိတ္တက္ခဏရှိသည်၏အဖြစ်ကြောင့်။ လဟုကော၊ လျင်သော။ အတိဣတ္တရော၊ အလွန်တိုသော။ ဇီဝိတာဒီနံ၊ ဇီဝိတစသည်တို့၏။ ခဏော၊ ဖြစ်ရာခဏသည်။ ဝတ္တတိ၊ ၏။

စုလ္လာသီတိသဟဿာနိ ကပ္ပန္တိ၊ ကား။ စတုရာသီတိသဟဿပရိမာဏံ၊ ရှစ်သောင်းလေးထောင်အတိုင်းအရှည်ရှိသော။ ကပ္ပံ၊ ကမ္ဘာပတ်လုံး။ တော၊ ဤ နှစ်ပုဒ်သည်။ အစ္စန္တသံယောဂေ၊ အနက်၌။ ဥပယောဂဝစနံ၊ ဒုတိယာဝိဘတ် အဆုံးရှိသောပုဒ်တည်း။ ကပ္ပန္တိ စ၊ ဟူသောပုဒ်သည်လည်း။ သာမညဝသေန၊

သာမည-ဇာတ်၏ အစွမ်းအားဖြင့်။ ကေဝစနံ၊ ကေဝုစ်ဝိဘတ်အဆုံးရှိသော ပုဒ်တည်း။ မရူတိ၊ ကား။ ဒေဝါ၊ နတ်တို့တည်း။ ဒ္ဓိဟိ စိတ္တေဟိ သမောဟိ-တာတိ၊ ကား။ ဇေ၀ံစိရဇီဝိနောပိ၊ ဤသို့ရှည်မြင့်စွာ အသက်ရှင်ကုန်ငြားသော်လည်း။ တေ၊ ထိုဗြဟ္မာနတ်တို့သည်။ ဒ္ဓိဟိ စိတ္တေဟိ၊ နှစ်ခုသော စိတ်တို့နှင့်။ သဟိတာ၊ တကွဖြစ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ န တိဋ္ဌန္တိ၊ မတည်ကုန်။ ဧဝံ၊ ဤသို့သောအနက်ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ၏။ တေသမ္ပိ၊ ထိုဗြဟ္မာနတ်တို့၏လည်း။ သန္တာနေ၊ ၌။ ဇီဝိတာဒီနိ၊ ဇီဝိတအစရှိသောတရားတို့သည်။ ဒ္ဓိဟိ စိတ္တေဟိ၊ နှစ်ခုသောစိတ်တို့နှင့်။ သဟ၊ တကွ။ န ဃဋ္ဋန္တိ၊ ယှဉ်သည်မဟုတ်ကုန်။ ဧကေန စိတ္တေန၊ တခုသောစိတ်နှင့်။ သဟ၊ တကွ။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်၍။ တေနေဝ၊ ထိုတခုသောစိတ်နှင့်သာလျှင်။ သဟ၊ တကွ။ နိရုဇ္ဈနတော၊ ချုပ်ခြင်းကြောင့်။ ယာဝဒုတိယာ၊ ဒုတိယစိတ်တိုင်အောင်။ န တိဋ္ဌန္တိ၊ မတည်ကုန်[၁]။ ဣတိ၊ သို့။ (ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။)

ယေ နိရုဒ္ဓါ မရန္တဿာတိ၊ ကား။ စဝန္တဿ၊ စုတေဆဲဖြစ်သော။ သတ္တဿ၊ ၏။ စုတိစိတ္တေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ နိရုဒ္ဓါတိ၊ ချုပ်ကုန်သည်ဟူ၍။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်သော။ ယေ ခန္ဓာ၊ အကြင်ခန္ဓာတို့သည်။ (သန္တိ၊ ကုန်၏။) တိဋ္ဌ-မာနဿ ဝါ ဣဓာတိ၊ ကား။ ဣဓ၊ ဤလောက၌။ ပဝတ္တိယံ၊ ပဝတ္တိကာလ၌။ တိဋ္ဌန္တဿ ဓရန္တဿ၊ ထင်ရှားတည်ဆဲ ဖြစ်သောပုဂ္ဂိုလ်၏။ ဘင်္ဂပ္ပတ္တိယာ၊ ဘင်သို့ရောက်သဖြင့်။ ယေ ဝါ နိရုဒ္ဓက္ခန္ဓာ၊ အကြင်ချုပ်ပြီးသော ခန္ဓာတို့သည်လည်း။ (သန္တိ၊ ကုန်၏။) သဗ္ဗေပိ တေ သဗ္ဗေပိ၊ ထိုအလုံးစုံသော ခန္ဓာတို့သည်လည်း။ (ဝုတ္တ်နည်းဖြင့် ဖွင့်ထားသည်) သဒိသာ ဧကသဒိသာ၊ တထပ်တည်းတူကုန်၏။ အတ္ထင်္ဂတာ၊ ချုပ်ခြင်းသို့ ရောက်ကုန်သော ခန္ဓာတို့သည်။ အပ္ပဋိသန္ဓိကာ၊ တဖန်ပြန်၍ စပ်ခြင်းမရှိကုန်။ ပုန၊ တဖန်။ အာဂန္တွာ၊ လာကုန်၍။ ပဋိသန္ဓာနာ-ဘာဝေန၊ စပ်ခြင်းမရှိသောအားဖြင့်။ ဝိဂတာ၊ ကင်းလေကုန်၏။ ဟိ၊ ထင်စွာပြဦးအံ့။ စုတိက္ခန္ဓာ၊ စုတိခန္ဓာတို့သည်။ န နိဗ္ဗတ္တန္တိ ယထာ၊ မဖြစ်ပေါ်လာကုန်သကဲ့သို့။ ဧဝံ၊ တူ။ တတော၊ ထိုစုတိမှ။ ပုဗ္ဗေပိ၊ ၌လည်း။ ခန္ဓာ၊ ချုပ်ပြီးသော ခန္ဓာတို့သည်။ (န နိဗ္ဗတ္တန္တိ၊ တဖန်မဖြစ်ပေါ်လာကုန်။) တသ္မာ၊ ကြောင့်။ သတ္တာနံ၊ တို့၏။ ဇီဝိတံ၊ အသက်သည်၊ ဝါ၊ အသက်ရှင်ခြင်းသည်။ ဧကစိတ္တက္ခ-ဏိကံ၊ တခုသောစိတ်ခဏမျှရှိ၏။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။

အနန္တရာ စ ယေ ဘဂ္ဂါတိ၊ ကား။ ယေ သင်္ခါရာ၊ တို့သည်။ အနန္တရမေဝ၊ ရှေးအခြားမဲ့၌သာလျှင်။ ဘဂ္ဂါ၊ ပျက်လေကုန်ပြီ။ နိရုဒ္ဓါ၊ ချုပ်လေကုန်ပြီ။ ယေ စ ဘဂ္ဂါ အနာဂတေတိ၊ ကား။ ယေ စ သင်္ခါရာ၊ တို့သည်လည်း။ အနာ-ဂတေ၊ နောင်အခါ၌။ ဘဂ္ဂါ ဘဥ္ဇနသီလာ၊ ပျက်ခြင်းအလေ့ရှိကုန်၏။ ဘိဇ္ဇိ-

[၁]-စိတ္တက္ခဏ နှစ်ချက်ခန့်မျှ မတည်ကြ၊ စိတ်တချက်မျှသာ တည်ကြသည်ဟု ဆိုလို၏။

ဿန္တိ၊ ပျက်ကုန်လတ့်။ တဒန္တရာ နိရုဒ္ဓါနန္တိ၊ ကား။ တေသံ အတီတာနာဂတာနံ၊ ထိုအတိတ်အနာဂတ်သင်္ခါရတို့၏။ အန္တရာ ဝေမဇ္ဈေ၊ အလယ်၌။ ပစ္စုပ္ပန္နတံ၊ ပစ္စုပ္ပန်အဖြစ်သို့။ ပတွာ၊ ၍။ နိရုဒ္ဓါနံ၊ ချုပ်ကုန်သော။ ဘဂ္ဂါနံ၊ ပျက်ကုန်သော သင်္ခါရတို့၏။ ဝေသမံ နတ္ထိ လက္ခဏေတိ၊ ကား။ တိဝိဓာနမ္ပိ၊ သုံးပါးအပြားရှိသည်လည်းဖြစ်ကုန်သော။ တေသံ၊ ထိုသင်္ခါရတို့၏။ ဘင်္ဂလက္ခဏနိမိတ္တံ၊ ပျက်ခြင်းလက္ခဏာဟူသော အကြောင်းကြောင့်။ ဝိသမတာ ဝိသဒိသတာ၊ မတူသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။

[၄၁၂] အနိဗ္ဗတ္တေန န ဇာတောတိ၊ ကား။ အနုပ္ပန္နေန၊ မဖြစ်သေးသော။ စိတ္တေန၊ ဖြင့်။ ဇာတော၊ ဖြစ်နှင့်သည်။ န ဟောတိ၊ မဖြစ်။ အဇာတော နာမ၊ မဖြစ်သေးသည်မည်သည်။ ဟောတိ၊ ၏။ ပစ္စုပ္ပန္နေန ဝတ္တမာနေန၊ ဖြစ်ဆဲဖြစ်သော။ စိတ္တေန၊ ဖြင့်။ ဇီဝတိ၊ အသက်ရှင်၏။ ဇီဝမာနော နာမ၊ အသက်ရှင်ဆဲမည်သည်။ ဟောတိ၊ ၏။ စိတ္တဘင်္ဂါ မတော လောကောတိ၊ ကား။ စုတိစိတ္တဿဝိယ၊ စုတိစိတ်၏ကဲ့သို့။ သဗ္ဗဿပိ၊ သော။ တဿ တဿ စိတ္တဿ၊ ထိုထိုစိတ်၏။ ဘင်္ဂုပ္ပတ္တိယာ၊ ပျက်ခြင်း (ဘင်) သို့ရောက်သဖြင့်။ အယံ လောကော၊ ဤလောကသည်၊ ဝါ၊ ဤသတ္တဝါအပေါင်းသည်။ ပရမတ္ထတော၊ မှန်သောအနက်သဘောအားဖြင့်။ မတော နာမ၊ သေသည်မည်သည်။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) နိရုဒ္ဓဿ၊ ချုပ်ပြီးသောခန္ဓာ၏။ အပ္ပဋိသန္ဓိကတ္တာ၊ တဖန် ပြန်၍စပ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်တည်း။ ဧဝံ သန္တေပိ၊ ဤသို့ပင်ဖြစ်ငြားသော်လည်း။ ပညတ္တိ၊ သည်။ ပရမတ္ထိယာ၊ ပရမတ္ထဖြစ်၍ဖြစ်၏။ သန္တံ၊ ထင်ရှားရှိသော။ သနိဿယံ၊ မှီရာနှင့်တကွဖြစ်သော။ တံ တံ စိတ္တံ၊ ထိုထိုစိတ်ကို။ ဉပါဒါယ၊ စွဲမှီ၍။ တိဿော ဇီဝတိ၊ တိဿသည် အသက်ရှင်လျက်ရှိ၏။ ဖုဿော ဇီဝတိ၊ ဖုဿသည် အသက်ရှင်လျက်ရှိ၏။ ဣတိ ဧဝံ၊ သို့။ ဝစနပ္ပဝတ္တိယာ၊ စကားဖြစ်ခြင်း၏။ ဝိသယဘူတာ၊ အရာဖြစ်၍ဖြစ်သော။ ယာယံ သန္တာနပညတ္တိ၊ အကြင်သန္တာနပညတ်သည်။ (အတ္ထိ၊ ၏။) သာ၊ ထိုသန္တာနပညတ်သည်။ ဧတ္ထ၊ ဤအရာ၌။ ပရမတ္ထိယာ ပရမတ္ထဘူတာ၊ (မှန်သောအနက်သဘော) ပရမတ္ထဖြစ်၍ဖြစ်၏။ တထာ ဟိ၊ ထိုကြောင့်ပင်လျှင်။ "နာမဂေါတ္တံ၊ အမည်အနွယ်သည်။ န ဇီရတိ၊ မအိုမင်း မဆွေးမြည့်။" ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

အနိမ္မာနဂတာ ဘဂ္ဂါတိ၊ ကား။ ယေ၊ အကြင် သင်္ခါရတို့သည်။ ဘဂ္ဂါ၊ ချုပ်ပျက်လေကုန်ပြီ။ တေ၊ ထိုသင်္ခါရတို့သည်။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ နိမ္မာနံ၊ သိုမှီးခြင်းသို့။ န ဂတာ၊ မရောက်ကုန်။ အထ ခေါ၊ စင်စစ်။ အဘာဝ-မေဝ၊ မရှိခြင်းသို့သာလျှင်။ ဂတာ၊ ရောက်လေကုန်၏။ ယတော၊ အကြင်အစုအပုံမှ။ ဝတ္တမာနဘာဝံ၊ ဖြစ်ဆဲအဖြစ်သို့။ အာဂစ္ဆေယျုံ၊ ရောက်လာလေကုန်ရာ၏။ အနာဂတေ၊ အနာဂတ်အဖို့၌။ (တာဒိသော၊ ရှိသော။) ပုဉ္ဇော၊ အစ

အပုံသည်။ နတ္ထိ၊ မရှိ။ နိဗ္ဗတ္တာ ယေပီတိ၊ ကား။ ပဋိလဒ္ဓတ္တဘာဝါ၊ ရအပ်သော အတ္တဘောအထည်ကိုယ် ရှိကုန်သော။ ပစ္စုပ္ပန္နာ၊ ကုန်သော။ ယေ၊ အကြင် သင်္ခါရတို့သည်။ (သန္တိ၊ ကုန်၏။) တေပိ၊ ထိုသင်္ခါရတို့သည်လည်း။ အာရဂ္ဂေ၊ အလွန်သေးငယ်သော စူးဖျား၌။ သာသပူပမာ၊ မုန်ညင်းစေ့သဖွယ် ဖြင်ကုန် လျက်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ဌိတာယ၊ ထောင်လျက်တည်သော။ သူစိယာ၊ အပ်ဖျား၌။ ခိတ္တော၊ ပစ်တင်အပ်သော။ သာသပေါ၊ မုန်ညင်းစေ့သည်။ တဿာ၊ ထိုအပ်၏။ သိခံ၊ အစွန်းအဖျားကို။ ဖုဋ္ဌမတ္တော၊ ထိကာမျှသာလျှင်။ ဝိဂစ္ဆတိ၊ လိမ့်ကျ၏။ န တိဋ္ဌတိ ယထာ၊ မတည် သကဲ့သို့။ ဧဝံ၊ တူ။ သင်္ခါရာ၊ တို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ [ဘိဇ္ဇန္တိ၊ ပျက်ကုန် ၏။ တေသံ၊ ထိုသင်္ခါရတို့၏။ အဝဋ္ဌာနံ၊ တည်တံ့ခြင်းသည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ သို့သိအပ်၏။

ဘင်္ဂေါ နေသံ ပုရက္ခတောတိ၊ ကား။ တေသံ နိဗ္ဗတ္တမ္မာနံ၊ ထိုဖြစ်ပြီးသော သဘောတရားတို့သည်။ ဘင်္ဂေါ နာမ၊ ပျက်ခြင်းမည်သည်ကို။ ပုရတော ဧဝ၊ ရှေး၌သာလျှင်။ ကတော၊ ပြုအပ်၏။ ဧကံသဘာဝီ၊ စင်စစ်ဧကန်ဖြစ်လေ့ရှိ၏။ န အပသက္ကတိ၊ မဖဲသွား။ ဣတိ၊ ကား။ အဒ္ဒတ္ထာ၊ တည်း။ ပုရာဏေဟီတိ၊ ကား။ ပုရိမကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ အတီတေဟိ၊ လွန်လေကုန်ပြီးသော။

အဒဿနတောတိ၊ ကား။ အပဿိတဗ္ဗတော၊ မမြင်အပ်သည်မှ၊ ဝါ၊ မမြင် အပ်သည်၏ အဖြစ်မှ။ အာယန္တီတိ၊ ကား။ အာဂစ္ဆန္တိ၊ လာကုန်၏။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ ဣမိနာပိ၊ ဤပုဒ်ဖြင့်လည်း။ ကုတောစိ ရာသိတော၊ တစုံတခုသော အစုအပုံမှ။ အာဂမနာဘာဝမေဝ၊ လာခြင်း၏ မရှိခြင်းကို သာလျှင်။ အာဟ၊ ဆို၏။ ဘဂ္ဂါ ဂစ္ဆန္တျဒဿနန္တိ၊ ကား။ ဘဂ္ဂါပိ၊ ပျက်ပြီးသော သင်္ခါရတို့သည်လည်း။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ ဥပဂမနာဘာဝတော၊ ကပ်ရောက်ခြင်း၏ မရှိခြင်းကြောင့်။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ အဒဿနံ၊ မမြင်ရခြင်းသို့။ အဘာဝမေဝ၊ မရှိခြင်းသို့သာလျှင်။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တတ္ထ၊ ထိုသို့ဖြစ်ရာပျက်ရာ၌။ နိဒဿနံ၊ ဥဒါဟရုဏ်ပုံစံကို။ ဝိဇ္ဇုပ္ပါဒေါ။ ပ။ ဝယန္တီ စာတိ၊ ဟူ၍။ အာဟ၊ ၏။

၇၁၆။ ဝိဝဋ္ဋကပ္ပတော ပဋ္ဌာယ ဥပ္ပဇ္ဇနကရူပန္တိ ဣမိနာ၊ ဟူသောဤပါဌ်ဖြင့်။ သယမေဝ၊ မိမိအလိုလိုသာလျှင်။ ဥပ္ပဇ္ဇနကဓမ္မတာယ၊ ဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်။ ဓမ္မတာရူပံ၊ ဓမ္မတာရုပ်မည်၏။ ဣတိ၊ သို့။ အနုတ္ထနာမတာ၊ အနုတ္ထအမည်၏ အဖြစ်ကို။ ဒဿေတိ၊ ၏။ အယလောဟာဒီသု၊ စသည်တို့တွင်။ အယော နာမ၊ သံမည်သည်ကား။ ကာဠလောဟံ၊ မည်းသောသတ္တုတည်း၊ ဝါ၊ သတ္တုမည်းတည်း။ လောဟံ နာမ၊ မည်သည်ကား။ ဇာတိလောဟံ၊ သတ္တု စစ်ရင်း။ ဝိဇာတိလောဟံ၊ အမျိုးမစစ်သော သတ္တုရင်း။ ကိတ္တိမလောဟံ၊

ပြုလုပ်အပ်သောသတ္တုရှင်း။ ပိသာစလောဟံ၊ ပိသာစသတ္တုရှင်း၊ ဝါ၊ သံချေးရှင်း။ ဣတိ၊ သို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။ တတ္ထ၊ ထိုလေးပါးတို့တွင်။ အယော၊ သံရှင်း။ ရဇတံ၊ ငွေရှင်း။ သုဝဏ္ဏံ၊ ရွှေရှင်း။ တိပု၊ သလွဲဖြူ-ဗင်ရှင်း။ သီသံ၊ သလွဲမည်း-ခဲရှင်း။ တမ္ဗလောဟံ၊ ကြေးနီရှင်း။ ဝေကန္တကလောဟံ၊ သံမဏိရှင်း။ ဣတိ၊ ဤသို့။ ဣမာနိ သတ္တ၊ ဤခုနစ်မျိုးတို့သည်။ ဇာတိလောဟာနိ၊ သတ္တုစစ်တို့မည်ကုန်၏။ နာဂနာသိကလောဟံ၊ ထယ်သံသည်၊ ဝါ၊ သံကြွပ်သည်။ ဝိဇာတိလောဟံ၊ မည်၏။ ကံသလောဟံ၊ ကြေးဖြူရှင်း။ [၄၁၃] ဝဋ္ဋလောဟံ၊ ကြေးပုပ်ရှင်း။ ဟာရကူတံ၊ ခပ်ပြာရှင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးမျိုးတို့သည်။ ကိတ္တိမလောဟာနိ၊ မည်ကုန်၏။ မောရက္ခကာဒိ၊ သံပွက်စသည်သည်။ ပိသာစလောဟံ၊ မည်၏။ တတ္ထ၊ ထိုလောဟတို့တွင်။ တမ္ဗလောဟံ၊ ကြေးနီရှင်း။ ဝေကန္တကံ၊ သံမဏိရှင်း။ ဣတိ၊ သို့။ ဣမေဟိ ဒ္ဒိဟိ ဇာတိလောဟေဟိ၊ ဤနှစ်မျိုးသော သတ္တုစစ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ သေသံ၊ ကြွင်းသော။ သဗ္ဗမ္ပိ၊ အလုံးစုံကိုလည်း။ ဣဓ၊ ဤအရာ၌။ လောဟန္တိ၊ လောဟဟူ၍။ ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ သို့သိအပ်၏။ တိပုတိ၊ ကား။ သေတတိပု၊ သလွဲဖြူတည်း၊ ဝါ၊ ဗင်တည်း။ သီသန္တိ၊ ကား။ ကာဠတိပု၊ သလွဲမည်းတည်း၊ ဝါ၊ ခဲတည်း။ သုဝဏ္ဏံ၊ ရွှေသည်။ အာကရုပ္ပန္နရသဝိဒ္ဓါဒိဘေဒံ၊ တွင်းထွက်ရွှေ, ပြဒါးဝင်သောရွှေစသည်အပြားရှိ၏။ သာမုဒ္ဒိကမုတ္တာဒိ၊ သမုဒြာ၌ဖြစ်သော ပုလဲစသည်သည်။ မုတ္တာ၊ ပုလဲမည်၏။ မဏီတိ၊ ကား။ ဝေဠုရိယလောဟိတင်္ကမသာရဂလ္လာနိ၊ ကြောင်မျက်ရွဲ ပတ္တမြားနီ ပတ္တမြားပြောက်တို့ကို။ ဌပေတွာ၊ ချန်ထား၍။ အဝသေသော၊ ကြွင်းသော။ သဗ္ဗော၊ အလုံးစုံသော။ မဏိဝိသေသော၊ ပတ္တမြားအထူးတည်း။ ဝေဠုရိယော၊ ယ-ဟူသည်။ ဝံသဝဏ္ဏမဏိ၊ ဝါးအဆင်းရှိသောပတ္တမြားတည်း။ သင်္ခေါ၊ ခရုသင်းဟူသည်။ သာမုဒ္ဒိကသင်္ခေါ၊ သမုဒြာ၌ဖြစ်သောခရုသင်းတည်း။ သိလာတိ၊ ကား။ ကာဠသိလာပဏ္ဍုသိလာဒိဘေဒါ၊ သလင်းနက် သလင်းဝါစသည် အပြားရှိသော။ သဗ္ဗာပိ၊အလုံးစုံလည်းဖြစ်သော။ ရတနသမ္မတသိလာ၊ ရတနာဟုသမုတ်အပ်သော သလင်းတည်း။ ပဝါဠံ နာမ၊ သန္တာမည်သည်ကား။ ဝဋ္ဋုမံ၊ အလုံးဖြင့်ပြီးသော။ ဝိဒ္ဒုမံ၊ ဖောက်ထွင်းခြင်းဖြင့်ပြီးသောသန္တာတည်း။ လောဟိတင်္ဂ ၊ င်္ဂ-ဟူသည်။ ရတ္တမဏိ၊ ပတ္တမြားနီတည်း၊ ဝါ၊ ကျောက်နီတည်း။ မသာရဂလ္လံ၊ လ္လံ-ဟူသည်။ ကဗရမဏိ၊ ပတ္တမြားပြောက်တည်း။ ဘူမိအာဒယော၊ မြေစသည်တို့သည်။ ပါကဋ္ဌာဝ၊ ထင်ရှားကုန်သည်သာလျှင်တည်း။ တဒဿာတိ၊ ကား။ တံ ဓမ္မတာရူပံ၊ ထိုဓမ္မတာရုပ်သည်။ အဿ ယောဂိနော၊ ထိုယောဂီအား။

တရုဏပလ္လဝဝဏ္ဏန္တိ၊ ကား။ အမ္ဗာဒီနံ၊ သရက်စသည်တို့၏။ တရုဏပလ္လဝေန၊ နုသောရွက်နုနှင့်။ သမာနဝဏ္ဏံ၊ တူသောအဆင်းရှိ၏။ သဘာဂရူပသန္တတိန္တိ၊ ကား။ ဝဏ္ဏာဒိနာ၊ အဆင်းစသည်ဖြင့်။ သမာနဘာဂံ၊ တူသောအဖို့ရှိသော။

ရူပသန္တာနံ၊ ရုပ်အစဉ်ကို။ အနုပ္ပဗန္ဓာပယမာနန္တိ၊ ကား။ ဟေတုဖလပရမ္ပရာယ၊ အကြောင်းအကျိုး အဆက်ဆက်အားဖြင့်။ သမ္မန္တနဝသေန၊ စပ်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တံ၊ မပြတ်ဖြစ်လျက်။ ဣတိ၊ ဤသို့သိအပ်၏။

သောတိ၊ ကား။ ယောဂီ၊ သည်။ တန္တိ၊ ကား။ အသောကရုက္ခပဏ္ဏံ၊ သော်ကပင်၏အရွက်ကို။ ပရိဂ္ဂဟေတွာတိ၊ ကား။ ဉာဏေန၊ ဖြင့်။ ပရိစ္ဆိဇ္ဇ၊ ပိုင်းခြား၍။ ဂဟေတွာ၊ ယူ၍။ ဣမိနာ နယေနာတိ၊ ကား။ အသောကပဏ္ဏေ၊ သော်ကရွက်၌။ ဝုတ္တေန၊ ဆိုအပ်သော။ ဣမိနာ နယေန၊ ဖြင့်။ သဗ္ဗမ္ပိ၊ သော။ အယလောဟာဒိဘေဒံ၊ သံ ကြေးစသည် အပြားရှိသော၊ ဝါ၊ သံ သတ္တုစသည် အပြားရှိသော။ ဓမ္မတာရူပံ၊ ဓမ္မတာရုပ်ကို။ ဟိ၊ မှန်။ တမ္ပိ၊ ထိုသံကြေးအစရှိသော ဓမ္မတာရုပ်သည်လည်း။ သီတကာလေ၊ အေးသောကာလ၌။ သီတလံ၊ အေး၏။ ဥဏှကာလေ၊ ပူသောကာလ၌။ သူရိယသန္တာပေန၊ နေပူဖြင့်။ ဥဏှ-တရံ၊ အထူးသဖြင့်ပူသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုသံအစရှိသော ဓမ္မတာရုပ်တို့၌။ သီတဘာဝေန၊ အေးသည်၏အဖြစ်ဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ဥဏှံ၊ ပူသောအဖို့သို့။ ဥဏှဘာဝေန၊ ပူသည်၏အဖြစ်ဖြင့်။ ပဝတ္တရူပံ၊ ဖြစ်သော ရုပ်သည်။ သီတံ၊ အေးသောအဖို့သို့။ န ပါပုဏာတိ၊ မရောက်။ တတ္ထ တတ္ထေဝ၊ ထိုထိုအခိုက်အတံ့၌သာလျှင်။ တဋ္ဋတဋ္ဋာယန္တံ၊ တဋ်တဋ်မြည်သကဲ့သို့။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ယောဇေတဗ္ဗံ၊ ယှဉ်စေအပ်၏။

### အရူပသတ္တကသမ္မသနကထာဝဏ္ဏနာ

၇၁၇။ ကလာပတောတိ၊ ကား။ အရူပဓမ္မကလာပတော၊ နာမ်တရားတို့၏ အပေါင်းလိုက်အားဖြင့်။

ယသ္မာ၊ ကြောင့်။ တတ္ထ၊ ထိုနာမ်တရားအပေါင်းတို့တွင်။ ဖဿပဉ္စမကာ၊ ဖဿလျှင် ငါးခုမြောက်ရှိကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သဗ္ဗစိတ္တုပ္ပါဒ-သာဓာရဏာ၊ အလုံးစုံသောစိတ်တို့နှင့်ဆက်ဆံကုန်သည်ဖြစ်၍။ သုပါကဋ္ဌာ စ၊ ကောင်းစွာထင်ရှားကုန်သည်ငှင်း။ သုဝိညေယျာ စ၊ သိလွယ်ကုန်သည်ငှင်း။ (ဟောန္တိ၊ ကုန်၏။) တသ္မာ၊ ကြောင့်။ တေသံ၊ ထိုဖဿပဉ္စမကတရားတို့၏။ ဝသေန၊ အားဖြင့်။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ ကလာပတောတိ ဖဿ-ပဉ္စမကာ ဓမ္မာတိ၊ ဟူ၍။ အာဟ၊ ၏။ သမ္မသနေ၊ သုံးသပ်ခြင်း၌၊ ဝါ၊ ရာ၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ဖဿပဉ္စမကာ၊ ရှိကုန်သော။ ယေ ဣမေ ဓမ္မာ၊ အကြင်တရားတို့သည်။ (သန္တိ၊ ကုန်၏။) သဗ္ဗေ တေ၊ ထိုအလုံးစုံသော တရားတို့သည်။ ဝိနဋ္ဌာ၊ ပျက်စီးကုန်၏။ ဣတိ၊ သို့။ သမ္မန္တော၊ စပ်အပ်၏။

ပဝတ္တံ စိတ္တန္တိ၊ ကား။ သတ္တသု ဌာနေသု၊ ခုနစ်ပါးသောဌာနတို့၌။ သမ္မ-သနဝသေန၊ သုံးသပ်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တံ၊ သော။ စိတ္တံ၊ ကို။

သမ္မသန္တောတိ၊ ကား။ ကေဇ္ဈို၊ တပေါင်းတည်း။ ဂဟေတွာ၊ ၍။ သမ္မသန္တော၊' သုံးသပ်သည်ရှိသော်။ တံ ယုတ္တတရန္တိ၊ ကား။ အရိယဝံသကထာယံ၊ ၌။ ဝုတ္တံ သော။ တံ၊ ထိုစကားသည်။ ယုတ္တတရံ၊ အထူးသဖြင့် သင့်လျော်၏။ (ကသ္မာ၊ ကား) အာသန္နဘာဝေန၊ နီးသည်၏ အဖြစ်အားဖြင့်။ ဝိဘူတတရံ၊ အထူး သဖြင့် ထင်ရှားသော။ ရူပသတ္တကေ၊ ၌။ သမ္မသနံ၊ ကို။ သဟ ဂဟေတွာ၊ တပေါင်းတည်းယူ၍။ သမ္မသနဿ၊ သုံးသပ်ခြင်း၏၊ ဝါ၊ ကို။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်တည်း။ အပိစ၊ တနည်းကား။ ရူပသတ္တကေ၊ ၌။ [၄၁၄] သမ္မသနဿ၊ ၏။ ရူပဓမ္မေသု၊ ရုပ်တရားတို့၌။ သာတိသယံ၊ အလွန်အကဲနှင့် တကွ။ ဃနဝိနိဗ္ဘောဂံ၊ တခဲနက် အစိုင်အခဲ၏ အသီးအသီးကွဲခြင်းကို။ ကတွာ၊ ၍။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ တဗ္ဗိသယံ၊ ထိုရူပသတ္တက၌ သုံးသပ် ခြင်းလျှင် တည်ရာရှိသော။ အရူပသမ္မသနံ၊ နာမ်ကိုသုံးသပ်ခြင်းသည်။ သာတိ- သယံ၊ အလွန်အကဲနှင့်တကွ။ အနိစ္စာဒိလက္ခဏပဋိဝေဓာယ၊ အနိစ္စအစရှိသော လက္ခဏာကိုထိုးထွင်း၍ သိခြင်းငှါ။ သမ္ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုအရိယဝံသကထာ၌ ဆိုသောစကားသည်။ ယုတ္တတရံ၊ အထူးသဖြင့် သင့် လျော်၏။ အပုဗ္ဗကေသာဒိသမ္မသနံ၊ အသစ်ဖြစ်သောဆံပင်စသည်ကို သုံးသပ် ခြင်းကို။ ကတွာ၊ ၍။ တဗ္ဗိသယံ၊ ထိုဆံပင်စသည်ကိုသုံးသပ်ခြင်းလျှင် တည်ရာ ရှိသော။ ပဝတ္တိတံ ပန၊ ဖြစ်စေအပ်သော သုံးသပ်ခြင်းသည်ကား။ ယုတ္တတရံ၊ အထူးသဖြင့် သင့်လျော်သည်။ န၊ မဟုတ်။ တထာ၊ ထိုသို့သောအခြင်းအရာ အားဖြင့်ရှုသည်။ သတိ၊ သော်။ ကမ္မဋ္ဌာနံ၊ သည်။ နဝံ နဝံ ဧဝ၊ အသစ်အသစ် သည်သာလျှင်။ သိယာ၊ ဖြစ်ရာ၏။ (ယသ္မာ၊ ကား။) ပုဗ္ဗေ၊ ၌။ ဂဟိတံ၊ သော။ သမ္မသနဝိသယံ၊ သုံးသပ်ခြင်း၏အရာကို။ ဆဍ္ဍေတွာ၊ စွန့်လွှတ်၍။ အညဿ၊ သော။ သမ္မသနဝိသယဿ၊ သုံးသပ်ခြင်း၏အရာကို။ ဂဏှနတော၊ ယူခြင်း ကြောင့်တည်း။ သေသာနိပီတိ၊ ကား။ ယမကတော၊ အစုံအားဖြင့်။ သမ္မသနာ- ဒီနိပိ၊ သုံးသပ်ခြင်းစသည်တို့သည်လည်း။ တေနေဝါတိ၊ ကား။ အရိယဝံသ- ကထာနယေနေဝ၊ အရိယဝံသကထာနည်းဖြင့်ပင်လျှင်။

၇၁၈။ တမ္ပိ စိတ္တန္တိ၊ ကား။ အာဒိနနိက္ခေပတော၊ အားဖြင့်။ သမ္မသန- ဝသေန၊ သုံးသပ်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တစိတ္တုပ္ပါဒမ္ပိ၊ ဖြစ်သော စိတ္တုပ္ပါဒ် ကိုလည်း။ ဟိ၊ မှန်။ စိတ္တသီသေန၊ စိတ်ကို ခေါင်းတပ်သဖြင့်၊ ဝါ၊ စိတ်ကို ပဓာနပြုသဖြင့်။ နိဒ္ဒေသော၊ ညွှန်ပြကြောင်းဖြစ်သော စကားတည်း။ သဗ္ဗတ္တ၊ အလုံးစုံတို့၌။ သေ နယော၊ တည်း။ နာမရူပဓမ္မေ၊ နာမ်ရုပ်တရားတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ယုဂဠဝသေန၊ အစုံ၏အစွမ်းအားဖြင့်။ သမ္မသနဿ၊ ၏။ ပဝတ္တနတော၊ ကြောင့်။ ယမကတော၊ အစုံအားဖြင့်။ သမ္မသတိ နာမ၊ သုံးသပ်သည်မည်၏။ ဟိ၊ မှန်။ အယံ၊ ဤယောဂီသည်။ ပုဗ္ဗေ၊ ၌။ ရူပသတ္တက-

ဝသေန၊ အားဖြင့်။ သမ္မသိတွာ၊ ပြီး၍။ ဌိတောပိ၊ တည်ငြားသော်လည်း။ ဣဒါနိ၊ ၌။ အာဒါနနိက္ခေပါဒိဝသေန၊ အာဒါနနိက္ခေပစသည်၏အစွမ်းအားဖြင့်။ သမ္မသိတ္ဝာဝ၊ သုံးသပ်ပြီး၍သာလျှင်။ တံ၊ ထိုသုံးသပ်အပ်သောစိတ်ကို။ သမ္မ-သတိ၊ ၏။ ခဏိကတော သမ္မသနာဒီသုပိ၊ ခဏိကအားဖြင့် သုံးသပ်ခြင်း စသည်တို့၌လည်း။ ဧသေဝ နယော၊ ပင်တည်း။

၇၁၉။ တေမ္ပိတိ၊ ကား။ တေ စတုတ္ထသမ္မသနစိတ္တမ္ပိ၊ ဤလေးကြိမ်မြောက် သုံးသပ်သော စိတ်ကိုလည်း။ ပဌမစိတ္တန္တိ၊ ကား။ အာဒါနနိက္ခေပါဒိဝသေန၊ အားဖြင့်။ ရူပံ၊ ကို။ သမ္မသိတစိတ္တံ၊ သုံးသပ်သောစိတ်ကို။ ယံ၊ ယင်းစိတ်ကို။ ရူပပရိဂ္ဂါဟကစိတ္တန္တိ၊ ရုပ်ကိုသိမ်းဆည်းသော စိတ်ဟူ၍။ အဓိပ္ပေတံ၊ ၏။ သမ္မ-သိတသမ္မသိတစိတ္တသမ္မသနေန၊ သုံးသပ်ပြီး သုံးသပ်ပြီးသော (ဝိပဿနာ) စိတ်ကို သုံးသပ်ခြင်းဖြင့်။ တေသံ၊ ထိုစိတ်တို့၏။ ခဏိကဘာဝဿ၊ ခဏမျှတည်သည်၏ အဖြစ်.ကို။ ဝိဘာဝနတော၊ ထင်ရှားစေခြင်းကြောင့်။ ဣဒံ သမ္မသနံ၊ ဤသုံးသပ် ခြင်းကို။ ခဏိကတော သမ္မသနန္တိ၊ ခဏိကအားဖြင့် သုံးသပ်ခြင်းဟူ၍။ ဝုတ္တံ၊ ၏။

၇၂၀။ စ၊ ဆက်။ ဒိဂုဏိတံ၊ နှစ်ခုဖြင့်မြှောက်ပွါးအပ်သော၊ ဝါ၊ နှစ်ဆ တက်မြှောက်ပွါးအပ်သော။ ဣဒမေဝ သမ္မသနံ၊ ဤခဏိကအားဖြင့်သုံးသပ် ခြင်းကိုပင်လျှင်။ အနေကသမ္မသနပဋိပါဋိသမ္ဘဝတော၊ များစွာသောသုံးသပ် ခြင်းတို့၏ အစဉ်အဆက်ဖြစ်ခြင်းကြောင့်။ ပဋိပါဋိတော သမ္မသနန္တိ၊ အဆက် ဆက်အားဖြင့် သုံးသပ်ခြင်းဟူ၍။ ဝုတ္တံ၊ ၏။ ဝဍ္ဎေယျာတိ၊ ကား။ သမ္ဘဝေယျ၊ ဖြစ်နိုင်ပေ၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်ရှုသည်။ သတိ၊ သော်။ ဘာဝနာ၊ သည်။ ပဋိပါဋိသမ္မသနပသုတာ ဧဝ၊ အစဉ်အဆက်ကို သုံးသပ်ခြင်း၌ လေ့ကျက်သည်သာလျှင်။ သိယာ၊ ဖြစ်ရာ၏။ မူလကမ္မဋ္ဌာနုပကာရီ၊ မူလ ကမ္မဋ္ဌာန်းအား ကျေးဇူးပြုတတ်သည်။ န သိယာ၊ မဖြစ်ရာ။ အယံ၊ ဤသုံးသပ် ခြင်းသည်။ သမာပတ္တိစာရော စ၊ သမာပတ်ကို ဖြစ်စေခြင်းသည်လည်း။ န ဟောတိ၊ မဟုတ်။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ တတ္တကေန၊ ထိုမျှလောက် ဖြင့်။ ရူပဓမ္မေသု စ၊ ရုပ်တရားတို့၌ရင်း။ အရူပဓမ္မေသု စ၊ နာမ်တရားတို့၌ရင်း။ အနိစ္စာဒိလက္ခဏာနိ၊ အနိစ္စအစရှိသော လက္ခဏာတို့သည်။ သုဋ္ဌု၊ ကောင်းစွာ။ ဝိဘူတာနိ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ ယာဝ-ဒသမစိတ္တသမ္မသနာ။ပ။ ဌပေတဗ္ဗန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ စ၊ ဆက်။ ဌပေတဗ္ဗန္တိ၊ ကား၊ ဝါ၊ ဟူသောပုဒ်သည်။ ကောဒသမံ၊ တဆယ့်တခုမြောက်စိတ်ကို။ ဒွါဒ-သမေန၊ တဆယ့်နှစ်ခုမြောက်စိတ်ဖြင့်။ န သမ္မသိတဗ္ဗံ၊ မသုံးသပ်အပ်။ ဣတိ၊ သို့။ ပဋိပါဋိတော၊ အဆက်ဆက်အားဖြင့်။ သမ္မသနဿ၊ ၏။ ပရိစ္ဆေဒဒဿန-ပရံ၊ အပိုင်းအခြားကိုပြခြင်းလျှင် ပြဓာန်းခြင်းရှိ၏။ တတော သမ္မသနတော၊ ထိုသုံးသပ်ခြင်းမှ။ ဩရမနဒဿနပရံ၊ ကြဉ်ရှောင်ခြင်းကိုပြခြင်းလျှင် ပြဓာန်း

ခြင်းရှိသည်။ န၊ မဟုတ်။ တသ္မာ၊ ကြောင့်။ ပုနပိ၊ လည်း။ ရူပံ၊ ကို။ ပရိဂ္ဂ-ဟေတွာ၊ ၍။ ယာဝ ဒသမစိတ္တသမ္မသနာ၊ ဆယ်ခုမြောက်စိတ်ကို သုံးသပ်သည် တိုင်အောင်။ ဘာဝနံ၊ ကို။ အနုယုဉ္ဇတော၊ အားထုတ်သည်သာလျှင်တည်း။ ဝုတ္တန္တိ၊ ကား။ အရိယဝံသကထာယံ၊ ၌။ ဝုတ္တံ၊ ၏။

၇၂၁။ ဝိသုံ သမ္မသနနယော နာမ နတ္ထိတိ၊ ကား။ အနိစ္စာဒိမနသိကာရဝိနိ-မုတ္တော၊ အနိစ္စအစရှိသော အခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းမှလွတ်သော။ အညော၊ သော။ ဝိပဿနာမနသိကာရော၊ ဝိပဿနာနှလုံးသွင်းမှုမည်သည်။ နတ္ထိ၊ မရှိ။ ဝိပဿနာယ စ၊ ဖြင့်လည်း။ ဒိဋ္ဌိအာဒိဝိက္ခမ္ဘနာ၊ ဒိဋ္ဌိစသည်ကို ပယ်ခွါခြင်းသည်။ ဣဓ၊ ဤအရာ၌။ ဒိဋ္ဌိဥဂ္ဃါဋနာဒယော၊ ဒိဋ္ဌိဥဂ္ဃါဋနစသည်တို့ မည်ကုန်၏။ ဣတိ၊ ဤသို့။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ဟိ-သစ္စံ၊ ၏။ ဝိပဿနာယ ဝေ၊ ဝိပဿနာ၏သာလျှင်။ [၄၁၅] ပဝတ္တိဝိသေသေန၊ ဖြစ်ခြင်း အထူးဖြင့်။ ဒိဋ္ဌိဥဂ္ဃါဋနာဒယော၊ ဒိဋ္ဌိဥဂ္ဃါဋနစသည်တို့သည်။ ဣစ္ဆိတ္တိ၊ ပြည့်စုံ ကုန်၏။ ဣတိ၊ ဤသို့။ ဒဿေန္တော၊ ၍။ ယံ ပနေတန္တိအာဒိံ၊ ကို။ အာဟ၊ ၏။ တတ္ထ၊ ထိုပါဠိ၌။ သတ္တသညာတိ၊ ကား။ သတ္တော၊ သတ္တဝါတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ သို့။ ဥပ္ပဇ္ဇနကသညာ၊ ဖြစ်သောအမှတ်သညာတည်း။ ဒုဗ္ဗလာယ၊ အားနည်းသော။ အတ္တဒိဋ္ဌိယာ၊ အတ္တဒိဋ္ဌိနှင့်။ သဟဂတသညာ၊ တကွဖြစ်သော သညာတည်း။ ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ကုန်၏။ သတ္တသညံ ဥဂ္ဃါဋိတစိတ္တေနာတိ၊ ကား။ သတ္တသညာယ၊ သညာကို။ ဝိက္ခမ္ဘနဝသေန၊ အားဖြင့်။ ပဝတ္တစိတ္တေန၊ ဖြစ်သောစိတ်ဖြင့်။ ဒိဋ္ဌိ၊ သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ သညာဝိပလ္လာသဟေတု၊ သညာဝိပလ္လာသဟူသော အကြောင်းကြောင့်။ ဥပ္ပဇ္ဇ-နကာ၊ ဖြစ်တတ်ကုန်သော။ စိတ္တဒိဋ္ဌိဝိပလ္လာသာ၊ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ တို့သည်။ တဒဘာဝေ၊ ထိုသညာဝိပလ္လာသ မရှိလတ်သော်။ န ဟောန္တိ၊ မဖြစ် ကုန်။ ဣတိ၊ သို့သိအပ်၏။ ဒိဋ္ဌုပနိဿယော၊ ဒိဋ္ဌိလျှင်မှီရာရှိသော။ အပါယ-ဂမနီယော၊ အပါယ်သို့လားရောက်စေတတ်သော။ မာနော နာမ၊ မည်သော။ ယော၊ အကြင်တရားသည်။ (အတ္ထိ၊ ၏။) သော၊ ထိုသို့သောမာနတရားသည်။ ဒိဋ္ဌိယာ၊ ကို။ ဝိက္ခမ္ဘိတာယ၊ ပယ်ခွါအပ်သည်ရှိသော်။ ဝိက္ခမ္ဘိတော ဝေ၊ ပယ်ခွါ အပ်ပြီးသည်သာလျှင်။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) ဒိဋ္ဌိယာ၊ ကို။ သမုစ္ဆိ-န္နာယ၊ အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးလတ်သော်။ (တဿ၊ ထိုမာန၏။) သမုစ္ဆိဇ္ဇ-နတော၊ အကြွင်းမဲ့ပြတ်ခြင်းကြောင့်တည်း။ ဣတိ၊ ကြောင့်။ ဒိဋ္ဌိဥဂ္ဃါဋိတ။ပ။ မာနော နုပ္ပဇ္ဇတီတိ၊ ဟူ၍။ အာဟ၊ ၏။ မာနော၊ သည်။ ဝိက္ခမ္ဘိယမာနော၊ ပယ်ခွါအပ်သည်ရှိသော်။ တဏှာယ၊ ၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ နိဝါရေတိ၊ တားမြစ်တတ်၏။ (ကသ္မာ၊ ကား။) အဘိမတဝိသယေသု ဝေ၊ အလေးအမြတ် ပြုအပ်သော အာရုံတို့၌သာလျှင်။ တဏှာယ၊ ၏။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်

တည်း။ ဣတိ၊ ကြောင့်။ မာနသမုဂ္ဃါဋိတာ။ပ။ တဏှာ နုပ္ပဇ္ဇတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ဣမ၊ ဤအရာ၌။ သုခုမာ၊ သိမ်မွေ့သော။ နိကန္တိ၊ နှစ်သက်လိုလားသော နိကန္တိကို။ တဏှာတိ၊ ဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ဣတိ၊ ကြောင့်။ တဏှာယ။ပ။ ပရိယာဒိန္နာ နာမ ဟောတီတိ၊ ဟူ၍။ အာဟ၊ ၏။

အယံ နယောတိ၊ ကား။ ဣဒါနိ၊ ၌။ ဝုစ္စမာနော၊ ဆိုအပ်လတ့်သော။ သမ္မသနဝိဓိ၊ သုံးသပ်ခြင်းအစီအရင်တည်း။

မမ၊ ငါ၏။ ဝိပဿနာ၊ တည်း။ ဣတိ၊ ဤနှလုံးသွင်းပုံဖြင့်။ အတ္တနိယသညိတာယ၊ အတ္တ၏ ဥစ္စာဟုဆိုအပ်သော။ ဣမိဿာပိ ဝိပဿနာယ၊ ဤဝိပဿနာ၏လည်း။ သာမိဘူတော၊ ပိုင်ရှင်ဖြစ်၍ဖြစ်သော။ အတ္တာ၊ ကို။ ပရာမသီယတိ၊ သုံးသပ်အပ်၏။ ဣတိ၊ ကြောင့်။ ဒိဋ္ဌိဂါဟတာ၊ ဒိဋ္ဌိဖြင့် စွဲယူသည်၏အဖြစ်သည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ တထာ၊ ထိုသို့မမဝိပဿနာဟူ၍၊ ဝါ၊ ငါ၏ ဝိပဿနာဟူ၍။ ဂဏှတော၊ ယူသောပုဂ္ဂိုလ်အား။ ဒိဋ္ဌိသမုဂ္ဃါဋနံ နာမ၊ ဒိဋ္ဌိကို အကြွင်းမဲ့ခွါနုတ်ခြင်းမည်သည်။ န ဟောတိ၊ မဖြစ်သေး။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ စ၊ ဆက်။ အယံ၊ ဤယောဂီသည်။ ဒိဋ္ဌိဝိသုဒ္ဓိကင်္ခါဝိတရဏဝိသုဒ္ဓိသမဓိဂမေန၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိကို ကောင်းစွာရသဖြင့်။ ဝိသုဒ္ဓဒိဋ္ဌိကော၊ စင်ကြယ်သောဒိဋ္ဌိရှိသည်။ ကာမံ ဟောတိ၊ အကယ်၍ကား ဖြစ်ပေ၏။ ပန၊ သော်လည်း။ မဂ္ဂေန၊ မဂ်ဖြင့်။ အသမုဂ္ဃါဋိတတ္တာ စ၊ အကြွင်းမဲ့ မပယ်ခွါအပ်သေးသည်၏ အဖြစ်ကြောင့်ရင်း။ အနေဝဋ္ဌာရိကာယ၊ မရှုန့်ရင်း မကြမ်းတမ်းသော။ ဒိဋ္ဌိယာ၊ ၏။ ဝသေန စ၊ ဖြင့်ရင်း။ ဧဝံ၊ သို့။ ဝုတ္တံ၊ ၏။

သုဋ္ဌုတိ၊ ကား။ သမ္မာ၊ ကောင်းစွာ။ မနာပန္တိ စ၊ ဟူသောပုဒ်သည်လည်း။ ကိရိယာဝိသေသနံ၊ ကြိယာဝိသေသနပုဒ်တည်း။ မနဝဍ္ဎနာကာရေန၊ စိတ်ကိုပွါးစေသောအခြင်းအရာအားဖြင့်။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ဥဘယေနာပိ၊ နှစ်ပုဒ်လုံးဖြင့်လည်း။ ဝိပဿနာဝိသယံ၊ ဝိပဿနာလျှင်အရာရှိသော။ အဓိမာနံ၊ လွန်ကဲသောမာနကို။ အာဟ၊ ၏။ တေန၊ ကြောင့်။ မာနသမုဂ္ဃါဋနော နာမ န ဟောတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ဝိပဿိတုံ၊ ငှါ။ သက္ကောမိ၊ စွမ်းနိုင်၏။ ဣတိ၊ ဤနှလုံးသွင်းပုံဖြင့်။ တတ္ထ၊ ထိုရှုမှု၌။ သမတ္ထတာပဒေသေန၊ စွမ်းနိုင်သည်၏အဖြစ်ကို ညွှန်ပြသဖြင့်။ ဂုဏဝိသေသယောဂတော၊ ဂုဏ်ထူးနှင့်ယှဉ်ခြင်းကြောင့်။ ဝိပဿနာယ၊ ၏။ အဿာဒေတဗ္ဗတာ၊ သာယာအပ်သည်၏အဖြစ်ကို။ ဒဿီယတိ၊ ပြအပ်၏။ စိတ္တံ၊ ကို။ ဝိပဿိတုံ၊ ရှုခြင်းငှါ။ သက္ကောမိ၊ စွမ်းနိုင်၏။ တသ္မာ၊ ကြောင့်။ ဝိပဿန္တော ဧဝ၊ ဝိပဿနာရှုလျက်သာလျှင်။ ကာလံ၊ ကာလကို။ ဝီတိနာမေဿာမိ၊ ကုန်

လွန်စေအံ့။ ဣတိ၊ သို့။ ဝိပဿနံ၊ ကို။ အဿာဒေန္တဿ၊ သာယာသော ပုဂ္ဂိုလ်အား။ ဣတိ၊ သို့။ ယောဇနာ၊ ယှဉ်ခြင်းကို။ (ကာတဗ္ဗာ၊ ၏။)

ဧတ္ထ၊ ဤသုံးပါးတို့ဘွင်။ ဒိဋ္ဌိသမုဂ္ဃါဋနံ နာမ၊ ဒိဋ္ဌိကို အကြွင်းမဲ့ခွါနုတ်ခြင်း မည်သည်ကား။ ယသ္မာ၊ ကြောင့်။ ဝိသေသတော၊ အထူးအားဖြင့်။ အနတ္တာနုပဿနာယ၊ ဖြင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တံ၊ ထိုဒိဋ္ဌိသမုဂ္ဃါဋနကို။ ဒဿေန္တေန၊ ပြလိုသည်ဖြစ်၍။ သစေ သင်္ခါရာတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ အနတ္တာနုပဿနာဝိဓိံ၊ အနတ္တာနုပဿနာ အစီအရင်ကို။ ဝတွာ၊ ဆိုပြီး၍။ ယသ္မာ၊ ကြောင့်။ အနတ္တတော၊ အနတ္တအခြင်းအရာအားဖြင့်။ အနုပဿန္တေန၊ ရှုမြင်သောယောဂီပုဂ္ဂိုလ်သည်။ သင်္ခါရာ၊ တို့ကို။ [၄၁၆] အနိစ္စတောပိ၊ အနိစ္စအခြင်းအရာအားဖြင့်ရင်း။ ဒုက္ခတောပိ၊ ဖြင့်ရင်း။ အနုပဿိတဗ္ဗာ ဧဝ၊ ရှုမြင်အပ်ကုန်သည်သာလျှင်တည်း။ (ကသ္မာ၊ ကား။) တဒုပဗြူဟနတော၊ ထိုအနတ္တာနုပဿနာကို ပွါးစေခြင်းကြောင့်တည်း။ တသ္မာ၊ ထိုသို့ ရှုမြင်အပ်သည်၏ အဖြစ်ကြောင့်။ ဟုတွာ အဘာဝင္ဂေနာတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။

ယသ္မာ၊ ကြောင့်။ မာနသမုဂ္ဃါဋနံ နာမ၊ မာနကိုအကြွင်းမဲ့ နုတ်ခွါခြင်း မည်သည်ကား။ အနိစ္စာနုပဿနာယ၊ ဖြင့်။ ဟောတိ၊ ၏။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ ဘိဇ္ဇနကေ၊ ပျက်တတ်ကုန်သော။ သင်္ခါရေ၊ တို့ကို။ ပဿန္တဿ၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်အား။ မာနဿ၊ ၏။ အဝသရော၊ သက်ဝင်ခွင့်သည်။ ကုတော၊ အဘယ်မှာရှိအံ့နည်း။ ဟိ၊ မှန်။ အသ္မိမာနသမုဂ္ဃါဋာယ၊ အသ္မိမာနကို အကြွင်းမဲ့ခွါနုတ်ခြင်းအကျိုးငှါ။ အနိစ္စသညာ၊ ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ယသ္မာ၊ ကြောင့်။ နိကန္တိပရိယာဒါနံ နာမ၊ နိကန္တိတဏှာကို ကုန်စေခြင်း မည်သည်ကား။ ဒုက္ခာနုပဿနာယ၊ ဖြင့်။ ဟောတိ၊ ၏။ ဟိ၊ မှန်။ သဘာဝတော စ၊ ပင်ကိုရင်းသဘောအားဖြင့်ရင်း။ ဒုက္ခဝတ္ထုတော စ၊ ဒုက္ခ၏တည်ရာအကြောင်းအားဖြင့်ရင်း။ ဒုက္ခဘူတေ၊ ဆင်းရဲဖြစ်၍ဖြစ်ကုန်သော။ သင်္ခါရေ၊ တို့ကို။ ပဿန္တဿ၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုသင်္ခါရတို့၌။ ဤသကမ္ပိ၊ အနည်းငယ်မျှသော်လည်း။ အဘိရတိ၊ ပျော်မွေ့ခြင်းသည်။ (အဘိရတော-ကား မသင့်) န ဟောတိ၊ မဖြစ်။ ဟိ၊ မှန်။ အဿာဒါနုပဿိနော၊ သာယာဖွယ်ဟု ရှုမြင်သောပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုသင်္ခါရတရားတို့၌။ တဏှာ၊ သည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏၊ ဝါ၊ ဖြစ်နိုင်၏။ သေသံ၊ အကြွင်းသည်။ အနတ္တလက္ခဏေ၊ ၌။ ဝုတ္တနယမေဝ၊ ရှိသည်သာလျှင်တည်း။ ပန၊ ဆက်။ အယံ၊ ဤဆိုလတ့ံသည်ကား။ ဧတ္ထ၊ ဤအရာ၌။ သင်္ခေပတ္ထော၊ အကျဉ်းဖြစ်သော အနက်တည်း။ ဝုတ္တနယေန၊ နည်းဖြင့်။ ပဋိပါဋိတော၊ အစဉ်အားဖြင့်။ သမ္မသနံ၊ သုံးသပ်ခြင်းကို။ ပဿုတဿ၊ လေ့ကျက်သော။ ယောဂိနော၊ အား။ ယဒါ၊ ၌။

အနတ္တာနုပဿနာ၊ သည်။ တိက္ခာ၊ ထက်သည်။ သူရာ၊ ရဲရင့်သည်။ ဝိသဒါ၊ သန့်ရှင်းသည်။ (ဟု ဘွာ၊ ၍။) ပဝတ္တတိ၊ ဖြစ်၏။ ဣတရာ၊ ဤမှတပါးကုန်သော။ ဒွေပိ၊ နှစ်ပါးသော အနုပဿနာတို့သည်လည်း။ တဒနုဂတိကာ၊ ထိုအနတ္တာနုပဿနာသို့ အစဉ်လိုက်ကုန်သည်။ (ဟောန္တိ၊ ကုန်၏။) တဒါ၊ ထိုအခါ၌။ အနေန၊ ဤယောဂီသည်။ ဒိဋ္ဌိဥဂ္ဃါဋနံ၊ ဒိဋ္ဌိကိုခွါနုတ်ခြင်းကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ သဗ္ဗာ ဒိဋ္ဌိယော၊ အလုံးစုံသောဒိဋ္ဌိတို့သည်။ အတ္တဒိဋ္ဌိမူလိကာ၊ အတ္တဒိဋ္ဌိလျှင် အမြစ်အရင်းရှိကုန်၏။ အနတ္တာနုပဿနာ စ၊ သည်လည်း။ အတ္တဒိဋ္ဌိယာ၊ ၏။ ဥဇုပဋိပက္ခာ၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဖက်သည်။ (ဟောတိ၊ ၏။)

ယဒါ ပန၊ ၌ကား။ အနိစ္စာနုပဿနာ၊ သည်။ တိက္ခာ၊ သည်။ပ။ ဒွေပိ၊ တို့သည်လည်း။ တဒနုဂတိကာ၊ ထိုအနိစ္စာနုပဿနာသို့ အစဉ်လိုက်ကုန်သည်။ (ဟောန္တိ၊ ကုန်၏။) တဒါ၊ ၌။ အနေန၊ သည်။ မာနသမုဂ္ဃါဋနံ၊ မာနကို အကြွင်းမဲ့ခွါနုတ်ခြင်းကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ နိစ္စ ဂါဟော၊ မြဲသည်ဟုယူခြင်းသည်။ သတိ၊ သော်။ ဣဒံ၊ ဤဌာနသည်။ နိစ္စံ၊ မြဲ၏။ ဣဒံ၊ သည်။ ဓုဝံ၊ ခိုင်ခံ့၏။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဗက-ဗြဟ္မုနော ဝိယ၊ ဗကဗြဟ္မာ၏ကဲ့သို့။ မာနဇပ္ပနာ၊ မာန်ထောင်လွှားခြင်းသည်။ ဟောတိ၊ ၏။ အနိစ္စာနုပဿနာ စ၊ သည်လည်း။ နိစ္စဂါဟဿ၊ မြဲသည်ဟုယူခြင်း၏။ ဥဇုပဋိပက္ခာ၊ သည်။ ဟောတိ၊ ၏။

ယဒါ ပန၊ ၌ကား။ ဒုက္ခာနုပဿနာ၊ သည်။ တိက္ခာ၊ ထက်သည်။ပ။ ဒွေပိ၊ တို့သည်လည်း။ တဒနုဂတိကာ၊ ထိုဒုက္ခာနုပဿနာသို့ အစဉ်လိုက်ကုန်သည်။ (ဟောန္တိ၊ ကုန်၏။) တဒါ၊ ၌။ အနေန၊ သည်။ နိကန္တိပရိယာဒါနံ၊ နှစ်သက်လိုလားသော နိကန္တိတဏှာကို ကုန်စေခြင်းကို။ ကတံ၊ သည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ သုခသညာယ၊ ချမ်းသာဟုထင်သော အမှတ်သညာသည်။ သတိ၊ သော်။ တဏှာဂါဟော၊ တဏှာဖြင့်စွဲယူခြင်းသည်။ (ဤ၌ ဝ-ပိုနေသည်) (ဟောတိ၊ ၏။) ဒုက္ခာနုပဿနာ စ၊ သည်လည်း။ နိကန္တိယာ၊ ၏။ ဥဇုပဋိ-ပက္ခာ၊ သည်။ (ဟောတိ၊ ၏။) ဧဝံ၊ သို့။ တိဿန္နံ၊ ကုန်သော။ အနုပဿနာနံ၊ တို့၏။ ကိစ္စဝိသေသဝသေန၊ ကိစ္စအထူး၏ အစွမ်းအားဖြင့်။ ဒိဋ္ဌိဥဂ္ဃါဋနာဒီနိ၊ ဒိဋ္ဌိဥဂ္ဃါဋနစသည်တို့သည်။ ဟောန္တိ ကုန်၏။ တေန၊ ကြောင့်။ ဣတိ အယံ။ပ။ တိဋ္ဌတိတ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ ၏။ အနုပဿနာနံ၊ သုံးပါးသော အနုပဿနာတို့၏။ ယထာရဟံ စ္ဝာ။ သကကိစ္စကရဏံ၊ မိမိဥစ္စာဖြစ်သော အမှုကိစ္စကို ပြုခြင်းသည်။ သကဋ္ဌာနေယေဝ၊ မိမိ၏ဥစ္စာဖြစ်သော အရာ၌သာလျှင်။ ဌာနံ၊ တည်ခြင်းသည်။ (ဟောတိ၊ ၏။) တသ္မာ၊ ကြောင့်။ ဝိသုံ၊ အသီးအခြား။ သမ္မသနနယော၊ သုံးသပ်နည်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ န ဝတ္တဗ္ဗံ၊ မဆိုအပ်မဆိုထိုက်။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။

၇၂၂။ သဗ္ဗာကာရတောတိ၊ ကား။ ဣမ ဝိယ၊ ဤတီရဏပရိညာ၌ကဲ့သို့။ ကေဒေသေန၊ တစိတ်တဒေသအားဖြင့်။ အဝတွာ၊ မဆိုမူ၍။ သဗ္ဗာကာရတော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ သရူပတော စ၊ သရုပ်အားဖြင့်၎င်း။ ကိစ္စတော စ၊ အားဖြင့်၎င်း။ အနဝသေသတော၊ အကြွင်းမဲ့အားဖြင့်။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်သော။ ဣမေဝါတိ၊ ကား။ တီရဏပရိညာယမေဝ၊ ၌သာလျှင်။ ဧတ္ထ၊ ဤဘီရဏပရိညာအရာ၌။ ကေစ္စာနံယေဝ အနုပဿနာနံ၊ အချို့သော အနုပဿနာတို့ကိုသာလျှင်။ ပဋိလာဘော၊ ရခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ ကေဒေသံ ပဋိဝိဇ္ဈန္တောတိ၊ ဟူ၍။ အာဟ၊ ၏။ တာ ပန၊ ထိုတဆယ့်ရှစ်ပါးသော မဟာဝိပဿနာတို့ကိုကား။ သယမေဝ၊ အဋ္ဌကထာဆရာကိုယ်တိုင်ပင်လျှင်။ သရူပတော၊ အားဖြင့်။ [၄၁၇] ဒဿေဿတိ၊ ပြလတ့်။ တပ္ပဋိ-ပက္ခေ ဓမ္မေတိ၊ ကား။ ယာ အနုပဿနာ၊ အကြင် အနုပဿနာတို့သည်။ ဣမ၊ ဤအရာ၌။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ တာသံ၊ တို့၏။ ပဋိပက္ခေ၊ ဆန့်ကျင်ဖက်ဖြစ်ကုန်သော။ နိစ္စသညာဒိကေ၊ နိစ္စသညာအစရှိကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပဇဟတိ၊ ပယ်၏။ ဝိက္ခမ္ဘေတိ၊ ကွာစေ၏။

ခယာနုပဿနန္တိ၊ ကား။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ ခဏဘင်္ဂါနုပဿနံ၊ ခဏအားဖြင့် ပျက်စီးခြင်း-ခဏဘင်ကို ရှုသောဝိပဿနာကို။ ဘာဝေန္တောတိ၊ ကား။ ဝဍ္ဎေန္တော၊ ပွါးစေသည်ရှိသော်။ ဃနသညန္တိ၊ ကား။ သန္တတိသမူဟ-ကိစ္စာရမ္မဏာနံ၊ သန္တတိ သမူဟ ကိစ္စ အာရုံတို့၏၊ ဝါ၊ အစဉ် အပေါင်း ကိစ္စ အာရုံတို့၏။ ဝသေန၊ အားဖြင့်။ ဧကတ္တဂ္ဂဟဏံ၊ တခုတည်းအဖြစ်ဖြင့် ယူခြင်းကို၊ ဝါ၊ တခုတည်းဟု ယူခြင်းကို။ ခယာနုပဿနန္တိ၊ ကား။ ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝါနုပဿနံ၊ မရှိခြင်းကိုရှုမြင်သော အနုပဿနာကို။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ယာယ ပညာယ၊ အကြင်ပညာဖြင့်။ ဃနဝိနိဗ္ဘောဂံ၊ ဃနအစိုင်အခဲ၏ အသီးအသီးကွဲပျက်ခြင်းကို။ ကတွာ၊ ပြု၍။ ခယဋ္ဌေန၊ ကုန်ခြင်းအနက်သဘောကြောင့်။ အနိစ္စံ၊ မမြဲ။ ဣတိ၊ သို့။ ပဿတိ၊ မြင်၏။ သာ ပညာ၊ ထိုပညာသည်။ ခယာနုပဿနာ၊ မည်၏။ ဘင်္ဂါနုပဿနတော၊ ဘင်္ဂါနုပဿနာဉာဏ်မှ။ ပဋ္ဌာယ၊ ၍။ တဿာ၊ ထိုခယာနုပဿနာဉာဏ်၏။ ပါရိပူရိ၊ ပြည့်စုံခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ ဃနသညာယ၊ ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ၏။ တတော၊ ထိုဘင်္ဂါနုပဿနာဉာဏ်မှ။ ပုဗ္ဗေ၊ ၌။ အပရိပုဏ္ဏတာယ၊ မပြည့်စုံသေးသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုဃနသညာကို ပယ်ခြင်းသည်။ န ဟောတိ၊ မဖြစ်သေး။ အညတ္ထာပိ၊ တပါးသော အနုပဿနာတို့၌လည်း။ ဧဝံ၊ ဤအတူပင်တည်း။ ဣတိ၊ ကြောင့်။ ပဟာန-တီရဏပရိညာသု၊ ပဟာနပရိညာ တီရဏပရိညာတို့၌။ ဝိပဿနာပညာယ၊ ၏။ ပရိပုဏ္ဏာပရိပုဏ္ဏတာ၊ ပြည့်စုံသည်၏အဖြစ် မ ပြည့်စုံသည်၏အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊

၏။ ပစ္စက္ခတော စ၊ ပစ္စက္ခအားဖြင့်၎င်း။ အနွယတော စ၊ မျက်မှောက်အသိသို့ အစဉ်လိုက်သော အနွယဉာဏ်အားဖြင့်၎င်း။ သမ္မသနံ၊ တို့၏။ ဘင်္ဂံ၊ ပျက်ခြင်းကို။ ဒိသွာ၊ မြင်ပြီး၍။ ဘင်္ဂသင်္ခါတေ၊ ပျက်ခြင်းဟု ဆိုအပ်သော။ တတ္ထေဝ နိရောဓေ၊ ထိုချုပ်ခြင်း၌သာလျှင်။ အဓိမုတ္တတာ၊ နှလုံးသွင်းညွတ်ကိုင်းသည်၏ အဖြစ်သည်။ ဝယာနုပဿနာ၊ မည်၏။ တာယ၊ ထိုဝယာနုပဿနာဖြင့်။ အာယူဟနံ၊ အားထုတ်ခြင်းကို။ ပဇဟတိ၊ ပယ်၏။ ယဒတ္ထံ စ၊ အကြင်အကျိုးငှါ၎င်း။ ယာယ စ၊ အကြင်တဏှာဖြင့်၎င်း။ အာယူဟတိ၊ အားထုတ်၏။ တသ္မိံ ပဝတ္တေ စ၊ ထိုမပြတ်ဖြစ်သော ရုပ်နာမ်အယဉ်၌၎င်း။ တိဿံ တဏှာယ စ၊ ထိုတဏှာ၌၎င်း။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ သည်။ န နမတိ၊ မညွတ်ကိုင်း။ ဣတိ၊ သို့သိအပ်၏။ တေန၊ ကြောင့်။ ဝယာနုပဿနံ။ပ။ ပဇဟတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဇာတဿ၊ ဖြစ်ပြီးသောတရား၏။ ဇရာမရဏေဟိ၊ အိုခြင်းသေခြင်းတို့ဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြားအားဖြင့်။ ပရိဏာမဒဿနံ ဝါ၊ ပြောင်းလဲခြင်းကို ရှုမြင်ခြင်းသည်၎င်း။ ရူပသတ္တကာဒိဝသေန၊ စသည်တို့၏ အစွမ်းအားဖြင့်။ ပရိဂ္ဂဟိတဿ၊ သိမ်းဆည်းအပ်သောရုပ်နာမ်၏။ တံတံပရိစ္ဆေဒတော၊ ထိုထိုအပိုင်းအခြားမှ။ ပရံ၊ ၌။ အညထာဘာဝဒဿနံ၊ တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို ရှုမြင်ခြင်းသည်၎င်း။ (ဝိသုဒ္ဓိ ၂-၃၃၆-ညီ) ဝိပရိဏာမာ-နုပဿနာ၊ မည်၏။ တာယ၊ ထိုဝိပရိဏာမာနုပဿနာဖြင့်။ ဓုဝသညံ၊ ဓုဝသညာဟု ဆိုအပ်သော။ ထိရဘာဝဂဟဏံ၊ မြဲမြံသည်၏အဖြစ်ကို ယူခြင်းကို။ ပဇဟတိ၊ ၏။

အနိမိတ္တာနုပဿနာဒယော၊ နာစသည်တို့သည်။ အနိစ္စာနုပဿနာဒယော ဧဝ၊ နာစသည်တို့ပင်လျှင်တည်း။ နိမိတ္တန္တိ၊ ကား။ သန္တတိယံ စ၊ အစဉ်၌၎င်း။ သမူဟေ စ၊ အပေါင်း၌၎င်း။ ဧကတ္တသညာယ၊ တခုတည်း၏ အဖြစ်ဖြင့် ထင်သောအမှတ်သညာဖြင့်၊ ဝါ၊ တခုတည်းဟုထင်သော အမှတ်သညာဖြင့်။ ဂယှမာနံ၊ သော။ (ဉပဋ္ဌာနမတ္တံ-၌ စပ်) ကာလန္တရာဝဋ္ဌာယိဘာဝေန စ၊ ကာလတပါးတိုင်အောင် တည်လေ့ရှိသည်၏ အဖြစ်ဖြင့်၎င်း။ နိစ္စဘာဝေန စ၊ ဖြင့်၎င်း။ သင်္ခါရာနံ၊ တို့၏။ သကိစ္စပရိစ္ဆေဒတာယ၊ မိမိ၏ ကိစ္စအပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့်။ သဝိဂ္ဂဟာနံ ဝိယ၊ အထည်ကိုယ်ရှိကုန်သကဲ့သို့။ (မဟာဋီ ၂-၄၄၇-ညီ) ဉပဋ္ဌာနမတ္တံ၊ ထင်ခြင်းမျှကို။ ပဏိဓိန္တိ၊ ကား။ သုခပတ္ထနံ၊ ချမ်းသာကိုတောင့်တခြင်းကို။ ဝါ၊ ကား။ ရာဂါဒိပဏိဓိံ၊ ရာဂအစရှိသောပဏိဓိကို။ (ပြလတ့်သော သရုပ် အရကောက်နှင့်အညီ ရာဂပဏိဓိံ ဟု ရှိသင့်၏။ ရာဂပဏိဓိံ၊ ရာဂဟူသော တောင့်တခြင်းကို။) အတ္တတော၊ အနက်တရားကိုယ်အားဖြင့်။ တဏှာဝသေန၊ အားဖြင့်။ သင်္ခါရေသု၊ တို့၌။ နိန္နတံ၊ ညွတ်သည်၏အဖြစ်ကို။ အဘိနိဝေသန္တိ၊ ကား။ အတ္တာဘိနိဝေသံ၊ အတ္တဟု မြဲမြံစွာ နှလုံးသွင်းခြင်းကို။ ဟိ-သစ္စံ၊ ၏။ ဧတေသံ နိမိတ္တာဒီနံ၊ ဤနိမိတ်စသည်တို့၏။ ပဋိပက္ခဘာဝေန၊ ဆန့်ကျင်ဘက်၏ အဖြစ်ဖြင့်။ အနိစ္စာနုပဿနာဒယော၊ အနိစ္စာနုပဿနာ စသည်

တို့ကို။ အနိမိတ္တာဒိနာမေဟိ၊ အနိမိတ္တအစရှိသော အမည်တို့ဖြင့်။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဣတိ၊ ကြောင့်။ အနိစ္စာနုပဿနာဒီဟိ၊ နာစသည်တို့ဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်သော။ နိစ္စသညာဒယော ဝိယ၊ နိစ္စသညာ စသည် တို့ကဲ့သို့။ နိမိတ္တဂ္ဂါဟာဒယောဝ၊ နိမိတ္တဂ္ဂါဟာစသည်တို့သည်သာလျှင်။ ပဋိ- ပက္ခာ၊ ဆန့်ကျင်ဖက်တို့တည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။ ရူပါဒိအာရမ္မဏံ၊ ရုပ်ခန္ဓာအစရှိသော အာရုံကို။ ဥ တွာ၊ ပျက်သည်ဟုသိပြီး၍။ တဒါရမ္မဏဿ၊ ထိုရုပ်ခန္ဓာစသည်လျှင် အာရုံရှိသော။ စိတ္တဿ၊ ၏။ ဘင် ၊ အပျက်ကို။ ဒိသွာ၊ မြင်ပြီး၍။ သင်္ခါရာ ဧဝ၊ တို့သည်သာလျှင်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ သင်္ခါရာနံ၊ တို့၏သာလျှင်။ (ဧဝ-လိုက်) မရဏံ၊ သေခြင်းတည်း။ အညော၊ သင်္ခါရတို့မှ တပါးသော။ ကောစိ၊ သေတတ်သော တစုံတယောက်သောသူသည်။ နအတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဘင်္ဂဝသေန၊ ပျက်သည်၏အစွမ်းအားဖြင့်။ သုညတံ၊ အတ္တမှ ဆိတ်သည်၏အဖြစ်ကို။ ဂဟေတွာ၊ ယူ၍။ ပဝတ္တာ၊ သော။ ဝိပဿနာ သည်။ အဓိပညာ စ၊ လွန်ကဲသောပညာလည်း ဟုတ်၏။ သာ၊ ထိုလွန်ကဲသော ပညာ ဟူသည်။ ဓမ္မေသု၊ သဘောတရားတို့၌။ ဝိပဿနာ စ၊ ရှုသောဝိပဿနာလည်း ဟုတ်၏။ ဣတိ၊ ကြောင့်။ အဓိပညာ ဓမ္မဝိပဿနာ၊ မည်၏။ တာယ၊ ထိုအဓိပညာ ဓမ္မဝိပဿနာဖြင့်။ နိစ္စသာရာဒိအာဒါနဝသေန၊ မြဲသောအနှစ်စသည်ကို ယူသည် ၏ အစွမ်းအားဖြင့်။ ပဝတ္တံ၊ သော။ အဘိနိဝေသံ၊ မြဲမြံစွာ နှလုံးသွင်းခြင်းဟု ဆိုအပ်သော။ သတဏှံ၊ တဏှာနှင့်တကွဖြစ်သော။ ဒိဋ္ဌိ ၊ ဒိဋ္ဌိကို။ ပဇဟတိ၊ ၏။ ယထာဘူတဉာဏဒဿနံ နာမ၊ ယထာဘူတဉာဏ်အမြင်မည်သည်ကား။ သပစ္စယ- နာမရူပဒဿနံ၊ အကြောင်းနှင့်တကွသော နာမ်ရုပ်ကို ရှုမြင်သောဉာဏ်တည်း။ တေန၊ ထိုယထာဘူတဉာဏ်အမြင်ဖြင့်။ အဟံ၊ ငါသည်။ အတီတံ အဒ္ဓါနံ၊ အတိတ် အခွန့်ကကာလ၌။ အဟောသိံ နု ခေါ၊ ဖြစ်ခဲ့လေသလော-ရှိခဲ့လေ သလော။ [၄၁၈] ဣတိ၊ သို့။ ဧဝမာဒိကဥ္စ၊ ဤသို့အစရှိသည်ဖြင့်လည်း ဖြစ်သော။ (သမ္မောဟာဘိနိဝေသံ-၌စပ်) ဣဿရတော၊ ပိုင်ရှင်ဣဿရကြောင့်။ လောကော၊ သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဣတိ၊ သို့။ ဧဝမာဒိကဥ္စ၊ ဤသို့ စသည်ဖြင့်လည်းဖြစ်သော။ သမ္မောဟာဘိနိဝေသံ၊ ပြင်းစွာတွေဝေလျက် နှလုံး သွင်းခြင်းကို။ ပဇဟတိ၊ ၏။ ဘယတုပဋ္ဌာနဝသေန၊ ဘယတုပဋ္ဌာနဉာဏ်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ သဗ္ဗဘဝါဒီသု၊ ခပ်သိမ်းသောဘဝစသည် တို့၌။ အာဒီနဝဒဿနဉာဏံ၊ အပြစ်ကိုမြင်သောဉာဏ်သည်။ အာဒီနဝါနုပဿနာ၊ မည်၏။ တာယ၊ ထိုအာဒီနဝါနုပဿနာဖြင့်။ ကဿစိပိ၊ တစုံတခုလည်းဖြစ်သော။ အာလယနိယဿ၊ တွယ်တာစရာမှီခိုစရာကို။ (သီမူနှင့်အညီပင်။ အာလယဿ- ဟု ရှိလျှင် သာ၍ကောင်း၏။ အာလယနိဿယ-ကား ပါဌ်ပျက်) အဒဿနတော၊ မမြင်ခြင်းကြောင့်။ အာလယာဘိနိဝေသံ၊ တွယ်တာဖွယ်ဟု (ဝါ) တွယ်တာ လျက် နှလုံးသွင်းခြင်းဟု ဆိုအပ်သော။ တထာပဝတ္တံ၊ ထိုသို့သောအခြင်းအရာဖြင့်

ဖြစ်သော။ တဏှံ၊ ကို။ ပဇဟတိ၊ ၏။ သင်္ခါရာနံ၊ တို့ကို။ မုဉ္စနဿ၊ စွန့်လွှတ်ခြင်း၏။ ဥပါယဘူတံ၊ ပြီးစီးကြောင်းဖြင်၍ဖြစ်သော။ ပဋိသင်္ခါဉာဏံ၊ သည်။ ပဋိသင်္ခါနုပဿနာ၊ မည်၏။ တာယ၊ ထိုပဋိသင်္ခါနုပဿနာဖြင့်။ အနိစ္စာဒီသု၊ အနိစ္စစသည်တို့၌။ အပ္ပဋိသင်္ခါဘတ္တာ၊ တဖန်မရှုသည်၏ အဖြစ်ကြောင့်။[1] ပဋိသင်္ခါနဿ၊ တဖန်ရှုခြင်း၏။ ပဋိပက္ခဘူတံ၊ ဆန့်ကျင်ဖက်ဖြစ်၍ဖြစ်သော။ အဝိဇ္ဇံ၊ ကို။ ပဇဟတိ၊ ၏။ သင်္ခါရုပေက္ခာ စ၊ သည်၎င်း။ အနုလောမဉာဏဥ္စ၊ သည်၎င်း။ ဝိဝဋ္ဋာနုပဿနာ၊ မည်၏။ ဟိ-သစ္စံ၊ ၏။ တဿာ၊ ထိုဝိဝဋ္ဋာနုပဿနာ၏။ ဝသေန၊ အားဖြင့်။ တဿ၊ ထိုယောဂီ၏။ စိတ္တံ၊ သည်။ ပဒုမပလာသေ၊ ပဒုမ္မာကြာဖက်၌။ ဥဒကဗိန္ဒု၊ ဝိယ၊ ရေပေါက်ကဲ့သို့။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသောသင်္ခါရတို့မှ။ ပတိလီယတိ၊ တွန့်၏။ ပတိကုဋတိ၊ ဆုတ်နစ်၏။ တသ္မာ၊ ကြောင့်။ တာယ၊ ထိုဝိဝဋ္ဋာနုပဿနာဖြင့်။ သံယောဂါဘိနိဝေသံ၊ သံယောဂါဘိနိဝေသဟု ဆိုအပ်သော။ ကာမသံယောဂါဒိကိလေသပ္ပဝတ္တိံ၊ ကာမသံယောဂ အစရှိသော ကိလေသာ၏ဖြစ်ခြင်းကို။ ပဇဟတိ၊ ၏။ အနိစ္စာနုပဿနာဒယော၊ အနိစ္စာနုပဿနာအစရှိကုန်သော။ သတ္တ၊ ကုန်သော။ အနုပဿနာ၊ တို့ကို။ ဟေဋ္ဌာ၊ (မဟာဋီ ၁-၇၉)၌။ အတ္ထတော၊ အနက်အားဖြင့်။ ဝိဘတ္တာ၊ ဝေဘန်အပ်ကုန်ပြီ။ ပရတော စ၊ နောက် (ဘင်ဉာဏ်အရာ၌) ၌လည်း။ သံဝဏ္ဏိယန္တိ၊ ဖွင့်ပြအပ်ကုန်လတ္တံ့။ ဣတိ၊ ကြောင့်။ ဣဓ၊ ဤအရာ၌။ (မယာ၊ ငါသည်။) န ဝုတ္တာ၊ မဆိုအပ်ကုန်။

တာသူတိ၊ ကား။ အဋ္ဌာရသသု၊ ကုန်သော။ မဟာဝိပဿနာသု၊ တို့တွင်။ ဣမိနာတိ၊ ကား။ ယောဂိနာ၊ သည်။ တဿာတိ၊ ကား။ အနိစ္စာဒိလက္ခဏတ္တယဝသေန၊ အနိစ္စအစရှိသော လက္ခဏာသုံးပါးအပေါင်း၏ အစွမ်းအားဖြင့်။ သင်္ခါရာနံ၊ တို့ကို။ ဒိဋ္ဌတ္တာ၊ မြင်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ ဟိ-သစ္စံ၊ ၏။ တံ ဒဿနံ၊ ထိုမြင်ခြင်းသည်။ အနိစ္စာဒိအနုပဿနာ၊ အနိစ္စအစရှိသော အနုပဿနာပင်တည်း။ ဣတိ၊ ဤသို့သိအပ်၏။ ပဋိဝိဒ္ဓါတိ၊ ကား။ ပဋိလဒ္ဓါ၊ ရအပ်ကုန်ပြီ။ ဟိ-သစ္စံ၊ ၏။ ယဒဂ္ဂေန၊ အကြင် အဖို့အားဖြင့်။ ဉာဏေန၊ ဖြင့်။ သဝိသယော၊ မိမိ၏အာရုံကို။ ပဋိဝိဒ္ဓေါ၊ ထိုးထွင်း၍သိအပ်ပြီ။ တဒဂ္ဂေန၊ ထိုအဖို့အားဖြင့်။ တံ၊ ထိုသိသောဉာဏ်ကို။ ပဋိလဒ္ဓံ နာမ၊ ရအပ်သည်မည်သည်။ ဟောတိ၊ ၏။ ရုက္ခော၊ မြေ၌ပေါက်ရောက်သောသစ်ပင်။ ပါဒပေါ၊ အခြေအမြစ်ဖြင့်ရေကို သောက်တတ်သောသစ်ပင်။ တရု၊ မြေမှကျော်တက်သော

---

၁-ပဋိပက္ခဘူတံ-၏ ဟိတ်ပုဒ်ဟု ယူရာ၏။ အပ္ပဋိသင်္ခံ တတ္ထ-ဟု သော်လည်း ပါဌ်ရင်းဖြစ်ရာ၏။ ထိုအလိုအားဖြင့် အနိစ္စာဒီသု၊ တို့၌။ အပ္ပဋိသင်္ခံ၊ တဖန်မရှုခြင်းဟူသော။ တတ္ထ ပဋိသင်္ခါနဿ၊ ထိုအနိစ္စ-စသည်တို့၌ တဖန်ရှုခြင်း၏။ ပဋိပက္ခဘူတံ၊ သော။ အဝိဇ္ဇံ၊ ကို။ ပဇဟတိ၊ ပယ်၏—ဟု အနက်ပေး။ တတ္ထ ပဋိသင်္ခါနဿ ပဋိပက္ခဘူတံ-ဖြင့် အနိစ္စာဒီသု အပ္ပဋိသင်္ခံ-ကို ဖွင့်ပြသည်ဟု ယူအပ်၏။

သစ်ပင်။ ဣတိ ယထာ၊ ဤပုဒ်တို့၌ကဲ့သို့။ ဗျဥ္ဇနမေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ၊ ထူး၏။ တာပိ အနိမိတ္တာပ္ပဏိဟိတသုညတာနုပဿနာ၊ ထိုအနိမိတ္တာနုပဿနာ အပ္ပဏိဟိတာနုပဿနာ သုညတာနုပဿနာတို့ကိုလည်း။

(အဓိပညာဓမ္မဝိပဿနာ၊ သည်။) သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်သော။ ဝိပဿနာ၊ ဝိပဿနာပေတည်း။ တသ္မာ၊ ထိုသို့အဓိပညာဓမ္မဝိပဿနာသည် ဝိပဿနာ အလုံးစုံပင်ဖြစ်သောကြောင့်။ (သာ၊ ထိုအဓိပညာဓမ္မဝိပဿနာကို၊ ဝါ၊ သည်။) ဧကဒေသေန၊ တစိတ်တဒေသအားဖြင့်။ ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍သိအပ်ပြီးသည်။ ဝါ၊ ရအပ်ပြီးသည်။ ဟောတိ၊ ၏။ (ဟောန္တိ-ကား မသင့်) ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။ ကဍ္ခါဝိတရဏဝိသုဒ္ဓိယာ ဧဝ၊ ဖြင့်သာလျှင်။ သင်္ဂဟိတာ၊ အပ်၏။ တသ္မာ၊ ကြောင့်။ တံ၊ ထိုယထာဘူတဉာဏ်အမြင်သည်။ ပဂေဝ-ပါ ဧဝ၊ ရှေးအဖို့ စောစောကပင်လျှင်။ သိဒ္ဓံ၊ ပြီးစီး၏။ ဣတိ၊ ကား။ အတ္တော၊ တည်း။ တေန၊ ကြောင့်။ ဣဒမ္ပိ ဒွယံ ပဋိဝိဒ္ဓမေဝ ဟောတီတိ၊ ဟူ၍။ အာဟ၊ မိန့်ဆိုတော်မူ၏။ သေသေသု၊ ကြွင်းကုန်သော။ နိဗ္ဗိဒါနုပဿနာဒီသု၊ နိဗ္ဗိဒါနုပဿနာ အစရှိကုန်သော။ ဒသသု၊ ဆယ်ပါးသောအနုပဿနာတို့တွင်။ ကိဉ္စိ ပဋိဝိဒ္ဓံ ကိဉ္စိ အပ္ပဋိဝိဒ္ဓန္တိ ဣမိနာ၊ ဟူသောဤပါဌ်ဖြင့်။ တေသံ၊ ထိုဆယ်ပါးသော အနုပဿနာတို့၏၊ ဝါ၊ တို့ဘွင်။ ဧကဒေသပဋိဝေဓံ၊ တစိတ်တဒေသကိုသိခြင်းကို။ အာဟ၊ ၏။ ဟိ၊ ချဲ့။ အနိစ္စာနုပဿနာယ၊ သည်။ သိဒ္ဓါယ၊ ပြီးသည်ရှိသော်။ နိရောဓာနုပဿနာ စ၊ သည်၎င်း။ ခယာနုပဿနာ စ၊ သည်၎င်း။ ဝယာနုပဿနာ စ၊ သည်၎င်း။ ဝိပရိဏာမာနုပဿနာ စ၊ သည်၎င်း။ ဧကဒေသေန၊ ဖြင့်။ သိဒ္ဓါ နာမ၊ ပြီးသည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဒုက္ခာနုပဿနာယ၊ သည်။ သိဒ္ဓါယ၊ သော်။ နိဗ္ဗိဒါနုပဿနာ စ၊ သည်၎င်း။ (ဤမှနောက်၌ ဝိရာဂါနုပဿနာ-ပုဒ်လည်း ရှိသင့်၏။ သို့ရှိလျှင် ဝိရာဂါနုပဿနာ စ၊ သည်၎င်း။) အာဒီနဝါနုပဿနာ စ၊ သည်၎င်း။ (သိဒ္ဓါ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။) အနတ္တာနုပဿနာယ၊ သည်။ သိဒ္ဓါယ၊ သော်။ ဣတရာ၊ ဤမှတပါးသော အနုပဿနာတို့သည်။ (သိဒ္ဓါ၊ ပြီးကုန်သည်။ ဟောန္တိ၊ ကုန်၏။) ဣတိ၊ သို့သိအပ်၏။

## ဥဒယဗ္ဗယဉာဏကထာဝဏ္ဏနာ

[၄၁၉] ၇၂၃။ ပရတော၊ ၌။ ပဋိပဒါဉာဏဒဿနကထာယံ၊ ၌။ အဗ္ဘာဒိဝိဂမေန၊ တိမ်တိုက်စသည်ကင်းသဖြင့်။ အာကာသဿ၊ ၏။ ပရိသုဒ္ဓိ ဝိယ၊ ထက်ဝန်းကျင်စင်ကြယ်ခြင်းကဲ့သို့၎င်း။ ပင်္ကမလဝိဂမေန၊ ရွှံ့ညွန်အညစ်အကြေး ကင်းသဖြင့်။ ဥဒကဿ၊ ရေ၏။ ပရိသုဒ္ဓိ ဝိယ၊ ကဲ့သို့၎င်း။ ကာဠကာပဂမေန၊ မည်းညစ်သောအဆင်းကင်းသဖြင့်။ သုဝဏ္ဏဿ၊ ရွှေ၏။ ပရိသုဒ္ဓိ ဝိယ၊ ကဲ့သို့၎င်း။ သံကိလေသဝိဂမေန၊ ညစ်ညူးကြောင်း သံကိလေသတရားကင်းသဖြင့်။ ဉာဏဿ၊ ၏။ ပရိသုဒ္ဓိ၊ သည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ နိစ္စသညာ-

ဒီနံ ပဟာနေန ဝိသုဒ္ဓဉာဏောတိ၊ ဟူ၍။ အာဟ၊ ၏။ အနေကာကာရ·ဝေါကာရသင်္ခါရေသု၊ များသောအခြင်းအရာတို့ဖြင့် ရောပြွမ်းသောသင်္ခါရတို့၌။ (ဤအရာ၌ အနေကာကာရဝေါကာရသု သင်္ခါရေသု-ဟု ရှိလျှင် သာ၍ကောင်း၏။ အနေကာကာရဝေါကာရသု၊ များသောအခြင်းအရာတို့ဖြင့် ရောပြွမ်းသော။ သမ္မသနသု-၌ စပ်။ သင်္ခါရေသု၊ တို့၌။) လက္ခဏတ္တယသလ္လက္ခဏ-သမ္မသနသု၊ လက္ခဏာသုံးပါးအပေါင်းကို ကောင်းစွာ မှတ်ခြင်းဟူသော သုံးသပ်ခြင်း၏၊ ဝါ၊ ကို။ ကတတ္တာ၊ ပြုအပ်ပြီးသည်၏အဖြစ်ကြောင့်။ သမ္မသနဉာဏ-သု ပါရံ ဂန္တွာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဠိ၌။ သမ္မသနဉာဏဿာတိ၊ ကား။ နယဝိပဿနာသင်္ခါတဿ၊ နာဟုဆိုအပ်သော။ ကလာပသမ္မသနဉာဏဿ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဣတရေ၊ ဤမှတပါးကုန်သော။ သမ္မသနဝိသေသာ၊ သုံးသပ်ခြင်း အထူးတို့သည်။ တဿေဝ၊ ထိုကလာပသမ္မသနဉာဏ်၏သာလျှင်။ ထိရ-ဘာဝါယ၊ ခိုင်မြဲသည်၏ အဖြစ်အကျိုးငှါ။ (ဟောန္တိ၊ ကုန်၏။) ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဝါ၊ ကား။ သမ္မသနဉာဏဿာတိ၊ ကား။ ကလာပသမ္မသနာဒိ-သမ္မသနဉာဏဿ၊ ကလာပသမ္မသနအစရှိသော သမ္မသနဉာဏ်၏။ ဟိ-သစ္စံ၊ ၏။ သာ၊ ထိုသမ္မသနဉာဏ်ပညာသည်။ အနုပဒဓမ္မဝိပဿနာယ၊ နှင့်။ သဒိသာ၊ တူ၏။ ဟိ-သစ္စံ၊ ၏။ တာယ၊ ထိုပညာဖြင့်။ ဒိဋ္ဌိဥဂ္ဃါဋနာဒိ၊ ဒိဋ္ဌိဥဂ္ဃါဋနစသည်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဣတိ၊ သို့သိအပ်၏။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဘာဝနာဝိဓာနံ၊ ဘာဝနာအစီအရင်ကို။ ပရတော၊ ၌။ ဝတ္တုကာမော၊ ဆိုလိုသည်ဖြစ်၍။ သင်္ခေပတော တာဝ အာရဘတီတိ၊ ဟူ၍။ အာဟ၊ ၏။ ဟိ-သစ္စံ၊ ၏။ သင်္ခေပတော၊ အားဖြင့်။ အာရမ္ဘော၊ အားထုတ်ခြင်းသည်။ အာဒိ-ကမ္မိကဿ၊ အစအမှု၌ ယှဉ်သောယောဂီအား၊ ဝါ၊ အားထုတ်ခါစယောဂီအား။ သုကရော၊ ပြုလွယ်သည်။ (ဟောတိ၊ ၏။) တတြာတိ၊ ကား။ သင်္ခေပေန၊ အားဖြင့်။ အာရမ္ဘေ၊ အားထုတ်ရာ၌။

ကထန္တိ၊ ကား။ ကထေတုကမျတာပုစ္ဆာ၊ ဖြေဆိုခြင်းငှါ အလိုရှိသည်၏အဖြစ်ဖြင့် မေးသောပုစ္ဆာတည်း။ ပစ္စုပ္ပန္နံ၊ ပ။ ဥဒယဗ္ဗယာနုပဿနေ ဉာဏန္တိ၊ ဟူ၍။ ယံ၊ အကြင်ဉာဏ်ကို။ ဝုတ္တံ၊ ၏။ တံ၊ ထိုဉာဏ်ကို။ ကထံ၊ အဘယ်သို့။ ဉာတဗ္ဗံ၊ သိအပ်သနည်း။ ဣတိ စေ၊ ဤသို့မေးငြားအံ့။ ဣတိ၊ ကား။ အတ္ထော၊ ကထံ-ဟူသော ပုဒ်၏အနက်တည်း။ သန္တတိပစ္စုပ္ပန္နေ ဝါ၊ သန္တတိပစ္စုပ္ပန်သော်လည်းဖြစ်သော။ ခဏပစ္စုပ္ပန္နေ ဝါ၊ ခဏပစ္စုပ္ပန်သော်လည်းဖြစ်သော။ ဓမ္မေ၊ ရုပ်နာမ်တရား၌။ ဥဒယဗ္ဗယဒဿနာဘိနိဝေသော၊ အဖြစ်အပျက်ကို ရှုခြင်းဟူသော နှလုံးသွင်းခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ အတီတာနာဂတေ၊ အတိတ်အနာဂတ်တရား၌။ န ကာတဗ္ဗော၊ မပြုအပ်။ ဣတိ၊ ကြောင့်။ ပစ္စု-ပ္ပန္နာနံ ဓမ္မာနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ စ၊ ဆက်။ တတ္ထ၊ ဤအရာ၌။ ဥဒယဒဿနံ၊

ဖြစ်ခြင်းကို ရှုခြင်းသည်။ ယာဝဒေဝ ဝယဒဿနတ္ထံ၊ ပျက်ခြင်းကိုရှုခြင်းအကျိုးငှါသာလျှင်တည်း။ ဣတိ၊ ကြောင့်။ ဝယဒဿနဿ၊ ပျက်ခြင်းကို ရှုခြင်း၏။ ပမာနတံ၊ ပြမာန်းသည်၏အဖြစ်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ဝိပရိဏာမာနုပဿနေ ပညာတိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ တံ ပန ဝယဒဿနံ၊ ထိုပျက်ခြင်းကို ရှုခြင်းသည်ကား။ ဥဒယဒဿနပုဗ္ဗကံ၊ ဖြစ်ခြင်းကို ရှုခြင်းလျှင်ရှေ့သွားရှိ၏။ ဣတိ၊ ကြောင့်။ ဥဒယဗ္ဗယာနုပဿနေ ဉာဏန္တိ၊ ဟူ၍။ အာဟ၊ ၏။

ဇာတန္တိ၊ ကား။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ပဋိလဒ္ဓတ္တဘာဝံ၊ ရအပ်သောအတ္တဘော-ရအပ်သော အထည်ကိုယ်-ရအပ်သော သဘောရှိသော။ ဟိ-သစ္စံ၊ ၏။ အယံ ဇာတသဒ္ဒေါ၊ ဤဇာတ-သဒ္ဒါကို။ "ယေ ဓမ္မာ၊ အကြောင်တရားတို့သည်။ ဇာတာ၊ ဖြစ်ကုန်၏။ ဘူတာ၊ ထင်ရှားဖြစ်ကုန်၏။" ဣတိအာဒီသု ဝိယ၊ ပါဋ္ဌ်တို့၌ကဲ့သို့။ ခဏတ္တယသမင်္ဂိတံ၊ ခဏသုံးပါးနှင့် ပြည့်စုံသည်၏အဖြစ်ကို။ သန္ဓာယ၊ ၍။ ဝုတ္တော၊ ဟောအပ်၏။ ယေ တေ ဇာတာ။ပ။ သဘာဝတောတိအာဒီသု ဝိယ၊ တို့၌ကဲ့သို့။ အတီတံ၊ အတိတ်တရားကို။ (သန္ဓာယ၊ ၍။) န ဝုတ္တော၊ ဟောအပ်သည်မဟုတ်။

[ယေ တေ၊ အကြောင်တရားတို့သည်။ ဇာတာ၊ ဖြစ်ကုန်ပြီ။ တေ၊ ထိုဖြစ်ကုန်ပြီးသောအတိတ်တရားတို့သည်။ န သန္တိ၊ ရှိဆဲမဟုတ်ကုန်။ ယေ၊ အကြောင်တရားတို့သည်။ န ဇာတာ၊ မဖြစ်ကုန်သေး။ တေ၊ ထိုမဖြစ်သေးသော အနာဂတ်တရားတို့သည်။ တထေဝ၊ ထိုအတူပင်လျှင်။ (န သန္တိ၊ ရှိဆဲမဟုတ်ကုန်[1] ။ ယေ၊ အကြောင်တရားတို့သည်။) လဒ္ဓတ္တဘာဝါ၊ ရအပ်သော အတ္တဘော-ရအပ်သော အထည်ကိုယ်- ရအပ်သော သဘောရှိကုန်၏။ နေဝ ဘဂ္ဂါ၊ မပျက်ကုန်သေး။ တေဝ၊ ထိုတရားတို့သည်သာလျှင်။ သဘာဝတော၊ သဘောအားဖြင့်။ သန္တိ၊ ထင်ရှားရှိဆဲဖြစ်ကုန်၏။]

ယံ တံ ဇာတံ ဘူတံ သင်္ခတန္တိအာဒီသု ဝိယ၊ ပါဋ္ဌ်တို့၌ကဲ့သို့။ ဇာတတာမတ္တံပိ၊ ဖြစ်သည်၏အဖြစ်မျှကိုလည်း၊ ဝါ၊ ဖြစ်ခြင်းမျှကိုလည်း။ (သန္ဓာယ၊ ၍။) န (ဝုတ္တော၊) ဟောအပ်သည်မဟုတ်။ [ယံ တံ၊ အကြောင်တရားသည်။ ဇာတံ၊ ဖြစ်ပေါ်၏။ ဘူတံ၊ ထင်ရှားဖြစ်၏။ သင်္ခတံ၊ အကြောင်းတရားတို့က ပေါင်းစု၍ပြုပြင်အပ်၏။ တံ၊ ထိုတရားသည်။ ဝတ၊ စင်စစ်။ မာ ပလုဇ္ဇိ၊ မပျက်စီးပါစေသတည်း။ ဣတိ၊ သို့။ နေတံ ဌာနံ၊ ဤသို့တောင့်တ၍ရခြင်း အခွင့်အရေးသည်။ န ဝိဇ္ဇတိ၊ မရှိ။] တေန၊ ထိုသို့ခဏတ္တယသမင်္ဂီအဖြစ်ကို ရည်၍ဟောခြင်း, အတိတ်နှင့်ဇာတတာမတ္တကို ရည်၍မဟောခြင်းကြောင့်။ ဇာတံ ရူပံ ပစ္စုပ္ပန္နန္တိ၊ ဟူ၍။ အာဟ၊ ၏။ ပစ္စုပ္ပန္နရူပံ နာမ၊ ပစ္စုပ္ပန်ရုပ်မည်သည်ကား။ ဇာတံ၊ ဖြစ်သော

[1] တထေဝ-ဖြင့် ဤ န သန္တိ-ကို ငင်သည်။ တတ္ထေဝ-ကား မသင့်။

[၄၉၈] အဂတီသု၊ တို့၌။ ဆန္ဒာဒယော၊ ဆန္ဒစသည်တို့သည်။ ဥပရိမဂ္ဂဝဇ္ဈာ၊ အထက်မဂ်ဖြင့် ပယ်သတ်အပ်ကုန်သည်။ ကိဉ္စာပိ (ဟောန္တိ)၊ အကယ်၍ကားဖြစ်ကုန်၏။ တထာပိ၊ ထိုသို့ပင်ဖြစ်ကုန်သော်လည်း။ တံမူလကဿ၊ ထိုဆန္ဒစသည်လျှင် အကြောင်းရှိသော။ အကတ္တဗ္ဗကရဏဿ စ၊ မပြုအပ်သောအမှုကို ပြုခြင်း၏ရင်း။ ကတ္တဗ္ဗာကရဏဿ စ၊ ပြုအပ်သောအမှုကို မပြုခြင်း၏ရင်း။ အပါယဂမနီယတာယ၊ အပါယ်သို့ လားစေတတ်သော တရား၏အဖြစ်ကြောင့်။ ပဌမမဂ္ဂဝဇ္ဈာ၊ ကုန်၏။

ကတာကတာကုသလကုသလဝိသယံ၊ ပြုအပ်ပြီးသော အကုသိုလ်, မပြုမိသော ကုသိုလ်လျှင် အရာရှိသော။ ဝိပ္ပဋိသာရဘူတံ၊ နှလုံးမသာသော သဘောဖြစ်၍ဖြစ်သော။ ယံ ကုက္ကုစ္စံ၊ သည်။ အတ္ထိ၊ ၏။ တံ၊ ထိုကုက္ကုစ္စကို။ ဣဓ၊ ဤဝိသုဒ္ဓိမဂ်၌။ တတိယဉာဏဝဇ္ဈံ၊ တတိယဉာဏ်ဖြင့် ပယ်သတ်အပ်၏ဟူ၍။ ဝုတ္တံ၊ ၏။ ပန၊ ဆက်။ ကုက္ကုစ္စပကတတာယ၊ အလိုလိုနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ အာပတ္တိ ၊ သို့။ အာပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ယံ ကုက္ကုစ္စံ၊ ကို။ ဝုတ္တံ၊ ၏။ တံ၊ ထိုကုက္ကုစ္စကို။ သန္ဓာယ၊ ၍။ ကုက္ကုစ္စဝိစိကိစ္ဆာ၊ ကုက္ကုစ္စနှင့် ဝိစိကိစ္ဆာတို့ကို။ သောတာပတ္တိမဂ္ဂေန၊ ဖြင့်။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ ဣတိ၊ သို့။ အဋ္ဌသာလိနီယံ၊ အဋ္ဌသာလိနီကျမ်း၌။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ ဒွိန္နံ၊ ကုန်သော။ ဝစနာနံ၊ စကားတို့၏။ အဓိပ္ပါယော၊ အလိုကို။ ဝေဒိတဗ္ဗော၊ ၏။ အညေသုပိ၊ တပါးလည်းဖြစ်ကုန်သော။ ဒေသေသု၊ ဤသို့သဘောရှိကုန်သော။ ဌာနေသု၊ အရာတို့၌။ အဓိပ္ပါယော၊ ကျမ်းဆရာ၏အလိုကို။ မဂ္ဂိတဗ္ဗော၊ ရှာအပ်၏။ ဝိရောဓတော၊ ဆန့်ကျင်သောအားဖြင့်။ န ပစ္စေတဗ္ဗော၊ မယူဆအပ်။ ဝါ၊ ကား။ သြဠာရိကာနဝသေသပ္ပဟာနံ၊ ကြမ်းတမ်းသော ကုက္ကုစ္စကို ပယ်ခြင်းနှင့် အကြွင်းမဲ့ပယ်ခြင်းကို။ သန္ဓာယ၊ ၍။ ကုက္ကုစ္စဿ၊ ၏။ ပဌမတတိယဉာဏဝဇ္ဈတာ၊ တို့ဖြင့် သတ်အပ်သည်၏အဖြစ်ကို။ ဝုတ္တာ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ပန၊ ဆက်။ အနုဝသိတွာ အနုဝသိတွာ၊ နေ့စဉ်ရက်ဆက်နေ၍။ အာဝသထပိဏ္ဍံ၊ ဧည့်ရိပ်သာ၌ တည်ထားသောဆွမ်းကို။ ဘုဉ္ဇိတုံ၊ ငှါ။ ဝါ၊ ကို။ ဘဂဝတာ၊ သည်။ ပဋိက္ခိတ္တံ၊ ပယ်မြစ်အပ်ပြီ။ ဣတိ၊

သို့နှလုံးသွင်း၍။ ကုက္ကုစ္စာယန္တော၊ အလိုလိုရှိသည်ဖြစ်၍။ န ပဋိဂ္ဂဟေသိ၊ ခံယူတော်မမူ။ ဣတိ၊ သို့။ အာဂတံ၊ လာသော။ ကုက္ကုစ္စံ၊ သည်။ အရဟ-တော၊ ရဟန္တာပုဂ္ဂိုလ်အား။ ဥပ္ပဇ္ဇနတော၊ ကြောင့်။ နိဝရဏံ၊ သည်။ န၊ မဟုတ်။ ပန၊ စင်စစ်။ နိဝရဏပဋိရူပကံ၊ နိဝရဏနှင့်တူသော။ "ကပ္ပတိ၊ အပ်လေသလော။ န ကပ္ပတိ၊ မအပ်လေသလော။" ဣတိ၊ သို့။ ဝိမံသနဘူတံ၊ စူးစမ်းဆင်ခြင်ခြင်းသဘော ဖြစ်၍ဖြစ်သော။ ဝိနယကုက္ကုစ္စံ နာမ၊ မည်၏။ တံ၊ ထိုဝိနယကုက္ကုစ္စသည်။ တထာပဝတ္တစိတ္တုပ္ပါဒေါ၀၊ ထိုသို့သော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သာလျှင်တည်း။

အဏုသဟဂတာ၊ သိမ်မွေ့သည်အဖြစ်သို့ရောက်ကုန်သော၊ ဝါ၊ သိမ်မွေ့ကုန်သော။ ကာမရာဂပဋိဃာနုသယာ၊ တို့ကို။ တတိယဉာဏဝဇ္ဈာ၊ တတိယဉာဏ်ဖြင့် သတ်အပ်ကုန်၏။ ပန၊ ဆက်။ ဩဠာရိကာနံ၊ ရုန့်ရင်းကုန်သော ကာမရာဂ ပဋိဃတို့၏။ ဒုတိယဉာဏဝဇ္ဈတာ၊ ဒုတိယဉာဏ်ဖြင့်သတ်အပ်သည်၏ အဖြစ်သည်။ ဟေဋ္ဌာ၊ ၌။ ဝုတ္တနယာဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။

စ၊ ဆက်။ ဧတ္ထ၊ ဤပဟာတဗ္ဗအရာ၌၊ ဝါ၊ ဤသံယောဇန-အစရှိသော ပုဒ်တို့တွင်။ စိတ္တုပ္ပါဒဂ္ဂဟဏေန၊ စိတ္တုပ္ပါဒကိုယူသဖြင့်။ မက္ခပဠာသမာယာသာဌေယျ-ပမာဒထမ္ဘသာရမ္ဘာဒီနံ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းဟူသော မက္ခ, ဂုဏ်ကြီးသော ပုဂ္ဂိုလ်နှင့် ဖက်ပြိုင်ခြင်းဟူသော ပဠာသ, မိမိအပြစ်ကိုဖုံးလွှမ်း၍လှည့်စားခြင်းဟူသော မာယာ, မိမိ၌ မရှိသောဂုဏ်ကိုဖော်ပြ၍ ကောက်ကျစ်စဉ်းလဲခြင်းဟူသော သာဌေယျ, အကုသိုလ် ဒုစရိုက်နှင့် ကာမဂုဏ်တို့၌ စိတ်ကို လွှတ်ထားသည်ဖြစ်၍ မေ့လျော့ခြင်းဟူသော ပမာဒ, ရိုသေထိုက်သောသူတို့အား မရိုသေ မကိုင်းရှိုင်းနိုင်အောင် တောင့်တင်းခြင်းဟူသော ထမ္ဘ, သူတပါးထက် ကျော အောင် သာအောင်ပြု၍ ချုပ်ချယ်ခြင်းဟူသော သာရမ္ဘ အစရှိသော အကုသိုလ်တို့ကို။ သင်္ဂဟော၊ သိမ်းယူခြင်းကို။ ကတော၊ ပြုအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ဂ၁၁။ အဖလော ဝါယာမောတိ ဧတ္ထ၊ ဤပါဌ်၌။ တာဝ၊ စွာ။ အတီတာနံ၊ အတိတ်ကိလေသာတို့ကို။ ပဇဟနေ၊ ပယ်ခြင်း၌။ ဝါယာမော၊ သည်။ နိရုဒ္ဓတ္တာ၊ အတိတ်ကိလေသာတို့၏ ချုပ်ကုန်ပြီးသည်၏အဖြစ်ကြောင့်။ အဖလော၊ အကျိုး မရှိသည်။ ဟောတု၊ ဖြစ်တန်စေ။ အနာဂတာနံ၊ အနာဂတ်ကိလေသာတို့ကို။ ပဇဟနေ ပန၊ ပယ်ရာ၌မူကား။ ကထံ၊ အဘယ်နည်း။ (အပြည့်အစုံဆိုလျှင် ဝါယာမော၊ အားထုတ်ခြင်းသည်။ ကထံ၊ အဘယ်သို့လျှင်။ အဖလော၊ သည်။ ဟောတိ၊ နည်း။ ဟုပေး။) ဣတိ၊ သို့။ တေသမ္ပိ၊ ထိုအနာဂတ်ကိလေသာတို့၏ လည်း။ ဝက္ခမာနံ၊ ဆိုအပ်လတ့်သော။ အဝိပရီတံ၊ မဖောက်မပြန်မှန်ကန်သော။ အတ္ထံ၊ ကို။ အဇာနန္တော၊ မသိသည်ဖြစ်၍၊ ဝါ၊ မသိသောပုဂ္ဂိုလ်သည်။ နတ္ထိတာ-

မတ္တံ၊ မရှိခြင်းမျှကို။ ဂဟေတွာ၊ ယူ၍။ စောဒေတိ၊ စောဒနာ၏။ တထာပိ အဖလောတိ၊ ကား။ ပုဗ္ဗေ၊ ရှေးဖြစ်သော အတိတ်အနာဂတ်ပြဿနာ၌။ ပဟာ-တဗ္ဗာနံ၊ ပယ်အပ်သော ကိလေသာတို့၏။ နတ္ထိတာယ၊ မရှိသည်၏ အဖြစ်ဖြင့်။ စောဒနာ၊ ကို။ ကတာ၊ ပြုအပ်၏။ ဣဓ ဒါနိ၊ ပစ္စုပ္ပန်ပြဿနာကို ပြဆိုသော ယခုအခါ၌။ ပဟာနဿ၊ ပယ်ခြင်း၏။ (နတ္ထိတာယ၊ မရှိသည်၏ အဖြစ်ဖြင့်။ စောဒနာ၊ ကို။ ကတာ၊ ပြုအပ်၏။) ဟိ၊ ချဲ့။ ပဟာနံ၊ ပယ်ခြင်းသည်။ ယဒိ အတ္ထိ၊ အကယ်၍ရှိငြားအံ့။ ပဟာတဗ္ဗာ၊ ပယ်အပ်သောတရားတို့သည်။ ကထံ၊ အဘယ်သို့။ သန္တိ၊ ရှိကုန်အံ့နည်း။ အထ၊ ထိုသို့မဟုတ်။ ပဟာတဗ္ဗာ စ၊ ပယ်အပ်သော တရားတို့သည်လည်း။ (ယဒိ) သန္တိ၊ အကယ်၍ရှိကုန်ငြားအံ့။ ပဟာနဉ္စ၊ သည်လည်း။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ပဟာတဗ္ဗာ စ၊ ပယ်အပ်သော တရားတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ ပဟာနဉ္စ၊ ပယ်ခြင်းသည် လည်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဧတံ၊ ဤအနက် ၂-ခုသည်။ ဝိပ္ပဋိသိဒ္ဓံ၊ အပြန်အလှန်ပယ်မြစ်အပ်သည်။ (ဟောတိ၊ ၏။) ကသ္မာ၊ ကား။ ပဟာတဗ္ဗေသု၊ တို့သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ ပဟာနဿ၊ ၏။ အသမ္ဘဝတော၊ မဖြစ်သင့်ခြင်းကြောင့်တည်း။ (တသ္မာ၊ ထို့ကြောင့်။ ဤပုဒ် ရှိသင့်၏) တဒု-ပဂေါ၊ ထိုပယ်မြစ်ခြင်း အားလျော်သော။ ဝါယာမော၊ သည်။ အဖလော၊ သည်။ (ဟောတိ၊ ၏။ ကိမိဝ၊ မူကား။) အာလောကတမာနံ၊ အလင်းနှင့် အမှောင်တို့၏။ သဟာဝဋ္ဌာနေ၊ အတူတကွတည်ခြင်းသည်။ သတိ၊ သော်။ အာလောကဿ၊ အရောင်အလင်း၏။ အဖလတာ ဝိယ၊ အကျိုးမရှိသည် အဖြစ် ကဲ့သို့တည်း။ အထာပိ၊ ထိုသို့မဟုတ်မူ၍လည်း။ ကထဉ္စိ၊ တစုံတခုသော အကြောင်းဖြင့်။ ပဟာနံ၊ သည်။ (ယဒိ) သိယာ၊ အံ့။ မဂ္ဂဘာဝနာ စ၊ သည် လည်း။ သံကိလေသိကာ၊ သံကိလေသတရားနှင့်ယှဉ်သည်။ အာပဇ္ဇတိ၊ ၏။ (ကသ္မာ၊ ဟူမူ။) ပဟာတဗ္ဗပဟာယကာနံ၊ ပယ်အပ်သောတရားနှင့် ပယ်တတ် သော တရားတို့၏။ [၄၉၉] သဟာဝဋ္ဌာနတော၊ အတူတကွတည်ခြင်းကြောင့် တည်း။ စိတ္တဝိပ္ပယုတ္တသင်္ခါရဝါဒီနံ၊ စိတ်နှင့်မယှဉ်သောသင်္ခါရဟု ဆိုလေ့ရှိသော ပုဂ္ဂိုလ်တို့၏။ ဝိပ္ပယုတ္တသင်္ခါရာနံ၊ စိတ်နှင့်မယှဉ်သော သင်္ခါရတို့၏။ (ဝိပ္ပယုတ္တတာ) ဝိယ၊ မယှဉ်သည်၏အဖြစ်ကဲ့သို့။ ကိလေသာနံ၊ တို့၏။ ဝိပ္ပယုတ္တတာ ဝါ၊ စိတ်နှင့် မယှဉ်သည်၏ အဖြစ်သည်မူလည်း။ သိယာ၊ ၏။ နေသံ ဝါဒီနံ၊ ထိုစိတ္တဝိပ္ပယုတ္တ သင်္ခါရဝါဒီပုဂ္ဂိုလ်တို့၏။ တံ ပန၊ ထိုစကားသည်ကား။ မတိမတ္တံ၊ မိမိတို့၏အလို အယူမျှသည်။ (ဟောတိ) ယထာ၊ ကဲ့သို့။ ဣဓာပိ၊ ဤအရာ၌လည်း။ ဧဝံ၊ ဤအတူပင်တည်း။ ဣတိ၊ သို့။ ဒဿေန္တော၊ ၍။ န စ ပစ္စုပ္ပန္နကိလေသော စိတ္တဝိပ္ပယုတ္တော နာမ အတ္ထိတိ၊ ဟူ၍။ အာဟ၊ ၏။ ဟိ-သစ္စံ၊ ၏။ ကေဝတ္ထု-ကာဒိဘာဝေန၊ ကေဝတ္ထုကစသည်၏ အဖြစ်ဖြင့်။ ဝတ္တမာနာ၊ ဖြစ်ကုန်လျက်။ ခဏတ္တယပရိယာပန္နာ၊ ခဏသုံးပါး၌ အတွင်းဝင်ကုန်သော။ အရူပဓမ္မာ၊ နာမ်

တရားတို့သည်။ ပစ္စုပ္ပန္နာ၊ အကြောင်းကိုစွဲ၍ ဖြစ်ဆဲပစ္စုပ္ပန်မည်ကုန်သည်။ (ဟောန္တိ၊ ကုန်၏။) တေ၊ ထိုပစ္စုပ္ပန် နာမ်တရားတို့သည်။ ကထံ၊ အဘယ်သို့လျှင်။ စိတ္တေန၊ နှင့်။ ဝိပ္ပယုတ္တာ နာမ၊ မယှဉ်သည်မည်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာအံ့နည်း။ တသ္မာ၊ ကြောင့်။ ကိလေသာနံ၊ တို့၏။ ဝိပ္ပယုတ္တတာ၊ စိတ်နှင့်မယှဉ်သည်၏ အဖြစ်သည်။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။ အာဝေဏိကာတိ၊ ကား။ အသာဓာရဏာ၊ မဆက်ဆံသော။ သယမေဝ၊ မိမိအဋ္ဌကထာဆရာကိုယ်တိုင်ပင်လျှင်။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်သော။ ပါဠိအနာရုဠှာ၊ ပါဠိတော်၌ တင်မထားအပ်သော စောဒနာတည်း။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။ ဟိ-သစ္စံ ၏။ ပါဠိယံယေဝ၊ ပင်လျှင်။ ပဋိက္ခိတ္တံ၊ ပယ်အပ်လေပြီ။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ အပ်၏။ ယွာယံ-ယော အယံ ပုဂ္ဂလော၊ အကြင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်။ (ပါဠိနှင့်အညီ ယွာယံ-သာသင့်သည်) ဟဥ္စီတိ၊ ကား။ ယဒိ၊ အကယ်၍။

ဝိနိဗဒ္ဓေါတိ၊ ကား။ မာနေန၊ မာနဖြင့်။ ပတ္ထဒ္ဓစိတ္တော၊ တောင့်တင်းသော စိတ်ရှိလျက်။ ပရာမဋ္ဌောတိ၊ ကား။ မိစ္ဆာဘိနိဝိဋ္ဌော၊ မှားယွင်းစွာနှလုံးသွင်းလျက်။ ထာမဂတောတိ၊ ကား။ ထာမဂတကိလေသော၊ အားအစွမ်းသို့ရောက်သော ကိလေသာရှိလျက်။ ထိရဘာဝဂတာနုသယော၊ ခိုင်မြဲသည်၏ အဖြစ်သို့ရောက်သော အနုသယရှိလျက်။ တေန ဟိ နတ္ထိ မဂ္ဂဘာဝနာတိ၊ ကား။ ယသ္မာ၊ ကြောင့်။ တီသုပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ကာလေသု၊ တို့၌။ ကိလေသာနံ၊ တို့ကို။ ပဟာနံ၊ သည်။ န ယုဇ္ဇတိ၊ မသင့်။ ကိလေသာ စ၊ တို့သည်လည်း။ တိကာလိကာ၊ ကာလသုံးပါး၌ဖြစ်ကုန်၏။ တသ္မာ၊ ထိုနှစ်ပါးသောအကြောင်းကြောင့်။ မဂ္ဂဘာဝနာ၊ သည်။ နတ္ထိ၊ မရှိ။ တာယ၊ ထိုမဂ္ဂဘာဝနာဖြင့်။ သာဓေတဗ္ဗံ၊ ပြီးစေအပ်သော။ ကိစ္စံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ အတ္ထော၊ တည်း။ (န ဟိ-အရာ၌ န ဟီတိ-ဟု ရှိစေရမည်) န ဟီတိ၊ န ဟိ-ဟူသောစကားသည်။ နတ္ထိ မဂ္ဂဘာဝနာတိအာဒိနာ၊ ဖြင့်။ စတုက္ခတ္တုံ၊ လေးကြိမ်။ ဝုတ္တဿ၊ သော။ ပဋိက္ခေပဿ၊ ပရဝါဒီ၏ ပယ်မြစ်ခြင်းကို။ ပဋိက္ခေပေါ၊ ပယ်မြစ်ကြောင်းဖြစ်သော စကားတည်း[၁]။ ဣဒံ၊ (သေယျထာပိ တရုဏော ရုက္ခော။ပ။ အတ္ထိ

---

၁-ဤအရာတွင် ဝိသုဒ္ဓိမဂ်၌ရင်း ဤဋီကာ၌ရင်း ချွတ်ယွင်းချက်များကို ပြင်ဆင်နိုင်ရန် အရင်းခံ သာဓကဖြစ်သော ပဋိသမ္ဘိဒါမဂ်ပါဠိကို ရှေးဦးစွာ ထုတ်ပြအံ့။

တေန ဟိ နတ္ထိ မဂ္ဂဘာဝနာ၊ နတ္ထိ ဖလသစ္ဆိကိရိယာ၊ နတ္ထိ ကိလေသပ္ပဟာနံ၊ နတ္ထိ ဓမ္မာဘိသမယောတိ။ (န ဟိ၊) အတ္ထိ မဂ္ဂဘာဝနာ၊ အတ္ထိ ဖလသစ္ဆိကိရိယာ၊ အတ္ထိ ကိလေသပ္ပဟာနံ၊ အတ္ထိ ဓမ္မာဘိသမယော။ ယထာကထံ ဝိယ၊ သေယျထာပိ တရုဏော ရုက္ခော အဇာတဖလော။ပ။ အတ္ထိ ဓမ္မာဘိသမယောတိ။ (ပဋိသံ ၃၉၅)

အထက်ပါ ပဋိသမ္ဘိဒါပါဠိ၌ လက်သည်းကွင်းဖြင့် ပြထားသော (န ဟိ၊) ဟူသော ပါဌ်မှာ ယခုလက်ရှိ စာအုပ်တို့၌ မရှိပဲ လိုနေသည်၊ ထိုပါဠိရှိသင့်ကြောင်းကို အောက်ပါ အဋ္ဌကထာဖြင့် သိအပ်၏။

ဓမ္မာဘိသမယော-ဟူသော) ဤစကားကို။ (ပါဠိယံယေဝ ဟီတိအာဒိံ-ဟူရာ၌ ပါဠိယံယေဝါတိ-ဟု ဤမျှသာ ရှိစေရမည်) ပါဠိယံယေဝ၊ ၌ပင်လျှင်။ ဝုတ္တံ၊ ၏။ ဣတိ၊ ဤသို့။ အာနေတွာ၊ (ပါဠိယံယေဝ-ဟူသောပုဒ်ကို) ဆောင်၍။ သမ္ဗန္ဓိတဗ္ဗံ၊ စပ်အပ်၏။ ၁

ဝေမေဝါတိ၊ ကား။ အဇာတဖလေ၊ မဖြစ်သေးသော အသီးရှိသော၊ ဝါ၊ အသီးမသီးသေးသော။ တရုဏရုက္ခေ၊ နုပျိုသောသစ်ပင်ကို။ မူလေ၊ အရင်း၌။

---

န ဟီတိ စတုဓာ ဝုတ္တာသု ဝစနသု ပဠိက္ခေပေပါ။ အတ္ထီတိ ပဠိဇာနနံ။ (ပဋိသံ ဌ၊ ဒု-၃၀၅)

အထက်ပါ ပဋိသမ္ဘိဒါမဂ်ပါဠိနှင့် အဋ္ဌကထာတို့ကို ထောက်ဆသောအားဖြင့် ဝိသုဒ္ဓိမဂ် ဒု-နှာ ၃၂၇၊ စာကြောင်း ၂၃-စသည်တို့၌လည်း န ဟိ၊ "အတ္ထိ မဂ္ဂဘာဝနာ။ပ။ အတ္ထိ ဓမ္မာဘိလမယော"တိ ပဠိဇာနိတွာ, "ယထာကထံ ဝိယာ" တိ ဝုတ္တေ, ဣဒံ ဝုတ္တံ—

"သေယျထာပိ တရုဏော ရုက္ခော အဇာတဖလော။ပ။ အတ္ထိ ဓမ္မာဘိသမယော"တိ-ဟု ရှိသင့်၏။ ထိုတွင်လည်း "န ဟိ နတ္ထိ မဂ္ဂဘာဝနာ။ပ။ နတ္ထိ-ဟု ရှိရာ၌ န ဟိ၊ "အတ္ထိ မဂ္ဂဘာဝနာ။ပ။ အတ္ထိ-ဟု ရှိစေရန် လိုရင်းဖြစ်သည်။ ထိုသို့ရှိပါမှ "န ဟီတိ စတုဓာ ဝုတ္တာသု ဝစနသု ပဠိက္ခေပေပါ။ အတ္ထီတိ ပဠိဇာနနံ"ဟူသော ပဋိသံ ဌ-နှင့်ရင်း ထိုအရာ၌ အတ္ထိ မဂ္ဂဘာဝနာ-စသည်ဖြင့်ရှိသော ပဋိသမ္ဘိဒါမဂ်ပါဠိနှင့်ရင်း ညီပေမည်။

ထိုသို့ ဝိသုဒ္ဓိမဂ်၌ န ဟိ-ဟူသောပါဌ် ထင်ရှားရှိခြင်း ပဋိသံ ဌ-၌ န ဟီတိ စတုဓာ ဝုတ္တာသု ဝစနသု ပဠိက္ခေပေပါ-ဟု ပြဆိုထားခြင်းတို့ကို ထောက်ဆသောအားဖြင့် ဤ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လည်း န ဟိ-အရာတွင် န ဟီတိ-ဟု သံဝဏ္ဏေတဗ္ဗ ထုတ်ပြသည့် အနေဖြင့်သာလျှင် ရှိသင့်ကြောင်း၊ ယင်းပုဒ်သည်လည်း ပဋိက္ခေပေပါ-ဟူသော သံဝဏ္ဏနာ ပုဒ်နှင့် အရတူဖြစ်ကြောင်း ထင်ရှား၏။ ထိုကြောင့် န ဟိ-ကို အထက်ပါအတိုင်း န ဟီတိ-ဟု ပြင်၍ အနက်ယောဇနာသည်။ ထိုအဖွင့်ဖြင့် ဆိုလိုသည်မှာ- ဝိသုဒ္ဓိမဂ်၌ ထုတ်ဆောင်ပြသော တေန ဟိ-စသော ပဋိသံ ပါဠိကို—

တေန ဟိ၊ ထိုသို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ကိလေသာတို့ကို မပယ်သည်ရှိသော်။ မဂ္ဂဘာဝနာ၊ မဂ်ကို ပွါးစေခြင်းသည်။ နတ္ထိ၊ မရှိပြီလော။ ဖလသစ္ဆိကိရိယာ၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည်။ နတ္ထိ၊ လော။ ကိလေသပ္ပဟာနံ၊ ကိလေသာတို့ကို ပယ်ခြင်းသည်။ နတ္ထိ၊ လော။ ဓမ္မာဘိသမယော၊ တရားကိုသိခြင်းသည်။ နတ္ထိ၊ မရှိပြီလော။ ဣတိ၊ ဤသို့သော။ ပဉ္စာပရိယောသာနေ၊ ၄-ခုသော မေးခွန်းပြဿနာ၏ အဆုံး၌။ န ဟိ၊ မရှိသည်မဟုတ်ပေ။ "မဂ္ဂဘာဝနာ၊ -သည်။ အတ္ထိ၊ ရှိပေ၏။ပ။ ဓမ္မာဘိသမယော၊ သည်။ အတ္ထိ၊ ရှိပေ၏။" ဣတိ၊ သို့။ ပဋိဇာနိတွာ၊ ဝန်ခံပြီး၍-ဟု အနက်ယောဇနာပြီးလျှင် နတ္ထိ မဂ္ဂဘာဝနာ။ပ။ နတ္ထိ ဓမ္မာဘိသမယော-ဟု ပရဝါဒီက ပယ်မြစ်၍ စောဒနာသော ပြဿနာ ၄-ချက်ကို န ဟိ-ဖြင့် ပယ်မြစ်သည်ဟု ယူရမည်ဟူ၍ ဆိုလို၏။

၁-ဝိသုဒ္ဓိမဂ်၌ ဣဒံ ဝုတ္တံ-ဟု ဆိုထားရာတွင် ဝုတ္တံ-၏ အာခါရ လိုနေသောကြောင့် ရှေး၌ ဆိုခဲ့သော ပါဠိယံယေဝ-ဟူသော အာခါရပုဒ်ကို ဆောင်၍စပ်ရန်ပြသည်။ ထိုထက် အပိုအလွန် ဆောင်ဖွယ်မရှိ။ ထိုကြောင့် ဤအရာ၌ ဟိ-နှင့် အာဒိံ-ဟူသော ၂-ပုဒ် အပိုပင် ဖြစ်သည်။

ဆိန္နေ၊ ဖြတ်အပ်သည်ရှိသော်။ (ဝိနဋ္ဌာနိ နာမ ဟောန္တိ-၌ စပ်) ဆေဒနေ၊ ဖြတ်ခြင်းသည်။ အသတိ၊ မရှိပါမူ။ (ဥပ္ပဇ္ဇနာရဟာနိ-၌ စပ်) အာယတိံ၊ နောင်အခါ၌။ ဥပ္ပဇ္ဇနာရဟာနိ၊ ဖြစ်ပေါ်ခြင်းငှါ ထိုက်ကုန်သော။ (ဖလာနိ၊ အသီးတို့သည်။) ဆေဒနပစ္စယာ၊ ဖြတ်ခြင်းဟူသော အကြောင်းကြောင့်။ အနုပ္ပဇ္ဇမာနာနိ၊ မဖြစ်ပေါ်နိုင်ကုန်သည်ဖြစ်၍။ ဝိနဋ္ဌာနိ နာမ၊ ပျက်စီးသည်မည်ကုန်သည်။ ဟောန္တိ ယထာ၊ ကဲ့သို့။ ဧဝမေဝ၊ တူပင်လျှင်။ မဂ္ဂဘာဝနာယ၊ သည်။ အသတိ၊ မရှိလတ်သော်။ ဥပ္ပဇ္ဇနာရဟာ၊ ဖြစ်ခြင်းငှါ ထိုက်ကုန်သော။ ကိလေသာ၊ တို့သည်။ မဂ္ဂဘာဝနာယ၊ ကြောင့်။ အနုပ္ပဇ္ဇမာနာ၊ မဖြစ်နိုင်ကုန်သည်ဖြစ်၍။ ပဟီနာတိ၊ ပယ်အပ်ကုန်သည်ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဥပမာသံသန္ဒနံ၊ ကို။ ဝေဒိတဗ္ဗံ၊ ၏။ ဥပ္ပါဒေါတိ၊ ဟူသောပုဒ်ဖြင့်။ ဥပ္ပါဒသီသေန၊ ဥပ္ပါဒကို ခေါင်းတပ်သဖြင့်။ ဥပ္ပါဒဝန္တော၊ ဖြစ်ခြင်းရှိကုန်သော။ ခန္ဓာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ အနုပ္ပါဒေတိ၊ ကား။ နိဗ္ဗာနေ၊ ၌။ အဇာတတာယေဝ၊ ဖြစ်ပြီးမဟုတ်ကုန်မူ၍သာလျှင်၊ ဝါ၊ မဖြစ်ကုန်သေးမူ၍သာလျှင်။ န ဇာယန္တိ၊ မဖြစ်ပေါ်ကုန်။ တသ္မာ၊ ကြောင့်။ ပဟီနာ နာမ၊ ပယ်အပ်သည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ (ပဋိက္ခိတ္တော-၌ စပ်) နတ္ထိ ကိလေသပ္ပဟာနန္တိ၊ ဟူ၍။ ပရဝါဒိနာ၊ သည်။ ကတော၊ ပြုအပ်သော။ ပဋိက္ခေပေါ၊ ပယ်မြစ်ခြင်းကို။ န ဟီတိ၊ န ဟိ-ဟူသောစကားဖြင့်။ ပဋိက္ခိတ္တော၊ ပယ်မြစ်အပ်လေပြီ။ (ဤစကားဖြင့်လည်း ရှေး၌ န ဟိ-ဟူရာတွင် န ဟီတိ-ဟု ရှိသင့်ကြောင်း ထင်ရှား၏) တေ ပန၊ ထိုပယ်အပ်သော ကိလေသာတို့သည်ကား။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ကုန်ပြီး၍။ ဝိဂတာ၊ ကင်းကုန်သည်။ နေဝ (ဟောန္တိ)၊ မဟုတ်ကုန်။ နာပိ ဘဝိဿန္တိ၊ ဖြစ်လတ္တံ့လည်း မဟုတ်ကုန်။ န စ ဥပ္ပန္နာ၊ ဖြစ်ဆဲလည်းမဟုတ်ကုန်။ ဣတိ၊ ကြောင့်။ အတီတေ ကိလေသေ ပဇဟတီတိအာဒိ၊ အတိတ်ကိလေသာတို့ကို ပယ်၏ ဤသို့အစရှိသော စကားကို။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ ဟေတုနိရောဓာတိ၊ ကား။ ဒုက္ခဟေတူနံ၊ ဒုက္ခ၏ အကြောင်းဖြစ်ကုန်သော။ ကိလေသာနံ၊ တို့၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ ဒုက္ခနိရောဓောတိ၊ ကား။ အာယတိံ၊ ၌။ ဥပ္ပဇ္ဇနကဒုက္ခဿ၊ ဖြစ်လတ္တံ့သော ဆင်းရဲ၏။ နိရောဓော၊ သည်။ (ဟောတိ၊ ၏။) ဥပ္ပါဒပဝတ္တနိမိတ္တာယူဟနာ၊ တို့ကို။ ပစ္စုပ္ပန္နဘာဝဝသေန၊ အားဖြင့်။ ဂဟိတာ၊ ကုန်၏။

၇၃၂။ ဧတေနာတိ၊ ကား။ အဇာတတာယေဝ န ဇာယန္တီတိအာဒိဝစနေန၊ အစရှိသောစကားဖြင့်။ ဝိပဿနာယ၊ ၏။ အာရမ္မဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ ဥပါဒါနက္ခန္ဓပဉ္စကသင်္ခါတံ၊ ဥပါဒါနက္ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော။ ဘူမိံ ပတ္တိဋ္ဌာနံ၊ ဖြစ်ရာဘုံကို။ (ဘူမိံ-ပုဒ်ကိုပင် ပတ္တိဋ္ဌာနံ-ဟု ထပ်၍ဖွင့်သည်။ ထိုကြောင့် သမာသ်တွဲလျက်ရှိသော ပါဌ်ကား မသင့်) လဒ္ဓဝန္တော၊

ရကုန်သည်ဖြစ်၍။ ဘူမိလဒ္ဓါ၊ မည်ကုန်၏။ အဂ္ဂိအာဟိတော၊ ဆောင်ထားအပ်သော မီးရှိသောသူ။ ဣတိ ယထာ၊ ဤပုဒ်ကဲ့သို့ပင်တည်း။ လဒ္ဓဘူမိကာ၊ ရအပ်သော ဖြစ်ရာဘုံရှိသော ကိလေသာတို့။ ဣတိ-အယံ၊ ကား။ [၅၀၀] အတ္တော၊ တည်း။ ဝတ္တမာနာဒိဉပ္ပန္နဝိဓုရတာယ၊ ဝတ္တမာနအစရှိသော ဥပ္ပန္နတို့နှင့် သဘောမတူပဲ ကွဲလွဲသည်၏အဖြစ်ကြောင့်။ ဘူမိလဒ္ဓုပ္ပန္နာ ဧဝ နာမ၊ နွတို့သာလျှင် မည်ကုန်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

ဂ၃၃။ အနုဘဝိတွာ စ၊ ခံစားပြီး၍ရင်း။ ဘဝိတွာ စ၊ ဖြစ်ပြီး၍ရင်း။ အပဂတံ၊ ကင်းသောတရားသည်။ ဘူတာပဂတံ၊ မည်၏။ ဟိ၊ မှန်။ အနုဘူတဘူတာ၊ အနုဘူတနှင့် ဘူတတို့ကို။ ဘူတတာသာမညေန၊ ဘူတ၏အဖြစ်ဟူသော တူသည်၏အဖြစ်ဖြင့်၊ ဝါ၊ ဘူတအဖြစ်ချင်းတူသဖြင့်။ ဘူတသဒ္ဒေန၊ ဘူတ-သဒ္ဒါဖြင့်။ ဝုတ္တာ၊ ကုန်၏။ ဟိ၊ မှန်၊ ဝါ၊ ဆက်။ သာမညမေဝ၊ သာမညအနက်ကိုသာလျှင်၊ ဝါ၊ သာမညဖြစ်သော ဘူတအနက်ကိုသာလျှင်။ ဥပသဂ္ဂေန၊ အနုဟူသော ဥပသာရဖြင့်။ ဝိသေသီယတိ၊ အထူးပြုအပ်၏။ ဣတိ၊ သိအပ်၏။ စ၊ ဆက်။ အနုဘူတသဒ္ဒေါ၊ ကို။ (ဒဋ္ဌဗ္ဗော-၌ စပ်) ကမ္မဝစနိစ္ဆာယ၊ ကံကို ဆိုလိုခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အနုဘာဝကဝါစကော၊ ခံစားတတ်သည်ဟူသော ကတ္တားအနက်ကို ဟောသည်ဟု။ ဒဋ္ဌဗ္ဗော၊ ၏။ ဝိကပ္ပဂါဟဝသေန၊ ကြံဆ၍ ယူခြင်း၏အစွမ်းအားဖြင့်။ ရာဂါဒီဟိ စ၊ ရာဂစသည်တို့ဖြင့်ရင်း။ တဗ္ဗိပက္ခေဟိ စ၊ ထိုရာဂစသည်တို့၏ ဆန့်ကျင်ဖက်ဖြစ်သော အလောဘစသည်တို့ဖြင့်ရင်း။ အကုသလဥ္စ၊ အကုသိုလ်သည်ရင်း။ ကုသလဥ္စ၊ သည်ရင်း။ အာရမ္မဏရသံ၊ အာရုံ၏ အရသာကို။ အနုဘဝတိ၊ ခံစားတတ်၏။ ဝိပါကော၊ သည်။ ကမ္မဝေဂက္ခိတ္တတ္တာ၊ ကံ၏အဟုန်သည် ပစ်ချအပ်သည်၏ အဖြစ်ကြောင့်။ န (အနုဘဝတိ)၊ မခံစားတတ်။ ကိရိယာပိ၊ သည်လည်း။ (န အနုဘဝတိ-၌ စပ်) အဟေတုကာနံ၊ အဟိတ်ကြိယာတို့၏။ အတိဒုဗ္ဗလတာယ စ၊ အလွန်အားနည်းသည်၏ အဖြစ်ကြောင့်ရင်း။ သဟေတုကာနံ၊ သဟိတ်ကြိယာတို့၏။ ခီဏကိလေသဿ၊ ကုန်ပြီးသော ကိလေသာရှိသော။ ဆဠင်္ဂုပေက္ခာဝတော၊ ဆဠင်္ဂုပေက္ခာနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သည်ဖြစ်၍။ အတိသန္တဝုတ္တိတ္တာ စ၊ အလွန်ငြိမ်သက်သိမ်မွေ့စွာ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်ရင်း။ (န အနုဘဝတိ၊ မခံစားတတ်။) စ၊ ဆက်။ ဧတ္ထ၊ ဤ ၂-နည်းတို့တွင်။ ပုရိမနယေ၊ ရှေးနည်း၌။ ကုသလာကုသလမေဝ၊ ကုသိုလ်အကုသိုလ်ကိုသာလျှင်။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အဓိပ္ပါယဝသေန၊ အားဖြင့်။ ဘူတာပဂတန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ယံ၊ ယင်းဘူတာပဂတဥပ္ပန္နကို။ (ဂဟေတွာ-၌ စပ်) ဥပ္ပန္နာနံ ။ပ။ ဌိတိယာတိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ ဥပ္ပန္နန္တိ၊ ဟူ၍။ ဂဟေတွာ၊ ၍။ တံသဒိသာနံ၊ ထိုဖြစ်ပြီးနှင့်အလား

တူသော တရားတို့ကို၊ ဝါ၊ တို၏။ ပဟာနံ စ၊ ပယ်ခြင်းကိုရင်း။ ဝုဒ္ဓိ စ၊ တိုးပွါးခြင်းကိုရင်း။ ဝုတ္တာ၊ ၏။ ပစ္စိမနယေ၊ နောက်နည်း၌။ စ-သဒ္ဒေန၊ ဖြင့်။ ကုသလာကုသလဥ္စ၊ ကိုလည်း။ အာကစ္စိတ္ဝာ၊ ဆွဲငင်၍။ သဗ္ဗံ၊ သော။ သင်္ခတံ၊ သင်္ခတတရားကို။ ဘုတ္ဝာပဂတဘာဝါဘိဓာနာဓိပ္ပါယေန၊ ဘုတွာ-ပဂတအဖြစ်ကို ဟောသောသဒ္ဒါ၏အလိုအားဖြင့်။ ဝုတ္တံ၊ ၏။ ဝိပစ္စိတုံ၊ ရင့်ကျက်ခြင်းငှါ၊ ဝါ၊ အကျိုးဖြစ်ပေါ်ခြင်းငှါ။ ဩကာသကရဏဝသေန၊ ခွင့်ပြုသည်၏ အစွမ်းအားဖြင့်။ (ဥပ္ပတ္တိတံ-အရာ၌ ဥပဋ္ဌိတံ-သာရှိသင့်၏) ဥပဋ္ဌိတံ၊ ထင်သော။ အတီတံ၊ အတိတ်ဖြစ်သော။ ကမ္မဥ္စ၊ သည်ရင်း။ တတော၊ ထိုကံကြောင့်၊ ဝါ၊ ထိုကံမှ။ ဥပ္ပဇ္ဇိတုံ၊ ငှါ။ အာရဒ္ဓေါ၊ အားထုတ်စပြုသော။ အနာဂတော၊ ဖြစ်သော။ ဝိပါကော စ၊ ဝိပါက်သည်ရင်း။ ဩကာသက-တုပ္ပန္နော၊ မည်၏။ ဣတိ၊ သို့။ (ဝုတ္တော၊ ၏။ ပြန်စပ်သည်) တေန၊ ဤကံသည်။ ဩကာသော၊ အခွင့်ကို။ ကတော၊ ပြုအပ်၏။ (ဣတိ စ၊ သို့ရင်း။) တေသ၊ ဤဝိပါက်အား။ ဩကာသော၊ ကို။ ကတော၊ ၏။ ဣတိ စ။၊ သို့ရင်း။ အတ္ထဒ္ဝယဝသေန၊ အနက် ၂-ခုအပေါင်း၏ အစွမ်းအားဖြင့်။ ဝုတ္တော၊ ၏။ ဥပ္ပန္နသဒ္ဒေန၊ နှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ဝိညာယမာနံ၊ သိအပ်သော။ ယံ ဥပ္ပန္နံ၊ ယင်းဩကာသကတုပ္ပန္နကို။ သန္ဓာယ၊ ၍။ နာဟံ ဘိက္ခဝေ သဉ္စေ-တနိကာနံ ကမ္မာနန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။

တာသု တာသု ဘူမိသူတိ၊ ကား။ မနုဿဒေဝါဒိအတ္တဘာဝသင်္ခါတေသု၊ လူနတ်စသည်တို့၏ အတ္တဘောဟု ဆိုအပ်ကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ တို့၌။ တသ္မိံ တသ္မိံ သန္တာနေ၊ ထိုထိုသန္တာန်၌။ အနုပ္ပတ္တိဓမ္မတံ၊ မဖြစ်ခြင်းသဘောရှိသည်၏အဖြစ်သို့၊ ဝါ၊ ဖြစ်ခြင်းသဘော မရှိသည်၏အဖြစ်သို့။ အနာပါဒိ-တတာယ၊ မရောက်စေအပ်သေးသည်၏အဖြစ်ကြောင့်။ အသမူဟတံ၊ အကြွင်းမဲ့ မနုတ်မပယ်အပ်သေးသော။ ဟိ-သစ္စံ၊ ၏။ အဿ၊ ထိုကိလေသာ၏။ အသမူဟ-တတ္တာယေဝ၊ အကြွင်းမဲ့ မပယ်နုတ်အပ်သေးသည်၏ အဖြစ်ကြောင့်သာလျှင်။ နတ္ထီတိ၊ မရှိဟူ၍။ နဝတ္တဗ္ဗတာယ၊ မဆိုအပ်သည်၏ အဖြစ်ကြောင့်။ ဥပ္ပန္န-ဝေါဟာရော၊ ဖြစ်သည်ဟူသော ဝေါဟာရသည်။ (ဟောတိ၊ ၏။)

၈၃၄။ ဘူမိ၊ ဖြစ်ရာဘုံကား။ ကာ၊ အဘယ်နည်း။ ဘူမိလဒ္ဓေါ၊ ဖြစ်ရာဘုံကို ရသော ကိလေသာကား။ ကော ဝါ၊ အဘယ်ပါနည်း။ ဣတိ၊ သို့။ အာသင်္ကိ၊ ယုံမှားတွေးတောခြင်းကို။ နိဝတ္တေတုံ၊ နစ်စေခြင်းငှါ။ တေ့ထ စာတိ-အာဒိ၊ ကို။ အာရဒ္ဓံ၊ ၏။ ဝိပဿနာယ အာရမ္မဏဘူတာတိ တေန၊ ဟူသော ဤပါဌ်ဖြင့်။ ခန္ဓာနံ၊ တို၏။ အပရိညာတတံ၊ ပိုင်းခြား၍ မသိအပ်သေးသည်၏ အဖြစ်ကို။ ဒဿေတိ၊ ၏။ အာရမ္မဏဘာဝမတ္တံ၊ အာရုံ၏အဖြစ်မျှကို။ န (ဒဿေတိ)၊ ပြသည်မဟုတ်။ (ကသ္မာ၊ ကား။) တေဘူမကဂ္ဂဟဏေနဝ၊

တေဘူမက-သဒ္ဒါဖြင့်ပင်လျှင်၊ ဝါ၊ တေဘူမကကိုယူခြင်းဖြင့်ပင်လျှင်။ တဿ၊ ထိုအာရုံအဖြစ်၏။ သိဒ္ဓတ္တာ၊ ပြီးစီးသည်၏ အဖြစ်ကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ အပရိညာတာ၊ ပိုင်းခြား၍ မသိအပ်ကုန်သေးသော။ ခန္ဓာ၊ တို့သည်။ ကိလေသာနံ၊ တို့၏။ ဘူမိ၊ ဖြစ်ရာဘုံတည်း။ ဣတိ၊ သို့။ အဓိပ္ပေတာ၊ ၏။ ဝတ္ထုဘူတေသု၊ ဖြစ်ရာဖြစ်ကုန်သော။ ခန္ဓေသု၊ တို့၌။ အာရမ္မဏဝသေနာတိ၊ ကား။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏အစွမ်းအားဖြင့်။ အတီတာ-နာဂတေ၊ အတိတ်အနာဂတ်ခန္ဓာတို့ကို။ (အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။) ပစ္စုပ္ပန္နေ၊ ပွန်ခန္ဓာတို့ကို။ (အာရဗ္ဘ၊ ၍။ ဥပ္ပဇ္ဇနေ၊ ဖြစ်ရာ၌။) ပဂေဝ၊ နည်း။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။ တန္တိ၊ ကား။ [၅၀၁] အညသန္တာနဂတံ၊ တပါးသော ပုဂ္ဂိုလ်၏သန္တာန်၌ တည်သော။ တံကိလေသ-ဇာတံ၊ ထိုကိလေသာ အပေါင်းသည်။ ။ တတော၊ ထိုပုဂ္ဂိုလ်၏ သန္တာန်မှ။ အညသ္မိံ၊ တပါးသော။ သန္တာနေ၊ ၌။ အာရမ္မဏကရဏမတ္တေန၊ အာရုံပြုကာမျှဖြင့်။ ဘူမိလဒ္ဓံ နာမ၊ မည်သည်။ ယဒိ သိယာ၊ အံ့။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။ တဿာတိ၊ ကား။ ကိလေသဇာတဿ၊ ကိလေသာအပေါင်း၏။ ပရသန္တတိပတိတတ္တာ၊ သူတပါးသန္တာန်၌ကျသည်၏အဖြစ်ကြောင့်။ အပ္ပဟေ-ယျတော၊ မပယ်အပ်သည်၏အဖြစ်ကြောင့်။ ကောစိ၊ တစုံတယောက်မျှ။ ဘဝ-မူလံ၊ ဘဝ၏အမြစ်အရင်းဖြစ်သော ကိလေသာကို။ န ပဇဟေယျ၊ မပယ်နိုင်လေရာ။ ဟိ-သစ္စံ၊ ၏။ ဘူမိလဒ္ဓံ၊ ဘူမိလဒ္ဓကိလေသာသည်။ အနုသယိတံ နာမ၊ ကိန်းသည်မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။ ဝတ္ထု-ဝသေနာတိ၊ ကား။ ဥပ္ပတ္တိဋ္ဌာနဝသေန၊ ဖြစ်ရာဌာန၏ အစွမ်းအားဖြင့်။ ယတ္ထ ယတ္ထ ဘဝေ၊ အကြင်အကြင်ဘဝ၌။ ဝါ၊ တနည်း။ (ယတ္ထ ယတ္ထ) သန္တာနေ၊ အကြင်အကြင်သန္တာန်၌။ ပရိညာတာနံ၊ ပိုင်းခြား၍သိအပ်ပြီးသော ခန္ဓာတို့၏။ အဘူမိဘာဝတော၊ ကိလေသာ၏ ဖြစ်ရာဘုံမဟုတ်သည်၏ အဖြစ်ကြောင့်။ အပရိညာတာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဥပ္ပါဒတော ပဘုတီတိ၊ ကား။ တေသံ ခန္ဓာနံ၊ တို့၏။ ဥပ္ပဇ္ဇနတော၊ မှ။ ပဋ္ဌာယ၊ ၍။ ကိလေသာနံ၊ တို့၏။ အပ္ပဟီန-ဘာဝံ၊ မပယ်အပ်သေးသည်၏ အဖြစ်ကို။ ဌပေတွာ၊ ၍။ အညဿ၊ တပါးသော။ ကာရဏဿ၊ အကြောင်း၏။ အဘာဝတော၊ ကြောင့်။ တေသု ခန္ဓေသု၊ တို့၌။ ကိလေသဇာတံ၊ သည်။ အနုသေတိ၊ ၏။ တသ္မာ၊ ကြောင့်။ အနုသယိတံ၊ ကိန်းသော။ တံကိလေသဇာတံ၊ ထိုကိလေသာအပေါင်းကို။ အနုသယနသဒ္ဒါ-တေန၊ ကိန်းသည်ဟုဆိုအပ်သော။ တေနေဝ အပ္ပဟီနဋ္ဌေန၊ ထိုမပယ်အပ်သေးသော အနက်သဘောကြောင့်ပင်လျှင်။ ဘူမိလဒ္ဓန္တိ၊ ဒွမည်သည်ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။

၈၃၅။ စ၊ ဆက်။ ဘူမိဘူတေသု၊ ဖြစ်ရာဘုံဖြစ်ကုန်သော။ တတ္ထ ခန္ဓေသု၊ ထိုခန္ဓာတို့တွင်။ သဗ္ဗေ၊ အလုံးစုံသော ခန္ဓာတို့သည်။ သဗ္ဗေသံ၊ အလုံးစုံသော

ကိလေသာတို့၏။ ဝတ္ထုု၊ ဖြစ်ရာကိန်းရာတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ အထ ခေါ၊ အမှန်အားဖြင့်သော်ကား။ ဝိသေသော၊ အထူးသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုအထူးကို။ ဒဿေန္တော၊ ၍။ ယဿ ယေသူတိအာဒိ၊ ကို။ အာဟ၊ ၏။ တတ္ထ၊ ထိုပါဠိ၌။ ယဿာတိ၊ ကား။ ယဿ ပုဂ္ဂလဿ၊ အကြင် ပုဂ္ဂိုလ်အား။ ယေသူတိ၊ ကား။ အဇ္ဈတ္တဘာဝသာမညေ၊ အဇ္ဈတ္တအဖြစ်ဟူသော တူသည်၏ အဖြစ်သည်၊ ဝါ၊ အဇ္ဈတ္တဖြစ်ချင်း တူသည်၏အဖြစ်သည်။ သတိပိ၊ သော်လည်း။ အတီတာဒိကာမာဝစရာဒိဘေဒဘိန္နေသု၊ အတိတ်စသည် ကာမာဝစရစသည် အပြားအားဖြင့် ကွဲပြားကုန်သော။ ယေသု ခန္ဓေသု၊ တို့၌။ ယထာ-နုသယိတာ၊ ကိန်းအပ်ကုန်ပြီးသော။ တေ ဧဝ ခန္ဓာ၊ ထိုခန္ဓာတို့သည်သာလျှင်။ ပန၊ စောဒနာကိုထုတ်ပြဦးအံ့။ ဧတေ ကိလေသာ၊ ထိုကိန်းသော ကိလေသာတို့သည်။ အာရမ္မဏံ ကရောန္တာ ဝိယ၊ အာရုံပြုကုန်ဘိသကဲ့သို့။ ပရိစ္ဆိဇ္ဇ ပရိစ္ဆိဇ္ဇ၊ ပိုင်းခြား၍ ပိုင်းခြား၍။ အနုသေန္တိ ကိံ၊ ကိန်းကုန်သလော။ ယတော၊ ယင်းသို့ ပိုင်းခြား၍ ပိုင်းခြား၍ ကိန်းခြင်းကြောင့်။ တေ ဧဝ ခန္ဓာ၊ တို့သည်သာလျှင်။ တေသံ ကိလေသာနံ၊ ထိုကိန်းသော ကိလေသာတို့၏။ ဝတ္ထုု၊ ဖြစ်ရတို့တည်း။ ဣတိ၊ သို့။ ဝုတ္တာ၊ ဆိုအပ်ကုန်သလော။ ဣတိ၊ သို့မေးငြားအံ့။ အနု-သယာနံ၊ တို့၏။ ဝတ္ထုံ၊ ကို။ ပရိစ္ဆိဇ္ဇ၊ ၍။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ န ဟောဝ ခေါ အတ္ထိ၊ မရှိသည်သာတည်း။ ပန၊ သော်လည်း။ အတီတာဒိကာမာဝစရာဒိဝသေန၊ အတိတ်စသည် ကာမာဝစရစသည်တို့၏ အစွမ်းအားဖြင့်။ ယထာပရိစ္ဆိန္နေ၊ အကြင် အကြင် ပိုင်းခြားအပ်သော။ ဝတ္ထုသ္မိံ၊ ၌။ ကိလေသာနံ၊ တို့၏။ ယော အပ္ပဟီနဋ္ဌော၊ အကြင် မပယ်အပ်သေးသော သဘောသည်။ (အတ္ထိ၊ ၏။) သော၊ ထိုမပယ်အပ်သေးသော သဘောသည်။ ပရိစ္ဆိဇ္ဇ၊ ၍။ ပဝတ္တော ဝိယ၊ ဖြစ်ဘိသကဲ့သို့။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ အတီတက္ခန္ဓေသူတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ တေန၊ ထိုစကားဖြင့်။ (ဒဿေတိ-၌စပ်) ဝတ္ထုဝသေန၊ ဖြစ်ရာ ဝတ္ထု၏ အစွမ်းအားဖြင့်။ ဘူမိလဒ္ဓံ၊ မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဝတ္ထုဘေဒေန၊ ဝတ္ထု၏ ကွဲပြားသောအားဖြင့်။ တဿ၊ ထိုဘူမိလဒ္ဓကိလေသာ ၏။ ဘေဒေါ၊ အကွဲအပြားသည်။ သိယာ၊ ၏။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ တဘာဝဝတ္ထိတဘာဝတော ဧဝ၊ ထိုသို့သော အခြင်းအရာအားဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့်သာလျှင်။ (ဝိဘာဝေတိ-၌စပ်) အညတရော၊ တယောက်သော။ လောလဇာတိကော၊ လျှပ်ပေါ် လော်လီသော သဘောရှိသော သတ္တဝါသည်။ တံ ရသပထဝိံ၊ ထိုရသပထဝီကို။ အင်္ဂုလိယာ၊ လက်ချောင်းဖြင့်။ သာယိ၊ ယူ၍လျက်လေပြီ။ ဣတိအာဒိဝစနံ၊ ဤသို့အစရှိသော စကားသည်။ (ဝိဘာဝေတိ-၌စပ်) ကာမာဝစရက္ခန္ဓေသု၊ တို့၌။ အနုသယိတာနံ၊ ကိန်းကုန် ပြီးသော။ ရသတဏှာဒီနံ၊ ရသတဏှာစသည်တို့၏။ ရူပါရူပါဝစရက္ခန္ဓေ၊ တို့ကို။ အတိက္ကမိတွာ၊ ကျော်လွန်၍။ ပုန၊ တဖန်။ ကာမာဝစရက္ခန္ဓဝတ္ထုကတံ၊ ကာမာ

ဝစရက္ခန္ဓာလျှင် ဖြစ်ရာဝတ္ထုရှိသည်၏ အဖြစ်ကို။ ဝိဘာဝေတိ၊ ထင်စွာပြ၏။ တေန၊ ကြောင့်။ တထာ ကာမာဝစရက္ခန္ဓေသူတိအာဒိ၊ ကို။ အာဟ၊ ၏။ စ၊ ဆက်။ ဧတ္ထ၊ ဤစကားရပ်၌။ ရူပါရူပါဝစရက္ခန္ဓေ၊ တို့ကို။ အတိက္ကမိတွာ၊ ၍။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ (ဟောတိ) ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ကာမာဝစရ-က္ခန္ဓေ၊ တို့ကို။ အတိက္ကမိတွာ၊ ၍။ ပဝတ္တိ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဧသ နယော ရူပါရူပါဝစရေသူတိ၊ ဟူ၍။ အာဟ၊ ၏။

စ၊ ဆက်။ ပရိယုဋ္ဌာနာဘိဘဝနဝသေန၊ ပရိယုဋ္ဌာန်၏ လွှမ်းမိုးခြင်း၏ အစွမ်းအားဖြင့်။ ကိလေသာနံ၊ တို့၏။ အနုသယနဋ္ဌော၊ ကိန်းသောသဘောကို။ အနုမီယတိ၊ ချင့်ချိန်၍သိအပ်၏။ (ကသ္မာ၊ ကား။) တဒဘာဝေ၊ ထိုကိန်းခြင်းမရှိလတ်သော်။ အဘာဝတော၊ ပရိယုဋ္ဌာန်၏ မရှိခြင်းကြောင့်တည်း။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ယေ အနုသယာ၊ အကြင် အနုသယတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ တေသံ၊ ထိုပယ်အပ်ပြီးသော အနုသယတို့၏။ ဝတ္ထု၊ ကို။ [၅၀၂] တေန၊ ထိုပုဂ္ဂိုလ်သည်။ ပရိညာတတ္တာ၊ ပိုင်းခြား၍ သိအပ်ပြီးသည်၏ အဖြစ်ကြောင့်။ သမတိက္ကန္တံ၊ ကျော်လွန်အပ်လေပြီ။ ဣတိ၊ ကြောင့်။ နေသံ၊ ထိုပယ်အပ်ပြီးသော အနုသယတို့၏။ ဘူမိသမညာ၊ ဖြစ်ရာဘုံဟူသောအမည်သည်။ (ဘူမိလဒ္ဓသမညာ-ဟု ရှိသင့်၏) ဘူမိလဒ္ဓသမညာ၊ ဘူမိလဒ္ဓဟူသော အမည်သည်။ ကုတော၊ (အတ္ထိ)၊ နည်း။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ သောတာ-ပန္နာဒီသု ပနာတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ဣမ၊ ဤအရာ၌။ ဝဋ္ဋမူလကိလေသာတိ၊ တို့ဟူသည်ကား၊ ဝါ၊ ဟူသောပါဌ်ဖြင့်။ အနုသယာ၊ တို့ကို။ အဓိပ္ပေတာ၊ ကုန်၏။ အဝိဇ္ဇာ စ၊ ကိုငှင်း။ ဘဝတဏှာ စ၊ ကိုငှင်း။ န (အဓိပ္ပေတာ)၊ အလိုရှိအပ်သည် မဟုတ်။ ။စေတနာစေတသိကဘေဒံ ဝါ၊ စေတနာ စေတသိက်အပြား ရှိသည်သော်လည်းဖြစ်သော။ ကာယိကာဒိဘေဒံ ဝါ၊ ကိုယ်ဖြင့်ပြုအပ်သောအမှု စသည် အပြားရှိသည်သော်လည်းဖြစ်သော။ ယံ ကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော အမှုတည်း။ ဣတိတိ၊ ကား။ ဧဝံ၊ သို့။ အပ္ပဟီနာနုသယတ္တာ၊ မပယ်အပ်သေးသော အနုသယရှိသည်၏ အဖြစ်ကြောင့်။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။ အဿာ-တိ၊ ကား။ ပုထုဇ္ဇနဿ၊ အား။ ပန၊ ထိုမှတပါး။ တေ တေ အနုသယာ၊ တို့သည်။ အတီတာဒိကာမာဝစရာဒိဝသေန၊ အားဖြင့်။ ယထာပရိစ္ဆိန္နေ၊ အကြင် အကြင် ပိုင်းခြားအပ်ပြီးသော။ တတ္ထ တတ္ထ ဝတ္ထုသ္မိံ၊ ၌။ အနုသယန္တာပိ၊ ကိန်းကုန်သော်လည်း။ တေ တေ ပဉ္စုပါဒါနက္ခန္ဓေ၊ တို့ကို။ အဝိဘာဂေနေဝ၊ ခွဲခြမ်းဝေဘန်ခြင်း မရှိသေးသောအားဖြင့်သာလျှင်၊ ဝါ၊ မခွဲခြမ်းသောအားဖြင့်သာလျှင်။ ဝတ္ထုံ၊ ဖြစ်ရာကိန်းရာဝတ္ထုကို။ ကတွာ၊ ၍။ အနုသေန္တိ၊ ကိန်းကုန်၏။ ဣတိ၊ သို့။ ဒဿေန္တော၊ ၍။ တဿေတံ ဝဋ္ဋမူလန္တိအာဒိံ၊ ကို။ အာဟ၊ ၏။

၇၃၆။ ဣဒါနိ၊ ၌။ တမတ္ထံ၊ ထိုအနက်ကို။ အန္ဝယဗျတိရေကဝသေန၊ အန္ဝယဗျတိရေကတို့၏ အစွမ်းအားဖြင့်။ ဥပမာယ၊ ဖြင့်။ ဝိဘာဝေတုံ၊ ငှါ။ ပထဝီရသာဒိ ဝိယာတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ရုက္ခဂစ္ဆလတာဒီနံ၊ သစ်ပင် ချုံ နွယ် အစရှိသည်တို့၏။ ပစ္စယဘူတော၊ အကြောင်း အထောက်အပံ့ဖြစ်၍ဖြစ်သော။ သသမ္ဘာရပထဝိယာ၊ ၏။ ရသော၊ အဆီသြဇာသည်။ ပထဝီရသော၊ မည်၏။ အာပေါရသေပိ၊ ၌လည်း။ ဧသေဝ နယော၊ တည်း။ သာခါ နာမ၊ ကိုင်းမည်သည်ကား။ ခုဒ္ဒကသာခါ၊ ငယ်သောကိုင်းတို့တည်း။ ပသာခေါ၊ မည်သည်။ ဝိဋပေါ၊ အခွတည်း။ ရုက္ခပဝေဏိန္တိ၊ ဟူသည်ကား။ ရုက္ခပရာပရံ၊ သစ်ပင်အဆက်ဆက်ကို။ သန္တာနယမာနေတိ၊ ကား။ အပရာပရံ၊ အဆင့်ဆင့်။ အနုပ္ပဗန္ဓန္တေ၊ အစဉ်ဆက်စပ်စေသည်။ (ဟုတ္ဝာ၊ ဖြစ်၍။)

မဏ္ဍူကကဏ္ဋကောတိ၊ ကား။ ကော၊ တခုသော။ မဏ္ဍူကကဏ္ဋကော၊ ငါး၏ဆူးတည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ အနုပါဒါနေ့ာတိ၊ ကား။ ပဟီနစတုရုပါဒါနော၊ ပယ်အပ်ပြီးသော လေးပါးသော ဥပါဒါန်ရှိသည်ဖြစ်၍။ ဝါ၊ ကား။ ရူပါဒီသု၊ ရုပ် စသည်တို့တွင်။ ကိဉ္စိပိ၊ တစုံတခုသော တရားကိုသော်လည်း။ အဂဏှန္တော၊ မစွဲယူသည်ဖြစ်၍။

၇၃၇။ ဣမ၊ ၌။ သမုဒါစာရော နာမ၊ မည်သည်။ လဒ္ဓတ္တလာဘတာ၊ ရအပ်သော အထည်ကိုယ်ကို ရခြင်းရှိသည်၏အဖြစ်တည်း။ ဣတိ၊ ကြောင့်။ ခဏတ္တယသမင်္ဂိ၊ ခဏငယ်သုံးပါးအပေါင်းနှင့် ပြည့်စုံသော တရားသည်။ သမုဒါစာရုပ္ပန္နံ၊ မည်၏။ ဣတိ၊ ကြောင့်။ ဝတ္တမာနုပ္ပန္နမေဝ သမုဒါစာရုပ္ပန္နန္တိ၊ ဟူ၍။ အာဟ၊ ၏။ ပုဗ္ဗဘာဂေ အနုပ္ပဇ္ဇမာနမ္ပီတိ၊ ကား။ အာပါထဂတော၊ ထင်ခြင်းသို့ရောက်သော။ တသ္မိံ အာရမ္မဏေ၊ ၌။ အာဒိတော၊ ၌။ ပဝတ္တဇဝနဝါရေသု၊ ဖြစ်သော ဇောဝါရတို့၌။ အနုပ္ပဇ္ဇမာနမ္ပိ၊ မဖြစ်သေးသော်လည်း။ အမိဂ္ဂဟိတတ္တာတိ၊ ကား။ အယောနိသောမနသိကာရေန၊ မသင့်သော နှလုံးသွင်းခြင်းဖြင့်။ အဘိရုယှ၊ တက်၍။ ဂဟိတတ္တာ၊ ယူအပ်ပြီးသည်၏ အဖြစ်ကြောင့်။ ဒဠှံ၊ မြဲမြံစွာ။ ဂဟိတတ္တာ၊ ကြောင့်။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ အပရဘာဂေတိ၊ ကား။ အပရသ္မိံ၊ တပါးသော။ ကာလဘာဂေ၊ ကာလအဖို့၌။ ကာလန္တရေ၊ ကာလတပါး၌။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ကေန္ဒ္ဒေန ဉပ္ပတ္တိတောတိ၊ ကား။ ပစ္စယသမဝါယေ၊ အကြောင်းတို့၏ ညီညွတ်ခြင်းသည်။ သတိ၊ သော်။ (ဥပ္ပဇ္ဇနတော-၌စပ်) တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ (နိဗ္ဗတ္တတ္တာ-၌စပ်) အယောနိသောမနသိကာရဿ၊ မသင့်သော နှလုံးသွင်းခြင်း၏။ တတ္ထ၊ ထိုအာရုံ၌။ နိဗ္ဗတ္တတ္တာ၊ ဖြစ်ပြီးသည်၏အဖြစ်ကြောင့်။ (ဥပ္ပဇ္ဇနတော-၌စပ်) နိယမေန၊ မြဲသောအားဖြင့်၊ ဝါ၊ ကိန်းသေအားဖြင့်။ ဥပ္ပဇ္ဇနတော၊ ကြောင့်။ ကလျာဏိဂါမေတိ၊ ကား။ ဧဝံနာမကေ၊ ဤသို့အမည်ရှိသော။ ဂါမေ၊ ၌။

ကိုရ၊ တဆင့်စကားကြားရသည်ကား။ ရောဟဏော၊ ရောဟဏဇနပုဒ်၌။ အဘိ-ရူပါနံ၊ အဆင်းလှကုန်သော။ ဣတ္ထီနံ၊ တို့၏။ ဥပ္ပတ္တိဋ္ဌာနတာယ၊ ဖြစ်ပေါ်ရာဌာန၏အဖြစ်ကြောင့်။ သော ဂါမော၊ ထိုရွာကို။ တထာ၊ ထိုသို့ ကလျာဏီရွာဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ စိတ္တသန္တတိမနာရုဠှန္တိ၊ ဟူသောစကားဖြင့်။ ပစ္စုပ္ပန္နတံ၊ အဖြစ်ကို။ ပဋိသေဓေတိ၊ တားမြစ်၏။ ဥပ္ပတ္တိနိဝါရကဿ ဟေတုနော အဘာဝါတိ ဧတေန၊ ဖြင့်။ ပစ္စယော၊ အကြောင်းသည်။ သတိ၊ သော်။ ပစ္စယ-သမဝါယေ၊ အကြောင်းညီညွတ်ခြင်းသည်။ သတိ၊ သော်။ ဥပ္ပဇ္ဇနာရဟတာယ၊ ဖြစ်ခြင်းငှါ ထိုက်သည်၏အဖြစ်ကြောင့်။ အဝိက္ခမ္ဘိတဿ၊ မခွါအပ်သေးသော ကိလေသာ၏။ ဥပ္ပန္နတာပရိယာယော၊ ဥပ္ပန္န၏ အဖြစ်ဟူသော ပရိယာယ် ဝေါဟာရသည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဒဿေတိ၊ ၏။ စ၊ စောဒနာကို ပြဦးအံ့။ အသမူဟတုပ္ပန္နမ္ပိ၊ အသမူဟတုပ္ပန္နကိလေသာသည်လည်း။ ပစ္စယေ၊ သည်။ သတိ၊ သော်။ ဥပ္ပဇ္ဇနာရဟမေဝ၊ သာလျှင်။ (ဟောတိ) နနု၊ ဖြစ်သည် မဟုတ်ပါလော။ (ဣတိ၊ သို့မေးငြားအံ့။) တော၊ ဤစကားသည်။ သစ္စံ၊ မှန်ပေ၏။ [၅၀၃] ပန၊ ထိုသို့ပင် မှန်သော်လည်း။ နေသံ၊ ထို အဝိက္ခမ္ဘိတုပ္ပန္န အသမူဟတုပ္ပန္နတို့၏။ ဘေဒေါ၊ ကွဲပြားခြင်းကို။ ပဟာနဝိသေသဘာဝကတော၊ ပဟာန် ထူးသည်၏အဖြစ်သည် ပြုအပ်၏။ အဝိက္ခမ္ဘိတာသမူဟတဘူမိလဒ္ဓုပ္ပန္နံ၊ အဝိက္ခမ္ဘိတုပ္ပန္န အသမူဟတုပ္ပန္န ဘူမိလဒ္ဓုပ္ပန္န ကိလေသာသည်။ ပစ္စယသမဝါယေ၊ သည်။ သတိ၊ သော်။ ဥပ္ပဇ္ဇနာရဟံ၊ သည်။ (ဟောတိ) ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နမ္ပိ၊ သည်လည်း။ (ပစ္စယသမဝါယေ၊ သည်။ သတိ၊ သော်။ ဥပ္ပဇ္ဇနာရဟံ၊ သည်။ ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ တိဝိဓဿာပိ၊ လည်းဖြစ်သော။ (တဿ၊ ထိုအဝိက္ခမ္ဘိတ အသမူဟတ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နအပေါင်း၏။) ဘူမိလဒ္ဓေန၊ ဖြင့်။ ဧကသင်္ဂဟတာ၊ တပေါင်းတည်း ရေတွက်အပ်သည်၏ အဖြစ်ကို။ ဝုတ္တာ၊ ၏။

ဂ၃ဂ။ အကုသလမ္ပိ၊ အကုသိုလ်ပင်ဖြစ်သော်လည်း။ ဘူတာပဂတုပ္ပန္နံ၊ ဘူတာပဂတုပ္ပန္နကိလေသာကို။ အတီတတ္တာ၊ အတိတ်၏အဖြစ်ကြောင့်။ န ပဟာတဗ္ဗံ၊ မပယ်အပ်။ တထာ၊ တူ။ ဧကစ္စံ၊ သော။ ဩကာသကတုပ္ပန္နံ၊ ကံဟူသော ဩကာသကတုပ္ပန္နကို။ (အတီတတ္တာ၊ ကြောင့်။ န ပဟာတဗ္ဗံ၊ အပ်။) ဣတရံ၊ ဤမှတပါးသော ဝိပါက်ဟူသော ဩကာသကတုပ္ပန္နကို။ အပ္ပဟာ-တဗ္ဗတော၊ ပဟာတဗ္ဗမဟုတ်သည်၏ အဖြစ်ကြောင့်။ (န ပဟာတဗ္ဗံ၊ အပ်။) သေသဒွယံ၊ ကြွင်းသော (ဝတ္တမာန, သမုဒါစာရဟူသော) ဥပ္ပန္န ၂-ခုအပေါင်းကို။ ခဏတ္တယသမင်္ဂိဘာဝတော၊ ခဏငယ်သုံးပါးနှင့် ပြည့်စုံသော တရား၏ အဖြစ်ကြောင့်။ (န ပဟာတဗ္ဗံ၊ အပ်။) ဣတိ၊ ကြောင့်။ အမဂ္ဂဝဇ္ဈတာတိ၊ ဟူ၍။ အာဟ၊ ၏။ ကေနစီတိ၊ ကား။ စတူသု၊ ကုန်သော။ မဂ္ဂဉာဏေသု၊

မဂ်ဉာဏ်တို့တွင်။ ကေနစိ၊ တစုံတခုသောဉာဏ်သည်၊ ဝါ၊ ဖြင့်။ တဿာတိ၊ ကား။ ယထာဝုတ္တဿ၊ အကြင် အကြင်ဆိုအပ်ပြီးသော။ စတုဗ္ဗိဓဿပိ၊ လည်း ဖြစ်သော။ ဥပ္ပန္နဿ၊ ၏။ တံ ဥပ္ပန္နဘာဝံ ဝိနာသယမာနန္တိ၊ ကား။ အနုပ္ပတ္တိ-ဓမ္မတာပါဒနေန၊ မဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်သို့ ရောက်စေသဖြင့်။ ဥပ္ပန္နာရဟတံ၊ ဖြစ်ထိုက်သည်၏အဖြစ်ကို။ ဝိနာသေန္တံ၊ ဖျက်ဆီးလျက်။ ပဌမံ၊ စွာ။ လောကိယဉာဏေန၊ ဖြင့်။ ယထာဗလံ၊ အားစွမ်းအားလျော်စွာ၊ ဝါ၊ အားစွမ်းရှိသလောက်။ ပဟီနမေဝ၊ ပယ်ပြီးသော ကိလေသာကိုသာလျှင်။ လောကုတ္တရဉာဏံ၊ သည်။ ပဇဟတိ၊ ၏။ ဣတိ၊ ကြောင့်။ လောကိယဂ္ဂဟဏံ၊ သဒ္ဒါကို။ ကတံ၊ ပြုအပ်၏။

## ပရိညာဒိကိစ္စကထာဝဏ္ဏနာ

ဂ၃၉။ သစ္စာဘိသမယကာလသ္မိန္တိ၊ ကား။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ တို့ကို။ ပဋိဝိဇ္ဈနက္ခဏေ၊ ထိုးထွင်း၍သိသောခဏ၌။ ဝုတ္တာနီတိ၊ ကား။ ဒုက္ခံ ပရိညေယျန္တိအာဒိနာ စ၊ ဤသို့အစရှိသည်ဖြင့်၎င်း။ ယော ဘိက္ခဝေ ဒုက္ခံ ပဿတီတိအာဒိနာ စ၊ ဤသို့အစရှိသည်ဖြင့်၎င်း။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ယထာသဘာဝေနာတိ၊ ကား။ အဝိပရီတသဘာဝေန၊ မဖောက်မပြန် မှန်ကန်သော သဘောအားဖြင့်။ ဇာနိတဗ္ဗာနီတိ၊ သိအပ်ကုန်၏ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ တေသံ၊ ထိုလေးပါးသောကိစ္စတို့ကို။ ဇာနနဝိဓိံ၊ သိခြင်း အစီအရင်ကို။ တာဝ၊ စွာ။ ဥပမာဝသေန၊ အားဖြင့်။ အင္ဂကထာယံ၊ ၌။ ဝုတ္တနယေန၊ ဖြင့်။ ဒဿေတုံ၊ ငှါ။ ဝုတ္တံ ဟေတန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။

တတ္ထ၊ ထိုပါဌ်၌။ ယထာ ပဒီပေါတိအာဒိမှိ၊ အစရှိသော စကားရပ်၌။ ကေဿ၊ တပါးသော။ ဉာဏဿ၊ ၏။ ကေက္ခဏေ၊ တခုတည်းသောခဏ၌။ စတ္တာရိ၊ ကုန်သော။ ကိစ္စာနိ၊ တို့သည်။ ကထံ၊ အဘယ်သို့။ သမ္ဘဝန္တိ၊ ဖြစ်ကုန်သနည်း။ ဟိ-သစ္စံ၊ ၏။ လောကေ၊ ၌။ ဒိဋ္ဌံ၊ မြင်အပ်သော။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ကိဉ္စိ၊ တစုံတခုသည်။ န အတ္ထိ၊ မရှိ။ (တာဒိသံ၊ သော။) ဝစနံ စ၊ စကားကိုလည်း။ န လဗ္ဘတိ၊ မရအပ်။ ဣတိ၊ သို့။ အန္တောလီန-စောဒနံ၊ အတွင်းငုပ်သော စောဒနာကို။ မနသိ ကတွာ၊ နှလုံးသွင်း၍။ ပရိ-ညာဘိသမယေနာတိ၊ ဤသို့အစရှိသောစကားကို။ ဝုတ္တံ၊ ၏။ အနုဝသေသ-တော၊ အကြွင်းမဲ့အားဖြင့်။ ပရိစ္ဆိဇ္ဇ၊ ပိုင်းခြား၍။ ဇာနနသင်္ခါတေန၊ သိခြင်း ဟု ဆိုအပ်သော။ ပဋိဝိဇ္ဈနေန၊ ထိုးထွင်း၍သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုး-ထွင်း၍သိ၏။ အသမ္မောဟဝသေန၊ မတွေဝေသည်၏ အစွမ်းအားဖြင့်။ ပဋိ-ဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ပဟာနာဘိသမယေနာတိ၊ ကား။ သမုစ္ဆေဒပဟာန-သင်္ခါတေန၊ သမုစ္ဆေဒပဟာန်ဟု ဆိုအပ်သော။ ပဋိဝိဇ္ဈနေန၊ ဖြင့်။ အသမ္မော-ဟတော၊ အားဖြင့်။ အဘိသမေတိ၊ ၏။ မဂ္ဂံ ဘာဝနာဘိသမယေနာတိ၊ ကား။

မဂ္ဂဉာဏံ၊ သည်။ သမ္မာသင်္ကပ္ပါဒိသေသမဂ္ဂံ၊ သမ္မာသင်္ကပ္ပအစရှိသော ကြွင်းသောမဂ်ကို။ သဟဇာတာဒိပစ္စယတာဝသေန၊ သဟဇာတအစရှိသော ပစ္စည်း၏အဖြစ်၏ အစွမ်းအားဖြင့်။ ဘာဝနာဘိသမယေန၊ ပွါးစေခြင်း တည်းဟူသော ထိုးထွင်း၍သိခြင်းဖြင့်။ အဘိသမေတိ၊ ၏။ ပုဗ္ဗဘာဂဘာဝနာသမ္ဘူ-တေန၊ ပုဗ္ဗဘာဂဘာဝနာကြောင့် ဖြစ်သော။ အရိယမဂ္ဂဘာဝနာသင်္ခါတေန၊ အရိယာမဂ်ကို ပွါးစေခြင်းဟုဆိုအပ်သော။ ပဋိဝိဇ္ဈနေန၊ ဖြင့်။ အဘိသမေတိ၊ ၏။ အင်္ဂဝိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ ကို။ အသမ္မောဟတော၊ အားဖြင့်။ ပဋိဝိဇ္ဈတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ မဂ္ဂဉာဏံ၊ သည်။ သမ္ပယုတ္တမမ္မေသု။ တို့၌။ သမ္မောဟံ၊ တွေဝေသော မောဟကို။ ဝိဒ္ဓံသေန္တံ၊ ဖျက်ဆီးလျက်။ အတ္တာနိပိ၊ မိမိ၌လည်း။ သမ္မောဟံ၊ ကို။ ဝိဒ္ဓံသေတိယေဝ၊ ဖျက်ဆီးသည်သာလျှင်တည်း။ နိရောဓန္တိ၊ ကား။ နိဗ္ဗာနံ၊ ကို။ သစ္ဆိကိရိယာဘိသမယေနာတိ၊ ကား။ ပစ္စက္ခ-ကရဏသင်္ခါတေန၊ မျက်မှောက်ပြုခြင်းဟု ဆိုအပ်သော။ ပဋိဝိဇ္ဈနေန၊ ဖြင့်။ [၅၀၄] ပါပုဏာတီတိ၊ ကား။ အဓိဂစ္ဆတိ၊ ရောက်၏-ရ၏။ သ္ဝာယံ အဓိဂမော၊ ထိုရခြင်းသည်။ ဒဿနပဋိဝေဓော၊ မြင်ခြင်းဟူသော ထိုးထွင်း၍ သိခြင်းတည်း။ ဣတိ၊ ကြောင့်။ ပဿတိ ပဋိဝိဇ္ဈတီတိ၊ ဟူ၍။ အာဟ၊ ၏။

နိရောဓံ။ပ။ ပဋိဝိဇ္ဈတီတိ ဧတေန၊ ဤပါဌ်ဖြင့်။ (ဝိဘာဝိတံ-၌ စပ်) ဧကံ၊ တခုသော။ နိရောဓသစ္စံ၊ ကို။ အာရမ္မဏပဋိဝေဓေန၊ အာရုံပြုသောအားဖြင့် ထိုးထွင်း၍သိခြင်းဖြင့်၊ ဝါ၊ အာရုံပြုလျက် ထိုးထွင်း၍သိခြင်းဖြင့်။ စတ္တာရိ၊ ကုန်သော။ သစ္စာနိ၊ တို့ကို။ အသမ္မောဟပဋိဝေဓေန၊ မတွေမဝေခြင်းဟူသော သိခြင်းဖြင့်။ မဂ္ဂဉာဏံ၊ သည်။ ပဋိဝိဇ္ဈတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ ယုတ္တိဝသေန၊ ယုတ္တိ၏ အစွမ်းအားဖြင့်။ ဝိဘာဝိတံ၊ ထင်ရှားပြအပ်ပြီးသော။ ဧကပဋိဝေဓံ၊ တပြိုင်နက်ထိုးထွင်း၍ သိခြင်းကို။ အာဂမေနပိ၊ အာဂုံပါဠိဖြင့်လည်း။ သာဓေ-တုံ၊ ငှါ။ ဝုတ္တမ္ပိ စေတန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ သဗ္ဗံ ဝေဒိတဗ္ဗန္တိ ဣမိနာ၊ ဤစကားဖြင့်။ ယော ဒုက္ခသမုဒယံ ပဿတိ၊ သော ဒုက္ခမ္ပိ ပဿတီတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ အာဂတံ၊ လာသော။ ဒုက္ခသမုဒယသစ္စာဒိမူလကံ၊ ဒုက္ခသမုဒယသစ္စာစသည်လျှင် မူလရှိသော။ ယောဇနံ၊ ယှဉ်စေခြင်းကို။ သင်္ဂဏှာ-တိ၊ ရေတွက်၏။

စ၊ ဆက်။ ဧတံ၊ ဤသံ့ကေသုတ်ပုဒ်ကို။ ကာလန္တရဒဿနံ၊ ကာလတပါး၌ မြင်ခြင်းကို။ သန္ဓာယ၊ ၍။ နဝုတ္တံ၊ ဟောအပ်သည်မဟုတ်ပေ။ အထ ခေါ၊ သော်ကား။ ဧကပဋိဝေဓမေဝ၊ တပေါင်းတည်းထိုးထွင်း၍သိခြင်းကိုသာလျှင်။ (သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။) ဣတိ၊ သို့။ ဒဿေန္တေန၊ ပြတော်မူလိုသည်ဖြစ်၍။ မဂ္ဂသမင်္ဂိဿ ဉာဏံ၊ ဒုက္ခေပေတံ ဉာဏန္တိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ အပရံ၊ တပါးသော။ သုတ္တပဒံ၊ သုတ်ပုဒ်ကို။ အာနီတံ၊ ထုတ်ဆောင်တော်မူအပ်၏။

တထာ-တံ ဝစနံ၊ ထိုစကားသည်။ ဟိ-သစ္စံ၊ ၏။ ယော နု ခေါ။ပ။ သော ပဿ-တီတိ၊ ဟူ၍။ ကေသစ္စဒဿနသမင်္ဂီနော၊ တခုသောသစ္စာကို မြင်ခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏။ အညသစ္စဒဿနသမင်္ဂီဘာဝဝိစာရဏာယ၊ တခြားတပါး သော သစ္စာကို မြင်ခြင်းနှင့် ပြည့်စုံသည်၏အဖြစ်ကို စိစစ်ရာ၌။ တမတ္ထံ၊ ထို အနက်ကို။ သာဓေတုံ၊ ပြီးစေခြင်းငှါ။ အာယသ္မတာ ဂဝမ္ပတိတ္ထေရေန၊ အရှင် ဂဝမ္ပတိမထေရ်သည်။ ဝုတ္တံ၊ အပ်၏။ ပစ္စေကဥ္စ၊ အသီးအသီးလည်း။ သစ္စတ္တယ-ဒဿနယောဇနာ၊ သစ္စာသုံးပါးကို မြင်ခြင်းကို ယှဉ်စေခြင်းကို။ ကတာ၊ ပြုအပ် ၏။ အညထာ၊ တပါးသောအပြားအားဖြင့်။ ကမာဘိသမယော၊ အစဉ်အားဖြင့် ထိုးထွင်း၍ သိခြင်းသည်၊ ဝါ၊ အစဉ်အတိုင်း သိခြင်းသည်။ (သတိ၊ သော်။) ပုရိမဒိဋ္ဌဿ၊ ရှေး၌မြင်အပ်ပြီးသော၊ ဝါ၊ ရှေးဦးစွာမြင်အပ်ပြီးသော သစ္စာကို။ ပုန၊ တဖန်။ အဒဿနတော၊ မမြင်သောကြောင့်။ သမုဒယာဒိ°၊ သမုဒယ စသည်ကို။ ပဿတော၊ မြင်သောပုဂ္ဂိုလ်အား။ ဒုက္ခာဒိဒဿနံ၊ ဒုက္ခစသည်ကို မြင်ခြင်းကို။ ပုန၊ တဖန်။ အဝတ္တဗ္ဗံ၊ မဟောအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ဝုစ္စမာနေ စ၊ ဟောအပ်သည်ရှိသော်လည်း။ သဗ္ဗဒဿနံ၊ အလုံးစုံသော မြင်ခြင်းသည်။ ဒဿနန္တရပရမံ၊ မြင်ခြင်းတပါးလျှင် ပြခါန်းခြင်းရှိ၏။ ဣတိ၊ ကြောင့်။[၁] ဒဿနာနုပရမော ဝေ၊ မြင်ခြင်း၏ မကင်းခြင်း-မပြတ်စဲခြင်းသည် သာလျှင်။ သိယာ၊ ၏။ ဣတိ၊ ဤသို့သိအပ်၏။

နိဿယဘာဝဟေတုတာယ၊ မှီရာအဖြစ်၏ အကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခပရိညာယ၊ ဒုက္ခကို ပိုင်းခြား၍ သိခြင်း၏။ ဝဋ္ဋိဓျာပနသဒိသတာ၊ မီးစာကို လောင်ခြင်းနှင့် တူသည်၏အဖြစ်ကို။ (ဝုတ္တာ၊ ၏။) ပဋိပက္ခဝိဒ္ဓံသနတာယ၊ ဆန့်ကျင်ဖက်ကို ဖျက်ဆီးဘတ်သည်၏ အဖြစ်ကြောင့်။ သမုဒယပ္ပဟာနဿ၊ သမုဒယကိုပယ်ခြင်း၏။ အန္ဓကာရဝိဓမနသဒိသတာ၊ အမိုက်မှောင်ကို ပယ် ဖျောက်ခြင်းနှင့် တူသည်၏အဖြစ်ကို။ (ဝုတ္တာ၊ ၏။) ဉာဏာလောကပရိဗြူဟ-နတာယ၊ ဉာဏ်တည်းဟူသော အရောင်အလင်းကို ပွါးစေသည်၏ အဖြစ်

၁-ဤအနက်မှာ ပါဠ်ရှိရင်းအတိုင်း ပေးအပ်သော အနက်ဖြစ်သည်၊ မြင်ခြင်းတပါးက မည်သို့ ပရမ-ပခါနဖြစ်သနည်းဟု ဆင်ခြင်အပ်၏။ သီမူဠ်ကား “သဗ္ဗဒဿနံ ဒဿနန္တရ-ပရန္တိ” ဟု ရှိ၏၊ ထိုအလိုအားဖြင့်-“သဗ္ဗံ၊ အလုံးစုံသော။ ဒဿနံ၊ သစ္စာတပါးတပါးကို မြင်ခြင်းသည်။ ဒဿနန္တရပရံ၊ မြင်ခြင်းတပါးနောက်၌ ရှိ၏၊ ဝါ၊ နောက်၌ မြင်ခြင်း တပါးရှိ၏။ ဣတိ၊ ကြောင့်” ဟုအနက်ပေး။ ဒုက္ခကို မြင်ပြီးလျှင် သမုဒယကို မြင်ရာ၏၊ ထိုနောင် နိရောဓကို မြင်ရာ၏၊ ထိုနောင် မဂ္ဂကို မြင်ရာ၏၊ ထိုနောင် ဒုက္ခကို မြင်ပြန်ရာ၏-ဤသို့စသည်ဖြင့် သစ္စာတပါးတပါးကို မြင်ပြီးသည့်နောက်၌ အခြား သစ္စာတပါးတပါးကို မြင်ခြင်းရှိရာ၏။ ထိုကြောင့် သစ္စာကို မြင်မှု မပြတ်စဲပဲ အဆုံးမသတ်နိုင်ပဲ ရှိရာသည်ဟု ဆိုလိုပေ၏။ သို့ဖြစ်၍ ထိုသီမူသာ ယုတ္တတရဖြစ်ပေသည်။

ကြောင့်။ မဂ္ဂဘာဝနာယ၊ ၏။ အာလောကပရိဝိဒံသနသဒိသတာ [၁]၊ အရောင်အလင်းကို ထက်ဝန်းကျင်၌ ပြခြင်းနှင့် တူသည်၏အဖြစ်ကို။ (ဝုတ္တာ၊ ၏။) တေန တေန မဂ္ဂေန၊ ထိုထိုမဂ်ဖြင့်။ ယထာ ယထာ၊ အကြင်အကြင် အခြင်းအရာအားဖြင့်။ နိရောဓေသ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယာ၊ သည်။ (ဟောတိ၊ ၏။) တထာ တထာ၊ ထိုထိုအခြင်းအရာအားဖြင့်၊ ဝါ၊ ထိုထိုမျက်မှောက်ပြုတိုင်း။ ကိလေသသ္ဗေဟပရိယာဒါနံ၊ ကိလေသာတည်းဟူသော ဆီ၏ကုန်ခန်းခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ နိရောဓသစ္ဆိကိရိယာယ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၏။ သ္ဗေဟပရိယာဒါနသဒိသတာ၊ ဆီ၏ကုန်ခန်းခြင်းနှင့် တူသည်၏အဖြစ်ကို။ ကာရဏူပစာရေန၊ ကာရဏူပစာအားဖြင့်။ ဝုတ္တာ၊ ၏။

ဂ၄၀။ ဩဘာသေတီတိ၊ ကား။ ပကာသေတိ၊ ထင်ရှားပြ၏။ ကိလေသပဋိပ္ပဿဒ္ဓိန္တိ၊ ကား။ သဗ္ဗကိလေသဒရထပရိဠာဟဝူပသမဘာဝတော၊ အလုံးစုံသော ကိလေသာတည်းဟူသော အပူအလောင်တို့၏ ငြိမ်းရာ၏အဖြစ်ကြောင့်။ ကိလေသာနံ၊ တို့၏။ ပဋိပ္ပဿဒ္ဓိဘူတံ၊ ငြိမ်းအေးရာဖြစ်၍ ဖြစ်သော။

ဂ၄၁။ အဓိပ္ပေတီတိ၊ ကား။ ပပ္ပေါတိ၊ ရောက်၏။ ဒုက္ခပရိညာယ၊ ဒုက္ခကို ပိုင်းခြား၍ သိခြင်း၏။ သက္ကာယတီရသမတိက္ကမဘာဝတော၊ သက္ကာယတည်းဟူသော ဤမှာဖက်ကမ်းကို ကျော်လွန်သည်၏ အဖြစ်ကြောင့်။ ဩရိမတီရပ္ပဟာနသဒိသတာ၊ ဤမှာဖက်ကမ်းကို စွန့်ပယ်ခြင်းနှင့် တူသည်၏ အဖြစ်ကို။ (ဝုတ္တာ၊ ၏။) မဂ္ဂဘာဝနာယ၊ မင်ကိုပွါးစေခြင်း၏။ သတ္တတ္တိံသဗောဓိပက္ခိယဓမ္မာဝဟနတာယ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်။ ဘဏ္ဍာဝဟနသဒိသတာ၊ ဘဏ္ဍာကိုထမ်းဆောင်သည်နှင့် တူသည်၏ အဖြစ်ကို။ (ဝုတ္တာ၊ ၏။)

[၅၀၅] ဂ၄၂။ အဿ၊ ထိုမဂ်အား။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ သည်။ (အတ္ထိ၊ ၏။) ဣတိ၊ ကြောင့်။ ပဝတ္တဉာဏော၊ မည်၏။ မဂ္ဂေါ၊ မဂ်ကိုရ၏။ အဿ မဂ္ဂဿ၊ ထိုမဂ်၏။

တထဋ္ဌေနာတိ၊ ကား။ တထသဘာဝေန၊ မှန်ကန်သောသဘောအားဖြင့်။ ပီဠနာဒိအဝိပရီတသဘာဝေန၊ နှိပ်စက်ခြင်းအစရှိသော မဖောက်ပြန်သော သဘောအားဖြင့်။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ဧကပဋိဝေဓေနာတိ၊ ကား။ ဧကဇ္ဈံ၊ တပေါင်းတည်း။ ပဋိဝိဇ္ဈိတဗ္ဗာကာရေန၊ ထိုးထွင်း၍သိအပ်သော အခြင်းအရာရှိကုန်၏။

---

[၁] ဝိသုဒ္ဓိမဂ်၌ အာလောကံ ပရိဝိဒံသေတိ-ဟု ရှိသောကြောင့် ဤ၌လည်း အာလောကပရိဝိဒံသနသဒိသဘာ-ဟု ပရိ-နှင့် တကွ ရှိသင့်၏၊ ဒံသ-ဓာတ်ဖြင့်ပြီးသောကြောင့် ဒံ-၌လည်း သံယုတ်မဲ့သာ သင့်သည်။

ဒုက္ခဿ ပီဠနဋ္ဌောတိအာဒီသု၊ အစရှိသောစကားရပ်တို့၌။ ယံ၊ အကြင်စကားကို။ (မယာ၊ သည်။) ဝတ္တဗ္ဗံ၊ ဆိုသင့်၏။ တံ၊ ကို။ ဟေဋ္ဌာ၊ အောက်၌၊ ဝါ၊ ဖြစ်သော။ ဗုဒ္ဓါနုဿတိဝဏ္ဏနာယံ၊ ဗုဒ္ဓါနုဿတိအဖွင့် (ပ-၂၅၇) ၌။ ဝုတ္တမေဝ၊ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။ ကေသင်္ဂဟိတာနီတိ၊ ကား။ ကေနေဝ၊ တခုတည်းသော သဘောဖြင့်သာလျှင်။ သင်္ဂဟိတာနိ၊ ရေတွက်အပ်ကုန်၏။ ကေန၊ အဘယ်ဖြင့်။ (သင်္ဂဟိတာနိ၊ ကုန်သနည်း။) တထဋ္ဌေန၊ မှန်သောသဘောဖြင့်။ (သင်္ဂဟိတာနိ၊ ကုန်၏။) သစ္စဋ္ဌေန၊ မှန်သောသဘောဖြင့်။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ယံ ကေသင်္ဂဟိတန္တိအာဒိ၊ ဤသို့အစရှိသော စကားသည်။ ဉာဏဿ၊ မဂ်ဉာဏ်၏။ ကေပဋိဝေဓဒဿနံ၊ တပေါင်းတည်း ထိုးထွင်း၍သိခြင်းကို ပြကြောင်းဖြစ်သော စကားတည်း။ ဟိ-သစ္စံ၊ ၏။ မဂ္ဂဉာဏံ၊ သည်။ နိရောဓမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံ ကရောန္တမ္ပိ၊ အာရုံပြုငြားသော်လည်း။ ဒုက္ခာဒီသု၊ ဒုက္ခသစ္စာ အစရှိသည်တို့၌။ တစ္ဆာဝိပလ္လာသဘူတဘာဝသင်္ခါတော၊ မှန်သည်၏အဖြစ် မဖောက်ပြန်သည်၏အဖြစ် ဟုတ်သည်၏ အဖြစ်ဟုဆိုအပ်သော။ ယော သော သစ္စဋ္ဌော၊ အကြင် သစ္စာသဘောသည်။ (အတ္ထိ၊ ၏။) တပ္ပဋိစ္ဆာဒကသမ္မောဟဝိဒ္ဓံသနေန၊ ထိုသစ္စာသဘောကို ဖုံးလွှမ်းတတ်သော မောဟကို ဖျက်ဆီးသဖြင့်။ တံ၊ ထိုသစ္စာသဘောကို။ ယာထာဝတော၊ ဟုတ်တိုင်းမှန်စွာ။ ပဋိဝိဇ္ဈန္တံ ဧဝ၊ ထိုးထွင်းသိလျက်သာလျှင်။ ပစ္စက္ခံ ကရောန္တမေဝ၊ မျက်မှောက်ပြုလျက်သာလျှင်။ ပဝတ္တတိ၊ ၏။ ယတော၊ ယင်းသို့ မျက်မှောက်ပြုလျက်ဖြစ်သောကြောင့်။ အပရဘာဂေ၊ နောက်အဖို့၌။ ပီဠနာဒယော၊ ပီဠနအစရှိကုန်သော။ သောဠသပိ၊ တဆယ့်ခြောက်ပါးလည်း ဖြစ်ကုန်သော။ သစ္စဋ္ဌာ၊ သစ္စာ၏အနက် သစ္စာသဘောတို့သည်။ အရိယဿ၊ အရိယာပုဂ္ဂိုလ်အား။ ဟတ္ထာမလကံ ဝိယ၊ လက်ဝါးပြင်၌ရှိသော ဆီးဖြူသီးကဲ့သို့။ ယာထာဝတော၊ ဟုတ်တိုင်းမှန်စွာ။ ဥပဋ္ဌဟန္တိ၊ ထင်ပေါ် ကုန်၏။

ဂ၄၃။ အတ္ထာတိ၊ ကား။ ဉာဏေန၊ ဖြင့်။ အရဏီယတော၊ သိအပ်သော ကြောင့်။ အတ္ထာတိ၊ တို့ဟူ၍။ လဒ္ဓသမညာ၊ ရအပ်သော အမည်ရှိကုန်သော။ အာကာရာ၊ အခြင်းအရာတို့တည်း။ အညသစ္စဒဿနဝသေနာတိ၊ ကား။ သမုဒယာဒိသစ္စန္တရဒဿနဝသေန၊ သမုဒယအစရှိသော သစ္စာတပါးကို မြင်သည်၏ အစွမ်းအားဖြင့်။ အာဝိဘာဝတောတိ၊ ကား။ ပကာသဘာဝတော၊ ထင်ရှားသည်၏အဖြစ်ကြောင့်။ ဣဒံ၊ ဤအနက်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ယေ အာကာရာ၊ အကြင် အခြင်းအရာတို့သည်။ ဒုက္ခာဒီသု၊ ဒုက္ခသစ္စာ အစရှိသည် တို့၌။ သဘာဝဝသေန စ၊ ပင်ကိုယ်ရင်း သဘောအားဖြင့်ရင်း။ သစ္စန္တရဒဿနဝသေန စ၊ သစ္စာတပါးကိုမြင်သည်၏ အစွမ်းအားဖြင့်ရင်း။ အာဝိဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တေ (အာကာရာ)၊ ထိုအခြင်းအရာတို့သည်။ ပီဠနာဒယော၊

ပိဋ္ဌနအစရှိကုန်သော။ စတ္တာရောယေဝ၊ လေးပါး လေးပါးတို့သည်သာလျှင်တည်း။ (ဝိစ္ဆာ ၁-ပုဒ်ကြေဟု ယူအပ်၏) ဣတိ၊ ကြောင့်။ သောဠသေဝ၊ တဆယ့်ခြောက်ပါးတို့ကိုသာလျှင်။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ အညေ၊ တပါးသော အခြင်းအရာတို့ကို။ န (ဝုတ္တာ)၊ ကုန်။ ဣတိ၊ သို့။ (ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။) အယမတ္ထော၊ ကို။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတော၊ ၏။ ဣတိ၊ သို့။ ဣဒံ၊ ဤအနက်ကို။ ကထံ၊ အဘယ့်ကြောင့်။ ဝိညာယတိ၊ သိအပ်သနည်း။ ဣတိ၊ ဤသို့မေးဖွယ်ရှိသောကြောင့်။ တတ္ထ ကတမံ ဒုက္ခေ ဉာဏန္တိအာဒိ၊ ကို။ အာဟ၊ ၏။ တေန၊ ထိုစကားရပ်ဖြင့်။ ယသ္မာ၊ အကြင်ကြောင့်။ ပါဠိယံ၊ ပါဠိတော်၌။ ဝိသုံ ဝိသုံ၊ အသီးအသီး။ အာရမ္မဏကရဏဝသေနပိ၊ အာရုံပြုသည်၏ အစွမ်းအားဖြင့်လည်း။ သစ္စဉာဏံ၊ ကို။ ဝုတ္တံ၊ ၏။ ကိစ္စနိပ္ဖတ္တိဝသေနပိ၊ ကိစ္စပြီးသည်၏ အစွမ်းအားဖြင့်လည်း။ (ဝုတ္တံ၊ ၏။) တသ္မာ၊ ကြောင့်။ သဘာဝတော စ၊ ပင်ကိုယ်ရင်း သဘောအားဖြင့်ရင်း။ သစ္စန္တရဒဿနတော စ၊ သစ္စာတပါးကို မြင်သောအားဖြင့်ရင်း။ သစ္စာနံ၊ တို့၏။ အာကာရာ၊ တို့သည်။ အာဝိဘာဝန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။ ဣတိ၊ သို့။ ဧတံ၊ ဤအနက်ကို။ ဒဿေတိ၊ ၏။

ကိစ္စနိပ္ဖတ္တိဝသေန၊ ကိစ္စပြီးသည်၏ အစွမ်းအားဖြင့်[1]။ ဒဿနံ၊ မြင်ခြင်းသည်။ အာဝိဘာဝတော၊ ထင်စွာဖြစ်ခြင်းကြောင့်။ ဒဿနသဒိသံ၊ မြင်ခြင်းနှင့်တူ၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုကိစ္စပြီးသောအားဖြင့် မြင်ခြင်းကို။ အနာ-မသိတ္ဝာ၊ မသုံးသပ်မူ၍။ ဣတရမေဝ၊ ဤမှတပါးသော မြင်ခြင်းကိုသာလျှင်။ ဒဿေန္တော၊ ၍။ တတ္ထာတိအာဒိ၊ ကို။ အာဟ၊ ၏။ တတ္ထာတိ၊ ကား။ ဒွိသု၊ နှစ်ပါးကုန်သော။ တေသု ဒဿနေသု၊ ထိုမြင်ခြင်းတို့တွင်။ အာယူဟိတန္တိ၊ ကား။ ပိဏ္ဍဝသေန၊ ပေါင်းစုသည်၏ အစွမ်းအားဖြင့်။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်၏။ ဟိ-သစ္စံ၊ ၏။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ပစ္စယုပ္ပန္နံ နာမ၊ ပစ္စယုပ္ပန်မည်သော အကျိုးတရားသည်။ (အတ္ထိ၊ ၏။) တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ သမု-ဒိတမေဝ၊ ပေါင်းအပ်သည်ဖြစ်၍သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဣတိ၊ သို့သိအပ်၏။ သခ်တန္တိ၊ ကား။ ပစ္စယန္တရေဟိ၊ အကြောင်းတပါးတို့သည်။ သမေစ္စ၊ ပေါင်းဆုံ၍။ သမ္ဘုယ၊ တပေါင်းတည်းဖြစ်၍။ ကတံ၊ ပြုအပ်၏။ ရာသိက-တန္တိ၊ ကား။ ပုဉ္ဇကတံ၊ အပေါင်းအစုပြုအပ်၏။ ဟိ-သစ္စံ၊ ၏။ အနေကမေဝ၊ တပါးမက များစွာသာလျှင်ဖြစ်သော။ ပစ္စယုပ္ပန္နံ၊ ပစ္စယုပ္ပန် အကျိုးတရားသည်။ ဧကဇ္ဈံ၊ တပေါင်းတည်း။ နိဗ္ဗတ္တမာနံ၊ ဖြစ်လတ်သော်။ အတ္တနော၊ ၏။ ပစ္စ-ယေဟိ၊ အကြောင်းတို့သည်၊ ဝါ၊ အကြောင်းတို့က။ ရာသိကတံ ဝိယ၊ အပေါင်း

---

၁-ဖြစ်ခြင်း အနက်မလို၊ ပြီးခြင်း အနက်သာလိုသည်၊ ထိုကြောင့် နိဗ္ဗတ္တိ-မသင့်၊ နိပ္ဖတ္တိ-သာ သင့်သည်။

အစု ပြုအပ်သကဲ့သို့။ ဟောတိ၊ ၏။ ဣတိ၊ သို့သိအပ်၏။ တသ္မာတိ၊ ကား။ သမုဒယေန၊ သည်။ အာယူဟိတတ္တာ၊ အားထုတ်အပ် ပေါင်းစုအပ်သည်၏ အဖြစ်ကြောင့်။ အဿာတိ၊ ကား။ ဒုက္ခသစ္စဿ၊ ၏။ ယသ္မိံ သန္တာနေ၊ ၌။ [၅၀၆] ဥပ္ပန္နော၊ ဖြစ်၏။ တဿ၊ ထိုသန္တာန်၏။ ကိလေသသန္တာပဟာရော၊ ကိလေသာတည်းဟူသော အပူကို ပယ်ဖျောက်တတ်၏။ သယမ္ပိ၊ မိမိသည် လည်း။ ကိလေသပရိဠာဟာဘာဝတော၊ ကိလေသာတည်းဟူသော ပူလောင်ခြင်း၏ မရှိခြင်းကြောင့်။ သုသီတလော၊ အလွန်အေးမြ၏။ ။သန္တာပဋ္ဌော၊ ပူလောင်စေခြင်းသဘောသည်။ အာဝိဘဝတိ၊ ထင်စွာဖြစ်၏။ (ကိမိဝ၊ ကား။) ဥဋ္ဌာရဒဿနေန၊ မြင့်မြတ်သော အရာဝတ္ထုကို မြင်သဖြင့်။ တဒညဿ၊ ထိုမှ တပါးသော အရာဝတ္ထု၏။ အနုဠာရဘာဝေါ၊ မမြင့်မြတ်သည်၏ အဖြစ်သည်။ (အာဝိဘဝတိ) ဝိယ၊ ထင်စွာ ဖြစ်သကဲ့သို့တည်း။ ဣတိ၊ သို့။ ဒဿေန္တော၊ ၍။ အာယသ္မတောတိအာဒိ၊ ကို။ အာဟ၊ ၏။ အဝိပရိဏာမဓမ္မဿ၊ ဖောက်ပြန်ခြင်းသဘော မရှိသော။ နိစ္စသဘာဝဿ၊ မြဲသောသဘောရှိသော နိရောဓသစ္စာကို။ ။ဝတ္တာဗ္ဗမေဝ၊ ဆိုဖွယ်သည်ပင်လျှင်။ နတ္ထိ၊ မရှိ။ (ကသ္မာ၊ ကား။) ပဋိပက္ခတော၊ အားဖြင့်။ အာဝိဘဝနာကာရဿ၊ ထင်ရှားဖြစ်သော အခြင်းအရာ၏။ သုခသိဒ္ဓိတော၊ လွယ်ကူစွာ ပြီးစီးခြင်းကြောင့်တည်း။

ဣဒံ၊ ဤတဏှာသည်။ အဿ၊ ထိုဆင်းရဲကို။ နိဒဒါတိ၊ ပေးတတ်-အပ်နှင်းတတ်၏။ ဣတိ၊ သို့။ နိဒါနဋ္ဌော၊ ဆင်းရဲကို ပေးတတ်သော အကြောင်းသဘောသည်။ အာဝိဘဝတိ၊ ထင်ရှားဖြစ်၏။ သံယောဂပလိဗောဓဋ္ဌော၊ ယှဉ်စေခြင်းသဘော, နှောင့်ယှက်တားမြစ်ခြင်းသဘော တို့သည်။ ပဋိပက္ခဝသေန၊ အားဖြင့်။ အာဝိဘဝနာကာရာ၊ ထင်စွာဖြစ်သော အခြင်းအရာတို့တည်း။ ဣတိ၊ သို့။ ဒဿေန္တော၊ ၍။ ဝိသံယောဂဘူတဿာတိအာဒိ၊ ကို။ အာဟ၊ ၏။ ကိလေသဒုက္ခေဟိ၊ ကိလေသာ ဆင်းရဲတို့နှင့်။ သံယောဇနဋ္ဌော၊ ယှဉ်စေခြင်း သဘောသည်။ သံယောဂဋ္ဌော၊ မည်၏။ သံသာရစာရကေ၊ သံသရာတည်းဟူသော နှောင်အိမ်၌။ ပလိဗုန္ဓနဋ္ဌော၊ နှောင့်ယှက် တားမြစ်ခြင်းသဘောသည်၊ ဝါ၊ နှောင်ဖွဲ့ခြင်း သဘောသည်။ (ဗုဒ္ဓန-ကား မသင့်) ပလိဗောဓဋ္ဌော၊ မည်၏။

ကိလေသသင်္ကိဏကာဒိဝသေန၊ ကိလေသာတည်းဟူသော အပေါင်းအဖော် ရှိသည်၏အဖြစ် စသည်တို့၏ အစွမ်းအားဖြင့်။ အဝိဝေကဘူတဿ၊ မကင်း မဆိတ်သောသဘော ဖြစ်၍ဖြစ်သော။ ။ဝိဝေကဋ္ဌော၊ ဟူသည်။ ဥပဓိဝိဝေ-ကတာ၊ ဥပဓိ လေးပါးတို့၏ ကင်းဆိတ်သည်၏ အဖြစ်တည်း။ သဗ္ဗသင်္ခါရ-ဝိဝိတ္တတာ၊ ခပ်သိမ်းသော သင်္ခါရတို့၏ ကင်းဆိတ်သည်၏အဖြစ်သည်။ အသင်္ခတ-ဘာဝေါ၊ အသင်္ခတ၏ အဖြစ်တည်း။ ဣတိ၊ ကြောင့်။ (သင်္ခတော ဝေ-၌ စပ်) ဧဝံ အစ္ဆရိယဗ္ဘုတသဘာဝေါပိ၊ ဤသို့ အံ့ဖွယ်ထူးဆန်းသော သဘောဖြစ်ငြား

သော်လည်း။ အရိယမဂ္ဂေါ၊ သည်။ သန်တော ဧဝ၊ ပေါင်းစု၍ ပြုအပ်သော သန်တသည်သာလျှင်တည်း။ စ၊ အမှန်အားဖြင့် သော်ကား။ ဧကော၊ တခု တည်းသော။ အယမေဝ၊ ဤနိဗ္ဗာန်တရားသည်သာလျှင်။ အသန်တော၊ အသန်တတည်း။ ဣတိ၊ သို့။ နိရောဓဿ၊ ၏။ အသန်တဘာဝေါ၊ အသန်တ၏ အဖြစ်သည်။ သုပါကဋော၊ ကောင်းစွာထင်ရှားသည်။ ဟောတိ၊ ၏။ မရဏ-မမှတော၊ သေခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်။ ဝါ၊ သေခြင်း၏ အကြောင်းဖြစ်သောကြောင့်၊ ဒုက္ခံ၊ ဒုက္ခသစ္စာသည်။ ဝိသံ၊ သေစေတတ်သော အဆိပ်တည်း။ နိဗ္ဗာနံ၊ သည်။ တဿ၊ ထိုဒုက္ခသစ္စာတည်းဟူသော အဆိပ်၏။ အဂဒဘူတံ၊ ပြေလည်စေတတ်သော ဆေးဖြစ်၍ဖြစ်သော။ အမတံ၊ သေခြင်း ကင်းသော အမြိုက်ဆေးပေတည်း။

မဂ္ဂေါတိ၊ အရိယာမဂ်ဟူ၍။ သမ္ဘာဝေတဗ္ဗတံ၊ ချီးမွမ်းအပ်သည်၏အဖြစ်သို့။ ပတ္တော၊ ရောက်သော။ သုခုမသန္တဘာဝေန၊ သိမ်မွေ့ငြိမ်သက်သည်၏ အဖြစ်ဖြင့်။ ဥပဋ္ဌိတော၊ ထင်သော။ နိကန္တိဘူတောပိ၊ နိကန္တိတဏှာဖြစ်၍ ဖြစ်သော်လည်း။ အယံ သမုဒယော၊ ဤသမုဒယ တဏှာသည်။ နိဗ္ဗာနဿ၊ သို့။ ပတ္တိယာ၊ ငှါ။ န ဟောတု၊ အကြောင်းမဟုတ်။ အယံ အရိယမဂ္ဂေါ၊ သည်။ ဟောတု၊ တည်း။ ဣတိ၊ သို့။ မဂ္ဂါမဂ္ဂဉာဏဒဿနေ၊ မဂ္ဂါမဂ္ဂဉာဏဒဿနအရာ၌၊ ဝါ၊ မဂ်မှန် မဂ်မှားကို သိမြင်သော ဉာဏ်အရာ၌။ ဝုတ္တနယေန၊ ဖြင့်။ မဂ္ဂဿ၊ ၏။ ဟေတုဘွော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းသဘောသည်။ အာဝိဘဝတိ၊ ၏။ နိရောဓဒဿနေနာတိ၊ ကား။ အဘိဝိယ၊ အလွန်လျှင်။ နိပုဏဿ၊ သိမ်မွေ့သော။ ပရမဂမ္ဘီရဿ၊ အလွန်နက် နဲသော။ နိရောဓသစ္စဿ၊ နိရောဓသစ္စာကို။ ဒဿနေန၊ ဖြင့်။ တေန၊ ကြောင့်။ ပရမသုခုမာနီတိအာဒိ၊ ကို။ အာဟ၊ ၏။ ဒုက္ခဒဿနေနာတိ၊ ကား။ အတိဝိယ၊ အလွန်လျှင်။ အာဒီနဝပ္ပတ္တိယာ၊ အပြစ်သို့ရောက်ခြင်းကြောင့်။ ဝိပုလတရာဒီ-နဝဿ၊ အလွန်ပြန့်ပြောများပြားသော အပြစ်ရှိသော။ ဒုက္ခသစ္စဿ၊ ကို။ ဒဿနေန၊ ဖြင့်။ တပ္ပဋိပက္ခတော၊ ထိုဒုက္ခသစ္စာ၏ ဆန့်ကျင်ဖက်အားဖြင့်။ အာဓိပတေယျဋ္ဌော၊ အကြီးအမှူးဖြစ်ခြင်းသဘောသည်။ အာဝိဘဝတိ၊ ၏။ တေန၊ ကြောင့်။ အနေကရောဂါတုရ။ပ။ ဥဋ္ဌာရဘာဝေါ ဝိယာတိ၊ ဟူ၍။ အာဟ၊ ၏။ ဧဝံ၊ သို့။ ယထာရဟံ၊ စွာ။ အန္ဓယတော စ၊ အလျော်အားဖြင့် ၎င်း။ ဗျတိရေကတော စ၊ ပြောင်းပြန်ဆန့်ကျင်ဖက်အားဖြင့်၎င်း။ သစ္စေသု၊ တို့၌။ ဧတေ အာဝိဘဝနာကာရာ၊ ဤထင်စွာဖြစ်သော အခြင်းအရာတို့ကို။ ဝိဘာဝိတာ၊ ထင်ရှားပြအပ်ကုန်၏။

ဧကေကဿာတိ၊ ကား။ ဧကေကဿ၊ တခုတခုသော။ အတ္ထဿ၊ အခြင်း အရာဟူသော အနက်သဘော၏။ ပီဠနာယူဟနနိဿရဏနိယျာနဋ္ဌေ၊ နှိပ်စက် ခြင်းသဘော အားထုတ်ခြင်းသဘော ထွက်မြောက်ခြင်းသဘော ထွက်မြောက်

ကြောင်းသဘောတို့ကို။ သန္တာယ၊ ၍။ အာဟ၊ ၏။ တိဏ္ဏံ တိဏ္ဏန္တိ၊ ဟူသော စကားကို။ သင်္ခတာဒိအတ္ထော၊ သင်္ခတအစရှိသော အနက်သဘောတို့ကို။ (သန္တာယ၊ ၍။ အာဟ၊ ၏။) ယေ ပန ဝါဒိနော၊ အကြင်ဆိုလေ့ရှိသော ပုဂ္ဂိုလ်တို့သည်ကား။ နာနာဘိသမယန္တိ၊ ကား။ နာနာဉာဏေန၊ အထူးထူးသော ဉာဏ်ဖြင့်။ အဘိသမယံ၊ သိခြင်းကို။ စတုန္နံ၊ ကုန်သော။ သစ္စာနံ၊ တို့ကို။ နာနာက္ခဏော၊ အထူးထူးသောခဏ၌။ နာနာဉာဏေန၊ အထူးထူးသောဉာဏ် ဖြင့်။ ပဋိဝိဇ္ဈနံ၊ ထိုးထွင်း၍သိခြင်းကို။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ဟိ-သစ္စံ၊ ၏။ မဂ္ဂဉာဏဿ၊ ၏။ စတူသု၊ ကုန်သော။ သစ္စေသု၊ တို့၌။ နာနာ-ဘိသမယော၊ အထူးထူးသော ခဏ၌သိခြင်းသည်။ ယဒိ သိယာ၊ အံ့။ (ဧဝံ သတိ၊ သော်။) ဒုက္ခဒဿနာဒီဟိ၊ ဒုက္ခကိုမြင်ခြင်း စသည်တို့ဖြင့်။ (ကေဒေသပ္ပဟာနံ-၌ စပ်) ပဌမမဂ္ဂါဒီဟိ၊ ပဌမမဂ်စသည်တို့သည်။ ပဟာတဗ္ဗာနံ၊ ကုန်သော။ [၅၀၇] သံယောဇနတ္တယာဒီနံ၊ သံယောဇဉ်သုံးပါးအပေါင်း စသည်တို့ကို၊ ဝါ၊ တို့၏။ ကေဒေသပ္ပဟာနံ၊ တစိတ်တဒေသပယ်ခြင်းသည်။ အာပဇ္ဇတိ၊ ဖြစ်ရာ ၏။ စ၊ ဆက်။ တထာ သတိ၊ ထိုသို့တစိတ်တဒေသအားဖြင့် ပယ်ခြင်းဖြစ်လတ် သော်။ ကေဒေသသောတာပတ္တိမဂ္ဂဋ္ဌတာဒိပ္ပသင်္ဂေါ၊ တစိတ်တဒေသအားဖြင့် ဖြစ်သော သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အဖြစ် စသည်သို့ ရောက်ခြင်းသည်။ (သိယာ၊ ၏။) တံတံဒဿနာနန္တရဉ္စ၊ ထိုထိုသစ္စာကို မြင်သည်၏ အခြားမဲ့၌ လည်း။ တံတံဖလေန၊ ထိုထိုဖိုလ်သည်။ ဘဝိတဗ္ဗံ၊ ၏။ ဣတိ၊ ကြောင့်။ တံတံ-ပဟေယျကိလေသပဋိပ္ပဿဒ္ဓိဘူတာနံ၊ ထိုထိုမဂ်ဖြင့် ပယ်အပ်သော ကိလေသာ တို့ကို တဖန်ငြိမ်းစေခြင်းသဘောဖြစ်၍ ဖြစ်ကုန်သော။ ဖလာနံ၊ ဖိုလ်တို့၏။ (စတုက္កတာ-၌ စပ်) မဂ္ဂါနံ ဝိယ၊ မဂ်တို့၏ကဲ့သို့။ စတုက္ကတာ၊ လေးခုအပေါင်း ၏ အဖြစ်သည်။ သိယာ၊ ၏။ စ၊ ဆက်။ တထာ သတိ၊ ထိုသို့ဖြစ်လတ်သော်။ ကေဒေသသောတာပန္နတာဒိပ္ပသင်္ဂေါ၊ တစိတ်တဒေသအားဖြင့် သောတာပန် အဖြစ် စသည်သို့ရောက်ခြင်းသည်။ (သိယာ၊ ၏။) ဘိယျော၊ ထို့ထက်အလွန်။ ကိဉ္စ၊ အနည်းငယ်ဆိုဖွယ်ရှိသေး၏။ မဂ္ဂဉာဏဿ၊ ၏။ နာနာဘိသမယော၊ အထူးထူးသော ခဏ၌သိခြင်းသည်။ ယဒိ သိယာ၊ အံ့။ အညေန၊ တပါးသော။ ဉာဏေန၊ ဖြင့်။ ဒုက္ခံ၊ ကို။ ပဿတိ၊ ၏။ အညေန၊ တပါးသောဉာဏ်ဖြင့်။ သမုဒယံ၊ ကို။ အညေန၊ ဖြင့်။ နိရောဓံ၊ ကို။ အညေန၊ ဖြင့်။ မဂ္ဂံ၊ ကို။ (ပဿတိ၊ ၏။) ဧဝံ သတိ၊ ဤသို့ဖြစ်လတ်သော်။ မဂ္ဂကိစ္စံ၊ သည်။ အပရိပုဏ္ဏမေဝ၊ မပြည့် စုံသည်သာလျှင်။ သိယာ၊ ၏။ ဟိ၊ ချဲ့။ တေနေဝ၊ ထိုမဂ်ဖြင့်ပင်လျှင်။ တဿ၊ ထိုမဂ်ကို။ ဒဿနံ ဝါ၊ မြင်ခြင်းသည်သော်ရင်း။ အညေန၊ တပါးသောမဂ်ဖြင့်။ (တဿ၊ ကို။ ဒဿနံ ဝါ၊ သည်သော်ရင်း။) ဣတိ၊ သို့။ မဂ္ဂဒဿနေန၊ မဂ်ကို မြင်ခြင်းဖြင့်။ ဒွယဂတိ၊ နှစ်ပါးသော ပြီးစီးခြင်းသည်။ (သိယာ၊ ၏။) တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ တာဝ၊ စွာ။ ပဌမော ပက္ခော၊ သည်။ န ယုဇ္ဇတိ၊ မသင့်။

(ကသ္မာ၊ ကား။) အတ္တနိ၊ မိမိ၌။ ပဝတ္တိယာ၊ မြင်မှုဖြစ်ခြင်း၏။ အသမ္ဘဝတော၊ မဖြစ်သင့်ခြင်းကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ တေနေဝ အင်္ဂုလဂ္ဂေန၊ ထိုလက်ချောင်း၏ အဖျားဖြင့်ပင်လျှင်။ တမေဝ၊ ထိုလက်ချောင်း၏အဖျားကိုပင်လျှင်။ ပရာမသိတုံ၊ ငှါ။ န သက္ကာ၊ နိုင်။ အထ၊ ထိုသို့မဟုတ်မူ၍။ အညေန၊ တပါးသော မဂ်ဖြင့်။ (ယဒိ ပဿတိ၊ အံ့။) ယေန၊ အကြင်တရားဖြင့်။ မဂ္ဂံ၊ ကို။ ပဿတိ၊ ၏။ သောပိ၊ ထိုမြင်ကြောင်းဖြစ်သော တရားသည်လည်း။ မဂ္ဂေါ၊ မဂ်ပင်တည်း။ တမ္ပိ၊ ထိုမြင်ကြောင်းဖြစ်သော မဂ်ကိုလည်း။ ယေန၊ အကြင်တရားဖြင့်။ ပဿတိ၊ ၏။ သောပိ၊ ထိုမြင်ကြောင်းဖြစ်သော တရားသည်လည်း။ မဂ္ဂေါ၊ မဂ်ပင်တည်း။ ဣတိ၊ သို့။ အနဝဋ္ဌာနပ္ပသင်္ဂေါ၊ မတည်တံ့ခြင်းသို့ ရောက်သည်။ (သိယာ၊ ၏။) တသ္မာ၊ ကြောင့်။ ကောဘိသမယတော၊ တပေါင်းတည်း သိခြင်း တပြိုင်နက်သိခြင်း တခုတည်းသော ခဏ၌သိခြင်းအားဖြင့်။ ယထာဝုတ္တော၊ အကြင်အကြင် ဆိုအပ်ပြီးသော။ အသမ္မောဟပဋိဝေဓောဝ၊ မတွေမဝေသောအားဖြင့် ထိုးထွင်း၍ သိခြင်းသည်သာလျှင်။ ယုတ္တော၊ သင့်လျော်၏။ အပိစ၊ တနည်းလည်း။ ပရိစ္ဆိန္နိတဗ္ဗဋ္ဌ၊ ပိုင်းခြားအပ်သော သစ္စာဒုင်း။ သမုစ္ဆိန္နိတဗ္ဗဋ္ဌ၊ အကြွင်းမဲ့ပယ်ဖြတ်အပ်သော သစ္စာဒုင်း။ (ဣတိ၊ သို့။) သစ္စဒ္ဒယံ၊ သစ္စာနှစ်ပါးအပေါင်းကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တမာနဿ၊ ဖြစ်သော။ မဂ္ဂဉာဏဿ၊ ၏။ ပရိစ္ဆိန္ဒနသမုစ္ဆိန္ဒနာနိ၊ ပိုင်းခြားခြင်း အကြွင်းမဲ့ပယ်ဖြတ်ခြင်းတို့သည်။ န သမ္ဘဝန္တိ၊ မဖြစ်သင့်ကုန်။ (ကသ္မာ၊ ကား။) တတော၊ ထိုနှစ်ပါးသော သစ္စာတို့မှ။ အနိဿရဏတော၊ မထွက်မြောက်ခြင်းကြောင့်တည်း။ ဟိ၊ ချဲ့။ ဒုက္ခပရိညာသမုဒယပ္ပဟာနာနိ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း သမုဒယသစ္စာကို ပယ်ခြင်းတို့ကို။ (န သက္ကုဏေယျာနိ-၌စပ်) ဒုက္ခသမုဒယသစ္စာရမ္မဏေန၊ ဒုက္ခသစ္စာသမုဒယသစ္စာလျှင် အာရုံရှိသော။ ဉာဏေန၊ ဖြင့်။ ကာတုံ၊ ငှါ။ န သက္ကုဏေယျာနိ၊ မစွမ်းနိုင်အပ်ကုန်။ ပန၊ စင်စစ်။ နိဗ္ဗာနာရမ္မဏေန၊ နိဗ္ဗာန်လျှင် အာရုံရှိသော။ (ဉာဏေန၊ ဖြင့်။) တတ္ထ စ၊ ထိုအာရုံနှင့် အာရမ္မဏိက သစ္စာနှစ်ပါး၌ဒုင်း။ ဣတရဒ္ဒယေ စ၊ ဤမှတပါးသော သစ္စာနှစ်ပါးအပေါင်း၌ ဒုင်း။ သမ္မောဟံ၊ တွေဝေသောမောဟကို။ ဝိဒ္ဓံသေန္တေန၊ ဖျက်ဆီးသည်ဖြစ်၍။ ကာတုံ၊ ငှါ။ သက္ကာ၊ ပေ၏။ ဣတိ၊ ကြောင့်။ ကောဘိသမယော ဧဝ၊ တပေါင်းတည်း သိခြင်း တပြိုင်နက်သိခြင်း တခုတည်းသောခဏ၌ သိခြင်းသည်သာလျှင်။ ယုတ္တော၊ ၏။ အယံ ပန အတ္ထော၊ ကား။ ပါဠိယံ၊ ပါဠိတော်၌။ အာဂတော ဧဝ၊ လာသည်သာလျှင်တည်း။ ဣတိ၊ ကြောင့်။ တေသံ ဥတ္တရံ အဘိဓမ္မေ ကထာဝတ္ထုသ္မိံ ဝုတ္တမေဝါတိ၊ ဟူ၍။ အာဟ၊ ၏။ (ဤအာဟ-ပုဒ် ကျနေသည်)

## ပရိညာဒိပ္ပဘေဒကထာဝဏ္ဏနာ

၈၄၅။ အဘိညာပညာတိအာဒီနံ၊ အစရှိသောပုဒ်တို့၏။ အတ္ထော၊ အနက်ကို။ ဟေဋ္ဌာ၊ အောက် (နှာ ၁၈၇) ၌။ ဝုတ္တောယေဝ၊ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။ အပိစ၊ တနည်းကား။ သုတမယာယ စ၊ သုတမယပညာထက်ငင်း။ စိန္တာမယာယ စ၊ စိန္တာမယပညာထက်ငင်း။ ကေစ္စဘာဝနာမယာယ စ၊ အချို့သော ဘာဝနာမယပညာထက်ငင်း။ အဘိဝိသိဋ္ဌာယ၊ ထူးသော။ ပညာယ၊ ဖြင့်။ ဉာတာ၊ သိအပ်သောတရားတို့သည်။ အဘိညာတာ၊ အဘိညာတမည်ကုန်၏။ ပရိညန္တိရာနံ၊ တပါးသောပရိညာတို့၏။ အဝိသယဘာဝတော၊ အရာမဟုတ်သည်၏ အဖြစ်ကြောင့်။ အာဝေဏိကာ၊ သီးသန့်ဖြစ်သော။ ဘူမိ၊ ဖြစ်ရာဘုံနယ်ပယ်တည်း။ ဟိ-သစ္စံ၊ ၏။ နာမရူပပရိစ္ဆေဒပစ္စယပရိဂ္ဂဟဏဝသေန၊ နာမ်ရုပ်ကိုပိုင်းခြားခြင်း အကြောင်းကိုသိမ်းဆည်းခြင်းတို့၏ အစွမ်းအားဖြင့်။ တီရဏပရိညာဒီနံ၊ တီရဏပရိညာစသည်တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ န အတ္ထိ၊ မရှိ။

ဝေံ၊ သို့။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ ပန၊ အလျှော်ကား။ အဝိဗန္ဓေနေဝ၊ အဆီးအတား အနှောင့်အယှက် မရှိသဖြင့်သာလျှင်။ ယထာပရိစ္ဆိန္နကာလဝီတိက္ကမနေ၊ အကြင် အကြင် ပိုင်းခြားအပ်သော ကာလကို ကျော်လွန်လတ်သော်။ (ဤအရာ၌လည်း အဝိဗန္ဓေ ပန ယထာပရိစ္ဆိန္နကာလဝီတိက္ကမေယေဝ-ဟု ရှိသင့်၏။ ထိုသို့ရှိလျှင်) ပန၊ အလျှော်ကား။ အဝိဗန္ဓေ၊ အဆီးအတား အနှောင့်အယှက် မရှိလတ်သော်။ ယထာပရိစ္ဆိန္နကာလဝီတိက္ကမေယေဝ၊ အကြင် အကြင် ပိုင်းခြားအပ်သော ကာလကို ကျော်လွန်သော အခါ၌သာလျှင်။ ဖလစိတ္တုပ္ပတ္တိယာ၊ ဖိုလ်စိတ်၏ ဖြစ်ခြင်းဖြင့်။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ ဟောတိ၊ ၏။ ဧဝဥ္စ ကတွာ၊ ဤသို့သောအကြောင်းကြောင့်။ ဂမ္ဘီရကန္ဒရောရုဋ္ဌတတ္တပါသာဏက္ကန္တပုရိသနိဒဿနမ္ပိ၊ နက်သောချောက်သို့ ဆင်းသက်သောယောကျ်ား, ပြင်းစွာပူလောင်သော ကျောက်ဖျာကို နင်းသောယောကျ်ား ဥပမာကိုလည်း။ သမတ္ထိတံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ကေစိ၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ အပရေ ပန၊ တပါးသောဆရာတို့သည်ကား။ ပုဗ္ဗကိစ္စဿ။ပ။ ပတိဋ္ဌာတီတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဝိသုဒ္ဓိမဂ်၌ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ သံဃပဋိမာနနာဒိကေစ္စပုဗ္ဗကိစ္စာကရဏေ၊ သံဃပဋိမာနန အစရှိသော အချို့သော ပုဗ္ဗကိစ္စကို မပြုခြင်းသည်။ (သတိ၊ သော်။) အင်္ဂဝေကလ္လတော၊ အင်္ဂါ ချို့တဲ့ခြင်းကြောင့်။ နိရောဓသမာပတ္တိသမာပဇ္ဇနံ၊ သည်။ န ဣဇ္ဈတေဝ၊ မပြီးစီး မပြည့်စုံသည်သာလျှင်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဟိ-သစ္စံ၊ ၏။ ယဒိဒံ ပုဗ္ဗကိစ္စကရဏံ၊ အကြင် ပုဗ္ဗကိစ္စကို ပြုခြင်းသည်။ (အတ္ထိ၊ ၏။) ဧတံ၊ ဤပုဗ္ဗကိစ္စကို ပြုခြင်းသည်။ နိရောဓသမာပတ္တိယာ၊ ၏။ ဝတ္တသဒိသံ၊ မချွတ်မယွင်း ပြုမြဲဖြစ်သော ကျင့်ဝတ်နှင့်တူ၏။ တသ္မာ၊ ကြောင့်။ တတ္ထ၊ ထိုပုဗ္ဗကိစ္စတို့တွင်။ ယံ၊ အကြင်ကိစ္စသည်။ ဂရုတရံ၊ အထူးသဖြင့် ကြီးလေး၏။ တဿ၊ ကို။ အကရဏံ၊ သည်။ သမာပဇ္ဇနံ၊ ကို။ ဝိဗန္ဓတိ၊ တားဆီးနှောင့်ယှက်တတ်၏။ ဣတိ၊ သို့။ အပရေ၊ တို့သည်။ (ဝဒန္တိ၊ ကုန်၏။) ဝီမံသိတွာ၊ စူးစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ စ၊ ထိုမှတပါး။ အာကိဉ္စညာယတနေ ပတိဋ္ဌာတီတိ ဣဒံ၊ ဟူသော ဤစကားကို။ ပုန၊ တဖန်။ အာကိဉ္စညာယတနဿ၊ ၏၊ ဝါ၊ ကို။ သမာပဇ္ဇိတဗ္ဗတ္တာ၊ ကြောင့်။ ဝုတ္တံ၊ ၏။ (သမာပဇ္ဇိတွာ-နောင် ဟိ-မပါပဲ ရှိသင့်၏။ ကသ္မာ၊ ကား။) သမာပဇ္ဇိတွာ၊ အာကိဉ္စညာစျာန်ကို ဝင်စားပြီး၍။ ဝုဋ္ဌာယ၊ ယင်းမှထ၍။ ပုဗ္ဗကိစ္စဿ၊ ၏။ ကာတဗ္ဗတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်တည်း။

ယထာ ပနာတိအာဒိ၊ အစရှိသောစကားသည်။ ကတပုဗ္ဗကိစ္စတာသာမညေန၊ ပြုအပ်ပြီးသော ပုဗ္ဗကိစ္စရှိသည်၏ အဖြစ်ချင်းတူသည်၏ အဖြစ်ဖြင့်။ ဥပမာသံသန္ဒနံ၊ ဥပမာနှိုးနှောကြောင်းဖြစ်သော စကားတည်း။

၈၈၀။ အဿာဒတိ၊ ကား။ နိရောဓသမာပတ္တိယာ၊ ၏။ (ဌာနံ-၌ စပ်) ကာလပရိစ္ဆေဒဝသေနာတိအာဒိနာ၊ အစရှိသောစကားဖြင့်။ စတုဟိ၊ ကုန်သော။ အာကာရေဟိ၊ တို့ဖြင့်။ (ဒဿေတိ-၌စပ်) နိရောဓသမာပတ္တိယာ၊ ၏။ ဌာနံ၊ တည်ခြင်းကို။ ဒဿေတိ၊ ၏။

၈၈၂။ ဝိဝေကနိန္နတ္တိ၊ ကား။ ပဂေဝ၊ ရှေးမဆွကပင်လျှင်။ သင်္ခါရဝိမုခ-တာယ စ၊ သင်္ခါရတို့မှ မျက်နှာလွှဲသည်၏ အဖြစ်ကြောင့်၎င်း။ ဖလစိတ္တုပ္ပတ္တိ-ယာ စ၊ ဖိုလ်စိတ်၏ ဖြစ်ခြင်းကြောင့်၎င်း။ နိဿရဏဝိဝေကနိန္နံ၊ နိဿရဏ-ဝိဝေကမည်သော နိဗ္ဗာန်သို့ညွတ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၈၈၃။ သင်္ခါရတ္တယပဋိပ္ပဿဒ္ဓိယာ စ၊ သင်္ခါရသုံးပါးအပေါင်း၏ ငြိမ်းခြင်း ဖြင့်၎င်း။ (အဝိသေသံ-၌ စပ်) အဝသေသစေတသိကဝိညာဏာဘာဝေန၊ ကြွင်းသော စေတသိက်နှင့် ဝိညာဏ်၏မရှိခြင်းကြောင့်။ ရူပဓမ္မမတ္တာဝသေသ-တာယ စ၊ ရုပ်တရားမျှ ကြွင်းသည်၏ အဖြစ်ဖြင့်၎င်း။ မတနိရောဓသမာပန္နာနံ၊ သေသောသူနှင့် နိရောဓသမာပတ် ဝင်စားသောသူတို့၏။ အဝိသေသံ၊ အထူး မရှိသည်၏အဖြစ်ကို။ ဂဟေတွာ၊ ယူ၍။ မတဿ စ သမာပန္နဿ စ ကော ဝိသေသောတိ၊ ဟူသော။ ပုစ္ဆာ၊ ကို။ (ကတာ၊ ပြုအပ်၏။) နေသံ၊ ထိုသေ သောသူနှင့် နိရောဓသမာပတ် ဝင်စားသောသူတို့၏။ [၅၃၀] သင်္ခါရတ္တယ-ပဋိပ္ပဿဒ္ဓိအာဒီဟိ၊ သင်္ခါရသုံးပါးအပေါင်း၏ ငြိမ်းခြင်းစသည်တို့ဖြင့်။ အဝိ-သေသော၊ အထူးမရှိသည်၏အဖြစ်သည်။ ကာမံ (ဟောတိ)၊ အကယ်၍ကား ဖြစ်ပေ၏။ ပန၊ ထိုသို့ပင်ဖြစ်သော်လည်း။ ရူပဓမ္မမတ္တာဝသေသတာယ၊ ရုပ် တရားမျှ ကြွင်းကျန်သည်၏အဖြစ်၌။ (ဝိသေသော-၌ စပ်) အာယုဥသ္မာဣန္ဒြိ-ယာနံ၊ အသက် ကိုယ်ငွေ့ ဣန္ဒြေတို့၏။ အပဂမာနပဂမနံ၊ ကင်းခြင်း မကင်းခြင်း သည်။ ဝိသေသော၊ အထူးတည်း။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ ယွာယန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။

၈၈၄။ သဘာဝတောတိ၊ ကား။ သဘာဝဓမ္မတော၊ သဘောတရားအား ဖြင့်။ ပရမတ္ထတော၊ ပရမတ္ထတရားအားဖြင့်။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ ဟိ-သစ္စံ၊ ၏။ ပရမတ္ထတော၊ အားဖြင့်။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသောတရားသည်။ (နာ-ပိနေသည်) သင်္ခတာဒိဘာဝေန၊ သင်္ခတ စသည်၏အဖြစ်ဖြင့်။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သည်၏ အဖြစ်ကို။ လဘတိ၊ ရ၏။ အဝိဇ္ဇမာနံ၊ ထင်ရှားမရှိသောတရား သည်။ န (လဘတိ)၊ မရ။ / သမာပဇ္ဇန္တဿ ဝသေနာတိ၊ ကား။ ယသ္မာ၊ ကြောင့်။ သမာပဇ္ဇန္တဿ၊ သော။ အရိယပုဂ္ဂလဿ၊ အရိယာပုဂ္ဂိုလ်၏။ (ပဋိပ္ပဿမ္ဘနပယောဂနိဗ္ဗတ္တိယာ-၌ စပ်) သမထဝိပဿနာဓမ္မေ၊ တို့ကို။ ယုဂနဒ္ဓေ၊ ညီတူအစုံဖွဲ့အပ်သည်တို့ကို။ ကတွာ၊ ၍။ အဋ္ဌ၊ ကုန်သော။ သမာပတ္တိယော၊ တို့ကို။ အာရောဟန္တဿ၊ တက်သည်ဖြစ်၍၊ ဝါ၊ တက်လျက်။ အနုက္ကမေန၊

အစဉ်အားဖြင့်။ သခါရာနံ၊ တို့ကို။ ပဋိပ္ပဿမ္ဘနပယောဂနိဗ္ဗတ္တိယာ၊ ငြိမ်းစေခြင်းပယောဂ၏ဖြစ်ခြင်းဖြင့်။ (နိပ္ဖတ္တိယာ-ရှိလျှင် ပြီးစီးခြင်းဖြင့်-ဟုအနက်ပေး) နိရောဓသမာပတ္တိ၊ သည်။ နိပ္ဖန္နာ နာမ၊ ပြီးစီးသည်မည်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တံ ပယောဂနိဗ္ဗတ္တိံ၊ ထို ပယောဂ၏ ဖြစ်ခြင်းပြီးခြင်းကို။ ဥပါဒါယ၊ အစွဲပြု၍။ နိပ္ဖန္နာတိ၊ ဟူ၍။ ဝတ္တုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

သခ်ါရဝူပသမတော စ၊ သခ်ါရတို့၏ ငြိမ်းခြင်းကြောင့်၎င်း။ သန္တဓမ္မသမန္နယတော စ၊ ငြိမ်သက်သောအရူပသမာပတ်တရားသို့ အစဉ်လိုက်ခြင်းကြောင့်၎င်း။ သန္တံ၊ ငြိမ်းအေးငြိမ်သက်စွာသော။ အရိယေဟိ စေဝ၊ အရိယာတို့သည်သာလျှင်။ နိသေဝိတဗ္ဗတ္တာ၊ မှီဝဲအပ်သည်၏အဖြစ်ကြောင့်။ အရိယနိသေဝိတံ၊ မည်၏။ တိဿန္နမ္ပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဒုက္ခတာနံ၊ ဒုက္ခတာတို့၏။ နိဗ္ဗုတဘာဝတော၊ ငြိမ်းသည်၏အဖြစ်ကြောင့်။ နိဗ္ဗာနံ ဣတိ၊ ဟူ၍။ သခံ၊ သို့။ ဥပါဂတံ၊ ရောက်သော။ အရိယပညန္တိ၊ ကား။ သုဝိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်သော။ မဂ္ဂဖလပညံ၊ မဂ်ပညာဖိုလ်ပညာကို။ ဣမိဿာပီတိ၊ ကား။ နိရောဓသမာပတ္တိယာ၊ ကို။ သမာပတ္တိသမတ္ထတာတိ၊ ကား။ သမာပဇ္ဇနသမတ္ထတာ၊ ဝင်စားခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်တည်း။

## အာဟုနေယျဘာဝါဒိသိဒ္ဓိကထာဝဏ္ဏနာ

၈၈၅။ အာဟုနေယျဘာဝါဒိသိဒ္ဓီတိ၊ ကား။ အာဟုနေယျ။ပ။ ပုညက္ခေတ္တဘာဝါသိဒ္ဓိ၊ အာဟုနေယျအဖြစ်, ပါဟုနေယျအဖြစ်, ဒက္ခိဏေယျအဖြစ်, အဉ္ဇလီကရဏီယအဖြစ်, အနုတ္တရပုညက္ခေတ္တအဖြစ်၏ပြီးခြင်းတည်း။ အဝိသေသေနာတိ၊ ကား။ ဒဿနမဂ္ဂပညာဒိဝိသေသေန၊ ဒဿနမဂ်ပညာအစရှိသောအထူးနှင့်။ ဝိနာ၊ ကင်း၍။ ။တေိဿာ လောကုတ္တရပညာယ၊ ဤ လောကုတ္တရာပညာ၏။ ။အာနေတွာ၊ ဆောင်ယူ၍။ ဟုနိတဗ္ဗံ၊ ပေးလှူပူဇော်အပ်၏။ ဣတိ၊ ကြောင့်။ အာဟုနံ၊ မည်၏။ ဒူရတောပိ၊ အဝေးမှသော်လည်း။ အာနေတွာ၊ ဆောင်ယူ၍။ ဒါတဗ္ဗဒါနံ၊ ပေးလှူပူဇော်အပ်သောဒါနဝတ္ထုတည်း။ တံ၊ ထို အဝေးမှဆောင်ယူ၍ ပေးလှူပူဇော်အပ်သော အလှူဝတ္ထုကို။ ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှါ၊ ယုတ္တော၊ သင့်လျော်၏။ ဣတိ၊ ကြောင့်။ **အာဟုနေယျော၊ မည်၏။** **အာဂန္တုကဒါနံ၊** ဧည့်သည်အာဂန္တုအားပေးလှူအပ်သောဝတ္ထုကို။ **ပါဟုနံ၊** ဟူ၍။ ဝုစ္စတိ၊ ၏။ တံ၊ ထိုဧည့်သည်အား ပေးလှူဖွယ်ကို။ ပဋိဂ္ဂဟေတုံ၊ ငှါ။ ယုတ္တော၊ ၏။ ဣတိ၊။ ကြောင့်။ ပါဟုနေယျော၊ မည်၏။ ဒက္ခိဏာ၊ မြတ်သောအလှူကို။ အရဟတိ၊ ထိုက်၏။ ဣတိ၊ ကြောင့်။ ဒက္ခိနေယျော၊ မည်၏။ အဉ္ဇလိကရဏံ၊ လက်အုပ်ကိုပြုခြင်း-လက်အုပ်ချီခြင်းသည်။ **အဉ္ဇလိကမ္မံ၊** မည်၏။ တံ၊ ထိုလက်အုပ်ချီခြင်းကို။ အရဟတိ၊ ထိုက်၏။ ဣတိ၊ ကြောင့်။

အဥ္စလိကရဏီယော၊ မည်၏။ အနုတ္တရံ ဥတ္တမံ၊ မြတ်သော။ (၄ှာနံ-၌ စပ်) သတ္တာနံ၊ တို့၏။ ပုညဝိရူဟနဋ္ဌာနံ၊ ကောင်းမှု၏ကြီးပွါးစည်ပင်ရာဌာနတည်း။ ဣတိ၊ ကြောင့်။ လောကဿ၊ ၏။ အနုတ္တရံ၊ အလွန်အကဲမရှိ မြတ်သော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ လယ်ယာမည်၏။ ဣတိ အယံ၊ သည်ကား။ ဧတ္ထ၊ ၌။ သင်္ခေပေါ၊ တည်း။ ဝိတ္ထာရော ပန၊ အကျယ်ကိုကား။ ဟေဋ္ဌာ၊ အောက် သံဃာနုဿတိအရာ၌။ ဝုတ္တောယေဝ၊ သာလျှင်တည်း။

၈၈၆။ မန္ဒာယ ဝိပဿနာယ အာဂတောတိ၊ ကား။ အတိက္ခာယ၊ မထက် သော။ ဝိပဿနာယ၊ ၏။ ဝသေန၊ ဖြင့်။ ပဉ္စမမဂ္ဂပညံ၊ ပညာကို။ ဘာဝေတွာ၊ ပွါးစေ၍။ သောတာပန္နဘာဝံ၊ သောတာပန်၏ အဖြစ်သို့။ အာဂတော၊ လာသောပုဂ္ဂိုလ်တည်း။ သဒ္ဓါဒီနံ၊ သဒ္ဓါအစရှိကုန်သော။ မုဒုနံ၊ နူးညံ့ကုန် သော။ ဣန္ဒြိယာနံ၊ တို့၏။ ဝသေန၊ ဖြင့်။ မုဒိန္ဒြိယော၊ နူးညံ့သော ဣန္ဒြေ ရှိသည်။ သမာနောပိ၊ ဖြစ်သော်လည်း။ သတ္တက္ခတ္တုပရမောတိ၊ ကား။ (ယဿ၊ အကြင်ပုဂ္ဂိုလ်အား။) အတ္တဘာဝဂ္ဂဟဏံ၊ အတ္တဘောကို ယူခြင်း ဟူသော။ ဘဝူပပတ္တိ၊ ဘဝ၌ကပ်ရောက်၍ ဖြစ်ခြင်းသည်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ပရမာ၊ အလွန်ဆုံးအတိုင်းအရှည်တည်း။ တတော ပရံ၊ ထိုမှနောက် ၌၊ ဝါ၊ ထိုထက်အလွန်။ အဋ္ဌမံ၊ ရှစ်ခုမြောက်သော။ ဘဝံ၊ ကို။ [၅၃၁] န အာဒိယတိ၊ မယူ။ ဣတိ၊ ကြောင့်။ သတ္တက္ခတ္တုပရမော၊ မည်၏။ သံသ- ရိတွာတိ၊ ကား။ ပဋိသန္ဓိဂ္ဂဟဏဝသေန၊ ပဋိသန္ဓေကိုယူသည်၏ အစွမ်းအားဖြင့်။ အပရာပရံ၊ အဆင့်ဆင့်။ ဂန္တွာ၊ ၍။ ဒုက္ခဿန္တံ ကရောတီတိ၊ ကား။ ဝဋ္ဋဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ ပရိယန္တံ ပရိယောသာနံ၊ အဆုံးကို။ ကရောတိ၊ ပြု၏။ အယံ၊ ဤပုဂ္ဂိုလ်ကို။ (ဝုတ္တော-၌ စပ်) ကာလေန၊ ရံခါ။ ဒေဝလောကဿ၊ နတ်ပြည်၌ ဖြစ်သောဘဝ၏ငှင်း။ ကာလေန၊ ရံခါ။ မနုဿလောကဿ၊ လူ့ပြည်၌ဖြစ်သော ဘဝ၏ငှင်း။ ဣတိ၊ သို့။ မိဿကဿ၊ ရောနှောသော။ ဘဝဿ၊ ၏။ ဝသေန၊ ဖြင့်။ သတ္တ၊ ခုနစ်ခုကုန်သော။ သုဂတိဘဝေ၊ သုဂတိဘဝတို့ကို။ သံသရိတွာ၊ ပြောင်းရွှေ့ကျင်လည်၍။ ဣတိ၊ သို့။ ဝုတ္တော၊ ၏။ ကုလတော၊ မြတ်သော အမျိုးမှ။ ကုလံ၊ မြတ်သောအမျိုးသို့။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ကြောင့်။ ကောလံကောလော၊ မည်၏။ ဟိ-သစ္စံ၊ ၏။ သောတာပတ္တိဖလသစ္ဆိကိရိယ- တော၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသည်မှ။ ပဋ္ဌာယ၊ ၍။ နီစကုလေ၊ ယုတ်ညံ့သောအမျိုး၌။ ဥပပတ္တိ နာမ၊ ကပ်၍ဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ မဟာဘောဂကုလေသုယေဝ၊ များသောစည်းစိမ်ရှိသော အမျိုးကြီးအမျိုးမြတ် တို့၌သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဣတိ အတ္ထော၊ တည်း။ ဒွေ ဝါ တီဏိ ဝါ ကုလာနီတိ၊ ကား။ ဒေဝမနုဿဝသေန၊ နတ်လူတို့၏ အစွမ်းအားဖြင့်။ ဒွေ ဝါ၊ နှစ်ခုသော်လည်း ဖြစ်ကုန်သော။ တယော ဝါ၊ သုံးခုသော်လည်း ဖြစ်ကုန်

သော။ ဘဝေ! တို့ကို။ ဂ္ဂတိ၊ သို့။ အယမ္ပိ၊ ဤကောလံကောလပုဂ္ဂိုလ်ကိုလည်း။ မိဿကဘဝေနေဝ၊ ရောနှောသောဘဝ၏အစွမ်းအားဖြင့်သာလျှင်။ ကထိတော၊ ဟောအပ်၏။ စ၊ ဆက်။ ဒွေ ဝါ တီဏိ ဝါတိ၊ ဟူသော။ တေ၊ ဤစကားသည်။ ဒေသနာမတ္တမေဝ၊ ဒေသနာမျှသာလျှင်တည်း။ ယာဝ ဆဋ္ဌဘဝါ၊ ခြောက်ခုမြောက် ဘဝတိုင်အောင်။ သံသရန္တော ပိ၊ ပြောင်းရွှေ့ကျင်လည်သော ပုဂ္ဂိုလ်သည်လည်း။ ကောလံကောလော ဝ၊ ကောလံကောလပုဂ္ဂိုလ်သည်သာလျှင်။ ဟောတိ၊ ၏။ တေဿ၊ ဤပုဂ္ဂိုလ်အား။ အတ္တဘာဝဂ္ဂဟဏသင်္ခါတံ၊ အတ္တဘောကို ယူခြင်းဟုဆိုအပ်သော။ ဧကံယေဝ၊ တခုသာလျှင်ဖြစ်သော။ ခန္ဓဗီဇံ၊ ခန္ဓာမျိုးစေ့သည်။ အတ္ထိ၊ ၏။ ဂ္ဂတိ၊ ကြောင့်။ ဧကဗီဇီ၊ မည်၏။ မာနုသကံ ဘဝန္တိ ဂ္ဂဒမ္ပိ၊ ဟူသောဤစကားသည်လည်း။ ဒေသနာမတ္တံ၊ ဒေသနာမျှသာလျှင်တည်း။ ဒေဝဘဝံ၊ နတ်ဘဝကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဂ္ဂတိပိ၊ ဤသို့လည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိယေဝ၊ သင့်သည်သာလျှင်တည်း။ ပန၊ ဆက်လက်၍ ရှင်းဦးအံ့။ တေသံ၊ ထိုသုံးပါးသော သောတာပန်တို့၏။ ဂ္ဂမံ ပဘေဒံ၊ ဤအကွဲအပြားကို။ ကော၊ အဘယ်တရားသည်။ နိယမေတိ၊ မြဲစေသနည်း။ ဝါ၊ ကိန်းသေသတ်မှတ်သနည်း။ ဂ္ဂတိ၊ ဤသို့မေးငြားအံ့။ တိဏ္ဏံ၊ ကုန်သော။ မဂ္ဂါနံ၊ တို့၏။ ဝိပဿနာ၊ သည်။ (နိယမေတိ၊ ၏။) ဟိ-သစ္စံ၊ ၏။ ဉပရိ၊ အထက်၌။ တိဏ္ဏံ၊ ကုန်သော။ မဂ္ဂါနံ၊ တို့၏။ ဝိပဿနာ၊ သည်။ ဗလဝတီ၊ အားကြီးသည်။ သစေ ဟောတိ၊ ငြားအံ့။ ဧကဗီဇီ နာမ၊ မည်သည်။ ဟောတိ၊ ၏။ တတော၊ ထိုဧကဗီဇီဝိပဿနာအောက်။ မန္ဒာယ၊ နုံ့သောဝိပဿနာဖြင့်။ ကောလံကောလော၊ မည်သည်။ (ဟောတိ၊ ၏။) တတော၊ ထိုကောလံကောလအောက်။ မန္ဒတရာယ၊ အထူးသဖြင့်နုံ့သော ဝိပဿနာဖြင့်။ သတ္တက္ခတ္တုပရမော၊ မည်သည်။ (ဟောတိ၊ ၏။)

၈၈၇။ ပဋိသန္ဓိဝသေန၊ အားဖြင့်။ သကိံ၊ တကြိမ်။ အာဂစ္ဆတိ၊ လာတတ်၏။ ဂ္ဂတိ၊ ကြောင့်။ သကဒါဂါမီ၊ မည်၏။ သကိံဒေဝါတိ၊ ကား။ ဧကဝါရံယေဝ၊ တကြိမ်သာလျှင်။ ဂ္ဂမံ လောကံ အာဂန္တွာတိ ဂ္ဂမိနာ၊ ဟူသောဤပါဌ်ဖြင့်။ ပဉ္စသု၊ ကုန်သော။ သကဒါဂါမီသု၊ တို့တွင်။ စတ္တာရော၊ လေးပါးတို့ကို။ ဝဇ္ဇေတွာ၊ ကြဉ်၍။ ဧကောဝ၊ တပါးကိုသာလျှင်။ ဂဟိတော၊ ယူအပ်၏။ ဟိ၊ ခဲ့။ ကေစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ ဂ္ဂမ၊ ဤလူ့ပြည်လောက၌။ သကဒါဂါမိဖလံ၊ ဖိုလ်သို့။ ပတွာ၊ ရောက်ပြီး၍။ ဂ္ဂမေဝ၊ ဤလူ့ပြည်လောက၌သာလျှင်။ ပရိနိဗ္ဗာတိ၊ ပရိနိဗ္ဗာန်စံ၏။ ကေစ္စော၊ သည်။ ဂ္ဂမ၊ ၌။ ပတွာ၊ ၍။ ဒေဝလောကေ၊ နတ်ပြည်လောက၌။ ပရိနိဗ္ဗာတိ၊ စံ၏။ ကေစ္စော၊ သည်။ ဒေဝလောကေ၊ ၌။ ပတွာ၊ ၍။ တတ္ထေဝ၊ ထိုနတ်ပြည်လောက၌သာလျှင်။ ပရိနိဗ္ဗာတိ၊ ၏။ ကေစ္စော၊ သည်။ ဒေဝလောကေ၊ ၌။ ပတွာ၊ ၍။ ဂ္ဂမ၊ ဤ

ဤလူ့ပြည်လောက၌။ ဥပပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ ပရိနိဗ္ဗာတိ၊ ၏။ စတ္တာရောပိ၊ ကုန်သော။ ဣမေ၊ ဤပုဂ္ဂိုလ်တို့ကို။ ဣဓ၊ ဤအရာ၌။ နဂဟိတာ၊ မယူအပ်ကုန်။ ယော ပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဣဓ၊ ဤလူ့ပြည်လောက၌။ ပတွာ၊ ၍။ ဒေဝလောကေ၊ ၌။ ယာဝတာယုကံ၊ အသက်ထက်ဆုံး။ ဝသိတွာ၊ နေပြီး၍။ ပုန၊ တဖန်။ ဣဓ၊ ဤလူ့ပြည်လောက၌။ ဥပပဇ္ဇိတွာ၊ ၍။ ပရိနိဗ္ဗာတိ၊ ၏။ အယံ၊ ဤပုဂ္ဂိုလ်ကို။ ဣဓ၊ ဤအရာ၌။ ဂဟိတော၊ ယူအပ်၏။

ဂဂဂ။ ပဋိသန္ဓိဝသေန၊ ဖြင့်။ ဣဓ၊ ဤကာမလောကသို့။ အနာဂမနတော၊ မလာခြင်းကြောင့်။ အနာဂါမီ၊ မည်၏။ ဣန္ဒြိယဝေမတ္တတာဝသေနာတိ၊ ကား။ သဒ္ဓါဒီနံ၊ ကုန်သော။ ဝိမုတ္တိပရိပါစကဣန္ဒြိယာနံ၊ ဝိမုတ္တိဉာဏ်ကိုရင့်ကျက်စေတတ်သော ဣန္ဒြေတို့၏။ ပရောပရိယတ္တေန၊ ရင့်သည်နုသည်၏ အဖြစ်ဖြင့်[၁]။ ပဉ္စဓာ ဣဓ ဝိဟာယ နိဋ္ဌော ဟောတီတိ၊ ကား။ သော အနာဂါမီ၊ ထိုအနာဂါမ်ပုဂ္ဂိုလ်သည်။ အန္တရာပရိနိဗ္ဗာယိအာဒိဘာဝေန၊ အန္တရာပရိနိဗ္ဗာယီစသည်တို့၏ အဖြစ်ဟူသော။ ပဉ္စပကာရေန၊ ငါးပါးသောအပြားအားဖြင့်။ ဣမံ လောကံ၊ ဤကာမလောကကို။ ပဇဟိတွာ၊ ပယ်စွန့်၍၊ ဝါ၊ ကြဉ်၍။ ပရိနိဗ္ဗာယနကော၊ ပရိနိဗ္ဗာန်ပြုသည်။ ဟောတိ၊ ၏။ အာယုဝေမဇ္ဈသ၊ အသက်၏ ထက်ဝက်၏။ အန္တရာယေဝ၊ အကြား၌သာလျှင်။ ကိလေသပရိနိဗ္ဗာနေန၊ ကိလေသာငြိမ်းခြင်းဖြင့်။ ပရိနိဗ္ဗာယနတော၊ ပရိနိဗ္ဗာန်ပြုခြင်း-ငြိမ်းခြင်းကြောင့်။ [၅၃၂] အန္တရာပရိနိဗ္ဗာယီ၊ မည်၏။ ဝါ၊ အဋ္ဌကထာအဖွင့်မှ တနည်းကား။ ဥပဟစ္စာတိ၊ ကား။ ကာလကိရိယံ၊ သေခြင်းကို၊ ဝါ၊ သေရာကာလကို။ ဥပဂန္တွာ၊ ကပ်ရောက်၍။ အပ္ပယောဂေနာတိ၊ ကား။ အဓိမတ္တပယောဂေန၊ လွန်ကဲသောလုံ့လနှင့်။ ဝိနာ၊ ကင်း၍။ အပ္ပကသိရေနေဝ၊ မဆင်းရဲမငြိုငြင်သဖြင့်သာလျှင်။ တိက္ခိန္ဒြိယတာယ၊ ထက်သောဣန္ဒြေရှိသည်၏ အဖြစ်ကြောင့်။ သုခေနေဝ၊ ချမ်းသာလွယ်ကူသဖြင့်သာလျှင်။ သပ္ပယောဂေနာတိ ဧတ္ထ၊ ဟူသောဤပုဒ်၌။ ဝုတ္တဝိပရိယာယေန၊ ဆိုခဲ့ပြီးသည်မှ ပြန်သောအားဖြင့်။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဥဒ္ဓံဝါဟိဘာဝေန၊ အထက်သို့ ဆောင်သည်၏အဖြစ်ဖြင့်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ဥဒ္ဓံ၊ အထက်၌။ တဏှာသောတံ၊ တဏှာဟူသောအယဉ်သည်။ ဝါ၊ ကား။ ဝဋ္ဋသောတံ၊ ဝဋ်ဟူသောအယဉ်သည်။ (အတ္ထိ၊ ၏။) ဣတိ၊ ကြောင့်။ ဥဒ္ဓံသောတော၊ မည်၏။ ဝါ၊ ကား။ ဥဒ္ဓံ၊ အထက်ဘုံသို့။ ဂန္တွာ၊ သွား၍။ ပဋိလဘိတဗ္ဗတော၊ ရအပ်သည်၏အဖြစ်ကြောင့်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ဥဒ္ဓံ၊ အထက်ဘုံ၌။ မဂ္ဂသောတံ၊ မဂ်ဟူသောအယဉ်သည်။ (အတ္ထိ၊ ၏။)

---

၁-ပရ-မြတ်သည်-ရင့်သည်၊ အပရ-သို့မဟုတ် အဝပရ-ဩပရ-ယုတ်ညံ့သည်-နုသည်။ ပရာနိ စ အပရာနိ စ ပရောပရာနိ၊ တေသံ ဘာဝေါ ပရောပရိယံ၊ တဒေဝ ပရောပရိယတ္တံ-ဟု ဝစနတ္ထပြု။

ဣတိ၊ ကြောင့်။ ဥဒ္ဒံသောတော၊ မည်၏။ ပဋိသန္ဓိဝသေန၊ ဖြင့်။ အကနိဋ္ဌ-ဘဝံ၊ အကနိဋ္ဌဘုံသို့။ ဂစ္ဆတိ၊ သွားရောက်တတ်၏။ ဣတိ၊ ကြောင့်။ အကနိဋ္ဌဂါမီ၊ မည်၏။

ယတ္ထုပပန္နောတိ၊ ကား။ အဝိဟာဒီသု၊ အဝိဟာစသောဘုံတို့တွင်။ ယတ္ထ ယတ္ထ၊ အကြင်အကြင်ဘုံ၌။ ဥပပန္နော၊ ဖြစ်၏။ စ၊ ဆက်။ ဣမေသံ အနာဂါမီနံ၊ ဤအနာဂါမ်ပုဂ္ဂိုလ်တို့၏။ ပဘေဒဇာနနတ္ထံ၊ အကွဲအပြားကို သိခြင်းအကျိုးငှါ။ ဥဒ္ဒံသောတအကနိဋ္ဌဂါမိစတုက္ကံ၊ ဂါမိစတုက္ကကို။ ဝေဒိတဗ္ဗံ၊ ၏။ ဟိ၊ ချဲ့။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အဝိဟတော၊ ဘုံမှ။ ပဋ္ဌာယ၊ ၍။ စတ္တာရော၊ လေးခုကုန်သော။ ဒေဝလောကေ၊ ဗြဟ္မာ့ဘုံတို့ကို။ သောဓေတွာ၊ သုတ်သင်၍၊ ဝါ၊ ရောက်ပြီး၍။ အကနိဋ္ဌံ၊ အကနိဋ္ဌဘုံသို့။ ဂန္တွာ၊ ရောက်၍။ ပရိနိဗ္ဗာတိ၊ ပရိ-နိဗ္ဗာန်ပြု၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ဥဒ္ဒံသောတော အကနိဋ္ဌဂါမီ နာမ၊ မည်၏။ ယော ပန၊ သည်ကား။ ဟေဋ္ဌာ၊ ၌။ တယော၊ ကုန်သော။ ဒေဝလောကေ၊ တို့ကို။ သောဓေတွာ၊ ၍။ သုဒဿီဒေဝလောကေ၊ သုဒဿီဗြဟ္မာ့ဘုံ၌။ ဌတွာ၊ တည်၍။ ပရိနိဗ္ဗာတိ၊ ၏။ အယံ၊ သည်။ ဥဒ္ဒံသောတော နအကနိဋ္ဌဂါမီ နာမ၊ မည်၏။ ယော၊ သည်။ ဣတော၊ ဤအဝိဟာဘုံမှ။ အကနိဋ္ဌမေဝ၊ အကနိဋ္ဌဘုံသို့သာလျှင်။ ဂန္တွာ၊ ၍။ ပရိနိဗ္ဗာတိ၊ ၏။ အယံ၊ သည်။ န-ဥဒ္ဒံသောတော အကနိဋ္ဌဂါမီ နာမ၊ မည်၏။ ယော ပန၊ သည်ကား။ ဟေဋ္ဌာ၊ ၌။ စတူသု၊ လေးပါးကုန်သော။ ဒေဝလောကေသု၊ ဗြဟ္မာ့လောကတို့တွင်။ တတ္ထ တတ္ထေဝ၊ ထိုထိုဗြဟ္မာ့လောက၌သာလျှင်။ ပရိနိဗ္ဗာတိ၊ ၏။ အယံ၊ သည်။ နဥဒ္ဒံသောတော နအကနိဋ္ဌဂါမီ နာမ၊ မည်၏။ ပန၊ ဆက်။ ဧတေ၊ ဤအနာဂါမ်ပုဂ္ဂိုလ်တို့သည်။ အဝိဟေသု၊ အဝိဟာဘုံတို့၌။ ဥပပန္နသမနန္တရာ စ၊ ဖြစ်သည်၏ အခြားမဲ့၌ရင်း။ (ပရိနိဗ္ဗာယနဝသေန-၌ စပ်) အာယုဝေမဇ္ဈံ၊ အသက်၏ ထက်ဝက်သို့။ အပ္ပတွာ စ၊ မရောက်မူ၍ရင်း၊ ပတွာ စ၊ ရောက်၍ရင်း။ ပရိ-နိဗ္ဗာယနဝသေန၊ ကိလေသာငြိမ်းသည်၏အစွမ်းအားဖြင့်။ တယော၊ သုံးပါးကုန်သော။ အန္တရာပရိနိဗ္ဗာယိနော၊ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်တို့ရင်း။ ဧကော၊ သော။ ဥပဟစ္စပရိနိဗ္ဗာယီ၊ ရင်း။ ဧကော၊ သော။ ဥဒ္ဒံသောတော၊ ဥဒ္ဒံ-သောတအနာဂါမ်ပုဂ္ဂိုလ်ရင်း။ ဣတိ၊ သို့။ ပဉ္စ၊ ငါးပါးတို့သည်။ (ဟောန္တိ၊ ကုန်၏။) တေ၊ ထိုငါးပါးသော အနာဂါမ်ပုဂ္ဂိုလ်တို့သည်။ အသင်္ခါရသသင်္ခါရ-ပရိနိဗ္ဗာယိဝိဘာဂေန၊ အသင်္ခါရပရိနိဗ္ဗာယီ, သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်တို့၏ အကွဲအပြားအားဖြင့်။ ဒသ၊ ဆယ်ပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ အတပ္ပ-သုဒဿသုဒဿီသု၊ အတပ္ပါဘုံ သုဒဿာဘုံ သုဒဿီဘုံတို့၌။ ထထာ၊ ထို့အတူ ပင်တည်း။ ဣတိ၊ သို့။ စတ္တာရော၊ ကုန်သော။ ဒသကာ၊ ဆယ်ခုအပေါင်း တို့သည်။ စတ္တာလီသံ၊ လေးဆယ်သည်။ (ဟောန္တိ၊ ကုန်၏။) အကနိဋ္ဌေ ပန၊

ဋ္ဌကား။ ဥဒ္ဒိသောတော၊ သည်။ နတ္ထိ၊ မရှိ။ တယော၊ သုံးပါးကုန်သော။ အန္တရာပရိနိဗ္ဗာယိနော၊ ပုဂ္ဂိုလ်တို့ရင်း။ ဧကော၊ တပါးသော။ ဥပဟစ္စပရိ-နိဗ္ဗာယီ၊ ၎င်း။ ဣတိ၊ သို့။ စတ္တာရော၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) တေ၊ ထိုလေးပါးသော ပုဂ္ဂိုလ်တို့သည်။ အသင်္ခါရသသင်္ခါရပရိနိဗ္ဗာယိဝိဘာဂေန၊ တို့၏ အကွဲအပြားအားဖြင့်။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ (ဟောန္တိ၊ ကုန်၏။) ဣတိ၊ သို့။ အဋ္ဌစတ္တာလီသံ၊ လေးဆယ့်ရှစ်ပါးကုန်သော။ အနာဂါမိနော၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။)

ပန၊ ထိုမှတပါး။ သောတာပန္နာ၊ သောတာပန်ပုဂ္ဂိုလ်တို့သည်။ ပဋိပဒါ-ဘေဒေန၊ ပဋိပဒါအပြားအားဖြင့်။ စတ္တာရော၊ ကုန်သော။ သတ္တက္ခတ္တုပရမာ၊ ပရမသောတာပန်တို့ရင်း။ စတ္တာရော၊ ကုန်သော။ ကောလံကောလာ၊ တို့ရင်း။ စတ္တာရော၊ ကုန်သော။ ဧကဗီဇိနော၊ တို့ရင်း။ ဣတိ၊ သို့။ သဒ္ဓါဓုရေန၊ သဒ္ဓါ ဟူသောဓုရဖြင့်။ ပဋိပန္နာ၊ ကျင့်ကုန်သော။ ဒွါဒသ၊ တဆယ့်နှစ်ပါးသော သောတာပန်တို့ရင်း။ တထာ၊ တူ။ ပညာဓုရေန၊ ပညာဟူသော ဓုရဖြင့်။ (ပဋိပန္နာ၊ ကုန်သော။ ဒွါဒသ၊ တို့ရင်း။) ဣတိ၊ သို့။ စတုဝီသတိ၊ နှစ်ဆယ့် လေးပါးသည်။ (ဟောန္တိ၊ ကုန်၏။)

သကဒါဂါမိနော၊ တို့သည်။ သုညတဝိမောက္ခေန၊ ဖြင့်။ ဝိမုတ္တာ၊ လွတ်သောပုဂ္ဂိုလ်တို့သည်။ ပဋိပဒါဝသေန၊ အားဖြင့်။ စတ္တာရော၊ လေးပါးတို့ရင်း။ တထာ၊ တူ။ အနိမိတ္တအပ္ပဏိဟိတဝိမောက္ခေဟိ၊ တို့ဖြင့်။ (ဝိမုတ္တာ၊ တို့သည်။ ပဋိပဒါဝသေန၊ အားဖြင့်။ စတ္တာရော စတ္တာရော၊ လေးပါး လေးပါးတို့ရင်း။) ဣတိ၊ သို့။ ဒွါဒသ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။)

၈၈၉။ အရဟန္တော၊ တို့သည်။ တထာ၊ ထိုအတူတဆယ့်နှစ်ပါးတို့ပင်တည်း။ ပန၊ ဆက်။ တေ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ ဒွါဒသ၊ တဆယ့်နှစ်ပါးကုန်သော။ ပညာဝိမုတ္တာ၊ ပညာဝိမုတ္တရဟန္တာတို့ရင်း။ ဒွါဒသ၊ ကုန်သော။ ဥဘတော-ဘာဂဝိမုတ္တာ၊ တို့ရင်း။ ဒွါဒသ၊ ကုန်သော။ တေဝိဇ္ဇာ၊ တို့ရင်း။ ဒွါဒသ၊ ကုန်သော။ ဆဠဘိညာ၊ တို့ရင်း။ ဒွါဒသ၊ ကုန်သော။ [၅၃၃] ပဋိသမ္ဘိဒါပ္ပတ္တာ၊ တို့ရင်း။ ဣတိ၊ သို့။ သမသဋ္ဌိ၊ အညီအမျှခြောက်ဆယ်သည်။ ဟောန္တိ၊ ကုန်၏။ ဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ဧတေ၊ ဤအရိယာပုဂ္ဂိုလ်တို့သည်။ ပစ္စေကသမ္ဗုဒ္ဓသမ္မာသမ္ဗုဒ္ဓေဟိ၊ ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဆစတ္တာလီသာဓိကသတံ၊ လေးဆယ့်ခြောက်ပါး အလွန်ရှိသောတရာသော၊ ဝါ၊ တရာ့လေးဆယ့်ခြောက်ပါးသော။ အရိယာ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) ယသ္မာ၊ ကြောင့်။ တေသံ၊ ထိုတရာ့လေးဆယ့်ခြောက်ပါးသော အရိယာတို့၏။

အရိယဘာဝသိဒ္ဓိ၊ အရိယာ၏အဖြစ် ပြီးစီးခြင်းသည်။ အရိယာယ၊ စင်ကြယ်သော။ ပညာဘာဝနာယ၊ ဖြင့်။ (ဟောတိ၊ ၏။) တေန၊ ကြောင့်။ အာဟ-နေယျ။ပ။ အာနိသံသောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ လောကိယဝိဇ္ဇာဘိညာဟိ၊ လောကီဝိဇ္ဇာအဘိညာဉ်တို့နှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ဥဘတောဘာဂဝိမုတ္တတာ၊ အဖြစ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဥဘတောဘာဂဝိမုတ္တော၊ ဝိမုတ္တရဟန္တာကို။ ဝိသုံ၊ အသီးအခြား။ ဂဟိတော၊ ယူအပ်၏။ ယံ သန္ဓာယ ဝုတ္တန္တိ၊ ကား။ ယံ စတုတ္ထမဂ္ဂပညာဘာဝနံ၊ အကြင်စတုတ္ထမဂ်ပညာဘာဝနာကို။ သန္ဓာယ၊ ၍။ ဟေဋ္ဌာ၊ ၌။ သင်္ခေပတော၊ အားဖြင့်။ ဂါထာဝဏ္ဏနာယံ၊ ဂါထာ၏အဖွင့်၌။ ဝုတ္တံ၊ ဆိုအပ်ခဲ့၏။ ပန၊ ဆက်။ တံ ဝုတ္တာကာရံ၊ ထိုဆိုအပ်ခဲ့သော အခြင်းအရာကို။ နိဂမနဝသေန၊ နိဂုံးအုပ်သည်၏ အစွမ်းအားဖြင့်။ ဒဿေတုံ၊ ငှါ။ မဂ္ဂက္ခဏေတိအာဒိ၊ ဤသို့အစရှိသောစကားကို။ ဝုတ္တံ၊ ၏။ စတူသုပိ၊ လေးပါးလည်းဖြစ်ကုန်သော။ မဂ္ဂက္ခဏေသု၊ မဂ်ခဏတို့၌။ တံ ဇဋံ၊ ထိုတဏှာအရှုပ်အထွေးကို။ ကာမံ၊ အကယ်၍။ ဝိဇဋေတိ နာမ၊ ဖြေရှင်းသည်မည်ပေ၏။ ဖလက္ခဏေသုပိ၊ ဖိုလ်ခဏတို့၌လည်း။ ယထာရဟံ၊ စွာ။ ဝိဇဋိတဇဋော၊ ဖြေရှင်းအပ်ပြီးသော တဏှာအရှုပ်အထွေးရှိသည်၊ ဝါ၊ တဏှာအရှုပ်အထွေးကို ဖြေရှင်းပြီးသည်။ (ကာမံ ဟောတိ၊ ၏။) ပန၊ သော်လည်း။ အဂ္ဂဖလက္ခဏေယေဝ၊ အရဟတ္တဖိုလ်ခဏ၌သာလျှင်။ သဗ္ဗသော၊ သိမ်း။ ဝိဇဋိတဇဋော၊ ဖြေရှင်းအပ်ပြီးသော တဏှာအရှုပ်အထွေးရှိသည်၊ ဝါ၊ တဏှာအရှုပ်အထွေးကို ဖြေရှင်းပြီးသည်။ (ဟောတိ၊ ၏။ ကသ္မာ၊ ကား။) တတော ပရံ၊ ထိုအရဟတ္တဖိုလ်ခဏမှနောက်၌။ ဝိဇဋေတဗ္ဗာယ၊ ဖြေရှင်းအပ်သော။ ဇဋာယ၊ ၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ တေန၊ ကြောင့်။ ဧတ္ထ၊ ဤအရာ၌။ ဟေဋ္ဌာ၊ ၌။ ဟေဋ္ဌိမမဂ္ဂပညာဘာဝနာနိသံသဿ၊ အောက်ဖြစ်သော မဂ်ပညာကို ပွါးစေခြင်း၏ အကျိုးအာနိသင်ကို။ ဝုတ္တတ္တာဝ၊ ကြောင့်သာလျှင်။ စတုတ္ထမဂ္ဂပညာဘာဝနာဝသေန၊ စတုတ္ထမဂ်ပညာကို ပွါးစေခြင်း၏ အစွမ်းအားဖြင့်။ အတ္ထော၊ ကို။ ဝုတ္တော၊ ၏။

ရတိန္တိ၊ ကား။ အဘိရတိံ၊ မွေ့လျော်ခြင်းကို။ အဘိရုစိံ၊ နှစ်သက်ခြင်းကို။ ဣတိ၊ ကား။ အတ္ထော၊ တည်း။ တတ္ထာတိ၊ ကား။ အရိယာယ၊ စင်ကြယ်သော။ ပညာဘာဝနာယ၊ ၌။

၈၉၀။ ဣမိဿာ ဂါထာယာတိ၊ ကား။ ဣမိဿံ ဂါထာယံ၊ ၌။ ဟိ-သစ္စံ၊ ၏။ ဂါထာ၊ ကို။ အတ္တနော၊ ၏။ အတ္ထဘူတဿ၊ အနက်ဖြစ်၍ဖြစ်သော။ ဝိသုဒ္ဓိမဂ္ဂဿ၊ သီလသမာဓိပညာဟူသော ဝိသုဒ္ဓိမဂ်၏။ အာဓာရဘာဝေန၊ တည်ရာ၏အဖြစ်ဖြင့်။ ဝုတ္တာ၊ ဆိုအပ်၏။ ဝါ၊ ကား။ တေ၊ ဤဣမိဿာ ဂါထာယ-ဟူသော

ပုဒ်သည်။ သာမိဝစနံ၊ သာမိဝိဘတ်အဆုံးရှိသောပုဒ်တည်း။ (ကသ္မာ၊ ကား။) အတ္ထသာ၊ ၏။ တံသမ္ဗန္ဓိဘာဝတော၊ ထိုဂါထာ၏ သမ္ဗန္ဓိဖြစ်ခြင်းကြောင့်တည်း။

ပညာဘာဝနာနိသံသနိဒ္ဒေသဝဏ္ဏနာ၊ နိဒ္ဒေသ၏အဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

ဣတိ၊ ဤသည်ကား။ တေဝီသတိမပရိစ္ဆေဒဝဏ္ဏနာ၊ ၂၃-ခုမြောက်ဖြစ်သော အပိုင်း၏အဖွင့်တည်း။

# နိဂမနကထာဝဏ္ဏနာ (၅၃၄-၁)

[၅၃၄] ၈၉၁။ ဣမိဿာ ဒါနိ ဂါထာယာတိအာဒီနံ၊ အစရှိကုန်သော။ ဂါထာနံ၊ တို့၏။ အတ္ထော၊ ကို။ ဟေဋ္ဌာ၊ ၌။ ဝုတ္တော ဧဝ၊ သာလျှင်တည်း။ ဝိသုဒ္ဓိမဂ္ဂံ ဘာသိဿန္တိ၊ ဟူ၍။ ဧဝံ၊ သို့။ ပဋိညာတော၊ ဝန်ခံအပ်ပြီးသော။ သွာယံ ဝိသုဒ္ဓိမဂ္ဂေါ၊ ထိုသို့သော ဤဝိသုဒ္ဓိမဂ်သည်။ တွောဝတာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ဘာသိတော၊ ဆိုအပ်ပြီးသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ ၏။

၈၉၂။ တတ္ထာတိအာဒီသု၊ ဤသို့အစရှိသောပါဌ်တို့၌။ အယံ၊ ဤ ဆိုလတ့ံသည်ကား။ ပဒသမ္ဗန္ဓေန၊ ပုဒ်၏စပ်ခြင်းနှင့်။ သဒ္ဓိံ၊ ကွ။ သင်္ခေပတ္ထော၊ အကျဉ်းဖြစ်သောအနက်တည်း။ သီလေ ပတိဋ္ဌာယာတိ ဂါထာယံ၊ ဟူသော ဂါထာ၌။ ဝုတ္တာနံ၊ ဟောအပ်ကုန်သော။ သီလာဒိပ္ပဘေဒါနံ၊ သီလစသည် အပြားရှိကုန်သော။ တေသံ အတ္ထာနံ၊ ထိုအနက်တို့၏။ (ယော ဝိနိစ္ဆယော-၌ စပ်) ပဥ္စနွမ္ပိ၊ ငါးပါးလည်းဖြစ်ကုန်သော။ မဟာနိကာယာနံ၊ နိကာယ်ကြီးတို့၏။ အဋ္ဌကထာနယေ အဋ္ဌကထာတန္တိယံ၊ အဋ္ဌကထာအစဉ်၌။ တတ္ထ တတ္ထ၊ ထိုထို အရာ၌။ ဝုတ္တော၊ သော။ ယော ဝိနိစ္ဆယော၊ အကြင်အဆုံးအဖြတ်သည်။ (အတ္ထိ၊ ၏။) ယေဘုယျေန၊ များသောအားဖြင့်။ တံ သဗ္ဗံ၊ ထို အလုံးစုံသော အဆုံးအဖြတ်ကို။ သမာဟရိတွာ သမာနေတွာ၊ ကောင်းစွာဆောင်၍။ နိကာယန္တရသနိကာယဂတဝါဒဒေါသသက်ရေဟိ၊ နိကာယ်တပါးနှင့် မိမိနိကာယ်တို့၌ တည်သော ဝါဒဒေါသတို့နှင့်ရောယှက်ခြင်းတို့မှ။ (သနိကာယ-သိမ္မူသာသင့်သည်။ ဝါဒသက်ရဒေါသေဟိ-ဟူ၍ သော်လည်း ရှိသင့်၏၊ ထိုသို့ရှိလျှင်— နိကာယ်တပါး၌တည်သောဝါဒနှင့် မိမိနိကာယ်၌တည်သောဝါဒတို့၏ ရောယှက်ခြင်း အပြစ်တို့မှ—ဟု ပေး) မုတ္တော၊ ကင်းလွတ်သော။ သော ဝိနိစ္ဆယော၊ ထိုအဆုံးအဖြတ်ကို။ (သ ဝိနိစ္ဆယော-ကို သော ဝိနိစ္ဆယော-ဟု ပုဒ်ဖြတ်၍ ဖွင့်သည်) ယသ္မာ၊ ကြောင့်။ ပကာသိတော၊ ပြအပ်၏။ တသ္မာ၊ ကြောင့်။ ဝိသုဒ္ဓိကာမေဟိ၊ စင်ကြယ်သောနိဗ္ဗာန်ကို အလိုရှိကုန်သော။ ယောဂီဟိ၊ တို့သည်။ ဧတသ္မိံ ဝိသုဒ္ဓိမဂ္ဂေ၊ ကျမ်း၌။ အာဒရော၊ ရိုသေခြင်းကို။ ကရဏီယော ယေဝ၊ ပြုအပ် ပြုသင့် ပြုထိုက်သည်သာလျှင်တည်း။ ဣတိ၊ ဤတွင်ပြီး၏။

## နိဂမနဂါထာဝဏ္ဏနာ (၅၃၅-၁၁)

[၅၃၅] ၈၊ နိဂုံးကိုဆိုဦးအံ့။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်—

သုဝိသုဒ္ဓသမာစာရော၊ ကောင်းစွာစင်ကြယ်သော အကျင့်အာစာရနှင့်ပြည့်စုံတော်မူသော။ ဝိပုလောဒါရဝိသုဒ္ဓမတိပါဋ္ဌဝေါ၊ ကျယ်ပြန့်မြင့်မြတ်၍ စင်ကြယ်သော ဉာဏ်ပညာ၏ ထက်မြက်ခြင်းရှိတော်မူသော။ မဟေသိ·မဟာဣသိ၊ အရှင်ဗုဒ္ဓဃောသအမည်ရှိသော ရဟန်းမြတ်သည်၊ ဝါ၊ အရှင်ဗုဒ္ဓဃောသအမည်ရှိသော မထေရ်မြတ်သည်။ ကရုဏာဝေဂ-သမုဿာဟိတမာနသော၊ ကရုဏာအဟုန်သည် ကောင်းစွာတိုက်တွန်းအပ်သော စိတ်နှလုံးရှိသည်ဖြစ်၍။ ဝိသုဒ္ဓနယမဏ္ဍိတံ၊ စင်ကြယ်သော နည်းတို့ဖြင့် တန်းဆာဆင်အပ်သော။ ယံ ဝိသုဒ္ဓိမဂ္ဂံ၊ အကြင်ဝိသုဒ္ဓိမဂ်ကျမ်းကို။ လောကဿ၊ လူအပေါင်း၏။ အစ္စန္တဝိသုဒ္ဓိယာ၊ စင်စစ်ကိလေသာတို့မှ စင်ကြယ်ခြင်းအကျိုးငှါ။ အဘာသိ၊ မိန့်ဆိုဟောကြားရေးသားစီရင်တော်မူခဲ့လေပြီ။

တဿ(ဝိသုဒ္ဓိမဂ္ဂဿ)၊ ထိုဝိသုဒ္ဓိမဂ်ကျမ်း၏။ အတ္ထံ၊ အနက်ကို။ ပကာသေတုံ၊ ပြခြင်းငှါ။ သိဒ္ဓဂါမပရိဝေဏနိဝါသိနာ၊ သိဒ္ဓဂါမကျောင်းတိုက်၌ (ဝါ) သိဒ္ဓရွာကျောင်းတိုက်၌ သီတင်းသုံး နေလေ့ရှိသော။ သုဒ္ဓါစာရေန၊ စင်ကြယ်သောအကျင့်အာစာရရှိသော။ ဓီမတာ၊ ပညာရှိဖြစ်သော။ ဒါဌနာဂေန၊ ဒါဌနာဂအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ အာယာစိတော-အာယာစိတေန၊ တောင်းပန်အပ်သည်ဖြစ်၍၊ ဝါ၊ တောင်းပန်အပ်သော။ (မယာ-၌ စပ်) (ယာစိတေန-ဟူ၍သော်လည်း မူလပါဌ်မှန် ရှိသင့်၏။ ယာစိတေန၊ တောင်းပန်အပ်သည်ဖြစ်၍၊ ဝါ၊ တောင်းပန်အပ်သော။) မယာ၊ သည်။ ယာ အတ္ထသံဝဏ္ဏနာ၊ အကြင် အနက်ကိုဖွင့်ရာဖွင့်ကြောင်းဖြစ်သောဋီကာကျမ်းကို။ ပုရာတနံ၊ ရှေး၌ဖြစ်သော။ ကထာမဂ္ဂံ၊ အဖွင့်ဖြစ်သောစကားအစဉ်ကို၊ ဝါ၊ ပို့ချရိုးပို့ချစဉ်ကို။ နိဿာယ၊ အမှီပြု၍။ သမာရဒ္ဓါ၊ ကောင်းစွာအားထုတ်အပ်ပြီ။

တတ္ထ တတ္ထ၊ ထိုထို အရာဌာနတို့၌။ ယထာရဟံ၊ စွာ။ ပရမတ္ထာနံ၊ မဖောက်မပြန် မှန်ကန်သောအနက်တို့ကို။ နိဓာနတော၊ သိုမှီးသွင်းထားခြင်းကြောင့်၊ ဝါ၊ သိုမှီးသွင်းထားရာဖြစ်ခြင်းကြောင့်။ နာမတော၊ အမည်အားဖြင့်။ ပရမတ္ထမဉ္ဇူသာ နာမ၊ အမည်ရှိသော။ အနာကုလ-ဝိနိစ္ဆယာ၊ ရှုပ်ထွေးခြင်းကင်းသော အဆုံးအဖြတ်ရှိသော။ သာ သော၊

ထိုသို့ သဘောရှိသော ဤဋီကာကျမ်းသည်။ ဘာဏဝါရတော၊ ဘာဏဝါရ အားဖြင့်။ အဋ္ဌာသီတိပ္ပမာဏာယ၊ ၈၈-ဘာဏဝါရ အတိုင်းအရှည် ရှိသော။ ပါဠိယာ၊ ဖြင့်။ ပရိနိဋ္ဌာနံ၊ ထက်ဝန်းကျင် ပြီးဆုံးခြင်းသို့၊ ဝါ၊ လုံးဝပြီးဆုံးခြင်းသို့။ သမ္ပတ္တာ၊ ကောင်းစွာပြီးမြောက် ဆိုက်ရောက်လေပြီ။

ဣတိ၊ ဤဆိုအပ်ခဲ့ပြီးသောအပြားအားဖြင့်။ တံ၊ ထိုဝိသုဒ္ဓိမဂ်ဋီကာ ကျမ်းကို။ သင်္ခရောန္တေန၊ ကောင်းစွာပြုစီရင်သည်ဖြစ်၍၊ဝါ၊ ကောင်းစွာ ပြုစီရင်သော။ မယာ၊ သည်။ ယံ တံ ပုညံ၊ အကြင်ကောင်းမှုကို။ အဓိဂတံ၊ ရအပ်ပြီ။ တဿ၊ ထိုကောင်းမှု၏။ အာနုဘာဝေန၊ အာနုဘော် ကြောင့်။ လောကနာထဿ၊ တလောကလုံး၏ အားကိုးရာဖြစ်တော်မူ သော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။

သြဂါဟေတွာ၊ သက်ဝင်ကုန်၍။ ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ သီလာဒိပဋိပတ္တိယာ၊ သီလအစရှိသော အကျင့်ပဋိပတ်ဖြင့်။ သဗ္ဗေပိ၊ လည်းဖြစ်ကုန်သော။ ဒေဟိနော၊ သတ္တဝါတို့သည်။ ဝိမုတ္တိရသဘာဂိ- နော၊ ဝိမုတ္တိရသ အဖို့အစုရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန် သတည်း။

သမ္မာသမ္ဗုဒ္ဓသာသနံ၊ မြတ်စွာဘုရား၏သာသနာတော်သည်။ စိရံ၊ ကြာမြင့်စွာ။ လောကသ္မိံ၊ လောက၌။ တိဋ္ဌတု၊ တည်ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ တသ္မိံ၊ ထိုမြတ်စွာဘုရား၏သာသနာတော်၌။ နိစ္စံ၊ အမြဲ။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဒေဝေါ၊ မိုဃ်းသည်။ ကာလေန၊ သင့်လျော်သောကာလ၌။ သမ္မာ၊ ကောင်းစွာ။ ဝဿတု၊ ရွာသွန်းပါစေသတည်း။ မဟီပတိ၊ မြေကြီး အရှင်ဖြစ်သော၊ ဝါ၊ ရေမြေရှင်ဖြစ်သော။ ရာဇာ၊ သည်။ သဒ္ဓမ္မနိရ- တော၊ သူတော်ကောင်းတရား၌ မွေ့လျော်သည်ဖြစ်၍။ လောကံ၊ လောကကို၊ ဝါ၊ လူအပေါင်းကို။ ဓမ္မေနေဝ၊ တရားသဖြင့်သာလျှင်၊ ဝါ၊ တရားနည်းလမ်းဖြင့်သာလျှင်။ ပဿသတု၊ သွန်သင်ညွှန်ပြ ဆုံးမ အုပ်ချုပ်ပါစေသတည်း။ ဣတိ၊ ဤတွင်ပြီး၏။

ဗဒရတိတ္ထဝိဟာရဝါသိနာ၊ ဗဒရတိတ္ထကျောင်းတိုက်၌ သီတင်းသုံးလေ့ရှိ သော။ အာစရိယဓမ္မပါလေန၊ ဆရာဓမ္မပါလသည်၊ ဝါ၊ ဓမ္မပါလအမည်ရှိသော ဆရာတော်သည်။ ကတာ၊ ပြုစီရင်အပ်သော။ ပရမတ္ထမဉ္ဇူသာ နာမ၊ အမည်

ရှိသော။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းသည်။ သမတ္တာ၊ ပြီးပြီ။

ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ကျမ်းသည်။ သမတ္တာ၊ ပြီးပြီ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ စတုတ္ထတွဲ ဤတွင်ပြီးပြီ။

---

## နိဿယ နိဂုံး

၁။ ဝိသုဒ္ဓိမဂ္ဂဂန္ထဿ၊ ဝိသုဒ္ဓနယဒဿိနော။
ဒုဗ္ဗောဓတ္ထံ ပကာသေတုံ၊ ယာ ကတာ အတ္ထဝဏ္ဏနာ။

၂။ မဟာစရိယဓမ္မပါလ-ထေရေန တိက္ခဉာဏိနာ။
ပရမတ္ထမဉ္ဇူသာတိ၊ မဟာဋီကာတိ ဝေရိတာ။

၃။ ပါဠိတော သာ စ ဂမ္ဘီရာ၊ သုဒုဗ္ဗောဓာ စ အတ္ထတော။
သမယန္တရသံယုတ္တာ၊ ဒုဇ္ဇာနာ သမယန္တရေ။

၄။ အပေတပရိစယေန၊ သုဒ္ဓပါဠိဝိဘာဝိနာ။
ပေါရာဏနိဿယေဟိပိ၊ သက္ကာ ဉာတုံ န သဗ္ဗသော။

၅။ တသ္မာသာ မြမ္မဘာသာယ၊ နုပဒံ ပရိဝတ္တိယ။
ယံ အတ္ထဒဿနံ ဂန္ထံ၊ နိဿယံ ကာတုမာရဘိံ။

၆။ ဒွါဝီသတာဓိကေ သာကေ၊ ဝဿာနံ တေရသေ သတေ။
မာဃဿ ကဏှပက္ခမှိ၊ အာဒိံ ကတွာ တတိယကံ။

၇။ ဇာတော ဆိပ်ခွန်မဟာဂါမေ၊ ရွှေဘိုနဂရပစ္ဆိမေ။
သာသနာ့ရိပ်သာ အာရာမေ၊ ပုရေ ရန်ကုန်တိ ပါကဋေ။

၈။ ဝသန္တောဟံ အဂ္ဂမဟာ-ပဏ္ဍိတောပါဓိ သောဘနော။
မဟာစည်တိ ဝိဟာရေ စ၊ ဝုတ္တော တန္နာမဝိဿုတော။

၉။ ဆဋ္ဌသင်္ဂီတိကာလေ ယော၊ ပိဋကတ္တယပါဠိယော။
တဒဋ္ဌကထာ စ တဋ္ဋီကာ၊ သဗ္ဗာ ဩသာနသောဓနေ။

၁၀။ ဌတွာ ဌာနေ ဝိသောဓေသိံ၊ ပုစ္ဆနံ'ထ ဝိစာရဏံ။
ဝိနယေ ဓေဝ ဓမ္မေ စ၊ သာဓေသိံ ထိရစေတသာ။

၁၁။ တတော စာပိ ပုရေ ကာလေ၊ ဂန္ထံ ဝိပဿနာနယံ။
အကံ ဂေါဝလသမ္ပုဏ္ဏံ၊ သတိပဋ္ဌာနမူလကံ။
တဒညသုတ္တသံသန္ဒံ၊ ဝိသုဒ္ဓိမဂ္ဂနိဿိတံ။

၁၂။ ပဉ္စာယာထ စတုဒ္ဒသ-ဝဿိကကာလတော အဟံ။
ဒဿေမိ ဘာဝနာကမ္မံ၊ ယထာလဒ္ဓေါပနိဿယံ။

၁၃။ တဿ မေ နယမာဒါယ၊ ပဋိပန္နာ ဇနာ ဗဟူ။
တေသု နေကသဟဿာ တု၊ သကာစေရပ္ပဝါဒိနော။

၁၄။ ဒေသနာဓမ္မဂန္ထာ စ၊ ဒေသနာကာရသင်္ဂဟိတာ။
ဝိပဿနာပါဒကာဒိ-နာမာနေကာ ကတာ မယာ။

၁၅။ တထေဝ သတိပဋ္ဌာန–သုတ္တာဒီနဉ္စ နိဿယာ။
ဝိသုဒ္ဓိမဂ္ဂနိဿယော၊ တမ္ဘာသာပရိဝတ္တနံ။
ဝိသုဒ္ဓိဉာဏကထာ တု၊ ပါဠိယာ စာပိ သင်္ခတာ။

၁၆။ တံ ပနာဟံ မဟာဋီကာ–နိဿယံ ကာတုမာရဘံ။
ဆဋ္ဌသင်္ဂီတိယာ ပစ္ဆာ–ဘာဂေ သင်္ဂီတိသာမိနော။

၁၇။ အဘိဒ္ဓဇမဟာရဋ္ဌ–ဂုရုပါဓိသမင်္ဂိနော။
မစိုးရိမ်အာရာမာဓိပ–တ္ထေရဿောဝါဒမာဒိယ။

၁၈။ ဝါစယံ ဝိသုဒ္ဓိမဂ္ဂံ၊ သဝဏ္ဏနံ ဒိနေ ဒိနေ။
ဋီကာယတ္ထံ လိခါပေန္တော၊ သပဒတ္ထဝိနိစ္ဆယံ။

၁၉။ ယုတ္တဋ္ဌာနေ စ ဗာဟီရ–ဝစနမ္ပိ ပကာသယံ။
သုတတ္ထာယ သုတေသိနံ၊ ထိရတ္ထံ နိစ္ဆယဿ စ။

၂၀။ တိံသာဓိကဋ္ဌသတေဟိ၊ ဒိဝသေဟိ ပုနပ္ပုနံ။
သင်္ခိရိတွာန နိဋ္ဌာနံ၊ ပါပေသိံ နိဿယံ ဣမံ။

၂၁။ ဣစ္စေဝမယမာကာရ–သမ္ပန္နော ဝိညုဝဏ္ဏိတော။
အဋ္ဌဝီသာဓိကေ သာကေ၊ ဝဿာနံ တေရသေ သတေ။
စုဒ္ဒသေ မာဃဇုဏှဿ၊ အနာယာသေန နိဋ္ဌိတော။

၂၂။ ယထာ စာယံ ဂတော နိဋ္ဌံ၊ အနာယာသေန ကေဝလီ။
တထာ ကလျာဏသင်္ကပ္ပါ၊ နိဋ္ဌံ ဂစ္ဆန္တု ဇန္တုနံ။

၂၃။ ပရိမုဒ္ဒိတပေါတ္ထက–ဘာဝေန တွေ’သ နိဿယော။
သာကေ တိံသာဓိကေ ဝဿေ၊ နိဋ္ဌိတော တေရသေ သတေ။

၂၄။ ယာဝ ဝိသုဒ္ဓိမဂ္ဂေါ စ၊ မဟာဋီကာ စ တိဋ္ဌတေ။
တာဝါယံ ဒဿယံ အတ္ထံ၊ တဿာ လောကမှိ တိဋ္ဌတံ။

၂၅။ ယေ စ သက္ကောန္တိ ပူရေတုံ၊ ဦနဋ္ဌာနာနိ ဧတ္ထ ဝေ။
တာနိ တေ ပရိပူရေန္တု၊ ဧသော မေ အဘိယာစနာတိ။

နိဿယနိဂမနံ သမတ္တံ။

၁–၂။ ဝိသုဒ္ဓနယဒဿိနော၊ ဂိုဏ်းတပါးဝါဒ ကင်းစင်ပလျက် ဝိဟာရ မဟာ စဉ်ဆက်လာ၍ လွန်စွာသိပ်သည်း စင်ကြယ်သောနည်းကို ပြတတ်သော။ ဝိသုဒ္ဓိမဂ္ဂဂန္ထဿ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်လတ် ဂုဏ်သကတ် ကြောင့် လျော်ပတ်တင့်လျှမ်း ဝိသုဒ္ဓိမဂ်မည်သောကျမ်း၏။ ဒုဗ္ဗောဓတ္ထံ၊ ကွယ်ဝှက်နက်နဲ သိနိုင်ခဲသောအနက်ကို။ ပကာသေတုံ၊ လက်ပေါ်တင်ထား ပတ္တမြားသို့ ထင်ရှားဖွင့်ပြခြင်းငှါ။ တိက္ခဉာဏိနာ၊ အလွန်ထက်မြက်သော ဉာဏ်ပညာရှိတော်မူသော။ (အတိသယအနက်ရှိသော ဤ-ပစ္စည်းအတွက် အလွန်ဟူသောအနက်ကို ဖြည့်စွက်၍ ပြန်သည်) မဟာစရိယဓမ္မပါလတ္ထေရေန၊ အရှင်ဓမ္မပါလဆရာတော်မထေရ်မြတ်သည်[၁]။ ပရမတ္ထမဉ္ဇူသာတိ စ၊ ဟူ၍ငင်း။ မဟာဋီကာတိ စ၊ ဟူ၍ငင်း။ ဤရိတာ၊ ခေါ်ဆိုအပ်သော။ ယာ အတ္ထဝဏ္ဏနာ၊ အကြင်အနက်အဖွင့် ဋီကာကျမ်းကို။ ကတာ၊ ရေးသားတီထွင် စီရင်တော်မူအပ်လေပြီ။

---

၁-ပါဠိစာပေလောက၌ ဤ ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာသည် အာစရိယဓမ္မပါလ ဟူသော ဘွဲ့အမည်အားဖြင့် ထင်ရှားပေသည်၊ ယင်းအမည်ကို မဟာမောဂ္ဂလ္လာနော-ပုဒ်၌ မဟာ-ပုဒ်ကဲ့သို့ ပူဇာအနက်ရှိသည့် မဟာ-ဟူသော ဂုဏ်ပုဒ်ဖြင့် ဝိသေသန မ-၍ မဟာ-စရိယဓမ္မပါလ-ဟု ဤ၌ ရေးသည်၊ ယင်းသို့ရေးခြင်းကြောင့် ဝတ္တမျိုး ဂါထာပါဒ၌ အစ အက္ခရာနောင် သ-ဂိုဏ်း န-ဂိုဏ်း မရှိစေရဟူသော ဆန်းလက္ခဏာနှင့် ညီညွတ်ခြင်း အကျိုးလည်း ပြီး၏၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ (အံ ၁-၃၈၂၊ ဣတိဝုတ် ၂၆၉) ဟူသောဂါထာပါဒ၌ကဲ့သို့ မဟာစရိယ-မှ စ-နှင့် ရိ-ကို ပေါင်းလျက် ဂရုတလုံးတည်း ဟု ယူ၍ လေးလုံး ၁-ဂိုဏ်းယူကာ အက္ခရာတလုံးပိုနှင့် တကွ တပါဒ ဖြစ်စေခြင်းအကျိုးလည်း ပြီး၏။ မဟာ-နှင့် ထေရ-ဆက်စပ်၍ မထေရ်မြတ် ဟူသောအနက်ကိုလည်းရစေ၏။ ထိုတွင် စ-နှင့် ရိ-ကို ပေါင်း၍ တလုံးတည်းယူသင့်ခြင်း၏ အကြောင်းမှာ-ပါဠိ၌ အာစရိယ- သဒ္ဒါသည် သက္ကတ၌ (သရ) အက္ခရာ ၃-လုံးသာရှိသော အာစာယ်သဒ္ဒါနှင့် မိတ္တူပင်ဖြစ်သည်၊ မတြာအားဖြင့်မူ နှစ်မျိုးလုံး၌ပင် ၅-မတြာစီချည်းသာ။ ထိုကြောင့် သက္ကတ၌ အာစာယ်-ကို တ-ဂိုဏ်းဟု ယူရသကဲ့သို့ ပါဠိ၌ အာစရိယ-ကိုလည်း စ-နှင့်ရိ-လဟု နှစ်လုံးကို ဂရုတလုံးတည်းဟုသာ ယူလျက် တ-ဂိုဏ်းဟူ၍ပင် ယူရသည်။ ထိုသို့ ယူသင့်သောကြောင့်ပင် ပုဗ္ဗာ-စရိယာတိ ဝုစ္စရေ-ဟူသော အဆိုပါ ဂါထာပါဒ၌ အက္ခရာ ၉-လုံး ရှိသော်လည်း ၎င်းကို ရှစ်လုံးဖွဲ့ ဂါထာပါဒမှုမှန်ဟူ၍သာ ဆိုအပ်ပေသည်။ ထိုအတူပင် "တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။ နိဗ္ဗာနသစ္ဆိကိရိယာ စ" ဟူသော မင်္ဂလသုတ် ဂါထာပါဒတို့၌လည်း စရိ-အရိ-ကိရိ-တို့ကို ပေါင်း၍ ဂရုတလုံးစီဟုသာ ယူရသည်၊ ထိုသို့ ယူပါမှ ဆန်းလက္ခဏာနှင့် ညီပေသည်။ ထိုသို့ယူရခြင်း၏ အကြောင်းမှာ ပါဠိ၌ စရိယ-အရိယ-ကိရိယ-သဒ္ဒါတို့သည် သက္ကတ၌ စာယ်-အာယ်-ကာယ်-သဒ္ဒါတို့နှင့် မိတ္တူများဖြစ်သောကြောင့်ပေတည်း။ ထို့အတူပင် "ဘရိယံ ဖြုသိ ကုလာဝကံ (သံ ၁-၈)၊ ဘရိယာ စ ပရမော သခါ (သံ ၁-၃၄)" ဟူသောဂါထာပါဒတို့၌လည်း ဘရိယာ-ဟူသော ပါဠိသည် ဘာယျာ-ဟူသော သက္ကတနှင့် မိတ္တူဖြစ်သောကြောင့် ဘ-နှင့် ရိ-နှစ်လုံးပေါင်းကို ဂရုတလုံးတည်းဟုသာ ယူရသည်၊ ထိုသို့ယူမှ ဆန်းလက္ခဏာနှင့် ညီသည်။

၃–၄။ စ၊ ဤနိဿယကျမ်းသစ် ရေးဖြစ်ခြင်း၏ အကြောင်းကား။ သာ၊ ထိုမဟာဋီကာသည်။ (ယသ္မာ၊ ကြောင့်။) ပဒတ္ထတော၊ ပဒတ္ထစာသွား သဒ္ဒါရေးအလိုအားဖြင့်။ ဂမ္ဘီရာ စ၊ နက်နဲသည်၎င်း။ အတ္ထတော၊ အနက် အဓိပ္ပါယ်အလိုအားဖြင့်။ သုဒုဗ္ဗောဓာ စ၊ အလွန်သိနိုင်ခဲသည်၎င်း။ (ဟောတိ၊ ၏။)[၁] သမယန္တရသံယုတ္တာ၊ အယူတပါး ဘာသာခြားအဆိုတို့နှင့် စပ်ယှဉ်သည် ဖြစ်၍၊ ဝါ၊ စပ်ယှဉ်လျက် ဖော်ပြဆုံးဖြတ်ထားသောကြောင့်။ သမယန္တရေ၊ အယူတပါး ဘာသာခြားကျမ်းဂန်၌။ အပေတပရိစယေန၊ လေ့လာခြင်း ကင်းသော၊ ဝါ၊ ကင်းသည်ဖြစ်၍။ သုဒ္ဓပဒဝိဘာဝိနာ၊ ပဒဘာသာသက်သက်သာ တတ်သိသော ပညာရှိသည်။ ဒုဇ္ဇာနာ စ၊ သိနိုင်ခဲသည်လည်း။ (ဟောတိ၊ ၏။)[၂] ပေါရာဏနိဿယေဟိပိ၊ ရှေးကထင်ပေါ် ဆရာကျော်တို့ ဖွင့်ဖော်ရေးသား နိဿယဟောင်းများဖြင့်လည်း။ သဗ္ဗသော၊ ကြွင်းမဲ့ဥဿုံ အလုံးစုံအားဖြင့်။ ဉာတုံ၊ သိနားလည်ခြင်းငှါ။ န သက္ကာ၊ မစွမ်းနိုင်ပေ။[၃]

၅-၈။ တသ္မာ၊ ထို (သို့ ပဒအားဖြင့် နက်နဲခြင်း, အနက်အားဖြင့် အလွန် သိနိုင်ခဲခြင်း, သမယန္တရနှင့်စပ်၍ သိနိုင်ခဲခြင်း, နိဿယဟောင်းတို့ဖြင့် အပြည့် အစုံ မသိနိုင်ခြင်း)ကြောင့်။ (ကာတုံ အာရဘိံ-၌ စပ်) ရွှေဘိုနဂရပစ္ဆိမေ[၄]၊ ရန်ကြီးအောင်နှင့် ကုန်းဘောင် ရွှေဘို မုတ်ဆိုးဘို တဖြာ ရတနာသိခ် ငါးမည် ရသည့် မြို့မှ အနောက် ထွန်းတောက်သာယာ ခုနစ်မိုင်ကွာသောအရပ်၌။ ဆိပ်ခွန်မဟာဂါမေ[၄]၊ ဆိပ်ခွန်ရွာကြီး၌၊ ဝါ၊ က-ဘိုးရေကာ မူးမြစ်ညာမှ

---

၁-ဤ၌ ဂမ္ဘီရ ဒုဗ္ဗောဓဖြစ်ပုံကို ဤနိဿယတွင် ထိုထိုအရာတို့၌ ပြထားသော ပုဒ်, အနက်, အဓိပ္ပါယ်အဆုံးအဖြတ်တို့ဖြင့် သိအပ်၏။

၂-မဟာဋီကာ ဒုတိယ နှာ ၂၀၅ စာပိုဒ် ၅၅၇၊ နှာ ၂၀၉ ကြောင်းရေ ၂၆-စာပိုဒ်၊ နှာ ၂၆၇ စာပိုဒ် ၁၉၅၊ နှာ ၃၅၈-မှ ၃၆၁ ပကတိစသည်တို့နှင့် စပ်သော ပြဆိုချက်၊ ဤသို့စသော သမယန္တရပိုင်းဆိုင်ရာ စကားရပ်တို့ကို ရည်ရွယ်သည်။

၃-ရှေး နိဿယနှင့် တိုက်ဆိုင်နှိုးနှော၍ သုတ်သင်ထားသော ဆင္ဃသံဂါယနာမူ မဟာ ဋီကာပါဌ်၌ပင် ချွတ်ယွင်းချက် တော်တော်များများ ရှိနေသေးသောကြောင့်၎င်း, အချို့ နိဿယဟောင်းများမှာ ယခုအခါ မတွေ့ရသောကြောင့်၎င်း, ဆဋ္ဌသံဂါယနာမူ၌ သီသျှာ စသည်တို့နှင့် နှိုးနှော၍ ပြင်ထားချက်များစွာရှိနေသောကြောင့်၎င်း ယင်းနိဿယဟောင်း တို့ဖြင့် မဟာဋီကာတွင် ခက်ရာခက်ဆစ်တို့၌ ပါဌ်မှန် အနက်မှန်ကို ပြည့်စုံသင့်သမျှ ပြည့် စုံအောင် မသိနိုင်ကြောင်းသိရပေသည်၊ ထိုကြောင့် အထက်ပါစကားကိုဆိုသည်။ နိဿယ ဟောင်းရှိလျှင် ဤနိဿယ၌ အထူးဆုံးဖြတ်ချက်များနှင့် တိုက်ဆိုင်ကြည့်ပါက ထင်ရှား ပါလိမ့်မည်။

၄-အမည်ကို အနက်နှင့်ဆီလျော်အောင် ဘာသာမပြန်ပဲ သာဝတ္ထိမြို့, မာတိကာရွာ, အင်္ဂလန်, လန်ဒန်စသည်ဖြင့် မူရင်းအတိုင်းထားခြင်းက သာ၍ သဘာဝကျသည်ဟု ယူဆ သည်၊ ထိုကြောင့် ဤ၌ ပဒ္ဓမပြန်ပဲ ရွှေဘို, ဆိပ်ခွန် ဟု အမည်ရင်းအတိုင်း ထားသည်။ နောက်၌လည်း နည်းတူပင်။

သွယ်ဖြာလာရောက် တူးမြောင်းပေါက်၍ များမြောက်လှစွာ စိမ်းညိုသာသည့် လယ်ယာဥယျာဉ် ပတ်ဝန်းကျင်နှင့် သစ်ပင်များစွာ ရိပ်ဝေဖြာ၍ သာယာပေတောင်း သူတော်ကောင်းတို့ စုပေါင်းနေရာ ဆိပ်ခွန်ရွာဟု သညာကျော်ဟီး ရွာမြတ်ကြီး၌၊ ဝါ၊ လယ်ယာစိုက်ပျိုး ရောင်းဝယ်ရိုးနှင့် ချည်ပိုးသစ်ဆန်း အထည်ယက်လုပ်ငန်းဖြင့် အေးချမ်းစည်သာ ဆိပ်ခွန်ရွာဟု သညာကျော်ဟီး ရွာမြတ်ကြီး၌။ ဇာတော၊ ဦးကံတော်-ဒေါ်အုပ်[၁] သမုတ်ခေါ်ဝေါ် ခမည်းတော်-မယ်တော်တို့မှ ထွန်းပေါ်ထူးခြား မွေးဖွားလာခဲ့သော။ (အဟံ-၌ စပ်) ရန်ကုန်တိ ပါကဋ္ဌေ၊ နိုင်ငံတကာ ကမ္ဘာအနှံ့ အပြား ရန်ကုန်ဟု ထင်ရှားသော။ ပုရေ၊ မြို့တော်ကြီး၌၊ ဝါ၊ ခေတ်ကာလအလိုက် သိုက်မြိုက်စုံစွာ မြို့အင်္ဂါညီလျော် နေပြည်တော်ကြီး၌။ သာသနာ့ရိပ်သာအာရာမေ၊ သာသနာ့ရိပ်သာမည်သော ကမ္မဋ္ဌာန်းကျောင်းတိုက်၌၊ ဝါ၊ ဖလ်ယဉ်မမ္မာရုံကြီးက တဋ္ဌာန, ပိဋကတိုက်ကြီးကတဖုံ, ဆေးပေးရုံကတလီ, မဟာစည်ကျောင်းတော်က တဝ, မေဉ်ကွန်ရုံဋ္ဌာနကတဖြာ, သိမာဝိဟာရနှင့် စံကျောင်းတော်စသည် အမျိုးအမည် အစားစား များပြားသော ကမ္မဋ္ဌာန်းကျောင်းနှင့် သစ်ပင်ပေါင်းများစွာ ရိပ်ဝေဖြာ၍ သာယာသိုက်မြိုက် သာသနာ့ရိပ်သာမည်သော ကျောင်းတိုက်၌၊ ဝါ၊ မြို့လယ်ရိပ်သာ ဖြစ်နေပါလည်း သွားလာမြည်ဟီး ကားလမ်းကြီးနှင့် မနီးတုံလှ ဆိတ်ငြိမ်ရ၍ တောကကျောင်းနှယ် ရှုခင်းကျယ်လျက် ပျော်ဘွယ်ရာကောင်း သာသနာ့ရိပ်သာမည်သောကျောင်း၌။ ဝသန္တော၊ ဝိပဿနာ ပညာမှီငြမ်း နိဗ္ဗာန်လမ်းကို တတ်စွမ်းသမျှ ဟောညွှန်ပြလျက် မျှတနေထိုင်ဆဲဖြစ်သော။ (အဟံ-၌ပင် စပ်) အဂ္ဂမဟာပဏ္ဍိတောပါဓိ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရရှိသော။ သောဘနော၊ အရှင်သောဘနမည်သော၊ ဝါ၊ ဗုဒ္ဓမြတ်စွာ သာသနာဝယ် ကောင်းစွာဖြည့်ကျင့် ဂုဏ်ပေါင်းဆင့်၍ တင့်တင့်တယ်တယ် ဖြစ်လိမ့်မယ်ဟု ရည်ရွယ်ချင့်တွေး (ဥပဇ္ဈာယ်က) ဘွဲ့ချည်ပေးသဖြင့် ရှင်ငယ်ကလေးဘဝ ထိုခါမှစ၍ ခေါ်ကြလေဘိ သောဘန အမည်ရှိသော။ မဟာစည်ဝိဟာရေ၊ မဟာစည်ကျောင်းတိုက်၌၊ ဝါ၊ ဆိပ်ခွန်ရွာမှ တာလေးရာလောက် ကွာလှမ်းထောက်သည့် အနောက်မြောက်အရပ်ဝယ် ကြီးကျယ်လှစွာ စည်တော်သာကြောင့် သညာသမိုက် မဟာစည်မည်သောကျောင်းတိုက်၌။[၂] ဝုတ္တော၊ နေဘူးသည်ဖြစ်၍၊ ဝါ၊ ၁၃၀၃-ခုနှစ်မှ ၁၁-ခုနှစ်အထိ ရှစ်နှစ်ပတ်လုံး သီတင်းသုံးနေ

---

၁-ဤ ဒေါ်အုပ် ဟူသောအမည်မှာ မူလရင်းအမည်ဖြစ်သည်၊ ယခုအခါ၌မူ ငယ်ရွယ်သူအချို့က အဖွားအုပ်ဟု ခေါ်ကြ၏၊ အချို့ကလည်း ဂုဏ်ပြုသောအားဖြင့် ဒေါ်ရွှေအုပ်ဟု ခေါ်ကြလေသည်။

၂-ထိုကျောင်းတိုက်၏အဝင်ဝ၌ အလွန်ကြီးမားသော ကုက္ကိုပင်ကြီးတပင် ရှိခဲ့၏၊ ယင်းကုက္ကိုပင်ကြီး လေပြင်းဒဏ်ကြောင့် လဲသွားသောအခါ ယင်း၏ ပင်စည်ပင်လုံးကြီးမှာ

ဘူးသောကြောင့်။ တန္နာမဝိဿုတော စ၊ ထိုမဟာစည်ကျောင်းအမည်ဖြင့်လည်း ထင်ရှားကျော်စောသော၊ ဝါ၊ မဟာစည်ဆရာတော် ဟူ၍လည်း ခေါ်ဝေါ်ပညတ် ကမ္ဘာအရပ်ရပ်၌နှံ့စပ်ကျော်ကြား ထင်ရှားလျက်ရှိသော။[၁] အဟံ၊ ငါသည်။ အဿ၊ ထိုမဟာဋီကာ၏။ အနုပဒံ၊ ပုဒ်တိုင်း ပုဒ်တိုင်းကို။ မြမ္မဘာသာယ။ မြန်မာဘာသာဖြင့်။ ပရိဝတ္တိယ၊ ပြန်ဆို၍။ (အဿ၊ ထိုမဟာဋီကာ၏။) အတ္ထဒဿနံ၊ အနက်ကို ပြကြောင်းဖြစ်သော။ ယံ နိဿယံ ဂန္ထံ၊ အကြင်နိဿယကျမ်းကို။ ကာတုံ၊ ရေးသားပြုစုခြင်းငှါ။ (အာရဘိံ-၌ စပ်) ဝဿာနံ၊ နှစ်တို့၏။ ဒွါဝီသတာဓိကေ၊ ၂၂-ခု အလွန်ရှိသော။ တေရသေ သတေ၊ တဆယ့်သုံးရာမြောက်ဖြစ်သော။ သာကေ၊ သကရာဇ်၌၊ ဝါ၊ သကရာဇ် ၁၃၂၂-ခုနှစ်၌။[၂] မာဃဿ၊ တပို့တွဲလ၏။ ကဏှပက္ခမှိ၊ လဆုတ်ပက္ခ၌။ တတိယကံ၊ ၃-ရက်မြောက်နေ့ကို။ အာဒိံကတွာ၊ အစပြု၍၊ ဝါ၊ တပို့တွဲလဆုတ် ၃-ရက်နေ့မှ စ၍။ အာရဘိံ၊ ပရိယတ်နှင့် ပဋိပတ် နှစ်ရပ်လုံး တိုးပွါးအောင် ကြိုးစားအားထုတ်ခဲ့ပါသတည်း၊ ဝါ၊ ပရိယတ် ပဋိပတ် နှစ်ရပ်လုံးအကုန်အပြည့်အစုံ လိုလားသော အမျိုးသားတို့အတွက် ကြိုးစားအားထုတ်ခဲ့ပါသတည်း။ (နံပါတ် ၁၆-ဂါထာနှင့် စပ်)

---

အတွင်း၌ အသားမရှိပဲ အခေါင်းဖြစ်လျက် ရှိ၍ စည်ကြီးပြုလုပ်ရန် အဆင်သင့် ဖြစ်လျက်ရှိ၏။ ထိုကြောင့် ယင်းပင်လုံးကြီးကို ဖြတ်၍ အနည်းငယ်မျှ ထွင်းလျက် ပြုပြင်ပြီးလျှင် သားရေတို့ဖြင့် ကြက်၍ စည်ကြီးပြုလုပ်ထားသည်၊ ထိုစည်ကြီး၏မျက်နှာဝမှာ ကျယ်သောဘက်မှ အထက်နှင့်အောက် အချင်းလက်မ ၄၀၊ ဘေးတိုက်ဖီလာ အချင်း၃၄-လက်မရှိသည်။ ကျဉ်းသောဘက်မှ အထက်နှင့်အောက် အချင်း ၃၆-လက်မ၊ ဘေးတိုက်ဖီလာ အချင်း ၃၁-လက်မ ရှိသည်။ လုံးပတ်အားဖြင့် ၁၂၆-လက်မ ရှိသည်၊ အလျားမှာ ၁၀၅-လက်မ ရှိသည်။ မဟာစည် ဆရာတော် တရားဟောခါနီး၌ ထိုစည်ကြီးကိုတီး၍ ပရိသတ် စုဝေးစေသည်။ ထိုစည်ကိုအကြောင်းပြု၍ တည်ရာဌာနကျောင်းတိုက်ကို မဟာစည်ကျောင်းတိုက် ဟု ခေါ်ကြသည်။ ဤကျမ်းပြုပုဂ္ဂိုလ်ကိုလည်း ထို မဟာစည်ကျောင်းတိုက်၌ သီတင်းသုံးလျက် ဝိပဿနာတရားကို ဟောကြားပြသနေသောကြောင့် မဟာစည်ဆရာတော် ဟု ခေါ်ကြလေသည်။

၁-ဆဋ္ဌသံဂါယနာမဟာသဘင်ကြီး၌ပုစ္ဆကအဖြစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း, ရန်ကုန်သာသနာ့ရိပ်သာ၌ ကမ္ဘာအရပ်ရပ်မှ လာရောက် တရားအားထုတ်ကြသောသူတို့က မိမိတို့နိုင်ငံအရပ်ဒေသ၌ တဆင့်ဟောပြောရေးသား၍ ဖြန့်ဖြူးကြခြင်း, ဤကျမ်းပြုပုဂ္ဂိုလ်၏ ဝိပဿနာလုပ်ငန်းစဉ်တရားများကို အင်္ဂလိပ်ဘာသာ ယိုးဒယားဘာသာ သီဟိုဠ်ဘာသာ ဂျာမန်ဘာသာ ဟိန္ဒီဘာသာ စသည်ဖြင့် စာအုပ်စာတမ်း စာစောင်တို့၌ ဖော်ပြ ဖြန့်ဖြူးလျက်ရှိခြင်းများကြောင့် အထက်ပါအတိုင်း ပျံ့နှံ့ကျော်ကြားခြင်းဖြစ်သည်။

၂-မြတ်စွာဘုရားပရိနိဗ္ဗာန် ဝင်စံတော်မူသည့်အချိန်မှစ၍ အရှင်မဟာကဿပမထေရ်နှင့် အဇာတသတ်မင်းတို့ တည်ထားခဲ့သော သာသနာနှစ် (၆၂၄) ရှိသောအခါ၌ သရေခေတ္တရာမင်းဆက်တွင် ၂၃-ဆက်မြောက်ဖြစ်သော သုမုန္ဒရီ မင်းသည် ဒေါဒေါရသ ကိန်း

၉·၁၀။ ယော (အဟံ)၊ ယင်းသို့ ကြိုးစားအားထုတ်ခဲ့သော ငါသည်။ ဆဋ္ဌသင်္ဂီတိကာလေ၊ ဆဋ္ဌသံဂါယနာတင်ရာကာလ အသွန်ကြုံခဲ့သောအခါသမယ၌။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ပိဋကတ္တယပါဠိယော စ၊ အုပ်ရေ (၄၀) ရှိသော ပိဋကသုံးပုံ ပါဠိတော်တို့ကိုဂုင်း။ တဒဋ္ဌကထာ စ၊ ထိုပါဠိတော်တို့၏အဖွင့် အုပ်ရေ (၅၁) ရှိသော အဋ္ဌကထာတို့ကိုဂုင်း။ တဋ္ဋီကာ စ၊ ထိုအဋ္ဌကထာတို့၏ အဖွင့် အုပ်ရေ (၂၆) ရှိသော ဋီကာတို့ကိုဂုင်း။ ဩသာနသောဓနေ ဌာနေ၊ နောက်ဆုံးပရုကို ကြည့်ရှုသုတ်သင် အပြီးသတ်ပြင်ဆင်ရာဌာန၌ [၁]။ ဌတွာ၊ နာယကအဖြစ်ဖြင့် တည်၍။ ဝိသောဓေသိံ၊ သုတ်သင်ပြင်ဆင်ခဲ့ပြီ။ အထ၊ ထိုပြင်။ (ဆဋ္ဌသင်္ဂီတိကာလေ၊ ပြင်ဆင်၍ ပုံနှိပ်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို အညီအညွတ်ရွတ်ဆိုကြတော့မည်ရှိရာ သံဂါယနာတင်ဆဲကာလ၌။) ဝိနယေ စေဝ၊ ဝိနည်းပိဋက၌ဂုင်း။ ဓမ္မေ စ၊ သုတ် အဘိဓမ္မာ ၂·ဖြာသော ပိဋက၌

---

အရ (၆၂၂) ကို ဖြို၍ (၂) ခုကြွင်း တည်ထားခဲ့သည်ဟု မြန်မာရာဇဝင်တို့၌ ဆို၏။ ထိုစဉ်အခါက ဣန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၌ ဘုန်းတန်ခိုးကြီးမားသော ကနိသျှက မည်သော မင်းသည်လည်း ခုနှစ်အသစ်ကို ပြုပြင်သည်၊ ယင်းခုနှစ်ကိုလည်း ထိုဣန္ဒိယအနောက် မြောက်ပိုင်း၌ နှစ်ပေါင်း ၄၀၀-ကျော် အုပ်စိုးသော **သကမင်း** အဆက်ဆက်တို့ သုံးစွဲသောကြောင့် သကနှစ်ခေါ်တွင်သည်ဟု ဆို၏၊ ဣန္ဒိယနိုင်ငံ၌ ယခုထက်တိုင် **သျှကဗ္ဗ-သကနှစ်**ဟု ခေါ်ဝေါ် သုံးစွဲလျက်ရှိ၏။ ထိုသကနှစ်သည် သုမုန္ဒရီမင်းထားခဲ့သည်ဟု ဆိုသော ခုနှစ်နှင့် တူညီလျက်ရှိ၏၊ ထိုပြင် ပဲခူးမြို့ ကလျာဏီကျောက်စာ၌လည်း **သကရာဇေ**-ဟု ရေးထားသည်ကို တွေ့ရ၏။ ထိုကြောင့် **သကရာဇ်**ဟူသော မြန်မာဝေါဟာရသည် ထိုသကရာဇ-သကမင်းတို့၏ ခုနှစ်ကို စွဲမှီ၍ ခေါ်တွင်သည် ဖြစ်ရာ၏။ ထိုသကနှစ်ခေါ် သုမုန္ဒရီနှစ် (၅၆၂) ရှိသောအခါ၌ ပုဂံမင်း ၅၅-ဆက်တွင် ၂၁-ဆက်မြောက်ဖြစ်သော 'ပုပ္ပါးစောရဟန်းမင်း' ဟူ၍လည်းခေါ်သော **သဿရာဇ်မင်း**သည် ခဆပဥ္စကိန်းအရ (၅၆၀) ကို ဖြို၍ (၂) ခုကြွင်း တည်ထားခဲ့ပြန်သည်ဟု မြန်မာရာဇဝင်တို့၌ ဆို၏။ ဤ၌ ပြထားသော (၁၃၂၂၊ ခုသည်ကား ထိုသဿရာဇ်မင်း တည်ထားခဲ့သော (၂) ခုကြွင်းမှ တိုးပွါးလာသောခုနှစ်သာ ဖြစ်ပေသည်၊ သကနှစ်ခေါ် သုမုန္ဒရီနှစ်ကား မဟုတ်တော့ပေ။ သို့သော်လည်း အစဉ်အလာအားဖြင့် ခေါ်တွင်လျက်ရှိသော **သကရာဇ်** ဟူသော ဝေါဟာရသို့လိုက်၍ ဤ၌ **သာကေ**-ဟု ရေးသားအပ်ပေသည်။ (သကာနံ ရာဇူနံ ဣဒံ သာကံ၊ တသ္မိံ သာကေ-ဟု ဝစနတ္ထပြုရာ၏) အထက်ပါ (၁၃၂၂) တွင် သဿရာဇ်ဖြို့နှစ် (၅၆၀) ကို ပေါင်းထည့်လျှင် သကနှစ် (၁၈၈၂) ဖြစ်သည်၊ ထိုတွင် သုမုန္ဒရီဖြို့နှစ် (၆၂၂) ကို ပေါင်းထည့်လျှင် အတိတ်သာသနာနှစ် (၂၅၀၄) ဖြစ်သည်။

၁-**ဩသာနဌာန** ဟူသည်မှာ ဓမ္မာစရိယများနှင့် ဓမ္မာစရိယ အရည်အချင်းရှိသည့် ရဟန်းတော်များ ပါဝင်သော မူလဝိသောဓကအဖွဲ့များက သုတ်သင်ပြင်ဆင်ပြီး စာမူများကို ထိုထက်မြင့်သော ပဋိဝိသောဓကအဖွဲ့က ထပ်မံကြည့်ရှုပြင်ဆင်၍ ယင်းစာမူကို ပုံနှိပ်တိုက်မှ (ပရု) ခေါ် ပုံနှိပ်မူကြမ်းအဖြစ် စီပြီးလျှင် အဆုံးသတ်ပြင်ဆင်ရန် တင်ပြရာဌာနဖြစ်သည်။ ယင်းဩသာန ဌာနက ပြင်သင့်သမျှကို အဆုံးသတ်အနေဖြင့် သုတ်သင်ပြင်ဆင်ပေးရသည်၊ ယင်းပြင်ဆင်ချက်အတိုင်း တိကျမှန်ကန်အောင် ပုံနှိပ်စာပုံ၌ ပြင်ဆင်၍ ပုံနှိပ်ရသည်။ (နောက်သားတို့အတွက် ဖော်ပြချက်ဖြစ်သည်)။

ၡင်း။ ပုစ္ဆန္တံ၊ ပဌမသံဂါယနာ တင်စဉ်အခါက အရှင်မဟာကဿပ မေးတော်မူခဲ့သည့် နည်းအရဖြင့် မေးမြန်းခြင်း ကိစ္စကိုၡင်း။ ဝိစာရဏံ၊ ဋ္ဌ-ဋ္ဌိ သံဂါယနာ တင်သောအခါ၌ ဦးစွာလမ်းခင်းလျက် စိစစ်ခြင်း ကိစ္စကိုၡင်း။ ထိရစေတသာ၊ ခိုင်ခံ့သောစိတ်နှလုံးဖြင့်။ သာမေသိ ၊ နှစ်ထောင့်ငါးရာ ထေရ်သံဃာနှင့် ဒကာဒကာမ သိန်းမကသည့် များလှတုံလတ် ပရိသတ်တို့ စိတ်ဓာတ်ကြွလျက် သဒ္ဓါတ ကျ်အောင် ရွက်ဆောင်ပြီးစေခဲ့လေပြီ။

၁၁။ စ၊ သည်မျှသာမကသေး၊ ဝါ၊ ကျမ်းပြုခဲ့ပုံကိုလည်း ပြဦးအံ့။ တတော၊ ထိုသံဂါယနာကာလမှ။ ပုရေ ကာလေပိ၊ ရှေးကျသော ၁၃၀၄-ခုနှင့် ၅-ခုနှစ်ကာလအတွင်း၌လည်း။ (ယော အဟံ၊ ယင်းသို့သောငါသည်။) သတိပဋ္ဌာန-မူလကံ၊ မဟာသတိပဋ္ဌာနသုတ်လျှင် အရင်းခံရှိသော။ တဒညသုတ္တသံသန္ဒံ၊ ထိုမှတပါးသော သုတ်တို့နှင့်လည်း နှီးနှောညီညွတ်သော။ ဝိသုဒ္ဓိမဂ္ဂနိဿိတံ၊ ဝိသုဒ္ဓိမဂ်ကျမ်းကို မှီငြမ်းပြုသော။ ကေဝလသမ္ဗုဏ္ဏံ၊ ဝိပဿနာ စပ်ဆိုင်ရာဝယ် နည်းနာအဖုံဖုံ အကြွင်းမဲ့ပြည့်စုံသော။ ဝိပဿနာနယံ ဂန္ထံ၊ ဝိပဿနာရှုနည်းမည်သော ကျမ်းကို။ အကံ၊ ရေးသားတီထွင် စီရင်ပြုစုခဲ့လေပြီ။

၁၂။ အထ၊ ထိုမှတပါး၊ ဝါ၊ ပဋိပတ္တိသာသနာပြုပုံကို ပြဆိုဦးအံ့။ (ယော) အဟံ၊ ယင်းသို့သောငါသည်။ စတုဒ္ဒသဝဿိကကာလတော၊ ရဟန်းဖြစ်သည်မှ ၁၄-ဝါ ရသည့် ၁၃၀၀-ဖြည့်နှစ်ကာလမှ။ ပဋ္ဌာယ၊ စ၍။ ဘာဝနာကမ္မံ၊ ဝိပဿနာ ပညာစခန်း ဘာဝနာလုပ်ငန်းကို။ ယထာလဒ္ဓေါပနိဿယံ၊ သထုံမြို့ မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးထံမှ နည်းနိဿယ ရခဲ့သည်အားလျော်စွာ။ (ဤပုဒ်ဖြင့် ဆရာမရှိဘဲ မိမိထင်ရာ ဟောပြောခြင်း မဟုတ်ကြောင်း ပြသည်) ဒဿေမိ၊ ယုံကြည်သဒ္ဓါ ထက်သန်စွာဖြင့် နည်းနာခံသူ ရဟန်းရှင်လူအား ညွှန်ကြား ပြသလျက်ရှိ၏။ (ယခုလည်း ပြဆဲဖြစ်သောကြောင့် ဝတ္တမာန် ဝိဘတ်နှင့် ထားသည်)

၁၃။ တဿ မေ၊ ထိုသို့ ညွှန်ကြားပြသသောငါ၏။ နယံ၊ ဝိပဿနာရှုနည်းကို။ အာဒါယ၊ ခံယူ၍။ ပဋိပန္နာ၊ ဖြစ်ခိုက်ရုပ်နာမ် သဘောမှန်ကို အဖန်ဖန်ရှုမှတ်လျက် မပြတ်ကျင့်သုံးကုန်သော။ ဇနာ၊ ရဟန်းလူရှင် သူတော်စင်ပုဂ္ဂိုလ်တို့သည်။ ဗဟူ၊ တသိန်းမက များလှလေကုန်ပြီ[၁]။ တု၊ အထူးကိုဖော်ပြရလျှင်။ တေသု၊ ထိုတသိန်းမက များလှစွာသော ပုဂ္ဂိုလ်တို့တွင်။ အနေကသဟဿာ၊ တထောင်

---

၁-၁၃၂၉-ခုနှစ် နတ္တော်လပြည့်ကျော် ၁-ရက်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျင်းပသော ၁၈-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲတွင် တင်ပြသော ယောဂီစာရင်းအရ မြန်မာပြည်တွင်း၌ ယောဂီပေါင်း ၄၀၀၆၁၄ (လေးသိန်းနှင့် ခြောက်ရာ့တဆဲ့လေး) ယောက်ရှိ၏။ ယိုးဒယားနိုင်ငံ၌ မဟာစည် သြဝါဒခံ ယောဂီပေါင်းမှာ

မက များလှစွာသော ပုဂ္ဂိုလ်တို့သည်။ သကာစေရပ္ပဝါဒိနော၊ မိမိဆရာ၏ အဆုံးအမဥ္ဇ မြဲမြံခိုင်ခံ့ တည်တံ့သောဝါဒ ရှိကြပေကုန်၏။

၁၄-၁၅။ စ၊ ထိုပြင်လည်း။ ဝိပဿနာပါဒကာဒိနာမာ၊ ဝိပဿနာအခြေခံ တရားတော်စသည့် အမည်ရှိကုန်သော။ ဒေသနာကာရသဏ္ဍိတာ၊ ဟောစဉ် အခါက အသံဖမ်းကိရိယာဖြင့် ဖမ်းယူထားသော တရားသံကိုပင် ထုတ်ယူ ရေးသား ပုံနှိပ်ထားသောကြောင့် ဟောကြားသည့်အခြင်းအရာအားဖြင့် တည်ရှိကုန်သော။ အနေကာ၊ များစွာကုန်သော။ ဒေသနာဓမ္မဂန္ထာ စ၊ ဟောစဉ်တရား ကျမ်းစာတို့ကိုလည်း။ မယာ၊ ငါသည်။ ကတာ၊ ပုံပြင်စီရင် အပ်ခဲ့ကုန်ပြီ။ တထေဝ၊ ထိုအတူပင်လျှင်။ (ဤပုဒ်ဖြင့် ကတာ မယာ-တို့ကို ငင်သည်) သတိပဋ္ဌာနသုတ္တာဒီနံ၊ မဟာသတိပဋ္ဌာနသုတ် စသည်တို့၏။ နိဿယာ စ၊ ယ-တို့ကိုငင်း။ ဝိသုဒ္ဓိမဂ္ဂနိဿယော စ၊ ကိုငင်း။ တမှာသာပရိ- ဝတ္တနံ စ၊ ထိုဝိသုဒ္ဓိမဂ်၏ ဘာသာပြန်ကိုငင်း။ (မယာ၊ သည်။ ကတာ၊ ကုန်ပြီ။) တု၊ အထူးကား။ ဝိသုဒ္ဓိဉာဏကထာ၊ ကထာကျမ်းကို။ ပါဠိယာ စာပိ၊ ပါဠိ ဘာသာဖြင့်လည်း။ သခိတာ၊ နိုင်ငံခြားသား ပါဠိပညာရှင်တို့အား အကျိုး များစေရန် ဘာသာပြန်အသွင်ဖြင့် စီရင်ပြုစုအပ်ခဲ့ပြီ[၁]။

---

ယခင်နှစ်များကပင် တသိန်းကျော် ရှိခဲ့လေပြီ။ သီဟိုဠ်နိုင်ငံ၌လည်း တသောင်းကျော်ရှိခဲ့ လေပြီ။ ကမ္ဘောဒီးယား ဇလန္ဒီယစသော အခြားနိုင်ငံတို့၌လည်း အနည်းငယ်စီ ရှိကြသေး၏။ အားလုံး စုစုပေါင်း မဟာစည် သြဝါဒခံ ရဟန်း ရှင် လူယောဂီပေါင်းမှာ ယခုအခါ ငါးသိန်း ကျော်ရှိကြောင်း သိရသည်။ ယင်းငါးသိန်းကျော်ပုဂ္ဂိုလ်တို့ကိုရည်၍ "ဗဟူ၊ တသိန်းမက များလှလေကုန်ပြီ" ဟု ဆိုပေသည်။

၁-ဤအရာ၌ ဤနိဿယမှတပါး အခြားပြုစုအပ်ပြီး ကျမ်းတို့ကို ဖော်ပြရလျှင်—

၁။ ဝိပဿနာရှုနည်းကျမ်းကြီး (ပ-ဒု ၂-တွဲ)
၂။ မဟာသတိပဋ္ဌာနသုတ်နိဿယ
၃။ သဗ္ဗာသဝသုတ်နိဿယ (ပုံမရိုက်ရသေး)
၄။ ဝတ္တသုတ်နိဿယ (ပုံမရိုက်ရသေး)
၅။ ဝိပဿနာအလုပ်ပေးတရားတော်ကြီး
၆။ မဟာသတိပဋ္ဌာန်တရားတော်ကြီး (အသံသွင်းအကျဉ်း ၄-ပိုင်း)
၇။ ၎င်း အကျယ် ၂-ပိုင်း
၈။ ဝေဒနာနုပဿနာတရားတော်ကြီး (အသံလွှင့် ၂-ပိုင်း)
၉။ ဝိသုဒ္ဓိဉာဏကထာ (ပါဠိ-မြန်မာ ၂-မျိုး)
၁၀။ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး (ကမ္မဋ္ဌာန်းဆရာများအတွက်သာ)
၁၁။ ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်း (ကမ္မဋ္ဌာန်းဆရာများအတွက်သာ)
၁၂။ ဓမ္မစကြာတရားတော်ကြီး (အသံလှင့်တရား)
၁၃။ အနတ္တလက္ခဏသုတ်တရားတော်ကြီး
၁၄။ ဝိပဿနာအခြေခံတရားတော်

၁၆-၂၀။ ပန၊ (ယံ ဂန္ထံ ကာတုမာရဘိံ-ဟူသော) အနိယမဝါကျ၏ ယှဉ်ဖက်ကို ဆက်၍ဆိုအံ့။ (အနိယမဝါကျနှင့် ဝေးကွာသောကြောင့် ဤ ပန-ကို ထည့်ပြသည်) တံ မဟာဋီကာနိဿယံ၊ ထို မဟာဋီကာနိဿယကို။ ကာတုံ၊ ငှါ။ အာရဘံ-အာရဘန္တော၊ ကြိုးပမ်းအားထုတ်သော။ အဟံ၊ သည်။ ဆဋ္ဌသင်္ဂီတိ-ယာ၊ ဆဋ္ဌသံဂါယနာဓမ္မသဘင်၏။ ပစ္ဆာဘာဂေ၊ နောက်ပိုင်းအဖို့ကာလ၌။ သင်္ဂီတိသာမိနော၊ သံဂါယနာသဘင်၏ အရှင်နာယက အကြီးအမှူး ဥက္ကဋ္ဌဖြစ်တော်မူသော[၁]။ အဘိဒ္ဓဇမဟာရဋ္ဌဂုရုပူပါဓိသမင်္ဂိနော၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် ခတ်နှိပ်ပူဇော် ရရှိပြည့်စုံတော်မူသော[၂]။ မစိုးရိမ်အာရာမာဓိပတ္တေ-ရဿ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး၏ ဦးစီးပဓာန အကြီးအမှူး မဟာနာယက ဖြစ်၍ မစိုးရိမ်ဆရာတော် ဟု ထင်ပေါ်ကျော်ကြား ဆရာတော်ဘုရားကြီး၏။ ဩဝါဒံ၊ အရှင်မဟာကဿပ မြတ်ထေရသို့ ပိဋကသုံးသွယ် နိကာယ်ငါးဝ ပါဝစနကို အဋ္ဌကထာ ဋီကာပါတွဲ၍ အမြဲနိစ္စ နိုင်သမျှဖြင့် ပို့ချကြရန် ထုတ်ပြန်ညွှန်ကြားသည့် ဩဝါဒစကားကို။ အာဒိယ အာဒိယိတွာ၊ ဝိသုဒ္ဓိမဂ်ကျမ်းအစ ကမ္မဋ္ဌာနဆိုင်ရာ ကျမ်းငါးဖြာကို ရိပ်သာဌာန အာရာမ၌ ပို့ချသွားရေး ပဋိညာဉ်

၁၅။ အရိယာဝါသတရားတော်ကြီး
၁၆။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း
၁၇။ ဝမ္မိကသုတ်တရားတော်ကြီး
၁၈။ ပုရာဘေဒသုတ်တရားတော်ကြီး
၁၉။ ဝိသုဒ္ဓိမဂ်မြန်မာပြန် (တအုပ်မျှသာပြီးသေးသည်)
၂၀။ ဝိသုဒ္ဓိမဂ်နိဿယ (မရိုက်ရသေး)
၂၁။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (ပ-ဒု)
၂၂။ ဘာရသုတ္တန်တရားတော်ကြီး
၂၃။ ပြဟ္မစိုရ်တရားတော် ၄-ပိုင်း (အသံလွှင့်) စသည်တို့ ဖြစ်သည်။

၁-ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို သာသနာ ၂၄၉၇-ခု၊ မြန်မာ ၁၃၁၆-ခု ကဆုန်လပြည့်နေ့၌ ပဌမသန္နိပါတ စ၍ကျင်းပသည်၊ ၎င်းနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့၌ ဒုတိယသန္နိပါတ ၎ ၍ကျင်းပသည်။ ထိုသန္နိပါတ ၂-ခုလုံး၌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးက သံဃမဟာနာယကအဖြစ် ဆောင်ရွက်တော်မူသည်၊ တပို့တွဲလဆန်း ၆-ရက်နေ့၌ ဒုတိယသန္နိပါတ ပြီးသည်။ ၎င်းတပို့တွဲလပြည့်နေ့မှာ ညောင်ရမ်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောကြောင့် ပါဠိတော်သံဂါယနာ ကျန်သန္နိပါတတို့နှင့် အဋ္ဌကထာ ဋီကာသံဂါယနာတို့၌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကို ဆဋ္ဌသံဂါယနာ ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြသည်။ ထိုသံဂါယနာ နောက်ပိုင်းကာလတို့၌ ဥက္ကဋ္ဌ မဟာနာယက အဖြစ်ဖြင့် ဆောင်ရွက်တော်မူသည်ကို ရည်သည်။

၂-ပါဠိ၌ ဓဇ-သဒ္ဒါသည် သက္ကတ၌ ဓွဇ သဒ္ဒါနှင့် မိတ္တူဖြစ်သောကြောင့် ဓဇ-ဟူသော ပါဠိ၌ ဓ-အက္ခရာသည် ဒွေဘာဝ ဌာနပင်ဖြစ်သည်၊ ဤအရာ၌ န-ဂိုဏ်းမကျစေရန်လည်း လိုနေသည်။ ထိုကြောင့် ပါဠိ၌ အဘိဒ္ဓဇ-ဟု ဒွေးဘော်ဆင့်ထားသည်။ မြန်မာ၌ကား မူလဘွဲ့အမည်အတိုင်းပင် သင့်သောကြောင့် ဒွေးဘော်ဆင့်ရန်မလိုပေ။

ပေး ခံယူခဲ့ပြီး၍[၁]။ ဝိသုဒ္ဓိမဂ္ဂံ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ ဒေသနာမှာ သူမပါလျှင်မပြီး၍ အရေးတကြီး လေ့လာသင့်သော ဝိသုဒ္ဓိမဂ်ကျမ်းကို။ သဝဏ္ဏနံ၊ အဖွင့်ဋီကာ ပရမတ္ထမဉ္ဇူသာကျမ်းနှင့်တကွ။ ဝါစယံ ဝါစယန္တော၊ ပို့ချစဉ်။ ဋီကာယ၊ မဟာဋီကာ၏။ အတ္ထံ၊ ပို့ချအပ်ပြီးသောအနက်ကို။ သပဒတ္ထဝိနိစ္ဆယံ၊ ပုဒ်အဆုံးအဖြတ် အနက်အဆုံးအဖြတ် ပုဒ်အနက်အဆုံးအဖြတ်နှင့် တကွ။ ဒိနေ ဒိနေ၊ နေ့တိုင်း နေ့တိုင်း။ လိခါပေန္တော၊ တိုက်ပရိုက်တာ လက်နှိပ် စက်ကိရိယာဖြင့် ကောင်းစွာရိုက်နှိပ် ရေးသားစေလျက်။ ယုတ္တဋ္ဌာနေ စ၊ ဆောင်ပြရန်အခွင့် သင့်တင့်လျော်ကန် ထိုက်တန်သောအရာ၌လည်း။ ဗာဟိရဝစနမ္ပိ၊ သာသနာအပြင်ပ ဗာဟိရကျမ်းစကားကိုသော်လည်း။ သုတေသီနံ၊ သုတကို ရှာမှီးလေ့ရှိသော ပညာရှိတို့၏။ သုတတ္ထာယ စ၊ သုတတိုးပွါး အကျိုး မျှားရန်အလို့ငှါလည်းကောင်း။ နိစ္ဆယဿ၊ မိမိပြအပ်သော အဆုံးအဖြတ်၏၊ ဝါ၊ စာကြည့်သူတို့အား ဖြစ်ပွါးလတ့်သော အဆုံးအဖြတ်ဉာဏ်၏။ ထိရတ္ထံ စ၊ မြဲမြံခိုင်ခံ့ တည်တံ့ခြင်းအကျိုးငှါလည်းကောင်း။ ပကာသယံ ပကာသယန္တော၊ အတိအကျပြည့်ဝစုံလင် အခြေအမြစ်ပါ ပေါ်လွင်အောင် ထုတ်ဆောင်ဖော်ပြလျက်။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ သဒ်ရိတ္ဘာန၊ ကောင်းစွာပုံပြင် စီရင်ရေးသား၍[၂]။ တိံသာဓိကဋ္ဌသတေဟိ ဒိဝသေဟိ၊ သုံးဆယ်အလွန်ရှိသော ရှစ်ရာသော ရက်တို့ဖြင့်၊ ဝါ၊ ရက်ပေါင်း ရှစ်ရာ့သုံးဆယ် (၈၃၀) တို့ဖြင့်[၃]။ ဣမံ နိဿယံ၊

---

၁-ဋီကာသံဂါယနာ ပဉ္စမသန္နိပါတကို ၁၃၂၂-ခု တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက် နေ့၌စ၍ ကျင်းပသည်။ ထိုဋီကာသံဂါယနာ၌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးက ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ဝိနည်း ၁-ပိုင်း ဒီဃနိကာယ် ၁-ပိုင်းစသည်ဖြင့် အသီးအသီး ပိုင်းခြားပြီးလျှင် တပိုင်းဖြစ်စေ အပိုင်းများစွာဖြစ်စေ အကုန်လုံးဖြစ်စေ စွမ်းနိုင်သမျှ တာဝန်ယူ၍ အမြဲပို့ချတော်မူကြရန် သံဂါယနာတင်မထေရ်တို့အား အချင် မဟာကဿပ မထေရ်မြတ်ကြီး၏ ထုံးနည်းအရအားဖြင့် ညွှန်ကြားတော်မူခဲ့ပေသည်။ ထိုညွှန်ကြားချက်အရ (၁) ဝိသုဒ္ဓိမဂ် (၂) မဟာဋီကာ (၃) ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော် (၄) ၎င်း၏အဋ္ဌကထာ (၅) မိလိန္ဒပဉ္ဟာပါဠိတော်ဟူသော ဤငါးကျမ်းကို တာဝန်ယူ၍ ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကို ရှေးဦးစွာ ပို့ချခဲ့သည်၊ ဤအကြောင်းအရာကို ရည်သည်။

၂-ပို့ချအပ်ပြီးသောအနက်ကို တိုက်ပရိုက်တာခေါ် လက်နှိပ်စက်ဖြင့် အကြမ်းရိုက်စေသည်၊ ယင်းစာမူကြမ်းကို ကြည့်ရှုပြင်ဆင်၍ အချော ရိုက်စေသည်၊ ယင်းအချောကိုလည်း ကြည့်ရှု၍ ပြင်သင့်သမျှကို ပြင်သည်၊ ပုံနှိပ်တိုက်သို့ ပေးခါနီး၌လည်း ယင်းစာမူချောကို တဖန်ကြည့်ရှု၍ ပြင်သင့်သည်ကို ပြင်ပြီးမှ ပုံနှိပ်တိုက်သို့အပ်သည်၊ ပုံနှိပ်တိုက်မှ ပရူအချောကို တင်ပြသောအခါ၌လည်း ကြည့်ရှုစစ်ဆေး၍ ပြင်သင့်သမျှကို ပြင်ပြီးနောက် ပုံနှိပ်စေသည်။ ဤပုံဤနည်းဖြင့် အထပ်ထပ်ပုံပြင် ရေးသားသည်ကို ပြသည်။

၃-ဤရက်ပေါင်း ၈၃၀-မှာ ပို့ချသောရက်များသာ ဖြစ်သည်။ သီတင်းနေ့စသော မပို့ချနိုင်သော နားရက် အားရက်များနှင့် အခြားသို့ တရားဟောထွက်ခိုက်၌ ပျက်သော ရက်များပါ တွက်မည်ဆိုလျှင် ၆-နှစ်ခန့်ရှိသည်။ ထိုကြောင့် ၁၃၂၂-ခု တပို့တွဲလဆုတ်

ဤမဟာဋီကာနိဿယကျမ်းကို။ နိဋ္ဌာနံ၊ စ-လယ်-အဆုံး အကုန်လုံးပြီးစီးခြင်းသို့။ ပါပေသိ'၊ ရောက်စေခဲ့ပြီ။

၂၁။ ဣစ္စေဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့်၊ အာကာရသမ္ပန္နော၊ နိဿယတံထွာ ခြင်းအရာနှင့် ကောင်းစွာပြည့်ဝ စေ့ငစုံလင်လျက်ရှိသော၊ ဝါ၊ ကောင်းမြတ်ပြည့်စုံသည့် ရေးသားပုံအခြင်းအရာရှိသော၊ ဝါ၊ ရှိသောကြောင့်။ ဝိညုဝဏ္ဏိတော၊ ဤလိုနက်ဝှမ်း အလားတူကျမ်းကို ရေးစွမ်းနိုင်သည့် အရည်အချင်းပြည့်သော ပညာရှိတို့သည် ချီးမွမ်းအပ်သော[၁]။ အယံ

---

၃-ရက်မှ စ၍ အားသုတ်ခဲ့ကြောင်း ပြခဲ့၍ ၁၃၂၈-ခု တပို့တွဲလဆန်း ၁၄-ရက်နေ့မှာ ပြီးစီးကြောင်း ပြလတ့် ဖြစ်ပေသည်။

၁-ပညာမဲ့တို့၏ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည် ပမာဏမဟုတ် အရာမရောက်၊ ပညာရှိတို့၏ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည်သာလျှင် ပမာဏမြောက်၍ အရာရောက်ပေသည်။ ထို့ကြောင့် ဤ၌ ဝိညုဝဏ္ဏိတော-ဟု ဆိုသည်။ ထိုတွင်လည်း ကျမ်းတခုကို ချီးမွမ်းလျှင် ထိုကျမ်းမျိုးကို ရေးစွမ်းနိုင်သော အရည်အချင်းရှိသည့် ပညာရှိက ချီးမွမ်းမှသာလျှင် ကောင်းကောင်း သဘာဝကျပေသည်။ ထို့ကြောင့် ဤ၌ "ဤလိုနက်ဝှမ်း အလားတူကျမ်းကို ရေးစွမ်းနိုင်သည့် အရည်အချင်းပြည့်သော ပညာရှိတို့သည် ချီးမွမ်းအပ်သော" ဟု အနက်ဖော်ထားပေသည်။ ထိုသို့သော ပညာရှိတို့၏ ချီးမွမ်းကြပုံကို ဤအရာ၌ အနည်းငယ် ထုတ်ပြပါဦးအံ့။

